၉ အမေရိကန် ဒုတိယသမ္မတဒစ်ချေနီသည် ကြည်ဖြူခြင်းမပြုဘဲ ဘဂ္ဂဒက်သို့ တိတ်တဆိတ် လာရောက်ခဲ့ကြောင်း၊ ဝါရှင်တန်က အီရတ်အစိုးရ တာဝန်ရှိသူများအား ဖိအားပေးချိန်တွင် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၁၀ ပြည်ထောင်စု မြန်မာနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Sureesh Mehta (PVSM, AVSM, ADC) ဦးဆောင်သည့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကိုနေပြည်တော်ရှိကာကွယ်ရေးဝန်ကြီးဌာနဘုရင့်နောင်ရိပ်သာ၌လက်ခံဆွေးဆုံသည်။

အိန္ဒိယနိုင်ငံ၏ သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းဖြစ်သော ကာရင်းအိန္ဒိယလုပ်ငန်းက အိန္ဒိယနိုင်ငံအနောက်ပိုင်းရာဂျက်စသန်အရပ်တွင် သဘာဝဓာတ်ငွေ့သိုက်နှစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အင်ဒို-အာရှသတင်းဌာနက သတင်းထုတ်ပြန်သည်။

၁၁ ပြည်ထောင်စု မြန်မာနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင် သမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ နိုအယ်လ်က လော့ဒ်ရိကယ်ဘရီရာသည် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ သူ၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တာမင်နစ္စတန်နိုင်ငံသမ္မတ ဂူရာဘင်ဂူလီဘာဒီမူကာမီဒိုဗ်တို့သည် နှစ်နိုင်ငံအကြားကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်သွားကြရန် သဘောတူညီလိုက်ကြသည်။ နှစ်နိုင်ငံတို့သည် နိုင်ငံတကာနှင့် ဒေသဆိုင်ရာကိစ္စရပ်များတွင်လည်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြရေး ကတိပြုခဲ့ကြသည်။

၁၂ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာ ကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် အမှတ် (၃) စစ်တိုင်း တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး ဂျီရာဒက်ခို့ချရတ်နှင့်အဖွဲ့ကို နေပြည်တော်ရှိ ကာကွယ်ရေး ဝန်ကြီးဌာနဘုရင့်နောင်ရိပ်သာ၌လက်ခံတွေ့ဆုံသည်။

၁၄ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်းသည် ရန်ကုန်မြို့ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန စက်အရန်ပစ္စည်းနှင့် စက်အစိတ်အပိုင်းများပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးခင်းကျင်းပြသပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအမှာစကားပြောကြားစဉ်

နိုင်ငံတကာ ရော်ဘာလေ့လာရေးအဖွဲ့နှင့် ထိုင်းစိုက်ပျိုးရေးဝန်ကြီးဌာနတို့က နှစ်ရက်ကြာကျင်းပသော ကမ္ဘာ့ရော်ဘာထိပ်သီးအစည်းအဝေးကို ဗန်ကောက်၌ ဖွင့်လှစ်ခဲ့ရာ ကမ္ဘာ့ရော်ဘာဝယ်လိုအားနှင့် ရောင်းလိုအား စိန်ခေါ်မှုများနှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးခဲ့ကြသည်။

၁၅ မြန်မာနိုင်ငံသားပိုင် လေကြောင်းလိုင်းဖြစ်သည့် အဲပုဂံလီမိတက်၏ ပထမဆုံး ပြည်ပခရီးစဉ်အဖြစ် လေကြောင်းလိုင်းသစ် စတင်ပျံသန်းပြေးဆွဲခြင်းအခမ်းအနားကို မဂ်လာဒုံမြို့နယ်ရှိ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်အဆောက်အအုံ၌ ဖွင့်လှစ်လိုက်သည်။

၁၇ ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၀၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ဟိုင်းအဆင့်ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲကို လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှိ မြည်လာခန်းမ၌ကျင်းပသည်။


၁၉ အီရန်၏ နျူကလီးယားပြဿနာ၊ မတည်မငြိမ် ဖြစ်နေသော လက်ဘနွန်အခြေအနေ၊ အီရတ်နိုင်ငံ၏ ပဋိပက္ခများနှင့် ပါလက်စတိုင်း အကျပ်အတည်းများကို ဝိုင်းဝန်းဖြေရှင်းကြရန် ပါကစ္စတန်ဝန်ကြီးချုပ် ရှောကတ်အဇစ်က တိုက်တွန်းလိုက်သည်။

၂၁ ပြည်ထောင်စု မြန်မာနိုင်ငံတော်ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် (ယခုနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး)၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယား နိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာရာ ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် (ယခုနိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး)က နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

အာရုပ်စော်ဘွားများ ပြည်ထောင်စုယူအေအိမ်းနိုင်ငံတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အလုပ်သမားများ ပိုမိုကောင်းမွန်သော အခွင့်အရေးများ ရရှိရေးအတွက် ဆောင်ရွက်ပေးမည့် နှစ်နိုင်ငံနားလည်မှု စာချွန်လွှာတစ်ရပ်ကို ဘင်္ဂလားဒေ့ရှ်နှင့် ယူအေအိမ်းနိုင်ငံတို့က လက်မှတ်ရေးထိုးကြသည်။

၂၂ ပြည်ထောင်စု မြန်မာနိုင်ငံတော်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသည့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌လက်ခံတွေ့ဆုံသည်။

၂၃ ပြည်ထောင်စု မြန်မာနိုင်ငံတော်ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်(ယခုနိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး)၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု



အီရတ်မြေကို စိုးမိုးထားသော အမေရိကန်စစ်ဆင်ရေးနှင့် ပတ်သက်၍ တိုင်းမ်မဂ္ဂဇင်း၏ မျက်နှာဖုံးဖော်ပြချက်

မြန်မာနိုင်ငံတော်နေပြည်တော်၌ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်

၅ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အစည်းအဝေး အမှတ်စဉ် (၂/၂၀၀၇)ကို နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန် (ယခု နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး) တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

ဧမ်ဘီယာနိုင်ငံတွင် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်ပြီး အနောက်အုပ်စုနိုင်ငံများမှပိတ်ဆို့တားဆီးမှုများအပေါ် ဧမ်ဘီယာသမ္မတလီဗီအမ်ဝါနာဝါဆာကစိန်ခေါ်ပြောကြားလိုက်သည်။

၆ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေး၊ ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်ဖြစ်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေးတို့အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက စက်အား၊ လူအားတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

၇ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧရာဝတီတိုင်းမြန်အောင်မြို့နယ်ရှိ မမြ ရေလှောင်တမံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

၈ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအရာရှိ စွမ်းရည်မြှင့်သင်တန်း (၂/၂၀၀၇)ဆင်းပွဲအခမ်းအနားကိုနေပြည်တော်ဟွန်ဆင်ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့သည်အထူးလေယာဉ်ဖြင့်ကမ္ဘောဒီးယားနိုင်ငံသို့ ပြန်လည် ထွက်ခွာသွားသည်။

မည်သည့်ခြိမ်းခြောက်မှုများကိုမဆို အီရန်နိုင်ငံက တုံ့ပြန်နိုင်ပြီး ရန်သူများကို တန်ပြန်တိုက်ခိုက်နိုင်သောအင်အားရှိကြောင်း အီရန်ကာကွယ်ရေးဝန်ကြီးက ပြောကြားလိုက်သည်။

၂၅ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (ယခုနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး)သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အဆောက်အအုံသစ် လေယာဉ်ဆိုက်ကပ် ပေါင်းကူးတံတားဂိတ်အမှတ် (၁)အနီးဌာနကျင်းပသောနိုင်ငံတကာအဆင့်မီရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍အမှာစကားပြောကြားသည်။

၂၆ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးဒေါ်မြမြစန်းတို့သည် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ကျင်းပသော(၅၉)ကြိမ်မြောက်တိပိဋကဓရတိပိဋကကောဝိဒချီးကျူးပူဇော်ပွဲမဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

အမေရိကန် ဒုံးကျည်ကာကွယ်ရေးစနစ်နှင့်စပ်လျဉ်းပြီး အစီအစဉ်တစ်ရပ်ကို ချက် သမ္မတနိုင်ငံက စီစဉ်နေခြင်းကို ဆန့်ကျင်ကန့်ကွက်ရန် လူပေါင်းနှစ်ထောင်ခန့် ပရာဟာမြို့သို့ချီတက်လာကြသည်။

၂၉ လုပ်ငန်းခွင်များနှင့် အများပြည်သူတို့နှင့် သီးခြားစီဖြစ်သော နေရာများ၌ပါ ဆေးလိပ်သောက်သုံးမှုကို တစ်ကမ္ဘာလုံးတွင် ပိတ်ပင်တားဆီးသွားရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က တိုက်တွန်းလိုက်သည်။

၃၀ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ၃၁ လက်ခံကျင်းပသည့် တတိယအကြိမ် အာဆီယံ+၃ အရေ့အာရှ ယဉ်ကျေးမှုကွန်ရက်အစည်းအဝေးနှင့် ပထမအကြိမ် အာဆီယံနိုင်ငံများ၏ ယဉ်ကျေးမှုကွန်ရက်လုပ်ငန်းအဖွဲ့ အစည်းအဝေးကို မန္တလေးမြို့ရှိ ဟိုတယ်မန္တလေး၌ ကျင်းပသည်။

၃၁ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ အရှေ့ဘက်ကီလိုမီတာ ၁၂၀ ခန့်အကွာ စူးအက် အနောက်မြောက်စက်မှုဇုန်အတွင်း တရုတ်-အီဂျစ် ပူးတွဲရေနံရှာဖွေရေးလုပ်ငန်းတစ်ခုကို ထူထောင်လိုက်ကြောင်း သိရသည်။

ဇွန်လ

၁ အိန္ဒိယလေတပ် (အိုင်အေအက်ဖ်)မှ လေယာဉ်မှူးနှစ်ဦးဖြစ်သည့် အနေးလ်ကူမာနှင့် ရာဟူးလ်မွန်ဂါတို့ နှစ်ဦးသည် အပေါ့စားလေယာဉ်ငယ်တစ်စင်းဖြင့် ကမ္ဘာတစ်ပတ် အမြန်ဆုံးပျံသန်းနိုင်မှုကို စံချိန်တင်နိုင်သည်။

၄ သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ဆဋ္ဌမအကြိမ်ပါရဂူဘွဲ့ (ဗုဒ္ဓဓမ္မ)၊ မဟာဝိဇ္ဇာဘွဲ့ (ဗုဒ္ဓဓမ္မ)၊ ဝိဇ္ဇာဘွဲ့ (ဗုဒ္ဓဓမ္မ) ဘွဲ့နှင်းသဘင်အခမ်းအနားကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ရှိ ဗဟိုဆောင်ဟောပြောခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုသည်။

၇ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧရာဝတီတိုင်းမြန်အောင်မြို့နယ်ရှိ မမြ ရေလှောင်တမံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှိပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၍ အမှာစကားပြောကြားသည်။

ဗီယက်နမ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ကျူးဘားအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ရီကာဒိုအလာကွန်ကို ဆာဒါနှင့်ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒုရင်ဖူတန်တို့ ဟန္ဒိုင်းမြို့တွင် တွေ့ဆုံဆွေးနွေးကြသည်။

၉ အမေရိကန်အစိုးရက အီရန်နိုင်ငံကို တိုက်ခိုက်လာလျှင် ကမ္ဘာတစ်ဝန်းရှိ အမေရိကန် အကျိုးစီးပွားအားလုံးအန္တရာယ် ကြုံတွေ့သွားမည်ဖြစ်ကြောင်း အီရန်ထိပ်တန်းအရာရှိတစ်ဦးက ပြောကြားလိုက်သည်ဟု ဖားစ်သတင်းဌာနက ကြေညာသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် (ယခုနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး)နှင့် အဖွဲ့ဝင်များကို နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

၁၁ ဗီယက်နမ်နိုင်ငံ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရေးအတွက် တရုတ်ရင်းနှီးမြှုပ်နှံသူများကို ဦးစားပေးသွားမည်ဖြစ်ကြောင်း၊ ယင်းမှာနှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် အပြန်အလှန် ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်ရန် ပံ့ပိုးမှုပင်ဖြစ်ကြောင်း ဗီယက်နမ်ဝန်ကြီးချုပ် ဒုယင်တန်ဇွန်းက ပြောကြားလိုက်သည်။

၁၂ ပြည်ထောင်စု မြန်မာနိုင်ငံတော်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (ယခုနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး) သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ ကွန်ဂရက်အမြဲတမ်း ကော်မတီဒုတိယဥက္ကဋ္ဌနှင့် တရုတ်အာဆီယံအသင်းဥက္ကဋ္ဌမဒမ်ဂူရှုလျမ်နှင့်အဖွဲ့ကိုနေပြည်တော်



တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (ယခုနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး)ကိုဗိုလ်ချုပ်မှူးကြီးသန်းရွှေက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်

ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဧည့်ခန်းမ၌တွေ့ဆုံသည်။

၁၃ နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ရောက်ရှိနေသော အတ္တလန္တစ်အာကာသယာဉ်မှ အာကာသယာဉ်မှူးများဖြစ်ကြသည့်ပက်ထရစ်ဖောရက်စတာနှင့် စတိဗ်စဝမ်ဆင်တို့သည် နိုင်ငံတကာအာကာသစခန်းအပြင်ဘက်၌လမ်းလျှောက်မှုများပြုလုပ်ခဲ့ကြကြောင်း နာဆာမှသတင်းထုတ်ပြန်သည်။

အစ္စရေးဝန်ကြီးချုပ်ဟောင်း ရှီမွန်ပီရက်စ်သည် သမ္မတရွေးကောက်ပွဲတွင် သူ၏ ပြိုင်ဘက်များကို အနိုင်ရပြီး အစ္စရေးနိုင်ငံ၏သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံရကြောင်း အင်တာနက်သတင်းက ဖော်ပြသည်။

၁၄ ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ရုရှားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ဆွီဒင်ဘုရင် ကာလ်ဂုစတပ်ဖ်– ၁၆ တို့သည် နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်မှု၊စီးပွားရေးဆက်ဆံမှုများ တိုးချဲ့ပြုလုပ်ရေးနှင့် နျူကလီးယားစွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးများ

ကို မော်စကိုမြို့၌ တွေ့ဆုံဆွေးနွေးကြသည်။

၁၆ ပြည်ထောင်စု မြန်မာနိုင်ငံတော်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (ယခု နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး)သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E Mr. Alexander P. Losyukov နှင့်အဖွဲ့ဝင်များအား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင် အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားသည့်နေရာ၌ နေတိုးတပ်များက အာဖဂန်အရပ်သားများကိုပစ်ခတ်ခဲ့သည်ဟု အင်တာနက်သတင်းတွင်ဖော်ပြသည်။

၁၇ ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က ဟားမက်စ်အဖွဲ့ကို တရားမဝင် အဖွဲ့အစည်းဖြစ်ကြောင်း ကြေညာလိုက်သည်။

၁၈ ဒုတိယအကြိမ်မြောက် တရုတ်-အာရပ်စီးပွားရေးလုပ်ငန်းရှင်များ၏ ညီလာခံကို ဂျော်ဒန်နိုင်ငံ အမွန်မြို့၌ စတင်ကျင်းပသည်။ အဆိုပါ ညီလာခံသို့ တရုတ်နှင့်အာရပ် ၁၆ နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ၁၀၀၀ ခန့် တက်ရောက်ကြသည်။

၁၉ ပါလက်စတိုင်း သမ္မတ မာမွတ်အဘတ်စ်က ပါလက်စတိုင်း အမျိုးသား လုံခြုံရေးကောင်စီကို ဖျက်သိမ်းသည့် အမိန့်တစ်ရပ် ထုတ်ပြန်လိုက်သည်။

၂၀ တောင်ကိုရီးယားနှင့် အမေရိကန်တို့အနေဖြင့် နှစ်ဦးနှစ်ဖက် လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူညီချက်တစ်ရပ်ရရှိရေး ဆွေးနွေးမှုနှင့် ပတ်သက်၍ ထောင်ပေါင်းများစွာသော တောင်ကိုရီးယား လယ်သမားများ ဆန္ဒပြကြသည်။

၂၁ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက်ဆွေးနွေးမှာကြားသည်။

အီရန်နိုင်ငံသည် ၎င်း၏ယခင်က သံသယဖြစ်ဖွယ် နျူကလီးယား လုပ်ဆောင်ချက်များနှင့် စပ်လျဉ်းသည့် အဖြေများအား နိုင်ငံတကာအရေး မြူးစွမ်းအင်



IAEA ညွှန်ကြားရေးမှူးချုပ် မိုဟာမက် အယ်လ်ဘာရာဒီး

အေဂျင်စီသို့ပေးအပ်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ၎င်းအေဂျင်စီအကြီးအကဲက ပြောကြားလိုက်သည်။

၂၂ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသော အာဆီယံနိုင်ငံများမှ လျှပ်စစ်မောတော်အားဖြန့်ဖြူးရောင်းချသည့် အဖွဲ့အစည်းနှင့် အာဏာပိုင် အဖွဲ့အစည်းအကြီးအကဲများ၏ (၂၃)ကြိမ်မြောက် အစည်းအဝေး (HAPUA-XXIII)ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ မြို့တော်ခန်းမပထမထပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ် (၂) လျှပ်စစ် စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့်တက်ရောက်၍ ကြိုဆိုနှုတ်ဆက်စကား ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံပိုင် ကိုရီးယားရေအားနှင့် နျူကလီးယားစွမ်းအင်ကုမ္ပဏီ (ကေအိတ်ချ်အင်နပီ)နှင့် ပြင်သစ်နိုင်ငံပိုင် အေယူဇာနျူကလီးယားစွမ်းအင်လုပ်ငန်းတို့သည် ယူရေနီယံသန့်စင်ထုတ်လုပ်မှုဆိုင်ရာ နှစ်ရှည်သဘောတူညီမှုစာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်သည်။

JP အရှေ့တောင်အာရှနိုင်ငံများအသင်းနှင့် ဆွေးနွေးဖက်အဖြစ် ပါကစ္စတန်နိုင်ငံကို ကမ္ဘောဒီးယား အစိုးရအနေဖြင့် အပြည့်အဝထောက်ခံသွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားမီဒီယာများကဖော်ပြသည်။

၂၄ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (ယခု နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး)တက်ရောက်အမှာစကားပြောကြားသည်။

၂၅ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် တာဝန်ထမ်းဆောင်ခြင်း ပြီးဆုံး၍

ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ စစ်သံမှူး Colonel Yoshihiko IZAKI နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel Mitsugi SARATANI တို့ကို နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

၂၆ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသော ရှမ်းပြည်နယ် (မြောက်ပိုင်း)



အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (ယခုနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး)က တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မဒမ်ဝူဂျုံလျမ်နှင့်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်

နယ်မြေအတွင်း ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ(၆)ကြိမ်မြောက် မီးရှို့ဖျက်ဆီးသည့်အခမ်းအနားကိုလားရှိုးမြို့ပြည်ထောင်စုအားကစားကွင်း၌ကျင်းပသည်။

တရုတ်နိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းမှနေ၍ ဟန်ကျို့ပင်လယ်အော်ကို ဖြတ်သန်းကာ ကမ္ဘာ့အရှည်ဆုံး တံတားတစ်စင်းတည်ဆောက်မှု အထိမ်းအမှတ် အခမ်းအနားကို ကျင်းပသည်။ စုစုပေါင်းတံတားအရှည်မှာ ၃၆ကီလိုမီတာရှိသည်။

၂၇ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် (ယခု နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး)သည် ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏အထူး ကိုယ်စားလှယ် ကုလသမဂ္ဂ ဒုတိယ အတွင်းရေးမှူးချုပ် မစ္စရာဒီကာကုမာရဆွာမိနှင့်အဖွဲ့ဝင်များကိုနေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အီရတ်စစ်ပွဲကြောင့် ပြည်သူတို့၏ ယုံကြည်မှုကင်းမဲ့ရခြင်းကို ပြန်လည်ထိန်းသိမ်းရန်အတွက် အစိုးရ၏ မူဝါဒနှင့် အနေအထားပြောင်းလဲရန် ကတိပေးခဲ့ပြီးနောက် တိုနီဘလဲ၏ ဝန်ကြီးချုပ်နေရာကို ဂေါ်ဒွင်ဘရောင်းက လွှဲပြောင်းရယူလိုက်သည်။

၂၉ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် စစ်ဒေသ ဒုတိယစစ်ဒေသမှူး Major General Lin Tinggui ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌လက်ခံတွေ့ဆုံသည်။

၃၀ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်(ယခု နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး)သည် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) သင်တန်း အမှတ်စဉ်(၆)သင်တန်း ဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အီရန်သည် နျူကလီးယားအစီအစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အီရန်ခေါင်းဆောင် အယာတိုလာအလီခါမေနီက ပြောကြားသည်။

ဒူလိုင်လ

၁ နည်းပညာတက္ကသိုလ် (လားရှိုး) ပင်မ သုံးထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲမြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (ယခု နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး)တက်ရောက် ချီးမြှင့်ပြီး မော်ကွန်းကမ္ဘည်း ကြေးပြားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ရှရှားသမ္မတဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတဘုရှ်တို့ တွေ့ဆုံရန် ပြင်ဆင်ထားသည့် အမေရိကန်သမ္မတ ကျော့ဒဗလျူဘုရှ်မိသားစုပိုင် ကင်နေကန်ဖို့ (မိန်း)မှ ခြံဝင်းအနီးတွင် ရာပေါင်းများစွာသော စစ်ဆန့်ကျင်ရေးသမားများ စုရုံးဆန္ဒပြကြသည်။

၂ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ တက္ကသိုလ်၊ ကောလိပ်ဆရာ ဆရာမများ အထူးမွမ်းမံ သင်တန်းအမှတ်စဉ် (၉)ကို ဖွင့်လှစ်ရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (ယခု နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး)တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ကမ္ဘာ့ချမ်းသာသော နိုင်ငံများအနေဖြင့်နိုင်ငံတကာအကူအညီပေးရေးရန်ပုံငွေများကို တိုးမြှင့်ထည့်သွင်းခြင်း မပြုကြလျှင်ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးဆိုင်ရာ ထောင်စုနှစ်ရည်မှန်းချက်များကို အခက်အခဲများနှင့် ကြုံတွေ့စေနိုင်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်းက ပြောဆိုလိုက်သည်။

ပါကစ္စတန်နိုင်ငံ အစ္စလာမ်မာဘက်မြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သူတို့၏ အဆောက်အအုံဝင်းကို သိမ်းထားခံရသော လူငယ်များ အပြန်အလှန်ပစ်ခတ်ကြသည်။

၃ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးဆောင်ကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ (Myanmar Women's Day) အခမ်းအနားကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ပြည်လမ်းရှိ



နည်းပညာတက္ကသိုလ်(လားရှိုး) ကျောင်းဆောင်သစ်ဖွင့်ပွဲတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (ယခုနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး) အမှာစကားပြောကြားစဉ်

စိန်ရတုခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဂုဏ်ထူးဆောင် နာယကဒေါ်ကြိုင်ကြိုင်တက်ရောက်ချီးမြှင့်သည်။

၄ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (ယခုနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး)သည် နေပြည်တော်ရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့အစည်းအဝေးခန်းမ၌ကျင်းပသော မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုစည်းရုံးရေးကော်မတီပုံမှန်အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားသည်။

ဥရောပနိုင်ငံ တစ်နိုင်ငံဖြစ်သော လတ်ဗီးယားနိုင်ငံ၏ သမ္မတသစ်အဖြစ် ကျမ်း ကျိန်ခဲ့သော ဟာလ်ဒစ်ဇတလာစ်ကနိုင်ငံအတွင်း ညီညွတ်မှု ပိုမိုရရှိရန်နှင့် အိမ်နီးချင်းနိုင်ငံများအားလုံးနှင့်ဆက်ဆံရေးတိုးတက်ကောင်းမွန်လာစေရန်ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

၁၀ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် Eastern Command (Kolkata) မှ General Officer Commanding- in-chief, Lieutenant General, K.S. Jamwal AVSM, VSM ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ကို နေပြည်တော်ရှိဘုရင့်နောင်ရိပ်သာ၌လက်ခံတွေ့ဆုံသည်။

၁၁ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (ယခု နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး)သည် မြန်မာ–သီရိလင်္ကာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်၏ ပထမအကြိမ် အစည်းအဝေးသို့တက်ရောက်ရန် နေပြည်တော်တွင်ရောက်ရှိနေသော သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန

ဝန်ကြီး မစ္စတာ ရိဟီသာဘို ဂိုလာဂါမာ နှင့်ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော် ရှိနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၁၄ ပို့ကုန်သွင်းကုန်လုပ်ငန်းများမှန်ကန်ရေးကြီးကြပ်မှုအဖွဲ့နှင့် ကုန်သည်လုပ်ငန်းရှင်များ တွေ့ဆုံပွဲအခမ်းအနားကို နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး ခေတ္တရပ်နားခဲ့သော အမျိုးသားညီလာခံ ဒုတိယပိုင်းမော်ဘိုမြို့နယ်ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ပြန်လည်၍ စတင်ကျင်းပသည်။

၁၅ ကာကွယ်ရေးဝန်ကြီးဌာနတပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို နေပြည်တော်ရှိ အနောရထာခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ အားပေးချီးမြှင့်ပြီး အင်ကြင်း၊ ပိတောက်၊ ခရေနှင့် ကဲ့ကော်ပင်တို့ကို စိုက်ပျိုးပေးသည်။

၁၆ ကာကွယ်ရေးဝန်ကြီးဌာနတပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို နေပြည်တော်ရှိ အနောရထာခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

၁၇ ယခုနှစ်တွင် ဘေးဒုက္ခနှင့် ဆိုးရွားစွာ ရင်ဆိုင်ကြုံတွေ့နေရသော ပြည်သူများအတွက် အကူအညီပေးရန် ငွေကြေးအမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံခန့်သုံးစွဲရမည်ဖြစ်ရာအမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံခန့် လိုအပ်လျက်ရှိကြောင်း ကုလသမဂ္ဂအကူအညီပေးရေးဆိုင်ရာ ထိပ်တန်းအရာရှိတစ်ဦးက ပြောကြားသည်။

၁၈ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၂၉ ရက်အထိ ကျင်းပခဲ့ပြီး ခေတ္တရပ်နားခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်းမော်ဘီမြို့နယ်ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ပြန်လည်၍ စတင်ကျင်းပသည်။

၂၀ ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ညောင်နှစ်ပင်စခန်းတွင် အမျိုးသားညီလာခံစုံညီအစည်းအဝေးကိုဆက်လက်ကျင်းပရာ ညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် (ယခု နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး) နှင့် အဖွဲ့ဝင်များ ညီလာခံကိုယ်စားလှယ်များ စုံစုံညီညီ တက်ရောက်ကြသည်။

၂၁ အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)နိုင်ငံမှ အဘူရာဗျေဒူဘိုင်း အဆောက်အအုံသည် အမြင့် ၅၁၂ ဒသမ ၁ မီတာ၊ အထပ်ပေါင်း ၁၄၁ ထပ် ရှိရာ ကမ္ဘာပေါ်တွင် အမြင့်ဆုံး၊ အထပ်အများဆုံးအဆောက်အအုံဖြစ်လာကြောင်း အီမီရိတ်သတင်းဌာနက ထုတ်ပြန်သည်။


၂၂ ပြည်ထောင်စု မြန်မာနိုင်ငံတော်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မ တော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင်က စာရေးဆရာမကြီး ဒေါ်ကြန်အား ဂုဏ်ပြုဆုရှိုးမြှင့်စဉ်

အဝေးခန်းမ၌ကျင်းပရာနိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (ယခုနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး) တက်ရောက်အမှာစကားပြောကြားသည်။

၂၃ နေပြည်တော် စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၀၇ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲတော်ကို နေပြည်တော်ရှိ ဓာတုဇယဓာတ်ပေါင်းစုစေတီတော်ပရဝဏ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူး



ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့အား ပြန်လည်ပစ်ခတ်နေသော လက်နက်ကိုင်လူငယ်များ

၃ ဘရာဇီးနိုင်ငံတွင် လေကြောင်းမှ ခရီးသည်များသွားလာမှု လျော့ချရန် အတွက်ဆော်ပေါလိုမြို့မှဂါရာဟိုစ်မြို့သို့ ရထားလမ်းသစ် ထပ်မံဖောက်လုပ်မည်ဖြစ်ကြောင်းဆင်ဟွာသတင်းတွင်ဖော်ပြသည်။

၄/၅ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအောင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (ယခုနိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး)နှင့်အဖွဲ့ဝင်များသည် ပညာရေးဝန်ကြီးဌာနအဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)၏ လွိုင်ကော်တက္ကသိုလ် ပင်မဆောင်ဖွင့်လှစ်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြပြီးနောက် လွိုင်ကော်မြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး (ခုတင်- ၂၀၀)၊ နည်းပညာတက္ကသိုလ် တည်ဆောက်ရေးစီမံကိန်း၊ ဘီလူးချောင်းကမ်းပါးထိန်းတည်ဆောက်ရေးလုပ်ငန်းများသို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ချုပ်ကလီးယားအစီအစဉ်ကိုလက်ဆွဲကွန်လွတ်မည်မဟုတ်ကြောင်း အီရန်သမ္မတမာမွတ်အာမက်ဒီနီဂျက်ကထပ်မံပြောကြားလိုက်သည်။

၆ အမျိုးသားညီလာခံ မှတ်တမ်းမှတ်ရာများ ပြုစုရေးနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ရန်ကုန်တိုင်း မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

ဘင်္ဂဒက်မြို့ မြောက်ပိုင်း ဆာလာဟူဒင်ပြည်နယ်ရှိ ဒါလူယတ်မြို့ပေါ်သို့ အမေရိကန်စစ်ဘက် ရဟတ်ယာဉ်တစ်စင်း ကျင်းပသည့် တက္ကသိုလ်၊ ကောလိပ်ဆရာဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၂)သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

၁၁ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည်ရန်ကုန်မြို့ရှိကုန်သည်ကြီးများဟိုတယ်၌ကျင်းပသည့်တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် နှစ် (၈၀)ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ရာပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စစ်သံမှူး Senior Colonel, Fan Lian Feng နှင့် ဒုတိယစစ်သံမှူးတို့ကကြိုဆိုနှုတ်ဆက်ကြသည်။

ဩဂုတ်လ

၁ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်းမြန်အောင်မြို့နယ် မမြရေလှောင်တမံ လက်ယာမြောင်းရေချပေါက်အမှတ်(၅)၌ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၉)က ထပ်မံဆောက်လုပ်ထားသည့် ရေအားလျှပ်စစ်စက်ငယ်များကို ကြည့်ရှုစစ်ဆေးသည်။

ဝါရှင်တန်က ပင်လယ်ကွေ့ အာရပ်နိုင်ငံများသို့ လက်နက်များရောင်းချမှုနှင့်ပတ်သက်၍ မိမိတို့ စိုးရိမ်ပူပန်မှု လုံးဝမရှိကြောင်း အီရန်ကာကွယ်ရေးဝန်ကြီးမိုစတာဖာမိုဟာမက်နာဂျာက ပြောကြားလိုက်သည်ဟု အီရန်သတင်းဌာန အိုင်အာအင်န်အေက ထုတ်ပြန်သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ပြန်လည်ထွက်ခွာမည့်ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရှရားဖက်ဒရေးရှင်းနိုင်ငံနှင့် ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံတို့မှ စစ်သံမှူးနှင့် ထိုနိုင်ငံ နှစ်နိုင်ငံမှ စစ်သံမှူးအသစ်အဖြစ်တာဝန်ထမ်းဆောင်မည့် စစ်သံမှူးတို့ကို နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌လက်ခံတွေ့ဆုံသည်။

၂၁ မိမိတို့၏ နျူကလီးယားအစီအစဉ်အပေါ်နိုင်ငံတကာဖိအားများရှိနေသော်လည်းမည်သည့်အခါမျှနောက်ဆုတ်မည် မဟုတ်ကြောင်းအီရန်သမ္မတမာမွတ်အာမက်ဒီနီဂျက်က ပြောကြားသည်။

၂၆ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးဖြစ်သော ရှမ်းပြည်နယ်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရလလဖ)ဥက္ကဋ္ဌ ဦးချစ်မောင်ဦးစီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့က ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားကို ရှမ်းပြည်နယ် (တောင်ပိုင်း)ဆီဆိုင်မြို့နယ် ဘန်းယဉ်စံပြကျေးရွာရှိ အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်၍အားပေးချီးမြှင့်ပြီး ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။

၂၀ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် (ယခုနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး)သည် ရန်ကုန်တိုင်းလှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) နဝရတ်ခန်းမ၌

ပေါ်မှ ကလပ်စတာဖုံးများ ကြဲချခဲ့မှုကြောင့် ခြောက်ဦးသေဆုံးပြီး၊ ၃၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်းအီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

၈ တရုတ်နိုင်ငံနှင့် ဆက်ဆံရေးတိုးတက်ဖြစ်ထွန်းစေရန် အထူးသဖြင့် စစ်ဘက်ဆိုင်ရာများတွင် ပူးတွဲဆောင်ရွက်မှုများ ဖြစ်ထွန်းလာစေရန် ကြိုးစားလျက်ရှိကြောင်း ဘင်္ဂလားဒေ့ရှ် စစ်ဘက်အရာရှိတစ်ဦးဖြစ်သူ ဒုတိယဗိုလ်ချုပ်ကြီး ဆာဂါဂျာဟန်နီဇမ်က ဒါကာမြို့၌ ပြောကြားသည်။

၉ နာဂါဆကီမြို့ကို အမေရိကန်က အကျူမြူဗုံးကြဲချသည့် (၆၂) နှစ်မြောက် နှစ်ပတ်လည်အထိမ်း အမှတ်ပွဲကို နာဂါဆကီမြို့ ငြိမ်းချမ်းရေးပန်းခြံ၌ကျင်းပသည်။

၁၀ အာဖရိက အရှေ့ပိုင်းနိုင်ငံများတွင် လောင်စာ ထုတ်လုပ်နိုင်ရန် ရည်ရွယ်လျက် ယူဂန္ဒာနှင့် မလေးရှားနိုင်ငံတို့သည် ရေနံထုတ်လုပ်ရေးနှင့် သန့်စင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြရန်သဘောတူညီကြကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

၁၁ အိန္ဒိယနိုင်ငံကက်ရ်မီးယားဒေသတွင် အိန္ဒိယစစ်တက်၏လက်နက်ခဲယမ်းသိုလှောင်ရုံတစ်ခု ပေါက်ကွဲမှုဖြစ်ပွားရာ လူ ၂၅ ဦးထက်မနည်း သေဆုံးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

၁၄ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးအလည်အပတ် ရောက်ရှိနေသည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ခေါင်းဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌လက်ခံတွေ့ဆုံသည်။

၁၅ ပြည်ထောင်စု မြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ



ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (ယခုနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး)က လွိုင်ကော်တက္ကသိုလ် ပင်မဆောင်ဖွင့်ပွဲသို့ တက်ရောက်လာကြသော တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ကျောင်းသားကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်

အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် (ယခု နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး)နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန်နေပြည်တော်တွင်ရောက်ရှိနေပြီးရန်ကုန်မြို့သို့ဆက်လက်ထွက်ခွာမည့် ဧည့်သည်တော်ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်မစ္စတာ ငုယင်တန်ဇွန်းနှင့်ဇနီးမဒမ်ကျန်တိုင်းကီယမ်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များကိုနေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

လှူဒါန်းငွေ အမေရိကန်ဒေါ်လာ သန်း ၄၀ ပီရူးနိုင်ငံမှ လက်ခံရရှိခဲ့ကြောင်း ပီရူးအမျိုးသား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (အေပီစီအိုင်)က ပြောကြားသည်။

၁၉ အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ မျှော်စင်ညီနောင် အဆောက်အအုံ၌ မီးလောင်မှုဖြစ်ပွားရာ အဆောက်အအုံ အစိတ်အပိုင်းအချို့ ပျက်စီးခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကာ ငါးဦးဒဏ်ရာရရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဒွန်းကို နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်

၂၀ တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုန် ပြည်နယ် ဧပင်းစီရင်စုတွင်ရှိသော စက်ရုံတစ်ရုံ၌ အပူချိန် ၁၆၅၀ ဒီဂရီ ဖာရင်ဟိုက်ပေး၍ သတ္တုရည်ကျိုထားသော သံဒယ်အိုးကြီးမှောက်ကျခဲ့မှုကြောင့် လူ ၁၄ ဦး သေဆုံးပြီး ၅၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်းတရုတ်မီဒီယာများကဖော်ပြသည်။

၂၁ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ၂၀၀၇ ခုနှစ် စင်ကာပူတပ်မတော် မာရသွန်တစ်ဝက် အပြေးပြိုင်ပွဲ၌ဂင်ရောက်ယှဉ်ပြိုင်မည့်မြန်မာ့တပ်မတော်ပြေးခုနစ်ပစ်အဖွဲ့ဝင်များကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဧည့်ခန်းမဆောင်၌တွေ့ဆုံအားပေးစကားပြောကြားသည်။

၂၂ အီသီယိုးပီးယားနိုင်ငံ အဒစ်အဘဘာမြို့တော် အရှေ့ဘက်ကီလိုမီတာ ၁၇၀ အကွာရှိ အာဖာအရပ်တွင် လွန်ခဲ့သောနှစ်ပေါင်း ၁၀ သန်းခန့်က အသက်ရှင်နေထိုင်ခဲ့သည့် ဂေါဇီလာကဲ့သို့သောသတ္တဝါတစ်ကောင်၏ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုကို သုတေသနပညာရှင်များက တွေ့ရှိသည်။

၂၃ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ အဘူရိုရှဒီရိုကိုနှဒဒေါ်လာသည် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ သူ၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အာဖဂန်နစ္စတန်နိုင်ငံ ဟယ်လ်မန် ပြည်နယ်၌ မြေပြင်တွင် စစ်ဆင်ရေးဆောင်ရွက်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်များအနီး အာဖဂန်နစ္စတန်ရှိ အမေရိကန်စစ်လေယာဉ်တစ်စင်းက မှားယွင်းစွာ ဗုံးတစ်လုံးကြဲချခဲ့သဖြင့် ဗြိတိသျှတပ်ဖွဲ့ဝင်သုံးဦး သေဆုံးသွားကြောင်း အာဖဂန်နစ္စတန်စစ်ဘက်က ပြောကြားသည်။

၂၄ ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှု ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် ရန်ကုန်မြို့ပြည်လမ်းရှိမြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌနှင့် အမှုဆောင်များကို တွေ့ဆုံ၍ စာပေလောကဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုံနှိပ်လောက ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုဆွေးနွေးမှာကြားသည်။

ဥရောပအရှေ့ပိုင်းတွင် ဒုံးကျည်ကာကွယ်ရေးစနစ်ထားရှိရန် အမေရိကန်တို့ စီစဉ်နေခြင်းသည် ရန်စခြင်းတစ်ရပ်ဖြစ်ကြောင်း ဩစတြီးယားကာကွယ်ရေးဝန်ကြီး နောဘတ်ဒါရာဘိုစ်က ပြောကြားလိုက်သည်။

၂၇ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံတော်ဝန်ကြီးချုပ် မစ္စတာရတနာသီရိဝပ်ခရမ်မာနာရာကာ၏ဖိတ်ကြားချက်အရသီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသွားသော ပြည်ထောင်စု မြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (ယခု နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး)နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ အားနေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။

အက်ဖ်ဘီအိုင်၏ အကြမ်းဖက်မှုစုံစမ်းစစ်ဆေးရေးနှင့် ပတ်သက်ပြီး အမေရိကန်ရှေ့နေချုပ် အလ်ဘာတိုဂွန်ဇာလက်စ်သည် ရာထူးမှ နုတ်ထွက်သွားကြောင်းအမေရိကန်အရာရှိများကထုတ်ဖော်ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ၌ နှစ်ရက်ကြာ ကျင်းပမည့် နိုင်ငံတကာပညာရေးဆိုင်ရာ ညီလာခံကို ပါကစ္စတန်နိုင်ငံတောင်ပိုင်းဆင်းဂျ်ပြည်နယ်ဟိုက်ဒရာဘတ်မြို့၌ ကျင်းပကြောင်း အေပီသတင်းဌာနက သတင်းထုတ်ပြန်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတ နိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိလာသော ခေတ္တဝန်ကြီးချုပ်နှင့်နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (ယခုနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး) နှင့်ဇနီးဒေါ်ခင်ခင်ဝင်းတို့ကိုနေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။


အီရန်သည် အီရတ်နိုင်ငံ မတည်ငြိမ်အောင် လှုံ့ဆော်ပေးနေကြောင်း အမေရိကန်သမ္မတ ဘုရှ်၏ စွပ်စွဲချက်ကို အီရန်နိုင်ငံက ပယ်ချလိုက်သည်။

စီအင်န်အင်န် ရုပ်မြင်သံကြားသတင်းလိုင်းသည် ရိုက်တာသတင်းဌာနမှ သတင်းများ အသုံးပြုမှုကို ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း၊ ထိုသို့ရပ်ဆိုင်းလိုက်သဖြင့် အဆိုပါ သတင်းဌာနနှစ်ခု၏ ၂၇ နှစ်ကြာ ဆက်ဆံရေးလည်း အဆုံးသတ်သွားပြီဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက သတင်းထုတ်ပြန်သည်။

ဝက်တင်ဘာလ

၁ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (ယခုနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး)သည် မရမ်းကုန်းမြို့နယ်၊ ပြည်လမ်းရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ဝန်ထမ်းအိမ်ရာတည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ခြင်းနှင့် မသန်စွမ်းစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များကို ခြေတုတပ်ဆင်နိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍အလှူငွေများ လက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။

ဧမ်ဘီယာနိုင်ငံတွင် အမေရိကန်တို့၏ စစ်အခြေစိုက်စခန်း ဖွင့်လှစ်ရန် စီစဉ်မှုကို ဧမ်ဘီယာအစိုးရက ငြင်းပယ်လိုက်သည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။



အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်ကော်မရှင်ဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် (ယခုနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး) မိန့်ခွန်းပြောကြားစဉ်

၂ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၊ မြန်မာ့မီးရထားက တာဝန်ယူဖောက်လုပ်ပြီးစီးသည့် မကွေးတိုင်းအတွင်းရှိ ကြေးနီ- ချောက်ရထားလမ်း ပိုင်းဖွင့်ပွဲအခမ်းအနားကို ချောက်ဘူတာ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

၃ စီအင်န်အင်န်ရုပ်မြင်သံကြားသတင်းလိုင်းသည် ရိုက်တာသတင်းဌာနမှ သတင်းများအသုံးပြုမှုကို ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း၊ အဆိုပါ သတင်းဌာနနှစ်ခု၏ ၂၇ နှစ်ကြာဆက်ဆံရေးသည်လည်း အဆုံးသတ်သွားပြီဖြစ်ကြောင်း CNNသတင်းဌာန၏ထုတ်ပြန်မှုကိုရိုက်တာသတင်းဌာနက ဖော်ပြသည်။

၄ ညောင်နှစ်ပင်စခန်း၌ ဆက်လက်ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် သဘာပတိ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (ယခု နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး)က နိဂုံးချုပ် မိန့်ခွန်းပြောကြားသည်။

၅ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (ယခု နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး)သည် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၌ ကျင်းပသည့် အခြေခံပညာဆရာဆရာမများ အထူးမွမ်းမံသင်တန်း၊ အမှတ်စဉ် (၆၂) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

၂၀၀၃ ခုနှစ်ကတည်းက အီရတ်နိုင်ငံ၌ သူတို့၏ မိသားစုများက မည်သူမည်ဝါဖြစ်ကြောင်း အတည်ပြုချက်မရှိဘဲ ထောင်ပေါင်းများစွာသော အီရတ်ပြည်သူတို့၏ အလောင်းများကို မြုပ်နှံခဲ့သည်ဟု နိုင်ငံတကာ ကြက်ခြေနီကော်မတီ (ICRC) က ကြေညာသည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၆ မကွေးတိုင်း၊ ပခုက္ကူမြို့ရှိကျောင်းတိုက်အချို့မှ သံဃာအချို့

လှည့်လည်ဆန္ဒပြမည်ဟု သတင်းများ ရရှိသဖြင့် တာဝန်ရှိသူများက သွားရောက် လျှောက်ထားထိန်းသိမ်းခဲ့ရာ သံဃာများက လက်မခံဘဲ ဆန္ဒပြအဖမ်းခံရသူများ လွှတ်ပေးရေး၊ ကုန်ဈေးနှုန်း ကျဆင်းရေး ကြွေးကြော် ဆန္ဒပြပြီး သံဃာ့သမဂ္ဂီ ခေါင်းစည်းပါဆိုင်းဘုတ်များကိုကိုင်ဆောင်၍ ဗိုလ်ချုပ်လမ်းအတိုင်းလမ်းလျှောက်ဆန္ဒပြခဲ့ကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော် ဦးတေဇောဘာသတို့က ထပ်မံမေတ္တာရပ်ခံတားမြစ်သော်လည်း ဆန္ဒပြသံဃာများက လက်မခံဘဲ ဥက္ကဋ္ဌဆရာတော်ကို တွန်းလှဲဖြတ်ကျော်ဆန္ဒပြခဲ့ကြသဖြင့် အများပြည်သူအတွက် အန္တရာယ် ရှိလာနိုင်သောကြောင့် သက်ဆိုင်ရာတာဝန်ရှိသူတို့က လက်နက်ငယ်ဖြင့်သုံးချက်မိုးပေါ်ထောင်ပစ်ဖောက်၍ ခြောက်လှန့်လူစုခွဲခဲ့ကြောင်း ထိုအခါ ဆန္ဒပြသံဃာ ၁၀၀ ခန့်မှာ လူစုကွဲထွက်ပြေးသွားခဲ့ကြောင်း မြန်မာ့အလင်းသတင်းစာက ဖော်ပြသည်။

၇ မြန်မာနိုင်ငံက ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၀၇ ခုနှစ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို သုဝဏ္ဏဘောလုံးကွင်း၌ကျင်းပရာရန်ကုန်တိုင်း၊ စစ်ဌာနချုပ်၊ တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်၍ အားကစားသမားများကို နှုတ်ဆက်အားပေးသည်။

အာရှနှင့် ပစိဖိတ်ခေါင်းဆောင် ၂၁ ဦးတို့၏ အေပက်ထိပ်သီးအစည်းအဝေးတက်ရောက်ရန် လာရောက်သည့် အမေရိကန်သမ္မတ ဂျော့ဒဗလျူဘု၏ ဩစတြေးလျနိုင်ငံသို့ မရောက်မီနာရီပိုင်းအတွင်းတွင် ဆစ်ဒနီမြို့၌ ကန့်ကွက်ဆန္ဒပြမှုတစ်ခုဖြစ်ပွားခဲ့သည်ဟုရိုက်တာသတင်းဌာနက ဖော်ပြသည်။

၉ လိုင်သာယာ၊ ကြည့်မြင်တိုင်မြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းနှင့်သီလရှင်စာသင်တိုက်များသို့တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုဆက်ကပ်လှူဒါန်းသည်။

၁၀ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် သာကေတမြို့နယ်၊ ရွာခင်းသာလမ်းရှိ ယုဇနကုမ္ပဏီလီမိတက်၏ ယုဇနဆီချော၊ ဆီသန့်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး၊ ဒေသတွင်းလုံခြုံမှု ပိုမိုရရှိရေးတို့အတွက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုပြုလုပ်ရန် တရုတ်သမ္မတဟူကျင်တောင်က ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့တွင် တိုက်တွန်းပြောကြားလိုက်သည်ဟု အင်တာနက်သတင်းဌာနက ရေးသားဖော်ပြသည်။

၁၁ မန္တလေးမြို့၊ မဟာဝိစိတာရုံဆရာတော်ဦးစတုတ္ထအကြိမ်၊ အလှူတော်မင်္ဂလာပွဲသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ဝန်ကြီးဦးအောင်သောင်းတို့တက်ရောက်၍ဆရာတော်၊သံဃာတော်များအားနေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

အယ်လ်ခိုင်ဒါကွန်ရက်ခေါင်းဆောင် အိုစမာဘင်လာဒင်သည် အာဖဂန်နစ္စတန် နိုင်ငံအတွင်းပုန်းရှောင်နေခြင်းမဟုတ်ကြောင်း အာဖဂန်နစ္စတန် နိုင်ငံခြားရေးဝန်ကြီးက အမေရိကန်ပြည်ထောင်စုအတိုက်အခိုက်ခံရသည့် ခြောက်နှစ်မြောက်နှစ်ပတ်လည် အခမ်းအနားတွင် ပြောကြားသည်။

၁၂ (၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာအဆို အက အရေး အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးသို့ ဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်အမှာစကားပြောကြားသည်။

၁၃ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်အောင်မင်းတို့သည် ပဲခူးမြို့၊ မြို့တော်ခန်းမ၌ကျင်းပသော ပဲခူးတိုင်း (၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု၊ အဆိုအကအရေးအတီးပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားသို့တက်ရောက်အားပေးချီးမြှင့်သည်။

အမေရိကန်က အီရန်နိုင်ငံကို တိုက်ခိုက်မည်ဆိုပါက အီရန် ပြည်သူလူထုက တုံ့ပြန်မည်ဖြစ်ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ တပ်မှူးဗိုလ်ချုပ်ကြီး မိုဟာမက်အလီဂျာဖာရီက ပြောကြားလိုက်သည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၁၄ ပြည်ထောင်စုကြွေခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီး ဇော်မင်းသည် မကွေးတိုင်း၊ သရက်ခရိုင်၊ အောင်လံမြို့နယ်ရှိ ပြည်ထောင်စုကြွေခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ သရက်ခရိုင် သရက်၊အောင်လံနှင့် ဆင်ပေါင်ဝဲမြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြွေခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်

အမှုဆောင်အဖွဲ့ဝင်များနှင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု စည်းရုံးရေးမှူးများကို တွေ့ဆုံသည်။

အီရန်နိုင်ငံနှင့် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) တို့ သဘောတူညီခဲ့သည့် နျူကလီးယားအစီအစဉ်သည် အီရန်နိုင်ငံ၏ နျူကလီးယားပြဿနာကို သံတမန်ရေးအရ ဖြေရှင်းနိုင်စေမည့် လမ်းစပင်ဖြစ်ကြောင်း တရုတ်အစိုးရအဖွဲ့က ပြောကြားသည်ဟု အင်တာနက်သတင်းကဖော်ပြသည်။

၁၅ မြန်မာနိုင်ငံက ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၀၇ ခုနှစ် တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ၊ နောက်ဆုံးဗိုလ်လုပွဲတွင် မြန်မာက ထိုင်းအသင်းကို ၅ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုဖလားကြီးကို ရရှိသည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင် အီရတ်စစ်ဆန့်ကျင်ရေးဆန္ဒပြမှု တစ်ရပ်ဖြစ်ပေါ်ခဲ့သည်ဟု အင်တာနက်သတင်းက ဖော်ပြသည်။

၁၆ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် စမ်းချောင်းနှင့် သာကေတရှိ ဘုန်းတော်ကြီးနှင့် သီလရှင်စာသင်တိုက်များသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင် (၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (ယခု နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး) တက်ရောက် ဆွေးနွေးမှာကြားသည်။

သေးငယ်သည့် ပစိဖိတ်ကျွန်းနိုင်ငံ တူဗာလူးက မိမိတို့နိုင်ငံ၊ သမုဒ္ဒရာရေမျက်နှာပြင်အောက်နစ်မြုပ်ပျောက်ကွယ်မသွားမီ ကမ္ဘာကြီးပူနွေးလာမှုကို ထိထိရောက်ရောက်ကာကွယ်ကြပါရန် ကမ္ဘာ့ကျန်နိုင်ငံများသို့ တိုက်တွန်းလိုက်သည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၁၈ စစ်ကိုင်းတိုင်း မုံရွာမြို့၊ တိုင်းအားကစားကွင်း၌ ကျင်းပသော ၂၀၀၇ ခုနှစ် (၈)ကြိမ်မြောက် အားကစားဝန်ကြီးဌာန၊ ပြည်နယ်နှင့် တိုင်းအသက် (၂၁) နှစ်အောက် (လူသစ်တန်း) အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်သာအေးနှင့် အားကစားဝန်ကြီးဌာန၊ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်တို့ တက်ရောက်အားပေးကြည့်ရှုသည်။

အီရတ်နိုင်ငံကို ကျူးကျော်ထားမှုအဆုံးသတ်ရေးအတွက် အမေရိကန်ဝါရှင်တန်မြို့တွင်လူတစ်သိန်းခန့်ချီတက်ဆန္ဒပြကန့်ကွက်ခဲ့ကြောင်း၊ ဆန္ဒပြသူ ၂၀၀ ခန့်ဖမ်းဆီးခံရကြောင်းအင်တာနက်သတင်းက ဖော်ပြသည်။

၁၉ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဝန်ကြီးဗိုလ်မှူးကြီးထိန်းသိမ်းရေးနှင့်ပတ်သက်၍အမျိုးသားအဆင့် စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံရေး ယန္တရားတစ်ရပ်ထူထောင်ရန် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရေးအတွက် ညှိနှိုင်းအစည်းအဝေးသို့ ယင်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (ယခု နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး) တက်ရောက် ဆွေးနွေးမှာကြားသည်။

သေးငယ်သည့် ပစိဖိတ်ကျွန်းနိုင်ငံ တူဗာလူးက မိမိတို့နိုင်ငံ၊ သမုဒ္ဒရာရေမျက်နှာပြင်အောက်နစ်မြုပ်ပျောက်ကွယ်မသွားမီ ကမ္ဘာကြီးပူနွေးလာမှုကို ထိထိရောက်ရောက်ကာကွယ်ကြပါရန် ကမ္ဘာ့ကျန်နိုင်ငံများသို့ တိုက်တွန်းလိုက်သည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။



၂၀၀၇ ခုနှစ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက အားကစားသမားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစဉ်

၁၇ ပြည်သူများ၊ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ဆေး၊ ပဲနှင့်ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းပွဲသို့ တက်ရောက်ဆက်ကပ်လှူဒါန်းသည်။

အင်ဒိုနီးရှားနိုင်ငံက လာမည့် (၁၀)နှစ်အတွင်းတွင် အဓိကရည်မှန်းချက်ကြီး (၈)ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းသွားမည် ဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘန်ဘန်းယူဒိုယိုနိုက ပြောကြားလိုက်သည်ဟုဆင်ဟွာသတင်းဌာနကဖော်ပြသည်။

၁၇ နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပသော အရွယ်မရောက်သေးသူ ကလေးငယ်များကို စစ်မှုထမ်းစေခြင်းမှ ကာကွယ်တားဆီးကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် စမ်းချောင်းနှင့် သာကေတရှိ ဘုန်းတော်ကြီးနှင့် သီလရှင်စာသင်တိုက်များသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်

ဇော်မင်းသည် ပဲခူးတိုင်း၊ ဖြူးမြို့ရှိ ကွင်းချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးသည်။

အကြမ်းဖက်တိုက်ဖျက်ရေးအတွက် အလွန်အကျွံ ငွေကြေးသုံးစွဲမှုများသည် အချိန်တိုကာလအတွင်း အမေရိကန်စီးပွားရေးကို အကြီးအကျယ်ခြိမ်းခြောက်လာနေသည်ဟု အမေရိကန်စီးပွားရေးပညာရှင်များ၏ လူထုသဘောထားကောက်ယူမှုတစ်ရပ်ကဖော်ပြထားကြောင်းသည်ဝေါထရိတ်ဂျာနယ်၌ ဖော်ပြသည်။

၂၀ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ ကျင်းပသော ၂၀၀၇ ခုနှစ်၊ (၂၃)ကြိမ်မြောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား၊ အသက် (၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ပြည်သူများ ရဟိုင်ခွင့်မညီမျှမှုကို ကန့်ကွက်သည့်ထောင်ပေါင်းများစွာသော အမေရိကန်ရှိ ဆန္ဒပြသမားများသည် အမေရိကန်နိုင်ငံ လူဝီစီယားနားပြည်နယ် ဂျနာမြို့တွင် စီတန်း လှည့်လည်ဆန္ဒပြကြသည်။


၂၁ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးကျော်သူသည်ကိရိယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မစ္စတာကင်ယုံအီး၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးသွားရောက်ပြီးနောက် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေးအထောက်အကူပြုတပ်ဖွဲ့ (ISAF)က လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အာဖဂန်အရပ်သားများ သေဆုံးကြောင်း နေတိုးတပ်ဖွဲ့က ပြောကြားသည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၂ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြန်မာ့ရုပ်ရှင်အစည်းအရုံးခန်းမ၌ ကျင်းပသော ၂၀၀၆-၂၀၀၇ ခုနှစ်ပညာသင်နှစ်တွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ရုပ်ရှင်မိသားစု၏ သားသမီးများအား ပညာရည်ချွန်ဆုပေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန၊ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက် အားပေးချီးမြှင့်သည်။

အကြိမ်အာဆီယံတံခွန်စိုက် အမျိုးသမီးဘောလုံးပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့သော မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းကို ဂုဏ်ပြုတည်ခင်းသည့် ညစာစားပွဲသို့မြန်မာနိုင်ငံအမျိုးသား အိုလံပစ်ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် (ယခု နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး)တက်ရောက်၍ဂုဏ်ပြုအမှာစကားပြောကြားသည်။

၂၃ အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ် ရပ်ဆိုင်းသွားစေရန် ကုလသမဂ္ဂ၏ဒဏ်ခတ်အရေးယူမှုများကလုပ်ဆောင်နိုင်မည်မဟုတ်ကြောင်း အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က ပြောကြားလိုက်သည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။



ဆန္ဒပြအတိုက်အခံများအား တားမြစ်ပိတ်ပင်နေသော ပါကစ္စတန်စစ်သားများ

အီရန်နိုင်ငံ တီဟီရန်မြို့၌ ကျင်းပသော ၁၉၈၀-၈၈ အီရန် အီရတ်စစ်ပွဲအထိမ်းအမှတ်စစ်ရေးပြအခမ်းအနားသို့ အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်တက်ရောက်သည်ဟုအင်တာနက်သတင်းက ဖော်ပြသည်။

၂၄ နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပသော ၂၀၀၇ ခုနှစ် တတိယ

၂၅ သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီးဗိုလ်မှူးချုပ် သူရမြင့်မောင်က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ဥက္ကဋ္ဌ ဆရာတော်၊ မကွေးဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု၊အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တကုမာရနှင့် အဖွဲ့ဝင်ဆရာတော်များအား ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်သံဃ

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ထောက်ခံကြဆိုပွဲ အခမ်းအနားကို ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ အားကစားရင်ပြင်၌ ကျင်းပရာ ကယားပြည်နယ်မှ မြို့မိ မြို့ဖများဦးစီး၍ တရားဥပဒေနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အမေရိကန်စစ်ဘက်နှင့် စီအိုင်အေတို့ကို အကြမ်းဖက်အဖွဲ့များအဖြစ် အီရန်အမတ်များကကြေညာလိုက်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

အောက်တိုဘာလ

၁ အမေရိကန်နိုင်ငံ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသော(၆၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီးဦးဉာဏ်ဝင်းက အထွေထွေမူဝါဒရေးရာ မိန့်ခွန်းတစ်ရပ်ကို ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ၊ အစ္စလမ္မာဘတ်မြို့ရှိ ရွှေကောက်ပွဲကော်မရှင်ရုံးရှေ့၌ ဆန္ဒပြမှုဖြစ်ပွားရာ ရဲအဖွဲ့ကမျက်ရည်ယိုဗုံးဖောက်ခွဲ၍ လူစုခွဲခဲ့ရကြောင်း ရိုက်တာသတင်းက ဖော်ပြသည်။

၂ ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ရောက်ရှိနေသည့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola မဟာနာယကကျောင်းဆောင်အစည်းအဝေးခန်းမ၌သာသနာရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထားသည်။

၃ ဂျပန်အာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (အယ်လ်ဒီပီ)သည် ဥပဒေပြုအမတ်ယာဆူအိုဖူကူဒါအား ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တော့မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၂၅ သံဃာနှင့် လူအချို့စီတန်းလှည့်လည်လမ်းလျှောက်ဆန္ဒပြခြင်းနှင့်ပတ်သက်၍ ပြည်သူလူထုအား ခြိမ်းခြောက်ခြင်း၊ ငွေကြေးကောက်ခံခြင်း၊ အတင်းအကျပ်ခေါ်ယူခြင်းများ ပြုလုပ်လာပါကသက်ဆိုင်ရာဒေသအာဏာပိုင်များသို့ တိုင်ကြားနိုင်ကြကြောင်း သက်ဆိုင်ရာက အသိပေးနှိုးဆော်ထားသည်ဟုမြန်မာ့အလင်းသတင်းစာက ဖော်ပြသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ယန်ကျင်ချောင်နှင့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဘာနုရက်ကူချာတို့သည် (၆၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြသည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၆ ကျူးဘားသမ္မတနိုင်ငံ၊ ဟားဗားနားမြို့၌ ကျင်းပခဲ့သည့် မြန်မာကျူးဘားနှစ်နိုင်ငံ ပူးတွဲကော်မရှင်၊ ဒုတိယအကြိမ်အစည်းအဝေးသို့ မြန်မာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီးဦးဉာဏ်ဝင်းနှင့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်ကြသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မှ ရဲအရာရှိများက အမျိုးသမီးတစ်ဦးကိုလျှပ်စစ်ကျဉ်စက်သေနတ်ဖြင့်ပစ်ခတ်ဖမ်းဆီးခဲ့မှုပတ်သက်ပြီး အမေရိကန်ကာကွယ်ပြောဆိုလျက်ရှိကြောင်း အင်တာနက် သတင်းက ဖော်ပြသည်။

၂၇ မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်မှ ပြည်သူလူထု ၅၇၀၀ ကျော်တို့ကဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏အေးချမ်းသာယာမှုကိုနှောင့်ယှက်ပျက်စီးစေခဲ့သည်ဟု ခံယူလျက်၊ တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲပြုလုပ်သည်။

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်က လူ့အခွင့်အရေးနှင့်ပတ်သက်၍ သူ့ကို ဩဝါဒပေးနေခြင်းမှာ သူတော်ကောင်းဟန်ဆောင်နေခြင်းသာဖြစ်ကြောင်း ဧဝင်ဘာဘွေသမ္မတ ရောဘတ်ဘူဂါမီကပြောကြားလိုက်သည်ဟု ရိုက်တာသတင်းဌာနကဖော်ပြသည်။

၂၈ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ပြည်သူ့ အားကစားကွင်းတွင် ပြည်နယ်ပြည်သူလူထုက အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ထောက်ခံကြဆိုပွဲအခမ်းအနားသို့ တက်ရောက်၍ ထောက်ခံကြဆိုကြသည်။

ပါကစ္စတန်နိုင်ငံတွင် အတိုက်အခံများက ဆန္ဒပြကြရာ ရဲတပ်ဖွဲ့ကလက်ကိုင်တုတ်များဖြင့် ရိုက်နှက်၊ မျက်ရည်ယိုဗုံးဖြင့် လူစုခွဲသဖြင့် ရဲတပ်ဖွဲ့ဝင် (၁၂)ဦးနှင့် ဆန္ဒပြသူအများအပြား ဒဏ်ရာရသွားကြောင်းရိုက်တာသတင်းက ဖော်ပြသည်။



နိုင်ငံတော်အစိုးရအကြီးအကဲများနှင့်အတူ တွေ့ရသော မစ္စတာဂမ်ဘာရီ

Gambari ကို နေပြည်တော်ရှိဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

ဘီဘီစီအသံလွှင့်ဌာနက ပြုလုပ်သော ရေဒီယိုအစီအစဉ်တစ်ခုတွင် ယင်းအသံလွှင့်ဌာန၊ ဝန်ထမ်းတစ်ဦးက ပြင်ပရိသတ်တစ်ဦးဟန်ဆောင်ကာ တယ်လီဖုန်းဖြင့် ဆက်သွယ်ဆောင်ရွက်ခဲ့ကြောင်း ဘီဘီစီအသံလွှင့်ဌာနက ဝန်ခံပြောကြားသည်ဟု ရိုက်တာသတင်းဌာနက ရေးသားသည်။

၃ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ထောက်ခံကြိုဆိုသည့် အခမ်းအနားကို တနင်္သာရီတိုင်း၊ မြိတ်မြို့၊ မြို့မအား၊ကစား၊ကွင်းတွင် မြို့မိမြို့ဖများက ဦးစီး၍ ဥပဒေနှင့်အညီ ကျင်းပသည်။

အီရတ်နိုင်ငံ၊ ဘဂ္ဂဒက်မြို့တွင် ပိုလန်သံအမတ်ကြီး၏ ယာဉ်တန်းဖြတ်သွားစဉ် ဗုံးသုံးလုံးချိန်ကိုက် ပေါက်ကွဲသဖြင့် သံအမတ်မှာ အနည်းငယ် ဒဏ်ရာရရှိသွားကြောင်း ပြည်ထဲရေးသတင်းက ဖော်ပြသည်ဟု ဆင်ဟွာသတင်းဌာနက ရေးသားသည်။

၄ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ အဖွဲ့၏ ကြေညာချက် အမှတ် ၁/၂၀၀၇ ကို ထုတ်ပြန်ကြေညာပြီး ပုဒ်မ ၁၄၄ ကို ဖီဆန်ကာ လူစုလူဝေးပြုလုပ်သဖြင့်ဖမ်းဆီးခေါ်ဆောင်မေးမြန်းခြင်းခံရသူ ၂၀၉၃ ဦးထဲမှ ၆၉၂ ဦးကို ကတိဝန်ခံချက်ဖြင့် ပြန်လည်စေလွှတ်သည်။

အမေရိကန်လုံခြုံရေး ကန်ထရိုက်တစ်ဦးဖြစ်သည့် ဘလက်ဝါးတားအနေနှင့် အီရတ်ပြည်သူများအား သတ်ဖြတ်မှုဖြင့် အီရတ်မှ နှင်ထုတ်ခံရမည်ဖြစ်ကြောင်း အီရတ်ဝန်ကြီးချုပ် နုရီအယ်မာလီတီက ပြောကြားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၅ ရန်ကုန်တိုင်း၊ သံဃနာယကအဖွဲ့ ဆရာတော်ကြီးများထံမှ သြဝါဒခံယူပွဲကို ဗဟန်းမြို့နယ်ရှိရန်ကုန်တိုင်းသံဃနာယကအဖွဲ့ (သုဓမ္မာ) ရုံးခန်းဌာနကျင်းပရာ ရန်ကုန်တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးလှစိုးက သာသနာရေးဆိုင်ရာများကိုလျှောက်ထားတင်ပြသည်။

အီရတ်နိုင်ငံ ဒီယာလာပြည်နယ်တွင် ဆွန်နီလူမျိုးတို့ကို သတ်ဖြတ်ပြီး ထွက်ပြေးတိမ်းရှောင်နေသော ပြစ်မှုကျူးလွန်သည်ဟု မသက်ာသူ ရှီးယိုက်ပြည်သူ့စစ်အကြီးအကဲ တစ်ဦးကို အမေရိကန်နှင့် အီရတ်အထူးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း အမေရိကန်စစ်ဘက်ကသတင်းထုတ်ပြန်သည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်

၁ အစိုးရအဖွဲ့က ကြေညာချက် အမှတ် ၂/၂၀၀၇ ဖြင့် အလုပ်သမားဝန်ကြီးဌာန၊ဒုတိယဝန်ကြီးဦးအောင်ကြည်ကို ဆက်ဆံရေးဝန်ကြီးအဖြစ် တာဝန်ပေးအပ်သည်။

ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့တွင် အီရတ်စစ်ပွဲဆန့်ကျင် ဆန္ဒပြသူများအနက် လူလေးဦးကို လန်ဒန်ရဲတပ်ဖွဲ့ကဖမ်းဆီးလိုက်ကြောင်းလန်ဒန်ရဲတပ်ဖွဲ့ကပြောကြားသည်ဟုရိုက်တာသတင်းဌာနကဖော်ပြသည်။

၉ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၏ကိုယ်စား၊ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ဗဟိုဝန်ထမ်းတက္ကသိုလ်

(အထက်မြန်မာပြည်) အခြေခံပညာ ဆရာဆရာမများ အထူးမွမ်းမံသင်တန်း၊ အမှတ်စဉ် (၂၈) သင်တန်းဆင်းပွဲသို့ တက်ရောက်၍အမှာစကားပြောကြားသည်။

၁၀ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ရုပ်ကလာပ်ကိုနိုင်ငံတော်စျာပနအခမ်းအနား ဖြင့်မင်္ဂလာဒုံစစ်သချိုင်း၌သင်္ဂြိုဟ်သည်။

မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများကို အားပေးကူညီရန် ကုလသမဂ္ဂက ကြိုးပမ်းလျက်ရှိပြီး အဆိုပါကြိုးပမ်းမှုတွင် ဒေသတွင်းနိုင်ငံများက တက်ကြွစွာကူညီသွားရန် လိုအပ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန်မစ္စတာအီပရာဟင်မ်ဘာရီက တိုက်တွန်းသည်။

အာဖဂန်နစ္စတန် နိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများသည် ၂၀၀၆ ခုနှစ်နှင့် နှိုင်းစာလျှင် ယခုနှစ်တွင် ရာခိုင်နှုန်း ၃၀ နီးပါးအထိ မြင့်တက်လာကြောင်း ကုလသမဂ္ဂအဖွဲ့အကြီးအကဲ တွန်ကိုနင်က ပြောကြားသည်ဟုဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၁၆ မြန်မာ့ရိုးရာယဉ်ကျေးမှု၊ အဆိုအက၊ အရေးအတီးပြိုင်ပွဲ ကျင်းပရေးဦးစီး ကော်မတီနာယက ခေတ္တနိုင်ငံတော် ဝန်ကြီးချုပ်နှင့် အတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် (ယခုနိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး)သည် ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်များနှင့် ကြီးကြပ်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

တီဟီရန်မြို့ရှိ သမ္မတရုံးတွင် အီရန်သမ္မတမာမွတ်အာမာဒီနီဂျက်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ တွေ့ဆုံဆွေးနွေးကြပြီး အီရန်သမ္မတက အီရန်နိုင်ငံအပေါ် စစ်ရေး အရအရေးယူမှုမပြုရန် သတိပေးပြောကြားလိုက်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဒဂုံတံတားအပြီးသတ်တည်ဆောက်ပြီးစီးမှုကိုတာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

၁၈ ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြေညာချက်အမှတ်(၂/၂၀၀၇)ဖြင့် "နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင်ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း" ကို ထုတ်ပြန်ကြေညာသည်။

နိုင်ငံတော်ကာကွယ်ရေးနှင့် ကမ္ဘာငြိမ်းချမ်းရေးထိန်းသိမ်းရေးအတွက်တရုတ်တပ်မတော်ကို ခေတ်မီတပ်မတော်ဖြစ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမ္မတ ဟူကျင်တောင်က(၁၆)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီအစည်းအဝေး၌ မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားသွားကြောင်းဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ငြိမ်းချမ်းရေးနိုဘယ်ဆုရရှိထားသော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နိုင်ငံတကာအဖွဲ့ (IPPC) ဥက္ကဋ္ဌရာဂျင်ဒရာပါချောရီသည် ဂျပန်ဝန်ကြီးချုပ်ယာဆူအိုဖူကူဒါနှင့် တိုကျိုမြို့၊ ဂျပန်ဝန်ကြီးချုပ်နေအိမ်တွင် ကမ္ဘာကြီးပူနွေးလာမှုကိစ္စနှင့်ပတ်သက်၍တွေ့ဆုံဆွေးနွေးသည်။

ဥရောပနှင့် အမေရိကန်နိုင်ငံတို့တွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို လေ့လာစောင့်ကြည့်မည့် အဖွဲ့အစည်းတစ်ရပ်ထူထောင်ရန် ရုရှားနိုင်ငံက စီစဉ်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးကပြောကြားသည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

ပြင်သစ်နိုင်ငံ၊ ပါရီမြို့၌ ကျင်းပသည့် (၃၄)ကြိမ်မြောက် အထွေထွေညီလာခံနှင့်ပညာရေးဝန်ကြီးများဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ယူနက်စကိုအမျိုးသားကော်မရှင်ဥက္ကဋ္ဌပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးဒေါက်တာချမ်းငြိမ်းတက်ရောက်မိန့်ခွန်းပြောကြားသည်။



ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည် နှင့် ဒေါ်အောင်ဆန်းစုကြည်

တရုတ်နိုင်ငံနှင့် အာဆီယံ၏ အပြန်အလှန်ကုန်သွယ်မှုမှာ လျင်မြန်စွာ တိုးတက်လျက်ရှိကြောင်း၊ ကုန်သွယ်မှု တန်ဖိုးမြင့်မားလာကြောင်း တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်ဟု ဆင်ဟွာ သတင်းဌာနက ဖော်ပြသည်။

၂၁ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးရိုးရောဝတီတံတား(ရတနာပုံ)တည်ဆောက်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အမေရိကန်နိုင်ငံ လော့အိန်ဂျလိစ်မြို့ မြို့တော်ကောင်စီသည် အီရတ်စစ်ပွဲ အဆုံးသတ်ပေးရန် တိုက်တွန်းသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်လိုက်ကြောင်းနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်မှ ရုပ်သိမ်းပေးရန် တောင်းဆိုသည်ဟု ကောင်စီဝင်ဘီရိုဆန်ဒယ်က ပြောကြားကြောင်း ဆင်ဟွာက ဖော်ပြသည်။

၂၂ နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေး သုတေသန ဦးစီးဌာနခွဲ ကျင်းပသော ၁၅ ကြိမ်မြောက် အဆိုအကအရေးအတီးပြိုင်ပွဲ၊ ရုပ်သေးမဟာဒုက်ဇာတ်တော် ပြိုင်ပွဲကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းတက်ရောက်ကြည့်ရှုအားပေးသည်။

၂၃ သန်လျက်စွန်းရှိ စည်ပင်သာယာရေးဦးစီးဌာနခွဲ ကျင်းပသော ကျေးလက်ဒေသသန့်ရှင်းသောသောက်သုံးရေရရှိရေး (၁၄)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေတက်ရောက်အမှာစကားပြောကြားပြီး အလှူငွေများကိုလက်ခံသည်။

၂၄ အမျိုးသား ပြန်လည်သင့်မြတ်ညီညွတ်ရေးအတွက် ဆက်ဆံရေးဝန်ကြီးဦးအောင်ကြည်နှင့်ဒေါ်အောင်ဆန်းစုကြည်တို့သည် ရန်ကုန်မြို့ စိမ်းလဲ့ကန်သာ၌ တွေ့ဆုံဆွေးနွေးကြသည်။

နိုဝင်ဘာလ

၁ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် နေပြည်တော်မြို့တော်ခန်းမ၌ ကျင်းပသည့် (၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ဆုများ ချီးမြှင့်သည်။

၂၀၀၃ ခုနှစ်တွင် အီရတ်နိုင်ငံကို အမေရိကန်ကျူးကျော်ဝင်ရောက်သည့် အကြောင်းပြချက်ဖြစ်သော သမ္မတဆက်ဒမ်ဟူစိန်၌ ဇီဝပိုးမွှားလက်နက်များ ပိုင်ဆိုင်ထားသည်ဆိုခြင်းမှာ အနောက်အုပ်စုသို့ ခိုလှုံသူအီရတ်တစ်ဦး၏ လုပ်ဇာတ်ဖြစ်ကြောင်း အမေရိကန်သတင်းအစီအစဉ်တွင်ကြေညာသည်။

၂ ပြည်ထောင်စု မြန်မာနိုင်ငံတော်နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာယာဆူကီနိုဂါဝါးသည် နေပြည်တော်ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ သူ၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။


အင်ကာရာမြို့တော်၌ တူရကီခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးပြီး အီရတ်ဆိုင်ရာနိုင်ငံတကာဆွေးနွေးပွဲတက်ရောက်ရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်ဇ်တူရကီနိုင်ငံအစ္စတန်ဘူလ်မြို့သို့ ရောက်ရှိလာစဉ် တူရကီပြည်သူတို့က ကန့်ကွက်ဆန္ဒပြကြသည်။

၃ အမျိုးသား ကာကွယ်ဆေးတိုက်နေ့များ (၂၀၀၇) ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

ပါကစ္စတန်နိုင်ငံ၌ ရှစ်လတာကာလအတွင်း မတည်မငြိမ်ဖြစ်နေမှုများ



ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရာရက်ဖ်



အာဆီယံအဖွဲ့ဝင်နိုင်ငံခေါင်းဆောင်အချို့တို့နှင့် တွေ့ရသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

ကို အဆုံးသတ်စေရန်အတွက်ပါကစ္စတန် သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်က အရေးပေါ် ဥပဒေကို ထုတ်ပြန်ကြေညာသည်။

၄ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ သမ္မတ ဟူကျင်တောင်သည် ပေကျင်းမြို့တော်၌ ကျင်းပသော သတ္တမ အကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ညီလာခံသို့ တက်ရောက်လာကြသော ဒုတိယအမြောက်တပ်မှ ကိုယ်စားလှယ် များကို တွေ့ဆုံနှုတ်ဆက်သည်။

၅ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ကော်မတီ (၄/၂၀၀၇) အစည်းအဝေးကို နေပြည်တော် သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာနိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ အမှာစကားပြောကြား သည်။



တရုတ်သမ္မတဟူကျင်တောင်က သတ္တမအကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ ညီလာခံသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များကို တွေ့ဆုံနှုတ်ဆက်စဉ်

၆ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး သိန်းစိန်ကိုမြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari က နေပြည်တော် အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌လာရောက်ဂါရဝပြု တွေ့ဆုံသည်။

၇ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လာအိုနှင့် ဗီယက်နမ်နိုင်ငံများသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ကို နေပြည်တော် လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။

၈ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆေသည် အဖွဲ့ဝင်များနှင့်အတူ ထိုင်းနိုင်ငံ၌ ကျင်းပ မည့် (၁၇)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော် (ကြည်း)များ သေနတ်ပစ် ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် ဗိုလ်မှူးကြီး မျိုးမြင့်ခေါင်းဆောင်သောမြန်မာ့တပ်မတော် သေနတ်ပစ်အဖွဲ့ကို ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက် သည်။

၁၀ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လာအိုနှင့် ဗီယက်နမ်နိုင်ငံများသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန် နှင့်အဖွဲ့ဝင်များကို နေပြည်တော်လေဆိပ် ၌ ကြိုဆိုနှုတ်ဆက်သည်။

၁၂ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ဌာဖွင့်လှစ်ထားသောအခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၆၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို အဆိုပါ တက္ကသိုလ်ရှိ နဝရတ်ခန်းမ၌ ကျင်းပရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနဝန်ကြီးဦးသောင်းတက်ရောက်၍ အမှာစကား ပြောကြားသည်။

၁၃ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ အထူးကိုယ်စားလှယ် အမေရိကန်ကအီရန်ကိုတိုက်ခိုက်လျှင် ရေနံဈေးနှုန်းအမေရိကန်ဒေါ်လာ ၂၀၀ အထိ နှစ်ဆမြင့်တက်မည် ဖြစ်ကြောင်း ဆော်ဒီအာရေဗျနိုင်ငံတွင် ကျင်းပသည့် အိုပက်အစည်းအဝေး၌ ဗင်နီဇွဲလားသမ္မတဟူဂိုချာဗက်စ်က ပြောကြားသည်ဟု ရိုက်တာသတင်းဌာနကဖော်ပြသည်။



ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ အထူးကိုယ်စားလှယ် မစ္စတာ ပေါ်လိုဆာဂျီယိုဝီညဲရိုး

မစ္စတာပေါ်လိုဆာဂျီယိုဝီညဲရိုးနှင့် အဖွဲ့သည် နေပြည်တော်ရှိ ရှိုင်ရယ်ကုမုဒြာဟိုတယ်၌ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနိုင်ငံခြားသံတမန်များနှင့် တွေ့ဆုံသည်။

၁၄ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ အထူးကိုယ်စားလှယ် မစ္စတာပေါ်လိုဆာဂျီယိုဝီညဲရိုးနှင့် အဖွဲ့သည် တိုင်းရင်းသားကိုယ်စားလှယ်များ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများမှကိုယ်စားလှယ်များနှင့်တွေ့ဆုံသည်။

၁၅ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၇) ကိုယ်စားလှယ်များနှင့် ထူးချွန်လူငယ်မောင်မယ်များကို နေပြည်တော်ရှိဘုရင့်နောင်ရိပ်သာ၌ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

၁၆ အမေရိကန်သမ္မတ ဂျော့ဂ်ဒဗလျူ ဘုရှ်၏ အိမ်ဖြူတော်ထိပ်တန်းအရာရှိအဆိုင်းအဝိုင်းမှအကြမ်းဖက်မှုတန်ပြန်နှိမ်နင်းရေးနှင့်အမိမြေလုံခြုံရေးအကြံပေးအရာရှိဖန်တောင်ဆင်သည်ရာထူးမှနုတ်ထွက်ကြောင်းထုတ်ပြန်ကြေညာသည်ဟုရိုက်တာသတင်းဌာနကဖော်ပြသည်။

၁၇ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ အထူးကိုယ်စားလှယ် မစ္စတာပေါ်လိုဆာဂျီယိုဝီညဲရိုးနှင့်အဖွဲ့သည် တိုင်းရင်းသားကိုယ်စားလှယ်များ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများမှကိုယ်စားလှယ်များနှင့်တွေ့ဆုံသည်။

၁၈ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပမည့် (၁၃) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများတက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ကို နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

စင်ကာပူနိုင်ငံတွင် ကျင်းပပြုလုပ်သော အာဆီယံထိပ်သီးအစည်းအဝေး၌ တရုတ်နိုင်ငံ ဝန်ကြီးချုပ်ဝမ်ကြားပေါင်က "မြန်မာနိုင်ငံအား ပိတ်ဆို့အရေးယူမှုနှင့် ဖိအားပေးမှုများသည်အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အထောက်အကူပေးနိုင်မည်မဟုတ်ကြောင်းပြောကြားသည်။

၁၉ အမေရိကန်သမ္မတ ဂျော့ဂ်ဒဗလျူ ဘုရှ်၏ အိမ်ဖြူတော်ထိပ်တန်းအရာရှိအဆိုင်းအဝိုင်းမှအကြမ်းဖက်မှုတန်ပြန်နှိမ်နင်းရေးနှင့်အမိမြေလုံခြုံရေးအကြံပေးအရာရှိဖန်တောင်ဆင်သည်ရာထူးမှနုတ်ထွက်ကြောင်းထုတ်ပြန်ကြေညာသည်ဟုရိုက်တာသတင်းဌာနကဖော်ပြသည်။

၂၀ ပြည်ထောင်စု မြန်မာနိုင်ငံတော်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် စင်ကာပူသမ္မတနိုင်ငံ၊ စင်ကာပူမြို့ Shangri-La Hotel ရှိ Acacia Ballroom ၌ ကျင်းပသည့် (၁၁) ကြိမ်မြောက် အာဆီယံ+၃ နှင့် (၁၁)ကြိမ်မြောက်အာဆီယံ+တရုတ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်သည်။

စင်ကာပူနိုင်ငံတွင် ကျင်းပသော အာဆီယံထိပ်သီးအစည်းအဝေးမှ အာဆီယံပဋိညာဉ်စာတမ်းကို အဖွဲ့ဝင် (၁၀)နိုင်ငံတို့ လက်မှတ်ရေးထိုးကြသည်။

၂၁ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ

ထိုင်းနိုင်ငံ စစ်သံမှူးအသစ် Colonel Ekachai Harnpoonvittaya နှင့် ဒုတိယ စစ်သံမှူးများကို နေပြည်တော်ဘုရင့်နောင် ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

၂၂ ထိုင်းနိုင်ငံ၌ ကျင်းပသည့် (၈) ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော် (ကြည်း) အကြီးအကဲများ အစည်းအဝေးနှင့် (၁၇) ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော် (ကြည်း) များ သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ပြန်လည် ရောက်ရှိလာသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ကြိုဆိုနှုတ်ဆက်သည်။

၂၃ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပသည့် (၁၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ကို နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

၂၄ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပသည့် (၁၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ကို နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

၂၅ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် နေပြည်တော်ဘူတာသစ်တည်ဆောက်ရေးစီမံကိန်းပရိဝုဏ်၌ ကျင်းပသော နေပြည်တော်ပျဉ်းမနားမြို့ဟောင်း ဒွေးလမ်းရထားလမ်းဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ကမ္ဘည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

၂၆ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် အဖွဲ့ဝင်များနှင့်အတူ ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ရိုးရာအစဉ်အလာမပျက် ကျင်းပသည့် တန်ဆောင်တိုင်ပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို ကြည့်ရှုအားပေးသည်။

တရုတ်နိုင်ငံသည် ၂၀၁၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်၌ စွမ်းအင်အများဆုံးသုံးစွဲသည့် နိုင်ငံအဖြစ် အမေရိကန်ပြည်ထောင်စု၏ နေရာသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း နိုင်ငံတကာစွမ်းအင်အေဂျင်စီ (I.E.A) က ပြောကြားသည်ဟု အင်တာနက်သတင်းက ဖော်ပြသည်။

၂၆ မြန်မာ့ကျောက်မျက်ရတနာပြပွဲ၊ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၀၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျောက်စိမ်းကျောက်မျက်နှင့် ပုလဲအတွဲရောင်းချပွဲကို မြန်မာကွန်ဗင်းရှင်းစင်တာတွင်နောက်ဆုံးနေ့အဖြစ် ကျင်းပရာ ပြည်တွင်း/ပြည်ပမှ ရတနာကုန်သည် ၁၃၃၁ ဦးတို့ တက်ရောက် ဝယ်ယူကြသည်။

၂၇ ဘင်္ဂဒက်မြို့တွင် အီရတ်အစိုးရ ဝန်ထမ်းများ လိုက်ပါလာသော မိနီဘတ်စ်ကားတစ်စီးကို အမေရိကန်တပ်ဖွဲ့များက ပစ်ခတ်မှုကြောင့် လေးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်ဟု ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

၂၈ ဆဋ္ဌမအကြိမ် မြန်မာတိုင်းရင်းဆေးသမားတော်များ ညီလာခံဖွင့်ပွဲအခမ်းအနားကို သူနာပြုတက္ကသိုလ် (ရန်ကုန်)ပင်မဆောင်၌ကျင်းပရာအမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

ထိုင်းနိုင်ငံ အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့ဝင်များကို တွေ့ဆုံခြင်းနှင့် နိုင်ငံတော်အလံ



ပြည်တွင်းရှိ ကျောက်မျက်ရတနာပြပွဲတစ်ခုတွင် ကျောက်ဝယ်ယူရန် ကြည့်ရှုနေသော ပြည်ပမှ ရတနာကုန်သည်အချို့



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ကို ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဟွန်ဆင်နှင့် ကမ္ဘောဒီးယားပြည်သူများက ကြိုဆိုနေကြစဉ်

အပ်နှင်းခြင်းအခမ်းအနားကိုသဃ်နန်းကျွန်း အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး တက်ရောက်အမှာ စကားပြောကြားသည်။

Q နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ကမ္ဘောဒီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ကို နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

ဒီဇင်ဘာလ

၁ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးသည် နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန၌ ကျင်းပသော ကမ္ဘာ့ခုခံအား ကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားပြီး ဆုများချီးမြှင့်သည်။


ဩစတြေးလျနိုင်ငံ ပြည်လုံးကျွတ်ရွေးကောက်ပွဲတွင် လက်ရှိဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်ကို ဗဟိုလက်ဝဲယိမ်းလေဘာပါတီမှအတိုက်အခံခေါင်းဆောင် ကယ်ဗင်ရု (ဒ်)က အနိုင်ရရှိခဲ့သည်။

J နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ကမ္ဘောဒီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ကို နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။ အိန္ဒိယနိုင်ငံ ရှုကလီးယားပြဿနာနှင့် ပတ်သက်၍ အနောက်အုပ်စုနိုင်ငံများနှင့် မပြေမလည်ဖြစ်နေချိန်တွင် ကုလသမဂ္ဂက နောက်ထပ် အရေးယူပိတ်ဆို့မှုများ ပြုလုပ်ခြင်းဖြင့် ပြဿနာကို ဖြေရှင်းနိုင်မည်မဟုတ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနကပြောကြားသည်။

P မြန်မာနိုင်ငံ သတင်းထုတ်ပြန်ရေးကော်မတီက ကျင်းပသည့် စက်တင်ဘာဖြစ်ရပ်သတင်းစာရှင်းလင်းပွဲ ၂/၂၀၀၇ ကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၌ ကျင်းပရာ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၊ အလုပ်သမားဝန်ကြီး



နေပြည်တော်တွင် ကျင်းပခဲ့သော စက်တင်ဘာဖြစ်ရပ် သတင်းစာရှင်းလင်းပွဲ ၂/၂၀၀၇



အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲနှင့်အတူ ကျင်းပသော အမျိုးသားစာပေဆုရစာအုပ်များ ပြပွဲတွင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းနှင့် စာပေဗိမာန်စာတည်းမှူးချုပ် ဦးမောင်လှိုင် (မောင်ဆွေငယ်)တို့က အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ကို လိုက်လံရှင်းလင်းပြသစဉ်

၁၉ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ပြင်ဦးလွင်မြို့တပ်မတော်နည်းပညာတက္ကသိုလ် စစ်ဒရေးပြကွင်း၌ ကျင်းပရာတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေတက်ရောက်မိန့်ခွန်းပြောကြားသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်ကို ၂၀၀၇ ခုနှစ်၏ အထင်ရှားဆုံးပုဂ္ဂိုလ်အဖြစ် တိုင်းမ်မဂ္ဂဇင်းကရွေးချယ်ကြောင်း အင်တာနက်၌ဖော်ပြသည်။ ပူတင်သည် ရုရှားနိုင်ငံကို ဖရိုဖရဲဖြစ်နေသော အခြေအနေမှတည်ငြိမ်အေးချမ်းအောင်ဆောင်ရွက်ခဲ့ပြီး ကမ္ဘာ့အင်အားကြီး နိုင်ငံအဖြစ် ပြန်လည်တည်ဆောက်နိုင်ခဲ့ခြင်းကြောင့် ရွေးချယ်ရခြင်းဖြစ်ကြောင်းဖော်ပြထားသည်။

၂၀ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည်စစ်ကိုင်းတိုင်း မုံရွာမြို့နယ် စိမ်းလန်းစိုပြည်ရေးနှင့် သစ်တောသစ်ပင်များ ထိန်းသိမ်းစိုက်ပျိုးရေး၊ ရေဝေရေလဲဒေသ၌ သစ်ပင်များတိုးချဲ့စိုက်ပျိုးရေးတို့အတွက် စီမံချက်များဖြင့်စနစ်တကျဆောင်ရွက်ရန်လမ်းညွှန်မှာကြားပြီးနောက် မန္တလေးတောင်စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ထားမှုများနှင့် မန္တလေးမြို့ ပတ်ဝန်းကျင်ရှုခင်းများကို ကြည့်ရှုစစ်ဆေးသည်။

၂၁ ၂၀၀၇ ခုနှစ် (၄၆) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည်စစ်ကိုင်းတိုင်း မုံရွာမြို့နယ် စိမ်းလန်းစိုပြည်ရေးနှင့် သစ်တောသစ်ပင်များ ထိန်းသိမ်းစိုက်ပျိုးရေး၊ ရေဝေရေလဲဒေသ၌ သစ်ပင်များတိုးချဲ့စိုက်ပျိုးရေးတို့အတွက် စီမံချက်များဖြင့်စနစ်တကျဆောင်ရွက်ရန်လမ်းညွှန်မှာကြားပြီးနောက် မန္တလေးတောင်စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ထားမှုများနှင့် မန္တလေးမြို့ ပတ်ဝန်းကျင်ရှုခင်းများကို ကြည့်ရှုစစ်ဆေးသည်။

၂၂ ၂၀၀၇ ခုနှစ် (၄၆) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည်စစ်ကိုင်းတိုင်း မုံရွာမြို့နယ် စိမ်းလန်းစိုပြည်ရေးနှင့် သစ်တောသစ်ပင်များ ထိန်းသိမ်းစိုက်ပျိုးရေး၊ ရေဝေရေလဲဒေသ၌ သစ်ပင်များတိုးချဲ့စိုက်ပျိုးရေးတို့အတွက် စီမံချက်များဖြင့်စနစ်တကျဆောင်ရွက်ရန်လမ်းညွှန်မှာကြားပြီးနောက် မန္တလေးတောင်စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ထားမှုများနှင့် မန္တလေးမြို့ ပတ်ဝန်းကျင်ရှုခင်းများကို ကြည့်ရှုစစ်ဆေးသည်။

၂၃ ၂၀၀၇ ခုနှစ် (၄၆) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည်စစ်ကိုင်းတိုင်း မုံရွာမြို့နယ် စိမ်းလန်းစိုပြည်ရေးနှင့် သစ်တောသစ်ပင်များ ထိန်းသိမ်းစိုက်ပျိုးရေး၊ ရေဝေရေလဲဒေသ၌ သစ်ပင်များတိုးချဲ့စိုက်ပျိုးရေးတို့အတွက် စီမံချက်များဖြင့်စနစ်တကျဆောင်ရွက်ရန်လမ်းညွှန်မှာကြားပြီးနောက် မန္တလေးတောင်စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ထားမှုများနှင့် မန္တလေးမြို့ ပတ်ဝန်းကျင်ရှုခင်းများကို ကြည့်ရှုစစ်ဆေးသည်။

၂၄ ၂၀၀၆ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုဆုချီးမြှင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာနိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်အမှာစကားပြောကြားသည်။

၂၅ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ပဲခူးတိုင်း တောင်ငူမြို့နယ်ရှိ ခပေါင်းရေအားလျှပ်စစ် စီမံကိန်းသို့သွားရောက်ပြီး ဓာတ်အားပေးစက်ရုံတည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

၂၆ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာ ကျော်မြင့်သည် အဖွဲ့ဝင်များနှင့်အတူ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ဗဟိုအမျိုးသမီးဆေးရုံကြီးသို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ပတွင် နေထိုင်ပြီး သမ္မတမူရာရက်ဖ်နှင့် ညှိနှိုင်း၍ အမိနိုင်ငံသို့ ပြန်လာသောပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း ဘနာဇီယာဘူတိသည် ပါကစ္စတန်နိုင်ငံအစွန်လမ္မာဘတ်မြို့တော် တောင်ဘက်ရာဝါပင်ဒီမြို့ ပန်းခြံတစ်ခုအတွင်း မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ပြီး ပြန်အထွက်တွင် အသေခံဗုံးခွဲတိုက်ခိုက်ခံရမှုကြောင့် ကွယ်လွန်သွားကြောင်းအင်တာနက်သတင်း၌ ဖော်ပြသည်။

ပုဂံခေတ် လက်ရာပုံစံများနှင့် တည်ဆောက်ထားသော အနော်ရထာမင်းကြီး၏ နန်းတော်



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ
အတွင်းရေးမှူး(၁)
ဒုတိယဗိုလ်ချုပ်ကြီး
သီဟသူရတင်အောင်မြင့်ဦးက
နိုင်ငံရေးစာပေဘာသာရပ်ဖြင့်
အမျိုးသားစာပေဆုရသော
မှူးသမိန်အား ဆုချီးမြှင့်စဉ်



၂၀၀၆ ခုနှစ်အတွက်
မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင်
ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး
ဗိုလ်မှူးချုပ်ကျော်ဆန်းက
အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုရ
မေသဉ္ဇာဦးအား အကယ်ဒမီဆု ချီးမြှင့်စဉ်

စုရားစေတီထီးတော်တင်အခမ်းအနားတစ်ခုတွင်တွေ့ရသော

မြန်မာ့ရိုးရာထင်းခင်းမင်္ဂလာသဘင်

ပြင်ဦးလွင်ကန်တော်ကြီးအမျိုးသားဥယျာဉ်

အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲသို့ လာရောက်အားပေးကြသည့် ပရိသတ်များနှင့်
တံခွန်စိုက်ဆုဖလားကြီးကို ရရှိသွားသော မြန်မာအမျိုးသမီးဘောလုံးအသင်း






ပုညာတောင်ဥမင်



ရန်ကုန် - မန္တလေးရထားလမ်း (ပျဉ်းမနား - မြို့ဟောင်းဒေးလမ်း) ဖွင့်ပွဲ



ပြင်ဦးလွင်မြို့ ဆင်လမ်းရေလှောင်တမံ



လှိုင်ကော်မြို့ မိုးငြိရေလှောင်တမံ

ရုန်ကုန်တိုင်း ဒဂုံတံတား မြောက်ပိုင်းအခြမ်းအနာ ၂၇-၁၀-၂၀၀၇



ဒဂုံတံတားမြောက်ပိုင်းအခြမ်းအနာ



ခြေပေါင်းရာနှောင်တစ်ခံ ဘက်စုံမြင်မံတိုး

စာတမ်း (၂)

သိပ္ပံပညာ၊ အာဆီယံ၊ သဘော်ကျင်း၊ လေဆိပ်၊ ဆေးမီစာကြည့်တိုက်နှင့် ပါရဂူဘွဲ့ အကြောင်းအရာအပါအဝင် အခြားနှစ်ချုပ်ဆောင်းပါးများ

အင်္ဂါဂြိုဟ် သုတေသန	မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)	၄၂
နှစ် (၄၀)ပြည့် အာဆီယံနှင့် (၁၀)နှစ်ပြည့် မြန်မာနိုင်ငံ	သီတာအောင် (နိုင်ငံခြားရေးဝန်ကြီးဌာန)	၄၈
လူပတ်ဝန်းကျင်ထိန်းသိမ်းရေး မျက်နှာစာများ	မောင်ဆုရှင်	၅၃
ရာသီဥတုပြောင်းလဲခြင်းနှင့် ၂၀၀၆-၂၀၀၇ ခုနှစ်၏ထူးခြားသော ရာသီဥတုဖြစ်စဉ်များ	မောင်ထွန်းလွင် (မိုးလေဝသ)	၆၄
မြန်မာနိုင်ငံသဘော်ကျင်းများ	စိုးတင့် (IWT)	၇၄
တိုးချဲ့အဆင့်မြင့်တည်ဆောက်မှုများနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်	မောင်ကြင်နာ	၈၂
ကြိုးမဲ့အင်တာနက်နည်းပညာ	အောင်ချိုန်ဘွား	၈၈
မြန်မာ e-Library	တင်ဝင်းရည် (တက္ကသိုလ်များပဟိုစာကြည့်တိုက်)	၉၈
ပါရဂူဘွဲ့နှင့် မြန်မာနိုင်ငံ	ဒေါက်တာအောင်မြင့်ဦး	၁၁၀

အဂၤါဂြိုဟ်သုဓတာသုတ္တ



Mars




မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)

အင်္ဂါဂြိုဟ်သုတေသန

အာကာသနည်းပညာစူးစမ်းလေ့လာမှုများတွင် အင်္ဂါဂြိုဟ် (Mars) လေ့လာရေးသည် အရေးပါသော အခန်းကဏ္ဍသို့ ရောက်ရှိနေပြီဖြစ်သည်။ ရှေးယခင် က စိတ်ကူးယဉ်သိပ္ပံဝတ္ထုစာမျက်နှာများတွင် အင်္ဂါဂြိုဟ် က နေရာယူခဲ့သည်။ ယနေ့မျက်မှောက်ခေတ်တွင် အင်္ဂါဂြိုဟ်ကို ဝေဟင်မှာသာမက မြေပြင်၌ပါ စူးစမ်းလေ့လာနေကြပြီဖြစ်သည်။


အင်္ဂါဂြိုဟ်လေ့လာရေးနှင့်ပတ်သက်၍ အမျိုးသားလေကြောင်းနှင့် အာကာသထိန်းချုပ်ရေးအဖွဲ့ (နာဆာ) မှ အာကာသနည်းပညာစူးစမ်းမှုများ၊ ဘူမိဗေဒလေ့လာဆန်းစစ်မှုများကိုဆောင်ရွက်ခဲ့သည်။ နာ့ဆာ၏ Mars Odyssey အာကာသယာဉ်သည် အင်္ဂါဂြိုဟ်ပတ်လမ်းကြောင်းအတွင်းသို့ ၂၀၀၁ ခုနှစ် အောက်တိုဘာလတွင် ရောက်ရှိခဲ့သည်။ ထို့နောက် ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီ



အဆများစွာချဲ့ထားသော ကင်မရာဖြင့် ရိုက်ယူထားသည့် အင်္ဂါဂြိုဟ်၏ မျက်နှာပြင်ပုံရိပ်

အင်္ဂါဂြိုဟ်သည် ပျမ်းမျှအပူချိန် သုညအောက် ၆၇ ဒီဂရီဝန်းကျင်နေရာတစ်ခုဖြစ်သည်။ အင်္ဂါဂြိုဟ်တွင် ရေကိုမြင်နိုင်စရာ နေရာမရှိဟု မူလက ဆိုခဲ့ကြသည်။ အင်္ဂါဂြိုဟ်တွင်သံဓာတ်ကြွယ်ဝသောကျောက်ဆောင်ကျောက်တုံးများနှင့် ပြည့်နှက်လျက်ရှိသည်။ အလွန်ကြီးမားသော သဲထုကြီးများကို မီတာရာချီလွင့်အောင် တိုက်ခတ်နိုင်သော လေမုန်တိုင်းများကြောင့် အင်္ဂါဂြိုဟ်တွင် နှစ်စဉ်နှင့်အမျှ ပြောင်းလဲနေသော မြေပြင်အနေအထားရှိသည်။

လတွင် Mars Odyssey က ဓာတ်ပုံများ စတင်ပေးပို့နိုင်ခဲ့သည်။ ၂၀၀၂ ခုနှစ် မေလတွင် ယင်းအာကာသယာဉ်သည် အင်္ဂါဂြိုဟ်မျက်နှာပြင်အောက်တွင် ရေခဲရေအမြောက်အမြားရှာဖွေတွေ့ရှိကြောင်း သတင်းပို့ခဲ့ရာ သိပ္ပံပညာရှင်များ အံ့သြဝမ်းမြောက်ခဲ့ကြသည်။ ဤကဲ့သို့တွေ့ရှိရခြင်းမှာ ယင်းအာကာသယာဉ်သည် အထူးစုံစမ်းထောက်လှမ်းရေးကိရိယာမျိုးစုံကို အသုံးပြုခဲ့ခြင်းကြောင့်ဖြစ်သည်။ ယင်းရေခဲရေကို အင်္ဂါဂြိုဟ်၏



အင်္ဂါဂြိုဟ်ပေါ်သွား ရိုဗာယာဉ်

တောင်ဘက်ဝင်ရိုးအနီးတွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယင်းရေခဲရေအကြောင်း သတင်းအချက်အလက်သည် အင်္ဂါဂြိုဟ်လေ့လာရေးပွဲဦးထွက် သတင်းအချက်အလက်ဖြစ်ခဲ့သည်။ ထို့ကြောင့် နာဆာသည် ၂၀၀၂ ခုနှစ် အောက်တိုဘာလတွင် Mars Odyssey က တွေ့ရှိခဲ့သော သတင်းအချက်အလက်များနှင့် ဓာတ်ပုံများကို ကမ္ဘာတစ်ဝန်းရှိ သိပ္ပံပညာရှင်များထံ ထုတ်ပြန်ခဲ့သည်။ နာဆာ၏ ဂျက်တွန်းအားသိပ္ပံစမ်းသပ်ခန်းမှ သိပ္ပံပညာရှင် စတီဖင်ဆောင်းဒါးစ်က Mars Odyssey မှ သတင်းအချက်အလက်များသည် အင်္ဂါဂြိုဟ်နှင့် ပတ်သက်၍ လေ့လာနေသော သိပ္ပံပညာရှင်များအတွက် အလွန်တန်ဖိုးရှိသော အချက်အလက်များဖြစ်သည်ဟုဆိုသည်။

၂၀၀၄ ခုနှစ် ဇွန်လ ၂၅ ရက်တွင် အင်္ဂါဂြိုဟ် လေ့လာရေးမစ်ရှင်အဖွဲ့ဝင်များက နာဆာသိပ္ပံပညာရှင်များ မူလတွေးထားသည်ထက် အင်္ဂါဂြိုဟ်ပေါ်၌ ရေပမာဏ ပိုမိုရှိနေကြောင်း၊ သို့ရာတွင် မည်သည့်အတိုင်းအတာအထိရှိနေပြီး အဘယ်ကြောင့် ခန်းခြောက်သွားသည်ကို မသိရသေးကြောင်း ပြောကြားခဲ့သည်။ အင်္ဂါဂြိုဟ်တွင်းဝကြီးအတွင်းပိုင်းကို ရိုဗာယာဉ်ဖြင့် လေ့လာခဲ့ရာ ဆားနှင့်သဏ္ဌာန်တူသော သတ္တုဆာလ်ဖိတ်များ ပိုမိုတွေ့ရှိရသည်။ တွင်းဝကြီးအောက်ပိုင်းရောက်လေလေ အဆိုပါ ဆာလ်ဖိတ်များ ပိုမိုတွေ့ရလေဖြစ်ရာ ရေများစွာရှိကြောင်း အထောက်အထားများပင်ဖြစ်သည်။

အင်္ဂါဂြိုဟ်ပေါ်တွင် အလွန်အလွန်နက်ရှိုင်းသော ရေပြင်ထုကြီးရှိနေသည်ဟု မပြောနိုင်သေးသော်လည်း ခြေမျက်စိမြုပ်ရုံလောက်ရေအနက်ရှိပြီး အငွေ့ပြန်တက်သွားပုံရကြောင်း သိပ္ပံစုံစမ်းရေးမှူးစတီဖန်ကူယာက ကာလီဖိုးနီးယားပြည်နယ် ပါဆာဒီနာမြို့ နာဆာ Jet Propulsion Laboratory သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

တစ်ဖန်နာဆာသည် ကွန်ပျူတာနှင့် စက်ရုပ်နည်းပညာတို့ပေါင်းစပ်ကာ အာကာသယာဉ်လေးစင်းကို တီထွင်ပြီး အင်္ဂါဂြိုဟ်၏ သိပ္ပံစာမျက်နှာကို ဖွင့်လှစ်နိုင်ခဲ့သည်။ နာဆာ၏ အင်္ဂါဂြိုဟ်ရိုဗာယာဉ်များသည် ယင်းတို့ဘာသာတွက်ချက်ဆုံးဖြတ်၍ သွားလာနိုင်သော ဂြိုဟ်ပေါ်သွားယာဉ်များဖြစ်သည်။ ရိုဗာနှစ်စီးသည် တစ်ထေရာတည်းဖြစ်ပြီး ယင်းတို့ကို သက်ရှိများဟု ယူဆ၍ရသည်။ ရိုဗာများတွင် ကွန်ပျူတာဦးနှောက်များပါရှိပြီး တစ်စီးလျှင် (၁၇၀)ကီလိုဂရမ်ခန့် လေးသည်။ ရိုဗာတို့၏ မှတ်ဉာဏ်နှင့် စွမ်းဆောင်နိုင်မှုသည် ကွန်ပျူတာတစ်လုံးနှင့်တူသည်။ ရိုဗာတစ်စီးတွင် မျက်စိကိုးလုံးစီပါရှိသည်။ ကိုယ်ထည်ပေါ်တွင် တပ်ဆင်ထားသော ကင်မရာခြောက်လုံးမှာ အနွေရာယ်ရှိသော ကျောက်ဆောင်များနှင့်တွင်းကြီးများကို ရှောင်ရှားနိုင်အောင်ကူညီသည်။ ရိုဗာတွင် ပါရှိသော ရွက်တိုင်သည် လည်ပင်းနှင့် ဦးခေါင်းသဖွယ်စွမ်းဆောင်ပေးသည်။ ယင်းတွင် တပ်ဆင်ထားသော ကင်မရာနှစ်လုံးသည် အနီးအဝေးကို ကွဲပြားစွာမြင်နိုင်စွမ်းရှိသည်။ ဤသည်မှာ လူများမြင်နိုင်သကဲ့သို့ အနီးအဝေးအသေးစိတ် ရုပ်လုံးကြွအမြင်ရှိသည်။ ယင်းကင်မရာနှစ်လုံးသည် ရောင်စုံမြင်ကွင်းကိုလည်း ပေးစွမ်းနိုင်သည်။ ထို့ပြင် ရိုဗာ၏ ကိုးခုမြောက် မျက်စိဖြစ်သော ကင်မရာမှာ မိုက်ခရိုစကုပ်ကင်မရာဖြစ်ပြီး မြေကြီးနှင့်ကျောက်သားတို့၏ အဏုမြူပမာဏအရွယ်ရုပ်ပုံများကိုလည်း ထုတ်လုပ်ပေးနိုင်စွမ်းရှိသည်။

စင်စစ်အင်္ဂါဂြိုဟ်ပေါ်သွား ရိုဗာတို့၏ စူးစမ်းလေ့လာမှုမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ရိုဗာများ



အင်္ဂါဂြိုဟ်ပတ်လမ်းရောက် အာကာသယာဉ်

သည် အင်္ဂါဂြိုဟ်၏ မျက်နှာပြင်တစ်လျှောက် သွားလာနိုင်သည်။ ရိုဗာများသည် အင်္ဂါဂြိုဟ်ပေါ်တွင် တစ်ရက်တာ အများဆုံးခရီးမှာ မီတာ (၁၀၀) ဝန်းကျင်သာရှိသဖြင့် သတိချပ်ခရီးဆန့်စနစ်ကို ပညာရှင်များက တီထွင်ထားသည်။ ရိုဗာတစ်စီးစီတွင် (၆၂၅)စင်တီ ၄ ရက်နေ့တွင် Rover Spirit သည် အင်္ဂါဂြိုဟ်၏ မိတာအဝန်းရှိ ဘီးများပါရှိပြီးယင်းဘီးများတွင်ကိုယ်ပိုင် မော်တာများရှိသည်။ ရိုဗာများ၏ အမြန်နှုန်းမှာ တစ်စက္ကန့်လျှင် ၎င်းစင်တီမီတာဖြစ်သည်။ သို့သော် ထိုနှုန်းဖြင့် မသွားကြချေ။ ရိုဗာများကို (၁၀) စက္ကန့်သွားပြီးလျှင် တစ်ထောက်နားစနစ်ဖြင့် ဖွဲ့စည်းထားသည်။ ဤသို့ တစ်ထောက်နားလျှင် ယင်းတို့ကင်မရာများအသုံးချ၍ ပတ်ဝန်းကျင်အား (၂၀) စက္ကန့်ခန့် စူးစမ်းလေ့လာနိုင်သည်။

အင်္ဂါဂြိုဟ်သည် ကမ္ဘာနှင့် အလွန်ဝေးကွာလှသည်။ ထို့ကြောင့် ရေဒီယိုအချက်ပြလိုင်းတစ်ကြိမ်ရရှိရန် (၂၀) မိနစ်ကြာသည်။ ထို့ကြောင့် နာဆာအင်ဂျင်နီယာများသည် ရိုဗာများကို တစ်ခါတစ်ရံတွင် ကမ္ဘာမြေပြင်မှ ထိန်းချုပ်မှုမရှိဘဲ ယင်းတို့ကိုယ်တိုင် ဆုံးဖြတ်တွက်ချက်နိုင်ရန် တီထွင်ထားသည်။ ရိုဗာများသည် ဒေါ်လာ (၃၂၀)တန်သဖြင့် ရိုဗာ၏ ကွန်ပျူတာသည် နေ့စဉ်ထိန်းချုပ်မှုအတွက် ဆုံးဖြတ်ချက်ချသည်။ အင်္ဂါဂြိုဟ်၏ တစ်နေ့တာသည် ကမ္ဘာ၏တစ်နေ့တာထက် မိနစ် (၄၀)ခန့် ပိုကြာသည်။ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ



အင်္ဂါဂြိုဟ်ပေါ်မှ ကျောက်တုံးကြီး



ဂြိုဟ်ပတ်ရိဗာယာဉ်မှ အင်္ဂါဂြိုဟ်အား ဓာတ်ပုံမှတ်တမ်းရိုက်ယူစဉ်

အတွင်းပိုင်းနေရာ ဂူဆက်ချိုင့်ဝှမ်း (Gusev Crater) ၌ ဆင်းသက်နိုင်ခဲ့သည်။ ရိဗာစပစ်ရစ်သည် အင်္ဂါဂြိုဟ်ပေါ်တွင် ရက်ပေါင်း (၉၀)ခန့် လည်ပတ်လှုပ်ရှားနိုင်ရန် စီစဉ်ထားသည်။ စပစ်ရစ်သည် အကြမ်းပတမ်းခံနိုင်သော ရိဗာတစ်စီးဖြစ်သည်။ ယင်းသည် ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလအထိ ဂြိုဟ်နီကြီးပေါ်တွင် အင်္ဂါဂြိုဟ် ရက်ပေါင်း ၁၀၀၀ နေနိုင်ခဲ့သည်။ ၂၀၀၃ ခုနှစ်၊ မတ်လတွင် သဲထဲနစ်၍ စပစ်ရစ်၏ ဘီး (၆) ဘီးစလုံး ရပ်တန့်သွားသည်။သို့သော်ယင်းသဲထဲ၌နစ်နေသောဆဋ္ဌမမြောက် ဘီးကိုကျန်ဘီး(၅)ဘီးကဆွဲထုတ်နိုင်၍ပြန်လည်ရွေ့လျားနိုင်ခဲ့သည်။

စင်စစ် အင်္ဂါဂြိုဟ်၏ အအေးဆုံးလများတွင် ညအချိန်သည် သုညအောက် ၁၀၀ ဒီဂရီခန့်ထိ ဆင်းသွားတတ်သည်။ ရိဗာတွင် နေခြည်ဖမ်းပြားများရှိသည်။ ယင်းသည် စရပ်ရိဗာ၏ သိပ္ပံနည်းပညာဆိုင်ရာ ကိရိယာများနှင့် ကွန်ပျူတာများလည်ပတ်ရန် လိုအပ်သော လျှပ်စစ်စွမ်းအင်အတွက်နေရောင်ခြည် စုဆောင်းပေးသည်။ အခက်အခဲများကြားမှ ရိဗာစပစ်ရစ်သည် အင်္ဂါဂြိုဟ်၏ မျက်နှာပြင်ပေါ်တွင် ခုနစ်ကီလိုမီတာခန့် ခရီးဆန့်နိုင်ခဲ့သည်။ ယင်းသည် အင်္ဂါဂြိုဟ်ပေါ်တွင် ဓာတ်ပုံများ ရိုက်နိုင်ခဲ့သည်။

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နာဆာ၏ အင်္ဂါဂြိုဟ်ပေါ်သွား ရိဗာ အပေါ်ကျူနတီ (Rover Opportunity) သည် စပစ်ရစ်ပြီးလျှင် ဂြိုဟ်ပေါ်သို့ ဆင်းသက်နိုင်သော ရိဗာဖြစ်သည်။ ယင်းသည် (၉) ကီလိုမီတာခန့် ခရီးဆန့်ခဲ့သည်။ ထူးခြားသည်ကား အပေါ်ကျူနတီသည် ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလတွင် အင်္ဂါဂြိုဟ်ပေါ်၌ ပိုမိုလှုပ်ပြီး စိတ်ဝင်စားဖွယ်ကောင်းသော ဗစ်တိုးရီးယားချိုင့်ဝှမ်းဆီသို့ ချဉ်းကပ်နိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းချိုင့်ဝှမ်းမှာ ကန့်လန့်ဖြတ်မီတာ (၇၅၀)ခန့် ကျယ်ဝန်းပြီး ကြီးမားလှသော ချိုင့်ဝှမ်းကြီးဖြစ်သည်။ အပေါ်ကျူနတီသည် ယင်းချိုင့်ဝှမ်းနှင့် ကီလိုမီတာအတန်ငယ်လှမ်းသောနေရာတွင် ဆင်းသက်နိုင်ခဲ့သည်။ ဗစ်တိုးရီးယား၏ တွင်းနက်နံရံများသည် ကျောက်အလွှာပေါင်းများစွာကို ဖော်ပြနေသည်။ ဤသို့ဖြင့် အပေါ်ကျူနတီသည် ယင်း၏အထူးကင်မရာများနှင့် အင်္ဂါဂြိုဟ်ဘူမိဗေဒကို လေ့လာနိုင်ခဲ့သည်။

သိပ္ပံပညာရှင်များသည် ရိဗာများအား ယင်းတို့အနီးပတ်ဝန်းကျင်မှ သိပ္ပံဆိုင်ရာ သတင်းအချက်အလက်များကို စုဆောင်းရင်းဓာတ်ပုံများ ရိုက်ရန်ညွှန်ကြားခဲ့သည်။ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလဓ္ဍရက်တွင်အင်္ဂါဂြိုဟ်ပတ်ရီကွန်နေးဆင့်အော်ဘစ်တာ (Reconnaissance



နာဆာမှထုတ်ပြန်သော အင်္ဂါဂြိုဟ်နှင့် ပတ်သက်သည့် ဝက်ဘ်ဆိုက်

Obiter) မှ ရယူခဲ့သော ဓာတ်ပုံကို နာဆာက ထုတ်ပြန်ခဲ့သည်။ ဂြိုဟ်ပတ်ယာဉ်မှာ ပုံရိပ်ချဲ့ရာတွင် သူ့မတူအောင် စွမ်းလှသော သိပ္ပံကင်မရာကို အသုံးပြုပြီး အပေါ်ကျုံနေတီ၏ ပုံကို အာကာသအတွင်းမှ ရိုက်ကူးခဲ့သည်။ ဓာတ်ပုံမှာ အသေးစိတ်ကျလွန်းသည်။ အပေါ်ကျုံနေတီ၏ ပုံသာမက ဗစ်တိုးရီးယားချိုင့်ဝှမ်းအနီး ရိုဗာချဉ်းကပ်စဉ် သဲပြင်ပေါ်မှ ရိုဗာ အပေါ်ကျုံနေတီ၏ ဘီးရာများပါ ပါရှိသည်။ ဤသည်ကြောင့် အင်္ဂါဂြိုဟ်ဘူမိဗေဒလေ့လာသူသိပ္ပံပညာရှင်များသည် အင်္ဂါဂြိုဟ်၏ မြေမျက်နှာပြင်တို့ကို မြင်တွေ့ခဲ့ရပြီဖြစ်သည်။ ထို့ပြင် အင်္ဂါဂြိုဟ်ပတ်ယာဉ် အိုဒက်ဆီ (Mar's Odyssey) သည်လည်း အင်္ဂါဂြိုဟ်မျက်နှာပြင်ကို ဆက်လက်ဓာတ်ပုံရိုက်ခဲ့သည်။ ယင်းဓာတ်ပုံများကို ပိုမိုကောင်းမွန်သော မြေပုံများရရှိရန် အသုံးပြုခဲ့သည်။ အိုဒက်ဆီသည် ၂၀၀၁ ခုနှစ်အောက်တိုဘာလကတည်းက ဂြိုဟ်နီကြီး၏ ပတ်လမ်းအတွင်း၌ ရောက်နှင့်ပြီးသားဖြစ်သည်။ ယင်းသည် ရိုဗာများနှင့် အနီးကပ်ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်နေသည်။

အင်္ဂါဂြိုဟ်လေ့လာရေးတွင် ရုရှားနိုင်ငံသည်လည်း အင်္ဂါဂြိုဟ်သို့ လူသားစေလွှတ်မည့် အစီအစဉ်တစ်ရပ်ကို ရေးဆွဲထားပြီးဖြစ်ကြောင်း ရုရှားသိပ္ပံပညာရပ်များဆိုင်ရာ အကယ်ဒမီအကြီးအကဲဘီလာကော့ဗ်စကီးက ၂၀၀၇ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် ပြောကြားခဲ့သည်။ ဤသည်မှာ လမျက်နှာပြင်သို့ လူသားခြေချပြီးနောက် နှစ်ပေါင်း (၄၀) နီးပါးအကြာတွင် အင်္ဂါဂြိုဟ်သို့ လူသားစေလွှတ်မည့် အာကာသစီမံကိန်းတစ်ရပ်ကို ရုရှားနိုင်ငံက ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

အင်္ဂါဂြိုဟ် ၅၀၀ (Mars 500) ဟူ၍ အမည်ပေးထားသော အာကာသအစီအစဉ်အတွက် လက်တွေ့စမ်းသပ်မှုများကို မော်စကိုမြောက်ဘက်ရှိ အာကာသဗဟိုဌာန၌ ပြုလုပ်သွားမည်ဖြစ်သည်။ ယင်းအင်္ဂါဂြိုဟ်သို့ လူသားစေလွှတ်ရေး ပဏာမစီမံကိန်းအရ အာကာသယာဉ်မှူး ခြောက်ဦးကို လေ့ကျင့်ပေးသွားမည်ဖြစ်သည်။ အာကာသယာဉ်မှူးများသည် အာကာသယာဉ်နှင့် ပုံစံတူပြုလုပ်ထားသော အာကာသယာဉ်နှင့်အတူ (၁၈)လ နီးပါးလေ့ကျင့်ကြမည်ဖြစ်သည်။ ယင်းပုံစံတူအာကာသယာဉ်တစ်စင်းကို ၂၀၀၇ နှစ်ကုန်ထက် နောက်မကျဘဲ အပြီးတည်ဆောက်မည်ဖြစ်ကြောင်း ဘီလာကော့ဗ်စကီးက ပြောကြားသည်။ ယင်းအာကာသယာဉ်တွင် အခန်းငါးခန်းပါရှိမည်ဖြစ်ပြီး အကျယ်အဝန်းကုဗမီတာ ၅၅၀ ရှိမည်ဖြစ်သည်။ အဆိုပါ အာကာသယာဉ်၏ အခန်းတစ်ခန်းမှာ အာကာသယာဉ်မှူး ခြောက်ဦးနေထိုင်မည့် အခန်းဖြစ်ကြောင်း၊ တစ်ခန်းမှာမူ အာကာသယာဉ်မှူးများ မျှဝေသုံးစွဲသည့်အခန်းဖြစ်ကြောင်း အခန်းတစ်ခန်းကိုမူ လက်တွေ့စမ်းသပ်မှုများပြုလုပ်ရန် သုံးမည်ဖြစ်ကြောင်း၊ နောက်တစ်ခန်းကိုမူ ပစ္စည်းထားသိုခန်းအဖြစ် အသုံးပြုမည်ဖြစ်ကြောင်း၊ ပဉ္စမမြောက်အခန်းမှာမူ အင်္ဂါဂြိုဟ်၏ မြေမျက်နှာပြင်ပုံစံတူပြုလုပ်ထားသည့် အခန်းဖြစ်ကြောင်း ဘီလာကော့ဗ်စကီးက ပြောဆိုခဲ့သည်။

မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)

နှစ် (၄၀)ပြည့် အာဆီယံနှင့်
(၁၀)နှစ်ပြည့် မြန်မာနိုင်ငံ



သီတာအောင် (နိုင်ငံခြားရေးဝန်ကြီးဌာန)

နှစ် (၄၀) ပြည့် အာဆီယံနှင့် (၁၀)နှစ်ပြည့် မြန်မာနိုင်ငံ


အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)ကို ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ (၈)ရက်နေ့တွင် စတင်ထူထောင်ခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် အာဆီယံသည် အနှစ် (၄၀)ပြည့်မြောက်ခဲ့ပြီးဖြစ်သည်။ လူ့သက်တမ်းနှင့် ကြည့်လျှင် အာဆီယံသည် ရင့်ကျက်မှုရှိလာပြီဟုဆိုနိုင်သည်။ လူ့ဘဝသည် အသက် (၄၀)ကျော်မှ စတင်သည်ဟုဆိုသကဲ့သို့ အာဆီယံ၏ဘဝသည် ယခုအချိန်မှစတင်သည်ဟုဆိုနိုင်ပါသည်။အာဆီယံသည်ရင့်ကျက်လာပြီ၊ အာဆီယံသည် ယခုမှစသည်ဆိုသည့်အချက် (၂)ချက်စလုံးသည် အာဆီယံအတွက် မှန်ကန်ပါသည်။

ပထမအချက်ကိုကြည့်လျှင် အာဆီယံကို ကမ္ဘာပေါ်မှာ အောင်မြင်မှုအရှိဆုံးဒေသဆိုင်ရာ အဖွဲ့အစည်းအဖြစ် မြင်ကြသည်။ ယခုကဲ့သို့ အောင်မြင်မှုရရှိရခြင်းသည် အာဆီယံအနေဖြင့် လွန်ခဲ့သည့် အနှစ် (၄၀)အတွင်း၌ ကွဲပြားခြားနားမှုမရှိဘဲ စည်းလုံးညီညွတ်မှုကို ပြနိုင်ခဲ့၍ ဖြစ်သည်။ နောက်တစ်ချက်သည် အာဆီယံနိုင်ငံအားလုံးမှ ကျယ်ပြန့်သော စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးမှုများကို တစ်ရှိန်ထိုးရရှိခဲ့ခြင်းပင်ဖြစ်သည်။ အရေးကြီးဆုံးအချက်မှာ ဒေသဆိုင်ရာအဖွဲ့အစည်းများအကြား၌ အာဆီယံသည် ဦးဆောင်မှုကို စဉ်ဆက်မပြတ် ပြသနိုင်၍ပင်ဖြစ်သည်။ ဆွေးနွေးဘက် (၁၀)နိုင်ငံနှင့် ဆက်ဆံရေး၊ တရုတ်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံတို့နှင့် အာဆီယံ+၃ ဆက်ဆံရေးကို ထူထောင်နိုင်ခဲ့သည့်အပြင် ဒေသလုံခြုံရေးနှင့် တည်ငြိမ်ရေးအတွက် အာဆီယံသည် အေအာရ်အက်ဖ်ခေါ် အာဆီယံဒေသဆိုင်ရာဖိုရမ်ကို ၁၉၉၄ ခုနှစ်တွင် ထူထောင်နိုင်ခဲ့သည်။ မူလက အာဆီယံနှင့် ဆွေးနွေးဘက်နိုင်ငံများသာ ပါဝင်ခဲ့သော်လည်း ယခုအခါ အာရှပစိဖိတ်အတွင်း နိုင်ငံများမှ နိုင်ငံ (၂၇)နိုင်ငံအထိ ပါဝင်လာခဲ့ပြီး ယခု အာဆီယံဒေသဆိုင်ရာ ဖိုရမ်သည် အရှေ့တောင်အာရှတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် ရှေ့ဆောင်အဖွဲ့အစည်းတစ်ခုဖြစ်လာသည်။ အေအာရ်အက်ဖ်တွင် ပါဝင်လိုသည့် နိုင်ငံများ တိုးလာနေပြီး ၂၀၀၇ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံသည် အဖွဲ့ဝင်ဖြစ်လာသည်။

ထို့နောက် အာဆီယံခေါင်းဆောင်သည့် ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ခုသည် အရှေ့အာရှထိပ်သီးအစည်းအဝေးဖြစ်သည်။ ဤထိပ်သီးအစည်းအဝေး ကို အာဆီယံက ဦးဆောင်ပြီး ၂၀၀၅ ခုနှစ်တွင် ထူထောင်ခဲ့သည်။ ဤထိပ်သီးအစည်းအဝေးတွင် အာဆီယံနိုင်ငံများအပြင် ဩစတြေးလျ၊ နယူးဇီလန်၊ အိန္ဒိယ၊ တရုတ်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံတို့ ပါဝင်သည်။ ယခုထိပ်သီးအစည်းအဝေးတွင်လည်း ထပ်မံပါဝင်လိုသည့် နိုင်ငံများ တော်တော်များများရှိသည်ကို တွေ့ရှိရသည်။ ဥပမာ ရုရှားဖက်ဒရေးရှင်း၊ အီးယူ၊ ပြင်သစ် စသည့်နိုင်ငံများဖြစ်သည်။ ထို့အပြင် အမေရိကန်ပြည်ထောင်စုသည်လည်း ပါဝင်လိုသည်ဆိုသောသတင်းများထွက်ခဲ့သည်။ အာဆီယံအနေဖြင့် အရှေ့အာရှထိပ်သီးအစည်းအဝေးတွင်ပါဝင်လိုပါကအာဆီယံ၏ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုစာချုပ်တွင် လက်မှတ်ရေးထိုးရမည်ဟု စည်းကမ်းသတ်မှတ်ခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံတော်တော်များများသည် အရှေ့အာရှထိပ်သီးအစည်းအဝေးတွင် ပါဝင်နိုင်ရန် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးရန် ကြိုးစားလာကြသည်။ လက်ရှိအခြေအနေတွင် အာဆီယံပြင်ပနိုင်ငံ (၁၄)နိုင်ငံက ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုသည်မှာ စာချုပ်တွင် ပါဝင်သူများသည် စစ်ကိုစွန့်လွှတ်ရမည်၊ အင်အားမသုံးရ၊ မခြိမ်းခြောက်ရ၊ ပြည်တွင်းရေးတွင် ဝင်ရောက်မစွက်ဖက်ရဆိုသည့်မူများကို လက်ခံရမည်ဖြစ်သည်။ အာဆီယံအနေဖြင့် ဤစာချုပ်ကို နိုင်ငံအချင်းချင်း

ဆက်ဆံရေးတွင် နိုင်ငံတကာက လက်ခံသည့်အခြေခံကျင့်ဝတ်တစ်ရပ်ဖြစ်စေရန် ဆောင်ရွက်နေပါသည်။ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်တွင် အဖွဲ့ဝင်နိုင်ငံများ တိုးပွားလာသည်နှင့်အမျှ ဤစာချုပ်တွင် ပါဝင်သည့် အခြေခံမူများသည် ကမ္ဘာက လက်ခံသည့် စံချိန်စံညွှန်းများဖြစ်လာမည်ပင်။


အာဆီယံသည် အနာဂတ်ကိုမျှော်ကြည့်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် အနာဂတ်ရည်မှန်းချက် အစီအစဉ်တွင် လုပ်ငန်းစီမံချက်ပေါင်း (၂၂၅)ခုကို အကောင်အထည်ဖော်ခဲ့ပြီး ယင်းလုပ်ငန်းအစီအစဉ်အတွက် သုံးစွဲခဲ့သည့် ရန်ပုံငွေမှာ အမေရိကန်ဒေါ်လာ (၁၅၅)သန်းဖြစ်သည်။ ဗီယင်ကျန်းလုပ်ငန်းအစီအစဉ်သည် အကောင်အထည်ဖော်ဆဲဖြစ်ပြီး ယခုလုပ်ငန်းအစီအစဉ်တွင် လုပ်ငန်းဆောင်ရွက်မှုဧရိယာ (၃၇၉)ခု ပါဝင်လျက် ရန်ပုံငွေရရှိမှုမှာ ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ အထိ အမေရိကန်ဒေါ်လာ (၉.၂၄)သန်းမျှ ရရှိထားပြီး



အာဆီယံနေ့အထိမ်းအမှတ်အခမ်းအနားတွင် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တင်ဆက်သော အာဆီယံ (၁၀) နိုင်ငံ၏ ရိုးရာဝတ်စုံများနှင့် အကပဒေသာ

များကို ချမှတ်ဆောင်ရွက်ခဲ့သည်။ အာဆီယံသည် အာဆီယံ၏ ၂၀၂၀ ခုနှစ် မျှော်မှန်းချက်ကို ၁၉၉၇ ခုနှစ်တွင် ချမှတ်ထားရှိပြီး၊ ယခုမျှော်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ငန်းအစီအစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ဤလုပ်ငန်းအစီအစဉ်များမှာ ၁၉၉၈ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိသက်တမ်းရှိသည့် ဟနွိုင်းလုပ်ငန်းအစီအစဉ်နှင့် ၂၀၀၄ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ဗီယင်ကျန်းလုပ်ငန်းအစီအစဉ်များဖြစ်သည်။ ဟနွိုင်းလုပ်ငန်းအစီအစဉ်မှာ ယင်းလုပ်ငန်းအကောင်အထည်ဖော်မှုတွင် ရန်ပုံငွေအများဆုံးရရှိသည့်အပိုင်းမှာ အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းအပိုင်းတွင်ဖြစ်ပြီး စုစုပေါင်းရန်ပုံငွေရရှိမှု၏ (၇၀)ရာခိုင်နှုန်းမျှရှိသည်။

ဗီယင်ကျန်းလုပ်ငန်းအစီအစဉ်ကို အကောင်အထည်ဖော်နိုင်ရန် အာဆီယံဖွဲ့ဖြိုးမှုရန်ပုံငွေကို ၂၀၀၅ ခုနှစ်၊ ဇူလိုင်လ (၂၄)ရက်နေ့မှ (၂၅)ရက်နေ့အထိ ကျင်းပခဲ့သည့်(၃၈)ကြိမ်မြောက်အာဆီယံဝန်ကြီးအဆင့်အစည်းအဝေးအတွင်း ထူထောင်ခဲ့သည်။ ယင်းရန်ပုံ



အာဆီယံ နှစ် (၄၀) ပြည့် နှစ်ပတ်လည်နေ့နှင့် မြန်မာနိုင်ငံ အာဆီယံသို့ ဝင်ရောက်သည့် (၁၀)နှစ်ပြည့် အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အမှာစကားပြောကြားစဉ်

ငွေတွင် အာဆီယံဝင်ရောက်စဉ်က အဖွဲ့ဝင်နိုင်ငံများ ထည့်ဝင်ခဲ့ကြသည့် အာဆီယံရန်ပုံငွေတစ်သန်းစီကို အာဆီယံဖွဲ့ဖြိုးမှုရန်ပုံငွေသို့ လွှဲပြောင်းပေးမည်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၂၀၀၇ ခုနှစ် မတိုင်မီ ယင်းရန်ပုံငွေသို့ ဒေါ်လာ (၂)သိန်းစီ ထပ်မံ ထည့်ဝင်ကြရန်ဖြစ်သည်။ ယင်းရန်ပုံငွေထူထောင်ရသည့် ရည်ရွယ်ချက်မှာ အာဆီယံဘက်မှလည်းအချိုးကျ ထည့်ဝင်မည်ဆိုသည့်သဘောကို ပြသ၍ဆွေးနွေးဘက်နိုင်ငံများမှ ရန်ပုံငွေများ ဆွဲဆောင်နိုင်ရန်ဖြစ်သည်။

ယင်းရန်ပုံငွေကို သုံးစွဲရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဘက်နိုင်ငံများမှ ပေါင်းစပ်ထည့်ဝင်သော လုပ်ငန်းစီမံချက်များတွင် အာဆီယံ၏ ထည့်ဝင်မှုကို (၂၀)ရာခိုင်နှုန်းအထိ ခွင့်ပြုရန်၊အဆင့်ဆင့် ဆောင်ရွက်ရန်လိုသည့် လုပ်ငန်းကြီးများတွင် စတင်မတည်ငွေကို ထောက်ပံ့ရန်နှင့် မဟာဗျူဟာအရ အရေးကြီးသော လုပ်ငန်းစီမံကိန်းအငယ်များနှင့်အလတ်များအတွက် ယင်းရန်ပုံငွေမှ အပြည့်အဝအသုံးချရန် မူများချမှတ်ထားရှိသည်။

အာဆီယံသည် အနာဂတ်ကို မျှော်ကြည့်ခြင်း၊ အမြင်ကျယ်ခြင်းတို့ကြောင့် နှစ် (၄၀)အတွင်းတွင် အောင်မြင်မှုအရ ရင့်ကျက်ခိုင်မာသည့် ဒေသဆိုင်ရာ ဖြစ်လာပြီး နိုင်ငံတကာအသိုက်အဝန်းမှာ ထင်ရှားလာသည်။

အာဆီယံ၏ အောင်မြင်မှုသည် အာဆီယံနိုင်ငံများ၏ သွေးစည်းညီညွတ်မှုကြောင့်လည်းကောင်း၊ အာဆီယံတစ်နိုင်ငံချင်းစီ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့်လည်းကောင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ အချို့သော ဒေသဆိုင်ရာ အဖွဲ့အစည်းများ ထူထောင်သည်မှာ ကြာခဲ့ပြီး ခိုင်မာသည့် ဖွဲ့စည်းမှု စည်းမျဉ်းစည်းကမ်းများ ချမှတ်ခဲ့သော်လည်း အာဆီယံကဲ့သို့ အောင်မြင်မှု မရရှိခဲ့ကြပါ။ ဤသည်မှာ စည်းလုံးညီညွတ်မှုအားနည်းခြင်းနှင့် တစ်နိုင်ငံချင်းစီမှ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို မဆောင်ကြဉ်းနိုင်ခဲ့သောကြောင့်ဖြစ်သည်။

အာဆီယံသည် ယခုကဲ့သို့အောင်မြင်မှုများ ရရှိနေသော်လည်း စိန်ခေါ်မှုများကို ရင်ဆိုင်နေရဆဲဖြစ်သည်။ အာဆီယံနိုင်ငံများအကြားမှ ဖွံ့ဖြိုးမှုကွာဟချက်များ

ရှိနေဆဲဖြစ်သည်။ ဒေသဆိုင်ရာအရေးအရာများ မှာ စဉ်ဆက်မပြတ်ဦးဆောင်မှုအခန်းမှ ပါဝင်နိုင်ရန် ကြိုးစားနေရဆဲဖြစ်သည်။ အာဆီယံသည်စကားသာ ပြောပြီး လက်တွေ့လုပ်ငန်းများကိုအကောင်အထည် ဖော် မဆောင်ရွက်နိုင်ဆိုသော စွပ်စွဲချက်မှ ကျော်လွန် အောင် ဆောင်ရွက်နေရဆဲဖြစ်သည်။

အာဆီယံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း ဖွံ့ဖြိုးမှုကွာဟချက်ကို ကျဉ်းမြောင်းအောင် ကြိုးစားရာ တွင် အာဆီယံပေါင်းစည်းရေး ကြိုးပမ်းဆောင်ရွက်မှု (Initiative for ASEAN Integration) ဟုခေါ်သည့် ကြိုးပမ်းဆောင်ရွက်မှုနှင့် ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံသစ်များဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံများ ကို မူလအဖွဲ့ဝင်နိုင်ငံများ၏ အဆင့်အတန်းမျိုးရရှိအောင် ကြိုးပမ်းခြင်းဖြစ်သည်။ယခုဆောင်ရွက်ရာတွင်ဦးစားပေး ကဏ္ဍများကို သတ်မှတ်ပြီး လုပ်ငန်းစီမံချက်များ ချမှတ် ဆောင်ရွက်လျက်ရှိသည်။ ယင်းလုပ်ငန်း စီမံချက်များ ကို ဆွေးနွေးဘက်နိုင်ငံများသာမက အခြားအာဆီယံ နိုင်ငံများကပါ ရန်ပုံငွေထည့်ဝင်ဆောင်ရွက်လျက်ရှိ ကြသည်။

အာဆီယံဘဝသည် ယခုနှစ်မှစသည်ဟု ပြောရ ခြင်းသည် အာဆီယံစတင်ထူထောင်သည့် နှစ် (၄၀) ကြာမှ အဖွဲ့အစည်းကို ထူထောင်သည့် အဖွဲ့စည်းမျဉ်း ဖြစ်သည့် အာဆီယံပဋိညာဉ်ကို ရေးဆွဲရန် အာဆီယံ အနေဖြင့် ကြိုးပမ်းလာ၍ဖြစ်သည်။ အာဆီယံပဋိညာဉ် စာတမ်းရေးဆွဲပြီးမှ အာဆီယံသည်နိုင်ငံတကာ အသိုက် အဝန်းတွင် ဥပဒေအရရပ်တည်နိုင်သည့် ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်လာမည်ဖြစ်သည်။

အာဆီယံသည် လွန်ခဲ့သောအနှစ် (၄၀)အတွင်း တွင် အဖွဲ့ဝင်နိုင်ငံများ၏ စိတ်တူကိုယ်တူပူးပေါင်း ဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းဖြစ်သည်။ ၂၀၀၃ ခုနှစ်သည် အာဆီယံအတွက် အပြောင်းအလဲတစ်ခု ဖြစ်ခဲ့သည်။ ယခုနှစ်တွင် အာဆီယံနိုင်ငံခေါင်းဆောင် များသည် အာဆီယံကို ပူးပေါင်းဆောင်ရွက်မှု (cooperation) အဖွဲ့အစည်းမှပေါင်းစည်းမှု (integration) ပြုမည့် အဖွဲ့အစည်းအဖြစ် ဘာလီကွန်ကော့ဒ် (၂)ဟု ခေါ်သည့် ဘာလီသဘောတူညီချက်ကို ချမှတ်ခဲ့ကြ သည်။

ဘာလီသဘောတူညီချက် (၂)မှာ အာဆီယံ အသိုက်အဝန်း (ASEAN Community) ကို ၂၀၂၀



အစမ်းအနားသို့ တက်ရောက်လာကြသော စည်ပင်ရိသတ်များ

တွင် ထူထောင်ရန် ဆုံးဖြတ်ခဲ့သည်။ ယင်းအာဆီယံ အသိုက်အဝန်းကို ထူထောင်ရာမှာ မဏ္ဍိုင်ကြီး (၃)ရပ် ဖြစ်သည့် အာဆီယံလုံခြုံရေးအသိုက်အဝန်း၊ အာဆီယံ စီးပွားရေးအသိုက်အဝန်းနှင့် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းစသည့် အသိုက်အဝန်း (၃) ရပ်နှင့် ထူထောင်မည်ဖြစ်သည်။

ယခုလို အာဆီယံပူးပေါင်းဆောင်ရွက်မှုမှ အာဆီယံ အသိုက်အဝန်းအဖြစ်ပေါင်းစည်းမှုကိုစည်းမျဉ်းစည်းကမ်း အခြေခံသည့် အာဆီယံ၏ အခြေအနေနှင့် ကိုက်ညီစေရန်လည်းကောင်း ဆောင်ရွက်ရန် လိုအပ်လာသည့် အတွက် အာဆီယံပဋိညာဉ်စာတမ်းကို ရေးဆွဲပြုစုကြသည်။

ဤအာဆီယံပဋိညာဉ်စာတမ်းကို ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ၌ စင်ကာပူနိုင်ငံတွင် ကျင်းပသည့် (၁၃) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များက လက်မှတ်ရေးထိုးခဲ့ကြပြီး၊ အာဆီယံပဋိညာဉ်စာတမ်းကို ထုတ်ပြန်နိုင်ခဲ့ခြင်းမှာ ထူးခြားသည့် အောင်မြင်မှုတစ်ရပ်ဖြစ်သည်။ အာဆီယံ ပဋိညာဉ်စာတမ်းသည် အာဆီယံကို နိုင်ငံတကာ အသိုက်အဝန်းတွင် ဥပဒေအရ ရပ်တည်နိုင်သည့် အဖွဲ့အစည်းတစ်ခုဖြစ်ပေါ်စေမှာ ဖြစ်သကဲ့သို့ အာဆီယံ၏ ၂၀၂၀ ခုနှစ်အလွန် မျှော်မှန်းချက်ကိုလည်း ချမှတ်ပေးမည်ဖြစ်သည်။ အာဆီယံပဋိညာဉ်စာတမ်းသည် အာဆီယံထူထောင်သည့် ဗန်ကောက်ကြေညာစာတမ်း အပြီး၌ အာဆီယံအတွက်အရေးကြီးဆုံးကြေညာစာတမ်း ဖြစ်လာမည်ဖြစ်သည်။ အာဆီယံပဋိညာဉ်စာတမ်း အပြီး၌ အာဆီယံသည် ပိုမိုခိုင်မာစည်းမျဉ်းစည်းကမ်းများရှိသည့် အဖွဲ့အစည်းအဖြစ် အသစ်တစ်ဖန်မွေးဖွားလာမည်ဖြစ်သည်။ ထို့ကြောင့် အာဆီယံ၏ ဘဝသည် အနှစ် (၄၀)မှ စသည်ဟု ဆိုနိုင်ပါသည်။

အာဆီယံအနှစ် (၄၀) ပြည့်သည့် အချိန်မှာပင် မြန်မာနိုင်ငံသည် (၁၀)နှစ်သားအာဆီယံဖြစ်လာသည်။ မြန်မာနိုင်ငံသည် အာဆီယံကို ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ (၂၃)ရက်နေ့တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့သည်။ မြန်မာနိုင်ငံသည် အာဆီယံသို့ ဝင်ရောက်ခြင်း မပြုမီကပင် ၁၉၉၅ ခုနှစ်တွင် အာဆီယံ၏ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်သို့လည်းကောင်း၊ ၁၉၉၆ ခုနှစ်တွင် အရှေ့တောင်အာရှအဏုမြူလက်နက်ကင်းမဲ့ဇုန်ဆိုင်ရာ စာချုပ်သို့လည်းကောင်း အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့သည်။ အာဆီယံအဖွဲ့သို့ ဝင်ရောက်ခဲ့စဉ်က အာဆီယံသို့ ဝင်ရောက်မည့်နိုင်ငံများမှ လက်မှတ်ရေးထိုးမည့် စာချုပ်များကိုပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ အာဆီယံလွတ်လပ်စွာ ကုန်သွယ်မှုဧရိယာထူထောင်ခြင်းဆိုင်ရာ CEPT List ကိုလည်း တင်သွင်းခဲ့ပြီး စီးပွားရေးဆိုင်ရာ သဘောတူညီချက် (၉)ခုကို အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ အာဆီယံသို့ ဝင်ရောက်ခဲ့သည့် ပထမတစ်နှစ်အတွင်းမှာပင် ဝန်ကြီးအဆင့် သဘောတူညီချက် (၈)ခုတွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအတွင်း အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီးနောက် အာဆီယံလုပ်ငန်းများမှာ ကဏ္ဍအသီးသီးမှ ပါဝင်ဆောင်ရွက်ခဲ့သည်။ အာဆီယံလုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ အာဆီယံအစည်းအဝေးများ၌လည်း တိုးတက်လာခဲ့ရာမြန်မာနိုင်ငံအနေဖြင့် အာဆီယံသို့ ဝင်ရောက်ခဲ့သည့် ၁၉၉၇ ခုနှစ်က အစည်းအဝေးပေါင်း (၂၅၀)ကျော်ကို တက်ရောက်ခဲ့ရပြီး ၂၀၀၄-၂၀၀၅ ခုနှစ်တွင်မူ အာဆီယံအစည်းအဝေး (၆၈၄) ခုမျှ ရှိလာကြောင်းတွေ့ရှိရသည်။


ယင်းအစည်းအဝေးများအနက် အာဆီယံနိုင်ငံများတွင် ကျင်းပသည့် အစည်းအဝေး (၆၀၄)ခုရှိခဲ့ပြီး အာဆီယံပြင်ပတွင် ကျင်းပသည့်အစည်းအဝေး (၈၀)မျှ ရှိသည်ကို တွေ့ရှိရသည်။ ယင်းအစည်းအဝေးများအနက် ၂၀၀၄-၂၀၀၅ ခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် အစည်းအဝေး (၃၀)မျှကို အိမ်ရှင်နိုင်ငံအနေဖြင့် လက်ခံကျင်းပပေးခဲ့သည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီးနောက်ပိုင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်လာခဲ့ရာ နိုင်ငံရေး၊ လူမှုရေး၊ လုံခြုံရေးဘက်စုံလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ယင်းသို့ ပူးပေါင်းဆောင်ရွက်လာခဲ့ရသည့်အတွက် မြန်မာနိုင်ငံတွင် အကျိုးကျေးဇူးများစွာရရှိခဲ့သည်။ မည်သည့်အကျိုး



အာဆီယံနေ့အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား
ဝန်ကြီးဦးဉာဏ်ဝင်းက ဆုချီးမြှင့်စဉ်

ကျေးဇူးရရှိသည်ကို ငွေကြေးပမာဏအားဖြင့် တိုင်းတာရန် ခက်ခဲသော်လည်း မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏတိုးတက်လာခြင်း၊ အာဆီယံနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရရှိခြင်း၊ အာဆီယံနိုင်ငံများတွင် ပြုလုပ်သည့် သင်တန်းများသို့ တက်ရောက်ရသည့်အတွက် လူ့အရင်းအနှီးဖွံ့ဖြိုးမှုစွမ်းရည်ထူထောင်မှုစသည့် အကျိုးကျေးဇူးများကို ရရှိသည်။ လုံခြုံရေးနယ်ပယ်တွင်လည်း အာဆီယံဒေသဆိုင်ရာ ဖိုရမ်ဆိုင်ရာလုပ်ငန်းများကို ဝင်ရောက်လုပ်ကိုင်သည့်အတွက် ယုံကြည်စိတ်ချမှုများကို တည်ဆောက်နိုင်ပြီး မြန်မာနိုင်ငံ၏ လုံခြုံမှုအတွက် အထောက်အကူပြုနိုင်ခဲ့သည်။ နိုင်ငံရေးရာများတွင်လည်း မြန်မာနိုင်ငံအပေါ် ထိုးနှက်တိုက်ခိုက်မှုများကို အာဆီယံနိုင်ငံများ၏ အကူအညီဖြင့် လျော့နည်းအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ယဉ်ကျေးမှုပြန်ကြားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ဆောင်ရွက်နိုင်ခဲ့ခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာ၊ လက်မှုပညာများကို အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဘက်နိုင်ငံများ သိရှိအောင် တင်ပြနိုင်သည့် အကျိုးရရှိခြင်း၊ လူငယ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမှ မြန်မာနိုင်ငံရှိ လူငယ်များ



ကြရောက်လာကြသော နိုင်ငံခြားသံတမန်များအား မြန်မာကျောင်းသားလေးများက ရုပ်သေးကြိုးဆွဲအကဖြင့် ဖျော်ဖြေတင်ဆက်စဉ်

၏ အတွေ့အကြုံရရှိမှု အမြင်ကျယ်မှုများကို ဆောင်ရွက် ပေးနိုင်ခဲ့သည်။ သို့ဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် အာဆီယံသို့ ဝင်ရောက်ခဲ့သည့် (၁၀)နှစ်တာကာလ အတွင်း အာဆီယံအဖွဲ့ကြီးမှတစ်ဆင့် အကျိုးကျေးဇူး များစွာကိုရရှိခဲ့သည်ဟု ဆိုနိုင်သည်။

အချုပ်အားဖြင့်ဆိုရလျှင် အာဆီယံသည် တစ်ခု တည်းသော အာဆီယံအသိုက်အဝန်းအဖြစ် ပေါင်းစည်း ထူထောင်လျက်ရှိပါသည်။ ယခုကဲ့သို့ ပေါင်းစည်းမှု ကိုလည်း မူလက ၂၀၂၀ ခုနှစ်ကို ရည်မှန်းထားသော်လည်း (၁၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်း အဝေးတွင် ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်း ကို ထူထောင်ပြီးဖြစ်စေရန် အရှိန်အဟုန်မြှင့် ဆောင်ရွက် သွားရန် သဘောတူညီခဲ့သည်။ အာဆီယံပိုမို ပေါင်းစည်းလာသည်နှင့်အမျှ အာဆီယံနိုင်ငံများအတွင်း စီးပွားရေး၊ လူမှုရေးအခြေအနေများ တိုးတက်လာမှာ ဖြစ်ပြီး နိုင်ငံတကာတွင်လည်း ခိုင်မာသည့်အဖွဲ့အစည်း အဖြစ် ပေါ်ထွန်းလာမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် အာဆီယံအသိုက်အဝန်းမှ သက်နုအဖွဲ့ဝင်တစ်ဦးဖြစ် သော်လည်း လွန်ခဲ့သည့်အာဆီယံ၏လုပ်ငန်းများတွင် ခြင်းသည် အာဆီယံ၏အကျိုးစီးပွားကို အထောက်အကူ ပြုသကဲ့သို့ မြန်မာနိုင်ငံ၏ အကျိုးစီးပွားကိုလည်း အထောက်အကူပြုသည်ကို တွေ့ရှိရပါသည်။

၂၀၀၇ ခုနှစ် အာဆီယံနှစ် (၄၀)ပြည့်မြောက်သည့် နှစ်ပတ်လည်နေ့တွင် မြန်မာနိုင်ငံအာဆီယံသို့ဝင်ရောက် သည့် (၁၀) နှစ်ပြည့် အခမ်းအနားကို ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ (၁၀) ရက်နေ့ ညနေ (၆)နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနဦး ကျင်းပခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး စာစီစာကုံးပြိုင်ပွဲ၊ လိုဂိုပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ပေးခဲ့သည်။ ၂၀၀၇ ခုနှစ် အာဆီယံနေ့အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများက ရွေးချယ်ခဲ့သော ဆောင်ပုဒ်မှာ **'ရှင်သန်လှုပ်ရှားနေသော အာရှနှင့် ကမ္ဘာ့အလယ်တွင် စည်းလုံးညီညွတ်သော တစ်ခုတည်းသော အာဆီယံအဖွဲ့ကြီး"** ဟူ၍ ဖြစ်ပါသည်။

သီတာအောင် (နိုင်ငံခြားရေးဝန်ကြီးဌာန)

လူပုတ်ဝန်းကျင်ထိန်းသိမ်းရေးမျက်နှာစာများ

မောင်ဆုရှင်



လူပတ်ဝန်းကျင်ထိန်းသိမ်းရေး မျက်နှာစာများ

လူသားတို့ အသက်ရှင်နေထိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ကို မှီခိုအားထားရသည်။ ထိုပတ်ဝန်းကျင်၏ ကောင်းကျိုးဆိုးကျိုးသည် လူသားတို့အပေါ်တွင် တည်မှီလျက် လူသားတို့၏လုပ်ဆောင်ချက်အလုံးစုံမှာလည်း သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၊ ရှင်သန်မှုတို့ကို ဖြစ်ပေါ်စေပြန်သဖြင့် လူသားနှင့် ပတ်ဝန်းကျင်မှာ ကိုင်းကျွန်းမီ၊ ကျွန်းကိုင်းမီဆိုသလို အညမည ဆက်စပ်ယှက်နွယ်လျက်ရှိလေသည်။

လူမှုစီးပွား မျက်နှာစာ

ကမ္ဘာ့ပတ်ဝန်းကျင်အခြေအနေသည် ၁၉၅၀ ပြည့်နှစ်နောက်ပိုင်းတွင် အကြောင်းရင်းခံ အမျိုးမျိုးတို့ကြောင့် နိုင်ငံအသီးသီးတွင် ပြဿနာများနှင့် ရင်ဆိုင်လာရသည်။ ဖွံ့ဖြိုးတိုးတက်သော စက်မှုထွန်းကားသည့် နိုင်ငံကြီးများတွင်သာမက ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို လူမှုစီးပွားမျက်နှာစာများအလိုက် တစ်စထက်တစ်စ ကြုံတွေ့သဘောပေါက်ခဲ့ကြသည်။

ကမ္ဘာ့လူဦးရေမှာ သန်းပေါင်းခြောက်ထောင်ကျော်ရှိလာပြီဖြစ်သည်။ လူဦးရေတိုးပွားလာခြင်းကြောင့် မြို့ရွာအိုးအိမ်များ၊ ပို့ဆောင်ရေးယာဉ်၊ ရထားများ၊ စက်ရုံအလုပ်ရုံများ၊ လမ်းတံတားများ တိုးပွားလျက်ရှိနေသည်။ ယင်းသို့ တိုးပွားရာမှ အိတ်ဇောဓာတ်ငွေ့များ၊ အဆိပ်အတောက်ဖြစ်နိုင်သော အညစ်အကြေးများ၊ အမှိုက်သရိုက်စွန့်ပစ်ပစ္စည်းများ အစုအဝေးဖြစ်လာသည်။ သို့ဖြင့် ပတ်ဝန်းကျင်မှာ ညစ်ညမ်းလာသည်။ တစ်ဆက်တည်းပင် မှန်လုံအိမ်အကျိုးကြောင့် ရာသီ



သစ်ပင်တောအုပ်များဖြင့် စိမ်းစိုနေသော ပုပွားတောင်

ဥတု ဖောက်ပြန်လာသည်။ အထူးသဖြင့် ရာသီဥတုကို ထိန်းပေးနိုင်သော သစ်တောများပြုန်းတီးပြီး အပူရှိန်မြင့်မားကာ လူမှုရေးပြဿနာမျိုးစုံ ကြုံတွေ့လာနေရသည်။

ယေဘုယျပတ်ဝန်းကျင်

ဖွံ့ဖြိုးတိုးတက်သည့် စက်မှုနိုင်ငံကြီးများတွင် စက်မှုဖွံ့ဖြိုးတိုးတက်လာမှုကြောင့် လေထုညစ်ညမ်းမှု၊ ရေပြင် မြေပြင်ညစ်ညမ်းမှုစသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ ပေါ်ပေါက်ရသကဲ့သို့ ဖွံ့ဖြိုးဆဲ နိုင်ငံများ၌လည်း လူဦးရေသိပ်သည်းမှု၊ ဆင်းရဲကျပ်တည်းမှုနှင့် ဆက်စပ်လျက် သစ်တောပြုန်းတီးမှု၊ မြေဆီလွှာပြုန်းတီးမှု၊ သဲကန္တာရဖြစ်ထွန်းမှု၊ သောက်သုံးရေမသန့်ရှင်းမှု၊ ပတ်ဝန်းကျင် မသန့်ရှင်းမှု၊ ဇီဝမျိုးစုံ မျိုးသုဉ်းပျောက်ကွယ်လာမှုစသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ ပေါ်ပေါက်ခဲ့သည်။ ယင်းပြဿနာများသည် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများနှင့် ဖွံ့ဖြိုးတိုးတက်မှု အားနည်းသည့် နိုင်ငံများအကြား ဆက်စပ်ယှက်နွယ်လျက် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုတည်းသာမက နိုင်ငံဒေသ အသီးသီးသို့ ပျံ့နှံ့ရောက်ရှိခဲ့ကာ ကမ္ဘာ့ပတ်ဝန်းကျင်ယေဘုယျအခြေအနေသည် ယိုယွင်းလာနေသည်ကို သတိပြုမိခဲ့သည်။

ဂေဟစနစ်များ

ပတ်ဝန်းကျင်ဂေဟစနစ်များ ပျက်စီးခြင်းတွင် အစိုးရိမ်ရဆုံး အခြေအနေတစ်ခုမှာ ကမ္ဘာ့နိုင်ငံအသီးသီး၏ ရာသီဥတုပြောင်းလဲလာခြင်းဖြစ်သည်။ ရာသီဥတု၏ အဓိကကျသော ကမ္ဘာ့လေထုအပူချိန်သည် ယခင်ထက် ပိုမိုမြင့်မားလာပြီး ကမ္ဘာကြီး၏ ပျမ်းမျှအပူချိန်နှစ်စဉ် မသိမသာမြင့်တက်လာခဲ့သည်။ ယင်းသို့ဖြစ်ရခြင်းမှာ ကမ္ဘာ့လေထုအတွင်း ပုံမှန်ပါဝင်ရမည့် အောက်စီဂျင်၊ နိုက်ထရိဂျင်၊ ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် အခြားဓာတ်ငွေ့များ၏ အချိုးအစားမှာ မျှတမှု မရှိတော့၍ဖြစ်သည်။ လူဦးရေများပြားလာမှုနှင့်လူသားတို့လောင်စာစွမ်းအင်များပြားစွာ အသုံးပြုမှုကြောင့် ဆာလဖာဒိုင်အောက်ဆိုဒ်၊ နိုက်ထရိဂျင်အောက်ဆိုဒ်၊ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ မီသိန်းစသည့် ဓာတ်ငွေ့တို့ပါဝင်သည့် မြူမှုန်များများပြားလာကာ လေထုညစ်ညမ်းမှုနှုန်း မြင့်မားလာခဲ့သည်။ လေထုညစ်ညမ်းမှုနှုန်း မြင့်မားလာသဖြင့် လေထုအတွင်း ကလိုရို ဖလူရိကာဗွန်ဓာတ် (စီအက်ဖ်စီ) များများပြားကာ ကမ္ဘာကြီး ပူနွေးဓာတ်ပိုလာပြီး မှန်လုံအိမ်အာနိသင်ဖြစ်ပေါ်ရသည်။ အိုဇုန်းလွှာပျက်စီးခြင်း၊ အက်ဆစ်မိုးရွာသွန်းခြင်းမှသည် အယ်လ်နီညို(ခေါ်)ပင်လယ်ရေနွေးစီးကြောင်းဖြစ်ပေါ်ခြင်း၊ သစ်တောများပျက်စီးခြင်း၊ ကန္တာရဖြစ်ထွန်းခြင်း၊ သဘာဝသယံဇာတအရင်းအမြစ်များ ပျက်စီးခြင်း၊ ပင်လယ်သမုဒ္ဒရာများညစ်ညမ်းလာခြင်း၊ မုန်တိုင်းများဖြစ်ပေါ်ခြင်း၊ ရေခဲတောင်များ ပျော်ကျကာ ရေခဲပြင်ဧရိယာများ ကျုံ့ပြီး ပင်လယ်ရေပြင်မြင့်တက်လာခြင်းစသည့် တစ်နွယ်ငင် တစ်စင်ပါ နောက်ဆက်တွဲဆိုးကျိုးများစွာဖြစ်ပေါ်လာခဲ့သည်။

ပညာပေးနှိုးဆော်ရန် အားထုတ်မှု

ယင်းသို့ ကမ္ဘာမြေ၏ရှုရေးတွင် စိတ်မအေးချမ်းစရာဖြစ်လာသည့် အခြေအနေကို ထိန်းသိမ်းကြရန် အတွက် ၁၉၇၀ ပြည့်နှစ်နောက်ပိုင်းကာလများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသင်းအဖွဲ့များ နိုင်ငံတကာနှင့် နိုင်ငံအလိုက်ပေါ်ပေါက်ကာ ထိန်းသိမ်းကာကွယ်ရန် နှိုးဆော်မှု၊ ပညာပေးမှုများ ပေါ်ထွက်လာရသည်။

ဤသို့ ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာ များနေရာဒေသအလိုက် မသိမသာကြီးထွားလာမှုကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးမှ ကြီးမှူး၍ ပူးပေါင်းကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် "လူသားနှင့် ပတ်ဝန်းကျင်" ညီလာခံကို ၁၉၇၂ ခုနှစ်၊ ဇွန်လ (၅)ရက် ဆွီဒင်နိုင်ငံ၊ စတော့ဟုမ်းမြို့၌ ကျင်းပပြုလုပ်ခဲ့သည်။ ယင်းညီလာခံကြီးမှ ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာပြဿနာကို လူသားများ သိရှိသဘောပေါက်ရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး တို့ကို ဦးစီးဆောင်ရွက်မည့် ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (United Nations Environment Program) (UNEP) ဟူ၍ ပေါ်ထွန်းလာခဲ့၏။ ထိုလုပ်ငန်း၏ ရုံးချုပ်ကို ကင်ညာနိုင်ငံ၊ နိုင်ရိုဘီမြို့၌ ၁၉၇၃ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်တင်ကာ ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။ သို့ဖြစ်ရာ ပတ်ဝန်းကျင်ဆိုင်ရာ ညီလာခံကြီးကို

၁၉၈၂ ခုနှစ်၊ မေလတွင် ကင်ညာနိုင်ငံ၊ နိုင်ရိုဘီမြို့၌ လည်းကောင်း၊ ၁၉၉၂ ခုနှစ်၊ ဇွန်လတွင် ဘရာဇီးနိုင်ငံ၊ ရီယိုဒီဇနေးရိုးမြို့၌လည်းကောင်း နိုင်ငံပေါင်းစုံ ပါဝင်လျက် ကျင်းပပြုလုပ်ခဲ့သည်။ ဘရာဇီးနိုင်ငံ၌ ကျင်းပခဲ့သည့် မြေကမ္ဘာထိပ်သီးညီလာခံကြီး (Earth Summit) မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများ ကို စနစ်တကျ ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန် ၂၁ ရာစုအစီအစဉ် (Agenda 21) ကို ချမှတ်ခဲ့၏။ မြန်မာ နှင့် ဟန်ချက်ညီလျက် ပတ်ဝန်းကျင် ထိန်းသိမ်းရေး တိုးပွားမှု၊ စီးပွားရေးဖွံ့ဖြိုးမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုဟူသော အကြောင်းသုံးရပ်ဟန်ချက်ညီမှသာလျှင် ကမ္ဘာကြီးအရှည်သဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Development) ကို ရရှိနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောဆိုကြရင်း သဘောပေါက်လာကြသည်။

ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်



လေထုညစ်ညမ်းမှုကို ဖြစ်စေသည့် မီးခိုးငွေ့များ

နိုင်ငံအပါအဝင် ကမ္ဘာနိုင်ငံအသီးသီးတို့က အဆိုပါကိစ္စကွန်ဗင်းရှင်းတွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည်။

ထိုအချိန်မှ ၁၀ နှစ်ကြာသည့် ၂၀၀၂ ခုနှစ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ထိပ်သီးအစည်းအဝေးကြီးတစ်ရပ်ကို တောင်အာဖရိကနိုင်ငံ၊ ဂျိုဟန်နစ်ဘတ်မြို့တွင် ထပ်မံကျင်းပခဲ့သည်။ ၁၉၇၂ ခုနှစ် နောက်ပိုင်းကာလများအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပြန့်ပွားမှုများ တိုးပွားကျယ်ပြန့်လာသည်။ နိုင်ငံအများအပြားသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကိုပါဒွန်တွဲ၍ဆောင်ရွက်ရန်လိုအပ်ကြောင်း သိရှိသဘောပေါက်လာကြသည်။ ကမ္ဘာ့လူဦးရေ လုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘာနိုင်ငံအသီးသီးတွင် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများကိုလည်း တည်ထောင်ဖွဲ့စည်းခဲ့ကြသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်ရန် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များစွာကိုလည်း အချင်းချင်းချုပ်ဆို နိုင်ခဲ့ကြသည်။

လေထုညစ်ညမ်းမှုကာကွယ်ရေးအတွက် ၁၉၈၀ ပြည့်နှစ်တွင် ကျောက်မီးသွေးမှထွက်ရှိသည့် ဆာလဖာဒိုင်အောက်ဆိုဒ်များ လျှော့ချရေး၊ ၁၉၈၇ ခုနှစ်တွင် စီအက်ဖ်စီခေါ် ကာဗွန်ဓာတ်များ ပေါ်ထွက်စေသည့် စက်မှုလုပ်ငန်းများ လျှော့ချရေးများကို ဆွေးနွေး

ဆုံးဖြတ်နိုင်ခဲ့ကြ၏။ ၁၉၉၇ ခုနှစ်တွင် ဂျပန်နိုင်ငံ ကျိုတို မြို့၌ မှန်လုံအိမ် အာနိသင်လျော့ချရေးဆိုင်ရာ ကျိုတို သဘောတူညီချက်ကို ကမ္ဘာနိုင်ငံအသီးသီးကလက်မှတ် ရေးထိုးခဲ့ကြသည်။ ၂၀၀၇ ခုနှစ်တွင် ဘယ်လဂျီယံနိုင်ငံ၊ ဘရပ်ဆယ်မြို့၌ ကျင်းပခဲ့သော သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးတွင် လေထု အတွင်း မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုကို ဥရောပသမဂ္ဂ (အီးယူ)အနေဖြင့် ၂၀၂၀ ပြည့်နှစ် နောက်ဆုံးထားလျက် ၂၀ ရာခိုင်နှုန်းလျော့ချရေးအထိ သဘောတူညီမှုရရှိခဲ့ကြသည်။

ဆောင်ပုဒ်များ ချမှတ်ကျင်းပခြင်း

နှစ်စဉ် ဇွန်လ (၅)ရက်နေ့ကို "ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့"အဖြစ် ၁၉၇၂ ခုနှစ်တွင် ကျင်းပခဲ့ သည့် စတော့ဟုမ်းညီလာခံကြီးမှ အစပြုလျက် ကမ္ဘာ နိုင်ငံအသီးသီး၌ နှစ်စဉ်အလိုက်ဆောင်ပုဒ်များ အသီးသီး ချမှတ်လျက်ကျင်းပကြသည်။ "ပတ်ဝန်းကျင်ထိန်းသိမ်း ပေး ဆင်းရဲခြင်းဘေးကင်းလွတ်စေး" (Poverty and the Environment, Breaking the Vicious Cycle)၊ "ကမ္ဘာတစ်ခုမိသားစု" (One Earth, One Family)၊ "ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းဖို့ လူသားအားလုံးစည်း လုံးစို့" (We the People, Unite for the Global Environment)၊ "တို့အိမ်၊ တို့နေရာ၊ တို့ကမ္ဘာ" (Our Earth, Our Habitat, Our Home)၊ "ကမ္ဘာပေါ်မှာ သက်ရှိတို့ ဆက်လက်ရှင်သန်ဖို့ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစို့" (For Life on Earth)၊ "ကွန်ရက်ပမာ ဆက်နွယ်ရာ၊ သက်ရှိတို့ကမ္ဘာ" (Connect with the World Web of Life)၊ "ရေ.. လူသန်းနှစ်ထောင် အထူးလိုနေ" (Water, Two Billion People Are Dying For It) စသည့် ဆောင်ပုဒ်များဖြင့် ကမ္ဘာ့လူသား

မြန်မာနိုင်ငံ မြောက်ဘက်ရှိ ရေခဲဖုံးနေသည့် မြင့်မားသောတောင်တန်းများ

တို့၏ ပတ်ဝန်းကျင်အသိပညာ ဖွံ့ဖြိုးရေးနှိုးဆော်ချက်များကို ပြုလုပ်ခဲ့ကြသည်။ ၂၀၀၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အတွက် အထိမ်းအမှတ်ဆောင်ပုဒ်မှာ "ရေခဲတောင်များတည်တံ့ရေး၊ ထိပ်တန်းဦးစားပေး" (Melting Ice, A Hot Topic) ဟူ၍ ဖြစ်သည်။

၂၀၀၇ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို နော်ဝေနိုင်ငံ ထရန်ဆိုမြို့၌ ကျင်းပမည်ဖြစ်သည်။ နိုင်ငံအသီးသီးတွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားများကို အားထုတ်လုပ်ဆောင်မှုနည်းလမ်းပေါင်း (၇၇)ခုဖြင့် ကျင်းပသွားရန် ဆုံးဖြတ်ထား၏။ ကမ္ဘာ့ရာသီဥတုပြောင်းလဲနေမှုကို တစ်နည်းတစ်လမ်းကာကွယ်သောအားဖြင့် လူတစ်ဦးလျှင် သစ်ပင်ပေါင်း (၆၀)ကို ထိန်းသိမ်းကာကွယ်ရန်နှင့် ၂၀၀၇ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းလုံးတွင် သစ်ပင်ပေါင်း သန်း ၁၀၀၀ ကျော် စိုက်ပျိုးကြရန် ကမ္ဘာ့ကုလသမဂ္ဂက တိုက်တွန်းနှိုးဆော်ထားသည်။

ရောက်ဆဲရာစုနှစ်

ရောက်ဆဲရာစုပိုင်းအတွင်း ကမ္ဘာအပူချိန် မြင့်တက်လာမှုကြောင့် ဝင်ရိုးစွန်းဒေသများဖြစ်သည့် အာတိတ်ဒေသ၊ အန္တာတိကဒေသများမှာ ဟိမဝန္တာတောင်တန်းများရှိ ရေခဲမြစ်များ၊ ရေခဲပြင်ကြီးများ အရည်ပျော်ကျလာသည့် သဘာဝပျက်ယွင်းခြင်းကို ရင်ဆိုင်နေကြရသည်။ ကမ္ဘာကြီးပူနွေးလာသဖြင့် သဘာဝဖြစ်စဉ်မဟုတ်ဘဲ အပူရှိန်ကြောင့် လျင်မြန်စွာ အရည်ပျော်လာသည့် ရေခဲပြင်ဧရိယာ လျော့နည်းလာကာ ကမ္ဘာ့ပင်လယ်သမုဒ္ဒရာရေမျက်နှာပြင်သည် ပေ ၄၀၀ ခန့်အထိ မြင့်တက်နိုင်သည်ဟု ပညာရှင်များက ခန့်မှန်းထားကြသည်။ ကမ္ဘာ့ရေမျက်နှာပြင် မြင့်တက်မှုကြောင့် ကမ်းရိုးတန်းဒေသများ၌ ရေကြီးခြင်း၊ ကျွန်းစုနိုင်ငံများ ကွယ်ပျောက်ခြင်း၊ ရေချိုရှားပါးခြင်း၊ ကူးစက်ကပ်ရောဂါများထူပြောခြင်း၊ သမုဒ္ဒရာရေစီးကြောင်းများတွင် အပူအအေးပြောင်းလဲလျက် ရေပူစီးကြောင်းများ၊ မုန်တိုင်းများဖြစ်ပေါ်ခြင်း၊ အက်စစ်ဖြစ်ထွန်းခြင်း၊ စားနပ်ရိက္ခာရှားပါးခြင်း၊ မြေပေါ်မြေအောက် ဇီဝမျိုးစုံမျိုးသုဉ်းခြင်း၊ သစ်တောများပြုန်းတီးခြင်းစသည့် နောက်ဆက်တွဲသဘာဝအန္တရာယ်များကို ဆင့်ကဲဆင့်ကဲကြုံတွေ့ရလိမ့်မည်ဖြစ်ပေသည်။ ယင်းကိစ္စသည် ယခုဆယ်စုနှစ်အတွင်း နိုင်ငံအသီးသီးတွင် လူသားတိုင်းနှင့်သက်ဆိုင်လျက် အရေးကြီးသော အကြောင်းရပ်ဖြစ်သဖြင့် လူသားတိုင်းပါဝင်ထိန်းသိမ်းဆောင်ရွက်နိုင်ရန်အတွက် ၂၀၀၇ ခုနှစ်ကို ကမ္ဘာ့ကုလသမဂ္ဂက ဝင်ရိုးစွန်းများနှစ် (Polar Year)ဟု ကြိုတင်လျာထားသတ်မှတ်ခဲ့သည်။

မြန်မာနိုင်ငံပတ်ဝန်းကျင်ထိန်းသိမ်းရေး

မြန်မာနိုင်ငံ၏ တောတောင်ရေမြေသဘာဝ၊ မြန်မာ့ယဉ်ကျေးမှုနှင့် သမိုင်းအစဉ်အလာ၊ မြန်မာ့လူဦးရေတိုးနှုန်းတို့သည် အချိုးညီစွာတည်ရှိခဲ့သည်။ မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုနှုန်းနည်းပါးသည်ဟုဆိုနိုင်သော်လည်း ယခုအခါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကမ္ဘာနှင့် ရင်ပေါင်တန်းလျက် ဆောင်ရွက်နေပြီဖြစ်ပေသည်။

၁၉၉၂ ခုနှစ် မြေကမ္ဘာထိပ်သီးညီလာခံကြီး ကျင်းပခဲ့ပြီးသည့်နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဦးစီးဆောင်ရွက်ပေးနိုင်ရန် မြန်မာနိုင်ငံတော်အစိုးရသည် ၁၉၉၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် "ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်" (National Commission for Environment Affairs-NCEA) ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ယင်းလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံးကို ၁၉၉၂ ခုနှစ်၊ ဧပြီလတွင် ဖွင့်လှစ်ခဲ့သည်။ မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဗဟိုချက် (Focal Point) အဖြစ်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းပေးသည့် အဖွဲ့အစည်း (Coordinating Agency) အနေဖြင့်လည်းကောင်း တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာ

နိုင်ငံ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဆက်စပ်လျက်ရှိသော လုပ်ငန်းများကို ဝန်ကြီးဌာနအလိုက် အထိုက်အလျောက် ဆောင်ရွက်ခဲ့ရာတွင်-

- သစ်တောဦးစီးဌာနသည် တောရိုင်းတိရစ္ဆာန်ကာကွယ်စောင့်ရှောက်ရေး၊ အမျိုးသားဥယျာဉ်များ ထိန်းသိမ်းထားရှိရေးလုပ်ငန်းများအပါအဝင်သစ်တောများအား ရေရှည်တည်တံ့အောင် စီမံခန့်ခွဲသည့်လုပ်ငန်းများကိုလည်းကောင်း၊
- စက်မှုဝန်ကြီးဌာနသည် စက်မှုလုပ်ငန်းကြောင့် ဖြစ်ပေါ်ရသောညစ်ညမ်းမှုကာကွယ်ရေးစည်းမျဉ်းဥပဒေများချမှတ်ထိန်းချုပ်ခြင်းကိုလည်းကောင်း၊
- ကျန်းမာရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်နှင့် ဆက်နွယ်နေသည့် ကျန်းမာရေးကိစ္စရပ်များကိုလည်းကောင်း၊
- လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ပိုးသတ်ဆေးများ စနစ်တကျအသုံးပြုရေးဆိုင်ရာဥပဒေများချမှတ်၍လည်းကောင်း၊
- နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနသည် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ လူမှုဘဝဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်းကောင်း အသီးသီးတာဝန်ယူဆောင်ရွက်ခဲ့ကြသည်။

ပညာပေးဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲ၊ အလုပ်ရုံဆွေးနွေးပွဲများ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းနှင့် ပတ်သက်၍ ဌာနဆိုင်ရာအသီးသီးတို့၌ အသိအမြင်ပြန့်ပွားနိုင်စေရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးအလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ စာတမ်းဖတ်ပွဲများကို ပြည်ပအဖွဲ့အစည်းများ၊ အထူးသဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကျင်းပပေးလျက်ရှိသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားနိုင်ရေးကို ရည်သန်၍ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ (၅)ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့အမိန့်ကြော်ငြာစာအမှတ် ၂၆/၉၄ ဖြင့် မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒကို ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းမူဝါဒ၏ အဓိကအချက်မှာ ပြည်သူတစ်ရပ်လုံး၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်ရေးအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေရန် ဟန်ချက်ညီမှုဖြစ်စေရန်ဖြစ်သည်။

အမျိုးသားရေးလုပ်ရှားမှုနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု

မြန်မာနိုင်ငံအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို တိုင်းနှင့် ပြည်နယ်အသီးသီးတွင် ဝန်ကြီးဌာနအသီးသီး၏ စီမံကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိသည်။ တိုင်းနှင့်ပြည်နယ်များတွင်ရှိသည့် သဘာဝအင်းအိုင်ကြီးများ၊ အမျိုးသားသဘာဝဥယျာဉ်ကြီးများ၊ ဘေးမဲ့တောများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မြစ်ချောင်းတာတမံများတည်ဆောက်ထိန်းသိမ်းခြင်း၊ ပင်လယ်ကမ်းရိုးတန်းဒေသများ ထိန်းသိမ်းခြင်း၊ အစားထိုးလောင်စာဆီ စီမံကိန်းများဆောင်ရွက်ခြင်း၊ နှစ်ရှည်ပင်များ၊ အရိပ်ရသစ်ပင်များ စိုက်ပျိုးခြင်း၊ အပူပိုင်းဒေသတိုင်းများတွင် ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးအထူးရေတိုရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်ခြင်း၊ ရေသယံဇာတ၊ မြေသယံဇာတများ မပျက်စီးအောင် ပြုပြင်ခြင်းစသည်တို့ကို အမျိုးသားရေးလုပ်ရှားမှုအသွင်ဖြင့် နိုင်ငံတကာနှင့် ဆက်သွယ်၍သော်လည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၊ အာဆီယံအဖွဲ့အစည်းများနှင့်ဆက်သွယ်၍လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပေသည်။

သဘာဝပတ်ဝန်းကျင် အစဉ်တည်တံ့ကောင်းမွန်လျက် ကျန်းမာရှင်သန်သော ကမ္ဘာကြီးတည်ဆောက်

ရန်မှာ မြေကမ္ဘာပူနွေးလာမှုကို လျှော့ချနိုင်ရန် ကမ္ဘာသူကမ္ဘာသားတိုင်း တစ်ပိုင်တစ်နိုင်ပါဝင်ဆောင်ရွက်ကြရန် ဖြစ်ပေသည်။ ကမ္ဘာသူကမ္ဘာသားများ၊ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရှင်များက ကမ္ဘာကြီးပူနွေးလာမှုလျော့ပါးသွားရေးအတွက် အောက်ဖော်ပြပါနည်းလမ်းများဖြင့် ပါဝင်ဆောင်ရွက်နိုင်သည့် အချက်များကို အကြံပြုဆွေးနွေးလျက် အသိပညာပေးထားကြသည်။

- မှန်လုံအိမ် အကျိုးသက်ရောက်မှု ဖြစ်စေသည့် ဓာတ်ငွေ့များ ထုတ်လွှင့်မှုကို ထိန်းချုပ်လျှော့ချရန်၊
- သစ်တောပြုန်းတီးမှုကို ကာကွယ်လျက် သစ်တောများပြုစုပျိုးထောင်ခြင်းကို စဉ်ဆက်မပြတ် တိုးမြှင့်လုပ်ဆောင်ရန်၊
- ကျောက်မီးသွေး၊ ထင်း၊ ရေနံစသည့် သဘာဝလောင်စာများအစား အဏုမြူစွမ်းအင်၊ ဧဝံလောင်စာစသည်များဖြင့် တီထွင်ကြံဆကျယ်ပြန့်စွာ ထုတ်လုပ်သုံးစွဲရန်၊
- သဘာဝတောရိုင်းတိရစ္ဆာန် ကာကွယ်ထိန်းသိမ်းရန်၊
- ကမ္ဘာ့ဂေဟစနစ်များမပျက်စီးအောင်ထိန်းသိမ်းရန်၊
- ကမ္ဘာ့လူဦးရေ တိုးနှုန်းကို လျှော့ချရန်၊
- သဘာဝပတ်ဝန်းကျင်အပေါ် ထားရှိသောလူတို့၏ အသိစိတ်ဓာတ်ကို အမြင်ဖွင့်ရန်စသည့် နိုင်ငံနှင့်ချီလျက် ဆောင်ရွက်နိုင်မှုများကို နှိုးဆော်သကဲ့သို့ လူသားတိုင်းသည် မိမိတို့ဘဝတစ်သက်တာကို အဆင်ပြေစွာ အသက်ရှင်နေထိုင်ရန်၊ လူတစ်ဦးချင်းသည် မိမိကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိအောင် အားထုတ်ရန်၊
- တစ်ကိုယ်ရေသန့်ရှင်းမှုမှအစ စားဝတ်နေရေးကိစ္စများတွင် လျှပ်စစ်မီး၊ လောင်စာဆီ၊ သောက်သုံးရေသုံးစွဲခြင်းစသည့် ကိစ္စများတွင် လျှော့ပေါ့သုံးစွဲလျက် ကမ္ဘာကြီးပူနွေးမှုကို တစ်ပိုင်တစ်နိုင် ကာကွယ်နိုင်ကြောင်း ပညာပေးဗဟုသုတများကို ကျယ်ပြန့်စွာ ဆောင်ရွက်ကြရန်၊

ဟူ၍နိုင်ငံအသီးသီး၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန အဖွဲ့အစည်းများအား အရှိန်မပျက် ဆောင်ရွက်နိုင်ရန် ဦးဆောင်နှိုးဆော်လျက်ရှိကြောင်း သိရသည်။


ဘေးကျပ်နံကျပ် မဖြစ်ရေး

ထိုမျှမက ကမ္ဘာကြီးစဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးတွင် ကမ္ဘာသယံဇာတများကို အချို့နိုင်ငံကြီးများက လက်ဝါးကြီးအုပ်သုံးစွဲမှုများရှိနေလေသည်။ ထို့ကြောင့် မြေကမ္ဘာတွင် မှီခိုရှင်သန်ရသူအားလုံးတို့အတွက်ဘေးကျပ်နံကျပ်ဖြစ်လာနိုင်မည့် ရှေ့ရေးတွင် ပဓာနကျသောနယ်မြေများ၌ မည်သို့ရှိနေသည်၊ မည်သို့ဖြေရှင်း ရမည့်ကိစ္စများရှိသည်ကို သုံးသပ်ကြရသည်။ ထိုအခါ အကြောင်းအရာ (၁၀)ချက်ကို အဓိကတွေ့ရသည်။ ထိုအကြောင်းများနှင့် တစ်နွယ်ငင်တစ်စင်ပါ ဆက်နွယ်နေသော အကြောင်းကြီးငယ်တို့လည်း ဆက်နွယ်ပါဝင်နေသည်။ ထိုအကြောင်းကြီး (၁၀)ချက်တို့မှာ စီးပွားကုန်သွယ်မှု၊ ဖွံ့ဖြိုးရေး၊ စွမ်းအင်သုံးစွဲမှု၊ ပို့ဆောင်သွားလာမှု၊ စိုက်ပျိုးရေး၊ စားသုံးမှု၊ အာဟာရဖြစ်မှု၊ သောက်သုံးရေ၊ ခရီးသွားဧည့်ကြိုလုပ်ငန်းနှင့် ပညာရေးကိစ္စနယ်ပယ်တို့ပင်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုသည် လူသားတို့၏ ပယောဂကြောင့်ဖြစ်သကဲ့သို့ သဘာဝပတ်ဝန်းကျင်ရှင်သန်တိုးတက်ရေးသည်လည်း လူသားတို့၏ ပဓာနတာဝန်ပင်ဖြစ်သည်။သဘာဝပတ်ဝန်းကျင်အစဉ်သဘာလုပစေရန် လူသားနှင့်ပတ်ဝန်းကျင်ဟန်ချက်ညီစွာ သဟဇာတဖြစ်ပါမှ မြေကမ္ဘာတစ်ခွင်စည်ပင်ဖွံ့ဖြိုးနိုင်မည်ဖြစ်ကြောင်း သတိပြုအပ်သည့် မျက်နှာစာများကို တင်ပြရခြင်းဖြစ်ပေသည်။ ။

မောင်ဆုရှင်



ကာသိဉာတုပြောင်းလဲခြင်းနှင့်
၂၀၀၆-၂၀၀၇ ခုနှစ်၏
ထူးခြားသော ကာသိဉာတုဖြစ်စဉ်များ


ပေါင်းအုပ် (ဝိုးဇလဝယ)

ရာသီဥတုပြောင်းလဲခြင်းနှင့်
၂၀၀၆–၂၀၀၇ ခုနှစ်၏ ထူးခြားသောရာသီဥတုဖြစ်စဉ်များ

၂၀၀၆ ခုနှစ်၊ မာလာမုန်တိုင်းနှင့်အတူ မြန်မာနိုင်ငံတွင် လှိုင်သာယာမြို့နယ်၌ လေဆင်နှာမောင်းတိုက်ခတ်ခဲ့ခြင်း၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလအရောက်တွင် မြန်မာပြည်အလယ်ပိုင်း၌ မုန်တိုင်းမိုးသည်းထန်စွာရွာသွန်းခြင်း၊ ၂၀၀၇ ခုနှစ် မိုးကြိုနှင့် မိုးဦးကာလတွင် မုန်တိုင်းများအကြိမ်များစွာ ဖြစ်ပွားခြင်း၊ မိုးကြိုးပစ်သည့်အရေအတွက်များပြားလာခြင်း၊ပုံမှန်မဟုတ်သောမုတ်သုံလေသက်ရောက်မှုကြောင့်တွေ့နေရခြင်းစသည့် သဘာဝဘေးအန္တရာယ်ပိုမိုများပြားလာခြင်းကို ထင်ရှားစွာတွေ့လာရသည်။

အားမကောင်းသောအခါများတွင်လည်းကောင်း ဖြစ်ပေါ်လေ့ရှိသည်။ မုန်တိုင်းများလည်း ပိုဖြစ်စေတတ်သည်။ ထို့ကြောင့် ၂၀၀၇ ခုနှစ်တွင် မုတ်သုံလေသည် ပုံမမှန်ဘဲ မကြာခဏအားနည်းနေခဲ့ရုံမျှမက အားပြတ်ခြင်းပင် ဖြစ်ပေါ်ခဲ့ရာ မိုးတိမ်တောင်များ ပိုမိုဖြစ်ပေါ်စေခဲ့သည်။ ထို့ကြောင့် လေဆင်နှာမောင်း ကျရောက်မှုများ၊ မိုးကြိုးပစ်မှုများ၊ လေပြင်းကျရောက်မှုများ ပိုမိုကြုံလာရသည်။ တစ်နည်းအားဖြင့် သဘာဝဘေးများ ပို၍ကြုံတွေ့လာကြရသည်ဟု ဆိုနိုင်ပါသည်။ မုတ်သုံလေများ အဘယ့်



အသံလွှင့်မီဒီယာများမှ နေ့စဉ်ထုတ်လွှင့်လျက်ရှိသောမိုးလေဝသသတင်းအခြေအနေပြမြေပုံ

အဆိုပါဖြစ်ရပ်များအားလုံးသည် မိုးတိမ်တောင်များ ပိုမိုဖြစ်ပေါ်မှုနှင့်ပတ်သက်နေသည်။ မိုးတိမ်တောင်များသည် ယေဘုယျအားဖြင့် မိုးကြိုနှင့် မိုးလွန်ကာလများတွင် ဖြစ်ပေါ်လေ့ရှိကြပြီး၊ လေဆင်နှာမောင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ လေပြင်းကျရောက်ခြင်း၊ မိုးသက်လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း စသည့်ပြင်းထန်သော ရာသီဥတုဖြစ်စဉ်များကို ဖြစ်ပေါ်စေတတ်သည်။ မိုးတိမ်တောင်များ သည် မိုးကြိုကာလကဲ့သို့ လေထုမတည်ငြိမ်သောအချိန်များတွင်လည်းကောင်း၊ မိုးတွင်းကာလတွင် မုတ်သုံလေကြောင့် အားပုံမှန်မဖြစ်ရသနည်း။ အဆိုပါမေးခွန်းအတွက်အဖြေမှာ ကမ္ဘာနှင့်အဝန်းကြုံတွေ့နေရသောရာသီဥတုပြောင်းလဲမှုကြောင့်ဟုသာဆိုရမည်ဖြစ်သည်။

၂၀၀၇ ခုနှစ်အတွင်း သြဂုတ်လအလယ်ကာလအထိ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသထူးခြားမှုများမှာ–

(က) မိုးကြိုကာလဖြစ်သော ဧပြီနှင့် မေလအလယ်များတွင် မိုးတိမ်တောင်များ ဖြစ်ပေါ်ရာမှ နေရာကွက်၍ မိုးကြီးခြင်း၊ လေပြင်းတိုက်

ခတ်ခြင်းနှင့် မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေကျခြင်းများ ဖြစ်ပေါ်ခဲ့သည်။

(ခ) မေလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်း (၂)ကြိမ်ဖြစ်ပေါ်ခဲ့ပြီး၊ နှစ်ကြိမ်စလုံး မြန်မာ့ကမ်းရိုးတန်းကိုဖြတ်ကျော်ဝင်ရောက်ခဲ့ရာ၊ တစ်လအတွင်း မြန်မာ့ကမ်းရိုးတန်းဒေသကို မုန်တိုင်း (၂) ကြိမ် ဖြတ်ကျော်ဝင်ရောက်ခဲ့ခြင်းမှာ ၂၀၀၇ ခုနှစ်သည်ပထမဆုံးအကြိမ်ဖြစ်သည်။

(ဂ) ပထမအကြိမ်ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်သည် အရှေ့ဘက်ရှိ ထိုင်းပင်လယ်ကွေ့အတွင်းမှ အခြေပြုဝင်ရောက်လာခြင်းဖြစ်ရာ၊ မိုးကြိုကာလတွင် ယခုကဲ့သို့ အရှေ့ဘက်မှ ရွှေ့လျားလာသောဖြစ်စဉ်မျိုး ယခင်က မရှိခဲ့ဖူးသဖြင့် ထူးခြားမှုဟုဆိုနိုင်ပါသည်။ (အဆိုပါ ဖြစ်စဉ်မျိုးသည် မိုးနှောင်း၊ မိုးလွန်ကာလမျိုးမှသာဖြစ်ပေါ်လေ့ရှိသည်။)

(ဃ) အဆိုပါ ပထမမုန်တိုင်းငယ်သည် အားပျော့ပြီး မေလ (၄)ရက်နေ့တွင် ပုသိမ်နှင့် ရန်ကုန်အကြားမှ လူနေထူထပ်သော ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းကို ဖြတ်ကျော်ဝင်ရောက်ခဲ့သော်လည်း လေပြင်းဒဏ်မခံခဲ့ရသဖြင့် အပျက်အစီး၊ အသေအပျောက်နည်းခဲ့သည်။ သို့ရာတွင် မုန်တိုင်းဧရိယာ၏ ညာဘက်အခြမ်းတွင် မိုးသည်းထန်စွာ ရွာသွန်းလေ့ရှိသည့်အတိုင်း ရန်ကုန်မြို့တော်တွင် ထူးကဲစွာ ရေဖုံးလွှမ်းခဲ့ပြီး၊ လူအသေ အပျောက်ပင် ရှိခဲ့ရသည်။

(င) မုန်တိုင်း၏ ညာဘက်ခြမ်းရှိ ရန်ကုန်တိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သော်လည်း ဘယ်ဘက်ခြမ်းရှိ ဧရာဝတီတိုင်းတွင် မိုးမရွာဘဲ အပျက်အစီးလုံးဝမရှိခဲ့သည်မှာ ထူးခြားသည်။

(စ) မေလအတွင်း ပထမအကြိမ် မုန်တိုင်းငယ် ဝင်ရောက်ပြီးသည့်နောက်တစ်ပတ်ခန့်အကြာတွင် ဒုတိယအကြိမ်အဖြစ် ဆိုင်ကလုန်းမုန်တိုင်း AKASH သည် ရခိုင်ပြည်နယ်မောင်တောမြို့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စစ်တကောင်းမြို့များအကြား မြေတ်ကျော်ဝင်ရောက်ခဲ့ရာ လေပြင်းဒဏ်ကြောင့် စစ်တွေမြို့တွင် အပျက်အစီးများခဲ့ပြီး မုန်တိုင်းဒီရေလည်း တက်ရောက်ခဲ့သည်။ အဆိုပါမုန်တိုင်း၏ လေပြင်းတိုက်ခတ်မှုကြောင့် ဖြစ်ပေါ်သော မုန်တိုင်းဒီရေ၏အမြင့်ကို စစ်တွေမြို့တွင် ဆူနာမီကြိုတင်သတိပေးစနစ်အတွက် တပ်ဆင်ထားသော ပင်လယ်ရေမျက်နှာပြင်တိုင်း GLOSS ဒီရေတိုင်းစက်မှ အလိုအလျောက်တိုင်းယူပေးခဲ့ရာ၊ မြန်မာနိုင်ငံမိုးလေဝသနှင့်ဓလေဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ပထမဆုံးခေတ်မီအလိုအလျောက် ပင်လယ်ပြင်တိုင်းထွာချက်ဖြစ်ခဲ့သည်။

(ဆ) ၂၀၀၇ ခုနှစ်၏ မြန်မာနိုင်ငံအတွင်းသို့ မုတ်သုံလေဝင်ရောက်မှုသည် transition (၂) ကြိမ်ဖြင့် ဝင်ရောက်ခဲ့ရာ၊ ပထမအကြိမ်တွင် တနင်္သာရီတိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသများသို့လည်းကောင်း၊ ဒုတိယအကြိမ်တွင် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသများသို့လည်းကောင်း ဝင်ရောက်ခဲ့သည်။ ထိုသို့ ဝင်ရောက်ခဲ့ရာတွင် ပထမအကြိမ်နှင့် ဒုတိယအကြိမ်တို့အကြား မုတ်သုံလေနှောင့်နှေးမှု (Retardation of Monsoon) အဖြစ် ရက်သတ္တနှစ်ပတ်ခန့် ကြာမြင့်ခဲ့သည်။

(ဇ) မုတ်သုံလေဝင်ရောက်မှုသည် ပုံမှန်ထက် ရက်သတ္တတစ်ပတ်ခန့်နောက်ကျခဲ့ရုံမျှမက မြန်မာနိုင်ငံအတွင်းမုတ်သုံလေလုံးဝဝင်ရောက်ပြီးသည့်နောက်တွင်လည်း မုတ်သုံလေသည် အခြေတကျ (establish) မဖြစ်ဘဲ အားမတည်မငြိမ်ဖြစ်နေခဲ့သည်။ ထို့ကြောင့် မုတ်သုံလေဝင်ရောက်အပြီး မိုးဦးကာလတွင် မုတ်သုံလေ၏အင်အားသည် အတိုးအလျော့အတက်အကျ များစွာဖြစ်ပေါ်ပြောင်းလဲနေခဲ့သည်။



ဆူနာမီကြိုတင်သတိပေးချက်စနစ်အတွက်
UNESCO/IOC ၏ အထောက်အပံ့ဖြင့်
မွန်ပြည်နယ် မော်လမြိုင်မြို့တွင်
ပင်လယ်ရေမျက်နှာပြင် အခြေအနေတိုင်းကိရိယာ
တပ်ဆင်ထားမှုကို တွေ့မြင်ရပုံ

(စျ) မုတ်သုံလေအင်အားလျော့နည်းသွားသည်နှင့် တိမ်တောင်များဖြစ်ပေါ်တတ်သည့် အတွက် ယခုနှစ်မိုးကြိုကာလသာမက မိုးဦးရာသီအတွင်း မိုးတိမ်တောင်များ မကြာခဏ ဖြစ်ပေါ်ခဲ့သည်။ ထိုသို့ မိုးတိမ်တောင်များ ဖြစ်ပေါ်မှုကြောင့် နေရာကွက်၍ မိုးကြီးခြင်း၊ မိုးချုန်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ လေဆင်နှာမောင်းတိုက်ခတ်ခြင်းစသည်တို့ ပိုမိုဖြစ်ပေါ်ခဲ့သည်။

(ည) ထို့ကြောင့် ၂၀၀၇ ခုနှစ် မိုးကြို (ဧပြီလနှင့် မေလ)နှင့် မိုးဦး (ဇွန်လ)အတွင်း လေဆင်နှာမောင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ နေရာကွက်၍ မိုးကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများ အနှံ့အပြားဖြစ်ပေါ်ခဲ့သည်။ ၂၀၀၇ ခုနှစ် ဩဂုတ်လအထိ လေဆင်နှာမောင်းတိုက်ခတ်ခြင်း (၅)ကြိမ်၊ မိုးရေချိန်စံချိန်သစ် (၁၆)ကြိမ်ရှိခဲ့သည့်အပြင် မိုးကြိုးပစ်ခြင်းကြောင့် အသက်ဆုံးရှုံးရသူအရေအတွက်ထက် နှစ်ဆ ဖြစ်သည်။ အဆိုပါ မုတ်သုံမုန်တိုင်းများကြောင့် မိုးများသည်းထန်စွာရွာသွန်းခဲ့ရာ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်နိုင်ငံများတွင် ရေကြီးခဲ့သည်။ အဆိုပါ ရေ

အတွက် ထူးထူးခြားခြား ယခင်ကာလများထက် ပိုခဲ့သည်။ (၂၄) နာရီ မိုးရေချိန်စံချိန်သစ်တင်ခဲ့သည့် နေရာဒေသများမှာ ဟုမ္မလင်း၊ မော်လိုက်၊ ကမ္ဘာအေး၊ မင်္ဂလာဒုံ၊ မှော်ဘီ၊ ပဲခူး၊ ခရမ်း၊ မင်းကင်း၊ မုံရွာ၊ မင်းတပ်၊ ပူတာအို၊ မြင်းမူ၊ ကျောက်တော်၊ ပင်လောင်း၊ မန္တလေး၊ စစ်ကိုင်း၊ ဂွ၊ ကျောက်ဖြူ၊ လွိုင်လင်၊ သံတွဲ၊ မာန်အောင်၊ မိတ္ထီလာ၊ ပြင်ဦးလွင်တို့ဖြစ်ကြသည်။

(ဋ) ယခုနှစ်တွင် အာရှနိုင်ငံများဖြစ်ကြသည့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ တရုတ်၊ နီပေါ၊ အာဖဂန်နစ္စတန်၊ မြောက်ကိုရီးယားစသည့် နိုင်ငံများတွင် ရေကြီးခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ရေကြီးမှုသည် လူသားသမိုင်းတွင် အဆိုးရွားဆုံးအဖြစ်သတ်မှတ်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင်လည်း ချင်းတွင်း၊ ဧရာဝတီ၊ ပဲခူး၊ မြစ်ငယ်၊ ရွှေကျင်နှင့် စစ်တောင်းမြစ်တို့တွင် ရေကြီးခဲ့သည်။

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလမှစတင်၍ ကမ္ဘာတစ်ဝန်းတွင် လွန်ကဲသော ရာသီဥတုများဖြစ်ပေါ်ခဲ့ရာ ၂၀၀၇ ခုနှစ်အတွင်း ကမ္ဘာလုံးဆိုင်ရာ ပျမ်းမျှအပူချိန်များသည် ကမ္ဘာ၏ လအလိုက် နှစ်ရှည်ပျမ်းမျှအပူချိန်များထက် ဇန်နဝါရီလတွင် (၁.၈၉)ဒီဂရီနှင့်၊ ဧပြီလတွင် (၁.၃၇) ဒီဂရီစင်တီဂရိတ် အဲသီးသီးပိုခဲ့သည်။ ကိရိယာဖြင့် မှတ်တမ်းများစတင်တိုင်းတာခဲ့သော ၁၈၈၀ ပြည့်နှစ်၏ နောက်ပိုင်းတွင် ဇန်နဝါရီလမှဧပြီလအထိ ကမ္ဘာ၏ လေးလပျမ်းမျှအပူချိန်သည် ၂၀၀၇ ခုနှစ်တွင် အပူဆုံးဖြစ်သည်။


မိုးသည်းထန်စွာရွာသွန်းမှုများ၊ ဆိုင်ကလုန်းလေမုန်တိုင်းများ၊ လေပြင်းမုန်တိုင်းများနှင့်စပ်လျဉ်း၍ ၂၀၀၇ ခုနှစ်၊ ဇွန်လနှင့် ဇူလိုင်လအတွင်း မုတ်သုံမုန်တိုင်း (၄) ကြိမ် ဖြစ်ပေါ်ခဲ့ရာ ပုံမှန်ပျမ်းမျှအရေအတွက်ထက် နှစ်ဆ ဖြစ်သည်။ အဆိုပါ မုတ်သုံမုန်တိုင်းများကြောင့် မိုးများသည်းထန်စွာရွာသွန်းခဲ့ရာ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်နိုင်ငံများတွင် ရေကြီးခဲ့သည်။ အဆိုပါ ရေ

ကြီးမှုကြောင့် လူ (၅၀၀)ကျော် အသက်ဆုံးရှုံးခဲ့ရပြီး၊ လူ (၁၀)သန်းကျော် နေရာရွှေ့ပြောင်းခဲ့ရသည်။ ထို့အပြင် ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ (၁)ရက်မှ (၂၁)ရက်နေ့အထိ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရေကြီးမှုဖြစ်ပေါ်ခဲ့ရာ လူ့သမိုင်းတွင် အဆိုးရွားဆုံးရေကြီးမှုဟု သတ်မှတ်ခဲ့သည်။ အာရေဗျပင်လယ်တွင် ဖြစ်ပေါ်ခဲ့သော Gonu အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းသည် အိုမန်၊ ပါရှန်ပင်လယ်ကွေ့နှင့် အီရန်နိုင်ငံများသို့ ဖြတ်သန်းသွားခဲ့ရာ၊ အိုမန်နိုင်ငံတွင် လူ (၅၀)အသက်ဆုံးရှုံးခဲ့ရပြီး၊ လူ (၂၀၀၀၀)ကျော် ထိခိုက်ဒဏ်ရာရခဲ့သည်။ ၂၀၀၇ ခုနှစ်၊ ဇွန်လ (၆)ရက်မှ (၁၀)ရက်အထိ တရုတ်နိုင်ငံတောင်ပိုင်းတွင် ရေကြီးခဲ့ရာ၊ လူ (၁၂၀)ကျော် အသက်ဆုံးရှုံးခဲ့ရပြီး၊ လူပေါင်း (၁၃)သန်းခွဲ ထိခိုက်ဒဏ်ရာရသည်။

ဥရောပနိုင်ငံများအနေဖြင့်လည်း အင်္ဂလန်နိုင်ငံနှင့် ဝေလပြည်နယ်တို့တွင် မေလမှ ဇူလိုင်လအတွင်း မိုးကောင်းခဲ့သဖြင့် ၁၇၈၉ ခုနှစ်၏ နောက်ပိုင်းတွင် ၂၀၀၇ ခုနှစ်သည် အစွတ်စိုဆုံးနှစ်ဖြစ်ခဲ့သည်။ ၂၄ နာရီ မိုးရေချိန်စံချိန်သစ်များအဖြစ် အင်္ဂလန်နိုင်ငံအရှေ့မြောက်ပိုင်းတွင် ဇွန်လ (၉၊၂၄–၂၅)ရက်များတွင် ရွာသွန်းခဲ့သော မိုးသည်းထန်မှုကြောင့်လည်းကောင်း၊ အင်္ဂလန်နိုင်ငံ အလယ်ပိုင်းတွင် ဇူလိုင်လ (၂၀)ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့်လည်းကောင်း၊ အင်္ဂလန်နိုင်ငံနှင့် ဝေလပြည်နယ်တို့တွင် နေရာဒေသအများအပြားတွင် ရေကြီးခဲ့သည်။ လူ (၆)ဦး သေဆုံးခဲ့ရပြီး၊ ရေကြီးမှုကြောင့် အထွေထွေအရပ်အရပ် ပျက်စီးဆုံးရှုံးမှု ပမာဏမှာ ယူရို (၆) ဘီလီယံရှိသည်။ ဂျာမနီနိုင်ငံတွင်မူ ၁၉၀၁ ခုနှစ်၏နောက်ပိုင်းတွင် ၂၀၀၇ ခုနှစ်၏ ဧပြီလသည် အခြောက်သွေ့ဆုံးလဖြစ်ပြီး၊ မေလကမူ အစွတ်စိုဆုံးလဖြစ်ခဲ့သည်။ ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ (၁၇၊၁၈)ရက်နေ့များတွင် အားကောင်းသော မုန်တိုင်းမွေနှောက်ခဲ့မှုကြောင့် ဥရောပတိုက်မြောက်ပိုင်းနိုင်ငံများတွင် သွန်ချသကဲ့သို့ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူ (၄၇)ဦး သေဆုံးခဲ့ပြီး၊ လူထောင်ပေါင်းများစွာကို ထိခိုက်စေခဲ့ပြီး အထွေအထွေအရပ်ရပ် ပျက်စီးဆုံးရှုံးမှု တန်ဖိုးမှာ ယူရို (၃) ဘီလီယံနှင့် (၅) ဘီလီယံအထိ ရှိခဲ့သည်။

ထူးခြားစွာ ဖောက်ပြန်သော ရာသီဥတုများအနေဖြင့် ဖေဖော်ဝါရီလတွင် အာဖရိကတိုက် မိုဇမ်ဘစ်နိုင်ငံတွင် ရေကြီးခဲ့ရာ မိုဇမ်ဘစ်နိုင်ငံ၏သမိုင်းတွင် အဆိုးဆုံးဖြစ်သည်။ ထို့အပြင် ဖေဖော်ဝါရီလ (၂၂)ရက်နေ့တွင် မိုဇမ်ဘစ်နိုင်ငံတွင် မုန်တိုင်းထပ်မံကျရောက်ပြန်ရာ ရေလွှမ်းမိုးမှုမှာ အခြေအနေအဆိုးဝါးဆုံးဖြစ်စေခဲ့သည်။ မိုးခေါင်မှုကြောင့် ငတ်မွတ်ခေါင်းပါးမှုဒဏ်အကြီးအကျယ်ခံစားနေရသော အာဖရိကတိုက် ဆူဒန်နိုင်ငံတွင် ၂၀၀၇ ခုနှစ်၊ ဇွန်လအကုန်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ရာ၊ နိုင်းမြစ်အပါအဝင် အခြားသောရာသီအလိုက်စီးဆင်းသော မြစ်များပါ ရေလျှံမှုကြောင့် ရေကြီးခဲ့ရာ၊ အိမ်ခြေပေါင်း (၁၆၀၀၀)ကျော် ရေမျောပါခဲ့ရသည်။

၂၀၀၇ ခုနှစ်၊ မေလတွင် တောင်အိန္ဒိယသမုဒ္ဒရာအတွင်းရှိ မော်လ်ဒိုက်နိုင်ငံတွင် အမြင့် (၃)မီတာမှ (၄,၅)မီတာခန့်မြင့်သော ရေလှိုင်းများ အဆက်မပြတ်



ဆူနာမီကြိုတင်သတိပေးချက်စနစ်အတွက် UNESCO/IOC ၏ အထောက်အပံ့ဖြင့် ရရှိငြပြည်နယ် စစ်တွေမြို့တွင် ပင်လယ်ရေမျက်နှာပြင် အခြေအနေတိုင်းကိရိယာ တပ်ဆင်ထားမှုကို တွေ့မြင်ရပုံ

ရိုက်ခတ်နေခဲ့ရာ ကျွန်းငယ်ပေါင်း (၆၈)ကျွန်းတွင် ဆိုးရွားသော ရေကြီးမှုဘေး ကြုံတွေ့ခဲ့ရပြီး၊ ပျက်စီးဆုံးရှုံးမှုကြီးများခဲ့သည်။ ၂၀၀၇ ခုနှစ်၊ မေလဆန်းတွင် တောင်အမေရိကတိုက် ဥရုဂွေးနိုင်ငံတွင် ၁၉၅၉ ခုနှစ်၏ နောက်ပိုင်းအဆိုးဝါးဆုံးရေကြီးခဲ့ရာ၊ လူပေါင်း (၁၁၀၀၀၀)ကျော်ကို ထိခိုက်စေခဲ့ပြီး၊ စိုက်ပျိုးသီးနှံများနှင့် အဆောက်အအုံများကို များစွာထိခိုက်ပျက်စီးစေခဲ့သည်။

အပူလိုင်းများအနေဖြင့် ၂၀၀၇ ခုနှစ်၊ဇွန်လနှင့်ဇူလိုင်လများတွင် ဥရောပတိုက် တောင်ပိုင်း၊ အရှေ့ပိုင်းတို့တွင် အပူချိန်စံချိန်သစ်တင်အောင် ၄၀ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့သည်။ လူဒါဇင်ပေါင်းများစွာ အသက်ဆုံး



မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ Website

ရှုံးခဲ့ရသည်။ ဇူလိုင်လ (၂၃)ရက်နေ့တွင် ဘူဂေးရီးယားနိုင်ငံတွင် အပူချိန် (၄၅)ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့ရာ စံချိန်သစ် ဖြစ်ခဲ့သည်။ မေလတွင် ရုရှားနိုင်ငံအနောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် အပူလိုင်းများကျရောက်ခဲ့ပြီး နေရာဒေသအများအပြားတွင် အပူချိန်စံချိန်သစ်များ တင်ခဲ့သည်။ မေလ(၂၈)ရက်နေ့တွင် မော်စကိုမြို့၌ အပူချိန် ၃၂.၉ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့ရာ၊ ၁၈၉၁ ခုနှစ်မှစ၍ အမြင့်ဆုံးစံချိန်သစ် ဖြစ်ခဲ့သည်။ ၂၀၀၇ ခုနှစ်၊ ဧပြီလတွင် ဥရောပနိုင်ငံအများအပြားတွင် နေ့အပူချိန်များသည် နှစ်စဉ်ပျမ်းမျှအပူချိန်များထက် ၄ ဒီဂရီစင်တီဂရိတ်ခန့်အထိ ပိုမိုမြင့်တက်ခဲ့သည်။

ဆိုးရွားသော ရာသီဥတုဖောက်ပြန်မှုများကြောင့် အပူချိန်များမြင့်တက်လျက်ရှိရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် (WMO)နှင့် ပူးပေါင်း၍ ကျန်းမာရေးဆိုင်ရာ အပူကြိုတင်သတိပေးစနစ်များ (Heat Health early Warning Systems- HHWS)ကို ထူထောင်ထားရပါသည်။

အခြားသော ထူးခြားသည့် လွန်ကဲဖြစ်စဉ်များအနေဖြင့် တောင်အမေရိကတိုက်တွင် မကြုံစဖူးသော ထူးကဲသည့် အအေးလိုင်းများကျရောက်မှုကြောင့် လေအေးများ၊ ဆီးနှင်းများ ကျဆင်းခဲ့သည်။ ၂၀၀၇ ခုနှစ်၊ ဇူလိုင်လတွင် အာဂျင်တီးနားနိုင်ငံတွင် ရေခဲမှတ်အောက် (-၂၂ ဒီဂရီ) နှင့် ချီလီနိုင်ငံတွင် ရေခဲမှတ်အောက် (-၁၈ ဒီဂရီ) စင်တီဂရိတ်အထိ ကျဆင်းခဲ့သည်။ ဇွန်လ (၂၇)ရက်နေ့တွင် ထူးခြားစွာ လေအေးဆိုင်ဇုံကျရောက်မှုကြောင့် တောင်အာဖရိကတိုက်တွင် ပထမဆုံးအကြိမ်အဖြစ် ဆီးနှင်းများ ကျဆင်းခဲ့သည်။ မေလအလယ်ပိုင်းတွင် အိန္ဒိယနိုင်ငံတွင် အပူလိုင်းကျရောက်ခဲ့ရာ အပူချိန်များ ၄၅-၅၀ဒီဂရီအထိ မြင့်တက်ခဲ့သည်။၂၀၀၇ခုနှစ်၊ဇန်နဝါရီလသည် ဥရောပတိုက်နိုင်ငံ အများအပြားတွင် အပူဆုံးလဖြစ်ခဲ့သည်။ နယ်သာလန်နိုင်ငံတွင် ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်သည် ၇.၁ ဒီဂရီဖြစ်ခဲ့ရာ ၁၇၀၆ ခုနှစ်၏ နောက်ပိုင်းတွင် ၂၀၀၇ ခုနှစ် ဇန်နဝါရီလသည် အပူဆုံးလဖြစ်ခဲ့သည်။ ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်သည် ၂.၈ ဒီဂရီ စင်တီဂရိတ်ဖြစ်သည်။ ဂျာမနီနိုင်ငံတွင်မူ ၂၀၀၇ ခုနှစ် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်သည် ၁၉၆၁-၁၉၉၀ ခုနှစ်များ၏ ပျမ်းမျှအပူချိန်ထက် ၄.၆ ဒီဂရီပိုနေခဲ့သည်။ မြောက်အတ္တလန္တိတ်သမုဒ္ဒရာ၌ ၁၉၇၀ ပြည့်နှစ် နောက်ပိုင်းတွင် ၂၀၀၇ ခုနှစ်သည် မုန်တိုင်းဖြစ်ပေါ်မှု အများဆုံးဖြစ်သည်။

၂၀၀၇ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသဖြစ်စဉ်များတွင် အထူးခြားဆုံးမှာ လေဆင်နှာမောင်းများ အများအပြားကျရောက်ခြင်း ဖြစ်သည်။

၂၀၀၇ ခုနှစ်အတွင်း မင်္ဂလာဒုံ၊ တောင်ဒဂုံ၊ ဇလွန် (ဖားလက်ခိုကျေးရွာ)၊ ဟသ်တမြို့နယ်၊ အင်္ဂပူမြို့နယ်၊ လပွတ္တာ၊ ကြာခင်း၊ စစ်တွေ၊ ကျောက်တံခါး၊ မာလာကျေး

ရွာ (မြင်းခြံခရိုင်) စသည့်မြို့နယ်များတွင် လေဆင်နှာမောင်းတိုက်ခတ်သွားခဲ့သည်။ လေဆင်နှာမောင်းများ၏ အင်အားကို အသေးစိတ်ခွဲခြားနိုင်သော ခေတ်မီရေဒါကဲ့သို့ ကိရိယာများ မတပ်ဆင်ရသေးသောကြောင့် အင်အားကို တိတိကျကျ ပြောရန် ခက်ခဲသော်လည်း၊ ပျက်စီးမှုအနေအထားအရလည်းကောင်း တိုက်ခတ်သော လေတိုက်နှုန်းအရလည်းကောင်း၊ လူအသေအပျောက်ရှိသဖြင့်လည်းကောင်း၊ အင်အားအလတ်စားခန့် ရှိမည်ဟု သုံးသပ်ရသည်။ လပွတ္တာမြို့တွင် ကျရောက်ခဲ့သော လေဆင်နှာမောင်းကြောင့် လပွတ္တာမြို့မှာ ရပ်ကွက် (၄)ခု၊ ဆားကျင်းကျေးရွာ၊ ထန်းတစ်ပင်ကျေးရွာ အုပ်စု (အောင်လှကျေးရွာ)တို့မှာ အိမ်ခြေ (၁၁၉)၊ အိမ်ထောင်စု (၁၁၉)၊ လူဦးရေ (၅၁၄)ဦး၊ အိုးအိမ်မဲ့ဖြစ်ရပြီး၊ ကျောင်း (၁)ကျောင်းပြိုလဲခဲ့ကာ လူ (၂)ဦး ဒဏ်ရာရ (၂)ဦးသေဆုံးခဲ့သည်။

လေဆင်နှာမောင်း တိုက်ခတ်ရသည့်အကြောင်းမှာ လေဆင်နှာမောင်းများသည် မိုးတိမ်တောင်ဟုခေါ်သည့် သိပ်ပံအခေါ်အရ Cumulonimbus Cloud အတိုကောက်အားဖြင့် Cb ဟုခေါ်သော တိမ်များမှဖြစ်လာကြခြင်းဖြစ်သည်။ အဆိုပါ တိမ်အမျိုးအစားသည် အခြေခံတိမ် (၁၀)မျိုးရှိသည့်အနက် အဆန်းပြားဆုံးတိမ်ဟု ဆိုနိုင်ပါသည်။ အဆိုပါတိမ်အမျိုးအစားမှပင် လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသက်လေပြင်းတိုက်ခတ်ခြင်း၊ နေရာကွက်မိုးကြီးခြင်း၊ စိုက်ခင်းလေပြင်းတိုက်ခတ်ခြင်း၊ ရေဆင်နှာမောင်းနှင့် လေဆင်နှာမောင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေခြင်း၊ ပင်လယ်မီးစုန်းတောက်ခြင်း စသည့် မိုးလေဝသဖြစ်စဉ်များကို ဖြစ်စေတတ်သည်။ အဆိုပါ မိုးတိမ်တောင်များဖြစ်ပေါ်စေနိုင်သော အကြောင်းရင်း (၄)မျိုးရှိရာတွင် မြန်မာနိုင်ငံအနေဖြင့် အောက်ခံမြေပြင်ပူပြင်းမှုကြောင့် ဖြစ်ပေါ်ခြင်းနှင့် လေထုမတည်ငြိမ်မှုကြောင့် ဖြစ်လေ့ရှိသည်။ ထို့ကြောင့် လေဆင်နှာမောင်းများသည် မိုးတိမ်တောင်များအများဆုံးဖြစ်လေ့ရှိသည့်မိုးကြိုကာလတွင် အများဆုံးဖြစ်လေ့ရှိသည်။

ဖြစ်ပွားပုံအကျဉ်းမှာ မိုးတိမ်ဆောင်တစ်ခု၏ ဖြစ်စဉ်တွင် အဆင့် (၃)ဆင့်ရှိသည်။ အခြေတည်ကာလ (formative stage)အားပြည့်ကာလ (mature stage)နှင့် ပြိုပျက်ကာလ (dissipative stage)တို့ ဖြစ်သည်။ အဆိုပါ ကာလသုံးဆင့်အနက် ပြိုပျက်ကာလရောက်သည့် အချိန်တွင် မိုးတိမ်တောင်တိမ်တိုက်ကြီးသည် တစ်စစီပြိုကွဲရာမှာ အကျစ်လျစ်အသိပ်သည်းဆုံး အမြုတေတိမ်အစုသည် လေဆင်နှာမောင်းဖြစ်သွားလေ့ရှိသည်။

လေဆင်နှာမောင်းများသည် မိုးကြိုကာလတွင် အဖြစ်များလေ့ရှိပြီး မိုးတွင်းကာလများတွင် ဖြစ်ပွားမှုနည်းပါးလေ့ရှိသော်လည်း၊ ၂၀၀၇ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ တိုက်ခတ်ခဲ့သော လေဆင်နှာမောင်းများသည် မိုးကြိုကာလသာမက၊ မိုးတွင်းကာလအထိပါ ဖြစ်ပေါ်နေခဲ့သည်။

၂၀၀၇ ခုနှစ်အတွင်း ရေကြီးမှုကြုံတွေ့နေရသော အာရှနိုင်ငံများမှ တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ အာဖဂန်နစ္စတန်တို့ ဖြစ်သည်။ သို့ရာတွင် ရေကြီးနေသော တစ်ချိန်တည်းမှာပင် အမေရိကန်၊ ဟန်ဂေရီ၊ ချက်၊ ဆားဗီးယား၊ ရုရှား၊ စပိန်စသည့်နိုင်ငံများတွင် အပူလှိုင်းများဖြတ်သဖြင့် မိုးခေါင်ပြီး လူများသေကြေကြရသည့်အပြင်၊ တောမီးလောင်ခြင်းများပါကြုံတွေ့နေရသည်။ ထို့ကြောင့် ၂၀၀၇ခုနှစ်သည် ရာသီဥတုဖောက်ပြန်မှု (Adverse Weather)များ ဖြစ်နေသည်ဆိုသည့်အချက်သည် မည်သူမျှ မငြင်းနိုင်သောသေချာသည့်အချက် ဖြစ်သည်။


မြန်မာနိုင်ငံတွင် ဇူလိုင်လနှင့် သြဂုတ်လအတွင်း ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်များတွင် ရေကြီးမှုများဖြစ်ပေါ်ခဲ့ရာ၊ အများအားဖြင့် မြစ်ဖျားပိုင်းဒေသများတွင် မိုးကောင်းမှုသည် အဓိကဖြစ်သည်။ အထူးသဖြင့် မြစ်ဖျားပိုင်းဒေသများတွင် မိုးဆက်တိုက်ရွာပါက ရေကြီးလေ့ရှိသည်။ အကယ်၍ မြစ်လယ်နှင့်အောက်ပိုင်းတွင် မုတ်သုံလေအင်အားကောင်းနေသောကြောင့်ဖြစ်စေ၊ မုန်တိုင်းကျရောက်သောကြောင့်ဖြစ်စေ၊ ပင်လယ်မှ ထူးကဲဒီရေတက်လာသောကြောင့်ဖြစ်စေ တိုက်ဆိုင်လာပါက ရေကြီးလေ့ရှိသည်။ မိုးမကောင်းလျက်နှင့် ရေကြီးနိုင်ခြင်းမရှိပါ။ သို့ရာတွင် မြစ်ငယ်များဖြစ်သော ရွှေကျင်မြစ်၊ မြစ်ငယ်မြစ် စသော မြစ်ငယ်များ၏ အောက်ခံမြေပြင်ပြောင်းလဲမှုသည် ရေကြီးနိုင်မှု အလားအလာကို တိုးလာစေသည်။

မြစ်ရေကြီးမှုကို မည်သို့ကြိုတင်ကာကွယ်နိုင်ပါသနည်း ဆိုခြင်းနှင့် ပတ်သက်ပြီး၊ ဥပမာဖြင့် တင်ပြလိုပါသည်။သဘာဝဒုက္ခဘေး(Hazared) ဆိုသည်မှာလူ့ဘဝ၏ဒုက္ခဆိုသည်နှင့်တူသည်။ မဖြစ်မနေ လူတိုင်းတွေ့ကြမည်ဖြစ်သည်။ မတွေ့ရလေအောင် မည်သူမျှကာကွယ်၍ မရနိုင်ပါ။ သို့ရာတွင် ဒုက္ခတွေ့ကြုံပါက ကြုံလာရမည့် ဘေးဥပဒ်ကျရောက်မှုကိုမူ လျော့ပါးရအောင် မကြုံတွေ့ရအောင်ပြုလုပ်၍ ရနိုင်သကဲ့သို့ သဘာဝဒုက္ခဘေးအန္တရာယ်ကြောင့် ရရှိလာနိုင်မည့် ဘေးဒုက္ခ (Disaster) ကိုလည်း လျော့ပါးစေရန် ကြိုတင်ကာကွယ်၍ရနိုင်သည်။ ဥပမာအားဖြင့် ရေကြီးသည်ကို မကာကွယ်နိုင်သော်လည်း ဘေးဒုက္ခမရောက်စေရန် တာတမံများ ခိုင်ခံ့အောင် ပြုလုပ်ခြင်း၊ ရေလွှမ်းမြေပြင် မြေအနိမ့်ပိုင်းတွင် အခြေချမနေထိုင်စေခြင်း၊ ကြိုတင်သတိပေးချက် ထုတ်ပြန်ပေးခြင်း၊ သဘာဝဘေးကာကွယ်စောင့်ရှောက်မှု စီမံချက်များ ချမှတ်ခြင်းစသည်များကို ဆောင်ရွက်ခြင်းဖြင့် ပျက်စီးဆုံးရှုံးရမှုများကို လျော့ပါးအောင် ကာကွယ်နိုင်သည်။ ထို့အတူ မြေငလျင်လှုပ်မည်ကို မည်သို့မျှ ကြိုတင်မကာကွယ်နိုင်ကြသော်လည်း၊ မြေငလျင်ဒဏ်ဘေးဒုက္ခမကြုံတွေ့ရန် မြေငလျင်လှုပ်ရှားမှုများသော ဒေသများတွင် အထပ်မြင့် အဆောက်အအုံများ ဆောက်လုပ်ခွင့်မပြုခြင်း၊ ဆောက်လုပ်ပါကလည်း နည်းပညာအကူအညီဖြစ်သော မြေငလျင်အင်ဂျင်နီယာပညာကို အသုံးပြုပြီးတည်ဆောက်စေခြင်း၊ မြေငလျင် စောင့်ကြပ်ကြည့်ရှုရေး အစီအမံများ ချမှတ်ခြင်း၊ ကြိုတင်သတိပေးချက်များ ထုတ်ပြန်ခြင်းစသည်များဖြင့် ပျက်စီးမှုကို လျော့ပါးရန် ကာကွယ်နိုင်သည်။ အဓိကအားဖြင့် ကောင်းမွန်သော စီမံခန့်ခွဲမှုများ ရှိမည်ဆိုပါက မည်သည့်ဘေးဒုက္ခဖြစ်စေလျော့ပါးအောင်ဆောင်ရွက်နိုင်သည်။

အထက်ဖော်ပြပါဖြစ်စဉ်များသည် ကမ္ဘာရာသီဥတုပြောင်းလဲလာခြင်း၏ ပြယုဂ်သင်္ကေတများဟု ဆိုနိုင်ပါသည်။ အထူးသဖြင့် တစ်ခုနှင့် တစ်ခုအကြောင်းကျိုးဆက်နွယ်ပတ်သက်ကာ ကမ္ဘာကြီးပူနွေးလာမှုကြောင့်ဟုလည်း ဆိုနိုင်ပါသည်။ သို့ဆိုပါက မေးသင့်သော မေးခွန်းတစ်ရပ်မှာ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုဖြစ်စဉ်များ ဖောက်လွဲဖောက်ပြန်ဖြစ်လာသည်ဆိုပါက ရာသီဥတုဖြစ်စဉ်များ ပုံမှန်ဖြစ်စေရန် မည်သို့ပြုလုပ်နိုင်ကြပါသနည်း။ ကမ္ဘာကြီးပူနွေးလာမှု၏ အကြောင်းရင်းမှာ အဓိက (၂)ချက်ကြောင့်ဖြစ်သည်။ ဖန်လုံအိမ်ဓာတ်ငွေ့များ တိုးပွားလာခြင်းနှင့် အိုဇုန်းလွှာပေါက်ခြင်းတို့ကြောင့်ဖြစ်သည်။ အဆိုပါ နှစ်ချက်လုံးသည် ရုပ်ကြွင်းလောင်စာ (Fossil Fuel) များ အလျှံပယ်အသုံးပြုခြင်းမှ ဓာတ်ငွေ့များ ထုတ်လွှတ်မှု လွန်ကဲခြင်းကြောင့်ဖြစ်ရခြင်းဖြစ်သည်။ ထို့ကြောင့် ဓာတ်ငွေ့များ ထုတ်လွှတ်မှုကို သက္ကရာဇ် ၂၀၁၅ တွင် လက်ရှိထုတ်လွှင့်မှုပမာဏမှ ၁၉၉၀ ပြည့်နှစ်က မိမိတို့နိုင်ငံအလိုက် ထုတ်လွှတ်ခဲ့သည့် ပမာဏအထိ ပြန်လည်လျော့ချကြရန် နိုင်ငံတိုင်းတွင် တာဝန်ရှိသည်ဟု ကျိုတို Protocol တွင် ပြဋ္ဌာန်းခဲ့သည်။ ပြီးခဲ့သည့် ၂၀၀၆ ခုနှစ်၊ ကနေဒါနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် COP-12 အစည်းအဝေးတွင် သဘောတူလက်မှတ်ရေးထိုးသည့် နိုင်ငံအရေအတွက်သည် သတ်မှတ်ထားသည့် အရေအတွက်ကို ပြည့်မီခဲ့သည့်အတွက် အခုအခါတွင်အဆိုပါ Protocol သည် တရားဝင်ဖြစ်လာခဲ့ပြီဖြစ်သည်။

ကမ္ဘာကြီးပူနွေးလာမှုကို အချိန်မီတားဆီးကာကွယ်ရန် ကိစ္စသည် ယခုအခါ နောက်ကျသွားပြီဟု ဆိုနိုင်ပါသည်။ လက်ရှိအခြေအနေအရပင် ကမ္ဘာကြီးသည်


မြေပြင်အထက် အမြင့်အလိုက် တိမ်အမျိုးအစားဖြစ်ပေါ်မှု



ပူနွေးလာနေပြီဖြစ်သည်။ နောက်ဆုံးတွက်ချက်မှုအရ ကမ္ဘာကြီး၏ ပျမ်းမျှအပူချိန်သည် ၁.၇ ဒီဂရီစင်တီဂရိတ် ခန့် ပိုပူနေပါသည်။ လူသားများအနေဖြင့် ဆောင်ရွက်နိုင်သောကိစ္စမှာ ယခုထက်ပိုမဆိုးလာစေရန် တစ်နည်းပြောရပါက အဆိုပါ အပူချိန်တိုးနေသောအရှိန်ကို ရပ်တန့်သွားစေရန် ဖွံ့ဖြိုးပြီးနိုင်ငံများ၊ စက်မှုလုပ်ငန်းနိုင်ငံများ၊ ရပ်ကြွင်းလောင်စာ ထုတ်လုပ်နိုင်ငံများအနေဖြင့်ရပ်ကြွင်းလောင်စာများလွန်ကဲစွာအသုံးပြုမှု၊ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုများကို Kyoto Protocolပြဋ္ဌာန်းချက်အတိုင်း ထိန်းချုပ်ရန်၊ လျှော့ချရန် တစ်ကမ္ဘာလုံး၏ အတိုင်းအတာဖြင့် ညီညီညာညာဝိုင်းဝန်း လုပ်ဆောင်ကြရန်လိုသည်။

အချို့သော စောင့်ကြည့်အကဲခတ်သူများက ကမ္ဘာကြီးပူနွေးလာမှုကို ထိန်းသိမ်း၍ မရနိုင်တော့ဟု ပြောဆိုနေသည်များရှိပါသည်။ စောင့်ကြပ်ကြည့်သူများအနေဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် မိမိစီးပွားရေးကိုသာ အလေးထားပြီး ဘနဖူး သိုက်တူးကြမည့် အချို့လူသားများ၏ ရာသီဥတုပြောင်းလဲမှုအပေါ် လျစ်လျူရှုလွန်းမှုကို စိတ်ပျက်လက်ပျက်ဖြစ်ရာမှ ပြောဆိုချက်များလည်းဖြစ်နိုင်သည်။ အဆိုပါ စကားသာမှန်ခဲ့ပါကလည်း ကမ္ဘာကြီးအပါအဝင် လူသားများအားလုံးသည် မျှော်လင့်ချက်မရှိနိုင်တော့သည့်သဘောပင်ဖြစ်သည်။ သို့ရာတွင် ဤစကားကို အလေးအနက်မထား၍တော့ မရပေ။ အခြေအနေမှန်မှာ သတိပေးအဆင့် (warning Stage) ကို မရောက်သေးသည့်တိုင် နှိုးဆော်အဆင့် (Alarming Stage) ကိုဖြင့် ရောက်ရှိနေပြီဖြစ်သည်မှာ အသေအချာပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ကမ္ဘာ့လူသားများအနေဖြင့် အချိန်မီအားလုံးတညီတညွတ် ပူးပေါင်းမဆောင်ရွက်ကြပါက ကမ္ဘာကြီးကို ကာကွယ်ဖို့ အချိန်မမီနိုင်တော့ဟူသည် သဘောပင်ဖြစ်သည်။ကမ္ဘာကြီးကို ကယ်တင်ရန် အချိန်မီနိုင်ပါသေးသည်။ သို့ရာတွင် အချိန်များများ မကျန်တော့ကြောင်းကိုဖြင့် မမေ့ရန် အရေးကြီးလှပါသည်။

ရပ်ကြွင်းလောင်စာများ အလွန်အကျွံထုတ်လုပ်သုံးစွဲမှု၊ သစ်တောများ အလွန်အကျွံခုတ်ထွင်မှု၊ လူဦးရေထူထပ်မှု၊ လောင်စာဆီသုံးစက်မှုယာဉ်များအများအပြား အသုံးပြုမှု၊ စက်မှုလုပ်ငန်းများအလုပ်ရုံများ အများအပြား ထူထောင်မှု၊ ပတ်ဝန်းကျင်ရေးရာများယိုယွင်းနေမှု၊ စွမ်းအင်များအလွန်အကျွံအသုံးပြုမှု၊ ရေခဲသေတ္တာကဲ့သို့သော ဓာတ်ငွေ့သုံးအသုံးအဆောင်များ အလွန်အကျွံအသုံးပြုမှုစသည်များသည် ကမ္ဘာကြီးပူနွေးလာစေသည့် ဖန်လုံအိမ်ဓာတ်ငွေ့တိုးပွားလာမှုနှင့် အိုဇုန်းလွှာပေါက်ခြင်း၏ အဓိကအကြောင်းများဖြစ်သည်ဟု ပညာရှင်များက စာရင်းထုတ်ပြန်ထားသည်။ ဤစံဖြင့်တွက်ပါက မြန်မာနိုင်ငံသည် ကမ္ဘာကြီးပူနွေးအောင်ပြုလုပ်နေသည့် တရားခံစာရင်း (Trouble Shooter List) မှာ မပါဝင်ကြောင်း အထင်အရှားသိနိုင်ပါသည်။ ဆယ့်တစ်ခရိုင် စိမ်းလန်းစိုပြည်ရေးစီမံချက်နှင့် အလယ်ပိုင်းဒေသများတွင် သစ်ပင်များ သိန်းချီစိုက်ပျိုးနေခြင်း၊ သစ်တောဧရိယာများအမြောက်အမြားကို ထိန်းသိမ်းထားနိုင်သေးခြင်းစသည့်အချက်များသည် ကာဗွန်စုပ်ယူမှုဖြစ်စဉ်များဖြစ်သည့်အတွက် လေထုအတွင်းသို့ ဓာတ်ငွေ့ထုတ်လွှတ်မှုကိုပင် လျော့ပါးစေသည့်အတွက် ကမ္ဘာကြီး၏ ပူနွေးမှုကို ဟန့်တားပေးနေကြသည်ဟုပင် ဆိုနိုင်ပါသည်။ သို့သော်လည်း ကမ္ဘာကြီးပူနွေးမှုကို ကာကွယ်ဟန့်တားသည့်နေရာတွင် "တစ်အုပ်တစ်မ" နှင့် ဆောင်ရွက်ရသည့် ကဏ္ဍများရှိသကဲ့သို့၊ "တစ်နိုင်တစ်ပိုင်"ဖြင့် ဆောင်ရွက်ရသည့် ကဏ္ဍများလည်း ရှိနေသေးသည့်အတွက် ပြည်သူပြည်သားတစ်ယောက်ချင်းစီ၏ လျှပ်စစ်သုံးစွဲမှုကို ချွေတာခြင်း၊ မော်တော်ယာဉ်



လေယာဉ်အတက်အဆင်းများအတွက် အန္တရာယ်ဖြစ်စေသည့် အောက်စိုက်ဆင်းလေဖြစ်ပေါ်မှု

များကို အသုံးပြုမှုလျှော့ချခြင်း၊ အများဖြင့် စုပေါင်းသွားလာသော ဓလေ့ကို ထူထောင်ခြင်း၊ ရုပ်မြင်သံကြားစက်၊ လျှပ်စစ်မီးတို့ကို အသုံးပြုပြီးပါက ဂရုတစိုက်ပိတ်ခြင်း၊ လေအေးပေးစက်များ၊ မှုတ်ဆေးများ၊ spray များ အသုံးပြုမှုကို လျှော့ချခြင်း၊ တနိုင်တပိုင်စိုက်ပျိုးခြင်း စသည်များကို တနိုင်တပိုင်ကဏ္ဍအနေဖြင့် ဆောင်ရွက်နိုင်ကြပါသည်။ တအုပ်တမလုပ်ကြရမည့် ကဏ္ဍအနေဖြင့် ကြက်ဆူပင်စိုက်ပျိုးခြင်းမှ ဇီဝလောင်စာထုတ်လုပ်ခြင်း၊ လေစွမ်းအင်-နေစွမ်းအင်များမှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ခြင်းစသည့် အစားထိုးစွမ်းအင်များ တိုးချဲ့အသုံးပြုခြင်းဖြင့် ရုပ်ကြွင်းလောင်စာများအသုံးပြုမှုလျှော့ချခြင်း၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချခြင်း၊ လေထု၊ ရေထု၊ မြေထုအပါအဝင် မိမိတို့၏ပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းစသည်များကို တိုးချဲ့ဆောင်ရွက်သွားကြရမည်ဖြစ်သည်။


ဤနေရာတွင် လူတစ်ဦးချင်းစီ၏ ဆောင်ရွက်နိုင်သော အခန်းကဏ္ဍသည်လည်း အထူးအရေးပါပေသည်။ လူတစ်ဦးချင်းအနေဖြင့်လည်း ရာသီဥတုဖြစ်စဉ်များ ပုံမှန်ဖြစ်စေရန် ကမ္ဘာကြီးပူနွေးလာမှုကို ထိန်းသိမ်းရန် အများကြီးလုပ်ဆောင်နိုင်ကြပါသည်။ ကမ္ဘာကြီးပူနွေးလာမှုကို ထိန်းသိမ်းရန် လုပ်ဆောင်ရာတွင် "တစ်အုပ်တစ်မ" လုပ်ဆောင်ရမည့်ကိစ္စများနှင့် "တစ်နိုင်တစ်ပိုင်" လုပ်ဆောင်ရမည့်ကိစ္စများဆိုပြီး ခွဲခြားနိုင်သည်။ တစ်ဦးချင်းတစ်နိုင်တစ်ပိုင်လုပ်ဆောင်နိုင်သောကိစ္စများအနေဖြင့် လျှပ်စစ်စွမ်းအားဖြုန်းတီးမှုနှင့် ရုပ်ကြွင်းလောင်စာ ဖြုန်းတီးမှုကာကွယ်ရန် ပတ်ဝန်းကျင်ရေးရာထိန်းသိမ်းရန်များပင်ဖြစ်သည်။ဥပမာအားဖြင့်အသုံးပြုမှုမရှိဘဲ လျှပ်စစ်မီးများ ထွန်းထားခြင်း၊ ရုပ်သံလွှင့်စက်များဖွင့်ထားခြင်း၊ ရေများဖြုန်းတီးခြင်း၊ ကားများ ယာဉ်များအား စည်းကမ်းမဲ့အသုံးပြုခြင်း စသည်တို့သည် လေထုတွင်းသို့ ရာသီဥတုပြောင်းလဲမှုကို ဖြစ်စေသည့် ဖန်လုံအိမ်ဓာတ်ငွေ့တိုးပွားမှုကို ဖြစ်စေနိုင်သည်။ ခေတ်မီပစ္စည်းအသုံးအဆောင်များနှင့် လျှပ်စစ်ဓာတ်အားများ လိုသလိုသုံးနိုင်သည့် နိုင်ငံတစ်ခုမှာရှိသည့် လူတစ်ဦးချင်းစီ၏ နံနက်အိပ်ရာနိုး ချိန်မှစပြီး အိပ်ရာဝင်ချိန်အထိ နိစ္စဓူဝကိစ္စများ (ဥပမာ-ရေနွေးအိုးတည်၊ မုတ်ဆိတ်ရိတ်၊ သန့်ရှင်းရေးရေသုံး၊ ရုံးသွား၊ အအေးခန်းသုံး၊ ရုပ်မြင်သံကြားကြည့်၊ မီးထွန်းစသည့် လျှပ်စစ်ကို အသုံးပြု၊ ရုပ်ကြွင်းလောင်စာအသုံးပြုပြီး ဆောင်ရွက်ရသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုပမာဏသည် တစ်ဦးချင်းအသုံးအနေဖြင့် ကုဗမီတာ (၅၀၀)ခန့်ရှိကြောင်း ခန့်မှန်းရပါသည်။ ထို့ကြောင့် အဖြုန်း (အသုံးမဟုတ်ပါ) ဘက်မှကြည့်ပါက ယင်းတို့ကို လျှော့ရန်လိုအပ်ပါသည်။ ခရီးတိုဖြစ်ပါက စက်ဘီးစသည့် လောင်စာမသုံးရသည့် ယာဉ်ကိုသုံးမည်၊ ခရီးဝေးပါက စုပေါင်းကားစီးသော အလေ့အကျင့်ကို ပျိုးထောင်မည်စသည်တို့ကို ဆောင်ရွက်နိုင်ကြပါသည်။ အပြုဘက်အနေဖြင့်မူ သစ်ပင်စိုက်ပျိုးခြင်း၊ အမှိုက်များ စနစ်တကျစွန့်ပစ်ခြင်း၊ နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်စသည်များကို အစားထိုးတိုးချဲ့အသုံးပြုခြင်း၊ ဘိုင်အိုဒီဇယ်လို အစားထိုးလောင်စာသုံးခြင်းစသည်များကို တစ်နိုင်တစ်ပိုင်အနေနှင့် ဆောင်ရွက်နိုင်သည်။ အသုံးမပြုသော လျှပ်စစ်မီး၊ ရေစသည်များကို ဂရုတစိုက်ပိတ်ခြင်းသည်ပင် အကျိုးများလှပြီဖြစ်သည်။

ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုဖြစ်စဉ်များ ဖောက်လွဲဖောက်ပြန်ဖြစ်မှုစသည်တို့ကို ကာကွယ်မှုပြုလုပ်ရန် မည်သည်ကစလုပ်ရပါမည်နည်း။ မည်သည့်အချက်က အရေးအကြီးဆုံးလုပ်ငန်းဖြစ်ပါသနည်း။ ပထမဆုံးစလုပ်ရမည့် အရေးအကြီးဆုံးလုပ်ငန်းမှာကမ္ဘာဓာတ်ငွေ့ထုတ်လွှတ်မှု အများဆုံးစာရင်းဝင်နေကြသည့် ဖွံ့ဖြိုးပြီးနှင့် စက်မှုလုပ်ငန်းနိုင်ငံများအားလုံး ကျိုတိုပဋိညာဉ်စာတမ်း (Kyoto Protocol) ကို တိတိကျကျလိုက်နာရန် အထူးလိုအပ်ပါသည်။ ဓာတ်ငွေ့ထုတ်လွှတ်မှုနည်းသည် ဖွံ့ဖြိုးဆဲနှင့် မဖွံ့ဖြိုးသေးသည့် နိုင်ငံများအားလုံးက လိုက်နာနေကြရုံနှင့် ဤကိစ္စသည် လုံးဝမပြီးနိုင်ပါကြောင်း အထူးသတိပြုရန်လိုအပ်ပါသည်။ ဆောင်ရွက်ရမည့်လမ်းစဉ်အနေဖြင့် ကျိုတိုပဋိညာဉ်စာတမ်း (Kyoto Protocol) တွင် ပြဋ္ဌာန်းထားပြီးဖြစ်သည်။ တစ်ဦးကောင်းတစ်ယောက်ကောင်း ဆောင်ရွက်၍မရသကဲ့သို့ တစ်ဦးတစ်ယောက်ချင်းကဖြစ်ဖြစ် မဆောင်ရွက်ဘဲနေ၍လည်း မရနိုင်ပေ။

မောင်ထွန်းလွင် (မိုးလေဝသ)

မြန်မာနိုင်ငံသဘော်ကျင်းမျာ်း

စိုးတင့် (IWT)



မြန်မာနိုင်ငံသဘော်ကျင်းများ

ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဌာနသည် မြန်မာနိုင်ငံရှိသဘော်ကျင်းများကို အကောင်အထည်ဖော်လုပ်ကိုင်ဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် အရာထမ်း ၁၈၀ ဦး၊ အမှုထမ်း ၅၅၁၈ ဦး စုစုပေါင်း ၅၆၉၉ ဦးဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ သတ်မှတ်ဖွဲ့စည်းပုံ၏ ၅၀% သော အင်အားဖြင့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ ကျိုင်းမြစ်၊ အတ္ထရံမြစ်စသည်တို့အပြင် ရခိုင်ကမ်းရိုးတန်း ရခိုင်ပြည်နယ်နှင့် မြစ်ဝကျွန်းပေါ်ဒေသကြီးတို့တွင် စက်ရှိရေယာဉ် ၃၁၂ စီး၊ စက်မဲ့တွဲယာဉ် ၁၅၀ စီးနှင့် ဆိပ်ခံတွဲ ၄၂ စီး စုစုပေါင်း ၅၀၄ စီးဖြင့် ခရီးသည်နှင့်ကုန်စည်များ သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

ပို့ဆောင်ရေးလုပ်ငန်းတွင် အသုံးပြုသော ရေယာဉ်များ၏ တစ်ကြိမ်လျှင် သယ်နိုင်စွမ်းအားမှာ ကုန်တန်ချိန်အားဖြင့် ၆၃၄၀၁.၇၄ တန်၊ ခရီးသည်ဦးရေမှာ ခရီးတိုတွင် ခရီးသည် ၆၀၇၀၄ ဦး၊ ခရီးရှည်တွင် ၄၃၉၆၂ ဦး ဖြစ်ပြီး၊ ခရီးလမ်းမိုင်ပေါင်း ၈၃၀၃ မိုင်ကို သယ်ယူပို့ဆောင်ပေးလျက်ရှိရာ ၂၀၀၆–၂၀၀၇ ခုနှစ် အမှန်ဆောင်ရွက်နိုင်မှုတွင် ကျပ်ငွေသန်းပေါင်း ၄၉၈၈ ကျော်နှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၆၀၀,၀၀၀ ကျော်ရှာဖွေပေးနိုင်ခဲ့သည်။ နှစ်စဉ် ပျမ်းမျှခရီးသည် ၂၆ သန်းကျော်နှင့် ကုန်တန်ချိန် ၄ သန်းကျော်ကို ပို့ဆောင်ပေးလျက်ရှိသည်။ ထိုသို့အကောင်အထည်ဖော်ရာတွင် သယ်ယူပို့ဆောင်ရေးဌာနခွဲ ၆ ခု၌ လက်ထောက်အထွေထွေမန်နေဂျာရုံးများကို နယ်မြေအလိုက်ထားရှိလျက် ခရီးသည်နှင့် ကုန်တင်လမ်း ၅၇ခု၊ ကူးတို့လမ်း ၇ ခု၊ စုစုပေါင်း ၆၄ ခုတွင် စက်ရှိရေယာဉ် ၂၉၉ စီး၊ စက်မဲ့တွဲယာဉ် ၁၃၇ စီးနှင့် ဆိပ်ခံတွဲ ၄၀ စီးကို အသုံးပြုလျက်ရှိသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ အင်ဂျင်နီယာဌာနလက်အောက်တွင် သဘော်ကျင်း (၆)ကျင်း၊ စက်ပြင်ဌာနခွဲတစ်ခုနှင့် ရေယာဉ်စုအင်ဂျင်နီယာ ဌာနခွဲတစ်ခုရှိပြီး၊ ရေယာဉ်များတည်ဆောက်ခြင်း၊ နှစ်စဉ်ပုံမှန်လွန်းတင်ပြင်ဆင်ခြင်း၊ အရေးပေါ်လွန်းတင်ပြင်ဆင်ခြင်းများဆောင်ရွက်လျက် ရေယာဉ်၊ တွဲယာဉ်များ၏ ကြံ့ခိုင်မှုကို ထိန်းသိမ်းထားရှိပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

ဒလသဘော်ကျင်း– ရှေးအကျဆုံးနှင့် အကြီးဆုံးသဘော်ကျင်းကြီးဖြစ်သည်။ ရန်ကုန်မြို့တစ်ဖက်ကမ်းရှိ ဒလမြို့တွင်တည်ရှိပြီး အရှေ့ဘက်တွင် ကမာအောင်ချောင်း၊ အနောက်ဘက်တွင် ရန်ကုန် – တွံတေးကားလမ်းရှိသည်။ အကျယ်အဝန်းမှာ ဧက ၃၀ ခန့်ဖြစ်သည်။



ဒလသဘော်ကျင်း

၁၈၅၂ ခုနှစ်၊ အင်္ဂလိပ်–မြန်မာဒုတိယစစ်ပွဲပြီးဆုံးသည်တွင် အင်္ဂလိပ်အစိုးရသည် စစ်အတွင်း အသုံးပြုခဲ့သော ရေယာဉ်များဖြင့် ရန်ကုန်မြို့မှ သရက်မြို့အထိ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းကို ပုဂ္ဂလိကကုမ္ပဏီများ အားကမ်းလှမ်းခဲ့ရာ **TODDY & FINLEY Co** သည် ဒလသဘော်ကျင်း၏ ပြင်ဆင်နိုင်စွမ်းကိုအားကိုး၍ အင်္ဂလိပ်အစိုးရထံမှ များစွာပျက်စီးနေသည့် ရေယာဉ်

များကို ပြင်ဆင်ပြေးဆွဲရန် ဝယ်ယူခဲ့ကြောင်း မှတ်တမ်းများအရသိရသည်။

သို့ဖြစ်ရာ ဒလသဘော်ကျင်းသည် ၁၈၅၂ ခုနှစ် မတိုင်မီကပင် တည်ဆောက်ခဲ့ကြောင်း တွေ့ရှိရသည်။ ၁၈၇၅ ခုနှစ်တွင် အင်္ဂလိပ်အစိုးရသည် ဧရာဝတီဖလိုတီလာကုမ္ပဏီ IFC ကို နှစ်ရှည်လုပ်ပိုင်ခွင့်ဖြင့် ဒလသဘော်ကျင်းအား ငှားရမ်းခဲ့သည်။ ၁၉၀၈ ခုနှစ်တွင် ဖလိုတီလာကုမ္ပဏီက ဒလသဘော်ကျင်းကို အပြီးအပိုင် ဝယ်ယူ၍ လွန်းကျင်းလုပ်ငန်းများကို တိုးချဲ့မွမ်းမံတည်ဆောက်ခဲ့သည်။ ၁၉၄၈ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် IFC ကို ပြည်သူပိုင်ပြုလုပ်ခဲ့ရာ ဒလသဘော်ကျင်းသည် ထိုနေ့မှစ၍ နိုင်ငံပိုင် သဘော်ကျင်းကြီးဖြစ်လာခဲ့သည်။

အလုံသဘော်ကျင်း– ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ဒုတိယအကြီးဆုံးသဘော်ကျင်းဖြစ်ပြီး ရန်ကုန်တိုင်း၊ အလုံမြို့နယ်တွင်တည်ရှိသည်။ အရှေ့ဘက်တွင် ရွာသစ်ချောင်း၊ အနောက်ဘက်တွင် မြန်မာစက်မှုဆိပ်ကမ်း၊ မြောက်ဘက်တွင် ကမ်းနားလမ်း၊ သခင်မြပန်းခြံနှင့် တောင်ဘက်တွင် ရန်ကုန်မြစ်တို့ ဝန်းရံလျက် စုစုပေါင်း ၂၈.၆ ဧက ကျယ်ဝန်းသည်။

၁၉၀၄ ခုနှစ်တွင် ဧရာဝတီဖလိုတီလာကုမ္ပဏီ IFC သည် အင်္ဂလိပ်အစိုးရထံမှ မြေနေရာဝယ်ယူ၍ "ရန်ကုန်ပေါင်ဒရီ"အမည်ဖြင့် သဘော်ကျင်းစတင်တည်ဆောက်ခဲ့ရာ သက်တမ်းအားဖြင့် ၁၀ စုနှစ်ကျော်ပြီဖြစ်သည်။ စတင်တည်ဆောက်စဉ်က မြန်မာနိုင်ငံတွင် အကြီးဆုံးသဲရည်ကျိုလုပ်ငန်းကို ဆောင်ရွက်ခဲ့သည့်အပြင် တန် ၁၀၀ ခန့်ရှိ မြစ်တွင်းသွားရေယာဉ်ငယ်များ ကျင်းတင်ပြင်ဆင်နိုင်သော လွန်းကျင်း ၄ ခုဖြင့် စတင်ခဲ့သည်။

IFC သည် မြစ်ဝကျွန်းပေါ်ဒေသ၊ ရန်ကုန်–သရက်၊ ရန်ကုန်–ဗန်းမော်၊ ရန်ကုန်–မန္တလေးခရီးစဉ်များကို ဖွင့်လှစ်၍ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အင်္ဂလန်မှ Pre-Fabricate လုပ်၍ ဖြုတ်ယူလာသော ရေယာဉ်များ ပြန်လည်တပ်ဆင်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့်အစဉ်အလာကြီးမားသော သဘော်ကျင်းဖြစ်သည်။

၁၉၄၈ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် IFC ကို ပြည်သူပိုင်ပြုလုပ်ခဲ့ရာ အလုံသဘော်ကျင်းသည် နိုင်ငံပိုင်ဖြစ်လာပြီး ရေယာဉ်ပြင်ဆင်ခြင်းနှင့် သဲရည်ကျိုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ ထိုအချိန်မှ ရန်ကုန်မြို့ပြရေပိုက်လိုင်းများ၊ မိလ္လာပိုက်များ၊ လျှပ်စစ်ဓာတ်အားတိုင်များကို အလုံသဘော်ကျင်းသဲရည်ကျိုလုပ်ငန်းမှ အဓိကထုတ်လုပ်တပ်ဆင်ပေးခဲ့သည်။

၁၉၆၂ မှ ၁၉၆၆ ခုအထိ အမှတ် (၅)လွန်းကျင်းတည်ဆောက်ခြင်း၊ ရေနွေးငွေ့မောင်းစက်ကိရိယာများကို လျှပ်စစ်မော်တာများဖြင့် ပြင်ဆင်မှုလုပ်ငန်းများတွင်ကျယ်လာစေခဲ့သည်။ အရန်စက်ပြင်ရုံ၊ ပင်မသိုလှောင်ရုံ၊ တွင်စက်ရုံ၊ ကွန်ကရစ်ဆိပ်ခံတံတားများတိုးချဲ့ တည်ဆောက်ခြင်းနှင့် မော်တော်ယာဉ်စက်ပြင်ရုံနှင့် ရေယာဉ်ပြင်ပစ္စည်းသိုလှောင်ရုံတို့ကို ဆောက်လုပ်ခဲ့သည်။



အလုံသဘော်ကျင်းအဝင်

၁၉၈၁ ခုနှစ်တွင် စက်မဲ့လွန်းကျင်းဖြစ်သည့် အမှတ် ၆ လွန်းကျင်းကို ဆောက်လုပ်ခဲ့သည်။ အလုံသဘော်ကျင်းသည် အဓိကတာဝန်ဖြစ်သည့် ရေယာဉ်ပြင်လုပ်ငန်းများအပြင် ကျွမ်းကျင်မှုဆိုင်ရာ အခြားလုပ်ငန်းများကိုလည်း ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးခဲ့ရာတွင် ၁၉၈၆ ခုနှစ်တွင် မီးရထားကော်ပိုရေးရှင်း၏ မလွှကုန်း၊ မြစ်ငယ်နှင့် မြို့ဟောင်းတွဲဝင်းရှိ ကုန်တွဲပျက် ၅၁ တွဲနှင့် အထက်တန်းတွဲ ၆တွဲတို့ကို ပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းများ အပြင် ရထားဘီးအိပ်ဇယ်များ၊ ရှပ်ကာပလိပ်များ၊ ရှပ်ကာပင်များနှင့် အိပ်ဇယ်ဘောက်ကာဗာများ၊ ဘက်ရင်ကီးပလိပ်များကိုလည်း ထုတ်လုပ်ပေးခဲ့သည်။

ထို့အပြင် ၁၉၉၁-၁၉၉၂ ဘဏ္ဍာရေးနှစ်အတွင်း "ဧရာခန်းမ"သစ်တည်ဆောက်ခြင်းနှင့် ၁၉၉၇ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် အက်ဆီတလင်းစက်ရုံတို့ကို တည်ဆောက်ဖွင့်လှစ်ကာ ခရီးသည်နှင့်ကုန်ပစ္စည်းများ လုံခြုံချောမွေ့စွာ ပို့ဆောင်နိုင်ရေး၏ အဓိကလုပ်ငန်းဖြစ်သည့် ရေယာဉ်များ ကြံ့ခိုင်ကောင်းမွန်ရေးအတွက် အဓိကတာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

အလုံသဘော်ကျင်းသည် တန်ချိန် ၈၀ မှ ၂၅၀ ရှိ စက်ရှိ၊ စက်မဲ့ရေယာဉ်များ ပြင်ဆင်ရာတွင်လွန်းကျင်း ၆ ခုဌ် တစ်ကြိမ်လျှင် ရေယာဉ် ၁၅ စီးကို တစ်ပြိုင်တည်း ကျင်းတင်ပြင်ဆင်နိုင်သည်။အရေးပေါ်ကျင်းတင်ပြင်ဆင်ခြင်း၊ အကြီးစား၊ အသေးစားပြင်ဆင်ခြင်း စသည်တို့အား နှစ်စဉ်အကြီးစား ၇၀ စီးနှင့် အသေးစား ၂၂၀ စီးခန့်ကို ပြင်ဆင်ပေးလျက်ရှိသည်။

ထို့အပြင် ရေယာဉ်မျိုးစုံကို ပုံစံဒီဇိုင်းရေးဆွဲပြီး တည်ဆောက်ပေးခဲ့ရာတန် ၁၀၀၊၂၅၀ နှင့်တန် ၅၀၀ ကုန်တင်တွဲများအပြင် ရေယာဉ်သစ်များ တည်ဆောက်ပေးနိုင်ခဲ့ရာ ဌာနပိုင်ရေယာဉ် ၄၁ စီးနှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များ၏ လုပ်ငန်းအပ်နှံမှုအရ ကုန်တင်တွဲ၊ စက်ရှိ၊ စက်မဲ့စီးရေ ၁၉ စီးကို တည်ဆောက်ပေးခဲ့သည်။

ထူးခြားချက်တစ်ရပ်မှာ အလုံသဘော်ကျင်း၏ အနောက်တောင်ဘက်ရှိ ယခင်က အသုံးမပြုနိုင်ခဲ့သည့် ဖုန်းဆိုးဒီရေရောက်တောကို သောင်တူးသဲမှုတ်တင် ပြုပြင် ဆောင်ရွက်ခဲ့ရာ ရေယာဉ်သစ်တည်ဆောက်ခြင်း လုပ်ငန်းလုပ်ကိုင်နိုင်သည့် ၃ ဧကခန့်ရှိ မြေကွက်ကြီး ပေါ်ပေါက်ခဲ့သည်။ အဆိုပါ မြေကွက်တွင် စက်တပ်ကုန်တင်ရေယာဉ် ၆ စီးကို တည်ဆောက်နိုင်ခဲ့သည်။

ရတနာပုံသဘော်ကျင်း- ရတနာပုံသဘော်ကျင်းသည် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ် ၄၁ လမ်းထိပ်၊ ပန်းဆက်တံခါးအနီးအကွက် အမှတ် ၃၆၅ တွင် တည်ရှိသည်။ အကျယ်အဝန်း ၁၂.၁၁ ဧက ရှိသည်။

ရတနာပုံသဘော်ကျင်းသည် ပြည်မြို့အထက် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်တွင် ပြေးဆွဲနေသော ရေယာဉ်များ၏ စက်ပိုင်းနှင့် ကိုယ်ထည်ချို့ယွင်းမှုများကို ပြုပြင်ခြင်း၊ ဧရာဝတီဌာနခွဲပိုင် ရေယာဉ်များနှင့် ချင်းတွင်းဌာနခွဲပိုင်ရေယာဉ်များမှ လုပ်ငန်းလိုအပ်ချက်အရ ပြင်ဆင်ရန် လိုအပ်သည့် ရေယာဉ်များကို လွန်းတင်ပြင်ဆင်ခြင်း၊ ဆာဗေးပြလိုင်စင်သက်တမ်းတိုးမြှင့်စေခြင်း၊ ရေယာဉ်ခုတ်မောင်းမှုဆိုင်ရာ စစ်ဘက်ဝန်ထမ်းများကို စီမံကွပ်ကဲခြင်း၊ ကျွမ်းကျင်မှုဆိုင်ရာ အကြံပေးခြင်းစသည့်လုပ်ငန်းများ ဆောင်ရွက်သည်။ လက်ရှိတာဝန်ယူပြင်ဆင်ပေးရသည့် ရေယာဉ်များမှာ စက်ရှိ ၄၇ စီး၊ စက်မဲ့ ၁၆ စီးအပြင် မိမိကျင်းကွပ်ကဲမှု ဧရိယာအတွင်းသို့ ရောက်ရှိလာသည့် ရန်ကုန်ဗိုလ်တထောင်အခြေပြု ကုန်စည်ပို့ဆောင်ရေး ရေယာဉ်များကို တာဝန်ယူပြုပြင်ပေးလျက်ရှိသည်။

ရတနာပုံသဘော်ကျင်းသည် မန္တလေးရတနာပုံနေပြည်တော်နန်းမြို့ တည်ထောင်ရာတွင် ပါဝင်ခဲ့သူ၊ မြန်မာနိုင်ငံအားခေတ်မီစက်မှုနိုင်ငံတော်တည်ထောင်ရန် ကြိုးပမ်းခဲ့သူ၊ ခေတ်မီရေတပ်မတော် တည်ထောင်ရန် ကြိုးပမ်းခဲ့သူ "သီရိပရဝမဟာသုဓမ္မရာဇာ"ဘွဲ့ခံ ရတနာပူရအိမ်ရှေ့စံ "ကနောင်မင်းသားကြီး"က ၁၈၆၄ ခုနှစ်တွင် တည်ထောင်ခဲ့သည့် "ရတနာပုံသဘော်စက်ရုံတော်"ဖြစ်သည်။ ကနောင်မင်းသားကြီးတည်ထောင်ခဲ့သည့် စက်ရုံတော် ၅၀ တွင် တစ်ခုအပါအဝင်ဖြစ်သည်။ ဤသဘော်ကျင်းဌ် မြန်မာ့ရေတပ်မတော်အတွက် စစ်ရေယာဉ် (သံထည်)နှင့် သစ်သားထည် မီးသင်္ဘောများတည်ဆောက်ခဲ့ကြောင်း သမိုင်းမှတ်တမ်းရှိခဲ့သည်။

မြန်မာတို့ ထီးသုဉ်းနန်းသုဉ်းဖြစ်ပြီး ၁၈၈၆ ခုနှစ်တွင် IFC သည် ရတနာပုံသဘော်ကျင်းကို ဝယ်ယူခဲ့ပြီး ဧရာဝတီမြစ်အထက်ပိုင်းတွင် ပြေးဆွဲလျက်ရှိသော ရေယာဉ်များအတွက် စက်ပြင်အလုပ်ရုံတစ်ခုအဖြစ် ဆောင်ရွက်ခဲ့သည်။ IFC ကို ပြည်သူပိုင်သိမ်းပြီးနောက်တွင် နိုင်ငံတော်ပိုင် သဘော်ကျင်းဖြစ်လာခဲ့သည်။

၁၉၈၈ ခုနှစ်အထိ ဧရာဝတီဌာနခွဲရှိ စက်ရှိ၊ စက်မဲ့ ရေယာဉ်များကို စက်နှင့် ရေယာဉ်အပေါ်ပိုင်းလုပ်ငန်းများသာ ပြုပြင်ပေးသော အခြေစိုက်အလုပ်ရုံ အဆင့်သာ ရှိခဲ့သည်။ လွန်းတင်ပြင်ဆင်ပေးနိုင်ခြင်းမရှိဘဲ ကမ်းထိုး၊ ကမ်းကပ်ပြုပြင်မှုသာ ဆောင်ရွက်နိုင်ခဲ့သည်။ လွန်းတင်ရန် လိုအပ်သည့် ရေယာဉ်များကို ရန်ကုန်မြို့သို့ လွှတ်၍ ဒလသဘော်ကျင်းနှင့်အလုံသဘော်ကျင်းတို့တွင်ပြင်ဆင်ရသည်။

၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် ဧရာဝတီဌာနခွဲမှ ရေယာဉ်များကို လွန်းတင်ပြင်ဆင်နိုင်ရန် အကြိုးအကဲများ၏ လမ်းညွှန်ချက်အရ လွန်းကျင်းသစ်တစ်ခု တည်ဆောက်ခဲ့ရာ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် တန် ၃၀၀ လွန်းကျင်းသစ်ကို ဖွင့်လှစ်နိုင်ခဲ့သည်။

ထို့ကြောင့် ၅၉၇ မိုင် ကွာဝေးသည့် ရန်ကုန်သို့ အချိန်နှင့် စက်သုံးဆီများစွာ အကုန်အကျခံ၍ မောင်းနှင်ပြုပြင်ရန် မလိုအပ်တော့ဘဲ မန္တလေးမြို့တွင်ပင် ဆောင်ရွက်နိုင်ခဲ့သည့် အကျိုးထူးရရှိခဲ့သည်။ လွန်းကျင်းတန်ဖိုးမှာ ကျပ်သန်းပေါင်း ၃၁၂.၂၄၇ ဖြစ်သည်။

မန္တလေးသဘော်ကျင်းသည် မြန်မာဘုရင်များလက်ထက်က တည်ဆောက်ခဲ့သည့် စက်ရုံတော်ဖြစ်ကြောင်း နိုင်ငံတော်အဆင့်အထိ တင်ပြဆောင်ရွက်နိုင်ခြင်းကြောင့် "ကနောင်မင်းသားကြီးတည်ထောင်သည့် ရတနာပုံသဘော်ကျင်း" နေရာသည် မန္တလေးမြို့ကမ်းနားပတ်လမ်းတည်ဆောက်စီမံကိန်းလမ်းကြောင်းတွင် တည်ရှိခဲ့သော်လည်း ဖယ်ရှားခြင်းမပြုဘဲဆက်လက် တည်ရှိနေခဲ့သည်။

ထို့ကြောင့် နိုင်ငံတော်အတွက် တန်ဖိုးကြီးမားလှသည့် သမိုင်းဝင်အဆောက်အအုံနှင့် နေရာမပျက်စီးစေသည့်အပြင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအတွက်



ရတနာပုံသဘော်ကျင်း

ရေယာဉ်ပြုပြင်ခြင်းလုပ်ငန်းများ အခြေမပျက်ဆက်လက်ဆောင်ရွက်နိုင်သည့် အကျိုးထူးရရှိခဲ့သည်။

၂၀၀၄ ခုမှ ၂၀၀၇ ခုနှစ် ဩဂုတ်လအထိ ရေယာဉ် ၃၃ စီးကိုကျင်းတင်၊ ကျင်းချခြင်းလုပ်ငန်း၊ စက်သစ်များအစားထိုးတပ်ဆင်ခြင်းလုပ်ငန်းအတွက် ရေယာဉ် ၄ စီး ဆောင်ရွက်နိုင်ခဲ့ပြီး ၃ စင်းကို ဆက်လက်တပ်ဆင်ရန် ဆောင်ရွက်ရန်ရှိသည်။ စက်မကြီးတပ်ဆင်မှုလုပ်ငန်းတွင် ရေယာဉ် ၄၄ စီးကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ချင်းတွင်းသဘော်ကျင်း- ချင်းတွင်းသဘော်ကျင်း (မုံရွာ)သည် စစ်ကိုင်းတိုင်း မုံရွာမြို့ အနောက်မြောက်ဘက် တစ်မိုင်ခွဲခန့်အကွာရှိ ကွေ့ကြီးရပ်ကွက်တွင် တည်ရှိသည်။ အရှေ့ဘက်တွင် မြို့ပတ်တောပေါင်ရိုး၊ အနောက်ဘက်တွင် ချင်းတွင်းမြစ်၊ တောင်ဘက်တွင် သလွှာဝတီရပ်ကွက်၊ မြောက်ဘက်တွင် ဇက်ရေယာဉ်

ဆိပ်တို့ တည်ရှိသည်။ အရှေ့အနောက် ၁၈၀ ပေ၊ တောင်မြောက် ၄၄၀ ပေရှိပြီး ဖဒကခန့်ကျယ်ဝန်းသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် စစ်ကိုင်းတိုင်းသည် ဧရိယာအားဖြင့် ဒုတိယအကျယ်ဆုံးတိုင်းဖြစ်သည်။ စတုရန်းမိုင် ၃၆၁၇၈.၇၂ ကျယ်ဝန်းသည်။ ချင်းတွင်းမြစ်သည် စစ်ကိုင်းတိုင်း၏ အဓိကအားထားရာဖြစ်ပြီး မြန်မာနိုင်ငံမြောက်ဖျားရှိ ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက်၊ ကလေးဝန့် မုံရွာမြို့ကြီးများကို ဖြတ်သန်းစီးဆင်းပြီး ပခုက္ကူမြို့အထက်နားတွင် ဧရာဝတီမြစ်အတွင်းသို့ စီးဆင်းသည်။ လူဦးရေ ၅၆ သိန်းကျော် မှီတင်းနေထိုင်ကြသည်။

ခရီးသည်နှင့် ကုန်စည်များကို ဝန်ဆောင်မှုအများဆုံးနှင့် ဝန်ဆောင်ခအသက်သာဆုံးနှုန်းဖြင့် ကုန်သွယ်ရေကြောင်းလုပ်ငန်းများ စည်ပင်တိုးတက်စေရန် စက်ရှိရေယာဉ် ၂၇ စင်းဖြင့် သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။ အဆိုပါ ရေယာဉ်များ နှစ်ပတ်လည်အကြီးစားလွန်းတင်ပြင်ဆင်မှု၊ ရေယာဉ်သစ်များ တည်ဆောက်မှု၊ အရေးပေါ်လွန်းတင်ပြင်ဆင်မှုများ ဆောင်ရွက်ရန် ပြီးပြည့်စုံသည့် သဘော်ကျင်းတစ်ကျင်း မဖြစ်မနေ လိုအပ်လျက်ရှိသည်။

ယခင်က ဧရာဝတီဌာနခွဲ၊ ရတနာပုံသဘော်ကျင်း အုပ်ချုပ်မှုအောက်တွင် မွမ်းမံအင်ဂျင်နီယာဌာနစိတ် မုံရွာတည်ရှိခဲ့ပြီး စက်ရှိရေယာဉ် ၂၇ စီးကို စက်ပိုင်းဆိုင်ရာ မွမ်းမံထိန်းသိမ်း ပြင်ဆင်မှုများ ပြုလုပ်ခဲ့ရသည်။ နှစ်ပတ်လည် အကြီးစားလွန်းတင်ပြင်ဆင်မှု လိုအပ်သည့်အခါ ရန်ကုန်သို့ စေလွှတ်ပြုပြင်ရသည့်အတွက် စက်သုံးဆီ ၁၅၀၀ ဂါလန်ခန့် ကုန်ကျပြီး အချိန်ကာလကြာမြင့်မှု၊ ဌာနဝင်ငွေရှာဖွေနိုင်သည့် ရေယာဉ်အင်အားလျော့နည်းမှု၊ အဆိုပါ ရေယာဉ်၏ ဝန်ထမ်းများ၏ လူမှုရေးအခက်အခဲများ ကြုံတွေ့ရမှုများရှိခဲ့သည်။

အဆိုပါ အခြေအနေကြောင့် နိုင်ငံတော်၏ လမ်းညွှန်ချက်ဖြင့် ချင်းတွင်းသဘော်ကျင်း (မုံရွာ)ကို ၂၀၀၀ ပြည့်နှစ်၊ ဇွန်လ (၁၈)ရက်နေ့တွင် စီမံကိန်းစတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၅ ခုနှစ်၊ ဩဂုတ်လ (၇)ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ စီမံကိန်းနှင့် ခွင့်ပြုငွေကျပ် ၂၇၄.၂၄ သန်း သုံးစွဲခဲ့သည်။

ချင်းတွင်းသဘော်ကျင်းတွင် အရှည် ၄၅၀ ပေ၊ အကျယ် ၂၂ ပေရှိ ပင်မလွန်းကျင်းလမ်းရှိ တန် ၂၀၀ နှင့်အောက် ရေယာဉ်နှစ်စီးတစ်ပြိုင်တည်း ကျင်းတင်ပြုပြင်နိုင်သည်။ဘေးဆွဲလွန်းကျင်းသံလမ်းများတပ်ဆင်နေဆဲဖြစ်သည်။ ဘေးဆွဲတွန်းလှည်း ၃ စီး တပ်ဆင်ရန် စီစဉ်လျက်ရှိသည်။ ဘေးဆွဲကျင်းပြီးစီးပါက တစ်ကြိမ်လျှင် တန် ၂၀၀ နှင့်အောက် ရေယာဉ် ၁ စီး၊ တွဲ ၁ စီး ပြင်ဆင်နိုင်မည်။ သို့ဖြစ်ရာ ပင်မလွန်းကျင်းနှင့် ဘေးဆွဲလွန်းကျင်းတွင် တစ်ကြိမ်တည်းတွင် တန် ၂၀၀ နှင့် အောက်ရေယာဉ် ၂ စီး၊ တွဲရေယာဉ် ၂ စီး စုစုပေါင်း ၄ စီးကျင်းတင်ပြုပြင်နိုင်မည်ဖြစ်သည်။



ချင်းတွင်းသဘော်ကျင်း

ချင်းတွင်းသဘော်ကျင်း၌ ပထမဆုံးကျင်းတင်ပြုပြင်ခဲ့သော ရေယာဉ်မှာ "ချမ်းလှ" ရေယာဉ်ဖြစ်ပြီး ၂၀၀၆ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် အောင်မြင်စွာ ရေချနိုင်ခဲ့သည်။

သံလွင်သဘော်ကျင်း– သံလွင်မြစ်အနောက်ဘက်ကမ်း မုတ္တမမြို့ ဆီဆုံရပ်တွင် ဧရိယာ ၁၈.၈၆ ဧကရှိ မြေနေရာတွင် သံလွင် သဘော်ကျင်းသစ်ကို ၁၉၈၈ ခု၊ ဖေဖော်ဝါရီလမှစတင် တည်ဆောက်ခဲ့ရာ ၂၀၀၁ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည်။

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ဒေသအတွင်းရှိ သံလွင်မြစ်၊ ဂျိုင်းမြစ်၊ အတ္ထရံမြစ်နှင့် မော်လမြိုင်–ဘီလူးကျွန်း ကူးတို့ခရီးစဉ်တို့တွင် စက်ရှိ၊ စက်မဲ့ရေယာဉ် ၂၆ စီး ဖြင့် ရေမိုင် ၂၂၀ ခရီးစဉ်တွင် ခရီးသည်နှင့် ကုန်စည်များကို သယ်ယူပို့ဆောင်ပေးလျက်ရှိသော သံလွင်ဌာနခွဲရှိ ရေယာဉ်အုပ်စုကို ပြုပြင်မွမ်းမံပေးလျက်ရှိသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရှိ သဘော်ကျင်း(၆)ခုအနက် တစ်ခုအပါအဝင်ဖြစ်သည့် သံလွင်သဘော်ကျင်းသည် IFC ၏ မော်လမြိုင်သဘော်ကျင်းမှ အဆင့်ဆင့်ပြောင်းလဲဖြစ်ပေါ်လာခြင်းဖြစ်သည်။ ရခိုင်နှင့် တနင်္သာရီဒေသကို အင်္ဂလိပ်တို့ သိမ်းယူပြီးသည့် ကိုလိုနီခေတ်ဦးကာလ၌ မော်လမြိုင်ဒေသကို အခြေပြု၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးခရီးစဉ်များ ပြေးဆွဲခဲ့သည့် မွန်တိုင်းရင်းသား ဦးနာအောက်သည် IFC ၏ ယှဉ်ပြိုင်မှုကို တင်းမခံနိုင်တော့ဘဲ ရေယာဉ်ပြေးဆွဲမှုလုပ်ငန်းတစ်ခုလုံးကို ရပ်ဆိုင်းလိုက်ပြီး ၎င်းပိုင်ရေယာဉ် (၉)စီးနှင့် မုတ္တမသဘော်ကျင်းကို ၎ငါး(၆)သိန်းဖြင့် IFC ကို ရောင်းချခဲ့ရသည်။

IFC သည် မုတ္တမသဘော်ကျင်းကို မုတ္တမမှ သံလွင်မြစ် အရှေ့ဘက်ကမ်း မော်လမြိုင်ဖက်တန်းရပ်သို့ သယ်ယူပြောင်းရွှေ့၍ ၁၉၁၄ ခုနှစ်တွင် IFC ၏ မော်လမြိုင်သဘော်ကျင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ဖြစ်ပွားသည်တွင် မော်လမြိုင်သဘော်ကျင်းကို မြေလှန်စနစ်ကျင့်သုံး၍ ဖျက်ဆီးခဲ့သည်။ ဂျပန်တို့ ထိုင်းနိုင်ငံမှတစ်ဆင့် မော်လမြိုင်ဒေသသို့ ရောက်ရှိလာသည်တွင် ယခင်ဝန်ထမ်းဟောင်းများကို ရှာဖွေစုစည်းပြီး သဘော်ကျင်းကို ပြုပြင်အသုံးချခဲ့ကြသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် IFC ကို ပြည်သူပိုင်သိမ်းခဲ့ရာ နိုင်ငံတော်ပိုင် သဘော်ကျင်းတစ်ခုအဖြစ် တည်ရှိလာခဲ့သည်။

၁၉၆၇ ခုနှစ်တွင် စက်လုပ်ငန်း၊ စက်ပြင်လုပ်ငန်း၊ စက်တပ်လုပ်ငန်း၊ သံပြား၊ သံဂဟေလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် အလျား ၁၀၀ ပေ၊ အနံ ၈၀ ပေရှိ စက်ရုံသစ်ကြီးတစ်ခုတည်ဆောက်ခဲ့သည်။ IFC ခေတ်က လွန်းကျင်းတစ်ခုမှာ အလျား ၃၀၀ ပေ၊ အနံ ၁၈ ပေရှိပြီး၊ တန် ၁၅၀ ရှိ ရေယာဉ် ၁ စင်းသာ ကျင်းတင်နိုင်သည်။

၁၉၇၉ ခုနှစ်၊ ဒီဇင်ဘာလတွင် အလျား ၃၂၅ ပေ၊ အနံ ၂၄ ပေရှိ တန် ၂၅၀ ရေယာဉ်ကို ကျင်းတင်နိုင်သည့် လွန်းကျင်းသစ်တစ်ခုတည်ဆောက်ခဲ့သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ဖွံ့ဖြိုးရေးစီမံကိန်းအရ မြစ်လမ်းတစ်လျှောက် ကမ်းနားလမ်းဖောက်လုပ်၍ သာယာလှပရေးဆောင်ရွက်မှု စီမံကိန်းတွင် အမှတ် ၂၅ အောက်လမ်းမကြီး၊ ဖက်တန်းရပ်ရှိ မော်လမြိုင်သဘော်ကျင်းကို နေရာရွှေ့ပြောင်းခဲ့ရာမှ လက်ရှိနေရာသစ်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

လက်ရှိနေရာသစ်သည် မွန်ပြည်နယ်၊ သထုံခရိုင်၊ မုတ္တမမြို့၊ အရှေ့ပိုင်းဆီဆုံရပ်၊ သံလွင်မြစ်အနောက်ဘက်ကမ်းတွင် တည်ရှိသည်။ အရှေ့ဘက်တွင် သံလွင်မြစ်၊ အနောက်ဘက်တွင် ဆီဆုံရပ်ကွက်နှင့် ဘီလူးတစ်ရာတောင်တန်း၊ တောင်ဘက်တွင် ဆီဆုံရပ်၊ မုတ္တမ– မော်လမြိုင် ကားကူး ကူးတို့၊ မြောက်ဘက်တွင် အမှတ် (၁၀၂) ခြေမြန်တပ်ရင်းတို့ တည်ရှိသည်။



နေရာသစ်ဖြစ်သည်နှင့်အညီ အလုပ်ရုံများ၊ စက်ရုံများ၊ ရုံးနှင့် ဝန်ထမ်းနေအိမ်များကို တိုးချဲ့တည်ဆောက်ခြင်း၊ 160 KW နှင့် 200 KW ဓာတ်အားပေးဂျင်နရေတာတပ်ဆင်ခြင်း၊ စက်ယန္တရားများ တပ်ဆင်ခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အလျား ၁၃၄ ပေနှင့် အနံ ၃၀ ပေ၊ ဇောက် ၆ ပေ၊ တန်ချိန် ၁၅၂ တန်နှင့် ခရီးသည် ၆၅၃၉ ဦး တင်ဆောင်နိုင်သည့် သမိန်ပရမ်း လူစီးဂေါ် ဆက်သွယ်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။



ရေယာဉ်ကို ၁၉၉၂ ခုနှစ်၊ ဧန်နဝါရီလ ၉ ရက်နေ့မှ စတင်တည်ဆောက်ခဲ့ရာ ၁၉၉၂ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် တည်ဆောက်ပြီးစီးခဲ့သည်။ ယခုအခါ မော်လမြိုင်–ဘီလူးကျွန်း ကူးတို့ခရီးစဉ်တွင် ပြေးဆွဲလျက်ရှိသည်။

နှစ်စဉ်ရေယာဉ် ၁၀ စီး နှစ်ပတ်လည်ကျင်းတင်ပြင်ဆင်ခြင်း၊ အရေးပေါ်ကျင်းတင်ခြင်း၊ ရေယာဉ်ကိုယ်ထည်နှင့် စက်အကြီးစားပြင်ဆင်ခြင်း အကြိမ် ၇၀ ကျော်၊ အသေးစားပြင်ဆင်မှုအကြိမ် ၂၀၀ ကျော်နှင့် စက်သစ်တပ်ဆင်မှု ၇ ကြိမ် ပြုလုပ်ခဲ့သည်။

စစ်တွေသဘော်ကျင်း– စစ်တွေသဘော်ကျင်းသည် ရခိုင်ပြည်နယ်၊ စစ်တွေမြို့ မြောက်ဘက်ကမ်းကူးလမ်းရပ်ကွက်၊ ဆတ်ရိုးကျချောင်း တောင်ဘက်ကမ်းတွင် တည်ရှိပြီး၊ သဘော်ကျင်း၏ တောင်ဘက်တွင် စက်ရုံလမ်း၊ မြောက်ဘက်တွင် ဆတ်ရိုးကျချောင်း၊ အရှေ့ဘက်တွင် ဆိပ်ကမ်းအာဏာပိုင်နယ်မြေ၊ အနောက်ဘက်တွင် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးဌာနနယ်မြေရှိပြီး အကျယ်အဝန်းမှာ (၅.၃၈) ဧကခန့်ရှိသည်။

လက်ရှိနေရာတွင် IFC မှ ARAKAN WORK-SHOP အဖြစ် ရှုပီး (၂၅၀၀၀) သုံးစွဲကုန်ကျပြီး (၁၉၀၀) ပြည့်နှစ် ဧန်နဝါရီလ (၁)ရက်နေ့တွင် စတင်တည်ဆောက်ခဲ့သည်။ လုပ်ငန်းလည်ပတ်မှုတွင် အိန္ဒိယနိုင်ငံ ကာလကတ္တား Graden Reach Workshop နှင့်

ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာသည်တွင် မြေလှန်စနစ်အရ ဖျက်ဆီးခဲ့ပြီး ဂျပန်တပ်များ ဝင်ရောက်လာသည့်အခါ ပြန်လည်ပြုပြင်လည်ပတ်ရန် ဝန်ထမ်းဟောင်းများကို ရှာဖွေဆောင်ရွက်ခဲ့ကြသည်။ ၁၉၄၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ရခိုင်ဒေသသို့ အင်္ဂလိပ်များ ပြန်လည်ဝင်ရောက်လာရာ အင်္ဂလိပ်အင်ဂျင်နီယာများဖြင့် ပြန်လည်ပြုပြင်လည်ပတ်ခဲ့ပေသည်။

"ပြည်တွင်းရေကြောင်းပို့ဆောင်ရေး" သည် အထက်ပါ သဘော်ကျင်းများကို ထိန်းသိမ်းစောင့်ရှောက်တည်ဆောက်ပြုပြင်မွမ်းမံလျက် "ပို့ဆောင်ခြင်းဖြင့် စီးပွားမြှင့်အံ့" ဟူသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံ့စီးပွားပြည်ထွန်းကားအောင် ဆောင်ရွက်နေရုံမျှမက လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးကို တစ်တပ်တစ်အား အကျိုးပြုလျက်ရှိပေသည်။

စိုးတင့် (IWT)

တိုးချဲ့အဆောင်မြင့်တည်ဆောက်မှုများနှင့်
ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်



မောင်ကြင်နာ

တိုးချဲ့အဆင့်မြှင့်တည်ဆောက်မှုများနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်

၁၉၅၂ ခုနှစ်မှ စတင်တည်ဆောက်၍ ၁၉၅၇ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် အဆင့်ဆင့်သော တိုးချဲ့မှုများနှင့်အတူ ပြည်တွင်း ပြည်ပလေကြောင်း ခရီးစဉ်များကို ဥတုရာသီအချိန် ကာလနေ့ညမရွေး တက်ဆင်းပို့ဆောင်ပေးခဲ့သည်မှာရွေရတုကာလသို့ တိုင်ခဲ့ပြီဖြစ်သည်။

တိုးတက်ပြောင်းလဲလာသည့် ခေတ်နှင့်အညီ တိုးတက်များပြားလာသည့် နိုင်ငံတကာခရီးသွားများအတွက် အဆင့်မြှင့်တိုးချဲ့တည်ဆောက်မှုများ လိုအပ်လာသည်။ ယနေ့အချိန်တွင် ပြည်တွင်းလေကြောင်းလိုင်း (၄)လိုင်းနှင့် အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (၁၃) လိုင်းတို့ ပုံမှန်ပျံသန်းပို့ဆောင်ပေးလျက်ရှိသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ဆောက်လုပ်မှုကို ၂၀၀၃ ခုနှစ်မှ စတင်ခဲ့သည်။ အဆိုပါ စီမံကိန်းတွင် လေယာဉ်ရပ်နားနေရာ တိုးချဲ့စီမံကိန်းနှင့် လေဆိပ်အဆောက်အအုံသစ်ဆောက်လုပ်ရေးစီမံကိန်းတို့ ပါဝင်သည်။ စကင်ပူနိုင်ငံ CPG airport consultant Co, Ltd မှရေးဆွဲ၍လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် Asia World Co,Ltd က တည်ဆောက်ခဲ့သည်။

လေဆိပ်သစ် အဆောက်အဦမှာ နှစ်ထပ်ပါဝင်ပြီး အပေါ်ထပ်သည် ထွက်ခွာခန်းမဖြစ်သည်။အောက်ထပ်သည် ဆိုက်ရောက်ခန်းမဖြစ်သည်။ ဆိုက်ရောက်၊



ဖောက်လုပ်ပြီးစီးသွားသော လေယာဉ်ပြေးလမ်းသစ်



လေယာဉ်ပြေးလမ်း ဖောက်လုပ်ရေးလုပ်ငန်းခွင်

တိုးချဲ့.အဆင့်မြှင့်တည်ဆောက်မှုများနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံတိုးချဲ့.ရေးလုပ်ငန်း ပြီးစီးမှုအား တွေ့.မြင်ရပုံ

ထွက်ခွာခရီးသည် (၉၀၀) နှုန်းဖြင့် နှစ်ထပ်လုံးတစ်ပြိုင်တည်း အသုံးပြုနိုင်သည်။ နှစ်စဉ်ခရီးသည်ဆင်း၊ ထွက်ဦးရေ (၂.၁၆) သန်း အသုံးပြုနိုင်မည်ဖြစ်သည်။

အဆိုပါ အဆောက်အအုံ ခရီးသစ်၏ ထူးခြားချက်မှာ ရစ်ချိတာစကေး (ဂ)အထိ ပြင်းထန်သည့် ငလျင်ဒဏ်ကို ခံနိုင်စေရန် ရည်ရွယ်၍ သံကူကွန်ကရစ်တိုင်နှင့် ရက်မစနစ် အသုံးပြုတည်ဆောက်ထားခြင်း၊ ခရီးသည်တင်/ချ ပြုလုပ်ပေးသည့် လေယာဉ်ဆိုက်ကပ်ပေါင်းကူးတံတားများ၏ နံရံသည် မှန်များဖြင့် ပြုလုပ်အသုံးပြုထားသည်။ ထို့ကြောင့်ခရီးသည်များပေါ့ပါးလွတ်လပ်စွာ အသုံးပြုနိုင်ပြီး ကြိုဆိုကြသူများကလည်း မြင်နိုင်ခြင်း၊ မော်တော် ယာဉ်စီးရေ (၂၀၀) ရပ်နားနိုင်သည့် ယာဉ်ရပ်နားကွင်းစသည်တို့.ထည့်သွင်းတည်ဆောက်ထားသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်လေယာဉ်ပြေးလမ်း၊ ဿွားလမ်း၊ ရပ်နားလမ်းများအား ၁၉၅၂ ခုနှစ်တွင် ဒိန်းမတ်အခြေစိုက် ကုမ္ပဏီခွဲတစ်ခုမှ တည်ဆောက်ခဲ့သည်။ လေဆိပ် အဆောက်အအုံကို Bonmar & Co (Culcutta) Throuth The General Engineering and Trading Co,Ltd (Yangon) မှ တည်ဆောက်ခဲ့ပြီး ၁၉၅၇ ခုနှစ်တွင် ဖွင့်လှစ်အသုံးပြုခဲ့သည်။

၁၉၈၀ ပြည့်နှစ်များအထိ မြန်မာ့လေကြောင်းသည် ဗန်ကောက်၊ ဒက္ကာ၊ ကလကတ္တား၊ ခတ္တမန္ဒုနှင့် စင်္ကာပူသို့ တစ်ပတ်တစ်ခေါက်၊ ထိုင်း၊ တရုတ်လေကြောင်းလိုင်း၊ အဲရိုးဖလုပ်တို့.မှ တစ်ပတ် (၁၃)ကြိမ် ပျံသန်းဝင်ရောက်ခဲ့သည်။ ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် ဝင်ထွက်ပျံသန်းမှု များပြားလာသဖြင့် ဝန်ဆောင်မှုပေးသည့် ကဏ္ဍာ၌ အခက်အခဲရှိလာခဲ့သည်။

ထို့ကြောင့် ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် လေဆိပ်ဟောင်းကို တိုးချဲ့ပြင်ဆင်၍ ပြည်တွင်း၊ ပြည်ပဆိုက်ရောက်/ထွက်ခွာခွဲခြား၍ တိုးမြှင့်ဆောင်ရွက်ခဲ့သည်။ သို့.တိုင် များပြားတိုးတက်လာသည့် ခရီးသည်များကို ဝန်ဆောင်မှုပေးရာ၌ ပြည့်စုံမှုမရှိနိုင်ခဲ့ချေ။ ထို့ကြောင့် ပြည်ပလေဆိပ်သစ်ကို ၁၉၉၄ ခုနှစ်၊ ဇူလိုင်လ (၁၂) ရက်နေ့တွင် တည်ဆောက်ခဲ့ပြီး ၁၉၉၆ ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်နေ့တွင် ဖွင့်လှစ်အသုံးပြုစွမ်းအားပြည့် ဆောင်ရွက်နိုင်ရန်ကြိုးစားခဲ့သည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ခရီးသည် (၂၅)ဆဲ့ Airbus A 800-600၊ ခရီးသည် (၂၆၆)ဦးဆဲ့ Airbus 840-600, A 330-300 လေယာဉ်များ ဝင်/ထွက်အသုံးပြုကာ လေကြောင်းလိုင်း (၁၂)လိုင်း တစ်ပတ်လျှင် (၈၅)ခေါက်မျှ တက်ဆင်းအသုံးပြုမှုကြောင့် လေယာဉ်ကြီးများရပ်နားရန် အကျယ်အဝန်းနှင့် လေဆိပ်အဆောက်



လေဆိပ်အဆောက်အအုံသစ်ဖွင့်ပွဲတွင် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်
(ယခုနိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး)နှင့် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့
လှည့်လည်ကြည့်ရှုစဉ်

အအုံ၏ ခရီးသည်ဝင်ထွက် အသုံးပြုနိုင်မှုအတွက် တည်ဆောက်မှုလုပ်ငန်းကို စတင်ခဲ့ပြီး Asia World ကန်.သတ်ချက်ရှိသည်။

ထို့ကြောင့် လေဆိပ်အဆောက်အအုံသစ် တည်ဆောက်ရန် လိုအပ်လာခဲ့သည်။ သို့သော် ယခင်ကကဲ့သို့ နိုင်ငံခြားမှ ပညာရှင်၊ အတိုင်ပင်ခံ၊ ကန်ထရိုက်တာများကို ငှားရမ်းခြင်းမပြုဘဲ နိုင်ငံသားပညာရှင်များ၊ ကျွမ်းကျင်သူများဖြင့် တည်ဆောက်ရန် နိုင်ငံတော်မှ လမ်းညွှန်ခဲ့သည်။ ၂၀၀၃ ခုနှစ်မှစ၍ လေဆိပ်သစ် အဆောက်အအုံကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခဲ့သည်။

လေဆိပ်တွင် လေယာဉ်ဆိုက်ကပ်ပေါင်းကူးတံတား (၄)ခုဖြင့် လေယာဉ် (၄)စင်းတစ်ပြိုင်တည်း ဆိုက်ကပ်၍ ခရီးသည် တင်/ချ ပြုလုပ်ရပ်နားနိုင်သည်။ ရပ်နားဧရိယာအတွင်း နောက်ထပ်လေယာဉ် (၆)စင်း ရပ်နားနိုင်သည်။ ခါတ်လှေကား (၅)စင်း၊ ရွှေ့လျားစက်လှေကား (၃)စင်း တပ်ဆင်ထားသည်။ အရေးပေါ်



ခရီးသည်များအား လေယာဉ်ဝန်ထမ်းများက
ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေစဉ်



လေယာဉ်စီးလက်မှတ်
စိစစ်ဆောင်ရွက်ပေးနေပုံ

လှေကားစနစ်အတွက် ရိုးရိုးလှေကား (၄)စင်း ပါဝင်သည်။ ခရီးသည်ဧရိယာတွင် လူဝင်မှုစစ်ဆေးရေးကောင်တာ(၁၂)ခု၊အကောက်ခွန်စစ်ဆေးရေးကောင်တာ (၄)ခု၊ ထွက်ခွာစစ်ဆေးမှု ကောင်တာ (၃၀)ခု၊ လေယာဉ်ကူးပြောင်းစစ်ဆေးမှု ကောင်တာ (၂)ခု၊ ငွေကြေးလဲလှယ်မှု ကောင်တာ (၅)ခု ပါဝင်သည်။ ခရီးသည်အိတ်များ သယ်ဆောင်မှုစနစ် (၅)ခု၊ ဗဟိုထိန်းချုပ်လေအေးဖြန့်ဖြူးရေးစနစ် လေယာဉ်ရပ်နားအချက်ပြစနစ်၊ လေယာဉ်ဆီဖြန့်ဖြူးရေးစနစ်၊ ရေပေးဝေရေးစနစ်၊ လေယာဉ်ဆိုက်ရောက်/ထွက်ခွာ ကြေညာမှုစနစ်၊ လုံခြုံရေးသုံးကင်မရာစနစ်၊ မီးဘေးကာကွယ်မှုအချက်ပေးစနစ်နှင့် မီးငြိမ်းသတ်မှုစနစ် စသည်တို့ပါဝင်သည့် နိုင်ငံတကာအဆင့်မီ လေဆိပ်အဆောက်အအုံသစ်ကို တည်ဆောက်ခဲ့သည်။

ထို့အပြင် ဆိုက်ရောက်/ထွက်ခွာခရီးသည်များ ဆက်သွယ်ရေးအဆင်ပြေစေရန် E1 စနစ် သုံးတယ်လီဖုန်းလိုင်းများ၊ ဝိုင်ယာလက်စနစ်သုံး ဆက်သွယ်ရေးကိရိယာများ၊ အရေးကြီးစီးပွားရေးပုဂ္ဂိုလ်များ လေဆိပ်အတွင်း၌ပင် စီးပွားရေးဆိုင်ရာ ကိစ္စများ ဆောင်ရွက်ရန် Commerical Important Personal Locenge (CIPL) ခန်းမကိုလည်း ဖွင့်လှစ်ထားရှိမည်ဖြစ်သည်။

ယင်းခန်းမတွင် အင်တာနက်၊ တယ်လီဖုန်းအသုံးပြုနိုင်ပြီး Business Matching များ ပြုလုပ်နိုင်မည် ဖြစ်သည်။ တစ်နာရီလျှင် ခရီးသည် (၁၈၀၀)၊ တစ်နှစ်လျှင် ခရီးသည် (၂.၇)သန်း ဝင်ထွက်နိုင်သည်။ လေယာဉ်ပြေးလမ်းကို လက်ရှိပေ (၈၁၀၀)မှ (၁၂၀၀၀) အထိ တိုးချဲ့ဖောက်လုပ်ပြီးဖြစ်ရာ ဘိုးရင်း (၇၄၇) လေယာဉ်ကြီးများ တက်/ဆင်းနိုင်ပြီ ဖြစ်သည်။

လေဆိပ်ပင်မ ဝင်/ထွက် ပေါက် (၅)ခုရှိပြီး အမှတ် (၁)နှင့် (၂)မှာ ဆိုက်ရောက်ခရီးသည်များအတွက် ဖြစ်ပြီး အမှတ် (၃)၊ (၄)နှင့် (၅)မှာ ထွက်ခွာ ခရီးသည်များအတွက် ဖြစ်သည်။ ထွက်ခွာဆောင်နံရံတွင် ကိန္နရီ၊ ကိန္နရာမောင်နှံရုပ်ပုံကို ငွေသားဖြင့် သွန်းလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

လေဆိပ်ဖွင့်ပွဲအား ၂၀၀၇ ခုနှစ်၊ မေလ (၂၅) ရက်နေ့တွင် စည်ကားခမ်းနားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့သည်။ "နိုင်ငံတကာ အဆင့်မီ လေဆိပ် အဆောက်အအုံသစ်ကြီး ပေါ်ထွန်းလာမှုကြောင့် တစ်နေ့တစ်ခြား တိုးတက်များပြားလာနေသော ပြည်တွင်းပြည်ပ ခရီးသည်များအတွက် အခြားသော နိုင်ငံတကာ လေဆိပ်များနည်းတူ အဆင့်မြင့်ဝန်ဆောင်မှုများ တိုးတက် ဖြည့်ဆည်းပေးနိုင်မည့်အပြင် နိုင်ငံတကာဆက်ဆံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ ပိုမိုတိုးတက်ဖြစ်ထွန်းလာမှုနှင့်အတူ မြန်မာနိုင်ငံ၊ မြန်မာလူမျိုးတို့၏ အဆင့်အတန်းမြင့်မားသည့် ယဉ်ကျေးမှုဓလေ့ စရိုက်များ၊ တည်ငြိမ်အေးချမ်းပြီး သာယာလှပသည့် ပတ်ဝန်းကျင်ကောင်းများ၊ မြန်မာလူမျိုးတို့၏



လေဆိပ်အဆောက်အအုံသစ်ဖွင့်ပွဲနေ့က လေယာဉ်ဝန်ထမ်းများ အမှတ်တရ

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အဆောက်အအုံသစ်ဆိုင်ရာအချက်အလက်များ

တည်ဆောက်သည့်ကုမ္ပဏီ	အေရှားဝေါလ်ကုမ္ပဏီလီမိတက်
စတင်တည်ဆောက်သည့်နှစ်	၂၀၀၃ ခုနှစ်၊ ဧပြီ (၁၈)ရက်
တည်ဆောက်ပြီးစီးသည့်နှစ်	၂၀၀၇ ခုနှစ်၊ မေလ (၂၅)ရက်
အဆောက်အအုံအကျယ်အဝန်း	အရှည်(၈၃၂)ပေ၊ အကျယ် (၂၀၆)ပေ
အဆောက်အအုံအမြင့်	၆၈ ပေ၊ ၆ လက်မ
အခန်းပါဝင်ဖွဲ့စည်းမှု	အကြီးအကဲပုဂ္ဂိုလ်များ နားနေခန်းသုံးခန်း ပြည်ပခရီးသည်ထွက်ခွာ ဧရိယာ ၃၆၅၀၀စတုရန်းပေ ပြည်ပခရီးသည်ဆိုက်ရောက်ရုံးခန်း- ၃၁ ခန်း သန့်စင်ခန်း- ၁၂ ခန်း ပစ္စည်းရောင်းဈေးဆိုင်များ- ၁၇ ခန်း အမှတ်တရ ပစ္စည်းရောင်းကောင်တာ- ၁၀ ဆိုင် စားသောက်ဆိုင်ငယ်- ၄ ဆိုင်
ဧရိယာ ၅၄၉၀၀ စတုရန်းပေ	
ကားရပ်နားရန်နေရာ	အကြီးအကဲပုဂ္ဂိုလ်ဆောင်- ၅၄စီး မြေညီထပ်- ၈၄ စီး မြေအောက်ထပ်- ၁၄၂ စီး
လေယာဉ်ဆိုက်ကပ်ပေါင်းကူးတံတားလှေကား	အရှည် ၁၃၈ ပေ၊အကျယ် ၁၀ ပေ-တံတားလေးခု ဓါတ်လှေကား- ၅ စင်း ရွေ့လျားစက်လှေကား-၃ စင်း ပြည်ပထွက်ခွာ- ၂ စင်း
ခရီးသည်ဆောင်အတွင်းရှိကောင်တာများ	ပြည်ပဆိုက်ရောက်- ၃ စင်း အရေးပေါ်လှေကားစနစ်၊ ရိုးရိုးလှေကား- ၄ စင်း လူဝင်မှု စစ်ဆေးရေးကောင်တာ- ၁၂ခု . အကောက်ခွန်စစ်ဆေးရေးကောင်တာ- ၄ ခု ထွက်ခွာစစ်ဆေးမှုကောင်တာ - ၃၀ ခု လေယာဉ်ကူးပြောင်းစစ်ဆေးမှုကောင်တာ- ၂ ခု ငွေကြေးလဲလှယ်မှု စစ်ဆေးရေးကောင်တာ- ၅ ခု
လုံခြုံရေးစနစ်	CCTVကင်မရာ(လုံခြုံရေးတီဗီစနစ်)-၃၂ ခု
သတင်းပေးပို့မှုနှင့် ပြန်ကြားရေးတင်ဆက်မှု	MRTV-၃၂ ခု
ဆက်သွယ်ရေးလုပ်ငန်းစနစ်	တယ်လီဖုန်းလိုင်းစုံ (လိုင်းခွဲ)-၃၀၀
ခရီးသည်အများဆုံးလက်ခံနိုင်မှု	တစ်နာရီ ၁၈၀၀ ဦး၊ တစ်နှစ်လျှင် ၂.၇ သန်း
လေယာဉ်ဆိုက်ရောက်နိုင်မှု	တစ်နာရီ ငါးစင်း၊ တစ်နှစ်လျှင် ၂၇၀၀၀မှ ၄၀၀၀၀စင်း
စီမံကိန်းတန်ဖိုး	အမေရိကန်ဒေါ်လာ ၁၃.၃သန်း၊ မြန်မာကျပ်ငွေ ၅၀၀၁၉သန်း


ယဉ်ကျေးပျူငှာသည့် ဧည့်ဝတ်ကျေပွန်မှုအစဉ်အလာကောင်း၊ ဓလေ့စရိုက်ကောင်းများ၊ နိုင်ငံတကာတွင် ပိုမိုတိုးတက်ကျော်ကြားလာမည်" ဟု နိုင်ငံတော်ခေတ္တဝန်ကြီးချုပ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (ယခုနိုင်ငံတော်ဝန်ကြီးချုပ်)က ဖွင့်ပွဲအခမ်းအနားတွင် ထည့်သွင်းမိန့်ကြားခဲ့သည်။

မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ လေဆိပ်သစ်ကြီး (၂)ခုရှိသည်။ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှာ လေးထပ်အဆောက်အအုံဖြစ်ပြီး နှစ်စဉ်ခရီးသည် (၃)သန်းနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှာ နှစ်ထပ်အဆောက်အအုံဖြစ်ပြီး နှစ်စဉ်ခရီးသည် (၂.၇)သန်း သွားလာနိုင်မည်ဖြစ်သည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အဆောက်အအုံသစ်သည် (၈၃၂)ပေရှည်၍ (၂၀၆)ပေ ကျယ်ကာ (၆၈)ပေ မြင့်သည်။ ၎င်းအပြင် ပေ (၆၀၀) ပတ်လည်ရှိ လေယာဉ်ရပ်နားရန်နေရာများ တည်ဆောက်ထားသည်။ စီမံကိန်းကုန်ကျငွေ USD (၁၃.၃)သန်းနှင့် မြန်မာငွေ (၅၀၀၁၉)သန်းရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် မန္တလေး/ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်အပါအဝင် ဘိုးရင်း (၇၄၇)လေယာဉ်ကြီးများ ပျံသန်းဆင်းတက်နိုင်သည့် လေယာဉ်ကွင်း (၇) ကွင်းနှင့် ဘိုးရင်း (၇၃၇)လေယာဉ်များ ဆင်းတက်နိုင်သည့် လေယာဉ်ကွင်းရှိနေပြီဖြစ်သည်။

မောင်ကြင်နာ

ကြိုးမဲ့အင်တာနက် နည်းပညာ



ဒေါင်ချိန်ဘွား


ကြိုးမဲ့အင်တာနက်နည်းပညာ

အီလက်ထရွန်းနစ် (Electronic) ခေါ် ဓာတ်မ လျှပ်စီးနှင့် မိုက်ခရိုဝေ့ဗ် (MicroWave) ခေါ် ပရမာ လှိုင်းတို့ကို အချိတ်အဆက်မိမိ အတွဲလိုက်ပေါင်းစပ် အသုံးပြုသော စက်မှုခေတ်ကြီးထွန်းကားလာချိန်ကို တတိယစက်မှုတော်လှန်ရေးခေတ်ဟု ဆိုစမှတ်ပြုကြသည်။

ဓာတ်မလျှပ်စီးနှင့် ပရမာလှိုင်းတို့ကို အတွဲလိုက် သုံးတတ်သောအခါ ပြန်ကြားရေးနှင့်သတင်းဆက်သွယ်ရေးနည်းပညာ (ICT= Information and Communication Technology) သည် တမှဟုတ်ခြင်း တိုးတက်လာကာ သတင်းနှင့် ပြန်ကြားရေးများကို တစ်ကမ္ဘာလုံး လျင်မြန်စွာ ဆက်သွယ်နိုင်ပြီဖြစ်သည်။

အီလက်ထရွန်းနစ်ခေါ် ဓာတ်မလျှပ်စီးကိရိယာများတွင် ဒိုင်ခံအသုံးပြုလျက်ရှိသော စက်မှုပစ္စည်းမှာ ကွန်ပျူတာ (Computer) ခေါ် ဓာတ်ဦးနှောက်ကိရိယာပင်ဖြစ်သည်။

အီလက်ထရွန်းနစ်ကွန်ပျူတာခေါ် ဓာတ်မလျှပ်စီးဓာတ်ဦးနှောက်ကို ၁၉၄၂ ခုနှစ်တွင် အမေရိကန်လူမျိုးများဖြစ်သည့် John Vincent Htanasoff နှင့် သူ့လက်ထောက် Clifford Berry ဆိုသူတို့က တီထွင်ခဲ့သည်။



WISP CPE Unit, Router, Switch, parabolic Antenna at the back

၁၉၄၃ ခုနှစ်တွင် IBM ကုမ္ပဏီက ပထမဆုံး Large-scale automatic digital computer mark I ကြီးကိုတည်ဆောက်ရာ၌ အလျား ၅၅ ပေ၊ အမြင့် ၈ ပေရှိသော ထုထည်ကြီးမားသည့် စက်ကြီးဖြစ်ခဲ့သည်။ ၁၉၄၆ ခုနှစ်က အမေရိကန်စစ်ဌာနတွင် Eniac (Electronic Numerical Integrator and Computer) ကြီးကို တည်ဆောက်ကြသောအခါ

တွင်လည်း အလေးချိန်တန် ၃၀ ရှိသည့်အခန်းပြည့် ကွန်ပျူတာကြီးဖြစ်ခဲ့သည်။

ပထမဆုံးစျေးကွက်သို့ စီးပွားရေးအဖြစ်ရောင်းချသည့် ကွန်ပျူတာမှာ သန်းခေါင်စာရင်းကောက်ခံရေးဗျူရိုက ဝယ်ယူသည့် Univac (Universal Automatic Computer) ဖြစ်ပြီး ၁၉၅၁ ခုနှစ်တွင် Eckert and Mauchly ကုမ္ပဏီက ရောင်းချခဲ့သည်။

၁၉၆၉-၇၁ ခုနှစ်များတွင် ပေါ်ပြူလာဖြစ်သည့် Linux and Macintosh OSX နည်းဖြင့် လုပ်သော personal computer များကို စျေးကွက်၌ ရောင်းချခဲ့ကြသည်။ ၁၉၇၅ ခုနှစ်တွင် Bill Gates နှင့် Paul Allen တို့က Microsoft ကို စတင်တည်ထောင်သည်။ ၁၉၇၆ ခုနှစ်တွင် Apple ကုမ္ပဏီ၊ ၁၉၈၁ တွင် IBM ကုမ္ပဏီများက ကွန်ပျူတာများကို Disk Operating System နှင့် ရောင်းချခဲ့ကြသည်။ ၁၉၈၄ ခုနှစ်တွင် Apple က Macintosh, ၁၉၉၀ ပြည့်နှစ်တွင် Microsoft က Windows စသဖြင့်အဆင့်ဆင့်တီထွင်ထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့ကြသည်။

ကွန်ပျူတာကွန်ရက်ခေါ် Network of Computer networks စနစ်ဖြစ်သည့် အင်တာနက် (Internet) ကို ၁၉၆၉ ခုနှစ်က ကွန်ပျူတာ ၄ လုံးကို ချိတ်ဆက်သောနည်းဖြင့် စတင်ခဲ့သည်။ ARPANET ဟုခေါ်ခဲ့သည်။ ၂ နှစ်ကြာပြီးနောက် အမေရိကန် ကာကွယ်ရေးဌာန (U.S Defense Department) က နေရာ ၁၅ ခုနှင့် ကွန်ပျူတာ ၂၄ လုံးကို လှမ်းချိတ်၍ ကွန်ရက်ဖြန့်လုပ်ဆောင် နိုင်ခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် U.S National Science Foundation က ပထမဆုံး အင်တာနက် (Internet) နည်းစနစ်က စတင်ကျင့်သုံးနိုင်၍ NSFNET ဟု အမည်ပေးခဲ့သည်။ ၁၉၈၉ ခုနှစ် ရောက်သော် ကမ္ဘာပေါ်တွင် ပထမဆုံး Commercial Internet Service Provider ခေါ် စီးပွားဖြစ် အင်တာနက်ထုတ်လုပ်ဝန်ဆောင်ပေးသောစနစ်ကြီး အမေရိကန်တွင် ပေါ်ပေါက်ခဲ့သည်။ Dial up access များကို ထုတ်လွှင့်အသုံးပြုစေ နိုင်ခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် အင်တာနက်ပိုင်ဆိုင်သူ လိပ်စာပေါက်သော Internet Protocol (IP) အမှတ် များသတ်မှတ်နိုင်ခဲ့ပြီး Domain



အိုင်တီဧဝတ် မြန်မာ့ဝန်းကျင်မြင်ကွင်း

1.	Technology Name	GSM	GPRS	EDGE	IS-95Ai Is-95B	Cdma 2000	1xEV-DO 1xEV-DV	W-CDMA (FDD)
2.	Current Standard or Acronym	2.G	2.5G	3.G	2.G	3.G	3.G	3.G
3.	Descriplion	Global System for Mobile Communication	Ganeral Packet Radio Service	Enhanced Data Rates for GSM Evol ution	cdma One System	1x RTT (1xRadio Telephone Technology)	1xEvohition Date only a 1xEvolution a Voice	wideband CDMA Frequcency Divi-sion Duple
4.	Introduction	1991	2001	2001	1995	2001	2001	2001
5.	Source	www.etsi.org	www,etsi.org	www.3gpp.org	www.tiaonlime.org	www.3gpp2. org	www.3gpp2.org	www.3gpp.org

1.	Technology Name	TD-SCDMA	Bluetooth	ZigBee	802.116	802.11a	802.11g
2.	Current Standard or Acronym	3.G	Bluetooth System (vol.1:core a vol.2:probile)	IEEE 802.15.4-2003	IEEE Std 802.116 1999 and 1999 Cor 1-2001	IEEE 802.11a	IEEE 802.11g-2003
3.	Descriprion	Time Division Synchronons CDMA	Shert-Ramfe Cable Remarkable Re-placement and Much More	Low-Rate Wireless Personal Area Network (LR-WLAN)	Wireless Local Area Network (WLAN)	5GH2 Wireless Lo-cal Area Network (5GHZ-WLAN)	Higher Data Rate Wireless Area Net-work (HR-WLAN)
4.	Introduction	2003(TBD)	1999	2003	1999	1999	2003
5.	Source	www.3gpp.org	www.bluetooth,org	www.Zigbee.org	www.ieee.org	www.ieee.org	www.ieee.org

names ခေါ်ကိုယ်ပိုင်အမည်ပေါက် ပုံစံများလည်း ထည့်ခွင့်ရခဲ့သည်။

၁၉၉၁ ခုနှစ်တွင် ပထမဆုံး browser ပေါ်ပေါက်လာသောအခါ World Wide Web ခေါ် WWW websites များ အသုံးပြုလာခဲ့ကြသည်။ ထိုမှတစ်ဆင့် Electronic mail (e-mail) ခေါ် ဓာတ်မလျှပ်စီးစာပို့ (ဓာတ်စာပို့) စနစ်ကမ္ဘာအနှံ့ကျယ်ကျယ်ပြန့်ပြန့် ပေးပို့ဆက်သွယ်နိုင်ခဲ့သည်။

စောစောပိုင်းတွင် ကွန်ပျူတာကို လျှပ်စစ်ဓာတ်အားလိုင်းမှ ဝါယာကြိုးနှင့် ဆက်သွယ်ပြီးမှ သုံးနိုင်သလို၊ e-mail ဓာတ်မလျှပ်စီးစာပို့စနစ်သည်လည်း မိုက်ခရိုဝေ့ဗ်ခေါ် ပရမာလှိုင်းနှင့် ပို့လွှတ်သည့် တယ်လီဖုန်းလိုင်းမှ တပ်ဆင်၍အသုံးပြုကြရသည်။

တယ်လီဖုန်းစကားပြော ကြေးနန်း များသည် စတင်ပေါ်ပေါက်စဉ်က ကြေးနန်းကြိုးများဖြင့် ဆက်သွယ်ပြီးမှ အသုံးပြုနိုင်သောကြောင့် မြန်မာတို့က စကားပြောကြေးနန်းဟု အမည်ပေးခဲ့သည်။ခေတ်သစ်သိပ္ပံပညာများပို၍ ထွန်းကားလာသောအခါ စကားပြောကြေးနန်းစနစ်သည် ကြေးနန်းကြိုးသွယ်တန်းရန် မလိုဘဲ ကြိုးမဲ့ကြေးနန်းခေါ် Wireless ဝါယာလက်စနစ်များ ပေါ်ပေါက်လာသည်။

ဝါယာလက်စကားပြောစနစ်ကို ၁၉၀၀ ပြည့်နှစ်တွင် ရေဒီယိုလှိုင်းမှ ဆက်သွယ်ပြောဆိုနိုင်သောအခါ ဝါကီတော်ကီများ အသုံးများလာသည်။ ထိုမှတစ်ဆင့် ၁၉၄၇ ခုနှစ်တွင် ဆယ်လူလာဖုန်း (Cellular Telephone) ကို အမေရိကန်လူမျိုး Bell Labs က တီထွင်ခဲ့သည်။ ၁၉၅၀ ခုနှစ်တွင် အမေရိကန် Al Gross ဆိုသူက Cordless Telephone ခေါ် ကြိုးမဲ့ဖုန်းကို တီထွင်ခဲ့ပြန်သည်။

ကမ္ဘာပေါ်တွင် ၁၈၉၅ ခုနှစ်က အီတလီလူမျိုး Marconi ရှာဖွေတွေ့ရှိခဲ့သော Radio ရေဒီယိုအချက်ပြစနစ်ပေါ်ပေါက်လာခြင်းသည် ဝါယာလက် ခေါ် ကြိုးမဲ့ဆက်သွယ်ရေးစနစ်ကြီး ကမ္ဘာကို လွှမ်းခြုံစေခဲ့သော လက်ဆောင်ပဏ္ဏာကြီးတစ်ခုပင်ဖြစ်ခဲ့သည်။

ဤသို့ ကြိုးမဲ့ Wireless ဆက်သွယ်ရေးနည်းစနစ်များ ကျယ်ပြန့်လာသောအခါ ဓာတ်ပြောခွက်များတွင် သာမက၊ ရေဒီယိုဓာတ်ကြွလှိုင်းများ၊ တီဗွီ (Television) ရုပ်မြင်သံကြားများလည်း ကြိုးမဲ့ဆက်သွယ်ပြီး ကမ္ဘာ့ဆက်သွယ်ရေးလမ်းမကြီးများကို ကွန်ရက်ယှက်ဖြာစေခဲ့သည်။

ICT ခေါ် သတင်းပြန်ကြားရေးနှင့် ဆက်သွယ်ရေးနည်းပညာအထွတ်အထိပ်ရောက်နေသော ဤခေတ်ကြီး



DSL Router, 14 dBi 14 inch Flat Panel Antenna, Cisco Router, Cisco Switch

တွင်မူ ကြိုးမဲ့စနစ်သည် အင်တာနက်နှင့် အီးမေးလ်ခေါ် အလက်များဖြင့် တစ်ဖက်ပါဇယားအတိုင်း ပြုစုဖော်ပြ ကွန်ရက်ချင်းဆက် (ကွန်ရက်ဆက်)နှင့် ဓာတ်မ ထားပါသည်။

လျှပ်စီးစာပို့စနစ် (ဓာတ်စာပို့) များတွင်လည်း အသုံး ဖော်ပြပါဇယားကို ကြည့်ရှုနိုင်ရန် ဥပမာဖြင့် တည့်လာခဲ့သည်။ Nationwide wireless access အနည်းငယ် ရှင်းလင်းဖော်ပြပါမည်။ ဥပမာ ဂျီအက်စ်အမ် ခေါ်အင်တာနက်ကို Wi-Fi နည်းပညာနှင့် ကျင့်သုံး ဖုန်း (GSM Phone) အကြောင်း သိလိုပါက သူ၏ လိုက်သောအခါ ဆက်သွယ်ရေးစက်မှုပညာတွင် နည်းပညာအမည်မှာ လက်ရှိစံအမှတ် အတိုကောက်မှာ အံ့သြဖွယ် အကျိုးဖြစ်ထွန်းမှုများရရှိလေတော့၏။ 2-G ဖြစ်ပါသည်။ အကြောင်းအရာမှာ Global

ယခုအခါ ကမ္ဘာ့ကြိုးမဲ့နည်းပညာ (Global System For Mobile Communication Wireless Technology) ဟု သိပ်ပံလောကဌ် တရားဝင် ရွှေ့လျားကိုင်တွယ်ဆက်သွယ်နိုင်သော ကမ္ဘာလုံးဆိုင်ရာ ခေါ်ဝေါ်နေသော ကြိုးမဲ့စနစ်မျိုးစုံပေါ်ပေါက်ဖြစ်ထွန်း စနစ်ဖြင့်ပြုလုပ်ထားသည့် တယ်လီဖုန်းဓာတ်ပြားခွက် လာ၍ လှိုင်လှိုင်ကြီးအသုံးပြုလျက်ရှိကြသည်။ ဖြစ်သည်။ ဤကိရိယာကို ၁၉၉၁ ခုနှစ်တွင် စတင်

တယ်လီဖုန်း ဓာတ်ပြားခွက်နှင့် အင်တာနက်၊ ထုတ်လုပ်ခဲ့သည်။ www.etsi.org ဝက်ဆိုက်တွင် အီးမေးလ်ခေါ် ကွန်ရက်ဆက်နှင့် ဓာတ်စာပို့ လုပ်ငန်းများ အသေးစိတ်ကြည့်နိုင်သည်။

တွင် ကမ္ဘာ့ကြိုးမဲ့နည်းပညာအဆင့်ဆင့် ဖြစ်ထွန်းလာပုံ စီဒီအမ်အေ (cdma) ခြင်းဖုန်းသည် လေးမျိုးရှိရာ၊ ကို နည်းပညာအမည် (Technology Name) ပထမဆုံး cdma one system ကို နည်းပညာအမည် လက်ရှိစံမှတ် သို့မဟုတ် အတိုကောက်စကားလုံး အားဖြင့် IS-95Ai, IS-95B ဟု အမည်ပေးခဲ့သည်။ (Current Standard or Acronym)၊ အကြောင်းအရာ လက်ရှိစံအမှတ်အတိုကောက်သည် 2-G ပင်ဖြစ်သည်။ (Description) Introduction (စတင်သည့်နှစ်)၊ ၁၉၉၅ ခုနှစ်တွင် စတင်ထုတ်လုပ်ခဲ့၍ cdma ၏ မူလဝက်ဆိုက် (Source) စသော ခေါင်းစဉ်ငယ်အချက် အဓိပ္ပာယ်မှာ Code Division Multiple Access ဟူ၍

ဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်တွင် ဒုတိယ cdma အမျိုးအစားပေါ်လာ၍ 1 x Radio Telephone Technology ဟု ခေါ်ပါသည်။ တတိယမှာ W-CDMA (FDD) ဖြစ်၍ ၂၀၀၁ ခုနှစ်မှာပင်ပေါ်ပေါက်ပြီး Wideband CDMA Frequency Division Duple ဖြစ်ကာ 3-G အတိုကောက်စံအမှတ်ဖြစ်ပါသည်။ တတိယမှာ ၂၀၀၃ ခုနှစ်တွင် ပေါ်ပေါက်သော TD-SCDMA ဖြစ်ပါသည်။ Code နံပါတ်နှင့် မခွဲဘဲ ပို၍ခေတ်မီသော Time Division ခေါ်အချိန်နှင့် ပိုင်းခြားခွဲယူသည့် နည်းပညာဖြစ်ပါသည်။

ယခုနောက်ဆုံးပေါ်ကြိုးမဲ့အင်တာနက်ကွန်ရက်စနစ်ကို ဖော်ပြလိုပါသည်။ နည်းပညာအမည်မှာ 802.11g ဟု ဇယားတွင်ဖော်ပြထားပါသည်။ အမှန်က 802.11h အထိရောက်နေပြီဖြစ်ပါသည်။ သူ၏ လက်ရှိစံမှတ်အတိုကောက်သည် IEEE 802.11g-2003 ဖြစ်ရာ၊ ၂၀၀၃ ခုနှစ်က ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားပါသည်။ IEEE ဆိုသည်မှာ International Electrical and Electronic Engineer အဖွဲ့က သတ်မှတ်စံထား၍ အသိအမှတ်ပြုထားသည့် အမှတ်လက္ခဏာဖြစ်ပါသည်။ ထိုနည်းပညာသည် Higher Data Rate Wireless Area Network (HR-WLAN) ဖြစ်သလိုအဲ့ဒ်တာနက်အတွက် နောက်ဆုံးပေါ်ကြိုးမဲ့နည်းပညာဖြစ်ပါသည်။

အဆိုပါ IEEE 802.11g နည်းပညာပေါ်သည်နှင့် အမေရိကန်နိုင်ငံမှ တက္ကသိုလ်ပါမောက္ခကြီးတစ်ဦးသည် ကြိုးမဲ့အင်တာနက်ကို CDMA နည်းအစား TDFH ဆိုသည့် နည်းပညာကို တီထွင်၍ ပေါင်းစပ်စမ်းသပ်ခဲ့ပါသည်။ လက်တွေ့ စမ်းသပ်ခန်းဌ စမ်းသပ်အောင်မြင်သောအခါ၊ လက်တွေ့ကွင်းဆင်းတပ်ဆင်ကြည့်ရန်လိုအပ်လာပါသည်။ ထိုပါမောက္ခကြီးသည် အမေရိကန်နိုင်ငံရှိ ကွန်ပျူတာလုပ်ငန်းရှင်များနှင့် ဆက်သွယ်၍ မိမိ၏အသစ်တီထွင်သော နည်းပညာကို စမ်းသပ်လိုသော်လည်း ကုမ္ပဏီကြီးများ၏ ဝါးမျိုသွားခြင်းကိုခံရမည်လည်း စိုးရိမ်ခဲ့သည်။ ထို့ကြောင့် အင်တာနက်မှနေ၍ အိုင်တီလုပ်ငန်းလုပ်ကိုင်နေသည့် ကုမ္ပဏီအသေးစားများကို လိုက်ရှာဆက်သွယ်သောအခါ မြန်မာပြည်၌ သွားရောက်လုပ်ကိုင်နေသော ကွန်ပျူတာပညာရှင်များ၏ အိုင်တီအင်ကော်ပိုရေးရှင်းကို အဆက်အသွယ်ရရှိခဲ့သည်။

ပါမောက္ခကြီးသည် သူတီထွင်သော TDFH (Time Division Frequency Hooping) system နောက်ဆုံးနည်းဖြင့် Wi Fi Wireless Hot spot Service လုပ်ငန်းကို စမ်းသပ်တပ်ဆင်လုပ်ကိုင်ကြည့်ရာ အောင်မြင်မှုရသဖြင့် အမေရိကန်ပြည် လော့စ်အိန်းဂျလိစ် မြို့ကြီးတွင် ရဲဌာန၏ ပက်ထရိုလှည့်လည်မော်တော်ယာဉ်များအချင်းချင်း ဆက်သွယ်အချိတ်အဆက်လုပ်သည့်လုပ်ငန်းတွင် IEEE 802-11 g Hot Spot Service လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသွားသည်။

Hot Spot Service သည် အင်တာနက်နှင့် အီးမေးလ်များသာမက VOIP (Voice Over Internet Protocol) ခေါ် ကြိုးမဲ့အင်တာနက်ကွန်ရက် လိပ်စာရှိသူများ တယ်လီဖုန်းဆက်သွယ်ရေးကိုပါ ထည့်သွင်းအသုံးပြုနိုင်သည့်လုပ်ငန်းဖြစ်ပါသည်။

Hot Spot ကို ၂၀၀၀ ပြည့်လွန်နှစ်များမှစ၍ ကမ္ဘာအရပ်ရပ်၌ အလွန်ခေတ်စားလာသော IEEE 802-11 Wireless Internet Access စနစ်ဖြင့် တည်ထောင်ခြင်းဖြစ်ပါသည်။

ဂြိုဟ်တုမှ လာသော မိုက်ခရိုလှိုင်းအရင်းမြစ်ကို DSL သို့မဟုတ် Fiber Optic စသော အခြေခံအဆောက်အအုံရှိသူများထံမှ ရယူသုံးစွဲရန်ဖြစ်ပါသည်။ ဥပမာ–မြန်မာပြည်၌ဆိုပါက DSL, Fiber Optic နှင့် IP Stars စသော မိုက်ခရိုလှိုင်းများကို ဂြိုဟ်တုမှ ဆက်သွယ်ထားသည့် Broad band သို့မဟုတ် Back Bone အခြေခံအဆောက်အအုံများကို မြန်မာ့ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် မြန်မာတယ်လီပို့တည်းဟူသော Internet Service Provider ခေါ်အင်တာနက် ဝန်ဆောင်မှုလုပ်ငန်းထုတ်လုပ်ပေးသည့် အရင်းအမြစ်များရှိပါသည်။

ထို့ကြောင့် အမေရိကန်တွင် Wi Fi Wireless Hot Spot Service လုပ်ငန်းကို ပါမောက္ခကြီးနှင့် ပူးတွဲလုပ်ကိုင်ခဲ့သော မြန်မာအင်တာနက်အင်ကော်ပိုရေးရှင်းမှ မြန်မာနွယ်ဖွားများသည် ဤနောက်ဆုံးပေါ်ကြိုးမဲ့စကား


ပြောခွက်ပါဆက်သွယ်လုပ်ကိုင်နိုင်သည့်လုပ်ငန်းကို မြန်မာပြည်သို့ လာရောက်လုပ်ကိုင်ပေးလိုသည့် ဆန္ဒဖြစ်ပေါ်ခဲ့လေသည်။

၂၀၀၃ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ စတင်အသုံးပြုသော Wireless Internet Service Provider လုပ်ငန်း (WISP) သည် ကမ္ဘာပေါ်တွင် အခြားမည်သည့်နိုင်ငံတွင်မှ မလုပ်ကိုင်သေး၍ အသစ်အဆန်းဖြစ်နေခဲ့ပါသည်။ ဤ VOIP (Voice Over Internet Protocal) ခေါ် အင်တာနက်နှင့် ဖုန်းလိုင်းချိတ်ပြီး ပြောဆိုနိုင်သော စနစ်သစ်သည် ထိုနှစ်ထိုကာလအတွင်း အထူးအဆန်း နည်းပညာသစ်ဖြစ်နေသည့်အပြင်၊ ကွန်ပျူတာအဘိဓာန်များ၌ပင်မပါသေးသည် TDFH system နှင့် တပ်ဆင်ပေးသည်ဆိုသောကြောင့် ဂျပန်နိုင်ငံမှ NEC, NTT အစရှိသော နိုင်ငံတကာအီလက်ထရွန်းနစ်လုပ်ငန်းကော်ပိုရေးရှင်းကြီးများပင် စိတ်ပါဝင်စားမှုကြီးစွာဖြင့် မြန်မာပြည်တွင် တပ်ဆင်ရန် တာစူလာသည့် Hot Spot Service ခေါ် WISP လုပ်ငန်းကိုဆက်သွယ်ခြင်း၊ မြန်မာပြည်သို့ လာရောက်လေ့လာဆွေးနွေးခြင်းများ အကြိမ်ကြိမ်ပြုလုပ်ခဲ့လေသည်။

Hot Spot Service လုပ်ငန်းဖြင့် လုပ်ကိုင်မည့် WISP ခေါ် ကြိုးမဲ့အင်တာနက်ဝန်ဆောင်မှု ထုတ်ပေးသော လုပ်ငန်းတွင် VOIP ခေါ်အင်တာနက်ပိုင်လိပ်စာရှင်ကိုတယ်လီဖုန်းသီးသန့်တပ်ဆင်ပေးသည့်နည်းပညာသည် ၂၀၀၃ ခုနှစ်မှစ၍ ကမ္ဘာတွင် လျင်မြန်စွာပျံ့နှံ့ခဲ့သည်။

အင်တာနက်တွင် ဝက်ဆိုက်ရှိသောသူ အီး-မေးလ်လိပ်စာရှိသောသူကို ပရိဂရမ်သွင်း၍ တယ်လီဖုန်းအဆက်အသွယ်လုပ်ပေးပါက ကမ္ဘာပေါ်ရှိ အခြားအင်တာနက် အီးမေးလ်တွင် တယ်လီဖုန်းတပ်ဆင်ထားသူများ၊ ဂျီအက်စ်အမ်နှင့် ဆဲလ်ဖုန်းကိုင်သူများကို သာမက ဒစ်ဂျစ်တယ် (မိုက်ခရိုဝေ့ဗ်) တပ်သောကြိုးဖုန်း၊ အိမ်ဖုန်းများကိုပါ ဖုန်းပြောဖုန်းလက်ခံ၍ ရလေသည်။ အင်တာနက် တပ်ဆင်ကြေးနှင့် အီးမေးလ် အသုံးပြုနှုန်းသာ ကျသင့်သလောက် ပေးဆောင်ရမည်ဖြစ်ပြီး ဖုန်းပြောခပင် ပေးရန်မလိုပါ။

ဤ VOIP စနစ်ကို Google အစရှိသော ကမ္ဘာ့အင်တာနက်ကုမ္ပဏီကြီးများက ပရိဂရမ်သွင်းပေးပြီး တစ်ကမ္ဘာလုံးအင်တာနက်နှင့် တွဲသောဖုန်းအချင်းချင်း



AP controller, Prosector Antenna, Lap Top, Hub

G-Talk အဖြစ် ဖုန်းပြောနိုင်စေရန်လုပ်ဆောင်ပေးမည်ဖြစ်သည်။

နောက်ဆုံးပေါ် WISP နည်းပညာသည် တပ်ဆင်ရန် စရိတ်စကနည်း၍ လျင်မြန်လွယ်ကူသောနည်းဖြစ်သည်။ နောက်ဆုံးပေါ်ခေတ်လွန်ကိရိယာများကို သုံးတတ်ရန် သာလိုပါသည်။

WISP တပ်ဆင်ပုံတပ်ဆင်နည်း အကျဉ်းချုပ်ကို သာမန်လူများသိနိုင်သည့် နည်းပညာအသုံးအနှုန်းနှင့် အတိုချုပ်ဖော်ပြပါမည်။

ဦးစွာပထမ Main Pop ခေါ် အခြေခံအဆောက် အအုံတစ်ခုရှိရန်လိုသည်။

မြန်မာပြည်၌ ဆိုပါက မြန်မာ့ဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် မြန်မာတယ်လီပို့တို့တွင် အဆိုပါအခြေခံ အဆောက်အအုံမျိုးရှိကြပါသည်။

Main Pop များတွင် IP Star, E1 Line, DSL, Fiber Optic စသော ဂြိုဟ်တုမှ မိုက်ခရိဝေ့ဗ်များကို ဖမ်းယူခြင်း၊ ထုတ်လွှင့်ပေးခြင်းများကို လုပ်ဆောင်သည့် ကိရိယာများ တပ်ဆင်ထားရန်ဖြစ်ပါသည်။ Internet Broad Band သို့မဟုတ် Backbone များတွင် Satellite disk ခေါ်စလောင်းဖုံးကြီးများရှိရပါမည်။ တာဝါမျှော်စင်တိုင်ကြီးများရှိရပါမည်။

Mail Server, Radius Server, DB Server, Proxy Server, BackEnd Voice, Billing Server စသော ဆာဗာများလိုအပ်သလောက် တပ်ဆင်ထားရပါမည်။ Cisco Router or CSU-DSU များနှင့် အခြားဂြိုဟ်တုမှ မိုက်ခရိလှိုင်းဖမ်း/ထုတ်ကိရိယာများ တပ်ဆင်ထားရပါမည်။

WISP အတွက်ကိရိယာများမှာ Main Pop ဆာဗာခန်းထဲတွင် Router များ၊ Switch များ၊ AP Controller ခေါ် (Access Point Controller)များ တပ်ဆင်ပြီး ထိုမှနေ၍ မျှော်စင်တိုင်ပေါ်ရှိ AP Controller များမှ တိုင်ထိပ်ရှိ Parabolic Antenna နှင့် Prosector Antenna များကို ဝါယာကြိုးနှင့် ဆက်သွယ်ရပါမည်။ ဤမျှော်စင်ပေါ်မှ Antenna များသည် Main Pop Station အတွင်းမှ DHCP/ Wireless Server စသော ဖော်ပြပြီး infrastructures များနှင့် LMR Cable ဖြင့် ဆက်သွယ်ပြီး ရေဒီယိုအသံလှိုင်းများကို ဂြိုဟ်တုကလာသည့် မိုက်ခရိလှိုင်းမှတစ်ဆင့် ထုတ်လွှင့်ပေးပါမည်။ Lightning Protector ခေါ် မိုးကြိုးလွဲကိရိယာလည်း Prosector Antenna နှင့် ဆက်၍တပ်ဆင်ထားပြီးဖြစ်ရပါမည်။

မျှော်စင်ပေါ်ရှိ Prosector Antenna သည် အမျိုးအစားများစွာရှိရာ၊ သာမန်အားဖြင့် 2.4 GHz, 90-Degree, 15 dBi gain အမျိုးအစားတပ်ဆင်ရန် သင့်ပါသည်။ ထို Antenna မှ ထုတ်လွှင့်လိုက်သော ရေဒီယိုလှိုင်းများသည် CSMA/CA(Carrier Sense Multiple Access/Collision Avoidance) လှိုင်းများအဖြစ်လွှင့်ထွက်လျက်ရှိပါမည်။ ရေဒီယိုအမျိုးအစားမှာ သာမန်အားဖြင့် FHSS (Frequnecy Hooping Spread Spectrum) အမျိုးအစားဖြစ်သည်။

ပါမောက္ခကြီးနောက်ဆုံးတီထွင်ထားသော ရေဒီယိုလှိုင်းအမျိုးအစားသည် TDFH (Time Division Frequency Hooping) အမျိုးအစားဖြစ်ရာ၊ FHSS နှင့် ကွာခြားပုံကိုရှင်းပြလိုပါသည်။ FHSS စနစ်သည် အင်တာနက် သို့မဟုတ် ဖုန်းနှင့် မိမိက ခေါ်ဆိုလိုက်ပြီး UP Stream ရေဒီယိုမိုက်ခရိလှိုင်းသည် အင်တာနက် သို့မဟုတ် ဖုန်းဆီသို့ Down Stream ခေါ်ဆင်းလာရိုက်ခတ်ပေးသောနည်းဖြင့် ရောက်ရှိပါမည်။ FHSS နည်းစနစ်တွင် ဆင်းလာသော လှိုင်းသည် ပြောဆိုအသုံးပြုလျက်ရှိသော အင်တာနက်နှင့် ဖုန်းများကို ဝင်ရာ၌ တစ်ခုမအားလျှင်တစ်ခု Hop ခုန်၍ခုန်၍ လိုက်ရှာရပါသည်။ အချိန်ကြာတတ်ပါသည်။ Noice or other collision ခေါ် အသံနှင့်အခြားအနှောင့်အယှက်ကြုံနိုင်သည်။

TDFH စနစ်တွင်မူ ထုတ်စဉ်ကရော လက်ခံမည့် အချိန်ကပါ မိမိအင်တာနက်သို့မဟုတ် ဖုန်းက ဖရိကွင်စီများသည် အချိန်တိုင်းခွဲခြား၍ လှည့်ပတ် Hoop လုပ်ပြီး ထုတ်လွှင့်ခြင်းလက်ခံခြင်းပြုလုပ်နေသည့်အတွက်အခြားဖုန်းအင်တာနက်များကိုခုန်၍ လိုက်ရှာနေရန်မလိုဘဲ၊ Down stream ခေါ် ဆင်းချလာသည့် ရေဒီယိုမိုက်ခရိလှိုင်းကို ပတ်ချာလှည့်ပြီး ကြိုစောင့်နေသောကြောင့် မိမိစက်ထဲသို့သာ တိုက်ရိုက်လှိုင်းများ ပြေးဝင်လာသည်။

မျော်စင်တိုင်ထိပ်မှ လွှင့်ထုတ်ပေးလိုက်သော ရေဒီယိုမိုက်ခရိုလှိုင်းများသည် အနီးကပ်မှာရော အဝေးရှိ (၁၀ မိုင်အထိ ရောက်နိုင်သည်) လက်ခံမည့် အင်တင်နာထံသို့ ၉၀ ဒီဂရီအတွင်း အရောက်လွှတ်ပေးပါသည်။

ထိုလွှင့်ထုတ်ပေးသည့် လှိုင်းများကို မိမိကွန်ပျူတာရှိရာ အခန်းထဲသို့ ကြိုးမဲ့အရောက်ပို့ပုံမှာ၊ လိုအပ်သည့် ကိရိယာများတပ်ဆင်ပေးရံသာဖြစ်ပါသည်။

လက်ခံသူဖောက်သည် စားသုံးသူတို့၏ ကွန်ပျူတာရှိရာနေရာကို CPE Station ခေါ်ဖောက်သည်ပိုင်နက် ကိရိယာများထားရှိရာ စခန်းရုံဟုခေါ်ပါသည်။

ထို CPE (Customer Premises Equipments) Station ၏ ခေါင်မိုးပေါ် သို့မဟုတ် နီးရာတိုင်တစ်ခုပေါ်တွင် လှိုင်းလက်ခံသည့် အင်တင်နာတစ်ခု တပ်ဆင်ထားရပါမည်။

ယခုအခါဤနေရာ၌ Flat Panel Antenna အမျိုးအစားကို တပ်ဆင်ပေးပါသည်။ ထိုအင်တင်နာသည် 4dBi မှနေ၍ 24 dBi Built-in လုပ်ထားသော အထူ ၂ လက်မ၊ အလျားအနံ ၄ လက်မမှ ၂၄လက်မ အထိရှိသော လေးထောင့်အပြားများဖြစ်ပါသည်။ ထို CPE unit အင်တင်နာပြားသည် မျော်စင်တိုင်ထိပ်တွင် ချိတ်တင်ထားသည့် Prosector Antenna မှ Frequency Range 2.400 မှ 2.4835 GHz မျှသာ လှိုင်းအားဖြင့် ထုတ်လွှင့်လိုက်သော ရေဒီယိုမိုက်ခရိုလှိုင်းများကို ကောင်းစွာလက်ခံယူပါသည်။


ထို့နောက် ဝါယာကြိုးနှင့် AP Controller ၊ Cisco Router or CSU, DSU တို့ကိုဆက်သည်။ ထို Core Router ထံရောက်ပြီးနောက် Cisco Switch နှင့် ဆက်လိုက်သောအခါ DHCP wireless Server ထံရောက်ပါမည်။ ထိုမှဆက်၍ Catch/Proxy Server များမှ ဖြတ်ပြီး LAN Cable (10/100 Base TX) ဖြင့် အသုံးပြုလိုသူ၏ ကွန်ပျူတာထဲသို့ ကြိုးနှင့်ဝင်ပါမည်။ ထိုကွန်ပျူတာသည် Monitoring Computer ပင်မကွန်ပျူတာပင်ဖြစ်ပါသည်။

အဆောက်အအုံအတွင်းရုံးခန်းရှိ မိမိကွန်ပျူတာသို့ အမိုးပေါ်ရှိ အင်တင်နာမှ ကြိုးနှင့် ဆက်သွယ်ရောက်ရှိလာပြီးနောက် အင်တာနက်အီးမေးလ်မှအသုံးပြုနိုင်ပြီဖြစ်သည်။ အကယ်၍ ဖုန်းနှင့်ဆက်သွယ်လိုပါက Phone Line Router တပ်ဆင်ပြီး ပရိဂရမ်ထည့်ပေးရမည်။ ထိုအခါ ဖုန်းလည်း ပြောနိုင်သည်။ အကယ်၍ ဖုန်းပြောသူနှင့် တစ်ဘက်ဖုန်းလက်ခံသူတို့သည် အသံသာမက ရုပ်ပါမြင်လိုပါက မိမိကွန်ပျူတာ သို့မဟုတ် Laptop ထိပ်တွင် View Len တပ်လိုက်ပါကဖုန်းပြောစဉ် မိမိပုံနှင့် တစ်ဖက်လူ၏ပုံပါ အထက်အောက် ၂ ပုံခွဲ၍ တွေ့မြင်နိုင်သည်။

ဤမူလကွန်ပျူတာထဲသို့ အင်တာနက်လှိုင်းများရောက်ရှိအောင် လုပ်ပေးပြီးပါက၊ မီတာ ၁၀၀ ပတ်လည်အကျယ်အတွင်းရှိ Customer Premises ထဲတွင် အခြားကွန်ပျူတာနှင့် တယ်လီဖုန်းအလုံး ၂၅၆ လုံးအထိပွား၍ ရပါသည်။ ဆင့်ပွားအသုံးပြုသော ကွန်ပျူတာများနှင့် တယ်လီဖုန်းများအတွက် သီးသန့် IP Address, Website နှင့် သီးသန့်ဖုန်းနံပါတ်များကို တစ်ဦးစီအတွက် ခွဲခြားသတ်မှတ်ပေးနိုင်ပါသည်။ ဖုန်းနံပါတ်သီးခြားရရှိပိုင်ဆိုင်ရန်အတွက် ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ Public Telephone Network နှင့် ချိတ်ဆက်ပေးရပါမည်။ ထိုအခါ Public Phone of Voip ဖြစ်သွားပါတော့သည်။

ဤ WISP စနစ်သည် ငွေရင်းကုန်ကျစရိတ်နည်းပါးပြီး ထိရောက်ကောင်းမွန်သော နည်းပညာဖြင့် ပြုလုပ်ထားသည့် ၂၁ ရာစုနှစ်၏ နောက်ဆုံးပေါ် နည်းပညာများဖြစ်ပါသည်။

မျော်စင်ထိပ်ရှိ Prosector Antenna သည် ၁၀ မိုင် ဝေးသည်အထိ ထိုအင်တင်နာလှည့်ရာ မျက်နှာမူရာ အရပ် ၉၀ ဒီဂရီအတွင်းရှိ CPE Station ခေါ်ဖောက်သည်ပိုင်နက်ကိရိယာများ စခန်းထိပ်ရှိ Flat Panel Antenna များထံ ရေဒီယိုလှိုင်းများပို့လွှတ်နိုင်ပါသည်။ အကယ်၍ ၁၀ မိုင်ထက် ပိုဝေးသော နေရာများသို့ ပို့လွှတ်လိုပါက နောက်ထပ်မျော်စင်တစ်ခုပေါ်တွင် Prosector Antenna တစ်ခုထပ်တင်၍ Relay လုပ်ပေးနိုင်ပါသည်။ အကယ်၍ ၉၀ ဒီဂရီထက်ပိုကျယ်သော မျက်နှာပြင်မြေအနှံ့သို့ ပို့လွှတ်လိုပါက၊ ၁၈၀



Main Pop Tower

ဒီဂရီအတွက် Prosector Antenna ၂ ခု ဘေးချင်းကပ်ထောင်ပေးလိုက်ရုံသာဖြစ်ပါသည်။ ၃၆၀ ဒီဂရီပတ်လည်ရှိနေရာအားလုံးကိုပို့လွှတ်လိုပါကအင်တင်နာ ၄ ချောင်း ကျောချင်းကပ်တပ်ဆင်ပေးရုံသာဖြစ်ပါသည်။

မျှော်စင်ပေါ်ရှိ Prosector Antenna သို့ Main Pop မှ မိုက်ခရိုလှိုင်းများပို့ရာတွင်လည်းကောင်း၊ ထိုမျှော်စင်ပေါ်မှ ရေဒီယိုလှိုင်းများလက်ခံသည့် CPE Station ခေါ် ဖောက်သည်ပိုင်နက်မှ အမြင့်ရှိ Flat Panel Antenna ကနေ၍ အသုံးပြုသူ၏ ကွန်ပျူတာပင်ရင်းတစ်ခုထံရောက်အောင်လည်းကောင်း ကြိုးများသုံးခဲ့ရုံမှအပ၊ ကျန်ဆင့်ပွားများအတွက် ကြိုးတပ်ရန်မလိုတော့၍ ကြိုးဖိုးကုန်ကျစရိတ်နည်းခြင်း၊ ကြိုးတပ်ဆင်ခသက်သာခြင်းနှင့် ကြိုးရှုပ်သည့်အလုပ်ရှင်းခြင်းစသော ကောင်းကျိုးများကို ရရှိပါသည်။

ဤ Hot Spot Service ခေါ် ကြိုးမဲ့အင်တာနက်ထုတ်လုပ်ပေးသည့်လုပ်ငန်း (WISP) သည် မြို့ကြီးတစ်မြို့လုံးသို့ ထုတ်လွှင့်ပေးနိုင်အောင် ကျယ်ပြန့်ပါသည်။ တစ်ကမ္ဘာလုံးနှင့်လည်း ဆက်သွယ်နိုင်ပါသည်။

WAN (Wide Area Networking) ဆိုပါက တစ်ကမ္ဘာလုံးရော တစ်မြို့လုံးပါ ဆက်သွယ်ကွန်ရက်ဖြန့်နိုင်ပြီး LAN (Local Area Networking) ဆိုပါက ဌာနတစ်ခုအတွင်း၊ ရုံးတစ်ခုအတွင်း၊အဆောက်အအုံတစ်ခုအတွင်း အချင်းချင်းဖြန့်ကျက် ဆက်သွယ်နိုင်ပါသည်။

LAN အဖြစ် ဆိပ်ကမ်းများတွင် ဆိပ်ကမ်းအာဏာပိုင်အဖွဲ့ရုံးနှင့် ဆိပ်ကမ်းထဲရှိ ရုံးခွဲများ ဆိုက်ကပ်ထားသည့်သဘော်များ၊ လမ်းပြသွားလာသဘော်များ၊ ပင်လယ်ဝရှိသဘော်များထဲအချင်းချင်းဆက်သွယ်နိုင်သော ကြိုးမဲ့အင်တာနက်ထုတ်ပေးမှုစနစ်အကြီးစား၊ အလတ်စား၊ အငယ်စားများ တပ်ဆင်ထုတ်လုပ်ပေးနိုင်ပါသည်။ ထို့ကြောင့် Hot Spot Service ဟု ခေါ်တွင်ပါသည်။

ယခုကဲ့သို့ တိုးတက်မှုလျင်မြန်လွန်းသော ခေတ်ကြီးတွင် ယခုလို ခါတော်မီပေါ်ထွက်လာသော WISP နှင့် VOIP နည်းပညာသုံးလုပ်ငန်းများသည် ခေတ်လူငယ်များနှင့် အသင့်လျော်ဆုံးသော နည်းပညာများလည်းဖြစ်၍ ပိုမို လေ့လာဖတ်ရှုရန်လိုပါသည်။

ကမ္ဘာအရပ်ရပ်တွင် ပျံ့နှံ့လုပ်ဆောင်စပြုနေသော Hot Spot Service လုပ်ငန်းများ မြန်မာပြည်၌လည်း မကြာတော့သည့်ကာလအတွင်း ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာတော့မည်ဖြစ်ပါသည်။ ယင်းသို့ အချိန်မီအသုံးပြုနိုင်ရန်အတွက် မြန်မာအင်ဖိုတက်မှသည် ရတနာပုံဆိုင်ဘာစီးတီးတိုင်အောင် အိုင်စီနည်းပညာများ တိုးတက်သည်ထက် တိုးတက်အောင် ဦးဆောင်လုပ်ကိုင်နေသည့် လုပ်ငန်းရှင်များကလည်းလိုအပ်သည်များကို ဝိုင်းဝန်း အားဖြည့်လုပ်ဆောင်ပေးတော့မည့် အခြေအနေကောင်းများပေါ်ထွန်းနေပြီဖြစ်လေတော့သည်။

အောင်ချိန်ဘွား

ပြန်ပေး
e-Library
e-Library
USDA Youth
TEXT BOOK DETAILS
တင်ဝင်းရည်
(တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်)

ပညာရှာသူများအတွက် ကောင်းမွန်ထူးခြားသော ဝန်ဆောင်မှုပေးနိုင်သည့်စာကြည့်တိုက်ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်နိုင်ခဲ့သည်မှာ နိုင်ငံတကာပညာရပ် နယ်ပယ်တွင် ဆယ်စုနှစ်တစ်ခုကျော်ရှိခဲ့ပြီဖြစ်သည်။ ယင်းမှာ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ (Information and Communication Technology)၏အရှိန်အဟုန်ပြင်းစွာ ပြောင်းလဲတိုးတက်မှုဖြင့် Electronic Library (e-Library)များ ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။ ICT စတင် ဖွံ့ဖြိုးသောနိုင်ငံများတွင် ၁၉၉၀ ပြည့်နှစ် အစောပိုင်းနှစ်များမှစ၍ e-Library များ ထွန်းကားလာခဲ့ပြီး စာဖတ်သူများအတွက် စွမ်းအားမြင့်မားသည့်ဝန်ဆောင်မှုများကို ပေးနိုင်ခဲ့သည်။

စာကြည့်တိုက်များသည် ICT နည်းပညာကို ထိရောက်စွာ အသုံးချနိုင်ခဲ့ခြင်းဖြင့်ပညာရှာလိုသူအားလုံးအတွက်လည်းကောင်း၊ သတင်းအချက်အလက်ရှာဖွေလိုသူများနှင့်အပန်းဖြေလိုသူများအတွက်လည်းကောင်း၊ ကောင်းမွန်ပြည့်ဝသော ဝန်ဆောင်မှုပေးနိုင်သည့်နေရာများ ဖြစ်လာခဲ့သည်။

e-Library များတွင် စာကြည့်တိုက်မှူးများ၊ ဝန်ထမ်းများနှင့် စာအုပ်ထုတ်ဝေသူများသည် စာကြည့်တိုက်လုပ်ငန်းများကို ကွန်ပျူတာကွန်ရက်များမှ ဆောင်ရွက်ကြပြီး၊ စာဖတ်သူများကလည်း မိမိဖတ်လိုသိလိုသော သတင်းအချက်အလက်များကို ကွန်ပျူတာများတွင် e-Catalogue, e-Book, e-Journal စသည့် e-Databases များမှ ရှာဖွေကြည့်ရှုနိုင်ကြသည်။ Online catalogue, Full-text database, Image database များကို ကန့်သတ်မဲ့ ရှာဖွေကြည့်ရှုနိုင်ခြင်းသည် နည်းပညာသစ်၏ ထူးခြားကောင်းမွန်သောရလဒ်ဖြစ်သည်။

e-Library ခေတ်တွင် သမားရိုးကျစာကြည့်တိုက် Traditional Library ခေတ်မှာကဲ့သို့ အမျိုးသားစာကြည့်တိုက်များ၊ ပြည်သူ့စာကြည့်တိုက်များ၊ အထူးစာကြည့်တိုက်များနှင့် တက္ကသိုလ်၊ ကောလိပ်၊ ကျောင်းစာကြည့်တိုက်များဟူ၍ စာကြည့်တိုက်အမျိုးအစားများကွဲပြားစွာရှိနေကြသေးသော်လည်း သတင်းအချက်အလက်နှင့် မိမိအလိုရှိသော စာအုပ်စာတမ်းရရှိနိုင်ရန်အတွက် စာကြည့်တိုက်အမျိုးအစားသည် ပဓာနမဟုတ်တော့ပေ။ ယခင်က စာကြည့်တိုက်အချင်းချင်း စာအုပ်ငှားရမ်းမှု (Interlibrary Loan) ကို e-Library တွင် နည်းပညာများအသုံးပြု၍ ပိုမိုလွယ်ကူ လျင်မြန်သော ဝန်ဆောင်မှု (Resource Sharing)အဖြစ် အဆင့်မြင့်ဆောင်ရွက်ပေးလျက်ရှိသည်။ ကွန်ပျူတာကွန်ရက်များ ချိတ်ဆက်မှုဖြင့် ပြည်သူ့စာကြည့်တိုက်မှနေ၍ အမျိုးသားစာကြည့်တိုက်သို့လည်းကောင်း၊ တက္ကသိုလ်၊ကောလိပ်၊စာကြည့်တိုက်များသို့လည်းကောင်း ဝင်ရောက်ရှာဖွေ ငှားရမ်းနိုင်သည်။

ထို့ကြောင့် ICT နည်းပညာသည် မိမိစာကြည့်တိုက်တွင်ရှိသော စာအုပ်ပမာဏမျှဖြင့် ဝန်ဆောင်မှုပေးသည်မဟုတ်ဘဲ၊ အရေအတွက်ကန့်သတ်ချက်မရှိ စာအုပ်စာတမ်းများကို ရှာဖွေကြည့်ရှုနိုင်သည်။ ထို့ပြင် မိမိနေရာမှ ဘောင်ခတ်ထားခြင်းမရှိ၊ နယ်မြေအကန့်အသတ်မရှိ၊ မိုင်ပေါင်းများစွာ ဝေးကွာသောနေရာများမှ စာကြည့်တိုက်များကိုလည်းဝင်ရောက်ကြည့်ရှုနိုင်သည်။ ထို့အတူ သက်ကြီးရွယ်အို၊ ကလေး၊ လူကြီး၊ ယောကျ်ား၊ မိန်းမ၊ လူမျိုးဘာသာ၊ တိုင်းပြည်နေရာဌာနစသည့် ကန့်သတ်ချက် အဆီးအတားများ လုံးဝမရှိ ဘဲ ရာသက်ပန်ပညာဆည်းပူးနိုင်သော အခွင့်အလမ်းများ ရရှိလာနိုင်ကြပေပြီ။

ICT နည်းပညာကို အပြည့်အဝအသုံးချသော စာကြည့်တိုက်၊ စာဖတ်ခန်းများသည် လူတိုင်းအတွက် ဘဝတစ်သက်တာပညာရေး Lifelong Learning ကို အဓိကပံ့ပိုးပေးသော နေရာဌာနများဖြစ်လာသည်။ သမားရိုးကျစာကြည့်တိုက်များသည် ICT နည်းပညာ

ကိုသွတ်သွင်း၍ ကွန်ပျူတာကွန်ရက်များဖြင့် စာဖတ်သူတို့.ကိုဝန်ဆောင်မှုအသစ်များပေးသောအီလက်ထရွန်း နစ်စာကြည့်တိုက်များအဖြစ် အသွင်ပြောင်းလဲလာခဲ့သည်။ e-Library ကို အခြားအမည်များဖြင့်လည်း သုံးနှုန်းခေါ်ဝေါ်ကြသေးသည်။ ယင်းတို့မှာ Digital Library, Virtual Library, Library Without Walls စသည်တို့ဖြစ်သည်။

e-Library ၏ အသွင်လက္ခဏာများ

စာအုပ်စာတမ်း၊ သတင်းအချက်အလက်များသည် Electronic / Digital Format များ ဖြစ်သည်။ Electronic Format မဖြစ်သေးသည့် စာအုပ်၊စာတမ်း၊ စာပေပစ္စည်းများကို Hard Copy (Physical Form) မှ Digital Form သို. ပြောင်းရန် Digitalization လုပ်ငန်းသည် e-Library ၏ အရေးကြီးသောလုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။ e-Library တွင် Internet/ Intranet Access ရရှိပါသည်။ စာကြည့်တိုက်ကို အဝေးမှ ဝင်ရောက်အသုံးပြုနိုင်ခြင်း (Remote Access) သည် Virtual Library ၏ အားသာသောစွမ်းဆောင်မှု ဖြစ်သည်။ အဆောက်အအုံတစ်ခု (သို.မဟုတ်) နံရံလေးဘက်အတွင်းမှ စာကြည့်တိုက်မဟုတ်တော့ဘဲ ခရီးအကွာအဝေးနေရာ ကန်.သတ်ချက်မရှိ၊ အချိန်မရွေး စာကြည့်တိုက်ရှိ စာအုပ်စာတမ်း၊ ပုံစံမျိုးစုံနှင့်ရှိသော သတင်းအချက်အလက်များကို



ဒီဂျစ်တယ်စနစ်သွင်းယူမည့်စာအုပ်အား Scan ဖတ်နေစဉ်

မိမိနေရာမှ ဖမ်းယူ ကြည့်ရှုနိုင်သောကြောင့် Virtual Library / Library Without Walls ဟူ၍တင်စားခေါ်ဝေါ်ခြင်းဖြစ်ပေသည်။

e-Library ၏ လုပ်ငန်းများ

e-Library တွင် စာကြည့်တိုက်၏ပင်မလုပ်ငန်းများဖြစ်သောစာအုပ်ဝယ်ယူစုဆောင်းခြင်း(Acquisition)၊ ကက်တလောက်လုပ်ငန်း (Cataloguing)၊ စာနယ်ဇင်းလုပ်ငန်း (Serial Control)၊ စာငှားလုပ်ငန်း (Circulation) အားလုံးကို ကွန်ပျူတာဖြင့် ဆောင်ရွက်ပါသည်။ Library Automation System မှာ ဤပင်မလုပ်ငန်းတစ်ခုစီအတွက် ပရိဂရမ်တစ်ခုချင်းပေါင်းစပ်ဖွဲ့စည်းသော Integrated System ဖြစ်သည်။

Computer ဖြင့် စာအုပ်ဝယ်ယူစုဆောင်းခြင်း

ကွန်ပျူတာဖြင့် စာအုပ်ဝယ်ယူစုဆောင်းခြင်း စနစ်တွင် အမှာစာ (Order) ပေးပို့ခြင်း၊ ကြိုတင်အမှာစာပုံစံ (Pre-order)၊ စုံစမ်းမေးမြန်းစာ (Inquiring letters)၊ ငွေတောင်းခံစာ (Claim notices)၊ ဖျက်သိမ်းခြင်းပုံစံ (Cancellations) များ ပါဝင်ပြီး စာအုပ်တိုက်များသို. Online မှ တိုက်ရိုက်ဆက်သွယ် ဆောင်ရွက်သည်။ ယင်းပရိဂရမ်သည် ဘတ်ဂျက်နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ပြေစာပေးပို့ခြင်းနှင့် ငွေချေခြင်းလုပ်ငန်းများလည်း Online မှ ဆောင်ရွက်နိုင်သည်။

Computer တွင် ကက်တလောက်တင်ခြင်း

Library Automation System တွင် ထည့်သွင်းထားသော အီလက်ထရောနစ် ကက်တလောက်များကို Online Public Access Cataloge (OPAC) ဟု ခေါ်သည်။ အဝေးမှ လှမ်းယူကြည့်ရှုနိုင်သော အများသုံးကက်တလောက်များဟူ၍ ဆိုနိုင်သည်။

OPAC (အိုပက်)များသည် MARC (Machine-Readable Cataloging) မှ ဖြစ်ပေါ် တိုးတက်လာခြင်းဖြစ်သည်။ MARC Record ဆိုသည်မှာ ကွန်ပျူတာနားလည်သော Field Tag များဖြင့် အသုံးပြုရေးသားထားသော စံသတ်မှတ်ထားသည့် ကက်တလောက်ဖြစ်သည်။

OPACများသည် အသုံးပြုရလွယ်ကူ၍ စာကြည့်တိုက်သုံးသူနှင့် စာကြည့်တိုက် ကတ်တလောက် အပြန်အလှန် ဆက်သွယ်မှု (Interactive) ရရှိစေနိုင်သည်။ MARC Format များ သုံးသည့် အခြားစာကြည့်တိုက်စနစ်သို့ ကတ်တလောက်များ ပြောင်းရွှေ့နိုင်ခြင်း၊ (data conversion) ပြုလုပ်နိုင်ပါသည်။ OPAC များတွင် သွင်းခြင်း၊ ငှားရမ်းခြင်း၊ အမှာစာပေးပို့ခြင်း၊ နှိုးဆော်စာပေးပို့ခြင်း၊ ပျက်စီး၊ ပျောက်ပျက်၊ ဆုံးရှုံးစာနယ်ဇင်းများကို ပယ်ဖျက်ခြင်း၊ စာပေပစ္စည်းပြုပြင် ထိန်းသိမ်းရေးဌာနသို့ပေးပို့သောစာရင်းများနှင့်ဘတ်ဂျက်ထိန်းချုပ်ညှိနှိုင်းမှုများ ဆောင်ရွက်နိုင်သော ပရိဂရမ်များ ပါဝင်သည်။



On Line စာကြည့်တိုက်စနစ်ကို ဖော်ဆောင်မည့် e-Library Website

အဆင့်မြင့် ရှာဖွေနည်းများ (Keyword search, Boolean search) ဖြင့်မိမိသိလိုသောအချက်အလက်ကို ရှာဖွေနိုင်သည်။ OPAC များကို Online မှ ဆွဲယူခြင်း (Downloading)၊ Online တင်သွင်းခြင်း (Uploading) ပြုလုပ်နိုင်သည်။

Computer ဖြင့် စာနယ်ဇင်း ထိန်းသိမ်းခြင်း

စာနယ်ဇင်းများသည် စာအုပ်ကဲ့သို့မဟုတ်။ ပိုမိုရှုပ်ထွေးသည့်အတွက် ကွန်ပျူတာစနစ်တွင် ပရိဂရမ်များစွာ ထည့်သွင်းရသည်။ စာနယ်ဇင်းများမှာ အပတ်စဉ်ထုတ်၊ နှစ်ပတ်တစ်ကြိမ်ထုတ်၊ လစဉ်ထုတ်၊ နှစ်စဉ်ထုတ်များရှိသကဲ့သို့ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်ထုတ်၊ လေးကြိမ်ထုတ်နှင့် အလျဉ်းသင့်သလိုထုတ်သည့် ဂျာနယ်မဂ္ဂဇင်းများလည်းရှိသည်။ ယင်းတို့ကို စာရင်းသွင်းခြင်း၊ ရက်လွန်ကြေးကောက်ခံခြင်း (Fine) လုပ်ငန်းများအားလုံးကို ကွန်ပျူတာဖြင့် ဆောင်ရွက်သည်။ စာငှားပရိဂရမ်သည် စာအုပ်စာရင်း ကတ်တလောက်များ (Bibliographic Database)၊ စာကြည့်တိုက် အသုံးပြုသူစာရင်းများ (Patron List) နှင့် ချိတ်ဆက် ထားရှိပြီး ငှားရမ်းသောစာအုပ် (သို့) ပြန်အပ်သောစာအုပ်၏ Bar Code နှင့် စာငှားသူ ID Bar Code တို့ကို Bar

Computer ဖြင့် စာငှားခြင်း

အော်တိုမေးတစ် စာငှားလုပ်ငန်းမှာ စာအုပ်ငှားရမ်းခြင်း (Check-out)၊ ပြန်အပ်ခြင်း (Check-in)၊ ငှားရမ်းလိုသည့်စာအုပ် ကြိုတင်မှာကြားခြင်း (Reservation)၊ ငှားရမ်းသည့်စာအုပ် ရက်ထပ်တိုးခြင်း (Renewal)၊ ပြန်မအပ်သည့်စာရင်းများ နှိုးဆော်စာ (Reminder) ပေးပို့


Code Scanner ဖြင့် ဖတ်ခြင်းဖြင့် ၄ား‌သူနှင့် ၄ား‌သည့် စာအုပ်ပြန်အပ်မည့် ရက်စွဲ၊ စာ၄ား‌ကတ် ကုန်ဆုံးမည့် ရက်စွဲစသဖြင့် အချက်အလက် အပြည့်အစုံကို မှတ်တမ်းတင်ပြီးဖြစ်သည်။

e - Library Facilities များ:

Network Infrastructure & Network Accessories, Servers, Workstations, User terminals, Routers, Hubs, Modems, Scanners, Printers, Bar Code Scanner, Multimedia Facilities: TV, Video, VCD, DVD Players, LCD Projector & Screen, Speakers, Microphones, Digital Camera, Digital Video Camera, Fax, E-mail, CD-ROMs, CD Writer, Microfilm Camera, Microfilm Reader-Printer, Copiers, Internet/ Intranet Access, Operating System Software, Network System Software, Communication Software, Data Processing Software & other software များသည် ခေတ်မီ စာကြည့်တိုက်တစ်ခုတွင် မရှိမဖြစ်ပါဝင်ရမည့် လိုအပ်ချက်များဖြစ်သည်။

e - Library တွင် ရရှိနိုင်သော ဝန်ဆောင်မှုများ

CD-ROM, e-mail နှင့် Fax တို့သည် ဒစ်ဂျစ်တယ်ခေတ်တွင် ရရှိလာသော ဝန်ဆောင်မှု အသစ်များဖြစ်သည်။ ထို့ထက် ပိုမိုကျယ်ပြန့် များပြား သောသတင်းအချက်အလက်များကို Internet မှ ရရှိနိုင်သည်။ စာကြည့်တိုက်များတွင် Internet Access မပါရှိလျှင် မပြည့်စုံနိုင်ပါ။ တက္ကသိုလ်၊ ကောလိပ်



ရှေးဟောင်းပေစာများအား Scan ဖတ်နေစဉ်


စာကြည့်တိုက်များတွင် အများအားဖြင့် Internet Access ကို အခကြေးငွေ မယူဘဲ သုံးခွင့် ပေးပါသည်။ Download လုပ်၍ Print-out ထုတ်လျှင် သင့်တင့်သော အခကြေးငွေ အနည်းငယ်ယူသည်။

OPAC များသည် စာရှာသူများအတွက် အသုံးပြုရလွယ်ကူသော အချက်အလက် ပြည့်စုံကောင်းမွန်သည့် အွန်လိုင်းကက်တလောက်များဖြစ်သည်။စာကြည့်တိုက်များသည် အွန်လိုင်းကက်တလောက်များကို Manual ရိုက်သွင်း၍လည်းကောင်း၊ပြင်ပမှဝယ်ယူ၍လည်းကောင်း ဖြည့်ဆည်းသည်။ ဝယ်ယူသည့်အခါ စာကြည့်တိုက်တစ်ခုချင်းအနေဖြင့်လည်းကောင်း၊ အစုအဖွဲ့ဖြင့် လည်း

ကောင်း၊ ပြင်ပအဖွဲ့အစည်းများမှ စီးပွားဖြစ် ထုတ်လုပ်သော OPAC များကို ဝယ်ယူကြသည်။ OPAC ထုတ်လုပ်ရာတွင် ထင်ရှားသော အဖွဲ့အစည်း များမှာ OCLC (Online Computer Library Center), RLIN (Research Library Information Network), WLIN (Workstation Library Network), UTLAS (Universities of Control Library Automated System) စသည်တို့ ဖြစ်သည်။ e-Library များတွင် စာကြည့်တိုက်အချင်းချင်း စာအုပ် ငှားရမ်းမှုကို Online မှ ပြုလုပ်နိုင်သည်။ Consortium ခေါ်အစုအဖွဲ့များဖွဲ့စည်းပြီးစာကြည့်တိုက် အချင်းချင်း ပူးပေါင်း၍ စာအုပ်ဝယ်ယူစုဆောင်းခြင်း၊ အဖွဲ့ဝင် စာကြည့်တိုက်များမှ အသင်းဝင်များကို စာအုပ်ငှားပေး ခြင်းတို့ လုပ်ဆောင်ခြင်း (Resource Sharing) သည် ပညာရှာသူများကို သမားရိုးကျ စာကြည့်တိုက် စနစ် ထက် ပိုမိုကျယ်ပြန့်စွာ သတင်းအချက်အလက် သုတ ပညာဖြန့်ဖြူးပေးနိုင်သော ဝန်ဆောင်မှုဖြစ်သည်။

e - Library အင်္ဂါရပ်များ

အချုပ်အားဖြင့် ခေတ်မီနည်းပညာများဖြင့် ဝန်ဆောင်မှုများပေးနိုင်သည့် အီလက်ထရောနစ်-



သတင်းစာကဲ့သို့သော အရွယ်အစားကြီးများသည့် စာအုပ်များအား Scan ဖတ်နေစဉ်

စာကြည့်တိုက်တစ်ခုတည်ထောင်ရန်အောက်ပါအချက်များ လိုအပ်သည်။

(၁) စာကြည့်တိုက် Website တည်ဆောက်ရန်

(၂) Network Infrastructure ချိတ်ဆက်တည်ထောင်ရန်

(၃) Library Automation System တစ်ခုကို အသုံးပြုရန်

(၄) e-Catalogue များ ဖြည့်ဆည်းရန်

(၅) e-Book, e-Journal, e-Textbook, e-Thesis, e-Research Paper, Video အစရှိသည့် Electronic Resources များ ဖြည့်တင်းရန်

(၆) Electronic format မရှိသေးသော စာပေပစ္စည်း များကို Digitization ပြုလုပ်ရန်


(၇) Internet/Intranet ချိတ်ဆက်ခြင်းဖြင့် စာကြည့်တိုက် ကို အဝေးမှ ဝင်ရောက်ကြည့်ရှုအသုံးပြုနိုင်ရန် (Remote Access)

(၈) မိမိစာကြည့်တိုက် Website တွင် အခြား စာကြည့်တိုက်များ၊ သုတေသနဌာနများ၊ စာအုပ် ထုတ်ဝေရေးတိုက်များအပြင်၊ အခြားဆက်နွယ် သော အဖွဲ့အစည်းများနှင့် Link ချိတ်ထားပြီး စာရှာသူ အားလုံးအတွက် အဆုံးမရှိသော သတင်း အချက်အလက်အထောက်အထားများ ပေးနိုင် ရန်တို့ ဖြစ်သည်။

မြန်မာနိုင်ငံနှင့် e-Library များ

မြန်မာနိုင်ငံ စာကြည့်တိုက်များတွင် ၁၉၉၀ပြည့်နှစ် နောက်ပိုင်းမှစ၍ ကွန်ပျူတာများ ဝယ်ယူအသုံးများလာ ကြပြီး စာစီစာရိုက် စတင်အသုံးပြုကြသည်။ထွန်းကား တိုးတက်သော နိုင်ငံများတွင် ၁၉၉၀ အစောပိုင်းနှစ် များက e-Library များ အသွင်သစ်ဖြစ်ပေါ်လာခဲ့ ပြီးနောက် မြန်မာနိုင်ငံတွင် ၂၀၀၀ ပြည့်နှစ်ခန့်မှစ၍ e-Library များ တည်ထောင်လာခဲ့ကြသည်။ e-Library များ အရေအတွက်များစွာ ပေါ်ပေါက်နေသော်လည်း e-Library ၏ အင်္ဂါရပ်များ ပြည့်စုံပါဝင်ခြင်း ရှိ၊မရှိကိုမူ ဆန်းစစ်ဖို့လိုပေမည်။ မြန်မာနိုင်ငံ၏ e-Library အစကို လေ့လာဖော်ထုတ်မည်ဆိုလျှင် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိတက္ကသိုလ်များ ဗဟို

မြန်မာ e-Library



e-Library Website မှ စာမျက်နှာတစ်ခု

စာကြည့်တိုက်က ဆောင်ရွက်ခဲ့သော e-Library လုပ်ငန်းများကို အနည်းငယ်ဖော်ပြလိုသည်။

တက္ကသိုလ်များဗဟိုစာကြည့်တိုက်သည် ၁၉၉၀ ပြည့်လွန်နှစ်များမှစ၍ ခေတ်သစ် စာကြည့်တိုက်များ၏ လမ်းကြောင်းကိုမျက်ခြည်မပြတ်လေ့လာ၍အီလက်ထရွန်းနစ် စာကြည့်တိုက်သို့ အဆင့်မြှင့်ရန် ကြိုးပမ်းခဲ့သည်။ တက္ကသိုလ်များဗဟိုစာကြည့်တိုက်တွင် ၁၉၉၅ခုနှစ်၌ Scan Maker II sp အမျိုးအစား Scanner ကို ဝယ်ယူခဲ့ပြီး Macintosh Computer နှင့် တွဲဖက်၍ ရှေးဟောင်းပေစာအချို့အား Scan ဖတ်ခြင်း (Digitization) ကို စာပေပစ္စည်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း၏ နည်းလမ်းတစ်ရပ်အနေဖြင့်စတင်စမ်းသပ်ပြုလုပ်ခဲ့သည်။ ထို့နောက် CE Technology မှ ထုတ်လုပ်သော မြန်မာနိုင်ငံ၏ ပထမဆုံး ELIB Library Automation စနစ်ကို ၁၉၉၈–ခုနှစ်တွင် ဦးစွာစမ်းသပ်သုံးစွဲခဲ့ပြီး၊ ယင်း ELIB System ကို ထပ်မံဖြည့်ဆည်းမှုများဖြင့် ၂၀၀၇ခုနှစ် Myanmar e-Library စနစ်ပေါ်ပေါက်လာသည်အထိ အသုံးပြုခဲ့သည်။ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၏ Website ကို တည်ဆောက်ထားပြီး စာကြည့်တိုက်ရှိ အင်္ဂလိပ်၊ မြန်မာစာအုပ်များ၊ စာနယ်ဇင်းများ၊ ပေ၊ ပုရပိုက်များကို Electronic Catalogue ပြုစုခဲ့သည်။ ရှားပါးစာအုပ်၊ စာနယ်ဇင်းနှင့် ပေ၊ ပုရပိုက်များ၊ ရှားပါးဓာတ်ပုံ၊ မြေပုံများကို Digitize လုပ်၍ Full Text Database များဖြင့် Website ကို ဖြည့်ဆည်းခဲ့ပြီး နောက် ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်ကောလိပ်များနှင့် Intranet ချိတ်ဆက်ထားသဖြင့် UCL Website ကို ဝင်ရောက်ကြည့်ရှုနိုင်သည်။

ပညာရေးဝန်ကြီးဌာနသည် တိုးတက်ပြောင်းလဲလျက်ရှိသော နိုင်ငံတကာ စံနှုန်းများနှင့်အညီ ပညာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ သင်ကြားရေးဆိုင်ရာ ဆရာ၊ဆရာမများ အရည်အသွေးမြင့်မားရေး၊ သင်ကြားရေးနည်း၊စနစ်များ ခေတ်နှင့်အညီလိုက်လျောညီထွေဖြစ်စေရေးနှင့် ကျောင်းသား၊ ကျောင်းသူများ ထူးချွန်ထက်မြက်လာစေရေးတို့တွင် e-Library များသည် ထိရောက်စွာ အထောက်အကူပြုနိုင်သော ကဏ္ဍမှ ပါဝင်လာစေရန် ရည်ရွယ်သည်။

သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်မှစ၍ ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်(၂၀)တွင် ELIB Library Automation System ကို အသုံးပြုခဲ့ကြသည်။ တက္ကသိုလ်၊ ကောလိပ်စာကြည့်တိုက်အသီးသီးမှ မိမိတို့စာကြည့်တိုက်ရှိ စာအုပ်စာတမ်းအားလုံးကို e-Catalogue တင်ပြီးလျှင် nion Catalogue ပြုလုပ်ရန်ဖြစ်သည်။ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှ UCL Website တည်ထောင်ခြင်း၊ ELIB Library



ရှေးဟောင်းပေစာများအား Scan ဖတ်နေစဉ်

Automation System ကို အသုံးပြု၍ e-Catalogue တင်ခြင်း၊ စာကြည့်တိုက်ရှိရှားပါးစာအုပ်၊ ပေ၊ ပုရပိုက်များကို Scan ဖတ်၍ Digitization ပြုလုပ်ခြင်းစသည့်နည်းပညာအသုံးပြု e-Library လုပ်ငန်းများသည် ၂၀၀၇ ခုနှစ် မတ်လတွင် ပေါ်ပေါက်လာသော မြန်မာနိုင်ငံ၏ အွန်လိုင်းစာကြည့်တိုက်စနစ် (myanmar elibrary.com)၏ အခြေခံအရင်းအမြစ် ဖြစ်လာခဲ့သည်။

၂၀၀၇ခုနှစ်တွင် ပေါ်ထွန်းလာခဲ့သော မြန်မာ e-Library သည် အထက်ကဖော်ပြခဲ့သော e-Library အင်္ဂါရပ်များအပြည့်စုံဆုံး မြန်မာနိုင်ငံ၏ တစ်ခုတည်းသော e-Library ဖြစ်ပေသည်။

မြန်မာနိုင်ငံ၏ အွန်လိုင်းစာကြည့်တိုက်စနစ် (myanmar elibrary.com)

ပြည်ထောင်စုကြီ.ခိုင်ရေးနှင့် ဖွံ.ဖြိုးရေးအသင်း၊ ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို.က ပူးပေါင်းပြီး တက္ကသိုလ်ကောလိပ်များရှိ e-Library များ အဆင့်မြှင့်အသုံးပြုနိုင်ရေး၊ e-Library အချင်းချင်းချိတ်ဆက်အသုံးပြုနိုင်ရေး စီမံချက်ကို ၂၀၀၆ ခုနှစ် နှောင်းပိုင်းတွင် စတင်ဆောင်ရွက်ခဲ့သည်။ဆက်သွယ်ရေးစာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနက Infrastructure ပိုင်းကို တာဝန်ယူပြီး ၂၀၀၇ခုနှစ်မတ်လတွင်တက္ကသိုလ်၊ ကောလိပ် (၃၈)ခုတွင် MPT Satellite Terminal များ တပ်ဆင်ပေးခဲ့သည်။ myanmare library.com Website ကို Inforithm-Maze မှ ရေးဆွဲပြီး Contents များ ဖြည့်ဆည်းရေးကို တက္ကသိုလ်များဗဟို စာကြည့်တိုက်မှ အဓိက ဆောင်ရွက်သည်။ ထို့ပြင် ပြင်ပအဖွဲ.အစည်းများနှင့် လူပုဂ္ဂိုလ် တစ်ဦးချင်းမှလည်း myanmarelibrary website တွင် သတင်းအချက်အလက်များ၊ e-Book, e-Journal များ ပါဝင်ကူညီဖြည့်ဆည်းပေးနိုင်ရန် နှိုးဆော်ခဲ့သည်။ ထို့ကြောင့် Myanmar Book Centre မှ စာတမ်း ၄၀၀၀၀၀ (လေးသန်း)ပါဝင်သော H.W. Wilson ၏ electronic database (၁၁) ခုကို တစ်နှစ်စာ အခမဲ့ အသုံးပြုရန် လှူဒါန်းခဲ့ခြင်းမှာ ပညာရေးအတွက် များစွာအထောက်အကူပြုခဲ့သည်။ ထို့ပြင် Alpha Co. မှ မန္တလေးမြို့မဟာလောကမာရဓိန် ကုသိုလ်တော်ဘုရားဝင်းအတွင်းရှိမင်းတုန်းမင်းကြီးလက်ထက်ပဋ္ဌသင်္ဂါယနာတင်ပိဋကတ်သုံးပုံ ပါဠိတော်ကျောက်စာများကို Digitize ပြုလုပ်ထားသော တိပိဋကက Database Search ကိုလည်းလှူဒါန်းခဲ့ခြင်းကြောင့် myanmarelibrary website စတင်ဖွင့်ချိန်တွင် အဖိုးတန်ရွေးဟောင်းစာပေများနှင့် ခေတ်မီပညာရပ်ဆိုင်ရာ စာတမ်း၊ ဆောင်းပါးများဖြင့် အတော်အတန် ပြည့်စုံခဲ့သည်။

၂၀၀၇ ခုနှစ်၊ မတ်လ (၁၁) ရက်နေ့တွင် ပြည်ထောင်စုကြီ.ခိုင်ရေးနှင့် ဖွံ.ဖြိုးရေးအသင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို. ပူးပေါင်းစီစဉ် ဆောင်ရွက်သည့် Online စာကြည့်တိုက်စနစ် e-Library နှင့် ခေတ်လူငယ် Youth Website ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနတွင် ကျင်းပဖွင့်လှစ်ခဲ့သည်။ ယင်းအခမ်းအနားတွင် ပြည်ထောင်စုကြီ.ခိုင်ရေးနှင့် ဖွံ.ဖြိုးရေးအသင်း အတွင်းရေးမှူး၊ အီလက်ထရွန်းနစ် အမျိုးသားအဖွဲ.ဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီးကွန်ပျူတာနည်းပညာအသုံးပြု၍အခမ်းအနားကိုဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားခဲ့ပါသည်။အမှာစကားပြောကြားရာတွင်အေးချမ်းသာယာပြီး ခေတ်မီဖွံ.ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်လာစေရန်အတွက် လိုအပ်သည့် လူ.စွမ်းအားအရင်းအမြစ်ဖွံ.ဖြိုးတိုးတက်စေရန်နှင့် လူနေမှုဘဝပြည့်စုံတိုးတက်ကောင်းမွန်စေရန်တို.အတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍသည် အရေးကြီးသည့် မောင်းနှင်အားတစ်ခုဖြစ်ကြောင်း၊ e-Library စနစ်သည် Knowledge ကို အခြေခံသော Website ဖြစ်ပြီး ခေတ်လူငယ်မှာ Information ကို အခြေခံသည့် Webportal ဖြစ်ကြောင်း၊ Contents များကို နေ.စဉ် Update လုပ်နေမှာဖြစ်ပြီး ဗဟုသုတနှင့် သတင်းအချက်အလက်များအပြင်ဖျော်ဖြေရေးနှင့် အခြားဝန်ဆောင်မှုများကိုပါ ပေးနိုင်မည်ဖြစ်ကြောင်းနှင့် ရှေ.ဆက်ပြီးပြည့်စုံသည်ထက်ပြည့်စုံအောင်၊ ကောင်းသည်ထက်ကောင်းအောင်အဆင့်လိုက်ဆက်လက်

ဆောင်ရွက်သွားရန် စီမံပြီးဖြစ်ကြောင်းတို့ကို ပြောကြားခဲ့သည်။

myanmare-library.com တွင် ပြည့်စုံကြွယ်ဝသော သတင်းအချက်အလက်များ၊ e-Resources များ ဖြည့်ဆည်းနိုင်ရန် တက္ကသိုလ်များဗဟို စာကြည့်တိုက်မှ နှစ်အဆက်ဆက် စုဆောင်းထားရှိခဲ့သော စာအုပ်၊ စာနယ်ဇင်း၊ မှတ်တမ်းများ၊ ပေ၊ ပုရပိုက်များ၊ မိုက်ကရိုဖလင်များစသည့် hardcopy resources များကို digital format အသွင်ပြောင်းရန် နေ့စဉ် Digitization နှင့် e-Book လုပ်ငန်းကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး၊ ရန်ကုန်နှင့် နယ်တက္ကသိုလ်စာကြည့်တိုက်များမှလည်း မိမိတို့ စာကြည့်တိုက်တွင် စုဆောင်းထားသော စာအုပ်



ဒီဂျစ်တယ်စနစ်သို့ သွင်းယူမည့်စာအုပ်များအား ဒီဂျစ်တယ်ကင်မရာဖြင့် ရိုက်ယူစဉ်

များကိုရွေးချယ်၍ Digitization လုပ်ရန် အစီအစဉ်ရှိပါသည်။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန (အထက်/အောက်)ရှိ တက္ကသိုလ်များမှ စာကြည့်တိုက်မှူးများနှင့် စာကြည့်တိုက်ဝန်ထမ်းများကို တက္ကသိုလ်များဗဟို စာကြည့်တိုက်တွင် Digitization သင်တန်း (၂)ကြိမ် ဖွင့်လှစ်ပို့ချပေးခဲ့ရာ ၅.၃.၂၀၀၇ မှ ၁၆.၃.၂၀၀၇အထိ တစ်ကြိမ်၊ ၁၉.၃.၂၀၀၇ မှ ၃၀.၃.၂၀၀၇ အထိ တစ်ကြိမ် ပို့ချပေးခဲ့သည်။

Digitization / e-Book လုပ်ငန်းအဆင့်ဆင့် စာအုပ်စာတမ်း၊ စာပေပုံစံအမျိုးမျိုးကို Digital Format ပြောင်းရန် လိုအပ်သည့် Hardware များမှာစွမ်းရည်မြင့်မားသော Scanner, Digital Camera, Digital Video Camera, CD/DVD writer တို့လိုအပ်သည်။

ဒီဂျစ်တယ်ပုံစံပြောင်းမည့် စာအုပ်များကို Scan ဖတ်သည့်အခါ Resolution 300 dpi or 400 dpi တို့ဖြင့်ဆွဲသည်။ Scan ဖတ်ပြီးသည့် Data များကို စာမျက်နှာစုံမစုံစစ်ဆေးခြင်း၊ အရည်အသွေး ကောင်း မကောင်းစစ်ဆေးခြင်းများပြုလုပ်၍ စနစ်တကျမှတ်တမ်းပြုစုသည်။ စစ်ဆေးပြီးသည့် Electronic Data များကို Adobe Photoshop Software ဖြင့် အဆင့်ဆင့် Edit ပြုလုပ်ပေးရသည်။ မှုန်ဝါးနေသည့် စာလုံးများကို Colour တင်ပေးခြင်း၊ အဖြူအမည်းချိန် (Curves)ပေးခြင်း၊ မထင်ရှားသည့် စာလုံးများကို Copy ကူးယူအစားထိုးခြင်း၊ စောင်းနေသော စာရွက် များကို တည့်အောင် (Rotate) လုပ်ပေးခြင်း၊ စာအုပ် အရွယ်အစားအလိုက်ဖြတ် (Cut) ခြင်းနှင့် အရွယ်အစားကြီးသော စာရွက်များ၊ အလျားရှည်သည့် ပေစာများကို တစ်ပိုင်းစီ (Scan) ဖတ်ပြီး ပြန်ဆက်ပေးခြင်းစသည့်လုပ်ငန်းများ လုပ်ဆောင်ရသည်။ Edit လုပ်ပြီးသော Data များကို ထပ်မံစစ်ဆေးခြင်း (Verification)ပြုလုပ်သည်။

Scan ဆွဲပြီး Edit အဆင့်ဆင့်လုပ်ပြီးသည့် Data များကို Online တင်ရန်အတွက် Pdf (Portable Document file) file အဖြစ် ပြောင်းပေးရသည်။ Pdf ဖိုင်အဖြစ်ပြောင်းရခြင်းမှာ Pdf file များသည် Windows နှင့် Mac နှစ်ခုလုံးတွင်ဖတ်နိုင်ခြင်း၊ File Size အားဖြင့်သေးခြင်း၊ Download လုပ်ရာတွင် လွယ်ကူမှုရှိပြီး အသုံးပြုသူများအတွက် အကောင်းဆုံးနှင့် အထိရောက်ဆုံးဖြစ်သည်။ Pdf ဖိုင်ပြောင်းသည့်အခါ Online ပေါ်တွင်ဖတ်နိုင်လောက်သည့် Image Size နှင့် Resolution ကိုလျှော့ချသည်။ Backup သိမ်းသည့်အခါ Original Size နှင့် Scan ဆွဲသည့် Resolution အတိုင်းသိမ်းဆည်းသည်။ စာအုပ်ပုံစံဖြစ်သွားသော Image File ကို ABBYY FineReader Software အသုံးပြု၍ OCR (Optical Character Recognition)ပြောင်းခြင်းဖြင့် Online တွင် Keyword Searchable ဖြစ်သော e-Book တစ်ခုရရှိသည်။

myanmarelibrary Website အတွင်းဝင်ရောက်ကြည့်ရှုခြင်း

Myanmar e-Library ၏ URL များမှာ www.elibrary.com.mm/ www. elibrary. edu.mm/ www.elibrary.net.mm/ www. myanmarelibrary.net/ www. myanmarelibrary. com ဖြစ်ပြီး Google Search မှ တစ်ဆင့်လည်း ဝင်ရောက်ကြည့်ရှုနိုင်သည်။

e-Library Home Page

ဤ Home Page ၏ အပေါ်ဆုံးတွင် Registerနှင့် Loginပါရှိသည်။ e-Libraryရှိ သတင်းအချက်အလက်များစွာကို မည်သူမဆိုအခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်ပြီးပေ၊ ပုရပိုက်နှင့် ရှားပါးစာအုပ် အချို့တို့ကို အသင်းဝင် (Registered member) များမှသာ ကြည့်ရှုနိုင်ရန် ကန့်သတ်ထားသည်။ အသင်းဝင် အမျိုးအစားမှာ Diamond, Silver, Gold ဟူ၍ (၃)မျိုးခွဲခြားထားရှိသည်။ Diamond Member မှာ e-Library တွင် တင်ထားသော e-Contents အားလုံးကို နှစ်အကန့်အသတ်မရှိ ဝင်ရောက်ကြည့်ရှုနိုင်ပြီး Gold Member မှာ တစ်နှစ်အတွက် ဝင်ကြေး ၁၀၀၀၀ကျပ်၊ Silver Member မှာ ခြောက်လအတွက် ဝင်ကြေး ၅၀၀၀ ကျပ်ဖြစ်သည်။ ထိုကဲ့သို့ အသင်းဝင်ခြင်းကို Online မှ ပုံစံဖြည့်၍လည်း ဝင်ရောက်နိုင်ရန် စီစဉ်ထားရှိသည်။

Home Page ၏ လက်ယာဘက်ထိပ်၌ Search Box ရိုးရိုးနှင့် Advanced Search (၂)မျိုးအပြင် မိမိသိလိုသော အချက်အလက်ကို အလွယ်ဆုံးနည်းဖြင့် ရှာဖွေနိုင်ရန် All Fields, Author, Title, Subject, Abstract, Full Text စသည့် Categories မျိုးစုံစွာပေးထားသော Main Search box ကို Home Page အလယ်တွင် ထင်ရှားစွာ ဖော်ပြထားရှိသည်။

Menu Bar တွင် Home, e-Book, Text Book, Journal, Newspaper, Pe, Parabike, Painting, Photo, Thesis & Term Paper, Encyclopaedia နှင့် Contact ဟူ၍ ခေါင်းစဉ် (၁၂)မျိုး ခွဲခြားဖော်ပြထားသည်။ ယင်းခေါင်းစဉ်များဖြင့် မိမိရှာဖွေလိုသော စာပေအချက်အလက်များကိုအလွယ်တကူရှာဖွေနိုင်သည်။

ထို့နောက် Menu Bar အောက်တွင် Book of the Week ခေါင်းစဉ်အောက်၌ Information အဖြစ် Book cover နှင့်အတူ Title, Author, Publisher နှင့် Page တို့ကိုဖော်ပြထားသည်။

ယင်း၏လက်ယာဘက်တွင် Latest Uploading အဖြစ် နောက်ဆုံး Online တင်ထားသော စာအုပ်၊ စာတမ်း (၁၀)ခု၏စာရင်းကို ဖော်ပြထားသည်။ ယင်း Latest Uploading ၏ညာဖက်တွင် Myanmar Book Centre မှ လှူဒါန်းထားသော စာတမ်း၊ ဆောင်းပါး (၄)သန်းပါဝင်သော Databases & e-Books များအကြောင်းကို hi-light လုပ်၍ ပြသထားသည်။

Home Page ၏ လက်ယာဖက်အစွန်ဆုံးတွင် Side Bar wGif Download Font, wdyd#u search, Myanmar Book Centre (Online Databases & e-Books), Ask a Librarian, Parabike, JBRS Databases & e-Books နှင့် International University Libraries စသည့် ခေါင်းစဉ်များကို Link လုပ်၍ ဖော်ပြထားသဖြင့် မိမိရှာဖွေလိုသော အချက်အလက်များ၊ Database များကို အလွယ်တကူ ဝင်ရောက်ကြည့်ရှုနိုင်သည်။

Home page ၏ အောက်ဘက်တွင် Student Dictionary (English-English-Myanmar) ကို ထည့်သွင်းပေးထားသဖြင့် e-library အသုံးပြုသူများသည် မိမိသိရှိလိုသော ဝေါဟာရအကြောင်းအရာကို တစ်ပြိုင်တည်း စစ်ဆေးသိရှိနိုင်သည်။

ယင်း၏အောက်ဘက်တွင် Pe Section, Parabike Section, Painting Section, About the eLibrary, Author ESifh Publisher တို့ကိုအသေးစိတ်ကြည့်နိုင်ကြောင်း ညွှန်းပြထားသည်။

Home Page ၏ အောက်ဆုံးတွင် ခေတ်လူငယ်ဝက်ဘ်ဆိုက်သို့ တိုက်ရိုက်ဝင်ရောက်နိုင်ရန် Logo တင်ပြထားသည်။ မြန်မာ့အလင်းနှင့် ကြေးမုံနေ့စဉ်ထုတ် သတင်းစာများကိုလည်း နေ့စဉ် Upload လုပ်၍ တင်ထားသည်။ Myanmar Book Centre နှင့် တိုပီဋ္ဌက Search Logo များကိုလည်း ထပ်မံဖော်ပြထားသည်။

e-Library Home Page ၏ Logo ကို တွေ့မြင်နိုင်ပြီး ဆောင်ပုဒ်မှာ Knowledge through library, Libraries change Lives ဟု ဖော်ပြထား၊သည်။ Who's Online တွင် ဝင်ရောက်ကြည့်ရှုသူမည်မျှရှိသည်ကို သတင်း၊ပေး၊ဖော်ပြထား၊သည်။

Myanmar e-Library တွင် ပညာရေး၊ဝန်ကြီး၊ဌာနမှ e-Textbook များ စာအုပ် (၃၀၀၀)ကျော်ခန့် (စာမျက်နှာပေါင်း ၃သိန်း၊ခန့်)၊ H.W. Wilson ၏ Online database & e-Book Articles (၄)သန်း၊ခန့်၊ တက္ကသိုလ်များ၊ဗဟိုစာကြည့်တိုက်မှ ပေ၊ ပုရပိုက်ပေါင်း (၃၀၀)ကျော်၊ e-Book (၅၀၀) ကျော် (စာမျက်နှာပေါင်း ၁ သိန်း၊ခန့်)၊ Encyclopedia နှင့် thesis ပေါင်း (၁၈၀)ခန့် (စာမျက်နှာပေါင်း ၆ သောင်း၊ခန့်)၊ ဂျာနယ်၊ စာနယ်ဇင်းများ စုစုပေါင်း (၅၀၀)ကျော် (စာမျက်နှာပေါင်း ၉ သောင်း၊ခန့်)၊ ပန်း၊ချီကား၊နှင့် ဓာတ်ပုံများ စုစုပေါင်း (၁၀၀၀)ကျော်၊ Myanmar Book Centre မှ JBRS e-Journal များ၊စုစုပေါင်း (၁၃၀၀)ကျော် (စာမျက်နှာပေါင်း ၁ သိန်း၊ခန့်)နှင့် မန္တလေး၊မြို့ရှိ မဟာလောကမာရဇိန် ကုသိုလ်တော် ဘုရား၊ဝင်း၊အတွင်း၊ရှိ ပိဋကတ်သုံး၊ပုံ၊ပါဠိတော်ကျောက်စာများ (၉၇၀)ချပ်ကျော်ကို Online မှ ကြည့်ရှုနိုင်သည်။ ယင်း၊တို့မှာ မူရင်း၊စာအပြည့်အစုံ Full Text များ၊ဖြစ်ပြီး ပညာရေး၊ဝန်ကြီး၊ဌာနအောက်ရှိ တက္ကသိုလ်များမှ သင်ကြား၊ရေး၊ဌာနများ၊ကပြုစုသော သုတေသနစာတမ်း၊ပေါင်း (၁၈၀၀)ကျော်၏ အကျဉ်း၊ချုပ် (Abstract)များ၊ကိုလည်း တင်ထား၊သည်။

ရန်ကုန်အဝေး၊သင်တက္ကသိုလ်မှ EDBS (Electronic Data Broadcasting System) သင်ခန်း၊စာများ၊ သင်ရိုး၊ညွှန်း၊တမ်း၊ဖတ်စာအုပ်များကိုလည်း၊တင်ထား၊ပါသည်။ တက္ကသိုလ်များ၊ဗဟိုစာကြည့်တိုက်နှင့် ELIB System အသုံး၊ပြုနေသော ပညာရေး၊ဝန်ကြီး၊ဌာန တက္ကသိုလ်စာကြည့်တိုက်များ၊ရှိ စာအုပ်ကက်တလောက်များ၊ကို



e-Library အဆင့်မြှင့်တင်ရေး ဆွေး၊နွေး၊ပွဲတစ်ရက်

Data conversion ပြုလုပ်ခဲ့သဖြင့် ယခု Myanmar e-Library တွင်စာအုပ်ကက်တလောက်အချက်အလက် e-Catalogue နှစ်သိန်းခန့် ရှာဖွေကြည့်ရှုနိုင်ပြီဖြစ်သည်။

e-Library (အွန်လိုင်းစာကြည့်တိုက်စနစ်) အဆင့်မြှင့်တင်ရေးစာတမ်းဖတ်ပွဲ

အွန်လိုင်းစာကြည့်တိုက်စနစ်ကို ပိုမိုပြည့်စုံကောင်းမွန်သည့် အမျိုးသားဆင့်အွန်လိုင်းစာကြည့်တိုက် စနစ် ဖြစ်လာစေရန် e-Library အဆင့်မြှင့်တင်ရေးစာတမ်းဖတ်ပွဲကို ၂၀၀၇ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့တွင် လှိုင်တက္ကသိုလ်နယ်မြေရှိ Myanmar Info-Tech ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။ ထိုစာတမ်းဖတ်ပွဲတွင် စာတမ်း (၆)စောင် တင်သွင်းဖတ်ကြားခဲ့ရာ Inforithm Maze မှ e-Library စီမံကိန်းမန်နေဂျာ ဦးကျော်စိုးမင်းက www.elibrary.com.mm Website အကြောင်းကို လည်းကောင်း၊ Alpha Info-Tech (မန္တလေး)မှ မန်နေဂျင်းဒါရိုက်တာ ဦးရဲမြတ်သူက Digitization Experience အကြောင်းကိုလည်းကောင်း၊ Bizsoft Systems မှ မန်နေဂျင်းဒါရိုက်တာ ဦးရဲရင့်ဝင်းက Issues in Building Digital Library and Library Information Systems အကြောင်းကို လည်းကောင်း၊ Myanmar Book Centre မှ မန်နေဂျင်းဒါရိုက်တာဒေါက်တာသန့်သော်ကောင်းက Electronic Databases အကြောင်းကိုလည်းကောင်း၊ တက္ကသိုလ်များ ဗဟို စာကြည့်တိုက် (UCL) မှ စာကြည့်တိုက်မှူး(၁) ဒေါ်တင်ဝင်းရည်ကနိုင်ငံတကာတက္ကသိုလ် စာကြည့်တိုက် Website အချို့ကို လေ့လာသုံးသပ်ခြင်းအကြောင်းကိုလည်းကောင်း၊ လက်ထောက်စာကြည့်တိုက်မှူး ဒေါ်နီနီနိုင် (UCL) က Online ပေါ်မှ တက္ကသိုလ်များ



e-Library အဆင့်မြှင့်စာတမ်းဖတ်ပွဲ

ဗဟိုစာကြည့်တိုက်၏ စာပေပစ္စည်းများ အကြောင်းကိုလည်းကောင်း စာတမ်းများကို ဖတ်ကြားခဲ့ကြသည်။

ဤသို့ myanmarelibrary.com ကို ပိုမို အဆင့်မြင့်ကျယ်ပြန့်လာစေရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိ သူများ၊ ICT ပညာရှင်များ၊ စာကြည့်တိုက်မှူးများနှင့်စာကြည့်တိုက်ဝန်ထမ်းများနှင့်အတူစိတ်ပါဝင်စားသူများ ပါဝင်ပူးပေါင်းကူညီဆောင်ရွက်ကြခြင်းဖြင့် ပညာရှာဖွေသူ နိုင်ငံသားအားလုံးအတွက် အားထားရသော Resource Sharing Centre တစ်ခု ခိုင်ခိုင်မာမာ ရပ်တည်လာနိုင်မည်ဖြစ်သည်။

တင်ဝင်းရည်
တက္ကသိုလ်များဗဟို စာကြည့်တိုက်

ပါမောက္ခဒေါက်တာအောင်မြင့်ဦး



ပါရဂူဘွဲ့နှင့် မြန်မာနိုင်ငံ

နိုင်ငံတော်သည် အမိပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အတွက် ဘက်ပေါင်းစုံမှ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးနှင့် ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များပေါထွက်လာစေရေးကို အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဤသို့ ကြိုးပမ်းဆောင်ရွက်မှုများအနက် မြန်မာနိုင်ငံတွင် ပါရဂူဘွဲ့သင်တန်းများ ဖွင့်လှစ်နိုင်ခဲ့ပြီး အရည်အချင်းမြင့်မားသော ပါရဂူဘွဲ့ရ ပုဂ္ဂိုလ်များကို မွေးထုတ်လျက်ရှိခြင်းသည် အရေးပါသော ဆောင်ရွက်ချက်တစ်ရပ်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပါရဂူဘွဲ့ သင်တန်းများကို ၁၉၉၄-၉၅ ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ်၌ စတင်ဖွင့်လှစ်ခဲ့သည်။ ယင်းပညာသင်နှစ်အတွင်း ပထမဦး ဆုံးစတင်ဖွင့်လှစ်ခဲ့သော ဘာသာရပ်များမှာ ရူပဗေဒ၊ ဓာတုဗေဒ၊ သချိုင်္ဘာဘာသာရပ်တို့ဖြစ်သည်။ထို့နောက် နှစ်စဉ်ဘာသာရပ်များကို တိုးချဲ့ဖွင့်လှစ်ခဲ့ရာ ၁၉၉၅-၉၆ ပညာသင်နှစ်ပထဝီဝင်နှင့် မြန်မာစာဘာသာရပ်များကို လည်းကောင်း၊ ၁၉၉၆-၉၇ ပညာသင်နှစ်တွင် သတ္တဗေဒ၊ ရက္ခဗေဒ၊ ဘူမိဗေဒ၊ သမိုင်းဘာသာရပ်များကိုလည်းကောင်း၊ ၁၉၉၈-၉၉ ပညာသင်နှစ်တွင် ကုန်ထုတ်ဓာတုဗေဒ၊ ဒဿနိကဗေဒဘာသာရပ်များကို လည်းကောင်း၊ ၁၉၉၉-၂၀၀၀ ပညာသင်နှစ်တွင် စိတ်ပညာ၊ ဥပဒေနှင့် နိုင်ငံတကာဆက်ဆံရေးပညာ ဘာသာရပ်များကို လည်းကောင်း၊ ၂၀၀၀-၂၀၀၁ ပညာသင်နှစ်တွင် အရှေ့တိုင်းပညာဘာသာရပ်ကိုလည်းကောင်း၊ ၂၀၀၁-၂၀၀၂ ပညာသင်နှစ်တွင် အင်္ဂလိပ်စာဘာသာရပ်ကို လည်းကောင်း၊ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် မနုဿဗေဒရှေးဟောင်းသုတေသန ပညာဘာသာရပ်များကိုလည်းကောင်း အဆင့်ဆင့်တိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့သည်။



ပါရဂူဘွဲ့.ယူနေသူတစ်ဦး

ရန်ကုန်တက္ကသိုလ်မှ နှစ်အလိုက်ဘာသာရပ်အသီးသီးမှ ပါရဂူဘွဲ့ရရှိသူအရေအတွက်မှာ **၁၉၉၇ ခုနှစ်** တွင် ဓာတုဗေဒဘာသာရပ် ၁ ဦး၊ **၁၉၉၈ ခုနှစ်** တွင် ဓာတုဗေဒဘာသာရပ် ၁ ဦး၊ **၁၉၉၉ ခုနှစ်** ဓာတုဗေဒဘာသာရပ် ၁ ဦး၊ ရူပဗေဒဘာသာရပ် ၁ ဦး၊ သချိုင်္ဘာဘာသာရပ် ၁ ဦး၊ စုစုပေါင်း ၃ ဦး၊ **၂၀၀၀ ပြည့်နှစ်**တွင် မြန်မာစာဘာသာရပ် ၁ ဦး၊ ဓာတုဗေဒဘာသာရပ် ၁ ဦး၊ ရူပဗေဒဘာသာရပ် ၁ ဦး၊ စုစုပေါင်း ၃ ဦး၊ **၂၀၀၁ ခုနှစ်**တွင် သချိုင်္ဘာဘာသာရပ် ၃ ဦး၊ ရက္ခဗေဒဘာသာရပ် ၁ ဦး၊ ဘူမိဗေဒပညာရပ် ၁ ဦး စုစုပေါင်း ၅ ဦး၊ **၂၀၀၂ ခုနှစ်**တွင် ပထဝီဝင်ဘာသာရပ် ၁ ဦး၊ သမိုင်းဘာသာရပ် ၁ ဦး၊ ဒဿနိကဗေဒ ဘာသာရပ် ၁ ဦး၊ ဓာတု ဗေဒဘာသာရပ် ၁ဦး၊ ရူပဗေဒဘာသာရပ် ၁၅ ဦး၊ သတ္တဗေဒ ဘာသာရပ်

၁ ဦး၊ ကုန်ထုတ်မာတုဗေဒ ဘာသာရပ် ၁ ဦး၊စုစုပေါင်း ၂၁ ဦး၊ **၂၀၀၃ ခုနှစ်**တွင် မြန်မာစာ ဘာသာရပ် ၃ ဦး၊ သမိုင်းဘာသာရပ် ၂ ဦး၊ ဒဿနိကဗေဒဘာသာရပ် ၂ ဦး၊ စိတ်ပညာဘာသာရပ် ၂ ဦး၊ ဥပဒေဘာသာရပ် ၄ ဦး၊ နိုင်ငံတကာဆက်ဆံရေးပညာဘာသာရပ် ၁ ဦး၊ မာတုဗေဒဘာသာရပ် ၂၁ ဦး၊ ရူပဗေဒဘာသာရပ် ၂၄ ဦး၊ သချိုင်္ဘာသာရပ် ၂ ဦး၊ သတ္တဗေဒဘာသာရပ် ၇ ဦး၊ ဘူမိဗေဒဘာသာရပ် ၁ ဦး၊ ကုန်ထုတ်မာတုဗေဒဘာသာရပ် ၁ ဦး၊ စုစုပေါင်း ၇၀ ဦး၊ **၂၀၀၄ ခုနှစ်**တွင် မြန်မာစာ ဘာသာရပ် ၇ ဦး၊ ပထဝီဝင်ဘာသာရပ် ၃ ဦး၊ သမိုင်းဘာသာရပ် ၃ ဦး၊ ဒဿနိကဗေဒဘာသာရပ် ၁ ဦး၊ ဥပဒေပညာဘာသာရပ် ၂ ဦး၊ အရှေ့တိုင်းပညာဘာသာရပ် ၂ ဦး၊ နိုင်ငံတကာဆက်ဆံရေးပညာဘာသာရပ် ၂ ဦး၊ မာတုဗေဒဘာသာရပ် ၆ ဦး၊ ရူပဗေဒဘာသာရပ် ၅၅ ဦး၊ သချိုင်္ဘာသာရပ် ၆ ဦး၊ သတ္တဗေဒဘာသာရပ် ၁၄ ဦး၊ ရာက္ခဗေဒဘာသာရပ် ၄ ဦး၊ ဘူမိဗေဒဘာသာရပ် ၂ ဦး၊ ကုန်ထုတ်မာတုဗေဒဘာသာရပ် ၁ ဦး၊ စုစုပေါင်း ၁၁၀ ဦး၊ **၂၀၀၅ ခုနှစ်**တွင် မြန်မာစာဘာသာရပ် ၁၀ ဦး၊ သမိုင်းဘာသာရပ် ၃ ဦး၊ ဒဿနိကဗေဒဘာသာရပ် ၃ ဦး၊ စိတ်ပညာဘာသာရပ် ၁ ဦး၊ ဥပဒေ ဘာသာရပ် ၅ ဦး၊ အရှေ့တိုင်းပညာဘာသာရပ် ၅ ဦး၊ နိုင်ငံတကာဆက်ဆံရေးပညာဘာသာရပ်မှ ၃ ဦး၊ မာတုဗေဒဘာသာရပ် ၄၆ ဦး၊ ရူပဗေဒဘာသာရပ် ၁၈၆ ဦး၊ သချိုင်္ဘာဘာသာရပ် ၃ ဦး၊ သတ္တဗေဒဘာသာရပ် ၁၁ ဦး၊ ရာက္ခဗေဒဘာသာရပ် ၃ ဦး၊ ဘူမိဗေဒဘာသာရပ် ၂ ဦး၊ စုစုပေါင်း ၂၈၁ ဦး၊ **၂၀၀၆ ခုနှစ်**တွင် မြန်မာစာဘာသာရပ် ၃၇ ဦး၊ ပထဝီဝင်ဘာသာရပ် ၁၀ ဦး၊ သမိုင်းဘာသာရပ် ၂၉ ဦး၊ ဒဿနိကဗေဒဘာသာရပ် ၅ ဦး၊ စိတ်ပညာဘာသာရပ် ၄ ဦး၊ ဥပဒေပညာဘာသာရပ် ၁၀ ဦး၊ အရှေ့တိုင်းပညာဘာသာရပ် ၁၀ ဦး၊ နိုင်ငံတကာဆက်ဆံရေးပညာဘာသာရပ် ၂ ဦး၊ မာတုဗေဒဘာသာရပ် ၄၆ ဦး၊ ရူပဗေဒဘာသာရပ် ၂၈ ဦး၊ သချိုင်္ဘာဘာသာရပ် ၂၁ ဦး၊ သတ္တဗေဒဘာသာရပ် ၃၁ ဦး၊ ရာက္ခဗေဒဘာသာရပ် ၂၂ ဦး၊ ဘူမိဗေဒဘာသာရပ် ၈ ဦး၊ ကုန်ထုတ်မာတုဗေဒဘာသာရပ် ၃ ဦး၊ စုစုပေါင်း ၂၇၄ ဦး၊ **၂၀၀၇ ခုနှစ်**တွင် **(ရူလိုင်လကုန်အထိ)** မြန်မာစာဘာသာရပ် ၉ ဦး၊ အင်္ဂလိပ်ဘာသာရပ် ၄ ဦး၊ ပထဝီဝင် ဘာသာရပ် ၁၀ ဦး၊ သမိုင်းဘာသာရပ် ၃၄ ဦး၊ ဒဿနိကဗေဒဘာသာရပ် ၁၅ ဦး၊ စိတ်ပညာဘာသာရပ် ၁၄ ဦး၊ ဥပဒေဘာသာရပ် ၁၂ ဦး၊ အရှေ့တိုင်းပညာဘာသာရပ်မှ ၁၆ ဦး၊ နိုင်ငံတကာဆက်ဆံရေးပညာဘာသာရပ် ၆ ဦး၊ မာတုဗေဒဘာသာရပ် ၄၇ ဦး၊ ရူပဗေဒဘာသာရပ် ၂၆ ဦး၊ သချိုင်္ဘာသာရပ် ၂၄ ဦး၊ သတ္တဗေဒဘာသာရပ် ၆၇ ဦး၊ ရာက္ခဗေဒဘာသာရပ် ၁၅ ဦး၊ ဘူမိဗေဒဘာသာရပ် ၇ ဦး၊ ကုန်ထုတ်မာတုဗေဒဘာသာရပ် ၃ ဦး၊ စုစုပေါင်း ၃၀၉ ဦး ဖြစ်သည်။

သို့ဖြစ်ရာ ရန်ကုန်တက္ကသိုလ်တွင် ပါရဂူဘွဲ့သင်တန်းများ စတင်ဖွင့်လှစ်သည့်အချိန်မှစ၍ ၂၀၀၇ ခုနှစ်၊ ဇူလိုင်လအထိ ပါရဂူဘွဲ့ရပုဂ္ဂိုလ် ၁၂၀၀ ဦး ရှိခဲ့ပြီးဖြစ်သည်။ အဆိုပါ ပါရဂူဘွဲ့ရပုဂ္ဂိုလ် ၁၂၀၀ ဦးတွင် ပုံမှန်သင်တန်းအစီအစဉ်ဖြင့် အောင်မြင်သူပေါင်းမှာ ၁၁၂၁ ဦးရှိပြီး ဝါရင့်သင်တန်းအစီအစဉ်ဖြင့် အောင်မြင်သူပေါင်းမှာ ၇၉ ဦး ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပါရဂူသင်တန်းများစတင်ဖွင့်လှစ်သည့် ၁၉၉၄ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်း ရန်ကုန်တက္ကသိုလ်၏ ကနဦးဘွဲ့ရရှိသူများအဖြစ် ဘာသာရပ်အလိုက် ပထမဦးဆုံး ပါရဂူဘွဲ့ရရှိခဲ့ကြသူများမှာ ၁၉၉၇ ခုနှစ်တွင်မာတုဗေဒဘာသာရပ်မှဒေါက်တာတင်မြင့်ထွေး၊ ၁၉၉၉ ခုနှစ်တွင် သချိုင်္ဘာဘာသာရပ်မှ ဒေါက်တာအေးကိုနှင့် ရူပဗေဒဌာနမှ ဒေါက်တာ သန့်ဇင်နိုင်၊ ၂၀၀၀ ပြည့်နှစ်တွင် မြန်မာစာဘာသာရပ်မှ ဒေါက်တာအောင်မြင့်ဦးနှင့် ဘူမိဗေဒဘာသာရပ်မှ ဒေါက်တာသူရဦးတို့ဖြစ်ကြသည်။ ဒေါက်တာတင်မြင့်ထွေးသည် မြန်မာနိုင်ငံမှ အပ်နှင်းသည့် ပါရဂူဘွဲ့ကို ပထမဦးဆုံးဆွတ်ခူးရရှိသူဖြစ်သည်။

မန္တလေးတက္ကသိုလ်တွင်လည်း ပါရဂူဘွဲ့သင်တန်းများကို ၁၉၉၆-၉၇ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဘာသာရပ်အသီးသီးမှ ပါရဂူဘွဲ့ရ ပုဂ္ဂိုလ်များပေါ်ထွက်

လျက်ရှိပြီဖြစ်ပါသည်။ မန္တလေးတက္ကသိုလ် ပညာသင်နှစ်နှင့် ဘာသာရပ်အလိုက်ပါရဂူဘွဲ့ရ အရေအတွက်မှာ **၂၀၀၀–၂၀၀၁** ပညာသင်နှစ်တွင် ဓာတုဗေဒဘာသာရပ်မှ ၂ ဦး၊ **၂၀၀၁–၂၀၀၂** ပညာသင်နှစ်တွင် မြန်မာစာဘာသာရပ် ၂ ဦး၊ ရူပဗေဒဘာသာရပ် ၁ ဦး၊ စုစုပေါင်း ၃ ဦး၊ **၂၀၀၂–၂၀၀၃** ပညာသင်နှစ်တွင် မြန်မာစာဘာသာရပ် ၂ ဦး၊ သမိုင်းဘာသာရပ် ၁ ဦး၊ ဓာတုဗေဒဘာသာရပ် ၅ ဦး၊ ရူပဗေဒဘာသာရပ် ၁ ဦး၊ ဘူမိဗေဒဘာသာရပ် ၂ ဦး၊ စုစုပေါင်း ၁၁ ဦး၊ **၂၀၀၃–၂၀၀၄** ပညာသင်နှစ်တွင် ဓာတုဗေဒဘာသာရပ် ၅ ဦး၊ ရူပဗေဒဘာသာရပ် ၁ ဦး၊ ဘူမိဗေဒဘာသာရပ် ၃ ဦး၊ စုစုပေါင်း ၉ ဦး၊ **၂၀၀၄–၂၀၀၅** ပညာသင်နှစ်တွင် ဓာတုဗေဒဘာသာရပ် ၅ ဦး၊ ရူပဗေဒဘာသာရပ် ၂ ဦး၊ သင်္ချာဘာသာရပ် ၁ ဦး၊ ဘူမိဗေဒဘာသာရပ် ၁ ဦး၊ စုစုပေါင်း ၉ ဦး၊ **၂၀၀၅–၂၀၀၆** ပညာသင်နှစ်တွင် ဓာတုဗေဒဘာသာရပ် ၁၀ ဦး၊ ရူပဗေဒဘာသာရပ် ၂ ဦး၊ သင်္ချာဘာသာရပ် ၂ ဦး၊ ဘူမိဗေဒဘာသာရပ် ၂ ဦး၊ စုစုပေါင်း ၁၆ ဦး၊ **၂၀၀၆–၂၀၀၇** ပညာသင်နှစ်တွင် ဓာတုဗေဒဘာသာရပ် ၁၀ ဦး၊ ရူပဗေဒဘာသာရပ် ၂ ဦး၊ သင်္ချာဘာသာရပ် ၂ ဦး၊ ဘူမိဗေဒဘာသာရပ် ၂ ဦး၊ စုစုပေါင်း ၁၆ ဦး၊ **၂၀၀၇–၂၀၀၈** ပညာသင်နှစ်တွင် ဓာတုဗေဒဘာသာရပ် ၁၂ ဦး၊ ရူပဗေဒဘာသာရပ် ၂ ဦး၊ သင်္ချာဘာသာရပ် ၂ ဦး၊ ဘူမိဗေဒဘာသာရပ် ၂ ဦး၊ စုစုပေါင်း ၁၈ ဦး၊ **၂၀၀၈–၂၀၀၉** ပညာသင်နှစ်တွင် ဓာတုဗေဒဘာသာရပ် ၁၂ ဦး၊ ရူပဗေဒဘာသာရပ် ၂ ဦး၊ သင်္ချာဘာသာရပ် ၂ ဦး၊ ဘူမိဗေဒဘာသာရပ် ၂ ဦး၊ စုစုပေါင်း ၁၈ ဦး၊ **၂၀၀၉–၂၀၁၀** ပညာသင်နှစ်တွင် ဓာတုဗေဒဘာသာရပ် ၁၂ ဦး၊ ရူပဗေဒဘာသာရပ် ၂ ဦး၊ သင်္ချာဘာသာရပ် ၂ ဦး၊ ဘူမိဗေဒဘာသာရပ် ၂ ဦး၊ စုစုပေါင်း ၁၈ ဦး၊ **၂၀၁၀–၂၀၁၁** ပညာသင်နှစ်တွင် ဓာတုဗေဒဘာသာရပ် ၁၂ ဦး၊ ရူပဗေဒဘာသာရပ် ၂ ဦး၊ သင်္ချာဘာသာရပ် ၂ ဦး၊ ဘူမိဗေဒဘာသာရပ် ၂ ဦး၊ စုစုပေါင်း ၁၈ ဦး၊ **၂၀၁၁–၂၀၁၂** ပညာသင်နှစ်တွင် ဓာတုဗေဒဘာသာရပ် ၁၂ ဦး၊ ရူပဗေဒဘာသာရပ် ၂ ဦး၊ သင်္ချာဘာသာရပ် ၂ ဦး၊ ဘူမိဗေဒဘာသာရပ် ၂ ဦး၊ စုစုပေါင်း ၁၈ ဦး၊ **၂၀၁၂–၂၀၁၃** ပညာသင်နှစ်တွင် ဓာတုဗေဒဘာသာရပ် ၁၂ ဦး၊ ရူပဗေဒဘာသာရပ် ၂ ဦး၊ သင်္ချာဘာသာရပ် ၂ ဦး၊ ဘူမိဗေဒဘာသာရပ် ၂ ဦး၊ စုစုပေါင်း ၁၈ ဦး၊ **၂၀၁၃–၂၀၁၄** ပညာသင်နှစ်တွင် ဓာတုဗေဒဘာသာရပ် ၁၂ ဦး၊ ရူပဗေဒဘာသာရပ် ၂ ဦး၊ သင်္ချာဘာသာရပ် ၂ ဦး၊ ဘူမိဗေဒဘာသာရပ် ၂ ဦး၊ စုစုပေါင်း ၁၈ ဦး၊ **၂၀၁၄–၂၀၁၅** ပညာသင်နှစ်တွင် ဓာတုဗေဒဘာသာရပ် ၁၂ ဦး၊ ရူပဗေဒဘာသာရပ် ၂ ဦး၊ သင်္ချာဘာသာရပ် ၂ ဦး၊ ဘူမိဗေဒဘာသာရပ် ၂ ဦး၊ စုစုပေါင်း ၁၈ ဦး၊ **၂၀၁၅–၂၀၁၆** ပညာသင်နှစ်တွင် ဓာတုဗေဒဘာသာရပ် ၁၂ ဦး၊ ရူပဗေဒဘာသာရပ် ၂ ဦး၊ သင်္ချာဘာသာရပ် ၂ ဦး၊ ဘူမိဗေဒဘာသာရပ် ၂ ဦး၊ စုစုပေါင်း ၁၈ ဦး၊ **၂၀၁၆–၂၀၁၇** ပညာသင်နှစ်တွင် မြန်မာစာဘာသာရပ် ၁၂ ဦး၊ အင်္ဂလိပ်စာဘာသာရပ် ၃ ဦး၊ ပထဝီဝင်ဘာသာရပ် ၁၇ ဦး၊ သမိုင်းဘာသာရပ် ၁၅ ဦး၊ နိုင်ငံတကာဆက်ဆံရေးပညာဘာသာရပ် ၈ ဦး၊ ဓာတုဗေဒဘာသာရပ် ၄၆ ဦး၊ ရူပဗေဒဘာသာရပ် ၂၄ ဦး၊ သင်္ချာဘာသာရပ် ၂၆ ဦး၊ သတ္တဗေဒဘာသာရပ် ၁၉ ဦး၊ ရာဇဝင်ဘာသာရပ် ၁၃ ဦး၊ စုစုပေါင်း ၁၈၃ ဦးတို့ဖြစ်ကြသည်။ သို့ဖြစ်ရာ မန္တလေးတက္ကသိုလ်တွင် ပါရဂူဘွဲ့သင်တန်းများ စတင်ဖွင့်လှစ်သည့် အချိန်မှစ၍ ၂၀၀၆–၂၀၀၇ ပညာသင်နှစ်အထိ ပါရဂူဘွဲ့ရပုဂ္ဂိုလ် ၃၃၈ ဦးကို မွေးထုတ်နိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါ ဘွဲ့ရပုဂ္ဂိုလ် ၃၃၈ ဦးတွင် ပုံမှန်သင်တန်း အစီအစဉ် အောင်မြင်သူပေါင်း ၃၁၂ ဦးရှိပြီး၊ ဝါရင့်သင်တန်း အစီအစဉ်ဖြင့် အောင်မြင်သူ ၂၆ ဦး ဖြစ်သည်။



ပါရဂူဘွဲ့အတွက် စာရေးသူမှ စာတမ်းတင်သွင်းနေစဉ်

ယခုအခါ ပညာရေးဝန်ကြီးဌာန အောက်ရှိ တက္ကသိုလ်များတွင် ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့သာမက စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်စသည့် အခြားသောတက္ကသိုလ်များတွင်လည်း ပါရဂူသင်တန်းများ ဖွင့်လှစ်နေပြီး သက်ဆိုင်ရာဘာသာရပ်အလိုက် ပါရဂူဘွဲ့များကို အပ်နှင်းနိုင်ပြီဖြစ်သည်။

ပညာရေးဝန်ကြီးဌာနနည်းတူ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များတွင်လည်း ပါရဂူသင်တန်းများဖွင့်လှစ်ကာ ပါရဂူဘွဲ့ရပညာရှင်များ မွေးထုတ်လျက်ရှိသည်။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် Engineering Mathematics ဘာသာရပ်၊ Engineering Chemistry ဘာသာရပ်၊ Nuclear Technology ဘာသာရပ်၊ Chemical Engineering ဘာသာရပ်၊ Architecture ဘာသာရပ်များဖြင့် ပါရဂူဘွဲ့သင်တန်းများကို စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုအခါ ပါရဂူဘွဲ့ရပညာရှင်များကိုမွေးထုတ်ပေးလျက်ရှိနေပြီဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်ဆေးတက္ကသိုလ်(၁)တွင်လည်း ဘွဲ့လွန်ဆေးပညာသင်ကြားရေးကို ပိုမိုအဆင့်မြင့်မားစေရန်၊ နိုင်ငံတကာရှိအမြင့်ဆုံးဆေးဘွဲ့ဖြစ်သည့် ပါရဂူဘွဲ့များကိုပြည်တွင်း၌ပင်သင်ကြားနိုင်ရန်နှင့် ဆေးသုတေသနလုပ်ငန်းများ ပိုမိုတိုးချဲ့ ဆောင်ရွက်နိုင်ရန်အတွက် ၁၉၉၇ ခုနှစ်တွင် ဆေးလက်တွေ့ပါရဂူဘွဲ့ (Dr. Med.Sc) သင်တန်းများကို စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ၁၉၉၈ ခုနှစ်တွင် အခြေခံဆေးပညာရပ်များအတွက် ပါရဂူဘွဲ့ (Ph.D) သင်တန်းများကို ဖွင့်လှစ်နိုင်ခဲ့သည်။ ၁၉၉၉ ခုနှစ်၊ နိုဝင်ဘာ (၂၇) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ရန်ကုန်ဆေးတက္ကသိုလ် (၁) ၏ (၃၁) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့နှင့်ဂုဏ်ထူးဆောင်ဆေးလက်တွေ့ပါရဂူဘွဲ့များအပ်နှင်းကာ ကျမ်းကြီးခုခံဖြေဆိုပြီး မြန်မာနိုင်ငံ၏ပထမဦးဆုံးသော ဆေးလက်တွေ့ပါရဂူဘွဲ့ရသူအဖြစ်ဒေါက်တာချယ်ရီသန်းသန်းတင် ကို ပါရဂူဘွဲ့အပ်နှင်းနိုင်ခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၊ ပညာရေးဝန်ကြီးဌာနရန်ကုန်တက္ကသိုလ်က နိုင်ငံခြားမှ လာရောက်ပညာသင်ကြားနေသော နိုင်ငံခြားသား ကျောင်းသားကျောင်းသူများကိုလည်း ပါရဂူဘွဲ့များအပ်နှင်းချီးမြှင့်ခဲ့သည်။ ထိုတွင် တရုတ်နိုင်ငံမှ တရုတ်အမျိုးသမီး မစ္စရှီးယဉ်သည် မြန်မာနိုင်ငံမှ ပါရဂူဘွဲ့ကို ပထမဆုံးရယူခဲ့သည့် နိုင်ငံခြားသူတစ်ဦးဖြစ်သည်။ မစ္စရှီးယဉ်သည် တရုတ်နိုင်ငံ ယူနန်နော်မယ်တက္ကသိုလ်မှ သမိုင်းဘာသာရပ်ဖြင့် မဟာဘွဲ့ရရှိခဲ့ပြီး မြန်မာနိုင်ငံ တရုတ်သံရုံးယဉ်ကျေးမှုဌာနတွင် ၁၉၉၈ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ ဒုတိယအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ မစ္စရှီးယဉ်သည် ယူနန်ပြည်နယ် လူမှုသိပ္ပံအကယ်ဒမီအောက်ရှိ အရှေ့တောင်အာရှလေ့လာရေးအင်စတီကျူမှ သုတေသနပညာရှင်တစ်ဦးအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုမှတစ်ဆင့် မစ္စရှီးယဉ်သည် ရန်ကုန်တက္ကသိုလ်တွင် သမိုင်းဘာသာရပ်ကို သမိုင်းပညာရှင် ဒေါက်တာခင်မောင်ညွန့်နှင့် ရန်ကုန်တက္ကသိုလ်မှ သမိုင်းပါမောက္ခ ဒေါက်တာ မာဂရက် ဝေါင်တိုတို့၏ ကြီးကြပ်မှုအောက်တွင် ၂၀၀၃ ခုနှစ်မှ စတင်၍ လေ့လာသင်ယူခဲ့ခြင်းဖြစ်သည်။ ဒေါက်တာဘွဲ့အတွက် မစ္စရှီးယဉ်တင်သွင်းခဲ့သောစာတမ်းမှာ တရုတ်မြန်မာယဉ်ကျေးမှုဆက်ဆံရေး (၁၉၅၀–၂၀၀၆)ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပါရဂူသင်တန်းများဖွင့်လှစ်ခဲ့ပြီး ပညာရပ်နယ်ပယ်အသီးသီးမှ ထူးချွန်ထက်မြက်သော ပါရဂူဘွဲ့ရပညာရှင်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးနေခြင်းသည် မြန်မာ့ပညာရေးလောကအတွက် ကြီးမားသော အောင်မြင်မှုမှတ်တိုင်ကြီးဖြစ်သည်။ ထိုဘွဲ့ရပညာရှင်အသီးသီးသည် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် နယ်ပယ်အသီးသီး၊ ကဏ္ဍအသီးသီး၌ မိမိတို့ကျွမ်းကျင်ရာပညာရပ်များဖြင့် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်လျက်ရှိရာ မကြာမီပေါ်ထွန်းလာတော့မည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးအတွက် ခိုင်မာသော လူ့စွမ်းအားအရင်းအမြစ်အင်အားစုတစ်ရပ်အဖြစ် ဖြစ်တည်နိုင်တော့မည်မှာ မလွဲကောန်ပင်ဖြစ်သည်။

ဒေါက်တာအောင်မြင့်ဦး

အပိုင်း (၄)

၂၀၀၇ ခုနှစ်အကြောင်းရပ်များ

ဤအပိုင်းတွင် ဖော်ပြထားသောအကြောင်းရပ်များသည် ၂၀၀၇ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာဖြစ်ရပ်များကို အဓိကထား ရေးသားထားပါသည်။ အကြောင်းရပ်များကို က မှ အ အထိ အက္ခရာစဉ်၍ ဖော်ပြထားပါသည်။

ကိုရီးယားသမ္မတနိုင်ငံ။ ။ တောင်ကိုရီးယားအမျိုးသားလွှတ်တော်က ဘဏ္ဍာရေးဝန်ကြီးဟောင်းဟန်ဒတ်ဆူးအား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ရန် ဧပြီလ ၂ ရက်နေ့တွင် အတည်ပြုပေးလိုက်သည်။ ဝန်ကြီးချုပ်ခန့်အပ်နိုင်ရန် သမ္မတနိုမူဟွန်းက မတ်လ ၉ ရက်နေ့တွင် အမည်စာရင်းတင်သွင်းခဲ့သည်။ ဟန်ဒတ်ဆူးမှာ ဒီဇင်ဘာလ သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ရာထူးမှနုတ်ထွက်သွားသော ဝန်ကြီးချုပ်ဟန်မြောင်ဆွတ်၏နေရာတွင် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ဟန်ဒတ်ဆူးသည် ဟားဗတ်တက္ကသိုလ်မှဘောဂဗေဒဘာသာရပ်ဖြင့် ပါရဂူဘွဲ့ရရှိသူဖြစ်၍ ဘဏ္ဍာရေးဆိုင်ရာအထက်တန်းရာထူးများတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ၏ ပြည်တွင်းစီးပွားရေးနှင့် ကာကွယ်ရေးတို့ကို ထိခိုက်စေနိုင်မည့်နည်းပညာများ ပြည်ပသို့တင်ပို့မည်ဆိုပါက အာဏာပိုင်များထံမှ ခွင့်ပြုချက်မရဘဲ ဆောင်ရွက်ခြင်းမပြုနိုင်စေရန် ဥပဒေစည်းကမ်းတင်းကျပ်သွားမည်ဖြစ်ကြောင်းကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားသည်။ ထိုကိစ္စများကို ကြီးကြပ်ဆောင်ရွက်ရန် စက်မှုနည်းပညာကာကွယ်ရေး ကော်မတီကို မကြာသေးမီက အသစ်ဖွဲ့စည်းထားရှိပြီးဖြစ်သည်။ ယင်းဥပဒေအရဆိုပါက နိုင်ငံတော်ထံမှ ရန်ပုံငွေရယူကာ သုတေသနပြုလုပ်လျက်ရှိသော ပုဂ္ဂလိကကုမ္ပဏီများ၊ တက္ကသိုလ်များနှင့် ဓာတ်ခွဲခန်းများက တွေ့ရှိထားသော နည်းပညာသစ်များကို သက်ဆိုင်ရာ၏ ခွင့်ပြုချက်မရဘဲ ပြည်ပသို့တင်ပို့ခွင့်ရကြတော့မည် မဟုတ်ပေ။ ထိုဥပဒေကို ချိုးဖောက်၍ နည်းပညာတင်ပို့မှုများ ကျူးလွန်လာလျှင် နိုင်ငံတော်အနေဖြင့် သက်ဆိုင်သောအကျိုးအမြတ်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူမည်ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံရှိ အေဂျင်စီများ၊ ဒေသခံကုမ္ပဏီများနှင့် နိုင်ငံတော်အဖွဲ့အစည်းများက နှစ်စဉ်သုတေသနလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၈ ဘီလီယံကို သုံးစွဲနေကြောင်း ယွန်ဟတ်သတင်းတွင် ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်ရှိ စာသင်ကျောင်းတစ်ကျောင်းတွင် လုံခြုံရေးစက်ရုပ်တစ်ရုပ်ကို



တောင်ကိုရီးယားသမ္မတရွေးကောက်ပွဲတွင် အနိုင်ရသွားသော လီမြောင်ဘတ်

စမ်းသပ်သုံးစွဲသွားမည်ဖြစ်ကြောင်း၊ ယင်းစမ်းသပ်မှုအောင်မြင်ပါက လုံခြုံရေးစက်ရုပ်များကို အခြားစာသင်ကျောင်းများအတွက် ရောင်းချပေးမည်ဖြစ်ကြောင်း ကိုရီးယားတိုင်းမ်သတင်းစာက ဇွန်လ ၁၇ ရက်နေ့တွင် ဖော်ပြသည်။ ယင်းစက်ရုပ်ကို ဒါဆာဘတ်စ်ကုမ္ပဏီကတီထွင်ထုတ်လုပ်ထားသည်။ ကျောင်းသားကလေးလူငယ်များအား ပြင်ပလူတစ်ဦးဦးက ဆွဲဆောင်စည်းရုံးမှုတစ်ခုကို တွေ့ရှိပါက စက်ရုပ်က ကျောင်းတာဝန်ရှိသူများထံ သတင်းပို့ပေးမည်ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံရှိ စာသင်ကျောင်းများတွင် လုံခြုံရေးအစောင့်အရှောက်အဖြစ် စက်ရုပ်အသုံးပြုခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ လုံခြုံရေးစက်ရုပ်ကို လက်လီနှုန်းဖြင့် စက်ရုပ်တစ်ခုလျှင် အမေရိကန်ဒေါ်လာ ၁၀၀၀၀ ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း ကုမ္ပဏီကပြောကြားသည်။ ယင်းစက်ရုပ်မှာ တစ်နာရီလျှင် ၅ ကီလိုမီတာအကွာအဝေးအထိ လမ်းလျှောက်နိုင်ရန် စီစဉ်ထားသည်။ လမ်းကြောင်းများတွင် လှည့်လည်စောင့်ကြပ်ပေးမည်ဖြစ်သည်။ ယင်းစက်ရုပ်တွင် ကင်မရာနှင့် မိုက်ကရိုဖုန်းတို့ပါရှိပြီး ဆရာဆရာမများ လုံခြုံရေးတာဝန်များနှင့်ဆက်သွယ်နိုင်စေရန်စီစဉ်ထားသည်။

တောင်ကိုရီးယားနိုင်ငံတွင် စစ်မှုမထမ်းမနေရ ဥပဒေအရလူငယ်များ စစ်မှုထမ်းဆောင်ရမည့်ကာလ

သက်တမ်းကို လျှော့ချပေးမည်ဖြစ်ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက စက်တင်ဘာလ ၂၄ ရက်နေ့တွင် ပြောကြားသည်။ တောင်ကိုရီးယားအစိုးရအဖွဲ့က စစ်မှုမထမ်းမနေရဥပဒေအရလူငယ်များ စစ်မှုထမ်းရသောကာလကို လျှော့ချပေးရန် ကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုပြုချက်ကို ထောက်ခံထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့က ကိုရီးယားသမ္မတနိုင်ငံသမ္မတရွေးကောက်ပွဲကို ကျင်းပရာဟွန်ဒေးဆောက်လုပ်ရေးလုပ်ငန်းအမှုဆောင်အရာရှိချုပ်ဖြစ်ခဲ့သူ လီမြောင်ဘတ်က ဆန္ဒမဲအား‌လုံး၏ ၄၈ ဒသမ ၇ ရာခိုင်နှုန်းရရှိပြီး အနိုင်ရခဲ့သည်။ ၎င်းရရှိခဲ့သည့် မဲအရေအတွက်သည် တောင်ကိုရီးယားနိုင်ငံသမ္မတရွေးကောက်ပွဲ သမိုင်းတွင် ပြိုင်ဘက်အပေါ်အများဆုံးအသာစီးရခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာဆက်ဆံရေး

ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၀၆ ခုနှစ်အတွင်း အများဆုံးရင်းနှီးမြှုပ်နှံမှုပြုလုပ်သော နိုင်ငံအဖြစ် တောင်ကိုရီးယားနိုင်ငံက တရုတ်နိုင်ငံကို ကျော်တက်သွားပြီဖြစ်ကြောင်း၊ တောင်ကိုရီးယားနိုင်ငံကအမေရိကန်ဒေါ်လာသန်း ၁၀၀၀၊တရုတ်နိုင်ငံကအမေရိကန်ဒေါ်လာသန်း ၇၀၇ သန်း ရင်းနှီးမြှုပ်နှံခဲ့ကြောင်း ကမ္ဘောဒီးယားနေ့စဉ်သတင်းစာက ဧန်နဝါရီလ ၂၉ ရက်နေ့တွင် ရေးသားဖော်ပြသည်။

တောင်ကိုရီးယားနှင့် တရုတ်နှစ်နိုင်ငံဆက်ဆံရေးပိုမိုတိုးတက်လာခြင်းကို တောင်ကိုရီးယားဝန်ကြီးချုပ်ဟန်ဒတ်ဆူးက ကြိုဆိုကြောင်း ဆင်ဟွာသတင်းဌာနဖော်ပြသည်။ တောင်ကိုရီးယားနှင့် တရုတ်သံတမန်ဆက်ဆံရေးဆောင်ရွက်ခဲ့သော လွန်ခဲ့သော ၁၅ နှစ်ကာလမှစ၍ နှစ်နိုင်ငံဆက်ဆံရေးမှာ ပိုမိုကောင်းမွန်လာကြောင်း ဟန်ကဆင်ဟွာသတင်းဌာနနှင့်တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားခဲ့သည်။ တောင်ကိုရီးယားနှင့်တရုတ်လွတ်လပ်စွာ ကုန်သွယ်ရေးစေ့စပ်ညှိနှိုင်းမှု မစတင်မီ နှစ်နိုင်ငံလွတ်လပ်စွာ ကုန်သွယ်ရေးဇုန်တည်ထောင်ရန် တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ လုပ်ငန်းရှင်များအစိုးရတာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များ ပူးပေါင်းလေ့လာလျက်ရှိသည်။

တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့က ဆောင်းခိုငှက်များ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ သဘောတူညီချက်ကို ဧပြီလ ၁၄ ရက်နေ့တွင် လက်မှတ်ရေးထိုးလိုက်ကြောင်း တောင်ကိုရီးယားသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပြောကြားသည်။ တောင်ကိုရီးယားနိုင်ငံမှာဆောင်းခိုငှက်များ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ သဘောတူညီချက်ကို ၁၉၉၄ ခုနှစ်တွင် ရဂျာနိုင်ငံ၊ ၂၀၀၆ ခုနှစ်တွင် ဩစတြေးလျနိုင်ငံတို့နှင့် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံက အင်ဒိုနီးရှားနိုင်ငံနှင့် စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများက မေလ ၁၂ ရက်နေ့တွင် ပြောကြားသည်။တောင်ကိုရီးယားကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့မှာ အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်ခဲ့ကြောင်း တောင်ကိုရီးယားကူးသန်းရောင်းဝယ်ရေး၊စက်မှုလုပ်ငန်းနှင့် စွမ်းအင်ဝန်ကြီးဌာနမှ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို ဒုတိယဝန်ကြီးတောင်ဆွတ်ဝူးက ပြောကြားသည်။ တောင်ကိုရီးယားနိုင်ငံမှ စွမ်းအင်လုပ်ငန်းဆိုင်ရာ အထက်တန်းမန်နေဂျာများ ပါဝင်သောအဖွဲ့ဝင် ၁၆၀ ပါ ကိုယ်စားလှယ်အဖွဲ့မှာအင်ဒိုနီးရှားနိုင်ငံသို့ သုံးရက်ကြာသွားရောက်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ၏ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တောင်ကိုရီးယားနိုင်ငံကနည်းပညာအကူအညီပေးရန် ဆွေးနွေးခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံမှာ စွမ်းအင်လိုအပ်ချက်ကို ဖြည့်တင်းပေးနိုင်ရန် နျူကလီးယားအစီအစဉ်တစ်ရပ်ကို ချမှတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အင်ဒိုနီးရှားမှာ ရေနံပေါကြွယ်ဝသောနိုင်ငံဖြစ်ပြီး ယင်းနိုင်ငံ၏ ရေနံမြေများတွင် တောင်ကိုရီးယား ကုမ္ပဏီများ၊ တူးဖော်ထုတ်လုပ်ခွင့်ရရှိရေးကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း ဒုတိယဝန်ကြီးကပြောကြားသည်။

တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံနယ်စပ်ဒေသတွင် နိုင်ငံဖြတ်ကျော်ရထားခရီးစဉ်ပြေးဆွဲနိုင်ရေးကိစ္စနှင့်ပတ်သက်၍ ကိုရီးယားနိုင်ငံမှ ဗိုလ်ချုပ်ကြီးများသုံးရက်ကြာဆွေးနွေးခဲ့ကြကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ လုံခြုံရေးအထူးတင်းကျပ်သောနယ်စပ်ဒေသတွင် နိုင်ငံဖြတ်ကျော်ရထားပြေးဆွဲရေး



ကိုရီးယားစစ်ပွဲ (၅၇) ကြိမ်မြောက် နှစ်ပတ်လည်နေ့ လူထုအစည်းအဝေးပွဲတစ်ခု၌ မြောက်ကိုရီးယားနိုင်ငံ၏ ရှုကလီးယားအစီအစဉ်ကို ဆန့်ကျင်ကန့်ကွက်နေသော တောင်ကိုရီးယားစစ်ပြန်စစ်မှုထမ်းဟောင်းများ

ကိစ္စကို ဆွေးနွေးခြင်းမှာ နှစ်ပေါင်း ၅၀ ကျော်ကာလ အတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။ နိုင်ငံဖြတ်ကျော် ခရီးစဉ်ပြေးဆွဲနိုင်ခြင်းဖြင့် ကိုရီးယားကျွန်းဆွယ်တွင်း ငြိမ်းချမ်းရေးဖြစ်ထွန်းလာမည်ဟု တောင်ကိုရီးယားနိုင်ငံက မျှော်လင့်သည်။တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံမှာ ၁၉၅၀ ပြည့်နှစ်မှ ၁၉၅၃ ခုနှစ်အထိ စစ်မက်ဖြစ်ပွားခဲ့ပြီးနောက် အပစ်အခတ်ရပ်စဲထားပြီး စစ်ပြေငြိမ်းရေးစာချုပ်ကို ယနေ့တိုင်အောင် ချုပ်ဆိုနိုင်ခြင်း မရှိသေးပေ။

အီရတ်ရောက် တောင်ကိုရီးယားတပ်ဖွဲ့များ အပြီးရုပ်သိမ်းရေးအစီအစဉ်ကို တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ဇွန်လ ၂၈ ရက်နေ့တွင် ပါလီမန်သို့ တင်ပြလိုက်သည်။ပါလီမန်က မူလသတ်မှတ်ထားသော ဖော်ပြချက်တွင် ယင်းတပ်များ အီရတ်၌ ထားရှိမည့် သက်တမ်းမှာ ၂၀၀၇ ခုနှစ်ကုန်တွင် ပြီးဆုံးမည်ဖြစ်ကြောင်းပါရှိသည်။ တပ်ဖွဲ့များ ရုပ်သိမ်းရေး အစီအစဉ်တစ်ခုလုံးမှာ ၂၀၀၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် ပြီးဆုံးမည်ဖြစ်ကြောင်း ခန့်မှန်းရသည်ဟု လွှတ်တော်အမတ်များက ပြောကြားသည်။ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်ရှိ တောင်ကိုရီးယားစစ်ပွဲအထိမ်းအမှတ်ပြတိုက်တွင် ၂၀၀၇ ခုနှစ် ဇွန်လ ၂၄ ရက်နေ့က ကိုရီးယားစစ်ပွဲ (၅၇)ကြိမ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် လူထုအစည်းအဝေးပွဲကြီးကို ကျင်းပသည်။ ထိုပွဲတွင် တောင်ကိုရီးယားစစ်ပြန်အမှုထမ်းဟောင်းများက မြောက်ကိုရီးယားနိုင်ငံ၏ ရှုကလီးယားအစီအစဉ်ကို အလံငယ်များကိုင်ဆောင်၍ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းစီးတီးတွင် ကိုရီးယားကုမ္ပဏီများရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း၊ ယင်းမြို့တွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေသော ကိုရီးယားကုမ္ပဏီပေါင်း ၁၃၀၀၀ ကျော်ရှိကြောင်း ကိုရီးယားတာဝန်ရှိသူတစ်ဦးက ဇူလိုင်လ ၁၅ ရက်နေ့တွင် ပြောကြားသည်။ ဟိုချီမင်းစီးတီးတွင် ကုမ္ပဏီများက အခြေခံအဆောက်အအုံစီမံကိန်းများတွင် ပါဝင်လုပ်ကိုင်လျက်ရှိသည်။ အိုးအိမ်တည်ဆောက်ရေးလုပ်ငန်း၊ လေဆိပ်တိုးချဲ့ဖောက်လုပ်ရေးလုပ်ငန်းစသော တည်ဆောက်ရေးလုပ်ငန်းများ၌ ကိုရီးယားကုမ္ပဏီများပါဝင်ရင်းနှီးလျက်ရှိကြသည်။ ကိုရီးယားအငယ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ ကော်ပိုရေးရှင်း၊ ကိုရီးယားစက်မှုနည်းပညာသိပ္ပံနှင့် ဗီယက်နမ် သိပ္ပံနှင့်နည်းပညာဌာနတို့က ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်ကိုလက်မှတ်ရေးထိုးခဲ့ကြသည်။

· အာဖဂန်နစ္စတန်နိုင်ငံတွင် အဖမ်းခံထားရသော တောင်ကိုရီးယားနိုင်ငံသား ၂၂ ဦး လွတ်မြောက်ရေး

အတွက် တောင်ကိုရီးယားအစိုးရက ပြန်ပေးဆွဲထားသူများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံခြားရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ဇူလိုင်လ ၂၇ ရက်နေ့တွင် ပြောကြားသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ တောင်ကိုရီးယားအစိုးရက အာဖဂန်အစိုးရနိုင်ငံတကာအဖွဲ့အစည်း၊ ကုလသမဂ္ဂတို့နှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ဆိုးလ်မြို့၌ နိုင်ငံခြားသတင်းထောက်များနှင့် တွေ့ဆုံရာတွင် အဆိုပါ ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။ ပြန်ပေးဆွဲခံနေရသူများ လွတ်မြောက်ရေးအတွက် အာဖဂန်သမ္မတဟာမစ်ကာဇိုင်းအပါအဝင် အာဖဂန်တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးရန် တောင်ကိုရီးယားသမ္မတ၏ အထူးသံတမန် ကဘူးမြို့သို့ ဇူလိုင်လ ၂၇ ရက်နေ့တွင် ရောက်ရှိခဲ့သည်။

တောင်ကိုရီးယားနှင့် အိန္ဒိယနှစ်နိုင်ငံကုန်သွယ်ရေးသဘောတူညီချက်နှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးနေမှုအဆုံးသတ်ရန် စက်တင်ဘာလ ၁၈ ရက်နေ့က သဘောတူကြကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာသည်။ တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ဆွန်မင်းဆွမ်းနှင့် တောင်ကိုရီးယားသို့အလည်အပတ်ရောက်ရှိနေသော အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဖရန်နက်မူခါဂျီတို့တွေ့ဆုံ ဆွေးနွေးပြီးနောက် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ကုန်သွယ်ရေး

တောင်ကိုရီးယားနိုင်ငံက ဂျပန်နိုင်ငံနှင့် ကုန်သွယ်ရာတွင် ၂၀၀၆ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၃ ဘီလီယံအထိ လိုငွေပြခဲ့ကြောင်း တောင်ကိုရီးယားကူးသန်းရောင်းဝယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဌာနက ပြောကြားသည်။ တောင်ကိုရီးယားနိုင်ငံသုံးဝမ်ငွေမှာ ယန်းငွေနှင့် လဲလှယ်ရာတွင် ခိုင်မာမှုရှိပြီး ၂၀၀၄ ခုနှစ်နောက်ပိုင်းတွင် ဂျပန်ယန်းငွေနှင့် လဲလှယ်ရာတွင် ၃၁ ရာခိုင်နှုန်းအထိ တန်ဖိုးမြင့်တက်ခဲ့သည်။ ဝမ်ငွေခိုင်မာမှုကြောင့် တောင်ကိုရီးယားနိုင်ငံက ဂျပန်မှ စက်မှုဆိုင်ရာ အစိတ်အပိုင်းနှင့် ပစ္စည်းများ ပိုမိုဝယ်ယူတင်သွင်းနေမှုကို မြင့်မားစေခဲ့သည်။ ယင်းငွေခိုင်မာမှုကြောင့် တောင်ကိုရီးယားနိုင်ငံသားများက ဂျပန်နိုင်ငံသို့ ယခင်နှစ်ကထက် ခရီးသွားရန် တွန်းအားပေးလျက်ရှိသည်။ တောင်ကိုရီးယားနိုင်ငံသူ နိုင်ငံသား ၂ ဒသမ ၃၇ သန်းမှာ ဂျပန်နိုင်ငံသို့ ၂၀၀၆ ခုနှစ်အတွင်း အလည်အပတ်သွားရောက်ခဲ့ကြသည်ဟု ဂျပန်တရားရေးဌာန၏ စာရင်းဇယားများတွင် ဖော်ပြထားသည်။ အလားတူကာလအတွင်း တောင်ကိုရီးယားသို့ လာသော ဂျပန်ခရီးသည်ဦးရေမှာ ၂ ဒသမ ၃၂ သန်းဖြစ်ပြီး ဦးရေ ၁၁၀၀ လျော့ကျသွားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့မှုမှာ မတ်လအတွင်း ၁၄ ရာခိုင်နှုန်းမြင့်တက်လာပြီး ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၆ ဘီလီယံရှိကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနက ကြေညာသည်။ ပို့ကုန်တင်ပို့မှုပိုင်း မြင့်တက်လာခြင်းမှာ အဓိကအားဖြင့် တပိုင်းလျှပ်ကူးပစ္စည်းများ၊ မြင့်တက်လာခြင်းကြောင့်ဖြစ်သည်။ သွင်းကုန်တန်ဖိုးမှာ မတ်လတွင် အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၁ ဘီလီယံရှိပြီး ၁၂ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာကြောင်း လစဉ်ကုန်သွယ်ရေးပို့ငွေမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံရှိကြောင်း ဝန်ကြီးဌာနက ဖော်ပြသည်။ တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့မှုမှာ ၁၄-လ ဆက်လက်မြင့်တက်လျက်ရှိသည်။

တောင်ကိုရီးယားနှင့် အမေရိကန်တို့၏ ကုန်သွယ်ရေးသဘောတူညီချက်မှာ ၁၅ နှစ်အတွင်း အကြီးကျယ်ဆုံးသော ကုန်သွယ်ရေးသဘောတူညီချက်ဖြစ်လိမ့်မည်ဟုဆိုသည်။ ထိုကာလအတွင်း တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် နှစ်နိုင်ငံလွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ကို ကန့်ကွက်ဆန္ဒပြမှုများဖြစ်ပွားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံတွင် ဟွန်ဒိုင်းကား ကုမ္ပဏီနှင့် မိတ်ဖက် တီယာကားကုမ္ပဏီတို့မှာ ဥရောပကားဈေးကွက်တွင် ယင်းကုမ္ပဏီတို့မှ ထုတ်လုပ်သောကားများကို နှစ်စဉ်တိုးချဲ့ရန် စီစဉ်လျက်ရှိသည်။ ဥရောပကားဈေးကွက်တွင် ဟွန်ဒိုင်းနှင့် တီယာကုမ္ပဏီတို့၏ ယမန်နှစ်ကားရောင်းချရှုန်း မှာ ၃ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း ၂၀၁၀ ပြည့်နှစ်တွင် ၅ ဒသမ ၃ ရာခိုင်နှုန်းအထိရောက်ရှိရန် မျှော်မှန်းထားကြောင်း

တီယာကုမ္ပဏီ၏ စက်ရုံဖွင့်ပွဲ၌ ဟွန်ဒိုင်းကုမ္ပဏီ ဥက္ကဋ္ဌ ချွန်မွန်ကိုးက ပြောကြားသည်။

စီးပွားရေး

ဒေသတွင်း ရေနံစိမ်းဝယ်လိုအား‌တိုးတက်နေခြင်းကြောင့် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့က ရေနံချက်လုပ်ငန်းကို တိုးချဲ့လာကြသည်။ ရေနံချက်လုပ်ငန်း သိုလှောင်ရေးလုပ်ငန်းနှင့် တစ်ဆင့်တင်ပို့သည့်လုပ်ငန်း ကျယ်ပြန့်လာခြင်းကြောင့် တောင်ကိုရီးယားနိုင်ငံ၏ အခန်းကဏ္ဍမှာ အရေးပါလာကြောင်း ဆိုးလ်မြို့တော်တွင် ကျင်းပသော စွမ်းအင်ဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲ၌ တောင်ကိုရီးယားအမျိုးသားရေနံကော်ပိုရေးရှင်း ညွှန်ကြားရေးမှူး ဝုမ်ဆန်ချူးလ်က ပြောကြားသည်။ အရှေ့မြောက်အာရှဒေသတွင် ရေနံသုံးစွဲမှုအများဆုံးနိုင်ငံမှာ တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ဖြစ်ကြသည်။

တောင်ကိုရီးယားနိုင်ငံ၌ ၂၀၀၇ ခုနှစ်တွင် စီးပွားရေးတိုးတက်ရေးနှင့် အလုပ်အကိုင်ဖန်တီးရေးတို့မှာ အဓိကရည်မှန်းချက်များဖြစ်လာမည်ဖြစ်ကြောင်း စက်မှုဝန်ကြီးတင်လောင်ဂျူးက ပြောကြားသည်။နိုင်ငံ၏စက်မှုလုပ်ငန်းအဆောက်အအုံကို ပြုပြင်ပြောင်းလဲရန်လည်းကောင်း၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်မှုကိုမြှင့်တင်ပေးရန်လည်းကောင်း လိုအပ်လျက်ရှိကြောင်း တင်ကပြောကြားသည်။ သုတေသနနှင့် တီထွင်ထုတ်လုပ်မှုလုပ်ငန်းများအတွက် ကြိုးပမ်းမှုများကို အစိုးရအနေဖြင့် အစွမ်းကုန်အားပေးကူညီမည်ဖြစ်ကြောင်း ယင်းလုပ်ငန်းများမှာ အရင်းအနှီးများရရှိမှု အလုပ်အကိုင်ဖန်တီးမှုတို့နှင့် ဆက်နွယ်လျက်ရှိကြောင်း ဝန်ကြီးတင်က သတင်းထောက်များအားပြောကြားသည်။

တောင်ကိုရီးယားနှင့် အာဏာဘိုင်ဂျန်နစ်နိုင်ငံ၏ စွမ်းအင်သဘာဝအရင်းအမြစ်များဆောက်လုပ်ရေးနှင့် ပြန်ကြားရေးနည်းပညာကဏ္ဍများတွင် စီးပွားရေးအရပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် တောင်ကိုရီးယားသမ္မတနိုမူဟွန်းနှင့် အာဏာဘိုင်ဂျန်သမ္မတ အလီယက်တို့ သဘောတူညီထားကြကြောင်း၊ တောင်ကိုရီးယားသမ္မတရုံးက ပြောကြားသည်။

လူမှုရေး

တောင်ကိုရီးယားနိုင်ငံသားများ၏ တစ်ဦးချင်းဆန်စားသုံးမှုမှာ ၂၀၀၆ ခုနှစ်၌ ဆက်လက်ကျဆင်းလျက်ရှိသည်ကိုတွေ့ရကြောင်း တောင်ကိုရီးယားစာရင်းအင်းဌာနက ထုတ်ပြန်ကြေညာသည်။ ဂျုံခေါက်ဆွဲစားသုံးမှု၊ အသားစားသုံးမှုနှင့် သစ်သီးဝလံစားသုံးမှုနှုန်းမှာ တောင်ကိုရီးယား၌ မြင့်တက်လျက်ရှိသည်။ ယင်းသို့ မြင့်တက်လာခြင်းကြောင့် ဆန်စားသုံးမှုလျော့ကျသွားသည်ဟု အစီရင်ခံစာ၌ သုံးသပ်ထားသည်။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ ဟောင်ဂစ်တက္ကသိုလ်ရှေ့ရှိ လမ်းပေါ်၌ စနေ၊ တနင်္ဂနွေပိတ်ရက်ညပိုင်းများတွင် လူငယ်များဖြင့်စည်ကားလျက်ရှိသည်။ မကြာမီကာလများမှစ၍ နိုင်ငံခြားသားများ၊ အထူးသဖြင့် ကိုရီးယားရောက်အမေရိကန်စစ်သားများ ပိုမိုများပြားလာသည်။ ပုံပျက်ပန်းပျက်အပြုအမူများဖြင့် ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်အောင် ပြုလုပ်ကြသည်။ သို့ရာတွင် ကိုရီးယားရဲများက လက်ပိုက်ကြည့်နေကြသဖြင့် ထိုလမ်းပေါ်ရှိ ဖျော်ဖြေရေးဌာနတော်တော်များများတွင် အမေရိကန်စစ်သားများ မဝင်ရဆိုင်းဘုတ်စာတမ်းချိတ်ဆွဲထားကြသည်။ အမေရိကန်စစ်သားများမှာ အရက်သေစာသောက်စားပြီး၊ လမ်းမပေါ်တွင် မီးပုံရှို့ခြင်း၊ ပါတီပွဲကျင်းပခြင်းများ ပြုလုပ်ကြသည်။ မူးမူးရွားရွားဖြင့် လမ်းမအလယ်တွင် အညစ်အကြေးစွန့်ပြီး မဖယ်မရာပြုလုပ်ကြသည်။

တောင်ကိုရီးယား တရားရုံးတစ်ရုံးက ဟွန်ဒိုင်းကုမ္ပဏီအကြီးအကဲ ချန်မွန်ကိုးအား လာဘ်ပေးရန် ရန်ပုံငွေထားရှိမှုအတွက် ထောင်ဒဏ်သုံးနှစ်ချမှတ်ခဲ့သည်။ ချန်မှာ ဒေါ်လာသန်း ၁၁၀ ခန့် ကိုယ်ကျိုးအတွက်နှင့် လာဘ်ပေးရန် တရားမဝင်စုဆောင်းထားခြင်းအတွက် အပြစ်ရှိကြောင်း တရားရုံးက ဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်မှာ ကိုရီးယားလုပ်ငန်းနှင့် စီးပွားရေးကို ထိခိုက်စေနိုင်သည်ဟု လေ့လာသူများက စိုရင်ချက်မချမီ သုံးသပ်ခဲ့ကြသည်။

တောင်ကိုရီးယားနိုင်ငံမှ ကုန်တင်သင်္ဘောတစ်စင်းမှာ ဂျပန်နိုင်ငံ ကမ်းလွန်ပစိဖိတ်သမုဒ္ဒရာအတွင်း

မုန်တိုင်းမိခဲ့၍ သဘော်သားသုံးဦး သေဆုံးပြီး ခြောက်ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ကျူတိုသတင်းဌာနက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၏ အနာဂတ်စွမ်းအင်လိုအပ်ချက်ဖူလုံစေရေးအတွက် နိုင်ငံ၏လက်ဝယ်၌ ရေနံသိုက် ပမာဏစည်ပေါင်း ၁၇ ဘီလီယံရှိနေစေရန် ပြည်ပနိုင်ငံများ၌ ရေနံရှာဖွေရေးနှင့် တူးဖော်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားကူးသန်းရောင်းဝယ်ရေး၊စက်မှုနှင့်စွမ်းအင်ဒုတိယဝန်ကြီးအိုယောင်ကိုက ပြောကြားသည်။ ယင်းဝန်ကြီးဌာန၏ ၂၀၀၇ ခုနှစ် မူဝါဒရည်မှန်းချက်များနှင့် သက်ဆိုင်သော သတင်းစာ ရှင်းလင်းပွဲ၌ ဒုတိယဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ လက်ရှိအခြေအနေတွင် တောင်ကိုရီးယားနိုင်ငံ၏ လက်ဝယ်၌ ပိုင်ဆိုင်ထားသော ရေနံသိုက်ပမာဏစုစုပေါင်းစည်ပေါင်း ၁၄ ဘီလီယံမျှရှိသည်။

တောင်ကိုရီးယားနိုင်ငံက ကမ္ဘာပတ်လမ်းကြောင်းအတွင်း ကြိုဟ်တုတစ်လုံးထားရှိရန် ပထမဆုံးဒုံးပျံယာဉ်ကို ၂၀၀၈ ခုနှစ်ကုန်ပိုင်းတွင် လွှတ်တင်မည်ဖြစ်ကြောင်း တောင်ကိုရီးယားသိပ္ပံဝန်ကြီးဌာနက ပြောကြားသည်။ တောင်ကိုရီးယားက ယင်းသို့ ဒုံးပျံယာဉ်လွှတ်တင်ရာတွင် ရုရှားနိုင်ငံက နည်းပညာပေးမည်ဟု အဆိုပါ သိပ္ပံဝန်ကြီးဌာနက ပြောကြားသည်။ တောင်ကိုရီးယားနှင့် ရုရှားနိုင်ငံတို့မှာ နည်းပညာပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်ကို ၂၀၀၆ ခုနှစ် အောက်တိုဘာလအတွင်းက လက်မှတ်ရေးထိုးခဲ့သည်။ ယင်းနှစ်နိုင်ငံမှာ အာကာသနည်းပညာ ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို ၂၀၀၄ ခုနှစ် စက်တင်ဘာလအတွင်းက လက်မှတ်ရေးထိုးခဲ့သည်။

အလုပ်သမားနှင့် တောင်သူလယ်သမားအရေး

တောင်ကိုရီးယားနိုင်ငံရှိ မော်တော်ယာဉ်စျေးကွက်နှင့် ဆေးဝါးထုတ်လုပ်ရေး စျေးကွက်တို့ကို ပိုမိုဖွင့်ပေးနိုင်ရန် အမေရိကန်က တောင်းဆိုနေပြီး တောင်ကိုရီးယားထုတ်ကုန်ပစ္စည်းများအများအပြားတင်သွင်းမှုတားဆီးရေး အမေရိကန်အစိုးရ၏ အစီအစဉ်များကို တောင်ကိုရီးယားက ကန့်ကွက်လျက်ရှိသည်။ တောင်ကိုရီးယားနိုင်ငံသည် ဂျပန်နှင့် တရုတ်နိုင်ငံတို့နှင့် ကုန်သွယ်ရေးဆွေးနွေးပွဲများကျင်းပတော့မည်ဖြစ်သည်။

အမေရိကန်နှင့် ချုပ်ဆိုခဲ့သော ကုန်သွယ်ရေးသဘောတူညီချက် စာချုပ်ကို အပြီးသတ်အတည်မပြုမီ နောက်ဆုံးအဆင့်ပြန်လည်သုံးသပ်ရန်ရှိနေစဉ် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ဇွန်လ ၂၁ ရက်နေ့က လယ်သမားထောင်ပေါင်းများစွာက ကန့်ကွက်ဆန္ဒပြခဲ့ကြကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။ တောင်ကိုရီးယားနှင့် အမေရိကန်လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်ကို ဧပြီလတွင် အပြီးသတ်



ကိုရီးယားနိုင်ငံ၏ သံမဏိလုပ်ငန်း

ရေးဆွဲခဲ့ကြသည်။ ယင်းသဘောတူညီချက်မှာ ၁၅ နှစ်တာကာလအတွင်း အမေရိကန်၏ အကြီးကျယ်ဆုံးသော ကုန်သွယ်ရေးသဘောတူညီချက်ဖြစ်သည်။ သို့ရာတွင် ယင်းသဘောတူညီချက်အရ ကုန်သွယ်ရေးစျေးကွက်များ ဖွင့်ပေးသောအခါ အလုပ်အကိုင်နေရာထောင်ပေါင်းများစွာ ဆုံးရှုံးနိုင်မှုအတွက် တောင်ကိုရီးယားလယ်သမားများက စိုးရိမ်ပူပန်လျက်ရှိသည်။ အမေရိကန်နိုင်ငံရှိ မော်တော်ယာဉ်ထုတ်လုပ်သော ကုမ္ပဏီများအနေဖြင့်လည်း ကိုရီးယားလုပ်မော်တော်ကားများ စျေးကွက်အတွင်းသို့ ပိုမိုဝင်ရောက်လာမည်ကို စိုးရိမ်လျက်ရှိသည်။ နှစ်နိုင်ငံကုန်သွယ်ရေးသဘောတူညီချက်ကို ပြန်လည်သုံးသပ်သောအခါ ကြီးမားသော ပြင်ဆင်ချက်များမရှိနိုင်ကြောင်း တောင်ကိုရီးယားကုန်သွယ်ရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ တောင်ကိုရီးယားနှင့် အမေရိကန်ကုန်သွယ်ရေးသဘောတူညီချက်ကို ပြန်လည်သုံးသပ်နိုင်ရန်ကုန်သွယ်

ရေးဆွေးနွေးရေးမှူးများ ပါဝင်သောအဖွဲ့တစ်ဖွဲ့မှာ ဇွန်လ ၂၁ ရက်နေ့တွင် ဆိုးလ်မြို့သို့ ရောက်ရှိလာသည်။နှစ်နိုင်ငံ ကုန်သွယ်ရေးသဘောတူညီချက်တွင် လွတ်လပ်သော ကုန်သွယ်ရေးလုပ်ငန်းအတွက် ကတ္တာနှစ်ရပ်ပါရှိသည်။

ဦးရဲလွင်

ကိုလေးညွန့်၊ ဂီတစာဆို (ခရစ်နှစ် ၁၉၃၂-၂၀၀၇)။ ။ မြန်မာ့ဂီတလောကဌ ဂီတစာဆို ကိုလေးညွန့်ဟု ထင်ရှားကျော်ကြား၍ ဂီတလောကသားများက ကိုလေးညွန့်ဟု ပြောဆိုသုံးနှုန်းလေ့ရှိသော 'ကိုလေးညွန့်'ကို မြန်မာသက္ကရာဇ် ၁၂၉၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၇)ရက် (၄-၁၁-၁၉၃၂)တွင် ရန်ကုန်မြို့၊ ၁၂ လမ်းနေ အဘ ဦးဘရှိန်နှင့် အမိ ဒေါ်ညွန့်ရှိတို့က မွေးဖွားခဲ့သည်။ ကိုလေးညွန့်၏ အမည်ရင်းသည် ဦးသန်းညွန့်ဖြစ်သည်။

ကိုလေးညွန့်သည် ၁၉၅၁ ခုနှစ်မှစတင်၍ ဂီတလုလင် အပျော်တမ်းတူရိယာအဖွဲ့တွင်ပါဝင်၍တေးရေး၊ တေးဆိုပညာရပ်များကို ဆည်းပူးလေ့လာခဲ့သည်။

ကိုလေးညွန့်သည် ၁၉၆၀ ပြည့်နှစ်တွင် ကေသီပန်တူရိယာအဖွဲ့ကို တည်ထောင်စဉ်က တေးရေးဆရာအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ထို့ပြင် တိုးနိုင်၊ စူပါဟိုက်စသည့် ဓာတ်ပြားကုမ္ပဏီများတွင်လည်းကောင်း၊ ရုပ်ရှင်နောက်ခံတေးများကိုလည်းကောင်း တေးသီချင်းများကို စပ်ဆိုရေးသားခဲ့သည်။

ကိုလေးညွန့်သည် ၁၉၆၃ ခုနှစ်တွင် မြန်မာနိုင်ငံဂီတကောင်စီ (ဗဟို)အတွင်းရေးမှူးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၆၄ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ မြန်မာ့အသံ၊ ခေတ်ပေါ်တေးဂီတ စိစစ်ရေးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။

ကိုလေးညွန့်သည် 'ဂီတစာဆို ကိုလေးညွန့်'ဟူသော အမည်နာမကို ခံယူလျက် ဂီတလောကတွင် ဝါသနာအလိုက် ပျော်မွေ့ခဲ့သူဖြစ်သော်လည်း ပညာရေးအနေနှင့် B.A Dip Ed ဘွဲ့ကို ရရှိခဲ့သူလည်းဖြစ်ပေရာ ၁၉၆၇ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ မအူပင်မြို့တွင် အထက်တန်းပြဆရာ (S.A.T) အဖြစ် နိုင်ငံ့ပညာရေးဝန်ထမ်းဘဝကို ခံယူခဲ့သူလည်းဖြစ်သည်။



ဂီတစာဆို ကိုလေးညွန့်

ကိုလေးညွန့်သည် ၁၉၉၄ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအက အရေးအတီးပြိုင်ပွဲ၏ ဒုတိယအကြိမ်မှစတင်၍ အရေးအကဲဖြတ်ဒိုင်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်မှ စတင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဦးစီးဌာနတွင် ခေတ်ပေါ်တေးဂီတ စိစစ်ရေးအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ တေးရေးပညာရှင်ကြီးများ၏ ခေတ်ဟောင်းတေးသီချင်းများ စိစစ်ရေးအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ခေတ်ဟောင်းကာလပေါ်တေးသီချင်းများစိစစ်ရေးအဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

ပညာရေးလောကနှင့် ဂီတလောကတွင် ထင်ရှားသူ ကိုလေးညွန့်သည် ၂၀၀၄ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ချီးမြှင့်သည့် လူမှုထူးချွန် (ပထမအဆင့်) ကို ရရှိခဲ့သည်။ ၂၀၀၆ ခုနှစ်မှစ၍ မြန်မာနိုင်ငံ၊ ဂီတအစည်းအရုံး၊ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ကိုလေးညွန့်ရေးစပ်ခဲ့သည့် သီချင်းများအနက် ယနေ့ထိထင်ရှားကျော်ကြားလျက်ရှိသော တေးသီချင်းများမှာ တစ်ပွင့်ပန်း၊ တစ်နေ့တော့ မောင်ပြန်လာမည်၊ တရေးချစ်ခွင့် ကြင်ရနိုး၊ ယုံရခက်ခက်၊ ဆယ်မိုးဆယ်နွေ မျှော်လေလေဝေး၊ ချစ်သူ့နယ်မြေ၊ သျှောင်နောက်ဆံထုံးပါ၊ နက်ဖြန် သို့မဟုတ် ဘယ်သောခါ၊ ဖက်ဖူးဆင်ခင်ခင်ကြိုက်တယ်၊ ဆည်းဆာ၊ လာချင်ရင်အနီးလေး၊ ချယ်ရီပန်းမခူးရ၊ ဆောင်းဘုရင်မလေးနှင်း၊ ချစ်ရေးခက်ခက်၊ ခက်ခက်ကိုမှ လိုချင်တယ်၊ အကျည်းတန်ချစ်သူ၊ ရွှေညာဆီသွားမယ်၊ မောင့်အချစ်ဦး၊ ခေါင်းကလေးတညိတ်တို့ဖြစ်သည်။ ဂီတစာဆိုကိုလေးညွန့်၏

နောက်ဆုံးဂီတလက်ရာအနေနှင့်အလင်္ကာဝတ်ရည်ဂီတ တီးဝိုင်းတွင် မောင်မောင်အေး (အလင်္ကာဝတ်ရည်) သီဆိုခဲ့ပြီး မြန်မာ့အသံရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့် "ဘဝကျောင်း" အမည်ရှိ တေးသီချင်းဖြစ်သည်။

ဂီတစာဆို ကိုလေးညွန့်သည် မြန်မာ့ဂီတနှင့် ပတ်သက်၍ 'အလွန်တရာ အေးမြကြည်လင်ပြီး ကြာမျိုးငါးပါးနဲ့ပြည့်စုံတဲ့ ရေကန်ကြီးနဲ့တူတဲ့ ကိုယ့်ရိုးရာအမွေအနှစ် ယဉ်ကျေးမှုအစုစုတို့ကို ပြုစုစောင့်ရှောက်ဖို့အတွက် ကိုယ့်အမျိုးဘာသာကို နှစ်နှစ်ကာကာချစ်တဲ့ စိတ်ဓာတ် ဆိုတဲ့ ကန်ဘောင်ရိုးကြီး မကျိုးမပဲ့ မပျက်စီးအောင်၊ ထာဝရခိုင်ခဲ့ နေအောင် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ကြပါ။ ကန်ရေမခန်းခြောက်အောင်လည်း အသစ်အသစ်သော သန့်ရှင်းကြည်လင်တဲ့ ရေတွေနဲ့ အစဉ်တစိုက် ဖြည့်ဆည်းနိုင်ကြပါစေလို့' ဟူသော စကား (စာသား) ကို ၂၀၀၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့စွဲနှင့် စာနယ်ဇင်းတစ်ခုတွင် ပြောကြားရေးသားခဲ့ဖူးသည်။ ထိုစာသားသည်လျှင် ဂီတစာဆိုကိုလေးညွန့်၏ ဂီတအပေါ်ခံယူသော သဘောထား၊ ယုံကြည်ချက်ဟု ဆိုနိုင်သည်။ ထို့အပြင် မျိုးဆက်သစ်ဂီတသမားများအတွက် ဆုံးမသြဝါဒဟုလည်း ပြောနိုင်သည်။

ကိုလေးညွန့်သည် ဇနီးဖြစ်သူ ဒေါ်စန်းစန်းမြင့် နှင့် သား (၃)ယောက်ထွန်းကားခဲ့ကာ အမှတ် ၈၄၊ မအူပင်လမ်း၊ ရန်ကုန်မြို့တွင် နေထိုင်ရင်း ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် ကွယ်လွန်သည်။

ဇော်ဝင်းထွန်း

ကမ္ဘာ့ဆရာများနေ့။ ။ ၂၀၀၇ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ (World Teacher's Day) အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် ကျင်းပသည်။

မြန်မာ့လူ့အဖွဲ့အစည်းတွင် မိဘနှစ်ပါးကို ပုဇ္ဇာစရိယလက်ဦးဆရာများအဖြစ် တန်ဖိုးထားသတ်မှတ်ကြပြီး ဆရာဆရာမများကိုလည်း အနန္တောအနန္တဂိုဏ်းဝင်ကျေးဇူးရှင်များအဖြစ် တန်ဖိုးထားပူဇော်ကန်တော့ကြသည့် အစဉ်အလာသည် အလွန်လေးစားမြတ်နိုးဖွယ်ကောင်းလှသည်။

အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအလိုက် လေ့ကျင့်သင်ကြားပေးနေကြသည့် ဆရာဆရာမများ၏ စွမ်းဆောင်မှုများကို ထုတ်ဖော်ဂုဏ်ပြုနိုင်ရေးအတွက် အောက်တိုဘာလ ၅ ရက်နေ့တွင် နိုင်ငံအလိုက် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားများကို ဂုဏ်ပြုပေးလျက်ရှိသည်။ ၁၉၆၆ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် ကျင်းပသော ကမ္ဘာ့နိုင်ငံများ၏ အထူးအစည်းအဝေး၌ ဆရာများ၏ ဂုဏ်ဒြပ်ထောက်ခံတင်ပြချက်ကို လက်ခံအတည်ပြုခဲ့သည့် အတွက် အောက်တိုဘာလ ၅ ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့အဖြစ် သတ်မှတ်ပြီး နိုင်ငံအလိုက် အထိမ်းအမှတ်အခမ်းအနားများ ကျင်းပဆောင်ရွက်လာကြသည်။

ကမ္ဘာနှင့်အဝန်း နိုင်ငံပေါင်း ၁၀၀ ကျော်၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပပြီး ဆရာဆရာမများ၏ စွမ်းဆောင်ချက်များကို ထုတ်ဖော်ဂုဏ်ပြုလျက်ရှိရာ မြန်မာနိုင်ငံသည် အခြားကမ္ဘာနိုင်ငံများနည်းတူ ဆဋ္ဌမအကြိမ်မြောက် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပဂုဏ်ပြုခြင်းဖြစ်သည်။

၂၀၀၇ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့အတွက် 'ဆရာ့လုပ်ငန်းခွင်သာလွန်ကောင်းမွန်ရေးအခြေအနေကောင်းများ ဖန်တီးပေး' (Better Working Conditions for Teachers mean Better Learning Conditions for Learners) ဟူသည့် ဆောင်ပုဒ်ကို ချမှတ်ပေးထားသည်။ ကျောင်းသားကျောင်းသူများ၏ သင်ယူမှုပတ်ဝန်းကျင်ပိုမိုကောင်းမွန်ရေးအတွက် ဆရာများ၏ လုပ်ငန်းခွင် သာလွန်ကောင်းမွန်အောင် ဖြည့်ဆည်းပေးရန် လိုအပ်ကြောင်း၊ ဆရာများနှင့် ကျောင်းသားကျောင်းသူများအတွက် ပြည့်စုံကောင်းမွန်သည့် သင်ယူမှုပတ်ဝန်းကျင်ဖြစ်လာစေရန်နှင့် ဆရာများအတွက် စဉ်ဆက်မပြတ် ဆရာအတတ်ပညာများ ဖြည့်ဆည်းပေးရန် လိုအပ်ကြောင်း တိုက်တွန်းနှိုးဆော်ထားခြင်းဖြစ်သည်။

ယခုအခါ ကမ္ဘာတစ်ဝန်းလုံး၌ မူလတန်းကျောင်းနေအရွယ်ကလေးငယ် ၇၂ သန်းကျော်သည် အခြေခံ

ပညာကျောင်းများသို့ တက်ရောက်နိုင်ခြင်းမရှိသေးဘဲ ကျောင်းနေအရွယ်လွန်သက်ကြီးစာမတတ်သူဦးရေသည် လည်း ၇၇၄ သန်းခန့်ရှိနေသည်။


မြန်မာနိုင်ငံ၌ အမျိုးသားပညာရည်မြှင့်မားရေး အနှစ် ၃၀ နှစ်ရှည်စီမံကိန်းကို ချမှတ်ပြီး အခြေခံပညာကဏ္ဍအတွက်နိုင်ငံသားတိုင်းအခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ရေးနှင့်အခြေခံပညာရေးအရည်အသွေးမြင့်မားရေးလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိရာ အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ရေးကို ဦးတည်ပြီး ကျောင်းနေအရွယ် ကလေးတိုင်း ပညာသင်ယူခွင့်ရရှိရေး၊ ကျောင်းနေသည့် ကလေးတိုင်း ကျောင်းနေမြဲရေး၊ အခြေခံပညာအဆင့် အလိုက် ကူးပြောင်းသင်ယူနှုန်းမြင့်မားရေး လုပ်ငန်းများကို မိဘပြည်သူများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အခြေခံပညာကဏ္ဍတွင် ၁၉၈၈ ခုနှစ်၌ အခြေခံ ပညာကျောင်းပေါင်း ၃၃,၇၄၇ ကျောင်း ဖွင့်လှစ်ခဲ့ပြီး ဆရာဆရာမ ၁ ဒသမ ၇၄ သိန်းခန့်က ကျောင်းသား ကျောင်းသူပေါင်း ၅ ဒသမ ၂၄ သန်းကို သင်ကြားပေးခဲ့ရာမှ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်၌ အခြေခံပညာ ကျောင်းပေါင်း ၄၀,၅၅၃ ကျောင်းအထိ တိုးမြှင့်ဖွင့်လှစ်ခဲ့ပြီး ဆရာဆရာမ ၂ ဒသမ ၅၉ သိန်းကျော်က ကျောင်းသားကျောင်းသူပေါင်း ၇ ဒသမ ၈၄သန်းကျော်ကို လေ့ကျင့်သင်ကြားပေးလျက်ရှိနေပြီဖြစ်သည်။

အဆင့်မြင့်ပညာကဏ္ဍတွင် ၁၉၈၈ ခုနှစ်၌ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ် ၃၂ ခု ဖွင့်လှစ်ခဲ့ပြီး သင်တန်းသားသင်တန်းသူ ၁ ဒသမ ၃၄ သိန်းကျော်ကို လေ့ကျင့်သင်ကြားပေးခဲ့ရာမှ ၂၀၀၇ ခုနှစ်၌ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ် ၁၅၆ ခုအထိ တိုးမြှင့်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသားသင်တန်းသူ ၅ ဒသမ ၉၇ သိန်းအထိ တက်ရောက်သင်ယူလျက်ရှိသည်။

ပညာရေးဝန်ကြီးဌာနအောက်တွင် ၁၉၈၈ ခုနှစ်၌ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ၂၇ ခု ဖွင့်လှစ်ခဲ့ပြီး ဆရာဆရာမ ၅,၆၃၈ ဦးက သင်တန်းသားသင်တန်းသူ ၁ ဒသမ ၃ သိန်းကို လေ့ကျင့်သင်ကြားပေးခဲ့ရာမှ ၂၀၀၇ ခုနှစ်၌ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ၆၄ ခုအထိ တိုးမြှင့်ဖွင့်လှစ်ခဲ့ပြီး ဆရာဆရာမ ၁၂,၀၀၀ ကျော်က သင်တန်းသားသင်တန်းသူ ၅ ဒသမ ၅ သိန်းခန့်ကို လေ့ကျင့်သင်ကြားပေးလျက်ရှိနေပြီဖြစ်သည်။

၂၀၀၅ ခုနှစ်၊ ဩဂုတ်လ၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အမျိုးသားပညာရည်မြှင့်မားရေးအတွက် ဆရာဆရာမများ၏ သင်ကြားမှုအရည်အသွေးပြည့်ဝရေး၊ သင်ရိုးညွှန်းတမ်း သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီမြှင့်တင် ဆောင်ရွက်ရေး၊ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို ထိရောက်စွာအသုံးပြုသင်ကြားရေး၊ ဥပဒေစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များကို လေးစားလိုက်နာရေး၊မျိုးချစ်စိတ်ဓာတ် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာရေးလုပ်ငန်းများကို အထူးအာရုံစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး တို့ကို လမ်းညွှန်မှာကြားထားသည်။



နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာအထက်တန်းအဆင့်ဘာသာပြဆရာဆရာမများအတွက် သင်ကြားရေးမွမ်းမံသင်တန်းဖွင့်လှစ်လေ့ကျင့်ပေးခြင်း၊ အဆင့်မြင့်ပညာနှင့်အခြေခံပညာအဆင့်သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများအား နိုင်ငံတကာအဆင့်မီမြှင့်တင်ရေးဆွေခြင်း၊ ဘာသာရပ်ပညာအရည်အချင်းမြင့်မားသူများအတွက် ပညာရေးနည်းပညာအထူးသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးပြီး အခြေခံပညာအထက်တန်းပြများအဖြစ် ထပ်ဆောင်းဖြည့်ဆည်းပေးခြင်း၊ ပါရဂူဘွဲ့ရတက္ကသိုလ် ဆရာ ဆရာမများအနက် သတ်မှတ်ချက်ကိုက်ညီသူများအား အခြေခံပညာ

အထက်တန်းကျောင်းအုပ်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်း၊ သင်ကြားသင်ယူမှု လုပ်ငန်းများတွင် သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများနှင့်သတင်းအချက်အလက်ဆက်သွယ်မှုနည်းပညာများကို အပြည့်အဝရယူအသုံးပြုသင်ကြားရေး၊ စိတ်ဓာတ်စည်းကမ်းကောင်းမွန်ရေး၊ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးအတွက်တက္ကသိုလ်၊ဒီဂရီကောလိပ်၊ကောလိပ်နှင့် အခြေခံပညာကျောင်းများ၏ သင်ကြားမှုနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများကို ဦးစီးဌာနအလိုက် တာဝန်ရှိသူအဆင့်ဆင့်က ကွင်းဆင်းစစ်ဆေးကြပ်မတ်ခြင်းလုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ဆရာအတတ်ပညာကဏ္ဍတွင် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာဒီပလိုမာနှင့် လက်မှတ်ရသင်တန်းများ၊ ပညာရေးဘွဲ့သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးပြီး လုပ်ငန်းခွင်ဆရာဆရာမများအတွက် ဆရာအတတ်သင်လက်မှတ်နှင့် ပညာရေးဘွဲ့သင်တန်းများ၊ မဟာဒဿနပညာရေးဘွဲ့နှင့် မဟာပညာရေးဘွဲ့သင်တန်းများ၊ ပါရဂူဘွဲ့သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးပြီး ဆရာအတတ်ပညာအရည်အသွေးမြှင့်တင်ဆောင်ရွက်ပေးနေပြီဖြစ်သည်။

ဆရာဆရာမများ ခန့်အပ်ရာတွင် သတ်မှတ်ထားသော ပညာအရည်အချင်းပြည့်မီသူများကို ဆရာအတတ်ပညာသင်တန်းမတက်ရောက်မီ ယခင်က ခန့်အပ်ပေးခဲ့သော်လည်း ၁၉၉၉-၂၀၀၀ ပညာသင်နှစ်မှစ၍ လုပ်ငန်းခွင်အကြိုပညာရေးဘွဲ့၊ ဆရာအတတ်ပညာဒီပလိုမာနှင့် ဆရာအတတ်ပညာလက်မှတ်ရသင်တန်းဆင်းများကိုသာ ဆရာဆရာမများအဖြစ် တိုက်ရိုက်ခန့်အပ်တာဝန်ပေးလျက်ရှိသည်။ အခြားတစ်ဖက်တွင်လည်း ဆရာအတတ်ပညာလက်မှတ်နှင့် ပညာရေးဘွဲ့သင်တန်းများ မတက်ရောက်ရသေးသော လုပ်ငန်းခွင်ဆရာဆရာမများအတွက် လုပ်ငန်းခွင်ဆရာအတတ်ပညာသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးနေပြီဖြစ်သည်။

၁၉၉၈-၉၉ ပညာသင်နှစ်မှ ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ လကုန်ပိုင်းအထိ လုပ်ငန်းခွင်အကြိုပညာရေးဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်ရ သင်တန်းဆင်း ဖခ,စဂဦးကို လုပ်ငန်းခွင်ဆရာဆရာမများအဖြစ် အခြေခံပညာကျောင်းများ၌ ခန့်အပ်တာဝန်ပေးနိုင်ခဲ့ပြီး အခြေခံပညာအဆင့်အလိုက် ဆရာအတတ်ပညာသင်တန်း မတက်ရောက်ရသေးသည့် လုပ်ငန်းခွင် ဆရာဆရာမ ၁၇၅,၁၃၇ ဦးကို ဆရာအတတ်ပညာသင်တန်းများဖွင့်လှစ်လေ့ကျင့်ပေးခဲ့ခြင်းကြောင့် ၁၉၉၅-၉၆ ပညာသင်နှစ်၌ ဆရာအတတ်ပညာသင်တန်းတက်ရောက်ပြီးသူ ဆရာဆရာမ ၄၆ ဒသမ ဝဈ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၇ ခုနှစ်၌ ဆရာအတတ်ပညာအရည်အချင်းပြည့်ဝသူ ဆရာဆရာမ ၉၅ ဒသမ ၅၃ ရာခိုင်နှုန်းအထိ တိုးတက်လာသည်။

၂၀၀၇ ခုနှစ်၌ ထူးထူးခြားခြားအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းဖြစ်သည်။ အခြေခံပညာအဆင့် အလိုက် ဘာသာပြဆရာများသင်ကြားရေးမွမ်းမံသင်တန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်ပေးနိုင်ခြင်းဖြစ်သည်။ အခြေခံပညာအထက်တန်းအဆင့် ဘာသာပြဆရာများမွမ်းမံသင်တန်းကို ၂၀၀၆ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်တို့၌ နှစ်ကြိမ်ခွဲပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ဖွင့်လှစ်ခဲ့ရာ ဆရာဆရာမအင်အား ၁၂,၀၀၀ ကျော် တက်ရောက်ကြသည်။ ၂၀၀၇ ခုနှစ်အတွင်း အခြေခံပညာအလယ်တန်းပြဆရာများနှင့် မူလတန်းသင်ဆရာများသင်ကြားရေးနည်းပြသင်တန်းများကို ပညာရေးကောလိပ်များတွင် ဖွင့်လှစ်ပေးခဲ့ပြီး သင်ကြားရေးမွမ်းမံသင်တန်းများကို ခရိုင်မြို့ကြီးများနှင့် မြို့နယ်များတွင် ဖွင့်လှစ်လေ့ကျင့်ပေးခဲ့ရာ ဆရာဆရာမ ၇၀,၀၀၀ ကျော် တက်ရောက်ကြသည်။ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်စတင်ချိန်၌ ကျောင်းအဆင့်နှင့် ကျောင်းမိသားစုအလိုက် သက်ဆိုင်ရာကျောင်းများတွင် ဆင့်ပွားသင်ကြားရေးသင်တန်းများ ဆက်လက်ဖွင့်လှစ်ပေးခဲ့ရာ သင်တန်းသားဆရာဆရာမ ၁ ဒသမ ၆ သိန်းခန့် တက်ရောက်ခဲ့ကြသည့်အတွက်လုပ်ငန်းခွင်ဆရာဆရာမအားလုံးမွမ်းမံသင်တန်းတက်ရောက်ခဲ့ပြီး သက်ဆိုင်ရာကျောင်းအလိုက် သင်ကြားမှုစွမ်းရည် မြင့်မားစွာကျောင်းသားကျောင်းသူများအား လေ့ကျင့်သင်ကြားပေးလျက်ရှိနေပြီဖြစ်သည်။

အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်၊ ကောလိပ်များ တိုးချဲ့ဖွင့်လှစ်ပေးနိုင်သကဲ့သို့ ယခင်က တက္ကသိုလ်သင်ကြားရေးအစီအစဉ် ၇၉ ခုသာ ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ရာ ယခုအခါ ပုံမှန်သင်ကြားရေးသင်တန်း ၁၉၃ ခုနှင့် တက္ကသိုလ်အလိုက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (Centre for Human Resource Development-CHRD) များက ဖွင့်လှစ်ပို့ချပေးနေသည့် သင်ကြားရေး အစီအစဉ် ၁၉၃ ခု စုစုပေါင်း ၃၈၆ ခုအထိ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခြင်းကြောင့် သင်ကြားရေးအစီအစဉ် ၃၀၇ ခု ပိုမိုတိုးတက်လာပြီး ဒေသလိုအပ်ချက်နှင့် လိုက်လျောညီထွေရှိသည့် အတတ်ပညာများ ပိုမို လေ့ကျင့်သင်ကြားပေးနိုင်သည်။ ဘာသာရပ်အလိုက် မဟာဘွဲ့သင်တန်း၊ မဟာသုတေသနဘွဲ့သင်တန်းနှင့် ပါရဂူဘွဲ့သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးနိုင်သည့် အတွက် ယခုအခါ ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များက ပါရဂူဘွဲ့ရ ၁,၅၆၇ ဦး လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီး ပါရဂူသင်တန်းသား ၃,၆၆၅ ဦး တက်ရောက်နေဆဲဖြစ်ရာ ဘာသာရပ်ကျွမ်းကျင်ပညာရှင်များနှင့် အရည်အချင်းမြင့်မားသည့် တက္ကသိုလ်ဆရာဆရာမများ ပေါ်ထွန်းလာပြီဖြစ်သည်။

ဆရာဆရာမများသည် အနာဂတ်ကာလတွင် နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြရမည့် ယနေ့ကျောင်းသားကျောင်းသူ လူငယ်များကို ပညာရည်ထူးချွန်သူများအဖြစ်သာမက ကျောင်းသင်ဘာသာရပ်သင်ခန်းစာများ၌ ပါရှိသည့် ပညာရပ်များကို သက်ဆိုင်ရာရပ်ရွာဒေသ၏ လူမှုရေးဘဝနှင့် ချိတ်ဆက်ပေးပြီး ဆက်စပ်အသုံးချနိုင်အောင် လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်သကဲ့သို့ လူ့အဖွဲ့အစည်းအတွင်းရှင်သန်ဖွံ့ဖြိုးတိုးတက်လာစေမည့် တစ်ဦးချင်း လုပ်ဆောင်မှုနှင့် အစုအဖွဲ့အလိုက် ပူးပေါင်းဆောင်ရွက်မှု အရည်အသွေးများပြည့်ဝလာအောင် ပုံဖော်လေ့ကျင့်ပေးသွားရန် လိုအပ်သည်။

လူ့အဖွဲ့အစည်း၏ အသိမ်မွေ့ဆုံးနှင့် ကျယ်ပြန့်နက်ရှိုင်းသည့် လုပ်ငန်းတာဝန်များကို အပ်နှင်းခြင်းခံရသော ဆရာဆရာမများသည် အနာဂတ်ကာလတွင် နိုင်ငံတော်က အားထားရမည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ နိုင်ငံ့သားကောင်းများနှင့် ကမ္ဘာ့လူရည်မွန်များအဖြစ် ပြုစုပျိုးထောင်ရေးလုပ်ငန်းများ၌ ဇွဲလုံ့လဝီရိယစွမ်းရည်များအပြည့်အဝစိုက်ထုတ်အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းကို မိဘပြည်သူများက အသိအမှတ်ပြုအလေးထားဂုဏ်ပြုကြရမည်ဖြစ်သည်။

နှစ်စဉ်ပညာသင်ကာလတစ်လျှောက်လုံး ဆရာဆရာမများ၏ လေ့ကျင့်သင်ကြားမှုစွမ်းရည်များအစဉ်ထက်မြက်မြင့်မားနေစေရေးအတွက် ဒေသအာဏာပိုင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပညာရေးစေတနာရှင်များ၊ ဒေသခံမိဘပြည်သူများက ဆရာဆရာမများ၏ လူမှုဘဝလုံခြုံမှု အပြည့်အဝရရှိရေး၊ ပူပင်သောကကင်းရှင်းစွာ တာဝန်ကျရာ ကျောင်းများ၌ ပညာသင်ကြားနိုင်ရေးတို့အတွက် ပိုမိုမြင့်တင်ဆောင်ရွက်ပေးကြရန် လိုအပ်သည်။

၂၀၀၇ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနား၌ ပညာရေးလုပ်ငန်းများကို ပညာရေးဝန်ထမ်းဘဝတစ်လျှောက်လုံး စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ရုံမျှမက အငြိမ်းစားယူပြီးနောက်ပိုင်း အသက်အရွယ်ကို မငဲ့ကွက်ဘဲ ပညာရေးဝန်ထမ်းထုတစ်ရပ်လုံးအတွက် ပညာရေးနှင့် လူမှုရေးတာဝန်များကို စံပြနိုင်လောက်အောင် စွမ်းဆောင်နေကြသည့် ဆရာကြီး လေးဦးကို ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်ကြီးများအဖြစ်လည်းကောင်း၊ ဇွဲလုံ့လဝီရိယ အပြည့်အဝစိုက်ထုတ်ပြီး ရပ်ရွာလူမှုရေးလုပ်ငန်း များနှင့် သင်ကြားရေးစီမံခန့်ခွဲရေးလုပ်ငန်းများ၌ ထူးချွန်စွာ စွမ်းဆောင်ခဲ့သည့် ဆရာမတစ်ဦးကို ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ထူးချွန်ဆရာအဖြစ်လည်းကောင်း ချီးမြှင့်ဂုဏ်ပြုခြင်းသည် ပညာရေးဝန်ထမ်းထုတစ်ရပ်လုံးနှင့် နိုင်ငံ့ဝန်ထမ်းများကိုယ်စား ဂုဏ်ယူဝမ်းမြောက်စရာဖြစ်သည်။

နိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် အခြေခံပညာကျောင်းများမှ ဆရာဆရာမများသည် 'မြတ်ဆရာ'ဟူသော ဂုဏ်ဒြပ်နှင့်အညီ မြင့်မြတ်သော သမ္မာအာဇီဝလုပ်ငန်းများကို ရွေးချယ်တာဝန်ထမ်းဆောင်နေကြသူများဖြစ်သည့်အတွက် မိမိတို့တာဝန်ကျရာ ရပ်ရွာဒေသ လူ့အဖွဲ့အစည်း၏

လေးစားအတုယူထိုက်သော စံနမူနာပြပုဂ္ဂိုလ်များ၊ ဆရာ့ဂုဏ်သိက္ခာ ပြည့်ဝမြင့်မားစွာ ပညာဉာဏ်ထူးချွန်ထက်မြက်ပြီး လိမ္မာယဉ်ကျေးသော နိုင်ငံ့သားကောင်းသမီးမွန်များ ဖြစ်ထွန်းလာအောင် လေ့ကျင့်မွေးထုတ်ပေးနိုင်သည့် ဉယျာဉ်မှူးများအဖြစ် အသိအမှတ်ပြုခံရနိုင်သည်အထိကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

၂၀၀၇ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အခမ်းအနားမှူးများအဖြစ် နေပြည်တော် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူများဖြစ်ကြသော မမြတ်မိမိခင်နှင့် မခိုင်ဆုသွယ်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ နေပြည်တော်အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက 'ကွန်းခိုနားရာ မြတ်ဆရာ'သီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော ကမ္ဘာ့ဆရာများနေ့ စုပေါင်းသဝဏ်လွှာကို မြန်မာနိုင်ငံယူနက်စကိုအမျိုးသားကော်မရှင် အထွေထွေအတွင်းရေးမှူး ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမျိုးမြင့်က ဖတ်ကြားသည်။

ထို့နောက် နေပြည်တော်အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူလေးများက 'အိုဘယ်ဆရာ'သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ ၂၀၀၇ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ဆရာကြီးလေးဦးနှင့် ထူးချွန်ဆရာတစ်ဦးတို့၏ပညာရေးလုပ်ငန်းဆောင်ရွက်ချက်များကို ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက ရှင်းလင်းတင်ပြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာချမ်းငြိမ်းက ကမ္ဘာ့ဆရာများနေ့အထိမ်း အမှတ်ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ဆရာကြီးများဖြစ်ကြသည့် ရန်ကုန်တက္ကသိုလ်အငြိမ်းစား သမိုင်းပါမောက္ခ ဦးထွန်းအောင်ချိန်၊ ရန်ကုန်စက်မှုတက္ကသိုလ် အငြိမ်းစား သချိုပါမောက္ခ ဦးဘတုတ်၊ မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ အငြိမ်းစားဥက္ကဋ္ဌ ဒေါက်တာခင်မောင်ကြွယ်၊ အခြေခံပညာဦးစီးဌာနအငြိမ်းစား ညွှန်ကြားရေးမှူး ဦးသန်းရွှေနှင့် ထူးချွန်ဆရာတစ်ဦးဖြစ်သည့် ရွှေပြည်သာမြို့နယ်အမှတ် (၄၀) အခြေခံပညာ မူလတန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်ကြည်ကြည်ဝင်းတို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်းက အဆင့်မြင့်ပညာအဆင့်နှင့် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ဆရာဆရာမများ ဆောင်းပါးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယရရှိကြသည့် ဆရာဆရာမများအားလည်းကောင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်က ပညာရေးတက္ကသိုလ်ပညာရေး ကောလိပ်အဆင့်နှင့် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယရရှိကြသည့် ကျောင်းသားကျောင်းသူများအားလည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီက ပညာရေးတက္ကသိုလ် ပညာရေးကောလိပ်နှင့် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသည့် ကျောင်းသားကျောင်းသူများအားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပျဉ်းမနားမြို့အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသားကျောင်းသူလေးများက 'အသီးတစ်ရာ အညာတစ်ခု' တေးသရုပ်ဖော်ဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဧည့်သည်တော်များသည် ၂၀၀၇ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုသည်။

စိုးအောင်



ရုပ်ရှင်ဒါရိုက်တာ ကြီးမြင့်

ကြီးမြင့်၊ ရုပ်ရှင်ဒါရိုက်တာ (ခရစ်နှစ် ၁၉၃၁–၂၀၀၇)။ ။ ရုပ်ရှင်ဒါရိုက်တာကြီးမြင့်ကို အဘဦးခိုဝါ အမိ ဒေါ်ကြင်ရွှေတို့က ၁၉၃၁ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။ မွေးချင်း ၆ ယောက်တွင် အကြီးဆုံးသားဖြစ်သည်။ ရန်ကုန်တက္ကသိုလ်တွင် အင်တာအေ အောင်ပြီးသည်အထိ ပညာသင်ကြားခဲ့ပါသည်။

ဦးကြီးမြင့်သည် ၁၉၆၀ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ ရန်ကုန်မြို့ စံပြရုပ်ရှင်ရုံတွင် မန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် ရုပ်ရှင်ထုတ်လုပ်သူအဖြစ် 'ယမုံနာ'ရုပ်ရှင်ဇာတ်ကားအား ဒါရိုက်တာအေဝမ်းမောင်ချစ်ကို ရိုက်ကူးစေခဲ့သည်။ ပထမဦးဆုံးရုပ်ရှင်ဇာတ်ကားများအား အမှတ်တရရှိစေရန်အတွက် ၁၉၆၈ ခုနှစ်တွင် ယမုံနာရုပ်ရှင်ထုတ်လုပ်ရေးကို တည်ထောင်၍ ကိုယ်တိုင်ဒါရိုက်တာအဖြစ် ခင်မောင်ဇင်၊ ခင်သန်းနု (နှစ်ကိုယ်ခွဲ) ပါဝင်သော ဒါးတမာန် (ဓားတမာန်) ဇာတ်ကားအား ရိုက်ကူးထုတ်လုပ်ခဲ့သည်။

ဦးကြီးမြင့်သည် ယမုံနာရုပ်ရှင်ထုတ်လုပ်သူနှင့် ဒါရိုက်တာအဖြစ် ရုပ်ရှင်ဇာတ်ကား ၅၀ ကို ရိုက်ကူးခဲ့သည်။ ဦးကြီးမြင့်ရိုက်ကူးသော ရုပ်ရှင်ဇာတ်ကားများအနက်ထင်ရှားကျော်ကြားသော ဇာတ်ကားအချို့မှာ ဒါးတမာန် (ဓားတမာန်) သီရိဂေဟာ၊ ချစ်သမျှကို၊ လေရူးသုန်သုန်၊ ဘတပြန်ကျားတပြန်၊ ချစ်ကြိုးတွေ သွယ်ကာရစ်ကာ၊ ဆားပုလင်းနှင်းမောင်နှင့်မြဒါလီဆွေ၊ ကြည်ပြာ၊ အချစ်နှင့် သူ၏ကိုကို၊ ဆားပုလင်းနှင်းမောင်နှင့် မတစ်ထောင်တစ်ကောင်ဘွား၊ မုန်းရခက်ကြီး၊ ထို့ကြောင့် ဤအရာကို အချစ်ဟုခေါ်သည်၊ မယားအလိမ္မာ၊ မုံး၊ အရိုင်းစံပါယ်၊ သခွတ်ပန်း၊ ကြွေမလိုနဲ့ဝေဝေမလိုနဲ့ကြွေ၊ ပန်းသခင်စသည်တို့ဖြစ်သည်။

ဦးကြီးမြင့်သည် 'ကြည်ပြာ' ရုပ်ရှင်ဇာတ်ကားဖြင့် ပထမအကြိမ်မြောက် အကောင်းဆုံးဒါရိုက်တာဆုကို ရရှိခဲ့ရုံမျှမက အကောင်းဆုံးဇာတ်ကားဆုနှင့် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို မေဝင်းမောင်အား ရရှိစေခဲ့ပါသည်။ ထို့အတူ ဦးကြီးမြင့်ရိုက်ကူးသော အရိုင်းစံပါယ်ဇာတ်ကားဖြင့်၊ အမျိုးသားဇာတ်ပို့သရုပ်ဆောင်ဆုကို ဦးဇော်လွင်၊ သခွတ်ပန်းဇာတ်ကားဖြင့် အကောင်းဆုံးဓာတ်ပုံဆုကို ဦးသန်းမောင်၊ သရဖူဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ သရုပ်ဆောင်ဆုကို ဒေါ်နွဲ့နွဲ့စန်းနှင့် အကောင်းဆုံးအသံဆုကို ဦးခင်ဦးတို့က ရရှိခဲ့ပါသည်။

ဦးကြီးမြင့်သည် ပန်းသခင်ဇာတ်ကားဖြင့် ဒုတိယအကြိမ်မြောက် အကောင်းဆုံးဒါရိုက်တာဆုကို ရရှိစေကာ အကောင်းဆုံး ဇာတ်ကားဆု၊ အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆုအား ထက်ထက်မိုးဦးနှင့် အကောင်းဆုံးဇာတ်ပို့သရုပ်ဆောင်ဆုအား ဦးဇော်လင်းတို့အတွက် ရရှိစေခဲ့သည်။

ဦးကြီးမြင့်သည် ၁၉၆၉ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ရုပ်ရှင်ကောင်စီတွင်အမှုဆောင်၊မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် ၁၉၉၀ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ အမှုဆောင်၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ဒုတိယဥက္ကဋ္ဌ စသည့်တာဝန်များကို ဆောင်ရွက်ခဲ့သည်။

ဦးကြီးမြင့်သည် ရုပ်ရှင်လောကနှင့်သက်ဆိုင်သော ဗဟုသုတဆောင်းပါးများကို အလင်းတန်းဂျာနယ်တွင် ရေးသားခဲ့သည်။

၁၉၅၂ ခုနှစ်တွင် ဒေါ်မြသန်းနှင့် အိမ်ထောင်ကျခဲ့ပြီး သားသမီး ၄ ယောက် ထွန်းကားခဲ့ပါသည်။ အသက် (၇၇) နှစ် ၂၀၀၇ ခုနှစ်၊ မေလ(၂၃)ရက်နေ့တွင် ကွယ်လွန်သည်။သားသမီး(၄)ဦးအနက်အငယ်ဆုံးသမီးအားရုပ်ရှင်ဒါရိုက်တာအိအိခိုင်အဖြစ်ပြုစုပျိုးထောင်ပေးခဲ့သည်။

ဇော်ဝင်းထွန်း

ကွယ်လွန်သူထင်ရှားသောပုဂ္ဂိုလ်များ (၂၀၀၇)။
။ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် သာသနာတော်အကျိုးသယ်ပိုးထမ်းရွက်တော်မူရင်း ပျံလွန်တော်မူသွားကြသည့် ရဟန်းတော်များနှင့် နိုင်ငံရေး၊ စီးပွားရေး၊ စာပေ၊ ယဉ်ကျေးမှုနှင့် အနုပညာနယ်ပယ်အသီးသီးတွင် ထင်ရှားခဲ့ပြီး ကွယ်လွန်သွားကြသည့် ပုဂ္ဂိုလ်များရှိသည်။

ရဟန်းတော်များ

ကဝိဓဇ၊ ဘဒ္ဒန္တ
သက်တော် (၈၆)နှစ်၊ သိက္ခာတော် (၆၅)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ နိုင်ငံတော်ဩဝါဒစရိယ၊ ဆင်ဖြူကျွန်းမြို့ မဟာဝိဇယရာမ ပါဠိတက္ကသိုလ်စာသင်တိုက် ပဓာနနာယက
(၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၄ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ကုမာရ ဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၇၅)နှစ်၊ သိက္ခာတော် (၅၅)ဝါ
မဟာဂန္ဓဝါစက ပဏ္ဍိတ၊ သာသနာဓဇ သိရီပဝရ ဓမ္မာစရိယ၊ ညောင်တုန်းမြို့ မဟာဝိသုတာရာမတိုက်သစ် ပါဠိတက္ကသိုလ်ကျောင်းတိုက် စာချနာယက
(၁၃၆၈ ခုနှစ်၊ နှောင်းတန်းခူးလပြည့်ကျော် ၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ကုမုဒ၊ ဘဒ္ဒန္တ
သက်တော် (၆၄)နှစ်၊ သိက္ခာတော် (၄၄)ဝါ
အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ၊ သာသနဓဇဓမ္မာစရိယ၊ အမှတ် (၁) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ပဓာနနာယက
(၁၃၆၉ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ကောဝိဒါဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၈၆)နှစ်၊ သိက္ခာတော် (၆၆)ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ စေတီယင်္ကဏဓမ္မာစရိယ၊ နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်၊ သာကေတမြို့နယ် မူလကျောက်ချောင်း စာသင်တိုက် ပဓာနနာယက
(၁၃၆၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ကိတ္တိသာရ၊ ဘဒ္ဒန္တ (ဦးကျော်ထိန်)
သက်တော် (၈၄)နှစ်၊ သိက္ခာတော် (၉)ဝါ
လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)၊ ဂျပန်ခေတ် စစ်တက္ကသိုလ် တတိယပတ်၊ လယ်ယာနှင့် သစ်တော ဝန်ကြီးဌာန (ယခင်)ဒုတိယဝန်ကြီး (အငြိမ်းစား)
(၁၃၆၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ခေမက၊ ဘဒ္ဒန္တ
သက်တော် (၅၉)နှစ်၊ သိက္ခာတော် (၃၉)ဝါ
မဟာဂန္ဓဝါစက ပဏ္ဍိတ၊ တောင်ငူမြို့ ရွှေဆံတော်ဘုရားကြီး သဝါဒါစရိယ၊ ဝိသုဒ္ဓါရုံမြို့ထောင့် ပရိယတ္တိစာသင်တိုက် ပဓာနနာယက
(၁၃၆၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဃောသိတ၊ ဘဒ္ဒန္တ
သက်တော် (၇၇)နှစ်၊ သိက္ခာတော် (၅၇)ဝါ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ တစ်ဘဝသာသနာကျမ်းပြု၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နာယက၊ မရမ်းကုန်းမြို့နယ် သံဃာ့တက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက
(၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်နေ့၌ ပျံလွန်တော်မူသည်။)

စက္ကာဝုဓ၊ ဘဒ္ဒန္တ
သက်တော် (၁၀၁)နှစ်၊ သိက္ခာတော် (၈၁)ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ဓမ္မဝိနယာနုလောမ မူလဒွါရဒသမ သာသနာပိုင်၊ ရွှေတောင်မြို့စက္ကာပဒ္ဓောကာရုမ် ပန်းတောင်းကျောင်းသစ်တိုက် ပဓာနနာယက
(၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်နေ့၌ ပျံလွန်တော်မူသည်။)

စန္ဒသိရီ၊ ဘဒ္ဒန္တ

သက်တော် (၈၆)နှစ်၊ သိက္ခာတော် (၆၆)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ မြဝတီမြို့ တောရကျောင်း ပရိယတ္တိ
စာသင်တိုက်နှင့် ထီးချားရားကျေးရွာတောရကျောင်း
တိုက်တို့၏ ပဓာနနာယက
(၁၃၆၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်နေ့၌ ပျံလွန်
တော်မူသည်။)

စန္ဒောဘာသ၊ ဘဒ္ဒန္တ

သက်တော် (၇၁)နှစ်၊ သိက္ခာတော် (၅၁)ဝါ
အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ ကျိုင်းတုံမြို့နယ် သံဃ
နာယကအဖွဲ့ဥက္ကဋ္ဌ၊ကျိုင်းတုံမြို့ဓမ္မိကပုပ္ပါရုံကျောင်းတိုက်
ပဓာနနာယက
(၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်နေ့၌ ပျံလွန်
တော်မူသည်။)

ဇာဂရ၊ ဘဒ္ဒန္တ

သက်တော် (၁၀၃)နှစ်၊ သိက္ခာတော် (၄၅)ဝါ
ပဲခူးမြို့နယ် ကတွင်းခြံကျေးရွာအုပ်စု သံဃနာယကအဖွဲ့
ဥက္ကဋ္ဌ၊ ကျီးတောင်တောရကျောင်းတိုက် ပဓာနနာယက
(၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဉာဏသာဂရ၊ ဘဒ္ဒန္တ

သက်တော် (၉၂)နှစ်၊ သိက္ခာတော် (၇၂)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဓမ္မာနုဓမ္မ
မဟာဒွါရနိကာယဒုတိယ သာသနာပိုင်၊ ဓနုဖြူမြို့
သဒ္ဓမ္မဇောတိကာရာမ တောင်ပေါ်ကျောင်းတိုက် ပဓာန
နာယက
(၁၃၆၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်နေ့၌ ပျံလွန်
တော်မူသည်။)

တေဇနိယ၊ ဘဒ္ဒန္တ

သက်တော် (၇၂)နှစ်၊ သိက္ခာတော် (၅၃)ဝါ
မဟာသဒ္ဓမ္မဇောတိကဓဇ၊ကချင်ပြည်နယ်သံဃနာယက
အဖွဲ့ အကျိုးတော်ဆောင်၊ မိုးကောင်းမြို့ ရွှေပြည်
ကျောင်းတိုက် ပဓာနနာယက
(၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်နေ့၌
ပျံလွန်တော်မူသည်။)

ဓမ္မာဘိဝံသ၊ ဘဒ္ဒန္တ

သက်တော် (၈၅)နှစ်၊ သိက္ခာတော် (၆၅)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဟောင်း၊
မဟာဒွါရနိကာယ ဂဏရက္ခိတ၊ဧလွန်မြို့မဟာနာဂဝံသ
သိမ်ကျောင်း ပရိယတ္တိစာသင်တိုက်နှင့် မော်လမြိုင်မြို့
ပရိယတ္တိပညာရာမကျောင်းတိုက်တို့၏ ပဓာနနာယက
(၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၃ ရက်နေ့၌
ပျံလွန်တော်မူသည်။)

နာဂဝံသ၊ ဘဒ္ဒန္တ

သက်တော် (၉၁)နှစ်၊ သိက္ခာတော် (၇၁)ဝါ
အဘိဓဇ မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ ဝေဠုဝန်နိ
ကာယ ဂဏာဓိပတိဝေဠုဝန်သာသနာပိုင်၊ ဧရာဝတီတိုင်း
သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ပုသိမ်မြို့ ရွှေမုဋ္ဌောစေတီ
တော် ဂေါပကအဖွဲ့နှင့် ပုသိမ်မြို့နယ်လုံးဆိုင်ရာ ဘာသာ
ရေးအသင်းအဖွဲ့များနှင့် သာသနာအကျိုးတော်ဆောင်
အဖွဲ့တို့၏ ဩဝါဒါစရိယ၊ ဂျပန်သာသနာတော်ပြု ဆရာ
တော်၊ ပုသိမ်မြို့ ဝေဠုဝန်ပရိယတ္တိစာသင်တိုက် ပဓာန
နာယက
(၁၃၆၉ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်နေ့၌ ပျံလွန်
တော်မူသည်။)

နာရဒ၊ ဘဒ္ဒန္တ

သက်တော် (၇၂)နှစ်၊ သိက္ခာတော် (၅၂)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊
သာသနဓဇဓမ္မာစရိယ
(၁၃၆၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်နေ့၌ ပျံလွန်
တော်မူသည်။)

နန္ဒိယ၊ ဘဒ္ဒန္တ

သက်တော် (၉၃)နှစ်၊ သိက္ခာတော် (၇၄)ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဧလွန်မြို့နယ် သံဃ
နာယကအဖွဲ့ဥက္ကဋ္ဌ
(၁၃၆၉ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်နေ့၌ ပျံလွန်
တော်မူသည်။)

ပညာဇောတ၊ ဘဒ္ဒန္တ
သက်တော် (၉၃)နှစ်၊ သိက္ခာတော် (၇၃)ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ပြင်ဦးလွင်မြို့နယ် ဇီးပင်ကျေးရွာ ပညာဇောတာရုံကျောင်းတိုက် ပဓာနနာယက
(၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပညာဒီပ၊ ဘဒ္ဒန္တ
သက်တော် (၇၅)နှစ်၊ သိက္ခာတော် (၅၅)ဝါ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇ ဓမ္မာစရိယ၊ ဝိသိဋ္ဌဒီဃဘာဏက၊ ဝိနယသာရ မဇ္ဈိမသာကျမ်း၊ သီမတ္ထမဇ္ဈိမသာကျမ်း ကျမ်းပြု၊ တောင်သာမြို့ဓမ္မာရုံကျောင်းတိုက် ပဓာနနာယက
(၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်နေ့၌ ပျံလွန်တော်မူသည်။)

ပညာဝေဒ၊ ဘဒ္ဒန္တ
သက်တော် (၄၂)နှစ်၊ သိက္ခာတော် (၂၂)ဝါ
M.A, Ph.D ၊ချမ်းအေးသာစံမြို့နယ် အနောက်ခင်မကန်တိုက် ငွေခြသေ့ပရိယတ္တိကျောင်း ပဓာနနာယက
(၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပညာဝံသ၊ ဘဒ္ဒန္တ
သက်တော် (၈၇)နှစ်၊ သိက္ခာတော် (၆၇)ဝါ
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ရွှေကျင်နိကာယရတ္တညူမဟာနာယက၊ စစ်ကိုင်းတိုင်း ဩဝါဒါစရိယ၊ ကလေးမြို့နယ် ထိုမာကျေးရွာ ကောသလ္လာရာမ ပရိယတ္တိစာသင်တိုက် ပဓာနနာယက
(၁၃၆၈ ခုနှစ်၊ ပြာသိုလကွယ်နေ့၌ ပျံလွန်တော်မူသည်။)

ပညာဝံသ၊ ဘဒ္ဒန္တ
သက်တော် (၁၀၁)နှစ်၊ သိက္ခာတော် (၈၁)ဝါ
တွံတေးမြို့နယ် ဘုရားလေးမြိုင် တောင်ညိုကျောင်းတိုက်၊ ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင် အထက်လေသာကျောင်းတိုက်၊ သန်လျင်မြို့နယ်မြဝတီဝါးကျောင်းတိုက်၊ စဉ့်ကိုင်မြို့နယ်ခံဘူးမြသိန်းတန် ကျောင်းတိုက်တို့၏ ပဓာနနာယက
(၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပဏ္ဍိတ၊ ဘဒ္ဒန္တ
သက်တော် (၉၉)နှစ်၊ သိက္ခာတော် (၈၀)ဝါ
ဗိုလ်တထောင်စေတီတော်ဩဝါဒါစရိယ၊ ဗဟန်းမြို့နယ် မင်းကွန်းတောရကျောင်းတိုက် ပဓာနနာယက
(၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၇ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပဏ္ဍိစ္စသာရ၊ ဘဒ္ဒန္တ
သက်တော် (၁၀၂)နှစ်၊ သိက္ခာတော် (၆၇)ဝါ
အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ တောင်ကြီးမြို့ အောင်သပြေမြတ်စွယ်တော်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက် ပဓာနနာယက
(၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၂ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပုညဝန္တ၊ ဘဒ္ဒန္တ
သက်တော် (၇၅)နှစ်၊ သိက္ခာတော် (၅၆)ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မြန်အောင်မြို့ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ မြို့ရွှေကျောင်းတိုက် ပဓာနနာယက
(၁၃၆၈ ခုနှစ်၊တပေါင်းလပြည့်နေ့၌ ပျံလွန်တော်မူသည်။)

ဝရ၊ ဘဒ္ဒန္တ
သက်တော် (၈၆)နှစ်၊ သိက္ခာတော် (၆၆)ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ မအူပင်မြို့နယ် မရမ်းကွေ့အရှေ့ကျေးရွာ မရမ်းကံကျောင်းတိုက် ပဓာနနာယက
(၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဝိစာရိန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၇၃)နှစ်၊ သိက္ခာတော် (၅၃)ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇဓမ္မာစရိယ၊ သာစည်မြို့ ဟသ်ာတကျောင်းတိုက်ပဓာနနာယက
(၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၈)ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဝိသုတ၊ ဘဒ္ဒန္တ
သက်တော် (၈၆)နှစ်၊ သိက္ခာတော် (၆၇)ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော် ဩဝါဒါစရိယ၊ ဖျာပုံမြို့ မဟာပုညာရာမကျောင်းတိုက် ပဓာနနာယက
(၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဝေပုလ္လ၊ ဘဒ္ဒန္တ
သက်တော် (၉၂)နှစ်၊ သိက္ခာတော် (၇၂)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယ ရတ္တညူ မဟာနာယက၊ ပုသိမ်မြို့ပဗ္ဗာရုံကျောင်းတိုက် ပဓာနနာယက
(၁၃၆၈ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဝဏ္ဏာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၇၅)နှစ်၊ သိက္ခာတော် (၅၅)ဝါ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ သာသနဓဇဓမ္မာစရိယ၊ စေတီယင်္ကာပရိယတ္တိ ဓမ္မစရိယဂဏဝါစက၊ ဒိုက်ဦးမြို့နယ် ဖအောင်ဝဲကျေးရွာ သီရိမင်္ဂလာမှန်ကျောင်းတိုက် ပဓာနနာယက
(၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက်နေ့၌ ပျံလွန်တော်မူသည်။)

သီရိန္ဓရ၊ ဘဒ္ဒန္တ
သက်တော် (၁၀၂)နှစ်၊ သိက္ခာတော် (၈၂)ဝါ
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ မဟာဒွါရနိကာယဩဝါဒါစရိယ၊ ပုသိမ်မြို့ တန်ခိုးကြီးဘုရားစေတီဂေါပကအဖွဲ့များ၏ ဩဝါဒါစရိယ၊ ပုသိမ်မြို့ကမ္ဘာအေးကျောင်းတိုက် ပဓာနနာယက
(၁၃၆၈ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်နေ့၌ ပျံလွန်တော်မူသည်။)

သုမန၊ ဘဒ္ဒန္တ
သက်တော် (၆၈)နှစ်၊ သိက္ခာတော် (၄၈)ဝါ
မ ဟာသဒ္ဓမ္မဇောတိကဓဇ၊ ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းသံဃနာယကအဖွဲ့ အကျိုးတော်ဆောင်၊ ပြည်မြို့နယ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဥက္ကဋ္ဌ၊ ပြည်မြို့ ရွာဘဲရပ် သန္တိသုခကျောင်းတိုက် ပဓာနနာယက
(၁၃၆၈ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်နေ့၌ ပျံလွန်တော်မူသည်။)

သုဝိပုလာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၇၇)နှစ်၊ သိက္ခာတော် (၅၇)ဝါ
မဟာသဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇဓမ္မာစရိယ၊ ရေဖြူမြို့နယ် ဧကနိကျေးရွာ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ဧကနိအရှေ့ကျောင်းတိုက် ပဓာနနာယက
(၁၃၆၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

သိဂ္ဂဝ၊ ဘဒ္ဒန္တ
သက်တော် (၉၉)နှစ်၊ သိက္ခာတော် (၇၉)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ မကုဋာရာမ မြန်မာကျောင်း၊ အနုရာဓပူရမြို့မြန်မာကျောင်း၊ ကန်ဒီမြို့ မြန်မာကျောင်းတို့၏ ပဓာနနာယက၊ ကမ္ဘာ့သာသနာပြုဆရာတော်ကြီး
(၁၃၆၉ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်နေ့၌ ပျံလွန်တော်မူသည်။)

အာစရ၊ ဘဒ္ဒန္တ
သက်တော် (၇၇)နှစ်၊ သိက္ခာတော် (၅၇)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ဝန်းသိုမြို့ မန်ကျည်းကုန်းစာသင်တိုက် ပဓာနနာယက
(၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်နေ့၌ ပျံလွန်တော်မူသည်။)

အာစိဏ္ဏ၊ ဘဒ္ဒန္တ
သက်တော် (၈၆)နှစ်၊ သိက္ခာတော် (၆၆)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ မဟာဂန္ဓဝါစကပဏ္ဍိတ၊ ပဲခူး

ကျောက်တန်း မဟာဗောဓိဝိနည်းပြန်ဌာနဂိုဏ်းချုပ်၊ အင်းစိန်မြို့နယ် ရွှေကျင်ဂိုဏ်းဝိနည်းပြန်ဌာန နာယက ချုပ်၊ အင်းစိန်မြို့နယ် ဗြူးကုန်းတောရစာသင်တိုက် ပဓာနနာယက
(၁၃၆၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်နေ့၌ ပျံလွန်တော်မူသည်။)

အာဒိစ္စ၊ ဘဒ္ဒန္တ

သက်တော် (၇၉)နှစ်၊ သိက္ခာတော် (၅၉)ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ပန်းတနော်မြို့ ပရိယတ္တိကျောင်းတိုက် ပဓာနနာယက
(၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်နေ့၌ ပျံလွန်တော်မူသည်။)

အာဒိစ္စဝံသ၊ ဘဒ္ဒန္တ

သက်တော် (၈၄)နှစ်၊ သိက္ခာတော် (၆၄)ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဂဏဝိမုတ် (ကူးတို့) ဂိုဏ်းဒုတိယဂိုဏ်းချုပ်၊ သရက်ချောင်းမြို့နယ် သံဃနာယက အဖွဲ့ (ကူးတို့)ဥက္ကဋ္ဌ၊ သင်းကျွန်းကျေးရွာ သင်းကျွန်းတိုက်ကျောင်းနှင့် မရမ်းကုန်းမြို့နယ် ရွှေကျွန်းမြိုင် သုခရိပ်သာစာသင်တိုက် ပဓာနနာယက
(၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဩဘာသ၊ ဘဒ္ဒန္တ

သက်တော် (၈၀)နှစ်၊ သိက္ခာတော် (၆၀)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ကမာရွတ်မြို့နယ် ပါဠိတက္ကသိုလ်သီရိမင်္ဂလာပျော်ဘွယ် ကျောင်းတိုက် ပဓာနနာယက
(၁၃၆၉ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

အဂ္ဂဝံသ၊ ဘဒ္ဒန္တ

သက်တော် (၇၅)နှစ်၊ သိက္ခာတော် (၆၂)ဝါ
အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ တာမွေမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ဓမ္မာလင်္ကာရ ပရိယတ္တိစာသင်တိုက် နှင့် ပခုက္ကူမြို့ ရွှေတန်တစ်ဘုရားကြီးတိုက်တို့၏ ပဓာနနာယက
(၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဥတ္တရသာရ၊ ဘဒ္ဒန္တ

သက်တော် (၈၂)နှစ်၊ သိက္ခာတော် (၆၂)ဝါ
မဟာသဒ္ဓမ္မဇောတိကဓဇ၊ မုဒုမြို့နယ် တံခွန်တိုင်ကျေးရွာ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ တံခွန်တိုင်ကျေးရွာ ဂမုံးကျောင်းတိုက် ပဓာနနာယက
(၁၃၆၈ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဣန္ဒက၊ ဘဒ္ဒန္တ

သက်တော် (၇၉)နှစ်၊ သိက္ခာတော် (၅၉)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ မိတ္ထီလာမြို့ သဒ္ဓမ္မဝံသာရုံ ပါဠိတက္က သိုလ်စာသင်တိုက် ပဓာနနာယက
(၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၀ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဣန္ဒကသာမိ၊ ဘဒ္ဒန္တ

သက်တော် (၈၃)နှစ်၊ သိက္ခာတော် (၆၃)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ချောက်မြို့ အနောက်ငွေတောင်တိုက် ပဓာနနာယက
(၁၃၆၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဣန္ဒာစရိယ၊ ဘဒ္ဒန္တ

သက်တော် (၆၈)နှစ်၊ သိက္ခာတော် (၄၉)ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ အဘိဓမ္မာပြန့်ပွားရေးအသင်း ဩဝါဒါစရိယ၊ လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် နှစ်ကျိပ်ရှစ်ဆူကျောင်း ပဓာနနာယက
(၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

လူပုဂ္ဂိုလ်များ

ကံညွန့်၊ ဦး
အသက် (၆၈) နှစ်
ကဗျာဆရာညွန့်အေး (အင်းဝ)၊ အခြေခံပညာဦးစီးဌာန သင်ရိုးလက်ထောက် (အငြိမ်းစား)၊ B.A., Dip. Ed
(၂၈-၆-၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

ကိုကို၊ ဦး (ဂီတလှလင်)
အသက် (၈၀) နှစ်
ဂီတစာဆို ဂီတလှလင်မောင်ကိုကို၊ ဝိဇ္ဇာပညာထူးချွန် (ပထမဆင့်)၊ လူမှုထူးချွန် (ပထမဆင့်)၊ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ (Doctor of Music)၊ယဉ်ကျေးမှုတက္ကသိုလ်များ ကောင်စီ ကောင်စီဝင်၊ ပြန်ကြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရုပ်ရှင်တေးဂီတ ဆုရရှိသူ၊ မြန်မာသီချင်းကြီးများ သင်္ကေတပြုစုရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအကအရေးအတီးပြိုင်ပွဲ အတီးပြိုင်ပွဲဥက္ကဋ္ဌ
(၁၀-၁၀-၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

ကျော်ခိုင်၊ ဗိုလ်မှူးကြီး (ငြိမ်း)
အသက် (၈၂) နှစ်
လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယအဆင့်)၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး (အငြိမ်းစား)၊ သံအမတ်ကြီး (အငြိမ်းစား)
(၃-၄-၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

ကျော်တင်၊ ဦး
အသက် (၇၅) နှစ်
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး (အငြိမ်းစား)
(၁၅. ၈. ၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

ကြီးမြင့်၊ ဦး
အသက် (၇၇) နှစ်
ရုပ်ရှင်ဒါရိုက်တာ၊ အကောင်းဆုံးဒါရိုက်တာအကယ်ဒမီဆုရရှိသူ၊ ယမုံနာရုပ်ရှင်ထုတ်လုပ်ရေးပိုင်ရှင်
(၂၂. ၅. ၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

ခင်ညွန့်၊ သခင်
အသက် (၉၄) နှစ်
စာပေလောကစာအုပ်တိုက်
(၁. ၇. ၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

ခင်မာကြည်၊ ဒေါ်
အသက်(၅၄) နှစ်
စာရေးဆရာမ ခင်ခင်ကျော် (ပညာရေး)၊ ၂၀၀၁ ခုနှစ် အတွက် စာပေဗိမာန်စာမူဆု ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရရှိသူ၊ လသာမြို့နယ် အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း အထက်တန်းပြဆရာမ၊ B.Ed
(၂၇. ၉. ၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

ခင်မြင့်၊ ဒေါ်
အသက် (၈၃) နှစ်
စာရေးဆရာမကြီး တိုင်းရင်းမေ မမြင့်နွယ်
(၁၇. ၂. ၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

ဂိုးရီ၊ ဦး (မာရီယားနို)
အသက် (၅၂)နှစ်
ကရင်နီအမျိုးသားငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ (KNPDP) ဥက္ကဋ္ဌ၊ (ဟိုယာဒေသ)
(၁၈-၄-၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

ငွေသိမ်း၊ ဦး
အသက် (၆၃) နှစ်
သီရိသုဓမ္မမဏိဓောတဓရ
(၆. ၃. ၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

စောလွင်၊ ဗိုလ်ချုပ် (ငြိမ်း)
အသက် (၆၉) နှစ်
ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး (အငြိမ်းစား)
(၁၃. ၄. ၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

စံသိန်း၊ ဦး
အသက် (၇၀) နှစ်

စာရေးဆရာတက္ကသိုလ်မောင်စံသိန်း၊ ကျောင်းအုပ်ဆရာကြီး (အငြိမ်းစား)၊ B.A., Dip. Ed
(၁၇. ၅. ၂၀၀၇ ရက်နေ.၌ ကွယ်လွန်သည်။)

စိုးမြင့်၊ ဦး
အသက် (၆၀) နှစ်
လူရွှင်တော်ဈေးသည်ကြီးဆန်နီ
(၂၅. ၇. ၂၀၀၇ ရက်နေ.၌ ကွယ်လွန်သည်။)

စိုးဝင်း၊ ဗိုလ်ချုပ်ကြီး
အသက် (၅၉)နှစ်
နိုင်ငံတော်ဝန်ကြီးချုပ်
(၁၂-၁၀-၂၀၀၇ ရက်နေ.၌ ကွယ်လွန်သည်။)

စိန်တူ၊ ဒေါက်တာ
အသက် (၇၉) နှစ်
မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့. ဒုတိယဥက္ကဋ္ဌ၊ အငြိမ်းစားပါမောက္ခ၊
M.A (Columbia), Ph.D (Harvard)
(၂၁. ၈. ၂၀၀၇ ရက်နေ.၌ ကွယ်လွန်သည်။)

စမ်းစမ်းအေး၊ ဒေါ
အသက် (၆၂) နှစ်
ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်အကယ်ဒမီ ရှုမဝ စမ်းစမ်းအေး၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ)အမျိုးသမီး ဇာတ်ပို.ဆုရှင်
(၄. ၄. ၂၀၀၇ ရက်နေ.၌ ကွယ်လွန်သည်။)

ဆက်မောင်၊ ဦး
အသက် (၈၁) နှစ်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဒုတိယဝန်ကြီး (အငြိမ်းစား)၊ မြန်မာစီးပွားရေးကော်မရှင် အကြံပေး၊ B.Sc., B.L
(၁၅. ၄. ၂၀၀၇ ရက်နေ.၌ ကွယ်လွန်သည်။)

ဉာဏ်မြင့်၊ ဦး
အသက် (၇၁) နှစ်
သတင်းစာဆရာ စာရေးဆရာ ဖိုးဉာဏ်၊လုပ်သားပြည်သူ. နေ့စဉ်သတင်းစာတိုက် အယ်ဒီတာ (အငြိမ်းစား)
(၁. ၁. ၂၀၀၇ ရက်နေ.၌ ကွယ်လွန်သည်။)

ညီလေး၊ ဦး
အသက် (၇၄) နှစ်
ပုလင်း ပန်းချီဆရာကြီး
(၂၇. ၈. ၂၀၀၇ ရက်နေ.၌ ကွယ်လွန်သည်။)

ညီလေး၊ ဦး
အသက် (၈၆)နှစ်
ပန်းချီဆရာကြီး ဦးညီလေး (မန္တလေး)၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ နာယက
(၂၂-၁၂-၂၀၀၇ ရက်နေ.၌ ကွယ်လွန်သည်။)

တင်ထွန်း၊ ဦး
အသက် (၈၄) နှစ်
နိုင်ငံ့ဂုဏ်ရည်ဘွဲ့. (ဒုတိယအဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယအဆင့်)၊ ပို့.ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး (အငြိမ်းစား)
(၉. ၂. ၂၀၀၇ ရက်နေ.၌ ကွယ်လွန်သည်။)

တင်ထွန်း၊ ဦး
အသက် (၇၆) နှစ်
ဘာသာပြန်စာရေးဆရာ မောင်ထွန်းသူ၊ အမျိုးသားစာပေဆုရှင်၊ တိုင်းလူမှုဝန်ထမ်း ဦးစီးမှူး (ငြိမ်း)၊ဝိဇ္ဇာဘွဲ့၊ လူမှုသိပ္ပံဒီပလိုမာဘွဲ့.
(၁၉. ၃. ၂၀၀၇ ရက်နေ.၌ ကွယ်လွန်သည်။)

တင်ထွန်း၊ ဗိုလ်ချုပ်
အသက် (၅၉) နှစ်
စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး
(၁၉. ၉. ၂၀၀၇ ရက်နေ.၌ ကွယ်လွန်သည်။)

တင်မောင်၊ ဦး
အသက် (၉၃) နှစ်
ကန်တော့ခံသက်ကြီးစာပေပညာရှင် ဦးလေးကြီး ဦးတင်မောင်၊ သင့်ဘဝမဂ္ဂင်းထုတ်ဝေသူ
(၂၆. ၁. ၂၀၀၇ ရက်နေ.၌ ကွယ်လွန်သည်။)

ထင်လင်း၊ ဦး (သားကြီး)
အသက် (၄၂) နှစ်
ရပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်အကယ်ဒမီဒွေး၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု ရရှိသူ
(၁၁-၇-၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

ထွန်းမြတ်အေး၊ ဒေါက်တာ
အသက် (၆၀)နှစ်
စာရေးဆရာဒေါက်တာထွန်းမြတ်အေး၊ မြန်မာ့တမန်မဂ္ဂဇင်းစာတည်းမှူးချုပ်၊ ၁၉၉၇ ခုနှစ်စာပေဗိမာန်စာမူဆု (ဘာသာပြန်ပထမ)နှင့် အမျိုးသားစာပေဆုရှင်
(၁၂-၇-၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

ပေါ်သိမ်း၊ ဦး
အသက် (၈၄)နှစ်
ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန အငြိမ်းစား ဒုတိယဝန်ကြီး၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက် ဦးစီးဌာန အငြိမ်းစားညွှန်ကြားရေးမှူးချုပ်
(၁၅-၁၂-၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

မိမိလေး၊ ဒေါ
အသက် (၇၈)နှစ်
မန္တလေးတက္ကသိုလ် အငြိမ်းစားမြန်မာစာပါမောက္ခ၊ ၂၀၀၃ ခုနှစ်အတွက် အမျိုးသားစာပေဆု စာပဒေသာဆု ရရှိသူ
(၃-၁၀-၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

မင်းအောင်၊ ဦး
အသက် (၆၄)နှစ်
စာရေးဆရာ သိပ္ပံမင်းကြည်
(၂၁-၄-၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

မောင်ကို၊ ဦး
အသက် (၇၈)နှစ်
နိုင်ငံတော်ဗဟိုဘဏ်ဘောဂဗေဒမှူး (အငြိမ်းစား)
(၉-၂-၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

မောင်မောင်၊ ဗိုလ်မှူး (ငြိမ်း)
အသက် (၇၇)နှစ်
စာရေးဆရာသစ္စာရှင်၊ သူရဲကောင်းမှတ်တမ်းဝင်၊ ဓမ္မစာပေဆုရှင်
(၇-၅-၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

မန်းသင့်နောင်၊ ဦး
အသက် (၇၁)နှစ်
စာရေးဆရာ မန်းသင့်နောင် (ကော့ကရိတ်)
(၁၆-၃-၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

မြင့်အောင်၊ ဦး
အသက် (၈၃)နှစ်
ကန်တော့ခံသက်ကြီးစာပေပညာရှင်၊ တရားသူကြီး ဟောင်း၊တရားရုံးချုပ်ရှေ့နေ၊ B.A, B.L,D.E.P
(၂၅-၁-၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

ရဲနိုင်၊ ဒုတိယဗိုလ်မှူးကြီး (ငြိမ်း)
အသက် (၆၃)နှစ်
စာရေးဆရာဒေါက်တာရဲနိုင်၊ စာပေဗိမာန်စာမူဆုနှင့် အမျိုးသားစာပေဆုရှင်၊ မျက်စိကုဌာနပါမောက္ခ (ငြိမ်း) တပ်မတော်ဆေးတက္ကသိုလ်
(၁၆-၈-၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

ရန်ကြီးအောင်၊ ဦး
အသက် (၉၁)နှစ်
သက်ကြီးကန်တော့ခံစာပေပညာရှင်
(၁၅-၁၂-၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

ရွှေဘုန်းလူ (ချစ်ညီညီ)
အသက် (၄၁)နှစ်
စာရေးဆရာ တာရာမင်းဝေ
(၅-၈-၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်၊)

လှဘော၊ ဒေါက်တာ
အသက် (၉၈)နှစ်
ကန်တော့ခံသက်ကြီးစာပေပညာရှင် လန်ဒန်တက္ကသိုလ် ပါမောက္ခ (အငြိမ်းစား)၊ B.A, M.A, T.D, Ph.D
(၃၁-၇-၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

သုခ၊ ဦး
အသက် (၈၉)နှစ်
ပန်းချီဆရာကြီးဦးသုခ၊ အစိုးရပန်းချီပန်းပုကျောင်း
ကျောင်းအုပ်ကြီး (အငြိမ်းစား)၊ မြန်မာနိုင်ငံရိုးရာပန်း
ပညာရှင်များအစည်းအရုံး နာယက
(၁၉-၇-၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

သော်ဇင်၊ ဦး (သီဟဗလ)
အသက် (၁၀၀)နှစ်
နိုင်ငံဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်)၊ ၁၉၉၉ ခုနှစ်အတွက်
အမျိုးသားစာပေဆု အသုံးချသိပ္ပံဆုရရှိသူ၊ 'သီဟဗလ'
အလေးမအသင်းကို စတင်တည်ထောင်ပြီး ဦးသော်ဇင်
(သီဟဗလ)အမည်ခံယူသူ
(၆-၁၀-၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

သန်းညွန့်၊ ဒုတိယဗိုလ်မှူးကြီး (ငြိမ်း)
အသက် (၇၀)နှစ်
အမှတ် (၁) စက်မှုဝန်ကြီးဌာန အငြိမ်းစား ဒုတိယ
ဝန်ကြီး
(၁၅-၆-၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

သန်းညွန့်၊ ဦး
အသက် (၇၅)နှစ်
ဂီတစာဆို ကိုလေးညွန့်၊ လူမှုထူးချွန် (ပထမဆင့်)၊
မြန်မာ့အသံနှင့် ရုပ်မြင်သံကြားခေတ်ပေါ်တေးဂီတစိစစ်
ရေးအဖွဲ့အဖွဲ့ဝင်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအက
အရေးအတီးပြိုင်ပွဲအရေးပြိုင်ပွဲ အကဲဖြတ်အဖွဲ့အဖွဲ့ဝင်၊
အငြိမ်းစားအထက်တန်းပြဆရာ၊ ဝိဇ္ဇာဘွဲ့ (မြန်မာစာ)
(၂၂-၁၀-၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

သိန်းဝင်း၊ ဒုတိယဗိုလ်မှူးကြီး (ငြိမ်း)
အသက် (၈၈)နှစ်
နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်)၊ လွတ်လပ်ရေးမော်ကွန်း
ဝင် (ပထမဆင့်)၊ ရန်ကုန်မြို့တော်ဝန်နှင့် ရန်ကုန်မြို့
တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌဟောင်း၊
သံအမတ်ကြီး (အငြိမ်းစား)
(၂၂-၈-၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

သိန်းအောင်၊ ဦး
အသက် (၇၁)နှစ်
မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို) ဒုတိယဥက္ကဋ္ဌ
မင်္ဂလာဦးသိန်းအောင်
(၉-၈-၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

အေးသန်း၊ ဒေါ
အသက် (၇၂)နှစ်
ပါမောက္ခဒေါအေးသန်း (စိတ်ပညာ)၊ စာပေဗိမာန်စာမူ
ဆုနှင့် အမျိုးသားစာပေဆုရှင်၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်
သိပ္ပံပညာရှင်အဖွဲ့ အဖွဲ့ဝင်၊ အငြိမ်းစားပါမောက္ခ
(၁၆-၁-၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

အံ့ကျော်၊ ဦး
အသက် (၇၀)နှစ်
ရုပ်ရှင်သရုပ်ဆောင်၊ ၁၉၇၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်
ထူးချွန်ဆုအကောင်းဆုံးအမျိုးသားဇာတ်ရံဆုရရှိသူ
(၁၁-၂-၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

အောင်မင်း၊ ဦး
အသက် (၅၈)နှစ်
စာရေးဆရာတင်အောင်မင်း၊သပြေတေးမဂ္ဂဇင်းအယ်ဒီတာ
(၁၀-၁-၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

အောင်မင်းသိမ်း၊ ကို
အသက် (၄၆)နှစ်
ရုပ်ရှင်နှင့် ဗီဒီယိုဒါရိုက်တာ
(၇-၁၀-၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

အုန်းခင်နှစ်၊ ဦး
အသက် (၈၇)နှစ်
ဗမာ့ခေတ်သတင်းစာတိုက် အယ်ဒီတာချုပ်(အငြိမ်းစား)၊
ကုန်သွယ်ရေး ၁၅ (အငြိမ်းစား)
(၂၆-၇-၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

အုန်းညွန့်၊ ဦး
အသက် (၇၆)နှစ်
စာရေးဆရာသမဂ္ဂဦးအောင်မြတ်၊ကာကွယ်ရေးဝန်ကြီး
ဌာန ငွေစာရင်းဝန်ရုံး အငြိမ်းစား
(၃၁-၇-၂၀၀၇ ရက်နေ့၌ ကွယ်လွန်သည်။)

စိုးအောင်

ကွယ်လွန်သူထင်ရှားသောပုဂ္ဂိုလ်များ (နိုင်ငံတကာ)။ ။ နိုင်ငံတကာတွင် စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ အားကစား၊ သိပ္ပံ၊ လူမှုရေး၊ ပညာရေး၊ နိုင်ငံရေးစသည့် နယ်ပယ်အသီးသီးတွင် ထူးချွန်ထင်ရှားခဲ့ပြီး ၂၀၀၇ ခုနှစ်အတွင်း ကွယ်လွန်သွားခဲ့ကြသော ပုဂ္ဂိုလ်များစာရင်းကို လက်လှမ်းမီသမျှ အောက်ပါအတိုင်း စုစည်းဖော်ပြပါသည်။


ကား,ဒီဗို ရာ

၁၉၅၀ ပြည့်လွန်နှစ်များက ဟောလီးဝုဒ်၏ နာမည်ကြီးမင်းသမီးတစ်လက်ဖြစ်ခဲ့သည်။ "From Here to Eternity" ရုပ်ရှင်ဇာတ်ကားတွင် ဟာဝေရီယံ ရေကူးဝတ်စုံဝတ်လျက် မင်းသားဘတ်လန်ကက်စတာနှင့် သရုပ်ဆောင်ခဲ့သော ဖိုမအချစ်ဇာတ်ဝင်ခန်းသည် ထိုစဉ်က ရုပ်ရှင်ကြည့်ပရိသတ်များအဖို့ စိတ်လှုပ်ရှားရင်ခုန်ဖွယ်ဖြစ်ခဲ့သည်ဟုဆိုသည်။ ထို့နောက် "The King and I" ဇာတ်ကားတွင် တော်ဝင်မိသားစုကို စာသင်ပေးရသည့် တင်းကျပ်သော ဆရာမအခန်းမှ သရုပ်ဆောင်ခဲ့ရာ အနုပညာမြောက်ကာ မှတ်တိုင်စိုက်ထူနိုင်ခဲ့သည်။ တစ်ဖန် "An Affair to Remember" ဇာတ်ကားတွင် အချစ်ရှုံးသမားမိန်းမသားတစ်ဦးအဖြစ် သရုပ်ဆောင်ခဲ့ရာ ရုပ်ရှင်လောက၌ အမှတ်ထင်ထင်ဖြစ်ခဲ့သည်။ ဒီဗိုရာကားသည် ရုပ်ရှင်အကယ်ဒမီအော်စကာဆုအတွက် ခြောက်ကြိမ်တိုင်လျာထားစာရင်းဝင်ခဲ့သော်လည်းသူ့ရုပ်ရှင်သက်တမ်းတစ်လျှောက် အော်စကာဆုနှင့် လွဲခဲ့ရသည်။ သို့သော် ၁၉၉၄ ခုနှစ်၌ သူ၏ ရုပ်ရှင်အနုပညာပြည့်ဝမှုကို အကြောင်းခံ၍ အကယ်ဒမီရွေးချယ်ရေးအဖွဲ့က ဂုဏ်ထူးဆောင် အော်စကာ (Honorary Oscar) ကို သူ့အားချီးမြှင့်ခဲ့သည်။



ဒီဗိုရာကား

ဒီဗိုရာကားသည် ၂၀၀၇ ခုနှစ်၊ အသက် ၈၆ နှစ်၌ ကွယ်လွန်သည်။



ရစ်ချတ်ဂွတ်ဝင်း

ဂွတ်ဝင်း, ရစ်ချတ်

ရက္ခဗေဒပညာရှင်ရစ်ချတ်ဂွတ်ဝင်းသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (Natural Conservancy) ကို ၁၉၅၁ ခုနှစ်၌ တည်ထောင်ခဲ့သူဖြစ်သည်။ ထိုအဖွဲ့ကြီး၏ ကျေးဇူးကြောင့် ဖရဲယီမြက်ရှည်တောများ၊ လမုတောကြီးများ၊ တောင်ပေါ်သစ်တောကြီးများသည် မပြုန်းတီးဘဲ တည်ရှိနေခြင်းဖြစ်သည်ဟုဆိုကြသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မိမိအိမ်ပတ်ဝန်းကျင်မှ စတင်ရမည်ဟု ဂွတ်ဝင်းက ဆိုခဲ့သည်။ အမေရိကန်ပြည်ထောင်စု ကွန်နက်တီကတ်ရှိ ၎င်းပိုင်လယ်ယာမြေများကို အသုံးမပြုဘဲ စိမ်းစိုသော သဘာဝပတ်ဝန်းကျင်ဖြစ်ပေါ်လာရေးအတွက် လှူဒါန်းခဲ့သည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်သွားရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ကြီးကို တွန်းအားပေးခဲ့သည်။ ယခုအခါ သဘာဝဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ကြီးက အမေရိကန်ပြည်ထောင်စုအတွင်း ဧကသန်း ၁၀၀ ရှိ သဘာဝဝန်းကျင်ကို ထိန်းသိမ်းထားခဲ့ပြီဖြစ်သည်။

ထို့အပြင် နိုင်ငံပေါင်း ၃၀ ရှိ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းစောင့်ရှောက်ခဲ့ပြီးဖြစ်သည်။

ရစ်ချတ်ဂွတ်ဝင်းသည် ၂၀၀၇ ခုနှစ်၊ အသက် ၉၆ နှစ်၌ ကွယ်လွန်သည်။

ဆဗွိုင်း, ဒေါက်ဂလပ် (ကျီးန်)

နယ်မြေဒေသလှည့်၍ ရှေးမြို့ဟောင်းများကို ရှာဖွေသူဖြစ်သည်။ အမေရိကန်လူမျိုးဖြစ်သော ဒေါက်ဂလပ် ဆဗွိုင်းကို **People Magazine** က စွန့်စားရှာဖွေသူ "အင်ဒီယားနာဂျုံးအစစ်"ဟု ရေးသားခဲ့သည်။ သူသည် ပီရူးနိုင်ငံသို့ လှည့်လည်ကာ ပျောက်ဆုံးနေသော မြို့ဟောင်း ၄၀ ကျော်ကို ရှာဖွေတွေ့ရှိဖော်ထုတ်ခဲ့သည်။ ယင်းရှေးမြို့ဟောင်းများတွင် Vilcabamba မြို့ဟောင်းလည်းပါဝင်သည်။ ထိုမြို့သည် စပိန်တို့၏ ရန်မှ ထွက်ပြေးတိမ်းရှောင်လာကြသော အင်ကတ်စ် (Incas)တို့၏ နောက်ဆုံးခိုလှုံရာမြို့ဟု ယူဆကြသည်။ "ကျွန်တော်က တော့ ရှာဖို့ပဲ၊ ကျွန်တော်ရှာဖွေတွေ့ရှိတာ ဘာဆိုတာကို ပညာရှင်တွေက ဆုံးဖြတ်သတ်မှတ်ပေးကြမှာပါ" ဟု သူက ပြောခဲ့သည်။

ဒေါက်ဂလပ် (ကျီးန်)ဆဗွိုင်းသည် ၂၀၀၇ ခုနှစ်၊ အသက် ၈၀ တွင် ကွယ်လွန်သည်။



ဒေါက်ကလပ်(ကျီးန်)ဆဗွိုင်း

ဒူဘီ, လပ်ကီး

တောင်အာဖရိကတွင် လူကြိုက်များရေပန်းစားသော ရက်ဂေး (reggae) ခေါ် အနောက်အင်ဒီယန်း တေးဂီတနှင့် အကအနုပညာရှင်တစ်ဦးဖြစ်သည်။ တောင်အာဖရိကတိုက်သားဖြစ်ပြီး အနောက်အင်ဒီယန်း တေးဂီတနှင့် အကတွင် ဘုရင်တစ်ဆူဖြစ်ခဲ့သည်။ ဒူဘီသည် အင်ဒီယန်းတေးဂီတဆိုင်ရာ တေးသီချင်းများကို ဇူးလူး၊ အင်္ဂလိပ်၊ အာဖရိက ဘာသာသုံးမျိုးနှင့် သီဆိုခဲ့ပြီး သီချင်းအယ်လ်ဘမ် ၂၂ ခု ထုတ်လုပ်ခဲ့သည်။ ထိုသီချင်းအယ်လ်ဘမ်များအနက် တချို့သည် အသားအရောင်ခွဲခြားမှုလွှမ်းမိုးခဲ့သော တောင်အာဖရိကတွင် ပိတ်ပင်ခြင်းခံခဲ့ရသည်။ မိတ်ဆွေဖြစ်သူ ဘော့မာလီ၏ လုံ့ဆော်အားပေးမှုဖြင့်သူသည် သူ၏ ဂီတပညာကို လက်နက်သဖွယ် အသုံးပြုကာ လူမှုရေးတရားမမျှတမှု၊ တန်းတူရည်တူမရှိမှု စနစ်ဆိုးကို တွန်းလှန်ခဲ့သည်။ တောင်အာဖရိကတွင် အသားအရောင်ခွဲခြားမှုဝါဒ ချုပ်ငြိမ်းပြီးနောက် မြို့တော် ဂျိုဟန်နက်စ်စဘတ်၌ လမ်းပေါ်ရာဇဝတ်မှုများ ပုံ့နှံ့လျက်ရှိရာ လပ်ကီးဒူဘီသည် ကားပြန်ပေးဆွဲသူများ၏ ပစ်ခတ်ခံရမှုကြောင့် မြို့ဆင်ခြေဖုံးတစ်ခုသော လမ်းပေါ်တွင် သေဆုံးခဲ့ရသည်။ သူ၏ စျာပနကို ဂျိုဟန်နက်စ်စဘတ်မြို့သူမြို့သား ထောင်ပေါင်းများစွာလိုက်ပါပို့ဆောင်ခဲ့သည်။

လပ်ကီးဒူဘီသည် ၂၀၀၇ ခုနှစ်၊ အသက် ၄၃ နှစ် အရွယ်၌ ကွယ်လွန်ခဲ့သည်။

ပါလေး, ဂရေ့စ်

အသိအမြင ်ထက်မြက်စူးရှ၍ လူအချင်းချင်း စာနာထောက်ထားတတ်သူဟု အများက အသိအမှတ်ပြုခံရ



ဂရေ့စ်ပါလေး

သော စာရေးဆရာမတစ်ဦးဖြစ်သည်။ ပါလေးသည် ရာစုနှစ်ဝက်ကျော်ကာလအတွင်း စာအုပ်သုံးအုပ်သာ ရေးသားထုတ်ဝေခဲ့သဖြင့် အဘယ်ကြောင့် စာရေးနည်း ရသည့်အကြောင်းကို သူ့စာချစ်ပရိသတ်များက သိလိုခဲ့ကြရာ "တခြားအရေးကြီးတဲ့အလုပ်တွေရှိလို့ စာမရေးဖြစ်တာပါ" ဟု ၎င်းက ပြောခဲ့သည်။

၎ရေ့စ်ပါလေးသည် ဗီယက်နမ်စစ်ပွဲကာလက ဗီယက်နမ်သို့သွားရောက်ခဲ့ပြီး ဗီယက်နမ်ပြည်သူများနှင့် အတူ စစ်ဆန့်ကျင်ရေးဆန္ဒပြခဲ့သည်။ ထို့နောက် သူနေထိုင်ရာ နယူးယောက်မြို့၊ လမ်းပေါ်ထွက်၍ ဗီယက်နမ်စစ်ဆန့်ကျင်ရေးစာရွက်စာတမ်းများကို ဝေငှခဲ့သည်။ 'Rea Award' ဆုကို ရရှိခဲ့သူလည်းဖြစ်သည်။

၎ရေ့စ်ပါလေးသည် ၂၀၀၇ ခုနှစ်၊ အသက် ၈၄ နှစ်၌ ကွယ်လွန်ခဲ့သည်။

မီယာဇာဝါ, ကီအိုချီ

ဂျပန်နိုင်ငံ၏ ဝန်ကြီးချုပ်ဟောင်း ဖြစ်သည်။ ဝန်ကြီးချုပ်မဖြစ်မီ နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ်က ဒုတိယကမ္ဘာစစ်ကြီးအပြီး ဂျပန်နိုင်ငံ၏ စီးပွားရေးတစ်ဟုန်ထိုးတိုးတက်လာစေသည့် စီးပွားရေးမူဝါဒများ ချမှတ်ရာတွင် ထိရောက်သောအကြံဉာဏ်များပေးခဲ့သူလည်းဖြစ်သည်။ ၁၉၉၀ ပြည့်လွန်နှစ်များ၌ ဂျပန်နိုင်ငံတွင် ဘဏ်စနစ်မအောင်မြင်ဖြစ်ကာ ဘဏ်များဒေဝါလီခံရမည့် အခြေအနေဆိုက်လာရာ မီယာဇာဝါသည် စီမံကိန်းရေးဆွဲ ကယ်တင်ခဲ့သည်။ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ် နှစ်နှစ်အတွင်း ဒုတိယကမ္ဘာ စစ်ကြီးအတွင်းက ရန်ဘက်ဖြစ်ခဲ့ရသော အာရှတိုက်ရှိ နိုင်ငံများနှင့် ရင်းနှီးချစ်ကြည်အောင် ဆောင်ရွက်ခဲ့သူလည်းဖြစ်သည်။ မီယာဇာဝါသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျပန်စစ်သားများက အာရှတိုက်မှ အမျိုးသမီးများအား လိင်ကျေးကျွန်အဖြစ် အတင်းအကျပ်ပြုမူ ဆက်ဆံခဲ့ကြောင်းဆိုကြသည်ကို မှန်ပါကြောင်းဝန်ခံခဲ့သည်။ ဂျပန်ဝန်ကြီးချုပ်များအနက် ယင်းကဲ့သို့ ပထမဆုံးဝန်ခံပြောကြားသူဖြစ်သည်။

ကီအိုချီမီယာဇာဝါသည် ၂၀၀၇ ခုနှစ်၊ အသက် ၈၇ နှစ်၌ ကွယ်လွန်သည်။



ကီအိုချီမီယာဇာဝါ

မက်ခရီယေဒီ, ပေါ

လေကြောင်းဆိုင်ရာ အင်ဂျင်နီယာတစ်ဦးဖြစ်သည်။ လေကြောင်းဆိုင်ရာ တီထွင်မှုများကိုပြုလုပ်ရာတွင် လက်တွေ့ကျသည်ဖြစ်စေ၊ မကျသည်ဖြစ်စေ လေကြောင်းနှင့်ပတ်သက်သော စိတ်ကူးတည့်ရာမည်သည့်အရာကိုမဆို စိတ်လွတ်ကိုယ်လွတ်ပြုလုပ်တတ်သူဖြစ်သည်။ ပေါမက်ခရီယေဒီသည် ၁၉၇၇ ခုနှစ်၌ ဆန်းဆန်းပြားပြားနိုင်လှသော၊ ၃၀ ကီလိုဂရမ်လေးသည့် အတောင်ပံများပါရှိသည့် "Gossamer Conder" အမည်ပေးထားသောအရာဝတ္ထုတစ်ခုကိုတီထွင်ခဲ့သည်။

ဝေဖန်သူများက အဘယ်ကြောင့် ဦးနှောက်အခြောက်ခံပြီး ယင်းကဲ့သို့ လက်တွေ့အသုံးမဝင်သော အရာကို တီထွင်ရပါသနည်းဟု သူ့ကိုမေးခဲ့ကြသည်။ စိတ်ကူးထုတ်၍ တီထွင်မှုများသည် လက်တွေ့မကျသည့်အရာပဲဖြစ်စေ အရေးပါအသုံးဝင်လာခဲ့ကြပါသည်ဟု သူက ဆိုခဲ့သည်။



ပေါမက်ခရီယေဒီ

ပေါမက်ခရီယေဒီသည် ၂၀၀၇ ခုနှစ်၊ အသက် ၈၁ နှစ်၌ ကွယ်လွန်သည်။

မက်စ်ဝဲလ်, လွက်စ်

ဂျိမ်းစ်ဘွန်းရပ်ရှင်ကားများတွင် ပါဝင်သရုပ်ဆောင်ခဲ့ရာမှ နာမည်ကျော်ရုပ်ရှင်မင်းသမီးဖြစ်လာသူဖြစ်သည်။ ကနေဒါသူဖြစ်သည်။ ဂျိမ်းဘွန်းရပ်ရှင်ကားများတွင် စတင်ပါဝင်ကာစက ဒိုင်ယာလော့အနည်းအကျဉ်းသာ ပြောရပြီး ရပ်ရှင်ပိတ်ကားပေါ်တွင် မိနစ် ၆၀ ပင် မကြာဘဲ ပါဝင်ခဲ့ရသော်လည်း သူပါဝင်ရသော အခန်းတွင် ပိုင်ပိုင်နိုင်နိုင်သရုပ်ဆောင်ခဲ့သဖြင့် ရပ်ရှင်ကြည့်ပရိသတ်ကို အာရုံစိုက်အမှတ်တရဖြစ်စေခဲ့သည်။ Miss Money penny ဇာတ်ကားတွင် ဗြိတိသျှထောက်လှမ်းရေးဌာန၊ အတွင်းရေးမှူးမကလေးအခန်းမှ ပါဝင်သရုပ်ဆောင်ခဲ့ရာမှ ပရိသတ်များမေ့မရနိုင်သော ရုပ်ရှင်မင်းသမီးဖြစ်လာခဲ့သည်။

၁၉၆၂ ခုနှစ်၌ အောင်မြင်မှုရခဲ့သော Dr. No ဇာတ်ကားတွင် ဌာနအကူအညီလက်ထောက်မိန်းမပျို တစ်ဦးအဖြစ် သရုပ်ဆောင်ခဲ့ရာ ဂျိမ်းစ်ဘွန်းက ရင်းနှီးကျွမ်းဝင်အောင် ကြိုးစားလာသည်ကို ဖယ်ထုတ်ခဲ့သော်လည်း တကယ်တမ်းတွင် ဖယ်ရှားရန်မစွမ်းနိုင်ပုံကို သရုပ်ဆောင်ခဲ့သည်။

လွက်စ်မက်စ်ဝဲလ်သည် ၂၀၀၇ ခုနှစ်၊ အသက် ၈၀ ၌ ကွယ်လွန်သည်။

မက်ရေး, ကောလင်း

ပြိုင်ကားမောင်းမိသားစုမှ ဆင်းသက်လာသော ဗြိတိသျှလူမျိုးပြိုင်ကားမောင်းချန်ပီယံဖြစ်သည်။ ကမ္ဘာ့ပြိုင်ကားမောင်းချန်ပီယံဗိုလ်လုပွဲ (World Rally Championship road race) ပြိုင်ကားမောင်းပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည်။ 'Race of Champions' ကားမောင်းပြိုင်ပွဲများနှင့် "X Games (Paris-to-Dakar)" ကားမောင်းပြိုင်ပွဲများတွင် တုံးတိုက်တိုက်ကျားကိုက်ကိုက်သက်စွန့်ဆံဖျားမောင်း နှင်ပြိုင်ပွဲဝင်ခဲ့သောကြောင့် သူ့ကိုအများက Mc Crash ဟု အမည်ပေးခဲ့သည်။ လမ်းပေါ်တွင် ပြိုင်ကား ဒလိမ့်ကောက်ကွေးလိမ့်ကာ ပျက်စီးသွားသည်အထိ မောင်းနှင်ယှဉ်ပြိုင်ခဲ့သော်လည်း အသက်သေလောက်အောင် အန္တရာယ်မကြုံခဲ့ချေ။



သို့သော် သူနှင့် အသက်ငါးနှစ်အရွယ် သူ့သားအပြင် အခြားလူနှစ်ဦးလိုက်ပါသော ရဟတ်ယာဉ်သည် စကော့တလန်၊ လန်နှစ်မြို့တွင် တိုက်မိပျက်ကျကာ သူအပါအဝင် အားလုံးသေဆုံးခဲ့သည်။ ရဟတ်ယာဉ်ကို သူကိုယ်တိုင်မောင်းနှင်ခဲ့ခြင်းဖြစ်သည်။

ကောလင်းမက်ရေးသည် ၂၀၀၇ ခုနှစ်၊ အသက် ၃၉ နှစ်အရွယ်၌ ကွယ်လွန်ခဲ့သည်။

ရေဒန်, မိုက်ကယ်

အလွန်တရာမတ်စောက်သော ကျောက်ဆောင်များ၊ ကျောက်တောင်ကမ်းပါးယံများ၊ မြင့်မားမတ်စောက်သော အဆောက်အအုံနံရံများကို သက်စွန့်ဆံဖျား တက်ရောက်သော ကျောက်တောင်တက်သမား (Rock Climber) ဖြစ်သည်။ ကျောက်တောင်တက်သမားတို့သည် တောင်တက်ရင်း ခြေချော်လက်ချော်ဖြစ်သွားပါက မြေပြင်ပေါ်ပြုတ်မကျစေရန် ကျောက်ချည်ကြိုးများ၊ နံရံချိတ် ချိတ်များစသည့် ကျောက်တောင်တက်ကိရိယာအပြည့်အစုံနှင့် တက်ကြသည်။ မိုက်ကယ်ရေဒန်ကမူ အဆိုပါ ကိရိယာများတစ်ခုမျှမယူဆောင်ဘဲ စေးကပ်သည့် ဖိနပ်စိုးပြားဖြင့် ချုပ်ထားသော ရှူးဖိနပ်ကိုဝတ်၊ မြေဖြူမှုန့်တစ်အိတ်ကို လွယ်၍ တောင်တက်သည်။ တောင်တက်စဉ် သူ့လက်ဖဝါးများ ချွေးခွဲ၍ စိုစွတ်လာပါက မြေဖြူမှုန့်ကို လိမ်းကျံခြင်းဖြစ်သည်။

ကာလီဖိုးနီးယားနယ်သား မိုက်ကယ်ရေဒန်သည် ၂၀၀၅ ခုနှစ်၌ ပေ ၁၀၀၀ မတ်စောက်မြင့်မားသော

"Romantic Warrior" အဆောက်အအုံနံရံကို တက်ရောက်ခဲ့ရာမှ နာမည်ကျော် ကျောက်တောင်တက်သမားဖြစ်လာခဲ့သည်။ ထိုအဆောက်အအုံကို ကိရိယာတန်ဆာပလာအစုံအလင်နှင့်တက်သောကျောက်တောင်တက်သမားများတက်သော် တစ်နေကုန်သော်လည်း သူသည် တောင်တက်တန်ဆာပလာမပါဘဲ အချိန်နှစ်နာရီအတွင်း အောင်မြင်စွာ တက်ခဲ့သည်။

မိုက်ကယ်ရေဒန်သည် အိုင်ယာလန်ပင်လယ်ကမ်းခြေတစ်နေရာတွင် ကျောက်တောင်ကမ်းပါးယံတစ်ခုကို အောင်မြင်စွာ တက်ရောက်ပြီးနောက် ပင်လယ်ရေပြင်မှ ၁၅ ပေမြင့်သော ကျောက်တောင်စွန်းပေါ်တွင်ရပ်၍ ပင်လယ်လှိုင်းအငြိမ်ကို စောင့်နေစဉ် တက်လာသော လှိုင်းလုံးက သူ့ကိုရိုက်ခတ်ပြီး ပင်လယ်ထဲသို့ နစ်မြုပ်ပစ်လိုက်သည်။

မိုက်ကယ်ရေဒန်သည် ၂၀၀၇ ခုနှစ်၊ အသက် ၄၂ နှစ်၌ ကွယ်လွန်သည်။



မိုက်ကယ်ရေဒန်

ရှား, မိုဟာမက်ဇာဟာ

အာဖဂန်နစ္စတန်နိုင်ငံ၏ ဘုရင်ဖြစ်သည်။ ၁၉၃၃ ခုနှစ်၌ သူ၏ ဖခမည်းတော်လုပ်ကြံခံရသောအခါ မလွဲမရှောင်သာဘဲ အသက် ၁၉ နှစ်အရွယ်နှင့် ဖခင်အရိုက်အရာခံရကာ ဘုရင်ဖြစ်လာခဲ့သည်။ အာဖဂန်နစ္စတန်၏ ဘုရင်အုပ်စိုးသော စနစ်တွင် နောက်ဆုံးဘုရင်ဖြစ်သည်။ မိုဟာမက်ဇာဟာရှားသည် ဘုရင်ဖြစ်လာသော်လည်း ဘုရင့်အာဏာ၊ ဘုရင့်အုပ်စိုးရေးတာဝန်များကို သူ၏ ဦးလေးတော်အား လွှဲအပ်အုပ်ချုပ်စေခဲ့သည်။

သူသည် စိတ်သဘောထားတင်းမာခက်ထန်သူ မဟုတ်ဟုဆိုသည်။ သူ့လက်ထက်တွင် ပြည်သူနှင့် အုပ်ချုပ်သူ၊ အုပ်ချုပ်သူအချင်းချင်း၊ ပြည်သူအချင်းချင်း ငြိမ်းချမ်းမှုရှိအောင် စွမ်းဆောင်ခဲ့သည်။ ထို့ကြောင့် သူ့ကို အာဖဂန်နစ္စတန်တစ်ဝန်းလုံးက "Father of the Nation" ဟု အသိအမှတ်ပြုခေါ်ဝေါ်ခဲ့ကြသည်ဟုဆိုသည်။ သူအုပ်ချုပ်စဉ်ကာလအတွင်း အာဖဂန်နစ္စတန်တွင် ပြုပြင်ပြောင်းလဲရေးများကို ပြုလုပ်ခဲ့သည်။ ကလေးငယ်တိုင်း မူလတန်းပညာမသင်မနေရအမိန့်ကို ထုတ်ပြန်ခဲ့သည်။ အမျိုးသမီးများ၏ မဲပေးခွင့်အခွင့်အရေးကိုလည်း အကောင်အထည်ဖော်ခဲ့သည်။ ၁၉၇၃ ခုနှစ်၌ အာဏာသိမ်းမှုဖြစ်ပွားကာ ဘုရင်အဖြစ်မှ ဖြုတ်ချခံခဲ့ရသည်။ မိုဟာမက်ဇာဟာရှားသည် ၂၀၀၇ ခုနှစ် အသက် ၉၂ နှစ်အရွယ်၌ ကွယ်လွန်သည်။



မိုဟာမက်ဇာဟာရှား

ဝိုင်မင်း,ဂျိန်း

အမေရိကန်တီဗွီဇာတ်လမ်း 'Falcon Crest' တွင် ပရိသတ်များက အိမ်ထောင်စီမံခန့်ခွဲသူ အေးတိအေးစက်မိန်းမသားအဖြစ် သိထားကြသည်။ ဂျိန်းဝိုင်မင်းသည် ရုပ်ရှင်မင်းသားဖြစ်ဖူးသော အမေရိကန်သမ္မတဟောင်း ရော်နယ်ရေဂင်၏ ပထမဇနီးဖြစ်သည်။ ရော်နယ်ရေဂင်နှင့် သား မိုက်ကယ်ရေဂင်၊ သမီး မော်ရင်းအမည်ရှိ သားသမီးနှစ်ဦးထွန်းကားသည်။ ၁၉၅၀ ပြည့်လွန်

ကာလတစ်လျှောက် ဂျိန်းဝိုင်မင်းသည် ဟောလီးဝုဒ် ရုပ်ရှင်လောကတွင် ကြည်ညိုလေးစားအခံရဆုံး ရုပ်ရှင် အနုပညာရှင်များတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ "B movies" ဇာတ်ကားများဟုဆိုကြသော Billy Wilders ၏ ရုပ်ရှင်ဇာတ်ကားများတွင် သရုပ်ဆောင်ခဲ့ရာ "The Lost Weekend" ကားဖြင့် ကျော်ကြားလာသည်။ ဘီရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်သော ၁၉၄၈ ခုနှစ်၌




ဂျိန်းဝိုင်မင်း

ရုံတင်သည့် "Johnny Belinda" ဇာတ်ကားတွင် အဓမ္မပြုကျင့်ခံလိုက်ရရှာသော ဆွံ့အနားမကြားသူမ ကလေးအဖြစ် ပုံရိပ်ပီပြင်အောင် သရုပ်ဆောင်နိုင်ခဲ့သော ကြောင့် ရုပ်ရှင်အော်စကာဆုကို ရရှိခဲ့သည်။ ဂျိန်းပါဝင် သရုပ်ဆောင်ခဲ့သော ဒါရိုက်တာကြီး အဲဖရက်ဟစ်ချ်ကော့ ၏ "Stage Fright" ဇာတ်ကားသည်လည်း လူကြိုက်များအောင်မြင်ခဲ့သည်။ ဂျိန်းသည် သမ္မတ ဟောင်းရော်နယ်ရေဂင်ရှိစဉ်က ၎င်းနှင့်ပတ်သက်၍ တစ်ခွန်းတစ်ပါဒမျှ နှုတ်မဟခဲ့သော်လည်း ရေဂင် ကွယ်လွန်ချိန်၌ "သူဟာ ကြီးမြတ်သော သမ္မတကြီးပါ၊ နောက်ပြီး လူကြီးလူကောင်း တစ်ယောက်ပါ"ဟု ပြောကြားသည်။ Jane Wyman သည် ၂၀၀၇ ခုနှစ်၊ အသက် ၉၀ ၌ ကွယ်လွန်သည်။

အီးလ်လစ်စ်, အဲလ်ဘတ်

စိတ်ကိုခွဲခြမ်းစိတ်ဖြာ၍ စိတ်ရောဂါကုသသူဖြစ်သည်။ စိတ်ရောဂါရှင်များကို ကုသရာတွင် ဘွင်းဘွင်း



အဲလ်ဘတ်အီးလ်လစ်စ်

ရှင်းရှင်းညွှန်ကြားချက်စကားလုံးများကို သုံး၍ ကုသခဲ့ရာ အမေရိကန်ပြည်ထောင်စု Manhattan's Upper East Side ရှိ ၎င်း၏ "Friday-night therapy work-shops" မှာ နာမည်ကျော်ကြားခဲ့သည်။ လူနာများကို ကုသရာတွင် သူက "ဆိုးဝါးသောအတိတ်ကို မေ့ပစ်၊ အကြောက်တရားကိုရင်ဆိုင်၊ အပြုအမူတွေကိုပြောင်း" ဟူသည့် လမ်းညွှန်စကားများကို သုံး၍ ကုသသည်ဟု ဆိုသည်။

အဲလ်ဘတ်အီးလ်လစ်စ်သည် စာအုပ်ပေါင်း ၇၀ ကျော်ရေးသားခဲ့သော စာရေးဆရာတစ်ဦးလည်းဖြစ်သည်။ ယင်းစာအုပ်များအနက် "Sex Without Guilt" စာအုပ်သည် တစ်ချိန်က အရောင်းရအတွင်ကျယ်ဆုံး စာအုပ်ဖြစ်ခဲ့သည်။ ၁၉၆၀ ပြည့်လွန်နှစ်များ၌ ဩစတြီး ယန်းစိတ်ပညာရှင် Sigmund Freud ၏ စိတ်ရောဂါ ကုထုံး 'Freudian therapy' ပေါ်ပေါက်လာသောအခါ အဲလ်ဘတ်အီးလ်လစ်စ်၏ ကုထုံးကို စမ်းတဝါး အပေါ်ယံကုထုံးဟု ဝေဖန်သူများရှိလာခဲ့သည်။ သို့သော် ၎င်း၏ ကုထုံးသည် စိတ်ကျရောဂါ၊ စိုးရိမ်သောက ဝေဒနာအပါအဝင်အခြားစိတ်ရောဂါများကို ကုသရာတွင် အကျိုးသက်ရောက်လျက်ရှိဆဲဟု အများကဆိုကြသည်။

အဲလ်ဘတ်အီးလ်လစ်စ်သည် ၂၀၀၇ ခုနှစ်၊ အသက် ၉၃ နှစ်၌ကွယ်လွန်ခဲ့သည်။

အော်ယတာ, အယ်

အိုလံပစ်အားကစားပွဲများ၏ သံပြားဝိုင်းပစ်အားကစားချန်ပီယံဖြစ်သည်။ လေးနှစ်တစ်ကြိမ်ကျင်းပသော အိုလံပစ်ပြေးခုန်ပစ်ပြိုင်ပွဲများတွင် ပထမဆုရွေးတံဆိပ်များကို အကြားအလပ်မရှိ လေးနှစ်ဆက်တိုက် ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။ ယင်းကဲ့သို့ ရရှိသူများအနက် သူသည် ပထမဆုံးရရှိသူဖြစ်သည်။ ၁၉၅၆ ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲမှသည် ၆၀၊ ၆၄ နှင့် ၆၈ ခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲများအထိ ရွေးတံဆိပ်ဆုကို လေးနှစ်ဆက်တိုက်ရရှိခဲ့ခြင်းဖြစ်ပြီး အိုလံပစ်အားကစားပွဲတိုင်းတွင် စံချိန်သစ်တင်နိုင်ခဲ့သူလည်းဖြစ်သည်။



အယ်အော်ယတာ

သူကဲ့သို့ အိုလံပစ်အားကစားပွဲများတွင် လေးနှစ်ဆက်တိုက် ဆွတ်ခူးခဲ့သူမှာ ကားလူးဝစ်စ်တစ်ဦးတည်းသာ ရှိသေးသည်။

အယ်အော်ယတာသည် ၂၀၀၇ ခုနှစ်၊ အသက် ၇၁ နှစ်အရွယ်၌ နှလုံးရောဂါနှင့် ကွယ်လွန်သည်။

အယ်လ်အင်ဂယ်, မဒယ်လ်လင်း

ကလေးဝတ္ထုရေးသားသူစာရေးဆရာမဖြစ်သည်။ ၎င်း၏မိတ်ဆွေအပေါင်းအသင်းများ အချိန်တိုအတွင်း လူ့ဘဝမှ စွန့်ခွာသွားကြသောကြောင့် ဖြစ်ပေါ်လာသော ပူဆွေးသောကကို စာရေးသားခြင်းဖြင့် ဖြေဖျောက်ခဲ့သူဟုဆိုသည်။ မဒယ်လ်လင်းသည် စကြဝဠာ၊ ဂြိုဟ်၊ တာရာတို့နှင့်ဆက်နွယ်သော ကလေးဝတ္ထုမျိုးကို ရေးသားသည်။ ၎င်းရေးသားသော "A Wrinkle in Time" ကလေးဝတ္ထုသည် အဆိုပါ အမျိုးအစားဖြစ်သည်။ ဝတ္ထုစောတ်ကြောင်းမှာ လူလားမြောက်စ မိန်းကလေးမက်မာရီနှင့် သူ့မောင်လေးသည် စကြဝဠာအနှံ့ခြေဆန့်လျက် ဖခင်ပျောက်ရှာပုံတော်ဖွင့်ပုံ၊ ဂြိုဟ်တစ်ခုကို စိုးမိုးအုပ်ချုပ်နေသော Dark Thing ခေါ် မကောင်းဆိုးဝါးဂြိုဟ်သားလက်မှ သူတို့ဖခင်ကို ကယ်တင်နိုင်ခဲ့ပုံဖြစ်သည်။

မဒယ်လ်လင်းသည် ထိုဇာတ်ကြောင်းကို ရေးဖွဲ့ရာတွင် ဂြိုယ်တာရာနှင့်ဆိုင်သော စာအုပ်စာတမ်းများကို ရည်ညွှန်းကိုးကားခဲ့သည်ဟု ဆိုသည်။ ထိုဝတ္ထု၏ ဦးတည်ချက်မှာ မကောင်းမှုနှင့် ကောင်းမှုတို့၏ သဘောသရုပ်ဖြစ်သည်။ ထို့အပြင် မာရီတို့ မောင်နှမ၏ ဖခင်ရင်ထဲတွင် ကိန်းအောင်းနေသော မေတ္တာဓာတ်၏ တန်ခိုးကြောင့် သူတို့ဖခင်အသက်ဘေးမှ လွတ်မြောက်ခဲ့ပုံကို ရေးဖွဲ့ထားရာ မေတ္တာတရားသည် တန်ခိုးအာနိသင်ဟူသော အချက်သည်လည်း ယင်းဝတ္ထု၏ ဦးတည်ချက်ဖြစ်သည်။

"A Wrinkle in Time" ကလေးဝတ္ထုသည် ၁၉၆၃ ခုနှစ်၌ Newbery Medal ဆုကို ရရှိခဲ့ပြီး အုပ်ရေ ၈ သန်းရောင်းချခဲ့ရသည်ဟုဆိုသည်။

ကလေးဝတ္ထုရေးစာရေးဆရာမ မဒယ်လ်လင်း အယ်လ်အင်ဂယ်သည် ၂၀၀၇ ခုနှစ်၊ အသက် ၈၈ နှစ်၌ ကွယ်လွန်သည်။

ဦးအုန်းလွင်

ခင်ညွန့်၊ သခင်(၁၉၁၄–၂၀၀၇)။ ။ စာရေးဆရာ အနေနှင့်လည်းကောင်း၊ မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သူအနေနှင့်လည်းကောင်း၊ အထူးသဖြင့်မြန်မာ့စာအုပ်ထုတ်ဝေရေးလောကတွင် 'စာပေလောက'စာအုပ်တိုက်ကို တည်ထောင်ခဲ့သူအဖြစ် ထင်ရှားသူ သခင် ခင်ညွန့်အမည်ခံ ဦးခင်ညွန့်ကို အထက်မင်းလှမြို့၊ အမှတ် ၁ ရပ်ကွက်၌ အဘဦးမြတ်ကြီး၊ အမိ ဒေါ်ကျင်မှုံတို့မှ ၁၉၁၄ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် မွေးဖွားသည်။ မကွေးတိုင်း မင်းလှမြို့ အလယ်တန်းကျောင်းတွင် အလယ်တန်းပညာသင်ကြားခဲ့သည်။

ခင်ညွန့်၊သခင်



သခင် ခင်ညွန့်

ဖခင် ဦးမြတ်ကြီးသည် မကွေးတိုင်းမင်းလှမြို့နယ် ဂျီစီဘီအေအဖွဲ့၏ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့ပြီး သာယာဝတီဆရာစံအရေးအခင်းတွင် ပါဝင်ပတ်သက်မှုဖြင့် ဖမ်းဆီးခံရသည်။ ၁၉၃၁ ခုနှစ်တွင် ရေနံချောင်းမြို့၊ ရေနံမြေတွင်းကုန်းရပ်သို့ ပြောင်းရွှေ့ခဲ့သည်။

သခင် ခင်ညွန့်သည် ငယ်စဉ်ကပင် နိုင်ငံရေးစိတ်ဓာတ်ထက်သန်ခဲ့သည်။ ၁၉၃၁ခုနှစ်၊ အောက်တိုဘာလတွင် သခင်အမည်ခံယူကာ နိုင်ငံရေးလောကသို့ ဝင်ရောက်သည်။ ရေနံချောင်းမြို့နယ် တို့ဗမာအစည်းအရုံး တွဲဖက်အတွင်းရေးမှူးနှင့် ရေနံချောင်း လေဘာကွန်ဂရက်တွင် အလုပ်အမှုဆောင်အဖြစ် တာဝန်ယူခဲ့သည်။

၁၃၀၀ ပြည့် အရေးတော်ပုံကြီးတွင် သပိတ်တပ်ကြီး ရန်ကုန်သို့ ချီတက်မှုဖြစ်မြောက်ရေး၊ ကျန်အလုပ်သမားများ ထပ်မံသပိတ်မှောက်ရေးများအတွက် ရှေ့တန်းမှ ပါဝင်ဆောင်ရွက်ခဲ့သည်။ ယင်းဆောင်ရွက်ချက်ကြောင့် အင်္ဂလိပ်အစိုးရက ပုဒ်မ ၁၀၇-၁၀၈ ဖြင့် အရေးယူ၍ ထောင်တစ်နှစ်ပြစ်ဒဏ်ချမှတ်ကာ အင်းစိန်ထောင်သို့ ပို့ခဲ့သည်။

စစ်အတွင်းကာလ အထက်မင်းလှမြို့၌ အာရှလူငယ်အစည်းအရုံးဖွဲ့စည်းရာတွင် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးကာလတွင် မင်းလှမြို့၌ပင် ပါဝင်ဆောင်ရွက်ခဲ့သည်။

စစ်ကြီးအပြီးတွင် ရေနံချောင်းမြို့သို့ ပြန်လည်ပြောင်းရွှေ့ပြီး ၁၉၄၆ ခုနှစ်တွင် ရေနံချောင်းဈေးအတွင်း ညွန့်ဝေစာအုပ်ဆိုင်ကို တည်ထောင်ဖွင့်လှစ်ရောင်းချရာ ၁၉၅၅ ခုနှစ်အထိဖြစ်သည်။

ရေနံချောင်း ဈေးသမဂ္ဂကို ဦးဆောင်ဖွဲ့စည်းပြီး သမဂ္ဂ၏ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ထို့နောက်တွင် မကွေးခရိုင်ဈေးများသမဂ္ဂ၏ အတွင်းရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက်သည်။ ထိုကာလအတွင်း ဈေးလူထုအသံစာစောင်ကို တည်းဖြတ်ပုံနှိပ်ထုတ်ဝေသည်။ ရေနံချောင်းဈေးသစ်ကြီးတည်ဆောက်ရာ၌လည်း ပြီးစီးသည်အထိ ဦးဆောင်တာဝန်ယူခဲ့သည်။

၁၉၅၆ ခုနှစ်တွင် ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာပြီး မော်တော်ကားတစ်စီးကို စာအုပ်ဆိုင်အဖြစ် ပြင်ဆင်၍ စာအုပ်များ ရောင်းချခဲ့သည်။ စာအုပ်ဆိုင်အမည်ကို 'စာပေလောက' ဟု မှည့်ခေါ်ရာမှ နောင်တွင် စာပေလောကစာအုပ်တိုက်ကို ထူထောင်ပြီး စာအုပ်ရောင်းချခြင်းနှင့် စာအုပ်ထုတ်ဝေခြင်းလုပ်ငန်းများကို အစဉ်တစိုက်လုပ်ဆောင်ခဲ့သည်။ ဤသို့ လုပ်ဆောင်ခဲ့ရာ ၁၉၅၉ ခုနှစ်အထိ ဖြစ်သည်။ ထိုနှစ်တွင်ပင် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဆူးလေဘုရား လမ်းထောင့်၊ ရဲရင့်ရုပ်ရှင်ရုံနံဘေးတွင် နံရံကပ်ဆိုင် အဖြစ် ဖွင့်လှစ်ရောင်းချခဲ့သည်။

၁၉၆၄ ခုနှစ် သခင်ကိုယ်တော်မှိုင်း ဗျာပနအခမ်းအနားကျင်းပရေးဗဟိုကော်မတီတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၉၇၃ ခုနှစ်သခင်ကိုယ်တော်မှိုင်း ရာပြည့်သဘင်ကျင်းပရေး ကော်မတီတွင် ယဉ်ကျေးမှုကော်မတီသဘာပတိအဖြစ်လည်းကောင်း တာဝန်ယူခဲ့ပြီး ၁၉၆၄ ခုနှစ်တို့ဗမာအစည်းအရုံး သမိုင်းပြုစုရေးတာဝန်၊ မကွေးတိုင်းသမိုင်းစုဆောင်းရေးနှင့် သမိုင်းစာအုပ်ဖြစ်မြောက်ရေးတာဝန်များကိုလည်း အောင်မြင်စွာ ဆောင်ရွက်ခဲ့သည်။

သခင် ခင်ညွန့်ရေးသားခဲ့သော စာအုပ်များမှာ ဖက်ဆစ်တော်လှန်ရေးတွင် အသက်ပေးစတေးခံသွားရသော သခင်လှိုင်၊ ကျွန်တော်တို့ဘာလုပ်ကြမလဲ၊ ရန်ကုန်ကိုချီတက်ကြစို့၊ အမေ့ဇာတိနှင့် ကျွန်တော့်မွေးရပ်မြေ၊ အထက်မင်းလှမြို့မှ သမိုင်းဝင်သံကြိုးရုံ၊ ကြည်နူးခဲ့ရဖူးပါသည်၊ ဘော်တွင်းမှ မင်္ဂလာသတင်းနှင့် စိန်ရတုချိန်ခါသို့ ရောက်တော့မည့် ရေနံချောင်းမြို့ကျောက်စာရုံတို့ဖြစ်သည်။

သခင် ခင်ညွန့်သည် ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့တွင် ကွယ်လွန်သည်။


နိုင်

ခင်လေးမြင့်၊ ဒေါက်တာ(ခရစ် ၁၉၃၉–၂၀၀၇)။ ။ မြန်မာလူမျိုးတစ်ဦးက မြန်မာဘာသာ၊ မြန်မာစာပေကို နိုင်နင်းကျွမ်းကျင်ရုံမကဘဲ နိုင်ငံခြားဘာသာတစ်ခုကို ခိုင်ခိုင်မာမာတတ်မြောက်ကျွမ်းကျင်သူအဖြစ်လည်းကောင်း၊ မြန်မာ့စာပေလောကတွင် စာပေသြဇာဂုဏ်မြင့်မားသည့် စာရေးဆရာစုံတွဲနှစ်ဦးမှ မွေးဖွားလာခဲ့သူအနေနှင့်လည်းကောင်း ထင်ရှားကျော်ကြားသော ဒေါက်တာခင်လေးမြင့်ကို ရန်ကုန်မြို့တွင် အဘ သတင်းစာဆရာကြီး ဂျာနယ်ကျော် ဦးချစ်မောင်၊ အမိ စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေးတို့က ၁၉၃၉ ခု သြဂုတ်လ ၁၆ ရက်နေ့တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဒေါ်ခင်လေးမြင့်ဖြစ်သည်။

ခုနစ်နှစ် သမီးအရွယ်မှစ၍ စိန်ဂျွန်းကွန်ဗင့် မိန်းကလေးကျောင်းတွင် ဆယ်နှစ်ခန့် ကျောင်းအိပ်ကျောင်းစား ပညာသင်ယူခဲ့သည်။ ထိုကျောင်းမှာပင် ၁၉၅၉ ခုနှစ်တွင် ဆယ်တန်းအောင်သည်။ ၁၉၆၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ပညာသင်သည်။ ပြင်သစ်စာပေ၊ အင်္ဂလိပ်စာပေ၊ သဘာဝတွဲဇေဒတို့ဖြင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ထို့နောက် ပြင်သစ်နိုင်ငံ ဆိုဘွန်းတက္ကသိုလ်သို့ ပညာတော်သင်အဖြစ်ဖြင့် ပြင်သစ်စာပေကို လေ့လာသင်ယူခဲ့ရာ ဝိဇ္ဇာတန်း၊ မဟာဝိဇ္ဇာ(ဂုဏ်ထူး)နှင့် ပါရဂူဘွဲ့များကို ရရှိခဲ့သည်။ ပြင်သစ်နိုင်ငံ French Academy က ပေးအပ်ခဲ့သည့် Chevalier dans I'Ordre des Palmes Academiques ဘွဲ့ကိုလည်း ရရှိခဲ့သည်။

မြန်မာနိုင်ငံ နိုင်ငံခြားဘာသာသင်သိပ္ပံတွင် ပြင်သစ်စာပေ လက်ထောက်ကထိကအဖြစ် ၁၃ နှစ်၊ ရန်ကုန်မြို့ရှိ ပြင်သစ် Alliance Francaise ကျောင်းတွင် ပြင်သစ်ဘာသာပါမောက္ခအဖြစ် ၁၅ နှစ် တာဝန်ယူသင်ကြားပေးခဲ့သည်။ ကွယ်လွန်သည်အထိ ပြင်သစ်စာ သင်ကြားပေးခဲ့သည်။

ပြင်သစ်နိုင်ငံ ဆိုဘွန်းတက္ကသိုလ်တွင် မဟာဝိဇ္ဇာဘွဲ့နှင့် ပါရဂူဘွဲ့အတွက် စာရေးဆရာကြီး အန်တွမ်းဒီစန်တက်ဇူပေရီအကြောင်း ကျမ်းပြုခဲ့ရာမှ အစ၊ ထိုစာရေးဆရာကြီး၏ စာပေလက်ရာများကို များစွာ



ဒေါက်တာခင်လေးမြင့်

စွဲလမ်းနှစ်ခြိုက်ခဲ့သည်။ ထို့ကြောင့် ထိုစာရေးဆရာကြီး၏ စာပေလက်ရာများအနက် "မင်းသားလေး"ကို ၁၉၇၂ခုနှစ်တွင်ပြင်သစ်ဘာသာမှ တိုက်ရိုက်မြန်မာ ပြန်ဆိုထုတ်ဝေခဲ့သည်။ ထို့ပြင် ပြင်သစ်စာရေးဆရာကြီးများ၏ ဝတ္ထုတိုများကို ရွေးချယ်စုစည်းပြီး "၂၀ ရာစု နှစ်ခေတ်ပေါ်ဝတ္ထုတိုများ"အမည်ဖြင့် ၁၉၆၆ ခုနှစ်တွင် ပြင်သစ်ဘာသာမှတိုက်ရိုက်မြန်မာပြန်ဆိုထုတ်ဝေခဲ့၍ ၂၀၀၂-၂၀၀၃ တို့တွင် "ကျွန်ုပ်၏သဒ္ဒါ" နှင့် "ပြင်သစ် စကားပြောကြရအောင်" စာအုပ်များကိုလည်း ပြုစုထုတ်ဝေခဲ့ပါသည်။ မိခင်ဂျာနယ်ကျော်မမလေး ရေးသားခဲ့သည့် "သွေး" ဝတ္ထုကြီးကိုလည်း ပြင်သစ်ဘာသာသို့ ဘာသာပြန်ဆိုခဲ့သည်။ အခြားသောထင်ရှားကျော်ကြားသည့် စာရေးဆရာများ၏ ဝတ္ထုများကိုလည်း ဘာသာပြန်ဆိုလက်စဖြစ်သည်။

ဒေါက်တာဒေါ်ခင်လေးမြင့်အမည်ခံ ဒေါ်ခင်လေးမြင့်သည် ၂၀၀၇ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့၌ သဃ်န်းကျွန်းနေအိမ်တွင် ကွယ်လွန်ခဲ့သည်။

ချိုမြနွယ်

ဂုဏ်ထူးဆောင်ဘွဲ့များ ဂုဏ်ထူးဆောင်တံဆိပ်များ (၂၀၀၇)။ ။ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဆရာတော်ကြီးများ၊ ဂန္ဓဋ္ဌရပရိယတ္တိဝန်ဆောင်စာချဆရာတော်များ၊ ဝိပဿနာဓူရပဋိပတ္တိဝန်ဆောင်ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပသာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေကြသည့်ပုဂ္ဂိုလ်များ၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ရွပ်ရွပ်ခွုံခွုံထမ်းဆောင်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ သိပ္ပံပညာကဏ္ဍ၊

ဝိဇ္ဇာပညာ ကဏ္ဍ၊ နည်းပညာကဏ္ဍ၊ လယ်ယာကဏ္ဍနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စီမံခန့်ခွဲရေးကဏ္ဍနှင့် လူမှုရေးကဏ္ဍများတွင် ထူးချွန်စွာဆောင်ရွက်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ နိုင်ငံတော်တာဝန်များကို ထူးချွန်စွာထမ်းဆောင်ခဲ့ကြသည့် စစ်မှုထမ်းများ၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူများ၊ အငြိမ်းစားပြည်သူ့ဝန်ထမ်းများ၊ တာဝန်ထမ်းဆောင်ဆဲပြည်သူ့ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းသင်္ဂဟတံဆိပ်များ၊ စစ်မှုထမ်းကောင်းတံဆိပ်များ၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်များ၊ ရဲမှုထမ်းကောင်းတံဆိပ်များ၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်များ၊ ပြည်သူ့ဝန်ထမ်းတံဆိပ်များ၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်များ ဆက်လက်လွှဲဒါန်းခြင်းနှင့် ချီးမြှင့်အပ်နှင်းခြင်းများ ပြုလုပ်သည်။

ယင်းကဲ့သို့ ဆက်ကပ်လွှဲဒါန်းခြင်း၊ ချီးမြှင့်အပ်နှင်းခြင်းများပြုလုပ်သည်နှင့်အညီ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လွှဲဒါန်းခြင်းခံရသော ပြည်တွင်းပြည်ပမှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများ၊ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လွှဲဒါန်းနေကြသည့် ပုဂ္ဂိုလ်များ၏ အမည်များနှင့် ဘွဲ့အမည်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းသင်္ဂဟတံဆိပ်၊ စစ်မှုထမ်းကောင်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်၊ ရဲမှုထမ်းကောင်းတံဆိပ်၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းတံဆိပ်၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များ၏ အမည်စာရင်းများကို ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဇန်နဝါရီလ ၄ ရက်၊ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ထုတ်ပြန်ကြေညာသည်။

အမိန့်ကြော်ငြာစာအမှတ် ၁/ ၂၀၀၇ အရ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်လွှဲဒါန်းခြင်းခံရသော ဆရာတော်ကြီး သုံးပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ဆက်ကပ်လွှဲဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ အပါး ၂၀၊ သီရိလင်္ကာနိုင်ငံမှ ၂ ပါး၊ စုစုပေါင်း ၂၂ ပါး၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်ဆက်ကပ်လွှဲဒါန်းခြင်းခံရသော ဆရာတော်ကြီးတစ်ပါး၊ ဓမ္မကထိကဗဟုဇန ဟိတဓရဘွဲ့တံဆိပ်တော်ဆက်ကပ်လွှဲဒါန်းခြင်းခံရသော ဆရာတော်ကြီး ခုနစ်ပါး၊ အဂ္ဂမဟာဂန္ထဓဇဘွဲ့တံဆိပ်တော်ဆက်ကပ်လွှဲဒါန်းခြင်းခံရသော ဆရာတော်ကြီး ၄၈ ပါးနှင့် သီလရှင်ဆရာကြီးလေးပါး စုစုပေါင်း ၅၂ ပါး၊ မဟာဂန္ထဓဇဘွဲ့တံဆိပ်တော်ဆက်ကပ်လွှဲဒါန်းခြင်းခံရသော ဆရာတော်ကြီး ၅၆ ပါးနှင့် သီလရှင်ဆရာကြီး ခြောက်ပါး စုစုပေါင်း ၆၂ ပါး၊ ဂန္ထဓဇဘွဲ့တံဆိပ်တော်ဆက်ကပ်လွှဲဒါန်းခြင်းခံရသော ဆရာတော်ကြီး ၂၁ ပါးနှင့် သီလရှင်ဆရာကြီး ၁၀ ပါး၊ စုစုပေါင်း ၃၁ ပါး၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ဆက်ကပ်လွှဲဒါန်းခြင်းခံရသော ဆရာတော်ကြီး သုံးပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ဆက်ကပ်လွှဲဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၃၈ ပါး၊ လာအိုနိုင်ငံမှ တစ်ပါး၊ ထိုင်းနိုင်ငံမှ တစ်ပါး၊ စုစုပေါင်း အပါး၄၀၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ဆက်ကပ်လွှဲဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ အပါး ၄၀၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ နှစ်ပါး၊ ထိုင်းနိုင်ငံမှ တစ်ပါး၊ ဂျပန်နိုင်ငံမှ တစ်ပါး၊ ကိုရီးယားနိုင်ငံမှ တစ်ပါး၊ သီလရှင်ဆရာကြီးများတွင် မြန်မာနိုင်ငံမှ တစ်ပါး၊ လူပုဂ္ဂိုလ်များတွင် မြန်မာနိုင်ငံမှ ခြောက်ဦး စုစုပေါင်း ၅၂ ပါး၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ဆက်ကပ်လွှဲဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၃၈ ပါး၊ အိန္ဒိယနိုင်ငံမှ တစ်ပါး၊ အမေရိကန်ပြည်ထောင်စုမှ တစ်ပါး၊ သီလရှင်ဆရာကြီးများတွင် မြန်မာနိုင်ငံမှ ခြောက်ပါး၊ နီပေါနိုင်ငံမှ တစ်ပါး၊ အမေရိကန်ပြည်ထောင်စုမှ တစ်ပါး၊ လူပုဂ္ဂိုလ်များတွင် မြန်မာနိုင်ငံမှ ခြောက်ဦး၊ နီပေါနိုင်ငံမှ တစ်ဦး၊ ပါကစ္စတန်နိုင်ငံမှ တစ်ဦး၊ စုစုပေါင်း ၅၆ ပါး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ဆက်ကပ်လွှဲဒါန်းခြင်းခံရသော ဆရာတော်ကြီး ရှစ်ပါး၊ မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ဆက်ကပ်လွှဲဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၁၃ ပါး၊ ထိုင်း

နိုင်ငံမှ တစ်ပါး၊ သီရိလင်္ကာနိုင်ငံမှ တစ်ပါး၊ သီလရှင်ဆရာကြီးများတွင် မြန်မာနိုင်ငံမှ တစ်ပါး၊ စုစုပေါင်း ၁၆ ပါး၊ ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ရှစ်ပါး၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓဇဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော လူပုဂ္ဂိုလ် ငါးဦး၊ အဂ္ဂမဟာသီရိသုဓမ္မသိဂီဘွဲ့တံဆိပ်တော်ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်ခြောက်ဦး၊ သီရိသုဓမ္မမဏိဇောတဓဇဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော လူပုဂ္ဂိုလ် ငါးဦး၊ သီရိသုဓမ္မသိဂီဘွဲ့တံဆိပ်တော်ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် ၂၆ ဦး၊ သီဟသုဓမ္မမဏိဇောတဓဇဘွဲ့တံဆိပ်တော်ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် လေးဦး၊ သီဟသုဓမ္မသိဂီဘွဲ့တံဆိပ်တော်ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် လေးဦး၊ သုဓမ္မမဏိဇောတဓဇဘွဲ့တံဆိပ်တော်ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် နှစ်ဦး၊ သုဓမ္မသိဂီဘွဲ့တံဆိပ်တော်ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ် လေးဦး၊ စုစုပေါင်း မြန်မာနိုင်ငံမှ ဆရာတော်ကြီး ၃၀၄ ပါး၊ ပြည်ပမှ ဆရာတော်ကြီး ၁၃ ပါး၊ မြန်မာနိုင်ငံမှ သီလရှင်ဆရာကြီး ၂၈ ပါး၊ ပြည်ပမှ သီလရှင်ဆရာကြီး နှစ်ပါး၊ မြန်မာနိုင်ငံမှ လူပုဂ္ဂိုလ် ၆၈ ဦး၊ ပြည်ပမှ လူပုဂ္ဂိုလ်နှစ်ဦးပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၀၇ အရ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် ငါးဦး၊ သိပ္ပံပညာထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ်တစ်ဦး၊ ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ်တစ်ဦး၊ ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် ၁၁ဦး၊ နည်းပညာထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်တစ်ဦး၊ နည်းပညာထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် တစ်ဦး၊ လယ်ယာစီးပွား ထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် သုံးဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ်(ဒုတိယဆင့်)ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်သုံးဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်း ခံရသောပုဂ္ဂိုလ် ၁၄ ဦး၊ စီမံထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် ၁၇ ဦး၊ စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် ၃၁ ဦး၊ စီမံထူးချွန်တံဆိပ်(တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် ၁၃၀၊ လူမှုထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် ၄၁ ဦး၊ လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် ၆၃ ဦး၊ လူမှုထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၁၃၇ ဦး၊ ရဲသူရဲတံဆိပ်ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် တစ်ဦး၊ ရဲသူရဲန်တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် လေးဦး၊ စုစုပေါင်း ၄၆၄ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၀၇ အရ မြန်မာနိုင်ငံစစ်မှုထမ်းသင်္ဘတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် ၁,၀၁၆ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၀၇ အရ စစ်မှုထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် ၃,၄၄၄ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၀၇ အရ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ်များတွင် အငြိမ်းစား ၄၇ ဦး၊ တာဝန်ထမ်းဆောင်ဆဲ ၄,၂၄၉ ဦး၊ စုစုပေါင်း ၄,၂၄၆ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၀၇ အရ ရဲမှုထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၃၀ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၀၇ အရ နိုင်ငံတော်ရဲမှုထမ်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၂၆၃ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၀၇ အရ ပြည်သူ့ဝန်ထမ်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင်အငြိမ်းစားတစ်ဦး၊ တာဝန်ထမ်းဆောင်ဆဲ ၇,၆၇၄ ဦး၊ စုစုပေါင်း ၇,၆၇၅ ဦးနှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသောပုဂ္ဂိုလ် ၂၂,၈၂၉ ဦး ပါဝင်သည်။

စိုးအောင်

ဂျပန်နိုင်ငံ။ ။ အမေရိကန်က အီရတ်ကိုတိုက်ခိုက်ခဲ့သော စစ်ပွဲမှာ မူလစတင်စဉ်ကပင် မှားယွင်းနေသော လုပ်ရပ်ဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီး ဖူမီအို ကျူးမားက ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းရှိ အမေရိကန်စစ်စခန်းအနီးတွင် ဖေဖော်ဝါရီလ ၉ ရက်နေ့က စစ်ဆန့်ကျင်ရေး၊ ငြိမ်းချမ်းရေးလှုပ်ရှားသူ ရာပေါင်းများစွာက ဆန္ဒပြခဲ့ကြကြောင်း အိုကီနာဝါကျွန်းရှိ ကာဒီနာလေတပ်စခန်းသို့ အမေရိကန်ဂျက်တိုက်လေယာဉ် ၁၂ စင်း ဆိုက်ရောက်မှုကို ကန့်ကွက်ဆန္ဒပြကြကြောင်း ဖေဖော်ဝါရီလ ၁၀ ရက် အင်တာနက်သတင်းတွင်ဖော်ပြသည်။

ဂျပန်နိုင်ငံမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ တိုးချဲ့ဖွဲ့စည်းရေးအဆိုပြုသွားရန် ဘရာဇီး၊ အိန္ဒိယ၊ ဂျာမနီနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျိုဒိုသတင်းဌာနက ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် သတင်းထုတ်ပြန်သည်။ အဆိုပါ လေးနိုင်ငံမှာ ၂၀၀၅ ခုနှစ်ကလည်း လုံခြုံရေးကောင်စီတိုးချဲ့ဖွဲ့စည်းရန် တင်ပြခဲ့ကြသည်။ သို့ရာတွင် ယင်းအဆိုပြုချက်များ အောင်မြင်မှုမရရှိခဲ့ပေ။

ဂျပန်နိုင်ငံ၏ အာဏာရလစ်ဘရယ်ဒီမိုကရက်တစ်ပါတီက ပါတီဥက္ကဋ္ဌသစ်ရွေးချယ်နိုင်ရန် စက်တင်ဘာ ၂၃ ရက်နေ့၌ ရွေးကောက်ပွဲကျင်းပမည်ဖြစ်ကြောင်း စက်တင်ဘာလ ၁၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ရာထူးမှ နှုတ်ထွက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက စက်တင်ဘာလ ၁၂ ရက်နေ့တွင် ကြေညာခဲ့သည်။ အာဏာရပါတီဥက္ကဋ္ဌအဖြစ် အာဘေး၏ အရိုက်အရာကို ဆက်ခံနိုင်ရန် ရွေးကောက်ပွဲကျင်းပမည်ဖြစ်သည်။ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီမှ အမတ်များ၏ အစည်းအဝေးကို ကျင်းပပြီးနောက် ပါတီဥက္ကဋ္ဌရွေးချယ်နိုင်ရေးအတွက် ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်ကိုသတ်မှတ်လိုက်ခြင်းဖြစ်သည်။ယင်းအစည်းအဝေးသို့ ကျန်းမာရေးကြောင့် ဝန်ကြီးချုပ် အာဘေး မတက်ရောက်ပေ။

ဂျပန်အာဏာရလစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (အယ်လ်ဒီပီ)က ဥပဒေပြုအမတ်ယာဆူအိုဖူကူဒါအား ဝန်ကြီးချုပ်အဖြစ် ရှင်ဇိုအာဘေး၏ နေရာကို ဆက်ခံရန် ရွေးချယ်တော့မည်ဖြစ်ကြောင်း စက်တင်ဘာလ ၂၃ ရက်နေ့ ရိုက်တာသတင်းတွင် ဖော်ပြခဲ့သည်။ အယ်လ်ဒီပီပါတီ၏ အဓိကအုပ်စုကွဲ ခေါင်းဆောင်များက ဝန်ကြီးချုပ်ရာထူးနေရာအတွက် ဖူကူဒါအားရွေးချယ်ရန် သဘောတူညီမှုရရှိပြီးဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် ဖူကူဒါမှာ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် အမေရိကန်သမ္မတဘုရှ်နှင့် တွေ့ဆုံရန် အမေရိကန်ပြည်ထောင်စုသို့ သွားဖွယ်ရာရှိသည်။ထိုသို့တွေ့ဆုံရာတွင် ဖူကူဒါနှင့် ဘုရှ်တို့က အာဖဂန်နစ္စတန်ရှိ အမေရိကန်တပ်များကို ထောက်ပံ့နေသော ဂျပန်ရေတပ်မင်္ဂဏ်သင်္ဘောတိုးရေးအတွက်သက်ဆိုင်သော ဥပဒေပြုမှုဆိုင်ရာကိစ္စများကိုဆွေးနွေးကြမည်ဖြစ်သည်။ ထို့ပြင် ဖူကူဒါသည် မြောက်ကိုရီးယားက ပြန်ပေးဆွဲထားသော ဂျပန်နိုင်ငံသားတို့ကို ဖမ်းထားရာတွင် တိုးတက်မှုတစ်စုံတစ်ရာမတွေ့ရမချင်း မြောက်ကိုရီးယားနိုင်ငံအား အကြမ်းဖက်နိုင်ငံများ စာရင်းတွင် ဆက်လက်ထားရှိရန် တောင်းဆိုဖွယ်ရာရှိသည်။ ဖူကူဒါမှာ ရှင်ဇိုအာဘေးအား ဆက်ခံမည့် ဂျပန်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခံရပြီးနောက် သမ္မတဘုရှ်နှင့် တယ်လီဖုန်းဖြင့် စကားပြောခဲ့သည်။ သမ္မတဘုရှ်နှင့်တွေ့ဆုံပြီးနောက် ဖူကူဒါသည်အရှေ့တောင်အာရှ ထိန်းသိမ်းဆွေးနွေးပွဲကို တက်ရောက်ရန် စင်ကာပူနိုင်ငံကို ထွက်ခွာပြီး အရှေ့တောင်အာရှနိုင်ငံများနှင့် နိုင်ငံရေး၊ လုံခြုံရေးနှင့် စီးပွားရေးကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် ယာဆူအိုဖူကူဒါသည် ဒီဇင်ဘာ ၂၉ ရက်နေ့က တရုတ်နိုင်ငံသို့ လေးရက်ကြာခရီးသွားရောက်လည်ပတ်ရာတွင် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေးလုပ်ငန်းများကို ပိုမိုမြှင့်တင်သွားရန် ဆွေးနွေးခဲ့သည်။

ရှင်ဇိုအာဘေး

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး လက်ထက်တွင် ကိုအိဇုမိ၏ ငွေကြေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ဂျပန်နိုင်ငံ၏ဘတ်ဂျက်စီမံကိန်းများ ညီမျှရေးကိုလည်း အလေးပေးခဲ့သည်။ ဂျပန်နိုင်ငံ၏ ထီးနန်းဆက်ခံရေးတွင် အာဘေးမှာ



ဂျပန်ဝန်ကြီးချုပ် မစွတာဖူကူဒါ တရုတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိစဉ်က
တရုတ်ဘုရားကျောင်းတစ်ကျောင်းသို့ တရုတ်တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ သွားရောက်ဖူးမြော်လေ့လာစဉ်

ရှေးရိုးစွဲအမြင်ရှိသူဖြစ်သည်။ ဂျပန်နိုင်ငံ၏ ထီးနန်းကို အမျိုးသမီး ဆက်ခံနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခွင့်ကို အာဘေးက ကန့်ကွက်ထားပြီးအမျိုးသမီး များသည် ဂျပန်နိုင်ငံ၏ ထီးနန်းဆက်ခံရန် မသင့်ဟု ယူဆသူဖြစ်သည်။ ဂျပန်ဝန်ကြီးချုပ်အဆက်ဆက်က ရှောင်လွဲ ခဲ့သော တရုတ်နိုင်ငံနှင့် ဆက်ဆံရေးတိုးမြှင့်ရန် ကြိုးပမ်းခဲ့သည်။ဂျပန်နိုင်ငံခြားရေးဝန်ကြီးတာရိုအာဇိုက တရုတ်သမ္မတ ဟူကျင်တောင်နှင့် တွေ့ဆုံရန် စီစဉ်နေသည်။ တရုတ်ဂျပန်ဆက်ဆံရေးမှာ အတိတ်က ခံစားချက်များတွင် အခြေမခံသင့်ဟု အာဘေးကရှုမြင်သည်။ သို့ရာတွင် အာဘေးမှာ တစ်ချိန်တည်းမှာပင်တရုတ်နိုင်ငံ၏ ရန်ဖက်၊ အမေရိကန်၊ ဩစတြေးလျနှင့် ဒေသတွင် ပြိုင်ဖက်အိန္ဒိယနှင့် ဆက်ဆံရေးကောင်းရန် ကြိုးပမ်းရုံသာမက အရှေ့တောင်အာရှဒေသအတွင်း တရုတ်၏ ခြေလှမ်းများ တားဆီးရန် ကြိုးပမ်းနေသည်။

ဂျပန်အမျိုးသမီးကာကွယ်ရေးဝန်ကြီး

ဂျပန်ဝန်ကြီးချုပ်ရှင်စိုအာဘေးက အမျိုးသားလုံခြုံရေးအကြံပေး၊ မစွစ်ယူရီကိုအား ပထမဆုံး အမျိုးသမီး ကာကွယ်ရေးဝန်ကြီးအဖြစ် ခန့်ထားခဲ့သည်။ ရှင်စိုအာဘေး၏ ဝန်ကြီးချုပ်သက်တမ်းကာလအတွင်း လူထုယုံကြည်မှုပြန်လည်ရရှိရန်ကြိုးစားသွားမည်ဖြစ်ကြောင်း သူမက ကတိစကားပြောကြားခဲ့သည်။ သို့ရာတွင် သတင်းစာအချို့က စစ်မှုရေးရာများတွင် ဝန်ကြီးအသစ်အနေဖြင့် အတွေ့အကြုံနည်းပါးမှုကို ထောက်ပြခဲ့သည်။ ပါလီမန်အမတ်တစ်ဦးကမူ ယူရီကိုအနေဖြင့် ပထမဆုံး အမျိုးသမီးကာကွယ်ရေးဝန်ကြီးတာဝန်မှာ ကြီးလေးလှကြောင်း ဝေဖန်ခဲ့သည်။ ယူရီကို သည် သတင်းမီဒီယာများကို ကောင်းစွာကိုင်တွယ်နိုင် ပြီး ဝန်ကြီးချုပ်အာဘေးက သူမအား ဂျပန်ရှိအမေရိကန်တပ်ဖွဲ့များနှင့် ပြန်လည်မဟာမိတ်ဖွဲ့ရန် ညွှန်ကြားထားသည်။

ကမ္ဘာ့အသက်အကြီးဆုံးပုဂ္ဂိုလ်

ကမ္ဘာတွင် အသက်အကြီးဆုံးပုဂ္ဂိုလ်အဖြစ် ဂင်းနစ်စံချိန်ဝင်ထားသော ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းမြို့တစ်မြို့မှ မစွတာကိုမိုဂျိတာနာဘီမှာ မကြာမီက အသက် (၁၁၂)နှစ်ပြည့် မွေးနေ့ပွဲဆင်နွှဲခဲ့ပြီး၊ အသက်အကန့်အသတ်မရှိ အသက်ရှည်စွာနေထိုင်သွားလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ယခင်က ကမ္ဘာ့အသက်အကြီးဆုံးပုဂ္ဂိုလ် ပျူအာတိုရီကိုနိုင်ငံမှ အသက် (၁၁၅) နှစ်ရှိ အီမီတီဗန်နီမာတာဒိုဒယ်တိုရီ ကွယ်လွန်ပြီးနောက် မစွတာနာဘီမှာ ဂင်းနစ်စံချိန်စာအုပ်တွင် စာရင်းဝင်လာခဲ့ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံမှာ ကမ္ဘာပေါ်တွင် သက်ကြီး

ရွယ်အို အများဆုံးနိုင်ငံဖြစ်ပြီး အသက် (၁၀၀)နှင့် အထက် ပုဂ္ဂိုလ် ၃၀၀၀၀ ရှိသည်။

ကျန်းမာရေး

ဂျပန်နိုင်ငံတွင် ၂၀၀၆ ခုနှစ်အတွင်း ယာဉ်တိုက်မှုကြောင့် သေဆုံးသူ ဦးရေမှာ နှစ်ပေါင်း ၅၀ ကျော်အတွင်း အနိမ့်ဆုံးအခြေအနေသို့ ကျဆင်းသွားခဲ့သည်။ ဂျပန်နိုင်ငံရဲတပ်ဖွဲ့က အရက်သောက်ထားသော ယာဉ်မောင်းသူများကို အရေးယူခြင်း၊ ယာဉ်မောင်းသူများက ထိုင်ခုံခါးပတ်ကို အသုံးပြုခြင်းစသော အကြောင်းများကြောင့် သေဆုံးသူဦးရေ ကျဆင်းလာခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ဧန်နဝါရီလ ၃ ရက်နေ့တွင် ပြောကြားသည်။ ၂၀၀၆ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ ယာဉ်မတော်တဆဖြစ်မှုကြောင့် သေဆုံးသူဦးရေ ၆၃၅၂ ဦးရှိရာ ၂၀၀၅ ခုနှစ်က ဦးရေထက် ၇ ဒသမ ၆ ရာခိုင်နှုန်း လျော့နည်းသွားသည်။

ဂျပန်နိုင်ငံအနောက်ပိုင်း ဆိုကာယာဒေသ၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသော လက္ခဏာများကို ထပ်မံတွေ့ရှိရကြောင်း ဂျပန်စိုက်ပျိုးရေးဝန်ကြီးဌာနက ဧန်နဝါရီလ ၂၉ ရက်နေ့တွင် အတည်ပြုပြောကြားသည်။ ယခုတစ်ကြိမ် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားကြောင်း တွေ့ရှိရသည့်အဖြစ်ကိုပါထည့်တွက်လျှင် ဧန်နဝါရီလအတွင်း ယင်းရောဂါဖြစ်ပွားကြောင်းသိရှိရသည်မှာ သုံးကြိမ်ရှိသွားပြီဖြစ်သည်။ တာကာယာမြို့ရှိ ကြက်ငှက်ပေါင်း ၁၂၀၀၀ အနက် ၃၉ ကောင်မှာကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးခဲ့ရသည်။ သေဆုံးသော ကြက်ငှက်များကို စစ်ဆေးရာ H5 ရောဂါမျိုးကွဲဖြစ်သော ကြက်ငှက်တုပ်ကွေးရောဂါပိုးကို တွေ့ရသည်။ ယင်းပိုးအမျိုးအစားမှာ H_5N_1 ရောဂါပိုးမျိုးဟုတ်မဟုတ် အတည်ပြုနိုင်စေရန် ဆက်လက်စမ်းသပ်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ဂျပန်နိုင်ငံတောင်ပိုင်း ကူမာမိုတိုဒေသတွင် တွေ့ရသော လင်းယုန်တစ်ကောင်၏ ခန္ဓာကိုယ်တွင် သေလောက်သည်အထိ ပြင်းထန်သော H_5N_1 ရောဂါပိုးကို ရှာဖွေတွေ့ရှိကြောင်း မတ်လ ၁၀ ရက်နေ့တွင် ဂျပန်သဘာဝဝန်းကျင်ဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားသည်။

လူမှုရေး

၂၁ ရာစုနှစ်၏ စဉ်းစားတွေးခေါ်မှုကို ထင်ဟပ်နိုင်သော အနုပညာပြတိုက်တစ်ခုကို ဂျပန်နိုင်ငံတွင် ဖွင့်လှစ်လိုက်ကြောင်း ဧန်နဝါရီလ ၂၇ ရက်နေ့က အင်တာနက်သတင်းတွင် ဖော်ပြသည်။ဂျပန်နိုင်ငံတို့ကျို့မြို့လယ်တွင်တည်ရှိသော အမျိုးသား အနုပညာဗဟိုဌာနမှာ နိုင်ငံတကာရှိ အနုပညာပြတိုက်များအနက် အကြီးဆုံးဖြစ်သည်။


ဂျပန်ဝန်ကြီးချုပ်ဟောင်း ကိုအိုချီမူယာရာမာက ဒုတိယကမ္ဘာစစ်အတွင်းအမျိုးသမီးများကိုလိင်ကျေးကျွန်အဖြစ် စေခိုင်းခဲ့ခြင်းများအတွက် ဂျပန်နိုင်ငံတွင် တာဝန်ရှိကြောင်း ပြောကြားလိုက်ပြီး၊ နိုင်ငံရေးခေါင်းဆောင်များအနေဖြင့် ဒုတိယကမ္ဘာစစ်အတွင်း၌ ဖြစ်ရပ်များအမှန်ဖြစ်အောင်ဆောင်ရွက်ပြီး အိမ်နီးချင်းနိုင်ငံများ၏ တင်းမာမှုများကို လျှော့ချရန်လည်း ရိုက်တာသတင်းဌာနနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။ မူယာရာမာသည် ၁၉၄၅ ခုနှစ်က စစ်အတွင်းအဖြစ်အပျက်များအတွက် သမိုင်းဝင်တောင်းပန်မှုကို ပြုလုပ်ခဲ့သူဖြစ်သည်။ ဝန်ကြီးချုပ်ဟောင်း အာဘေးက လိင်ကျေးကျွန်စေခိုင်းမှုများတွင် ဂျပန်အစိုးရနှင့် စစ်တပ်ပါဝင်ခဲ့သော အထောက်အထားမရှိဟု ငြင်းဆိုခဲ့သောကြောင့် ပြည်တွင်းပြည်ပတွင် အထောက်အခြေအတင်အငြင်းပွားမှုများ ထွက်ပေါ်လာသည်။ 'အခြေအတင်ပြောနေတာတွေဟာ အဓိပ္ပာယ်မရှိပါဘူး၊ စစ်တပ်က ဓိမ်ခန်းတွေတည်ထောင်ခဲ့တယ်။ စီမံခဲ့တယ်ဆိုတာ အမှန်ပါပဲ၊ အစိုးရမှာ တာဝန်ရှိပါတယ်'ဟု မူယာမာရာကတွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားခဲ့သည်။ လိင်ကျေးကျွန်ဖြစ်ခဲ့သူ အမျိုးသမီးများအတွက် ဂျပန်အစိုးရအထောက်အပံ့အဖြစ် ၁၉၅၀ ပြည့်နှစ်တွင် အာရှအမျိုးသမီးရန်ပုံငွေကို တည်ထောင်ခဲ့သည်။ ယခုအခါ မူယာရာမာမှာ ထိုရန်ပုံငွေအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ပါရာဂွေးနိုင်ငံတွင် ဂျပန်နိုင်ငံသားတစ်ဦး သူ၏အတွင်းရေးမှူးနှင့် ဒေသဆိုင်ရာရဲအရာရှိတစ်ဦးတို့ ပြန်ပေးဆွဲခံရလေရာ သူတို့ပြန်လည်လွတ်မြောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၁၅၀,၀၀၀ ဖြင့် ရွေးယူရန်

ပြန်ပေးငွေတောင်းထားကြောင်း ဂျပန်သတင်းဌာနက ဧပြီလ ၄ ရက်နေ့တွင် ပြောကြားသည်။

ပါရာဂွေးနိုင်ငံ အမျိုးသားရဲတပ်ဖွဲ့က ယင်းကိစ္စကို ဆက်နွယ်၍ လူအမြောက်အများကိုဖမ်းဆီးထားကြောင်း သို့သော်ပြန်ပေးဆွဲခံရသူများ၏ အသက်အန္တရာယ် လုံခြုံမှုရှိမရှိကို မသိရှိရကြောင်း ကျိုဒိုသတင်းဌာနက ဖော်ပြသည်။

ဂျပန်နိုင်ငံ ငါးဖမ်းသင်္ဘောကပ္ပတိန်ကို တရားမဝင် ငါးခိုးဖမ်းမှုဖြင့် ရုရှားအရှေ့ပိုင်းတရားရုံးက ဒဏ်ငွေချမှတ်ခဲ့ကြောင်း၊ ဂျပန်နှင့် ရုရှားအိမ်နီးချင်းနှစ်နိုင်ငံအကြားတွင် ရေကြောင်းအငြင်းပွားမှု ပြဿနာများ၏ နောက်ဆုံးဖြစ်ပျက်မှုဖြစ်ကြောင်း အင်တာနက်သတင်းဌာနက စက်တင်ဘာလ ၁၀ ရက်နေ့တွင် ဖော်ပြသည်။ ဂျပန်နိုင်ငံတွင် အသက်ကြီးသူများထံမှ လုပ်အားရရှိရန် အစိုးရက လိုလားကြောင်း၊ အသက်ကြီးသူများအား ထောက်ပံ့ရမည့် ဝန်ထုပ်ဝန်ပိုးအဖြစ် မရှုမြင်ဘဲ လူ၏ စွမ်းအားအရင်းအမြစ်အဖြစ် ရှုမြင်သင့်ကြောင်း ဂျပန် အစိုးရက ဇွန်လ ၈ ရက်နေ့က ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။ နှစ် ၅၀ အတွင်း ဂျပန်လူဦးရေ၏ ငါးပုံနှစ်ပုံကျော်မှာ အသက် ၆၅ နှစ် အထက်ရှိသူများဖြစ်ပြီး သက်ကြီးဦးရေမှာ လက်ရှိ အချိုးအစားထက်နှစ်ဆရှိလာမည်ဖြစ်သည်။ သက်ကြီးရွယ်အိုဘိုးဘွားများကို ပြုစုစောင့်ရှောက်ခြင်း၊ ပင်စင်ပေးခြင်းတို့မှာ နိုင်ငံရေးပြဿနာဖြစ်လာဖွယ်ရှိသည်။



ဂျပန်နိုင်ငံ အိုကီနာဝါဒေသတွင် ခရီးသည်များ ဘေးဒုက္ခမရောက်ဘဲ လေယာဉ်မီးလောင်ခံရစဉ်

မျက်မှောက်ကာလတွင် အသက် ၆၅ နှစ် အထက် သက်ကြီးပုဂ္ဂိုလ်တစ်ဦးအား ထောက်ပံ့ရန် အလုပ်လုပ်ကိုင်သူ သုံးဦးကျော်ရှိနေသေးသည်။ ၂၀၅၅ ခုနှစ် အရောက်တွင် ယင်းအလုပ်လုပ်နိုင်သူ နှုန်းသိသာစွာ ကျဆင်းသွားမည်ဖြစ်သည်။ ပျမ်းမျှခြင်းအားဖြင့် ပင်စင်ယူသူတစ်ဦးလျှင် အလုပ်လုပ်ကိုင်သူတစ်ဦးနှုန်းသာဖြစ်လာမည်ဖြစ်သည်။

အသက် ၈၇ နှစ်အရွယ်ရှိ ဂျပန်ဝန်ကြီးချုပ်ဟောင်း ကီချီမီယာဇာဝါသည် ဇွန်လ ၂၈ ရက်နေ့က ကွယ်လွန်သွားပြီဖြစ်ကြောင်း သိရှိရသည်။ မီယာဇာဝါမှာ ဘဏ္ဍာရေးဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးဖြစ်ပြီး အာရှဒေသနိုင်ငံများနှင့် ဆက်ဆံရေးကောင်းမွန်စေရန် စိတ်အားထက်သန်သူတစ်ဦးဖြစ်သည်။ မီယာဇာဝါသည် ဘဏ္ဍာရေးဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးဖြစ်ပြီး အာရှဒေသနိုင်ငံများနှင့် ဆက်ဆံရေးကောင်းမွန်စေရန် စိတ်အားထက်သန်သူတစ်ဦးဖြစ်သည်။ မီယာဇာဝါသည် ဘဏ္ဍာရေးဝန်ကြီးအဖြစ် ၁၉၈၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ မီယာဇာဝါသည် ဘဏ္ဍာရေးဝန်ကြီးရာထူးမှ အနားယူခဲ့ပြီးနောက် သုံးနှစ်အကြာတွင် ဝန်ကြီးချုပ်ရာထူးရရှိခဲ့သည်။ အာဇာရပါတီက ပါလီမန်တွင် အယုံအကြည်မရှိ အဆိုတင်သွင်းမှုအပေါ် ထောက်ခံခဲ့သဖြင့် မီယာဇာဝါမှာ ၁၉၉၃ ခုနှစ်တွင် ဝန်ကြီးချုပ်ရာထူးမှ ထွက်ခဲ့ရသည်။ ထို့နောက် အသက် ၇၈ နှစ်အရွယ်တွင် ဘဏ္ဍာရေးဝန်ကြီးအဖြစ် ဒုတိယသက်တမ်းအတွက် တာဝန်ထမ်းဆောင်ခဲ့သည်။

တိုကျိုမြို့တွင် အမေရိကန်ရေတပ်သားတစ်ဦးကို လူသတ်မှုဖြင့် တစ်သက်တစ်ကျွန်းပြစ်ဒဏ်အပေးခံရပြီးနောက် မကြာမီအခြားရေတပ်သားတစ်ဦးကအမျိုးသမီးနှစ်ဦးကို မားဖြင့် ထိုးရန်ကြိုးပမ်းမှုဖြင့် ဂျပန်ရဲတပ်ဖွဲ့က ဇူလိုင်လ ၆ ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။ တိုကျိုမြို့တောင်ပိုင်းဒေသရှိ ယိုကိုဆူကာရေတပ်အခြေစိုက်စခန်းမှ စစ်သင်္ဘောအငယ်တန်း လူငယ်အရာရှိတစ်ဦးမှာ မားထိုးမှုဖြင့် အဖမ်းခံရကြောင်း အမေရိကန်ရေတပ်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူကပြောကြားသည်။

ဂျပန်နိုင်ငံတောင်ပိုင်း နာဂါဆာကီမြို့ရှိ ငြိမ်းချမ်းရေးပန်းခြံ၌ ၁၉၄၅ ခုနှစ်တွင် အမေရိကန်နိုင်ငံက

အနုမြူဗုံးကြဲသည့် ၆၂ နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားကို ဩဂုတ်လ ၉ ရက်နေ့တွင် ကျင်းပခဲ့သည်။ ယင်းအခမ်းအနား၌ ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ပစိဖိတ်ဒေသအခြေခံဥပဒေကို လိုက်နာပြီး နျူကလီးယားမပြန့်ပွားရေးမူဝါဒကို ဆုပ်ကိုင်ထားမည်ဖြစ်ကြောင်း နျူကလီးယားလက်နက်များမပါဘဲ ကမ္ဘာ့ငြိမ်းချမ်းရေးတည်ဆောက်ရန် ဦးဆောင်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ၁၉၄၅ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့ နံနက် ၁၁ နာရီ ၂၆ မိနစ်အချိန်တွင် အမေရိကန်နိုင်ငံက နာဂါဆာကီ မြို့ပေါ်သို့ အနုမြူဗုံးကြဲချသဖြင့် လူပေါင်း ၇၀,၀၀၀ ခန့်သေဆုံးပြီးနောက် ခြောက်ရက်အကြာတွင် ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးခဲ့သည်။


အမေရိကန်၊ တရုတ်၊ အိန္ဒိယနိုင်ငံတို့နှင့်အပြိုင် ဂျပန်နိုင်ငံကလည်း လကမ္ဘာသို့ ဂြိုဟ်တုတစ်စင်းကို စက်တင်ဘာလ ၁၄ ရက်နေ့က လွှတ်တင်ခဲ့သည်။ လကမ္ဘာသွား ဂြိုဟ်တုများ သယ်ဆောင်သွားသော ဒုံးယာဉ်ကို တိုကျိုမြို့ တောင်ပိုင်း မိုင် ၆၂၀ အကွာရှိ တနင်ဂါရှိမကျွန်းပေါ်မှ နံနက် ၁၀ နာရီ ၃၁ မိနစ်အချိန်တွင် ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။ လသွားဂြိုဟ်တုများ၏ အလေးချိန်စုစုပေါင်းမှာ သုံးတန်ခန့်ရှိသည်။ ဒုံးယာဉ်ကို လွှတ်တင်ပြီး ၄၅ မိနစ်အကြာတွင် လသွားယာဉ်နှင့်ပင်မဒုံးယာဉ်တို့ ကွဲကွာသွားသည်။ လမင်းသမီးကာဂါယဟု ဂျပန်ဘာသာဖြင့် ချစ်စနိုးခေါ်တွင်ထားသော လသွားယာဉ်မှာ ကမ္ဘာမြေကို ဦးစွာနှစ်ပတ်လှည့်ပတ်၍ အရှိန်ယူပြီးမှ လဆီသို့ထွက်ခွာမည်ဖြစ်သည်။ လကမ္ဘာနှင့် ကမ္ဘာမြေအကြားအကွာအဝေးခရီးမှာ မိုင်ပေါင်း ၂၃၇,၅၀၀ ကွာဝေးသည်။ ဂျပန်တို့၏ ပထမဆုံးလသွားဒုံးယာဉ်လွှတ်တင်ရေးအစီအစဉ်ကို ဝက်ဆိုက်မှ တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့သည်။ ယခုလွှတ်တင်သောလသွားယာဉ်စီမံကိန်းအတွက် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၄၇၉ ဒသမ ၂ သန်းဖြစ်သည်။ လွန်ခဲ့သော ဆယ်စုနှစ်များအချိန်က ပစ်လွှတ်ခဲ့သော အမေရိကန် အပိုလိုလသွားယာဉ်စီမံကိန်းပြီးလျှင် ယခုစီမံကိန်းမှာ အကြီးစားစီမံကိန်းတစ်ခုပင်ဖြစ်သည်။ ဂျပန်လသွားအာကာသယာဉ်ကို ဂြိုဟ်တုသုံးလုံးဖြင့် ဖွဲ့စည်းထားသည်။

ပင်မဂြိုဟ်တုနှင့် ဂြိုဟ်ငယ်နှစ်လုံးတို့ပါဝင်သည်။ လကမ္ဘာဆီသို့ရောက်သောအခါ လမျက်နှာပြင်ပေါ်မှ ကီလိုမီတာ ၆၀ ခန့်အကွာတွင် ပင်မဂြိုဟ်တုကလှည့်ပတ်နေမည်ဖြစ်ပြီး၊ ဂြိုဟ်တုငယ်နှစ်စင်းက လကို အနီးကပ်လေ့လာမည်ဖြစ်သည်။ လလေ့လာရေးဂြိုဟ်တုများတွင် ကိရိယာ ၁၄ မျိုး တပ်ဆင်ထားသည်။ ထိုကိရိယာများတွင် လမျက်နှာသွင်ပြင်ကို လေ့လာမည့်ပစ္စည်း၊ ဆွဲအားကို တိုင်းတာမည့်အသုံးအဆောင် လ၏မူလအခြေအနေနှင့် ဆင့်ကဲပြောင်းလဲမှုများကို တိုင်းတာမည့်ကိရိယာစသည်များလည်း ပါဝင်သည်။ ယင်းလသွားယာဉ်လွှတ်တင်ရေးအစီအစဉ်များမှာ မူလကသတ်မှတ်ထားသည်ထက် အချိန်လေးလနောက်ကျပြီးမှ အကောင်အထည်ပေါ်လာခြင်းဖြစ်သည်။

စွမ်းအင်ကဏ္ဍ

ဂျပန်နိုင်ငံနှင့် ပါရှန်ပင်လယ်ကွေ့နိုင်ငံများအကြားစွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်လျက်ရှိကြောင်း စွမ်းအင်ဈေးကွက်သုတေသီတစ်ဦးက မေလ ၉ ရက်နေ့တွင် ပြောကြားသည်။ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် ပင်လယ်ကွေ့နိုင်ငံများမှ ကမ္ဘာ့စီးပွားရေးနှင့် ပိုမိုချိတ်ဆက်နိုင်ရန် လိုလားကြောင်း ဂျပန်နိုင်ငံအနေဖြင့်လည်း ပင်လယ်ကွေ့ဒေသမှ ရေနံကို ပုံမှန်ဝယ်ယူရရှိလိုကြောင်း ဝါရှင်တန်အိုလ်ဒိုမီနီယံတက္ကသိုလ်မှ ပါရှန်ပင်လယ်ကွေ့ဒေသ ကျွမ်းကျင်သူ ပါမောက္ခစတီယီတစ်ဗ်က ပြောကြားသည်။ ဂျပန်နိုင်ငံမှာ နေ့စဉ်ရေနံစည်ပေါင်း ၎င်းသန်းကျော်ကို ပြည်ပမှ ဝယ်ယူတင်သွင်းနေရသည်။ ဂျပန်မှာ အမေရိကန်ပြီးလျှင် ပြည်ပမှ ရေနံတင်သွင်းမှုအများဆုံးနိုင်ငံဖြစ်သည်။ ဂျပန်နိုင်ငံမှာ ကမ္ဘာပေါ်တွင် ရေနံသုံးစွဲမှု တတိယအများဆုံးနိုင်ငံလည်းဖြစ်သည်။ ဂျပန်လိုအပ်သော ရေနံအတွက် အဓိကထောက်ပံ့ပေးသော ဒေသမှာ အရှေ့အလယ်ပိုင်းဒေသဖြစ်သည်။

ဂျပန်နိုင်ငံတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လုပ်မှုလျှော့ချနိုင်ရန် ဆောင်ရွက်ချက်အဖြစ် သဘာဝဓာတ်ငွေ့ရည်သုံးလျှပ်စစ်ဓာတ်အားပေး စက်ရုံ(၈)ရုံ တည်ထောင်သွားရန် ဂျပန် လျှပ်စစ်ဓာတ်အားကုမ္ပဏီများက စီစဉ်လျက်ရှိကြောင်း မေလ ၁၃ ရက်



ကျပန်နိုင်ငံ၏
အာကာသလွှတ်တင်ရေးစခန်းမှလွှားယာဉ်

အင်တာနက်သတင်းတွင် ဖော်ပြသည်။ သဘာဝဓာတ်ငွေ့ရည်သုံး ဓာတ်အားပေးစက်ရုံ (၈) ရုံအနက်(၄)ရုံမှာအသစ်တည်ဆောက်မည့် စက်ရုံများဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ဓာတ်အားပေးစက်ရုံ (၄) ရုံမှာမူ လက်ရှိကျောက်မီးသွေးစက်ရုံ သို့မဟုတ် ရေနံအသုံးပြုသော စက်ရုံများကို ပြင်ဆင်ပြောင်းလဲမည့် စက်ရုံများဖြစ်လိမ့်မည်ဖြစ်ကြောင်း နိကေးသတင်းစာတွင်ရေးသားဖော်ပြသည်။ သဘာဝဓာတ်ငွေ့ရည်အသုံးပြုသော ဓာတ်အား ပေးစက်ရုံများလည်ပတ်သောအခါကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှု ၈ ရာခိုင်နှုန်း လျော့ချနိုင်မည်ဖြစ်ကြောင်း သတင်းစာတွင် ရေးသားဖော်ပြသည်။

သဘာဝဓာတ်ငွေ့ရည်တွင် အခြားသော စွမ်းအင်များမှာထက် ကာဗွန်ပါဝင်မှု ပိုမိုလျော့နည်းသည်။ သဘာဝဓာတ်ငွေ့ရည်သုံး ဓာတ်အားပေးစက်ရုံမှာ ကျောက်မီးသွေးစွမ်းအင်သုံးစက်ရုံ ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှု ၄၀ မှ ၅၀ ရာခိုင်နှုန်းအထိလည်းကောင်း ရေနံစွမ်းအင်သုံးဓာတ်အားပေးစက်ရုံထက် ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိလည်းကောင်း လျော့ချနိုင်သည်။ မျက်မှောက်ကာလတွင် ကျပန်နိုင်ငံရှိ လျှပ်စစ်ဓါတ်အားထုတ်ယူမှု အရပ်ရပ်၏ ၃၀ရာခိုင်နှုန်းမှာ ရေကလီးယားဓာတ်အားပေးစက်ရုံများကထုတ်လုပ်ပေးခြင်းဖြစ်သည်။ သဘာဝဓာတ်ငွေ့ရည်သုံး စက်ရုံများက စုစုပေါင်း လျှပ်စစ်ဓာတ်အား၏ ၂၆ ရာခိုင်နှုန်းကိုလည်းကောင်း၊ ကျောက်မီးသွေးသုံးစက်ရုံများက လျှပ်စစ်ဓာတ်အား ၂၄ ရာခိုင်နှုန်းကိုလည်းကောင်း၊ရေနံစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများက လျှပ်စစ်ဓာတ်အား ၁၀ ရာခိုင်နှုန်းကိုလည်းကောင်း၊ ရေအားလျှပ်စစ်စွမ်းအင်သုံးစက်ရုံများက လျှပ်စစ်ဓာတ်အား ၉ရာခိုင်နှုန်းကိုလည်းကောင်း ထုတ်ပေးလျက် ရှိသည်။

ကျပန်နိုင်ငံရှိ ရှိကိုကွေးလျှပ်စစ် ဓာတ်အားကုမ္ပဏီသို့ သဘာဝ ဓာတ်ငွေ့ရည်တန်ချိန် ၄၂၀,၀၀၀ နှစ်စဉ် ရောင်းချရန် မလေးရှားနိုင်ငံပိုင်ရေနံနှင့်ဓာတ်ငွေ့ကုမ္ပဏီဖြစ်သော ပီထရိုနက်စ်ကသဘောတူညီကြောင်း နယူးစထရိတ်တိုင်းမ်သတင်းစာကမေလ (၁၂)ရက်နေ့တွင် ရေးသားဖော်ပြသည်။ ရှိကိုကွေးလျှပ်စစ်ဓာတ်အားကုမ္ပဏီမှာ ကျပန်နိုင်ငံတွင် အဋ္ဌမအကြီးဆုံး ဓာတ်အား ကုမ္ပဏီဖြစ်ကြောင်း၊ ငါးနှစ်သက်တမ်းရှိသဘောတူစာချုပ်အရ ကျပန်ကုမ္ပဏီက ၂၀၁၀ ပြည့်နှစ် ဧပြီလ ၁ရက်နေ့မှစ၍လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် သဘာဝဓာတ်ငွေ့ရည်သုံးသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ပီထရိုနက်စ်ကုမ္ပဏီ၏ သဘာဝဓာတ်ငွေ့ရည်ထုတ်လုပ်ရေးစက်ရုံမှာ မလေးရှားနိုင်ငံ ဆာရာဝပ်ပြည်နယ်ဘင်တူလူမြို့တွင် တည်ရှိသည်။ ရှိကိုကွေးကုမ္ပဏီက ကျပန်နိုင်ငံ ဆာကိုင်ဒီမြို့တွင် သဘာဝဓာတ်ငွေ့ရည်ကို ပီထရိုနက်စ်ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီတစ်ခုကပိုင်ဆိုင်သောဓာတ်ငွေ့ရည်တင်သင်္ဘောများဖြင့် ပို့ပေးမည်ဖြစ်သည်။

ကမ္ဘာကြီးပူနွေးလာမှု သက်သာလျော့ပါးစေရန် ၂၀၅၀ ပြည့်နှစ်အတွင်း လေထုအပူချိန်မြင့်တက်လာစေသော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၅၀ ရာခိုင်နှုန်းအထိ လျော့ချမည့်အစီအစဉ်ကို ကျပန်ဝန်ကြီးချုပ် ရှင်ဇီအာဘေးက မေလ ၂၆ ရက်နေ့တွင် ကြေညာလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနက ရေးသားဖော်ပြသည်။ ရှေ့ဆောင်ရှေ့ရွက်ပြုဆောင်ရွက်မည့် အစီအစဉ်သစ်ကို ရှင်ဇီအာဘေးက ထုတ်ပြန်ကြေညာထားသည်။ ကျပန်အစိုးရအနေဖြင့် ကျိုတိုစာချုပ်အခြေခံမူများကို လိုက်နာသွားရန် ဆန္ဒရှိကြောင်း၊ အာရှနိုင်ငံရေးနှင့် စီးပွားရေးခေါင်းဆောင်များ၏ ညီလာခံတွင် အာဘေးက ပြောကြားခဲ့သည်။ ကမ္ဘာတစ်ဝန်းလုံးအတွက် တူညီသော ရည်ရွယ်ချက်ပေါက်မြောက်စေရန် ကျပန်အစိုးရက ၂၀၅၀ ပြည့်နှစ်အတွင်း ကာဗွန်ဒိုင်

အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ယခုရှိ ပမာဏမှ ထက်ဝက်အထိ လျှော့ချမည့် နှစ်စဉ်ရည်မှန်းချက်ရှိကြောင်း၊ ယင်းဓာတ်ငွေ့များ အများဆုံးထုတ်လွှတ်နေသော နိုင်ငံများအနေဖြင့် ကျိုတိုစာချုပ်တွင် လက်မှတ်ရေးထိုးကြရန်နှင့် လောင်စာစွမ်းအင်ချွေတာရေးအတွက် နည်းပညာများ တီထွင်ဖန်တီးကြစေလိုကြောင်း ရှင်ဇီအာဘေးက ပြောကြားသည်။

ကျပန်နိုင်ငံ တောင်ပိုင်း အိုကီနာဝါဒေသတွင် ဧပြီလ ၂၀ ရက်နေ့ နံနက်ပိုင်းက ၆ ဒသမ ၇ အင်အားရှိ ပြင်းထန်သောမြေငလျင်လှုပ်ခတ်ခဲ့ကြောင်း၊ ကျပန်နိုင်ငံ မိုးလေဝသနှင့် ဇလဗေဒအေဂျင်စီက ထုတ်ပြန်ကြေညာသည်။ ယင်းငလျင်လှုပ်ချိန်မှာ နံနက် ၁၀ နာရီ ၄၆ မိနစ် အချိန်ဖြစ်သည်။ မီယာကိုကျွန်းနှင့် ယာအီယာမာဒေသများတွင် ဆူနာမီရေလှိုင်းများ ကျရောက်နိုင်ကြောင်း သတိပေးချက်များ ထုတ်ပြန်ခဲ့သည်။ ခန့်မှန်းထားသည့်အတိုင်း စင်တီမီတာ ၅၀ အမြင့်ရှိသော ရေလှိုင်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်းအေဂျင်စီက ပြောကြားသည်။ ယင်းမြေငလျင်၏ ဗဟိုချက်မှာ မီယာကိုကျွန်း၏ အနောက်မြောက်ဘက်မြေအောက်အနက် ကီလိုမီတာ ၄၀ အကွာတွင် တည်ရှိသည်။ ဧပြီလ ၉ ရက်နေ့ နံနက် ၉ နာရီ ၂၆ မိနစ်အချိန်ကလည်း အိုကီနာဝါကျွန်းတွင် ၆ ဒသမ ၂ အဆင့်ပြင်းအားရှိ ရေ့ပြေးငလျင်တစ်ခုလှုပ်ခဲ့သေးသည်။ ထိုငလျင်နှစ်ခုကြောင့် အပျက်အစီးအထိအခိုက် သတင်းတစ်စုံတစ်ရာ မရရှိသေးဟုဆိုသည်။

ကျပန်နိုင်ငံတိုကျိုမြို့တွင် မေလ ၈ ရက်နေ့က ရစ်ချ်တာစကေး ၄ ဒသမ ၄ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံများ တုန်ခါသွားကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။ ယင်းငလျင်ကြောင့် ပျက်စီးမှုသို့မဟုတ် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း၊ မီးသတ်ဌာနတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ဆူနာမီငလျင်လှိုင်းသတိပေးချက်ထုတ်ပြန်ခြင်းမရှိပေ။ ငလျင်လှိုင်း၏ ဗဟိုချက်မှာ တိုကျိုမြို့မြောက်ဘက် အီဘာရာကီပြည်နယ်မြေအောက်အနက် ကီလိုမီတာ ၅၀ ဖြစ်သည်။ ကမ္ဘာတွင် ငလျင်အများဆုံး လှုပ်ရာနိုင်ငံများတွင် ကျပန်နိုင်ငံပါဝင်သည်။

ကျပန်နိုင်ငံ အနောက်ပိုင်း အီရိကာဝါစီခရိုင်၌ ဇွန်လ ၁၀ ရက်နေ့ နံနက်ပိုင်းက ရစ်ချ်တာစကေး ၅ အဆင့်ရှိသော ငလျင်လှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒဌာနက သတင်းထုတ်ပြန်သည်။ ယင်းငလျင်မှာ ဇွန်လ ၁၀ ရက်နေ့ နံနက် ၃ နာရီ ၄၅ မိနစ်အချိန်တွင် လှုပ်သွားရာ ပျက်စီးဆုံးရှုံးမှုသတင်းမရရှိသေးကြောင်း ယင်းငလျင်မှာ ဆူနာမီဖြစ်ပေါ်နိုင်ဖွယ်မရှိကြောင်း၊ ယင်းသတင်း၌ ဖော်ပြထားသည်။ ယင်းဒေသအနီးဝန်းကျင်၌ ဇွန်လ ၁၁ ရက်နေ့ နံနက် ၄ နာရီ ၂၄ မိနစ်အချိန်တွင် ရစ်ချ်တာစကေး ၃ အဆင့်ရှိ ငလျင်နှင့် နံနက် ၆ နာရီ ၂၇ မိနစ်အချိန်တွင် ရစ်ချ်တာစကေး ၃ ဒသမ ၅ အဆင့်ရှိ ငလျင်ထပ်မံတုန်လှုပ်ခဲ့သည်။ လွန်ခဲ့သော မတ်လအတွင်းက အီရိကာဝါဒေသနှင့် အနီးဝန်းကျင်ဒေသများ၌ ရစ်ချ်တာစကေး ၆ ဒသမ ၉




ကျပန်နိုင်ငံ ကာရိုဝါဇာကီ၌ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရာ ငလျင်လှုပ်ခတ်၍ အပျက်အစီးများကြား၌ ကယ်ဆယ်ရေးဝန်ထမ်းတစ်ဦးက အကူအညီပေးနေစဉ်

အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ရာ တစ်ဦးသေဆုံးပြီး ၂၀၀ ခန့် ဒဏ်ရာရရှိကြောင်းဖော်ပြထားသည်။

ကျပန်နိုင်ငံ နာဂိုယာမြို့တွင် တစ်ချိန်က လူဆိုးဂိုဏ်းဝင်တစ်ဦးဖြစ်ခဲ့ဖူးသူ သေနတ်သမားတစ်ဦးက သူ၏ သားသမီးနှင့် ရဲအရာရှိတစ်ဦးတို့ကို မေလ ၁၇ ရက်နေ့က သေနတ်ဖြင့် ပစ်သတ်ခဲ့ပြီး အမျိုးသမီးတစ်ဦးနှင့်အတူ အိမ်အတွင်းပုန်းအောင်းနေကြောင်း ရဲအရာရှိကိုလည်း ထိန်းသိမ်းထားကြောင်း ဒေသခံများက ပြောကြားသည်။ ယင်းသေနတ်သမား

ပစ်ခတ်မှုကြောင့် သူ၏သားနှင့်သမီးတို့ကိုဆေးရုံပို့ထားခဲ့ရသည်။ ရဲအရာရှိကိုမူ ရဲတပ်ဖွဲ့က ကယ်တင်နိုင်ခဲ့သည်။ ရဲအရာရှိကို ကယ်တင်နိုင်ခဲ့ကြောင်း သို့ရာတွင် သူ၏အခြေအနေကို မပြောနိုင်သေးကြောင်း သေနတ်သမားနှင့် ဓားစာခံမှာ အိမ်အတွင်း၌ ရှိနေသေးကြောင်း ရဲအရာရှိကို ကယ်တင်ခဲ့သော ရဲအဖွဲ့ဝင်တစ်ဦးသေနတ်ပစ်ခံရ ၍ ဆေးရုံပို့ထားရကြောင်း ရဲဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ အိမ်အတွင်း ဖမ်းဆီးထားသော ဓားစာခံမှာ သေနတ်သမား၏ ဇနီးဖြစ်ဖွယ်ရာရှိသည်ဟု သတင်းစာ၌ဆက်လက်ဖော်ပြထားသည်။

ဦးရဲလွင်



ဘဒ္ဒန္တယောသိတ

ယောသိတ၊ ဘဒ္ဒန္တ (သာသနဓဇသိရိပဝရဓမ္မာစရိယ) (မြန်မာ ၁၂၉၂-၁၃၆၈)။ ။ အရှင်ယောသိတကို မကွေးတိုင်း၊ တောင်တွင်းကြီး၊ မြို့သစ်မြို့နယ်၊ လေးတိုင်စင်အုပ်စု၊ ဖိုကြီးကျေးရွာတွင် ဖွားမြင်သည်။ သက္ကရာဇ် ၁၂၉၂ ခု၊ ကဆုန်လဆန်း ၉ ရက်၊ တနလ်ာနေ့ ညဉ့်ဦးပိုင်းက ဖွားမြင်ခဲ့၏။ မိဘများမှာ အဘ ဦးဘိုးချို၊ အမိ ဒေါ်ဆယ်မိတို့ဖြစ်သည်။

သားသမီး ၇ ယောက် ဖွားမြင်ခဲ့ရာ အရှင်ယောသိတက စတုတ္ထမြောက်ဖြစ်၏။ အရှင်ယောသိတ (၇) နှစ်အရွယ်တွင် အစ်ကိုများနှင့်အတူ ဖိုကြီးရွာမအနောက်ကျောင်းသို့ ပညာသင်ကြားရန် လိုက်ရသည်။

ကျောင်းထိုင်ဆရာတော် ဦးနန္ဒိယ၊ ခန်းနေလက်ထောက် ဘုန်းတော်ကြီးဦးဝိမလတို့ထံတွင်အခြေခံပညာရပ်များ သင်ကြားရ၏။

ထို့ပြင် မင်္ဂလသုတ်၊ ပရိတ်ကြီး၊အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ နမက္ကာရ၊ စိတ်ဓာတ်မြင့်မားလာရေးအတွက် လောကနီတိနှင့် ငါးရာ့ငါးဆယ်ဇာတ်တော်များကိုလည်း သင်ပြပေးတော်မူကြသည်။

၁၂ နှစ်အရွယ်တွင် အမိအဘ၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ဖိုကြီးရွာမအနောက် ကျောင်းမှာပင် ရှင်သာမဏေဘောင်သို့ တက်သည်။ ဥပဇ္ဈာယ်ဆရာတော်က "ရှင်ယောသိတ" ဟု အမည်မှည့် ပေးတော်မူသည်။

ထို့နောက် ရှင်သာမဏေဝတ်သောအခါတွင် "ရှင်သုမန" ဟု နာမည်တွင်၏။ ပခုက္ကူမြို့မဟာဝိသုတာရာမတိုက်ကြီးထဲမှ ဆရာတော်ကြီး ဦးပညာသီဟက ဆင်ဖြူကျွန်းမြို့သို့ စာသင်တိုက်ခွဲသောအခါ ရှင်သုမနလည်း ပါသွားသည်။ ထိုမြို့မှ ဆက်လက်ပညာသင်၍ အသက် ၂၀ ပြည့်သောအခါ ဦးဘဦး+ဒေါ်လှအုံးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရဟန်းဘဝသို့ ရောက်လာ၏။

ထို့နောက် မန္တလေး၌ ၁ နှစ်ခွဲမျှနေပြီးချိန်တွင် မန္တလေးမှ အမရပူရမြို့သို့ ပြောင်းရွှေ့ကြ၏။

ဦးစွာပထမ မင်္ဂလာတိုက်ဟောင်း၊ ဒေါ်ဒေါ်ဖုံ၏ကျောင်းကြီးအောက်တွင် နေရာရကြ၏။

ထို့နောက် မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော် အရှင်ဇနကာဘိဝံသထံတွင်တပည့်ရင်းကြီးဖြစ်လာသည်။

သက္ကရာဇ် ၁၃၁၇ ခုနှစ်တွင် ဓမ္မာစရိယ စာချတန်းကို ဖြေဆိုအောင်မြင်သည်။ ဂုဏ်ထူးများနှင့် အောင်မြင်သဖြင့် "သာသနဓဇသိရိပဝရဓမ္မာစရိယ"ဘွဲ့ကို ရရှိခဲ့သည်။

ဤနည်းအားဖြင့် ပညာရပ်တို့ကို ဆည်းပူးရင်းဆရာတော်ထံတွင် ၁၂ နှစ်ကျော်မျှ ခိုလှုံခွင့်ရခဲ့သည်။

ထို့နောက် ရန်ကုန်သို့ ပြောင်းရွှေ့ခဲ့ပြီး ကမ္ဘာအေးကုန်းမြေရှိ "သံဃာ့တက္ကသိုလ်"တွင် သင်တန်းများတက်ခဲ့သည်။

သံဃဉ်တက္ကသိုလ်တွင် ၅ နှစ်၊ ကမ္ဘာဗုဒ္ဓတက္ကသိုလ်တွင် ၂ နှစ် ပညာရပ်များ ဆည်းပူးခဲ့ပြီး သင်တန်းများ ပြီးစီးအောင်မြင်သောအခါ "ဗုဒ္ဓဒေသနာဒီပလိုမာ" (Dip.B.D)လက်မှတ်ကိုဆက်ကပ်ခံရသည်။

ထို့နောက် ရန်ကုန်မြို့၊ ကမ္ဘာအေး၊ "သံဃဉ်တက္ကသိုလ်" ၌ ပညာရေးတာဝန်ကို ထမ်းဆောင်ရင်း သာသနာပြုသင်တန်းများကိုပို့ချပေးလျက်နေခဲ့ပါသည်။

ဤသို့ဖြင့် အရှင်ယောသိတသည် သာသနာတော်၌ ရဟန်းသိက္ခာ (၅)ဝါခန့်မှစ၍ နှစ်ပေါင်း (၃၀) ခန့်မျှတိုင်အောင်ပရိယတ္တိနယ်ပယ်၌ကျင်လည်ကျက်စားကာ ပရိယတ်စာပေများကို စာသင်သားတို့အား ပို့ချပေးခဲ့၏။

ထို့နောက် ရန်ကုန်မြို့၊ ဗဟန်း၊ နတ်မောက်လမ်းရှိ "မိုးကုတ်ဝိပဿနာဌာနချုပ်" သို့ ရောက်ရှိကာ မိုးကုတ်ဆရာတော်ဘုရားကြီး ညွှန်ကြားတော်မူသော နည်းစနစ်အတိုင်း ဝိပဿနာအလုပ်တို့ကို ကိုယ်တိုင်ကြိုးကုတ်အားထုတ်နိုင်ခဲ့ပါသည်။မိုးကုတ်ဆရာတော်ဘုရားကြီး၏ ထေရပွတ္တိတစ်ဘဝသာသနာ ကျမ်းစာကို ရေးသား၍ မိုးကုတ်ဆရာတော်ကြီးကို ကျေးဇူးဆပ်ခွင့်ရခဲ့သည်။ ဆရာတော်ဘဒ္ဒန္တယောသိတသည်ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ နည်းနာအတိုင်း ကမ္မဋ္ဌာန်းတရားများကို ရဟန်းသာမဏေယောဂီလူပုဂ္ဂိုလ်စသည်တို့အား ထူးခြားထင်ရှားစွာ နည်းပေးသင်ပြဟောကြားတော်မူသဖြင့် နိုင်ငံတော်အစိုးရ၏ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ကိုဆက်ကပ်ပူဇော်ခြင်းခံရသည်။

ထို့နောက် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၏ နာယကဆရာတော်အဖြစ် တာဝန်ယူတော်မူခဲ့သည်။

ဆရာတော်အရှင်ယောသိတသည် ၁၃၆၈ ခုနှစ် တပို့တွဲလပြည့်ကျော် (၆)ရက် (၇-၂-၂၀၀၇)ဗုဒ္ဓဟူးနေ့နံနက် ၀၇:၂၀ နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူပါသည်။ တပို့တွဲလပြည့်ကျော် (၁၂)ရက် (၁၃-၂-၂၀၀၇)အင်္ဂါနေ့ မွန်းလွဲ ၁ နာရီတွင် အန္တိမအဂ္ဂိဈာပနအခမ်းအနားကျင်းပခဲ့သည်။

စိုးမြင့်၊ အေဝမ်း၊ ဂီတစာဆို၊ ဂီတမှူး

စိုးမြင့်၊ အေဝမ်း၊ ဂီတစာဆို၊ ဂီတမှူး (ခရစ် ၁၉၃၀-၂၀၀၇)။ ။ အေဝမ်းစိုးမြင့်ကို ဧရာဝတီတိုင်း၊ မြောင်းမြမြို့၌ အဘ ဦးရောင်ရှိန်၊ အမိ ဒေါ်ကျော့တို့မှ ၁၂၉၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက် တနင်္ဂနွေနေ့တွင် မွေးဖွားသည်။ မွေးချင်းမောင်နှမလေးယောက်ရှိသည့်အနက် တတိယမြောက်သားဖြစ်သည်။

အေဝမ်းစိုးမြင့်သည် ငယ်စဉ်ကလေးအရွယ် ကပင် မိခင်နှင့် ဖခင်တို့ ကွယ်လွန်ခဲ့သည့်အတွက် ဘကြီးဖြစ်သူက ကျွေးမွေးစောင့်ရှောက်ခဲ့ရသည်။ မြောင်းမြမြို့အေဒီယမ်ကျောင်းတွင် ၈ တန်းအထိ ပညာသင်ကြားခဲ့သည်။



ဂီတစာဆို ဂီတမှူး အေဝမ်းစိုးမြင့်

အေဝမ်းစိုးမြင့်သည် ငယ်စဉ်ကပင် အနုပညာကို ဝါသနာထုံခဲ့သည်။ အထူးသဖြင့် ဆိုက်ဆိုဖုန်းကို ကျွမ်းကျင်စွာမှုတ်နိုင်သည်။ ဆရာ ဦးရီရှင်း၏ စနစ်တကျပြုစုပျိုးထောင်ပေးမှုဖြင့် အနုပညာနယ်ပယ်ကျယ်ပြန့်သော ရန်ကုန်သို့ ဆရာနှင့်အတူ ရောက်ရှိခဲ့လေသည်။

အေဝမ်းစိုးမြင့်သည် ရန်ကုန်မြို့တွင် ဆရာဖြစ်သူနှင့်အတူ အနုပညာလုပ်ငန်းကို လုပ်ကိုင်ရင်း ဂီတသင်္ကေတနှင့် ဂီတသံစဉ် ဖွဲ့စည်းပုံနည်းစနစ်နှင့် ဂီတသံစဉ်ခွဲစိတ်မှုပညာကို ရစ်ချတ်မီလာထံတွင် သင်ယူခဲ့သည်။ ထိုအချိန်မှစ၍ ဂီတသံစဉ်ဟာမိုနီခွဲစိတ်မှုပညာကို စတင်ရေးသားဖန်တီးလာခဲ့သည်။ အေဝမ်းစိုးမြင့်သည် လက်ဦးဆရာ ဦးရီရှင်းနှင့်အတူ လေးနှစ်မျ

လက်တွဲ၍ ဂီတလုပ်ငန်းများကို လုပ်ကိုင်ခဲ့သည်။ ထို့နောက် အေဝမ်းဦးခင်မောင်၏ ကမ်းလှမ်းခြင်းကို ခံရပြီး အေဝမ်းရပ်ရှင်ကုမ္ပဏီ၌ အတီးသမားအဖြစ် ဝင်ရောက်အမှုထမ်းခဲ့သည်။

အေဝမ်းစိုးမြင့်သည် အားလပ်ချိန်များ၌ ရွှေပြည်အေး၊ ဂီတလုလင် ဦးကိုကိုတို့၏ ပြဇာတ်တီးဝိုင်းများသို့ သွားရောက် နားထောင်ကာ ကြိုးစားလေ့လာခဲ့သည်။

ထိုသို့ဖြင့် အေဝမ်းရပ်ရှင်ကုမ္ပဏီက ရိုက်ကူးသော 'နတ်ရေးသည့်ဖူးစာ'ဇာတ်ကား၌ ပထမဆုံးအကြိမ် သံစုံတီးဝိုင်းဖြင့် စတင်ရေးသားပြသခွင့်ရရှိခဲ့သည်။

ထို့နောက် အေဝမ်းရပ်ရှင်ကုမ္ပဏီတွင် စန္ဒယားပညာရှင် အေဝမ်းဦးခင်မောင်နှင့် တွဲဖက်၍ ရုပ်ရှင်နောက်ခံသီချင်းများကိုလည်း ရေးစပ်သီကုံးခဲ့ရာတွင် 'တိမ်လွှာမို့မို့လွင်'ဇာတ်ကားမှ 'အလှကမ္ဘာမြေဝယ်' သီချင်းဖြင့် စတင်ကျော်ကြားလာသည်။ ထို့နောက် 'မုန်းတလှည့် ပြုံးတလှည့်'၊ 'နှစ်ယောက်တည်း'စသည့် သီချင်းများကိုလည်း စပ်ဆိုသီကုံးခဲ့သည်။ အေဝမ်း ရုပ်ရှင်ကုမ္ပဏီတွင် ရုပ်ရှင်နောက်ခံသီချင်းများ ရေးခြင်း၊ အသံသွင်းခြင်းလုပ်ငန်းကို ဆရာဖြစ်သူ အေဝမ်း ဦးခင်မောင်နှင့်တွဲဖက်၍ ၁၅ နှစ်ခန့်လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် 'ခေတ်ဆန်းအရှေ့ပိုင်း'ဟူသော တီးဝိုင်းအမည်ဖြင့် ရန်ကုန်မြို့ ဝင်ဒါမီယာခရက်တစ်အမှတ် ၂၈ တွင် တည်ရှိသည့် အသံလွှင့်ရုံတွင် ရေဒီယိုကာလပေါ်တီးဝိုင်းကို စတင်၍ အသံလွှင့်ခဲ့သည်။ 'ခေတ်စမ်းအရှေ့ပိုင်း' တီးဝိုင်းအမည်ဖြင့် အနုပညာလုပ်ငန်းများကို ငါးနှစ်မျှလှုပ်ရှားခဲ့သည်။

၁၉၅၉ ခုနှစ်တွင် အေဝမ်းစိုးမြင့်သံစုံတီးဝိုင်းကို တည်ထောင်နိုင်ခဲ့သည်။ နောက်ပိုင်းတွင် ခေတ်ပေါ်၊ ကာလပေါ်သံစုံတီးဝိုင်းဖြစ်လာခဲ့သည်။

အေဝမ်းစိုးမြင့်သည် ၁၉၅၉ ခုနှစ်၌ တေးသံရှင် ဒေါ်တင်တင်မြနှင့် လက်ထပ်ခဲ့သည်။

အေဝမ်းစိုးမြင့်သည် မြန်မာ့ရိုးရာယဉ်ကျေးမှုကို မြတ်နိုးသည်နှင့်အညီ အေဝမ်းသံစုံတီးဝိုင်းကို အချိန်တိကျခြင်း၊ ကတိတည်ခြင်း၊ သောက်စားမူးယစ်မှုကို ခွင့်မပြုခြင်း၊ စည်းကမ်းသေဝပ်မှုရှိခြင်းများဖြင့် စနစ်တကျဖွဲ့စည်းခဲ့သည်။

ထို့ပြင် အေဝမ်းစိုးမြင့်သည် မင်္ဂလာအခမ်းအနားများ၌ ပိုမိုတင့်တယ်၍ မင်္ဂလာတရားနှင့်လေးနက်ပြည့်စုံစေရန် ဦးဆောင်ဖန်တီးပေးသည့် အခါတော်ပေးသီချင်းကိုလည်း စတင်တီထွင်ပေးခဲ့သူဖြစ်သည်။

အေဝမ်းစိုးမြင့်သည် အနောက်တိုင်းဂီတဖွဲ့စည်းမှုကို စိတ်ဝင်စားခဲ့ပြီး ကိုယ်တိုင်လည်း ကလဲရိုနက်ခေါ်လေမှုတ်တူရိယာကို တီးမှုတ်တတ်သူဖြစ်သည်။ အနောက်တိုင်းသံစုံတီးဝိုင်းကြီးများကို အားကျ၍ မြန်မာ့သံစုံတီးဝိုင်းဖြစ်အောင် ကြိုးစားခဲ့သူလည်းဖြစ်သည်။ မေမြို့ခင်မောင် သီဆိုသည့် 'နတ်ရေးသည့် ဖူးစာ'ဟူသော သီချင်းကို ဖွဲ့သည့်အခါ၌ ပရိသတ် လက်ခံ၍ ရုပ်ရှင်လောကတွင် အလွန်ကျော်ကြားခဲ့သည်။ဆရာကြီး ရွှေပြည်အေး၏ မြန်မာဟန်မှ အနောက်တိုင်း ကျူးန် (Tune) များသို့ ကူးစက်သွားသည့် ရေးစပ်မှုပုံစံမျိုးကို နှစ်သက်သည်။ ထိုကဲ့သို့သော ဟန်ပန်များကို လေ့လာလိုက်စားရင်း မိမိဘာသာ သံစဉ်များကို ဆန်းသစ်တီထွင်သည်။ တစ်ခါတစ်ရံ စိတ်ကူးရသောအခါ၌ မိမိကိုယ်တိုင်သီချင်းစာသားနှင့် သံစဉ်ကို ရေးစပ်ပြီး တစ်ခါတစ်ရံအခြားသူများကို သံစဉ်ပေး၍ စာသားထည့်ခိုင်းလေ့ရှိသည်။ အများဆုံး စာသားရေးထည့်ပေးသော ပုဂ္ဂိုလ်များမှာ ဂီတစာဆို ကိုညွန့်ဝေနှင့် ကိုမြတ်လင်းတို့ဖြစ်သည်။

အေဝမ်းစိုးမြင့်သည် မိမိဝါသနာပါသော ဂီတပညာကို လုပ်ကိုင်ဆောင်ရွက်ရင်း တစ်ဖက်တစ်လမ်းမှ နိုင်ငံအကျိုးပြုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ ၁၉၆၂-၆၃ ခုနှစ်များတွင် ဂီတကောင်စီတွင် အလုပ်အမှုဆောင်ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂီတအစည်းအရုံးတွင် အမှုဆောင်၊ ၂၀၀၆ ခုနှစ်မှစ၍ ဂီတအစည်းအရုံးနာယကစသည့်တာဝန်များကို ထမ်းဆောင်ခဲ့သည်။

ထို့ပြင် နိုင်ငံတော်အကြီးအကဲများ၏ ဧည့်ခံပွဲများ၊ မိမိနိုင်ငံ၏နေ့ထူးနေ့မြတ်ကြီးများတွင် အေဝမ်းသံစုံတီးဝိုင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းများကို ၁၉၇၁ ခုနှစ်မှစ၍ ရေးစပ်သီကုံးဂုဏ်ပြုခဲ့သည်။

အထူးသဖြင့် မြန်မာ့ယဉ်ကျေးမှုကို တန်ဖိုးထား မြတ်နိုးလာစေရန် ရိုးရာယဉ်ကျေးမှုမတိမ်ကောမပပျောက်စေရန်အတွက် နိုင်ငံတော်မှ ကြိုးမှူးကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲကြီးများတွင်လည်း အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ ပထမအကြိမ်ပြိုင်ပွဲကြီးမှစ၍ အရေးအကဲဖြတ်အဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးအဖြစ် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ဂီတအကြံပေးအရာရှိ၊ နာယက၊ ခေတ်ပေါ်တေးဂီတစိစစ်ရေးဘုတ်အဖွဲ့ဝင်၊ခေတ်ဟောင်းတေးရေးပညာရှင်ကြီးများ၏ တေးသီချင်းများနှင့် စိစစ်ရေးကော်မတီဝင်စသည့် တာဝန်များကို ထမ်းဆောင်ခဲ့သည်။

အောဝမ်းစိုးမြင့် ရေးသားစပ်ဆိုခဲ့၍ ထင်ရှားကျော်ကြားသော သီချင်းအချို့မှာ 'အလှကမ္ဘာမြေဝယ်'၊ 'ပင်တိုင်စံ' (ကိုညွန့်ဝေနှင့်တွဲဘက်)၊ 'မေတို့ကမ္ဘာပြုံးရိပ်မှာ'၊ 'နှစ်ယောက်တည်းနေချင်တယ်' (ကိုညွန့်ဝေနှင့်တွဲဘက်)၊ 'အချစ်တိုင်းပြည်မှာ အမုန်းမရှိတဲ့အသည်း' (ဟင်္သာတမြင့်ငွေနှင့်တွဲဘက်)၊ 'ရင်ထဲကအချစ်' (မောင်ယဉ်မော်နှင့်တွဲဘက်)၊ 'ချယ်ရီမြိုင်'၊ 'ကမ္ဘာသစ်ကလေးပြောင်းမလို့လား'၊ 'သဲဖိုရွှေလီ မြခင်နဒီ' (ဂျူဇလီစိန်နှင့်တွဲဘက်)၊ 'သီရိတေးလွှာ' စသည်တို့ဖြစ်သည်။

အောဝမ်းစိုးမြင့်ရေးသားစပ်ဆိုခဲ့သော တပ်မတော်စစ်သီချင်းများမှာ ကြည်း၊ ရေ၊ လေ မြန်မာ့တပ်မတော်၊ အမျိုးချစ်တဲ့တပ်မတော်၊ သမိုင်းထင်ပေါ်တပ်မတော်၊ ခိုင်မာတဲ့တပ်မတော်၊ ပြည်သူ့တပ်မတော်၊စစ်ချီတေးသံ၊ စွန့်လွှတ်စွန့်စားပြည်သူ့သား၊ တို့အဓိဋ္ဌာန်၊ တပ်မတော်စစ်ချီသီချင်းတို့ဖြစ်သည်။

အောဝမ်းစိုးမြင့်သည် ၂၀၀၄ ခုနှစ်တွင် နိုင်ငံတော်မှ ချီးမြှင့်သော လူမှုထူးချွန်ပထမဆင့်ဆုနှင့် ၂၀၀၅ ခုနှစ်တွင် လူမှုထူးချွန်ဆုတို့ကို ရရှိခဲ့သည်။

ဂီတစာဆိုဂီတမှူးအောဝမ်းစိုးမြင့်သည် ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်၊ ရန်ကုန်မြို့၌ ကွယ်လွန်သွားသည်။

မောင်ခေတ်ထွန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း



စိုးဝင်း၊ ဗိုလ်ချုပ်ကြီး၊ နိုင်ငံတော်ဝန်ကြီးချုပ် (ခရစ် ၁၉၄၉-၂၀၀၇)။ ။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းကို အာဘဦးစန်းမြင့်၊ အမိဒေါ်သိန်းကြည်တို့က ၁၉၄၉ ခုနှစ်၊ မေလ (၁၀) ရက်နေ့တွင် တောင်ကြီးမြို့၌ မွေးဖွားသည်။ ရန်ကုန်တိုင်း၊ လသာမြို့နယ်ရှိ ဗဟိုစံပြအမျိုးသားအထက်တန်းကျောင်းတွင် မူလတန်းမှ အထက်တန်းအထိ ပညာသင်ကြားသည်။ ၁၉၆၆ ခုနှစ်တွင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၂)သို့ တက်ရောက်အောင်မြင်၍ ၁၉၇၀ ပြည့်နှစ်တွင် သိပ္ပံဘွဲ့ (စစ်တက္ကသိုလ်) B.Sc (D.S.A) ဘွဲ့ရရှိပြီး ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ခြင်းခံရသည်။

၁၉၇၀ ပြည့်နှစ်၊ ဧပြီလ (၂၀)ရက်နေ့တွင် ဒုတိယဗိုလ်အဖြစ် အမှတ် (၈၉)ခြေလျင်တပ်ရင်းတွင် စတင်တာဝန်ထမ်းဆောင်သည်။ ၁၉၇၂ ခုနှစ်၊ ဧပြီလ (၂၃) ရက်နေ့တွင် ဗိုလ်အဆင့်သို့ တိုးမြှင့်ခန့်အပ်ခြင်းခံရပြီး ၁၉၇၃ ခုနှစ်၊ ဇွန်လ (၂၉) ရက်နေ့တွင် အမှတ် (၁၂) ခြေလျင်တပ်ရင်းသို့ ပြောင်းရွှေ့သည်။ ၁၉၇၅ ခုနှစ်၊ ဧပြီလ (၂၃) ရက်နေ့တွင် ဗိုလ်ကြီးအဆင့်သို့ တိုးမြှင့်ပေးခြင်းခံရသည်။

၁၉၇၈ ခုနှစ်၊ စက်တင်ဘာလ (၇) ရက်နေ့တွင် အမှတ် (၉၉) ခြေမြန်တပ်မဌာနချုပ်သို့ ပြောင်းရွှေ့ကာ စစ်ဦးစီးမှူး (တတိယတန်း) (စစ်ဆင်ရေး) အဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၈၃ ခုနှစ်၊ ဧပြီလ (၁၂) ရက်နေ့တွင် အမှတ် (၇၂) ခြေလျင်တပ်ရင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည်။ ၁၉၈၄ ခုနှစ်၊ ဩဂုတ်လ (၂၀) ရက်နေ့တွင် အမှတ် (၁၀၁) ခြေလျင်တပ်ရင်းသို့ ယာယီတပ်ခွဲမှူး (ဗိုလ်မှူး)အဖြစ် ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးခြင်းခံရသည်။ ၁၉၈၅ ခုနှစ်၊ ဩဂုတ်လ (၂၀) ရက်နေ့တွင် ဗိုလ်မှူးအဖြစ် တိုးမြှင့်တာဝန်ထမ်းဆောင်ပြီး ၁၉၈၅ ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက်နေ့မှစတင်ကာ အမှတ် (၃၃) ခြေမြန် တပ်မဌာနချုပ်၌ ဦးစီးအရာရှိ (ဒုတိယတန်း) (စစ်ရေးနှင့် စစ်ထောက်) တာဝန်ကို စတင်ထမ်းဆောင်သည်။ ၁၉၈၆ ခုနှစ်၊ မေလ (၂၈)ရက်နေ့တွင် စစ်ဦးစီးမှူး (ဒုတိယတန်း)တာဝန်ကို ပြောင်းလဲထမ်းဆောင်သည်။

၁၉၈၇ ခုနှစ်၊ စက်တင်ဘာလ (၂၄)ရက်နေ့တွင် အမှတ် (၂၀၇) ခြေမြန်တပ်ရင်းသို့ ဒုတိယတပ်ရင်းမှူးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည်။ ၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ (၃)ရက်နေ့တွင် အမှတ် (၂၂၆) ခြေလျင်တပ်ရင်းသို့ ယာယီတပ်ရင်းမှူးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ပြီး ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ (၁၇)ရက်နေ့တွင် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးအဆင့်သို့ တိုးမြှင့်ခန့်အပ်ခြင်းခံရသည်။ ၁၉၉၃ ခုနှစ်၊ မေလ (၂၄)ရက်နေ့တွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တွင် စစ်ဦးစီးမှူး (ပထမတန်း)အဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည်။

၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၉)ရက်နေ့တွင် အမှတ် (၅၅) ခြေမြန်တပ်မဌာနချုပ်သို့ ယာယီနည်းဗျူဟာမှူးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ပြီး ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅)ရက်နေ့တွင် ဗိုလ်မှူးကြီးအဆင့်သို့ တိုးမြှင့်ခန့်ထားခြင်း ခံရသည်။

၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ (၂၀)ရက်နေ့တွင် အမှတ် (၄) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်သို့ ဒုတိယစစ်ဆင်ရေးကွပ်ကဲရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်အပ်ခြင်းခံရပြီး ၁၉၉၆ ခုနှစ်၊ မတ်လ (၂၀)ရက်နေ့တွင် အမှတ် (၆၆) ခြေမြန်တပ်မဌာနချုပ်တွင် တပ်မမှူးအဖြစ် တိုးမြှင့်ခန့်အပ်တာဝန်ပေးခြင်းခံရသည်။ ၁၉၉၇ ခုနှစ်၊ မတ်လ (၂၀)ရက်နေ့တွင် ဗိုလ်မှူးချုပ်အဆင့်သို့ တိုးမြှင့်ခန့်အပ်ခြင်းခံရသည်။

၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလ (၁၄)ရက်နေ့တွင် အနောက်မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်အဖြစ် တာဝန်ပေးအပ်ခန့်ထားခြင်းခံရပြီး ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ (၁၁)ရက်နေ့တွင် ဗိုလ်ချုပ်အဆင့်သို့ တိုးမြှင့်ခန့်ထားခြင်းခံရသည်။ ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလ (၉)ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးဌာနတွင် တာဝန်ပေးခန့်အပ်ခြင်းခံရပြီး ၂၀၀၂ ခုနှစ်၊ စက်တင်ဘာလ (၁၉)ရက်နေ့တွင် ဒုတိယဗိုလ်ချုပ်ကြီးအဆင့်သို့ တိုးမြှင့်ခြင်းခံရသည်။

၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၂) တာဝန်ထမ်းဆောင်ပြီး ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ (၂၅)ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) တာဝန်ထမ်းဆောင်သည်။

၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ (၁၉)ရက်နေ့မှ ကွယ်လွန်ချိန်ထိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်သည်။ ၂၀၀၅ ခုနှစ်၊ဇွန်လ (၂၁)ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ စစ်ဘက်အကြံပေးအရာရှိ(ဗိုလ်ချုပ်ကြီး) အဖြစ် ခန့်အပ်ခြင်းခံရသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ၁၉၆၆ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ဒုတိယဗိုလ်အဆင့်မှသည် ဗိုလ်ချုပ်ကြီးအဆင့်အထိ နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် စီမံခန့်ခွဲရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်သည်။ ဗိုလ်ချုပ်ကြီးအဖြစ်တာဝန်ထမ်းဆောင်စဉ် နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ်လည်းကောင်း၊ နိုင်ငံတော်အေးချမ်း

သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်အကြံပေး (ဗိုလ်ချုပ်ကြီး)အဖြစ်လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်နှင့် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ကုန်သွယ်မှု မူဝါဒကောင်စီအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ နိုင်ငံခြားရေးမူဝါဒကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ စတုတ္ထအကြိမ်မြောက် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ နိုင်ငံတော်လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်း ဦးဆောင်ကော်မတီအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ နိုင်ငံတော်လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဧရာဝတီ–ကျောက်ဖယား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအကောင်အထည်ဖော်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ရန်ကုန်–မန္တလေးအမြန်လမ်းမကြီး အကောင်အထည်ဖော်ရေးဦးစီးကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဗဟိုစီမံခန့်ခွဲရေးအမှုဆောင်အဖွဲ့ သဘာပတိအဖြစ်လည်းကောင်း တာဝန်များကို ထမ်းဆောင်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ၂၀၀၄ ခုနှစ် နိုဝင်ဘာလ (၂)ရက်နေ့မှ (၅)ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်သော CHINA-ASEAN Expo နှင့် CHINA-ASEAN Business and Development Summit သို့လည်းကောင်း၊ ၂၀၀၄ ခုနှစ်၊ နိဝင်ဘာလ (၂၇)ရက်နေ့မှ ဒီဇင်ဘာလ (၁)ရက်နေ့အထိ လာအိုပြည်သူ့ဒီမိုကရက်တစ်နိုင်ငံတွင် ကျင်းပပြုလုပ်သော (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့လည်းကောင်း၊ ၂၀၀၅ ခုနှစ်၊ ဧနနဝါရီလ (၅)ရက်နေ့မှ (၇)ရက်နေ့ထိ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပပြုလုပ်သော Special-ASEAN Leader's Meeting on Aftermath of Earthquake and Tsunami အထူးအစည်းအဝေးသို့လည်းကောင်း၊ ၂၀၀၅ ခုနှစ်၊ ဇူလိုင်လ (၃)ရက်နေ့မှ (၅)ရက်နေ့ထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ ထိပ်သီးအစည်းအဝေးသို့လည်းကောင်း၊ ၂၀၀၅ ခုနှစ်၊ ဇူလိုင်လ (၃)ရက်နေ့မှ (၅)ရက်နေ့ထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ ထိပ်သီးအစည်းအဝေးသို့လည်းကောင်း၊ ၂၀၀၅ ခုနှစ်၊အောက်တိုဘာလ (၁၇) ရက်နေ့မှ (၂၀)ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော 2nd CHINA-ASEAN Expo နှင့် CHINA-ASEAN Business and Investment Summit သို့လည်းကောင်း၊ ၂၀၀၅ ခုနှစ်၊ နိဝင်ဘာလ (၁)ရက်နေ့မှ (၃)ရက်နေ့အထိ ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်သော ဧရာဝတီ–ကျောက်ဖယား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးသို့လည်းကောင်း၊ ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၀)ရက်နေ့မှ (၁၅)ရက်နေ့ထိ မလေးရှားနိုင်ငံတွင် ကျင်းပပြုလုပ်သော (၁၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့လည်းကောင်း၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ (၂၉)ရက်နေ့မှ နိဝင်ဘာလ (၃)ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်သော အာဆီယံ–တရုတ်ဆွေးနွေးဘက်နိုင်ငံထူထောင်သည့် (၁၅)ကြိမ်မြောက် အထိမ်းအမှတ်အာဆီယံထိပ်သီးအစည်းအဝေးသို့လည်းကောင်း တက်ရောက်ကာ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ချစ်ကြည်ရေးခရီးများအနေဖြင့် ၂၀၀၅

ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀)ရက်နေ့မှ (၂၁)ရက်နေ့အထိ ဖိလစ်ပိုင်သမ္မတနိုင်ငံသို့လည်းကောင်း၊ ၂၀၀၅ ခုနှစ်၊ ဧပြီလ (၆)ရက်နေ့မှ (၉)ရက်နေ့အထိ လာအိုပြည်သူ့ဒီမိုကရက်တစ်နိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့လည်းကောင်း၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၄)ရက်နေ့မှ (၁၈)ရက်နေ့ထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့လည်းကောင်း သွားရောက်ခဲ့ကာ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးတို့ကို အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း နိုင်ငံတော်အစိုးရအဖွဲ့ကို မှန်ကန်သော ဦးဆောင်မှုပေးခဲ့သည့်အပြင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် တာဝန်ထမ်းဆောင်စဉ် နိုင်ငံတော်စစ်မှုထမ်းတံဆိပ်၊ ပြည်သူ့စစ်တိုက်ပွဲဝင်တံဆိပ်၊ နိုင်ငံတော်အေးချမ်းသာယာရေးတံဆိပ်၊ မိုင်းယန်း/မဲသဝေါတိုက်ပွဲတံဆိပ်၊ တပ်မတော်ဂုဏ်ထူးဆောင်အမှုထမ်းတံဆိပ် (ပထမဆင့်)၊ တပ်မတော်ဂုဏ်ထူးဆောင်အမှုထမ်းတံဆိပ် (ဒုတိယဆင့်)၊ တပ်မတော်ဂုဏ်ထူးဆောင်အမှုထမ်းတံဆိပ် (တတိယဆင့်)၊ စစ်မှုထမ်းသက်တံဆိပ်၊ နိုင်ငံ့အကျိုးဆောင်တံဆိပ်၊ စစ်ပွဲတံဆိပ် (၁၉၅၄-၁၉၈၈)၊ စစ်ပွဲတံဆိပ် (၁၉၈၈-၁၉၉၀)၊ စစ်မှုထမ်းကောင်းတံဆိပ်၊ တပ်မတော်ရွှေရတုတံဆိပ်၊ ရန်ငြိမ်းအေးတံဆိပ်များ ချီးမြှင့်ခြင်းခံရသည်။

ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဦးအောင်သန်း၊ ဒေါ်ရှုတို့၏ သမီးဖြစ်သူ ဒေါ်သန်းသန်းနွဲ့နှင့် ၁၉၅၂ ခုနှစ်၊ ဇွန်လ (၁)ရက်နေ့တွင် လက်ထပ်ထိမ်းမြားခဲ့ပြီး သားတစ်ဦး၊ သမီးတစ်ဦးထွန်းကားသည်။

ဗိုလ်ချုပ်ကြီးစိုးဝင်းသည် တိုင်းမှူးအဖြစ်ဖြင့်လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်အဖြစ်ဖြင့်လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ်ဖြင့်လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် စီမံခန့်ခွဲရေးတာဝန်များ၊ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတာဝန်များကို ကိုယ်ကျိုးမဖက် မနားမနေ အားကြိုးမာန်တက်ထမ်းဆောင်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်းသည် တိုင်းပြည်တာဝန်များကို ထမ်းဆောင်ရင်း ၂၀၀၇ ခုနှစ် အောက်တိုဘာလ (၁၂)ရက်နေ့တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် သား ဦးနေစိုး၊သမီးဒေါ်သိမ့်သိမ့်စိုး၊ မြေးလေးဦးတို့ကျန်ရစ်သည်။


စင်ကာပူနိုင်ငံ။ ။ အမေရိကန်၏ နိုင်ငံခြားရေးမူဝါဒကြောင့် အာရှဒေသတွင် အကြမ်းဖက်တိုက်ခိုက်မှုများ တိုးတက်ဖြစ်ပေါ်စေနိုင်ကြောင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ စင်ကာပူကျွမ်းကျင်သူတစ်ဦးက ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ပြောကြားသည်။

ပါရီအခြေစိုက်နယ်စည်းမထား သတင်းထောက်များအဖွဲ့ (အာရ်အက်စ်အက်ဖ်)၏ နိုင်ငံတကာသတင်းလွတ်လပ်မှု စစ်တမ်းတွင် စင်ကာပူနိုင်ငံအား သတင်းလွတ်လပ်မှုနည်းကြောင်း ဖော်ပြခဲ့ခြင်းကို ဝန်ကြီးချုပ်ဟောင်း မစ္စတာလီကွမ်ယောင်က ပယ်ချလိုက်သည်။ အောက်တိုဘာလအတွင်းက ထုတ်ပြန်ခဲ့သည့် အာရ်အက်စ်အက်ဖ်၏ ၂၀၀၆ ခုနှစ်အတွက် သတင်းလွတ်လပ်ခွင့်စစ်တမ်းတွင် ကမ္ဘာနိုင်ငံ ၁၆၈ နိုင်ငံအား ဆန်းစစ်ရာတွင် စင်ကာပူနိုင်ငံကို အဆင့် (၁၄၆)တွင် ဖော်ပြပြီး အဆိုပါစာရင်းတွင် ဇင်ဘာဘွေကဲ့သို့ နိုင်ငံကိုပင် အဆင့် (၁၄၀)တွင် ဖော်ပြခဲ့ကြောင်း တွေ့ရှိရသည်။

အာရှစီးပွားရေးအခြေအနေကို သုံးသပ်ရာတွင် ကမ္ဘာတစ်ဝန်းရှိဘဏ္ဍာရေးဈေးကွက်များ၏အခြေအနေ

သည် မကြာသေးမီက ထိန်းမနိုင် သိမ်းမရ ဖြစ်နေသော်ငြားလည်း အာရှဒေသ၏ စီးပွားရေးအခြေခံအကြောင်းတရားများသည် ဆက်လက်ခိုင်မာလျက်ရှိနေကြောင်း ဒေသဆိုင်ရာစီးပွားရေးအမြင်မှာလည်း အပြုသဘောဆောင်နေကြောင်း စင်ကာပူဝန်ကြီးတစ်ဦး၏ ၂၀၀၇ ခုနှစ်၊ ဩဂုတ် ၂၈ ရက်နေ့တွင် ထုတ်ဖော်ပြောကြားချက်အရ သိရသည်။

ယခုလက်ရှိကာလတွင် အာရှဒေသ၏ စီးပွားရေးကြီးထွားလာမှုသည် အခြေခိုင်မာစွာဖြင့် တည်ဆောက်ထားနိုင်သည်ဟု စင်ကာပူကုန်သွယ်ရေးနှင့် စက်မှု



ယနေ့ စင်ကာပူနိုင်ငံ ပညာရေးစနစ်အောက်မှ ကျောင်းသားကျောင်းသူများ

ဝန်ကြီး လင်ဟန်ကျန်က စီးပွားရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲတွင် ပြောကြားသည်။ ယင်းအကြောင်းတရားသည် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့က အာရှဒေသ၏ စီးပွားရေးအားကောင်းသည့် နိုင်ငံများအဖြစ် ပေါ်ထွန်းလာပြီး ဂျပန်နိုင်ငံ၏ စီးပွားရေးသည်လည်း ပြန်လည်နလန်ထူလာကာ အာရှဒေသ၏ အခြေခံစီးပွားရေးကြီးထွားမှု ပိုမိုခိုင်မာစေရန် ပံ့ပိုးပေးလျက်ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

စီးပွားရေး– စင်ကာပူနိုင်ငံ၏ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများမှာ အခြားသော နိုင်ငံများနှင့်ပါ ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ယင်းတို့မှာ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့က ကမ္ဘောဒီးယားနိုင်ငံ ပါဆတ်ပြည်နယ်အစိုးရသည် ၎င်းနိုင်ငံတွင်း၌ ကြက်ဆူစိုက်ခင်းများ စိုက်ပျိုးလုပ်ကိုင်သွားမည့်အစီအစဉ်တွင် ရင်းနှီးမြှုပ်နှံမှုခွင့်ပြုသွားရန် စင်ကာပူကုမ္ပဏီတစ်ခုနှင့် သဘောတူလက်မှတ်ရေးထိုးလိုက်ခြင်းဖြစ်သည်။

ဖော်ပြပါအစီအစဉ်ကြောင့် ဒေသခံပြည်သူများအလုပ်အကိုင်ရကြမည့်အပြင် စီးပွားရေးကိုလည်း အထောက်အကူပြုမည်ဖြစ်ကြောင်း ပါဆတ်ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ပီချက်ဟွန်းက ပြောကြားသည်။ ဗင်ဒါဟို့စ် ကြက်ဆူပင်စိုက်ပျိုးရေးလုပ်ငန်းသည် စင်ကာပူ၌ ကြက်ဆူမှ ဆီထုတ်ယူမည့် စက်ရုံကြီးတစ်ရုံလည်း တည်ဆောက်ပြီးသည့်အဆင့် ရောက်ရှိနေပြီဖြစ်သည်။

ထို့နောက် ၂၀၀၇ ခုနှစ် မေလ ၂၀ ရက်နေ့က မလေးရှားနိုင်ငံရှိ စက်မှုဇုန်စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် စင်ကာပူနိုင်ငံက ကတိပြုလိုက်သည်။ မလေးရှားစက်မှုဇုန်စီမံကိန်းအောင်မြင်ခြင်းဖြင့်ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးယှဉ်ပြိုင်မှုတွင် မိမိတို့ အလေးသာမည်ဖြစ်ကြောင်း စင်ကာပူဝန်ကြီးချုပ်လီရှန်လွန်းက ပြောကြားသည်။

ထို့ပြင် စင်ကာပူနိုင်ငံတွင် အရေးပေါ်ရေနံအဖြစ်ရေနံကုဗမီတာ ၁ ဒသမ ၅ သန်း သိုလှောင်နိုင်ရန် မြေအောက်ရေနံလှောင်ကန်များ စတင်ဆောက်လုပ်နေပြီဖြစ်ကြောင်း ၂၀၀၇ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် အင်တာနက်သတင်းတွင်ဖော်ပြကြောင်း သိရှိရသည်။

မြေအောက်ရေနံလှောင်ကန်များကို တည်ဆောက်နေသော အဖွဲ့အစည်းမှာ အစိုးရစီးပွားရေးလုပ်ငန်းဖြစ်သော ဂျေတီစီကော်ပိုရေးရှင်းဖြစ်သည်။ စင်ကာပူနိုင်ငံသည် အာရှ၏ ရေနံကုန်သွယ်ရေးအချက်အခြာနိုင်ငံဖြစ်သည်။ ယင်းနိုင်ငံတွင် ရေနံချက်စက်ရုံသုံးရုံရှိပြီး ရေနံချက်စက်ရုံတစ်ရုံကို စင်ကာပူ ရေနံလုပ်ငန်းကုမ္ပဏီက တစ်ဝက်ပိုင်ဆိုင်သည်။

ၵင်းရေနံချက်စက်ရုံများက ထွက်ရှိသော ရေနံကို သိုလှောင်နိုင်ရန် မြေပေါ်တွင် ရေနံလှောင်ကန်များထား ရှိပြီး၊ ယင်းရေနံလှောင်ကန်များတွင် ရေနံစည်ပေါင်း ၆၃ သန်းထည့်ထားနိုင်သည်။ စင်ကာပူနိုင်ငံ၏ ရေနံ သိုလှောင်နိုင်စွမ်းသည် ယခုအခါ စည်ပေါင်း ၆၄ ဒသမ ၅ သန်းရှိရာမှ ၂၀၀၈ ခုနှစ်တွင် စည်ပေါင်း ၇၉ ဒသမ ၈ သန်းအထိ ရောက်ရှိလာပြီး စင်ကာပူနိုင်ငံ ရေနံသုံးစွဲ မှုမှာ တစ်ရက်လျှင် စည်ပေါင်း ၇၆၃,၀၀၀ ခန့်ရှိသည်။

ယင်းနောက် စင်ကာပူစီးပွားရေးလုပ်ငန်းကုမ္ပဏီ များအနေဖြင့် ပြည်ပ၌ ယှဉ်ပြိုင်မှုများပိုမိုပြုလုပ်နိုင်ရေး အတွက် လှုပ်ရှားမှုတစ်ရပ်ကို ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့၌ စတင်လိုက်ပြီဖြစ်သည်။ ၎င်းနိုင်ငံပိုင် နိုင်ငံ တကာစီးပွားရေးလုပ်ငန်း (အိုင်အီး)အနေဖြင့် စီးပွားရေး တိုးတက်ဖြစ်ထွန်းလာစေရန်မှာ လာမည့် လေးနှစ် အတွက် အမေရိကန်ဒေါ်လာ ၆ ဒသမ ၆ သန်းခန့် ထူထောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုရန်ပုံငွေများကို ရုရှား၊ အာရှအရှေ့အလယ်ပိုင်း ဒေသ၊ ဗီယက်နမ်၊ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့ကဲ့သို့ သော ဈေးကွက်များ၌ စီးပွားရေးဆိုင်ရာ အသိပညာများ ရရှိရေးနှင့် လေ့ကျင့်မှုများအတွက် သုံးစွဲသွားမည် ဖြစ်သည်။

စင်ကာပူနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ၂၀၀၇ ခုနှစ်တွင် နှေးကွေးသွားလိမ့်မည်ဟု ခန့်မှန်းထားသည်။ ကမ္ဘာ့စီးပွားရေးနှင့် အိုင်တီလုပ်ငန်းများ နှေးကွေးလာ စရာရှိသဖြင့် စီးပွားရေးသည်လည်း လိုက်၍နှေးကွေး သွားရခြင်းဖြစ်သည်ဟုဆိုသည်။

ကျန်းမာရေး– စင်ကာပူနိုင်ငံတွင် အစာအဆိပ်သင့်မှု ဖြစ်ပွားရာ ကျောင်းသူ ၅၀ ကျော် နာမကျန်းဖြစ်ကြ ရကြောင်း ချန်နယ်နယူးစ်အေးရှားရုပ်မြင်သံကြားဌာနက ၂၀၀၇ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် သတင်းထုတ်ပြန် ကြောင်းသိရသည်။ ဆီဒါမိန်းကလေးများ ကျောင်းမှ အလယ်တန်းကျောင်းသူများသည် နှစ်ပတ်လည်စခန်း သွင်းလှေကျင့်ရေးအစီအစဉ်အရ စခန်းချနေထိုင်ချိန် အတွင်း အစာအဆိပ်သင့်မှုဖြစ်ပွားခြင်းဖြစ်သည်။

ၵင်းနိုင်ငံတွင် တုပ်ကွေးရောဂါကူးစက်ပျံ့နှံ့မှုရှိ ကြောင်း၊ ယခုရက်သတ္တပတ်တစ်ပတ်တည်းမှာပင် ကူးစက်ခံရမှုနှုန်းမြင့်မားလာကြောင်း အစိုးရ ဝက်ဘ် ဆိုက်က်၌ ၂၀၀၇ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့က ဖော်ပြ ထားသည်။ စင်ကာပူ၌ ပြီးခဲ့သည့်ရက်သတ္တပတ်က ခြင်ကြောင့်တုပ်ကွေးရောဂါဖြစ်ပွားသူ ၄၀၁ ဦးရှိကြောင်း စင်ကာပူအမျိုးသားပတ်ဝန်းကျင်အေဂျင်စီ (အန်အီးအေ) က ပြောကြားသည်။ ယခုနှစ်၌ ရက်သတ္တတစ်ပတ်လျှင် တုပ်ကွေးရောဂါဖြစ်ပွားသူ ၃၇၈ ဦးကို အမြင့်ဆုံးနှုန်း ထားအဖြစ် ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ် ထားသည်။

ယင်းရောဂါအပြင် သွေးလွန်တုပ်ကွေးရောဂါဖြင့် အသက် (၈၄)နှစ်အရွယ် အမျိုးသားကြီးတစ်ဦး သေဆုံး ခဲ့ရာ ၎င်းသည် ၂၀၀၇ ခုနှစ်အတွင်း ၎င်းရောဂါဖြင့် သေဆုံးသူများတွင် ခြောက်ဦးမြောက်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၄ ရက်နေ့တွင် အတည်ပြုခဲ့သည်။ အဆိုပါ သေဆုံးသူ အမျိုးသားကြီးသည် ဝမ်းဗိုက်နှင့် နောက်ကျောနာကျင် မှုဖြင့် သြဂုတ် ၂၂ ရက်နေ့က စင်ကာပူအမျိုးသား တက္ကသိုလ်ဆေးရုံသို့ တက်ရောက်ခဲ့သည်။ ၎င်းကို စစ်ဆေးကြည့်ရာ သွေးလွန်တုပ်ကွေးအဖျားရောဂါ



ဆေးလိပ်သောက်ခြင်းသည်ကင်ဆာဖြစ်စေသည်ဟူသော အချက်ကိုအများပြည်သူများသတိမူအလေးထားလာစေရန် စင်ကာပူ၌ သရုပ်ပြပညာပေးနေသည်ကို တွေ့ရစဉ်

ကူးစက်ခံရခြင်းဖြစ်သည်ဟု ဝန်ကြီးဌာနက အတည်ပြု ပေးလိုက်သည်။

ထို့နောက် ထပ်မံ၍ အသက် ၆၀ နှစ်ရှိ အမျိုးသမီး တစ်ဦး ပြီးခဲ့သော စက်တင်ဘာ ဒုတိယပတ်က

သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားပြီး သေဆုံးကြောင်း၊ ယခုနှစ်၌ စင်ကာပူနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ရှစ်ဦးရှိပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

လူမှုရေး- စင်ကာပူနိုင်ငံ၏ လူဦးရေသည် ၄၀ ရာခိုင်နှုန်း တိုးတက်လာပြီး ၆ ဒသမ ၅ သန်းအထိ ရောက်ရှိလာနိုင်သည့်အတွက် စီမံကိန်းချမှတ်ဆောင်ရွက်နေကြသည်။ အဆိုပါလူဦးရေသည် မျှော်မှန်းထားသည်ထက် ပိုမိုလျင်မြန်စွာများပြားလာပြီး ယခုလက်ရှိအနေအထားမှာ နိုင်ငံ၏ လူဦးရေသည် ၄ ဒသမ ၅ သန်းရှိကြောင်း မြေယာအသုံးပြုမှုအတွက် ၁၀ နှစ်တာ စီမံကိန်းကို လျင်မြန်စွာအကောင်အထည်ဖော်လျက်ရှိကြောင်း အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနဝန်ကြီး မာချ်ဘော်တန်က ဆိုသည်။

အခြေခံအဆောက်အအုံနှင့် မြေယာမလုံလောက်မှုဖြစ်လာလျှင် ရင်းနှီးမြှုပ်နှံသူများကို အဟန့်အတားဖြစ်စေနိုင်ကြောင်း မာချ်၏ သုံးသပ်ချက်အရသိရသည်။

ယင်းနိုင်ငံ၏ တိုးတက်မှုကဏ္ဍသစ်များအတွက် မြေယာအလွတ်များချန်လှပ်ထားခြင်း၊ ရထားလမ်းကွန်ရက်နှစ်ဆတိုးချဲ့ခြင်း၊ ဥယျာဉ်ကြီးများ ဖန်တီးခြင်းနှင့် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော အိမ်ရာခြံမြေများတည်ဆောက်ပေးခြင်းလုပ်ငန်းများသည် အဆိုပြုချက်တွင် ပါဝင်နေကြောင်းသိရှိရသည်။

လွန်ခဲ့သောခြောက်နှစ်တာကာလက စင်ကာပူနိုင်ငံ လူဦးရေသည် ၃ ဒသမ ၉ သန်းမှ ၄ ဒသမ ၅ သန်းအထိ တိုးတက်များပြားလာကြောင်း ယင်းသို့ လူဦးရေတိုးတက်လာရခြင်းသည် ပြည်ပနိုင်ငံများမှ အလုပ်အကိုင်လာရောက်လုပ်ကိုင်သူနှင့် ပညာသင်ကြားသူများလာခြင်းကြောင့်ဖြစ်ကြောင်း၊ မျက်မှောက်လူဦးရေတိုးတက်နှုန်းအတိုင်း ဆက်လက်တိုးတက်လျှင် စင်ကာပူနိုင်ငံ၏ လူဦးရေသည် နှစ် ၂၀ အတွင်း ၆ ဒသမ ၅ သန်းဖြစ်လာနိုင်ကြောင်းလည်း မာချ်ကပြောကြားသည်။


ထို့နောက် စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်တတိယမြောက် ဧည့်နှားဆောင်အား ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ၌ လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများကို စတင်လုပ်ဆောင်သွားမည်ဖြစ်သည်။ ၎င်းလေဆိပ်တတိယမြောက် ဧည့်နားဆောင်ဆောက်လုပ်သည့် ကုန်ကျစရိတ်သည် စင်ကာပူဒေါ်လာ ၁ ဒသမ ၇၅ ဘီလီယံရှိကြောင်း သိရသည်။ အဆိုပါ ဧည့်ဆောင်တွင် တစ်နှစ်လျှင် ခရီးသည် ၂၂ သန်းကို ဝန်ဆောင်မှုပေးနိုင်ပြီး ချန်ဂီလေဆိပ်တွင် နှစ်စဉ်ခရီးသည် စုစုပေါင်း သန်း ၇၀ ကို ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်သည်။

ယင်းလေဆိပ် ဧည့်ဆောင်သစ်၌ စမ်းသပ်လေယာဉ်များနှင့် ဧည့်ဝန်ဆောင်စနစ်တို့ကို ရှစ်လကျော် စမ်းသပ်ဝန်ဆောင်မှုပြုလုပ်သွားမည်ဖြစ်သည်။ အဆိုပါ ဧည့်နားဆောင်တွင် လေယာဉ်ပေါင်း ၀င်/ထွက်ပေါက် ၂၈ ခု ပါဝင်မည်ဖြစ်သည်။ အေ ၃၈၀ ကမ္ဘာ့အကြီးဆုံးကူးသန်းရောင်းဝယ်ရေးလေယာဉ်သည် စင်ကာပူနိုင်ငံတကာလေဆိပ်သို့ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလတွင် ဆိုက်ရောက်မည်ဟု ခန့်မှန်းထားသည်။

၎င်းနောက် အစီအစဉ်တစ်ခုချမှတ်ဆောင်ရွက်ခြင်းမှာ စင်ကာပူနိုင်ငံတွင် လုံခြုံရေးတိုးတက်ကောင်းမွန်စေရန် လူဝင်မှုကြီးကြပ်ရေးဂိတ်များ၌ အီလက်ထရွန်းနစ်စကင်နာစက်များတပ်ဆင်မည်ဖြစ်သည်။ ယင်းစက်များက ခရီးသည်၏ မျက်နှာကိုမှတ်တမ်းတင်ရိုက်ကူးယူမည်ဖြစ်ကြောင်း ၂၀၀၇ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် အင်တာနက်သတင်းတွင်ဖော်ပြထားကြောင်းသိရသည်။

ယခုအခြေအနေတွင် လူဝင်မှုကြီးကြပ်ရေးဂိတ်များ၌ လက်ဗွေရာမှတ်သားသည့် စကင်နာစက်များကို တပ်ဆင်ထားသည်။ လူဝင်မှုကြီးကြပ်ရေးဂိတ်များတွင် မျက်နှာပုံရိပ်ပေါ်စကင်နာစက်များ တပ်ဆင်ပြီးသည့် အခါ နေ့စဉ်ခရီးသည်ပေါင်း ၂၅၀,၀၀၀ ကျော်ကို မှတ်တမ်းရယူထားနိုင်မည်ဖြစ်သည်။

နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု- စင်ကာပူနှင့် ကွာလာလမ်ပူဆက်သွယ်သော ကျည်ဆန်ရထားအတွက် အမြန်ရထားလမ်းဖောက်လုပ်ရန် မလေးရှားနိုင်ငံ၏ အဆိုပြုချက်ကို ကြိုဆိုကြောင်း စင်ကာပူသယ်ယူပို့ဆောင်ရေးဝန်ကြီး ရေမွန်လင်းက ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ပြောကြားလိုက်



စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းအား
အာဆီယံခေါင်းဆောင်အချို့နှင့် အတူတွေ့ရစဉ်

သည်။ နှစ်နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် အဆိုပြုချက်ကို ကြိုဆိုကြောင်း၊ မိမိတို့အနေဖြင့် ယင်းအဆိုပြုချက်ကို လေ့လာကာ အကောင်းဆုံး ဆက်လက်လုပ်ဆောင်နိုင်မည့် နည်းလမ်းကို ရှာဖွေမည် ဖြစ်ကြောင်း ရေမွန်လင်းက သတင်းထောက်များ၏ မေးခွန်းကို တုံ့ပြန် ဖြေကြားခဲ့သည်ဟုဆို၏။ မလေးရှား သယ်ယူပို့ဆောင်ရေးဝန်ကြီးက ထောက်ခံသည့် အဆိုပါ ကျည်ဆန်ရထားလမ်းသည် အမေရိကန် ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံကုန်ကျမည့်စီမံကိန်း ဖြစ်ပြီး ကွာလာလမ်ပူနှင့် စင်ကာပူသို့ ၇ နာရီကြာ သွားရမည့်ခရီးကို မိနစ် ၉၀ ဖြင့် ရောက်နိုင်မည်ဟု သိရသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် အဖြစ် နိုင်ငံတကာကျန်းမာရေးဆိုင်ရာဆွေးနွေးပွဲကို စင်ကာပူနိုင်ငံတွင် ၂၀၀၇ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့တွင် ကျင်းပခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲသို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို) ညွှန်ကြားရေးမှူးမာဂရက်ချန်း တက်ရောက်သည်။ ပြည်သူလူထု၏ ကျန်းမာရေးတိုးတက်ကောင်းမွန်စေမည့် နည်းလမ်းများ ချမှတ်ဖော်ဆောင်ရန်နှင့် ကမ္ဘာ့နိုင်ငံများရင်ဆိုင်နေရသည့် ကျန်းမာရေးပြဿနာများအတွက် အရေးယူဆောင်ရွက်ကြရန် ချန်းက တိုက်တွန်းလိုက်သည်။

ထို့နောက်တွင် အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံတို့သည် တရားခံကို ပြစ်မှုကျူးလွန်သည့်နိုင်ငံသို့ ပြန်လည်လွှဲအပ်ရေးစာချုပ်နှင့်ပတ်သက်၍ နှစ်ပေါင်းများစွာကြာသည့်တိုင် အငြင်းပွားဆွေးနွေးခဲ့ကြပြီးနောက် ယင်းစာချုပ်ကို လက်မှတ်ရေးထိုးရန် သဘောတူညီခဲ့ကြောင်း ၂၀၀၇ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် ပြောဆိုကြသည်။ အင်ဒိုနီးရှားနိုင်ငံက စင်ကာပူနိုင်ငံနှင့် ယင်းစာချုပ်လက်မှတ်ရေးထိုးရန်အတွက်ဆန္ဒရှိကြောင်း ကာလအတန်ကြာကပင် ထုတ်ဖော်ပြောကြားခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ၁၉၉၇-၉၈ ခုနှစ် ဘဏ္ဍာရေးအကျပ်အတည်းအတွင်း ပေါ်ပေါက်ခဲ့စဉ်က အာဏာပိုင်များသို့ ငွေပေးစရာရှိသည့် အင်ဒိုနီးရှားနိုင်ငံသူ၊ နိုင်ငံသားအချို့သည် စင်ကာပူနိုင်ငံသို့ ခိုလှုံသွားခဲ့ကြခြင်းကြောင့်ဖြစ်သည်။

အထက်ဖော်ပြပါစာချုပ်များကို လက်မှတ်ရေးထိုးရန်အတွက် မိမိတို့ခေါင်းဆောင်များသည် ဘာလီကျွန်းတွင် တွေ့ဆုံကြမည်ဟု စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဂျော့ဂျ်ယီးကသတင်းစာရှင်းလင်းပွဲတွင်ပြောကြားသည်။

ထို့ပြင် စင်ကာပူနှင့် ဗီယက်နမ်နိုင်ငံတို့သည် ပညာရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာတစ်ရပ်ကို ၂၀၀၇ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့၌ လက်မှတ်ရေးထိုးလိုက်ကြောင်း စင်ကာပူပညာရေးဝန်ကြီးဌာနက ထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြသည်။ နှစ်နိုင်ငံပညာရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်အရ ကျောင်းသူ၊ ကျောင်းသားများအား အပြန်အလှန် ဖလှယ်ရေးအစီအစဉ်တွင် ပါဝင်ရန် အခွင့်အရေးပေးမည်ဖြစ်ကြောင်း အဆိုပါကြေညာချက်၌ ဖော်ပြသည်။ စင်ကာပူအစိုးရသည် ဗီယက်နမ်ကျောင်းသူကျောင်းသားများအား ပညာသင်ဆုများကို ပိုမိုပေးသွားမည်ဖြစ်သည်။ ပညာရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုအရ ဆရာ၊ ဆရာမများအား လေ့ကျင့်ပေးမည့် အစီအစဉ်များကိုလည်း ချမှတ်ဆောင်ရွက်မည်ဖြစ်သည်။

ယင်းနောက် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရာတွင် စင်ကာပူနှင့် ယူကရိန်းနိုင်ငံတို့သည် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ်ရရှိရေးအတွက် ဆွေးနွေးမှုများကို စတင်ပြုလုပ်နေပြီဖြစ်ကြောင်း ၂၀၀၇ ခုနှစ်၊ မေလ ၁၃ ရက်နေ့က အင်တာနက်သတင်းတွင် ဖော်ပြသည်။

လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ရရှိခြင်းဖြင့် နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်လာစေမည်ဖြစ်သည်။ ၎င်းအပြင် ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် ယုံကြည်မှုပိုမိုရရှိစေနိုင်ကြောင်း စင်ကာပူကုန်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။


ခရီးသွားလုပ်ငန်း- အာရှနှင့် ပစိဖိတ်ဒေသရှိ နိုင်ငံ ၁၈ နိုင်ငံသည် လာမည့် သုံးနှစ်တာကာလအတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှဝင်ငွေအမေရိကန်ဒေါ်လာ ဘီလီယံ ၁၁၀ အထိ ရရှိမည်ဟု မျှော်လင့်ရကြောင်း ဒေသဆိုင်ရာခရီးသွားလုပ်ငန်းအသင်းက ထုတ်ပြန်သော အစီရင်ခံစာတွင်ဖော်ပြသည်။

တရုတ်နိုင်ငံသည် ခရီးသွားလုပ်ငန်းမှ အကျိုးစီးပွားအများဆုံးရရှိမည့် နိုင်ငံများတွင်ပါဝင်သည်။ ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ တရုတ်ခရီးသွားလုပ်ငန်းမှ ဝင်ငွေ ဒေါ်လာ ၃၆ ဘီလီယံရရှိမည်ဟု ခန့်မှန်းထားသည်။ အာရှနှင့် ပစိဖိတ်ဒေသအခြားနိုင်ငံများသည်လည်း ခရီးသွားလုပ်ငန်းဝင်ငွေ မြင့်မားလာနိုင်သည်။ ယင်းနိုင်ငံများတွင် မလေးရှားနှင့် တောင်ကိုရီးယားတို့ပါဝင်သည်။ မလေးရှားနိုင်ငံသည် ခရီးသွားလုပ်ငန်းဝင်ငွေ ဒေါ်လာ ၇ ဘီလီယံရရှိမည်ဖြစ်ကြောင်း အာရှ-ပစိဖိတ်ခရီးသွားလုပ်ငန်းအသင်းက ခန့်မှန်းသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှ ဟိုတယ်လုပ်ငန်းကဏ္ဍတို့သည် လုပ်ငန်းတိုးတက်မှုများ ထူးထူးခြားခြား ရရှိနေကြောင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့က ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် ထုတ်ပြန်သည့် အစီရင်ခံစာ၌ ဖော်ပြထားသည်။ စင်ကာပူနိုင်ငံသို့ ပြီးခဲ့သည့် မေလအတွင်း ကမ္ဘာလှည့်ခရီးသည် ၈၂၀,၀၀၀ လာရောက်ခဲ့ကြောင်း၊ ယင်းမှာ လွန်ခဲ့သည့်နှစ်အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက ၇ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်ကြောင်း အစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားကြောင်း သိရသည်။

ယခုနှစ်မေလတွင် စင်ကာပူသို့ အင်ဒိုနီးရှား၊ အိန္ဒိယ၊ တရုတ်၊ ဩစတြေးလျနှင့် မလေးရှားတို့မှ ခရီးသည်များလာရောက်ကြသည်။ မေလအတွင်း ကမ္ဘာလှည့်ခရီးသည်ရောက်ရှိမှုမှာ ၅၅ ရာခိုင်နှုန်း ပိုမိုတိုးတက်လာကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်ကိုတွေ့ရှိရပြီး၊ မေလအတွင်း အိန္ဒိယမှ ကမ္ဘာလှည့်ခရီးသည် ၉၈,၀၀၀ စင်ကာပူသို့ အလည်အပတ်လာရောက်သည်။

ဩဂုတ်လတွင် စင်ကာပူသို့ ကမ္ဘာလှည့်ခရီးသွား ၉၁၁,၀၀၀ သွားရောက်လည်ပတ်ခဲ့ပြီး အဆိုပါအရေအတွက်မှာ တစ်လအတွင်း ဤနိုင်ငံသို့ လာရောက်သည့် အများဆုံးခရီးသည် အရေအတွက်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ၂၀၀၇ ခုနှစ်၊ ဩဂုတ်လတွင် လာရောက်ခဲ့သည့် ခရီးသည်အရေအတွက်မှာ လွန်ခဲ့သည့်နှစ်ဩဂုတ်လနှင့် နှိုင်းယှဉ်လျှင် ၄ ဒသမ ၇ ရာခိုင်နှုန်းတိုးလာခဲ့ပြီး ထိုသို့ တိုးတက်လာခဲ့မှုမှာ တရုတ်နိုင်ငံမှ ကမ္ဘာလှည့်ခရီးသွား ၁၁၄,၀၀၀ လာရောက်ခဲ့မှုကြောင့်ဖြစ်ကြောင်း စင်ကာပူကမ္ဘာလှည့်ခရီးသွားဘုတ်အဖွဲ့၏ ကြေညာချက်ကြောင့် သိရှိရသည်။



စင်ကာပူနိုင်ငံ၏ သင်္ဘောကုမ္ပဏီတစ်ခုဖြစ်သော Keppel FELS ၏ လုပ်ငန်းခွင်တစ်နေရာကို တွေ့ရစဉ်

ဖြစ်ရပ်အထွေထွေ- နိုင်ကျီးရီးယားနိုင်ငံသားတစ်ဦးသည် မူးယစ်ဆေးဝါးမှောင်ခိုသည့် ပြစ်မှုကျူးလွန်သည့်အတွက် စင်ကာပူနိုင်ငံတွင် ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့က သေဒဏ်ချမှတ်ခံရသည်။ ၎င်းမှာ အသက် ၂၁ နှစ်အရွယ်ရှိ အိုင်ဂူချူကူအာမာရာတိုချီ ဆိုသူဖြစ်ပြီး စင်ကာပူနိုင်ငံ ချန်ဂီအကျဉ်းထောင်၌ စီရင် လိုက်ခြင်းဖြစ်ကြောင်း စင်ကာပူမူးယစ်ဆေးဝါးနှိမ်နင်းရေးဗျူရိုက ထုတ်ဖော်သည့် သတင်းကြောင့် သိရသည်။

တရားခံတိုချီကို စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်တွင် ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလအတွင်းက ဘိန်းဖြူ ၇၂၇ ဂရမ်နှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ စင်ကာပူနိုင်ငံ၏ မူးယစ်ဆေးဝါးဥပဒေအရ လူတစ်ဦးသည် ဘိန်းဖြူ ၁၅ ဂရမ်နှင့်အထက် လက်ဝယ်ထားရှိလျှင် သေဒဏ်အထိ စီရင်ပိုင်ခွင့်ရှိသည်။

ထို့ပြင် စင်ကာပူနိုင်ငံသည် တိုက်တာပေါသည့် မြို့ပြနိုင်ငံမှသည် ဥယျာဉ်မြို့တော်အဖြစ် ပြောင်းလဲရန် အစီအစဉ်အသေးစိတ်ကို ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီးချုပ်လီရှန်လွန်းက ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ပြောကြားကြောင်း သိရှိရသည်။ စင်ကာပူနိုင်ငံသည် ဥယျာဉ်မြို့တော်ဖြစ်လာစေရန်အတွက် ထပ်မံ၍ အဆင့်တစ်ဆင့်တက်လုပ်ကိုင်သွားရန် အသင့်အနေအထားရှိကြောင်း၊ ကတိပေးထားသည် နှင့်အညီ အခက်အခဲတို့ကို ဖြတ်ကျော်ပြီး စင်ကာပူနိုင်ငံကို ဥယျာဉ်မြို့တော်အဖြစ် နိုင်ငံတကာအသိအမှတ်ပြု လက်ခံလာစေရန် ကြိုးပမ်းနေပြီဖြစ်ကြောင်း ဝန်ကြီးချုပ်က ထပ်မံပြောကြားသည်။

ရေရှိရေးအစီအစဉ် (အေဘီစီ)ကို အောင်မြင်ရန် စင်ကာပူစည်ပင်သာယာရေးအဖွဲ့ (ပီယူဘီ)က အသေးစိတ်ဆောင်ရွက်လျက်ရှိသည်။ စင်ကာပူနိုင်ငံ၏ ရေပေးဝေရေးစီမံချက် ၂၀ ကျော်ကိုလည်း ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

စင်ကာပူနိုင်ငံ၌ ဆည်မြောင်းအပါအဝင်အခြားရေပေးဝေရေးလမ်းကြောင်းများ ရှိနေသည့်အပြင် မြစ်ချောင်း ၃၂ စင်းလည်း တည်ရှိနေသည်။ ရေပေး



စင်ကာပူနိုင်ငံ၏
ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းခွင်တစ်ခု

ဝေရေးလမ်းကြောင်းနှင့် ရေအရင်းအမြစ်တို့ကို ဆက်သွယ်ခြင်းဖြင့် ပြည်သူများအတွက် ရေအခြေခံသော လူပ်ရှားမှုလုပ်ငန်းများ၊ အခြားသော အပန်းဖြေနေရာများဖြစ်ထွန်းလာစေရန် ဆက်လက်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက်ပိုင်း စင်ကာပူနိုင်ငံတွင် ၂၀၀၇ ခုနှစ် ပထမနှစ်ဝက်တွင် မီးလောင်မှုစုစုပေါင်း ၂,၂၇၃ မှု ဖြစ်ပွားခဲ့ရာ ယခင်နှစ်အလားတူကာလကထက် ငါးရာခိုင်နှုန်းတိုးတက်မြင့်မားလာကြောင်း စင်ကာပူ အာဏာပိုင်များက ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့၌ ပြောကြားသည်။ ထိုနိုင်ငံသားများအနေဖြင့် စနစ်တကျ အလေးထားဆောင်ရွက်လျှင် မီးလောင်မှုအရေအတွက် လျော့ကျနိုင်မည်ဖြစ်ကြောင်း စင်ကာပူမြို့ပြကာကွယ်ရေးတပ်ဖွဲ့ (အက်စ်စီဒီအက်ဖ်)က ပြောကြားကြောင်း သိရသည်။ ယခုနှစ် ပထမခြောက်လအတွင်း အရေးပေါ်မီးသတ်ယာဉ်ခေါ်ယူမှုမှာ ၅၃,၈၆၆ ကြိမ်ရှိခဲ့ရာ ၂၀၀၆ ခုနှစ် အလားတူကာလကထက် ခေါ်ယူမှု ပိုမိုများပြားခဲ့ကြောင်း သိရသည်။

သိန်းဝင်းဇော်

စမ်းစမ်းအေး၊ ရှမဝ (အကယ်ဒမီ) (ခရစ်နှစ် ၁၉၄၅-၂၀၀၇)။ ။ အကယ်ဒမီရှမဝစမ်းစမ်းအေးကို အဖ ဦးအေးနှင့် အမိ ဒေါ်လှမြင့်တို့က ၁၉၄၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ရေကျော်မြို့နယ် ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။ မွေးချင်းမောင်နှမ ခြောက်ယောက်ရှိသည့်အနက် ဒုတိယမြောက်သမီး တစ်ဦးဖြစ်သည်။ ငယ်စဉ်က တာမွေအထက (၁) ကျောင်းတွင် ဒသမတန်းအထိ ပညာသင်ယူခဲ့သည်။

ရှမဝစမ်းစမ်းအေးသည် ရုပ်ရှင်လောကသို့ မဝင်ရောက်မီ ရဲဆန်းသစ်တီးဝိုင်းတွင် အပျော်တမ်းသီချင်းဆိုသည်။ မြန်မာ့အသံမှ ထုတ်ဝေသော သောတရှင် မဂ္ဂဇင်းတွင် မျက်နှာဖုံးရှင်အဖြစ် ပါဝင်ဖော်ပြခြင်းခံရသည်။ ယင်းမျက်နှာဖုံးဓာတ်ပုံကို ဒါရိုက်တာ ရှမဝဦးကျော်က တွေ့ရှိပြီးနောက် စမ်းစမ်းအေးကို ရုပ်ရှင်ရိုက်ကူးရန် ကမ်းလှမ်းသည်။ ၁၉၆၀ ပြည့်နှစ်တွင် ရုပ်ရှင်လောကသို့ စတင်ရောက်ရှိပြီး ဒါရိုက်တာရှမဝဦးကျော် ရိုက်ကူးသော ရွှေရင်သိမ်းသစ်ဇာတ်ကားတွင် ပထမဆုံးသရုပ်ဆောင်ခွင့်ရရှိသည်။ သူမ၏ လက်ဦးဆရာမှာ ဒါရိုက်တာ ရှမဝဦးကျော်ဖြစ်သည်။

စမ်းစမ်းအေး၏ ပင်ကိုစိတ်ထားမှာ လူကြီးသူမများကို ရိုသေကိုင်းရှိုင်းလေးစားသကဲ့သို့ ငယ်ရွယ်သူတက်သစ်စ မင်းသားမင်းသမီးများကိုလည်း ဖေးမကာလက်တွဲခေါ်ယူလေ့ရှိသည်။ ထို့ကြောင့် လူချစ်လူခင်ပေါများသူတစ်ဦးဖြစ်သည်။ ရွှေရင်သိမ်းသစ်ဇာတ်ကားကို စတင်ရိုက်ကူးပြီးနောက် ချစ်တဲ့သူရဲ့ရင်ခွင်၊ ရင်ဝယ်တသိမ့်သိမ့်၊ လုလင်ငယ်သွေး၊ လေချိုတသွေးသွေး၊ ချွေးကလေးစိုစိုဇာတ်ကားများကို ရုပ်ရှင်မင်းသားမောင်ယဉ်ထွေးနှင့် ရိုက်ကူးရင်း ဖူးစာဆုံကာအိမ်ထောင်ပြုသည်။ သား‌တစ်ယောက်၊ သမီးတစ်ယောက် ထွန်းကားသည်။

စမ်းစမ်းအေးပါဝင်သရုပ်ဆောင်ရသည့် အပယ်ရတနာ၊ ဒေါင်းမလေးပန်းရုံ၊ ပန်းနွယ်ကစိမ်း၊ ခြေဖဝါးတော်နုနု၊ နေထွက်သောည၊ စိမ်ခေါ်နေတဲ့အချစ်၊ ချစ်သူရွေးမယ်ချစ်ဝဲလည် ရုပ်ရှင်ဇာတ်ကားများမှာ ထင်ရှားသည်။ ၎င်းဇာတ်ကားများအနက် ၁၉၉၃ ခုနှစ်တွင် စိမ်ခေါ်နေတဲ့အချစ် ရုပ်ရှင်ဇာတ်ကား၌ အကောင်းဆုံး



ရှမဝစမ်းစမ်းအေး

မင်းသမီးဇာတ်ပို့ဆု (အကယ်ဒမီဆု)ကို ရရှိသည်။

ရှမဝစမ်းစမ်းအေး မကွယ်လွန်မီအချိန်အထိ ရုပ်ရှင်ကားကြီးပေါင်း ၁၀၀ ကျော်နှင့် ဗီဒီယိုဇာတ်ကား ၄၀၀ ကျော်ခန့် ရိုက်ကူးခဲ့သည်။အကယ်ဒမီရှမဝစမ်းစမ်းအေးသည် ဝါသနာပါသော ရုပ်ရှင်ဇာတ်ကားများကို ရိုက်ကူးရင်း ဦးနှောက်နှင့် အာရုံကြောဆိုင်ရာရောဂါဖြင့် ၂၀၀၇ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် ကွယ်လွန်သည်။

ခမ်းငယ်

ဆရာဇော်ဂျီရာပြည့်ပွဲနှင့် ကြေးသွန်းရုပ်တုဖွင့်ပွဲ။ ။အမျိုးသားစာဆိုကဗျာဆရာကြီး ဆရာဇော်ဂျီ၏ နှစ်တစ်ရာပြည့်(၁၉၀၇-၂၀၀၇) အခမ်းအနားနှင့် ကြေးသွန်းရုပ်တုဖွင့်ပွဲအခမ်းအနားကို ဗျာပုံမြို့မြောက်ပိုင်း ဗျာပုံတံတားသစ်ကြီး၏ ချဉ်းကပ်ကားလမ်းသစ်အဆုံးရှိ မြေကွက်လပ်တွင် ၂၀၀၇ ခုနှစ်၊ ဧပြီလ ၈ ရက် နေ့ ညနေ ၆ နာရီတွင် ခြိမ့်ခြိမ့်သဲသဲ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ထိုအခမ်းအနားသို့ ရန်ကုန်မြို့မှ ဖိတ်ကြားထားသော စာနယ်ဇင်းအယ်ဒီတာများ၊ ကဗျာဆရာ၊ စာရေးဆရာများနှင့် ဂျာနယ်များမှ သတင်းထောက်များ၊ ဆရာဇော်ဂျီ၏ မိသားစုဝင် သားသမီးများ၊ ဆွေမျိုးများနှင့် ရန်ကုန်မြို့ရှိ ဗျာပုံအသင်းသူ အသင်းသားများ အပါအဝင် စုစုပေါင်း ၃၀၀ ခန့်တက်ရောက်ကြသည်။



၁၉၇၉ ခုနှစ် ဝတ္ထုရှည်စာတမ်းဖတ်ပွဲ၌
ဆရာဇော်ဂျီအမှာစကားပြောကြားစဉ်

ရန်ကုန်မြို့မှလာရောက်ကြသူများသည် ဧပြီလ ၇ ရက်နေ့ ည ၇ နာရီတွင် ရန်ကုန်ဘုန်းကြီးလမ်းထိပ်နှင့် မော်တင်ဆိပ်ကမ်းမှ 'မင်းရဲ'သုံးထပ်သင်္ဘောဖြင့် ဖျာပုံသို့ သွားရောက်ခဲ့ကြသည်။ ဧပြီလ ၈ ရက်နေ့ နံနက် ၅ နာရီခွဲတွင် ဖျာပုံသင်္ဘောဆိပ်သို့ ရောက်ရှိရာ ဖျာပုံမြို့မှ ရာပြည့်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာစံဦး၊ အတွင်းရေးမှူး ဖိုးအောင်လေးနှင့် အဖွဲ့ဝင်များက ဟီးနိုးကားကြီးများဖြင့် သယ်ဆောင်ကာ တည်းခိုမည့်နေရာ ဖျာပုံမြောက်ပိုင်း ထန်းပင်ကျောင်းသို့ပို့၍ နေရာချထားပေးသည်။

ဧပြီလ ၈ ရက်နေ့ ညနေ ၆ နာရီတွင် ရှေးဦးစွာ ဆရာဇော်ဂျီကြေးသွန်းရုပ်တုဖွင့်ပွဲအခမ်းအနားကို စတင်သည်။ ကြေးသွန်းရုပ်တုမှာ ဆောက်လုပ်ဆဲဖြစ်သည့် ဆရာဇော်ဂျီစာကြည့်တိုက်ရှေ့တွင် တည်ဆောက်ထားသည်။ မန္တလေးတမွဝတီရပ်ရှိ ပြည့်ဝကြေးသွန်းလုပ်ငန်း၊ ကြေးသွန်းပညာရှင် တမွဝတီဦးလှမြင့်သွန်းလုပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းအတွက် မန္တလေးတွင် နေထိုင်သည့် ဆရာဇော်ဂျီ၏ သမီးထွေး ဒေါက်တာခင်အုန်းဟန်ကသူမဖခင်၏ရုပ်သွင်နှင့်တူစေရန် ကူညီခဲ့သည်။ ကြေးသွန်းရုပ်တုမှာ အမြင့် ၄ ပေ၊ ၆ လက မရှိပြီး ပိဿချိန် ၂၀၀ ရှိသည်။ ကြေးသွန်းရုပ်တုအတွက် ကုန်ကျငွေမှာ သိန်း ၄၀ ဖြစ်၍ မြန်မာတစ်နိုင်ငံလုံးက ဆရာဇော်ဂျီကို ချစ်မြတ်နိုးကြသည့် စာပေပညာရှင်များ၊ ဆရာ့မိသားစုဝင်များနှင့် အများပြည်သူများ ထည့်ဝင်လှူဒါန်းထားခြင်းဖြစ်သည်။

ဆရာဇော်ဂျီရာပြည့် အထိမ်းအမှတ်လုပ်ငန်းစဉ်များတွင်

၁။ ဇော်ဂျီစာကြည့်တိုက်ဆောက်လုပ်ခြင်း၊

၂။ ဇော်ဂျီစာကြည့်တိုက်ရှေ့၌ ဆရာဇော်ဂျီကြေးသွန်းရုပ်တုထားရှိပြီး အခမ်းအနားဖြင့် ဖွင့်လှစ်ခြင်း၊

၃။ ဆရာဇော်ဂျီနေထိုင်ခဲ့ရာ ဖျာပုံမြို့ ပထမလမ်းကို 'ဇော်ဂျီလမ်း'ဟု ပြောင်းလဲသတ်မှတ်ခြင်း၊

၄။ ဆရာဇော်ဂျီရာပြည့်မဂ္ဂဇင်းထုတ်ဝေခြင်း

၅။ ဆရာဇော်ဂျီရာပြည့်အခမ်းအနားကို
(က) စာပေဟောပြောပွဲ
(ခ) စာတမ်းဖတ်ပွဲ
(ဂ) ကဗျာရွတ်ပွဲများ ကျင်းပပြုလုပ်ခြင်းတို့ ပါဝင်သည်။

ကြေးသွန်းရုပ်တုဖွင့်ပွဲအခမ်းအနားတွင်တေးသံရှင် အိအိခွန်က အဖွင့်သီချင်းသီဆိုသည်။ ချို့ကြည်သောဂီတသံစဉ်အောက်တွင်လိုက်ကာကို တဖြည်းဖြည်း ဖွင့်လိုက်ရာကြေးသွန်းရုပ်တုကိုခဲ့ခဲ့ညားညားတွေ့မြင်ရသည်။




ဆရာမင်းယုဝေက ဆရာဇော်ဂျီနှင့်ပတ်သက်၍
အမှတ်တရစကားပြောကြားစဉ်

ဆရာဇော်ဂျီရာပြည့်ပွဲနှင့် ကြေးသွန်းရုပ်တုဖွင့်ပွဲ

ကြေးသွန်းရုပ်တုရှေ့တွင် ဆရာဇော်ဂျီ၏ ညီမ၊ ဒေါ်လှမြင့် (လက်ထောက်တိုင်းပညာရေးမှူး-ငြိမ်း)နှင့် ဆရာဇော်ဂျီသမီးများဖြစ်ကြသော ဒေါက်တာခင်မျိုးဟန် ဒေါက်တာခင်လှဟန်၊ ဒေါက်တာခင်အုန်းဟန်တို့နှင့် မိသားစုများ ငြိမ်သက်စွာ ရပ်၍ ဂါရဝပြုကြသည်။

ရာပြည့်အထိမ်းအမှတ် ကြေးသွန်းရုပ်တုဖွင့်ပွဲ အခမ်းအနားတွင် ကြေးသွန်းရုပ်တုဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ၊ စာရေးဆရာ၊ သတင်းစာဆရာ ဦးချစ်စံဝင်းက ကြေးသွန်းရုပ်တုဖွင့်ပွဲအမှာစကားပြော ကြားသည်။ ဦးချစ်စံဝင်းက အမှာစကားပြောကြားရာ တွင်-

"ဆရာဟာ မြန်မာစာပေ၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဒဿန၊ မြန်မာမှုရေးရာတို့နှင့် ပတ်သက်လို့ အလွန်တရာမှ ကျေးဇူးကြီးမား ဦးထိပ်ထားစရာပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ပါတယ်။ ဒါတင်မက ဆရာဟာ မြန်မာ့ရသပညာ၊ မြန်မာ့ဇာတ်၊ အငြိမ့်၊ ရုပ်သေး၊ ပြဇာတ်၊ ရာမစတဲ့ မြန်မာ့အနုပညာနဲ့ အလွမ်းအဆွေးအသော နယ်ပယ်မှာပါ ဆရာဟာ ပျိုးထောင်သူ၊ လမ်းညွှန်သူ၊ အဆုံးအဖြတ်ပေးခဲ့သူတစ်ဦးလည်းဖြစ်ပါတယ်။ ဆရာဟာ မြန်မာ့စာကြည့်တိုက်ပညာကို ဦးစီးဦးဆောင်ပြုခဲ့သူဖြစ်ပါတယ်။ ဆရာဟာ မြန်မာ့ကိုယ်ကျင့်တရားနယ်ပယ်ကို ထိန်းကျောင်းပေးခဲ့သူလည်းဖြစ်ပါတယ်။ ဒါ့ပြင် ဆရာဟာ အမျိုးသားရေးအားမာန်ပါတဲ့ စာတွေ



ဆရာဇော်ဂျီပုံတူ ကြေးရုပ်

ကို ရေးခဲ့သူဖြစ်ပါတယ်။ ဆရာဟာ ဖြစ်တတ်ပျက်တတ်တဲ့လောကသဘာဝတရားတွေကို မျက်ကွယ်မပြုခဲ့သူဖြစ်ပါတယ်။ ဆရာဟာ အမျိုးသားလွတ်မြောက်ရေး အတွက်သာမက အမျိုးသားတိုးတက်ကြီးပွားရေး အတွက်ပါ စာများ၊ ကဗျာများကို ရေးခဲ့သူဖြစ်ပါတယ်။ ဒါ့ကြောင့် ဆရာကြီး သခင်ကိုယ်တော်မှိုင်းပြီးလျှင် ဆရာ့ကို အမျိုးသားစာဆိုပညာရှင်အဖြစ် ခေါ်ဆိုခဲ့တာဖြစ်ပါတယ်"ဟူ၍ ထည့်သွင်းပြောကြားသွားသည်။



ဆရာဇော်ဂျီကြေးရုပ်ဖွင့်ပွဲသို့ တက်ရောက်ကြသည့် စာနယ်ဇင်းများမှ စာရေးဆရာများ

ဆရာဇော်ကျီရာပြည့်ပွဲနှင့် ကြေးသွန်းရုပ်တုဖွင့်ပွဲ

ည ၇ နာရီတွင် ဆရာဇော်ကျီရာပြည့် အခမ်းအနားဖွင့်ပွဲကို ဒုတိယအစီအစဉ်ဖြင့် ဖွင့်လှစ်သည်။ နောက်ခံတေးဂီတတေးသံရှင် အိအိခွန်၏ တေးသံလှိုင်းအောက်တွင် စင်မြင့်ပေါ်မှ တဖြည်းဖြည်းဖွင့်လာသော လိုက်ကာတွင်းမှ ဇော်ကျီရာပြည့်စာလုံးကြီးများနှင့်အတူ ဆရာ့ပန်းချီပုံကြီးကို ခဲ့ခဲ့ညားညားချိတ်ဆွဲထားသည်။

ထို့နောက် ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမျိုးချစ်နှင့် ရာပြည့်ကျင်းပရေးကော်မတီဥက္ကဋ္ဌဒေါက်တာစံဦးတို့က အဖွင့်အမှာစကားအသီးသီးပြောကြားကြသည်။ ထို့နောက် ဆရာဇော်ကျီအမှတ်တရဖိတ်ခေါ်ကဗျာပြိုင်ပွဲမှ ပထမဆုရရှိသူ မခင်နု(ဒဿန)ကို ဆရာမင်းချမ်းမွန်ကလည်းကောင်း၊ တတိယဆုရရှိသူ စစ်တွေညီဩန့်ကို မိချမ်းဝေကလည်းကောင်း၊ နှစ်သိမ့်ဆုရရှိသူ နန္ဒအောင်လံကို မြေလတ်မောင်မြင့်သူကလည်းကောင်း ဆုများချီးမြှင့်ခဲ့သည်။

ထို့နောက် စာရေးဆရာကြီး ပါရဂူက အမှတ်တရစကားပြောကြားသည်။ အစီအစဉ်အရ စာရေးဆရာကြီးများဖြစ်ကြသော မင်းယုဝေ၊ မောင်ဆုရှင်၊ မောင်ခင်မင်(ဓနုဖြူ)နှင့် မြင့်ကြိုင် (ယဉ်ကျေးမှု)တို့က ဆရာကြီးဇော်ကျီနှင့် ပတ်သက်သော အကြောင်းအရာများကို ပေါ်ပြောကြသည်။

ထို့နောက် စာရေးဆရာသုမောင်က တေးသီချင်းနှစ်ပုဒ်ဖြင့် ဖြေဖျော်သည်။ ဆိုကရေးတီးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သော ဖျာပုံနန်းတွင်းရာမဇာတ်တော်မှ ဇာတ်ကွက်အချို့ကို ကြားညပ်ပြသ အသုံးတော်ခံခဲ့သည်။

ထို့ပြင် တေးသံရှင် အိအိခွန်နှင့် ရွှေရည်ဝင်းထက်သမီးငယ်တို့ကလည်း အဆို၊ အကများဖြင့် ဖျော်ဖြေဖျော်ဖြေခဲ့သည်။

စာကြည့်တိုက်နှင့် ကြေးသွန်းရုပ်တုဘယ်ဘက်ခြမ်းတွင်ရှိသော ဆရာဇော်ကျီအမှတ်တရ ပြခန်းတွင်လည်း ဆရာကြီးရေးသားခဲ့သော စာအုပ်များ၊ ဆရာကြီး၏ ဘဝမှတ်တမ်းဓာတ်ပုံများ၊ ကြေးသွန်းရုပ်တုကော်မတီ၏ လှုပ်ရှားမှုဓာတ်ပုံများ၊ ရာပြည့်ကျင်းပရေးကော်မတီ၏ လှုပ်ရှားမှုဓာတ်ပုံများကို ပြသထားပြီး



ဆရာဇော်ကျီအထိမ်းအမှတ် စာပေပြိုင်ပွဲ၌ ဆုရရှိသူတစ်ဦးအား စာရေးဆရာ ချစ်စံဝင်းမှ ဆုချီးမြှင့်စဉ်

ဆရာဇော်ကျီနှင့်ပတ်သက်၍ အမှတ်တရထုတ်ဝေခဲ့သော ရာပြည့်မဂ္ဂဇင်း၊ ပိတောက်ပွင့်သစ်မဂ္ဂဇင်း၊ ပို့စ်ကတ်၊ ရင်ထိုးတံဆိပ်၊ ဆရာဇော်ကျီပုံပါသော အင်္ကျီများစသည့် အမှတ်တရစာအုပ်နှင့် ပစ္စည်းများကိုလည်း ရောင်းချပေးသည်။

ဆရာဇော်ကျီရာပြည့်ပွဲသို့ တက်ရောက်လာကြသော ဧည့်သည်များကို ဖျာပုံမြို့ ဆရာဇော်ကျီရာပြည့်ကျင်းပရေးအဖွဲ့က စီစဉ်ထုတ်ဝေသောအထိမ်းအမှတ်စာစောင်များကို အခမဲ့ဝေငှသည်။ ထိုစာစောင်တွင် ဆရာဇော်ကျီ၏ဘဝမော်ကွန်းအကျဉ်းနှင့် ကွယ်လွန်ခဲ့ပြီဖြစ်သော စာရေးဆရာကြီးများ၊ စာပေပညာရှင်ကြီးများဖြစ်ကြသည့် ဆရာကြီး ဦးဖေမောင်တင်၊ ဆရာကြီးသိပ္ပံမောင်ဝ၊ ဆရာကြီးမင်းသုဝဏ်၊ ဆရာကြီး ဦးသုခ၊ ဆရာကြီးတက်တိုး၊ ဆရာကြီးသိန်းဖေမြင့်၊ ဆရာကြီး ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)၊ ဆရာကြီးမြသန်းတင့်၊ ဆရာကြီးတက္ကသိုလ်မင်းမော်၊ ဆရာကြီး ကျော်အောင်၊ ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်၊ ဆရာမကြီး ဒေါ်နုယဉ်၊ ဆရာမကြီး ခင်နှင်းယုတို့က ဆရာကြီး ဇော်ကျီအပေါ် အမြင်များကို ဖော်ပြထားသည်။

မောင်ခေတ်ထွန်း

ညွန့်အေး၊ (အင်းဝ)။ ။ ကဗျာဆရာ ညွန့်အေး (အင်းဝ)ကို အဘ ဦးလွန်း၊ အမိ ဒေါ်စောညွန့်တို့က ၁၉၃၉ ခုနှစ်တွင် အင်းဝမြို့၌ မွေးဖွားခဲ့သည်။ အမည်ရင်းမှာ ဦးကံညွန့်ဖြစ်သည်။ မူလတန်းပညာကို ဘုန်းတော်ကြီးကျောင်းတွင် သင်ကြားခဲ့ပြီး မန္တလေး တက္ကသိုလ်တွင် ပညာဆည်းပူးခဲ့သည်။ ကျောင်းနေစဉ်ကပင် ကဗျာများကို စတင်ရေးသားခဲ့သည်။ မောင်ညွန့်ဇော် (အင်းဝ)ကလောင်အမည်ဖြင့်လည်း ကဗျာများရေးသားခဲ့သည်။ ကလေးကဗျာများကို ကလေးဂျာနယ်တွင် အများဆုံးရေးသားခဲ့ပြီး အခြားကဗျာပုံပြင်များကိုလည်း မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များတွင် များပြားစွာ ရေးသားခဲ့သည်။



ညွန့်အေး (အင်းဝ)

အောက်တန်းစာရေး၊ သင်ရိုးလက်ထောက် (မြန်မာစာ) တာဝန်များနှင့် ဘူးသီးတောင်၊ အောင်လံ၊ ဘိုကလေး၊ သဃ်ိန်းကျွန်း၊ ရန်ကုန်မြို့တို့တွင် ပညာရေးတာဝန်များ ထမ်းဆောင်ခဲ့သည်။ ကွယ်လွန်ချိန်အထိ ပညာတန်ဆောင်စာစောင်တွင်တာဝန်ထမ်းဆောင်ခဲ့သည်။

ညွန့်အေး (အင်းဝ)၏ ထုတ်ဝေပြီးသောစာအုပ်များမှာ ၁၉၉၅ ခုနှစ်တွင် လမင်းဝလုံးကျောက်သင်ပုန်းကလေးကဗျာများ၊ ၁၉၉၇ ခုနှစ်တွင် နွေငှက်ရိုင်းကဗျာများ၊ ၂၀၀၀ ခုနှစ်တွင် မှော်မိုးတိမ်နှင့် နိုင်ငံတကာပုံပြင်များ၊ ၂၀၀၃ ခုနှစ်တွင် ဟိုစပ်စပ်ဒီစပ်စပ်မောင်မှတ်ရသကိုယ်ပိုင်ပုံပြင်များ၊ ၂၀၀၅ ခုနှစ်တွင် အမေနှင့်ကျွန်တော် ကဗျာများနှင့် ၂၀၀၇ ခုနှစ်တွင် ကလေးတို့ရွတ်ဆိုဖို့ စံပယ်ဈေးကလေးကဗျာများတို့ကို ထုတ်ဝေခဲ့သည်။

ကဗျာဆရာညွန့်အေး (အင်းဝ)သည် ၂၀၀၇ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့၌ ကွယ်လွန်ခဲ့သည်။

မောင်ခေတ်ထွန်း

တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ။ ။ မြန်မာနိုင်ငံက ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးသည့် ၂၀၀၇ ခုနှစ်၊ တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို ရန်ကုန်မြို့လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ (၆) ရက်မှ ၂၀၀၇ ခုနှစ် စက်တင်ဘာလ (၁၅)ရက်အထိ၊ (၁၀) ရက်တိုင်တိုင် ကျင်းပခဲ့သည်။

ပထမအကြိမ် အာဆီယံဘောလုံးပြိုင်ပွဲကို ၂၀၀၅ ခုနှစ်က ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သည်။ ထိုတွင်ပင် မြန်မာအမျိုးသမီးဘောလုံးအသင်းက အိမ်ရှင်ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့သည်။

ဒုတိယအကြိမ် အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲကို ၂၀၀၆ ခုနှစ်က ဗီယက်နမ်နိုင်ငံ၌ပင် ကျင်းပခဲ့ရာ အိမ်ရှင်ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်း အနိုင်ရဗိုလ်စွဲခဲ့သည်။

၂၀၀၇ ခုနှစ် တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အာဆီယံဒေသတွင်းရှိ နိုင်ငံများမှ လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်း (၈)သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ထိုပြိုင်ပွဲဝင် (၈)သင်းကို (၄)သင်းစီ ပါဝင်သော အုပ်စုနှစ်စုခွဲ၍ အုပ်စု ပတ်လည်အမှတ်ပေးစနစ်ဖြင့် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အုပ်စု (က)တွင် လက်ရှိချန်ပီယံ ဗီယက်နမ်အသင်း၊ အင်ဒိုနီးရှားအသင်း၊ မလေးရှားအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ပါဝင်သည်။

အုပ်စု (ခ)တွင် အိမ်ရှင်မြန်မာအသင်း၊ ထိုင်းအသင်း၊ စင်ကာပူအသင်းနှင့် လာအိုအသင်းတို့ ပါဝင်ကြသည်။

အုပ်စုပွဲစဉ်များကို စက်တင်ဘာလ (၆)ရက်မှ (၁၁)ရက်အထိ ကျင်းပခဲ့ရာ အုပ်စုနောက်ဆုံးပွဲစဉ်များကို လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံး

ကွင်းနှင့် အောင်ဆန်းအားကစားပြိုင်ကွင်းတို့၌ ညနေ ၃ နာရီခွဲတွင် တပြိုင်တည်းယှဉ်ပြိုင်ကစားခဲ့ကြသည်။

အုပ်စု (က)ပွဲစဉ်များအပြီးတွင် ဗီယက်နမ်အသင်းက သုံးပွဲနိုင်ကိုးမှတ်ဖြင့် ပထမ၊ မလေးရှားအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ ခြောက်မှတ်ဖြင့် ဒုတိယရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခွင့် ရရှိခဲ့သည်။ အင်ဒိုနီးရှားအသင်းက တစ်ပွဲနိုင် နှစ်ပွဲရှုံး သုံးမှတ်၊ ဖိလစ်ပိုင်အသင်းက သုံးပွဲရှုံး အမှတ်မရဘဲ ပြိုင်ပွဲမှ ထွက်သွားရသည်။

အုပ်စု (ခ)ပွဲစဉ်များအပြီးတွင် မြန်မာအသင်းက သုံးပွဲနိုင် ကိုးမှတ်ဖြင့် ပထမ၊ ထိုင်းအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် ဒုတိယရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခွင့်ရခဲ့သည်။ လာအိုအသင်းက တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး သုံးမှတ်၊ စင်ကာပူအသင်းက သုံးပွဲရှုံး အမှတ်မရဘဲ ပြိုင်ပွဲမှ ထွက်သွားရသည်။

အကြိုဗိုလ်လုပွဲစဉ်များကို စက်တင်ဘာလ (၁၃)ရက်တွင် ယှဉ်ပြိုင်ကစားခဲ့ကြရာ ပထမအကြို ဗိုလ်လုပွဲစဉ်၌ ထိုင်းအမျိုးသမီးဘောလုံးအသင်းက ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းကို သုံးဂိုး–ဂိုးမရှိဖြင့်လည်းကောင်း၊ ဒုတိယအကြိုဗိုလ်လုပွဲစဉ်၌ မြန်မာအမျိုးသမီး ဘောလုံးအသင်းက မလေးရှားအမျိုးသမီးဘောလုံးအသင်းကို ၎င်းဂိုး– ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်လှမ်းခဲ့ခြင်းဖြစ်သည်။

တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို စက်တင်ဘာလ (၁၅) ရက်တွင် ယှဉ်ပြိုင်ကစားခဲ့ကြရာ တတိယနေရာလုပွဲတွင် ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းက မလေးရှားအမျိုးသမီးဘောလုံးအသင်းကို ခြောက်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး တတိယဆုရရှိသွားသည်။

ဗိုလ်လုပွဲတွင် မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် ထိုင်းအမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပုံမှန်ပွဲကစားချိန် မိနစ် ၉၀ တွင် ဂိုးမရှိသရေ၊ အချိန်ပို မိနစ် ၃၀ တွင် တစ်ဂိုးစီ သရေဖြစ်နေ၍ ပယ်နယ်တီ ငါးလုံးစီ ကန်သွင်းပြီး အဆုံးအဖြတ်ယူခဲ့ရသည်။

ပယ်နယ်တီကန်သွင်းကြရာတွင် မြန်မာအသင်းက လေးဂိုးဝင်ပြီး ထိုင်းအသင်းက တစ်ဂိုးသာဝင်၍ ပဉ္စမမြောက်ပယ်နယ်တီ ကန်သွင်းစရာမလိုတော့ဘဲ မြန်မာအသင်းက စုစုပေါင်းငါးဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားကာ အာဆီယံဆုဖလားကြီးကို ထိုက်ထိုက်တန်တန်ရရှိသွားသည်။

ဤသို့နှင့် ၂၀၀၇ ခုနှစ်၊ တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းက ပထမ၊ ထိုင်းအသင်းက ဒုတိယနှင့် ဗီယက်နမ်အသင်းက တတိယနှင့် အသန်.ရှင်းဆုံးဆုကို ရရှိခဲ့သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်၏ ၂၀၀၇ ခုနှစ် နှစ်ဆန်းပိုင်း၌ ကျင်းပသည့် အာဆီယံဘောလုံးအဖွဲ့ချုပ် တွေ့



တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ ပထမဆုရ မြန်မာအမျိုးသမီးဘောလုံးအသင်း



အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ၏ ဆုဖလား

ဆုံဆွေးနွေးပွဲတွင် တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို မြန်မာနိုင်ငံအား အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ပြုသည့် ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့သည်။ ယခင်က မြန်မာနိုင်ငံတွင် အမျိုးသားလက်ရွေးစင် အသင်းများ၏ နိုင်ငံတကာပြိုင်ပွဲနှင့် လူငယ်အမျိုးသားလက်ရွေးစင်အသင်းများ၏ နိုင်ငံတကာပြိုင်ပွဲများကိုသာ လက်ခံကျင်းပခဲ့ပြီး နိုင်ငံတကာ အမျိုးသမီးဘောလုံးပြိုင်ပွဲကို လက်ခံကျင်းပနိုင်ခြင်း မရှိချေ။

ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို အာဆီယံဒေသတွင်း ၌ကျင်းပနေသည့် ပြိုင်ပွဲများနည်းတူ အဆင့်အတန်းမီစွာ ကျင်းပနိုင်ခဲ့သည်။ တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲကြီးကြပ်သူအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ မလေးရှားလူမျိုး ဒါတိုရက်ပ်က မြန်မာနိုင်ငံသည် ယခုပြိုင်ပွဲကို အိမ်ရှင်အဖြစ် အောင်မြင်စွာကျင်းပပေးနိုင်ခဲ့ကြောင်း ချီးကျူးပြောကြားခဲ့သည်။

တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ၌ အနိုင်ရဖိုလ်စွဲခဲ့သော မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးစိုးမြင့်လွင် (နည်းစနစ်ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်)၊ အုပ်ချုပ်သူအဖြစ် ဒေါ်မြတ်မြတ်ဦး၊ နည်းပြအဖြစ် ဦးအေးကြူကြီး (ကာကွယ်ရေး)လက်ထောက်နည်းပြအဖြစ် ဦးချစ်နိုင် (အားကစားနှင့် ကာယပညာဦးစီးဌာန)၊ ဂိုးနည်းပြအဖြစ် ဦးကျော်တင် (အားကစားနှင့် ကာယပညာဦးစီးဌာန)၊ အသင်းဆရာဝန်အဖြစ် ဒေါက်တာမော်လီချစ် (အားကစားနှင့် ကာယပညာဦးစီးဌာန)တို့က တာဝန်ယူဆောင်ရွက်ခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအားကစားသမားများအဖြစ် ဂိုး–မေခင်ယမင်း (ပြည်ထဲရေး)၊ ရွှေစင်အောင် (စက်မှု–၁)၊ စန်းစန်းသိန်း၊ စန်းစန်းမော်၊ စိမ်းချိုအောင် (ပြည်ထဲရေး)၊ အလယ်တန်း စုစု၀ေ၊ ခင်မိုး၀ေ (ပြည်ထဲရေး)၊ စန်းယုနိုင်၊ သန်းသန်းထွေး၊ အေးနန္ဒာလှိုင် (ပို့ဆောင်ရေး)၊ ငြိမ်းငြိမ်းအိ (ရန်ကုန်တိုင်း)၊ ရှေ့တန်း မိုင်နီလာထွေး (ပြည်ထဲရေး)၊ ခင်မာလာထွန်း (အား/ကာသိပ္ပံမန္တလေး)၊ ဇင်မာဝမ်း၊ မာဂရက်မေရီ (ပို့ဆောင်ရေး)တို့ ဖြစ်သည်။

ဇော်ဝင်းထွန်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ။ ။ တရုတ်နိုင်ငံသည် အမျိုးသားအချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ထိန်းသိမ်းရေးအတွက် စိတ်ချရသော နျူကလီးယားကာကွယ်ရေးအင်အားကို ရယူထားမည်ဖြစ်ကြောင်း၊ သို့သော် နျူကလီးယားလက်နက်အသုံးပြုတိုက်ခိုက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းမပြုအောင် တားဆီးထားရေးပင်ဖြစ်ကြောင်း၊ မည်သည့်နိုင်ငံနှင့်မဆို လက်နက်အပြိုင်တပ်ဆင်ရေးကို ပြုလုပ်မည်မဟုတ်ကြောင်း အမျိုးသားကာကွယ်ရေးဆိုင်ရာ စက္ကူဖြူစာတမ်းတွင် ဖော်ပြသည်။

၂၀၀၇ ဇန်နဝါရီ ၁၁ ရက်က မိုးလေဝသဂြိုဟ်တုတစ်လုံးကို တရုတ်နိုင်ငံက ဒုံးကျည်ဖြင့် ပစ်ချစမ်းသပ်အောင်မြင်မှုကြောင့် အမေရိကန်၊ ဂျပန်နှင့် အခြားသောနိုင်ငံများကို အံ့အားသင့်စေခဲ့ပြီး ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ပါသည်ဟူသော တရုတ်အစိုးရ၏ ကြေညာချက်နှင့် ကိုက်ညီမှုမရှိကြောင်း အမေရိကန် ဒုတိယသမ္မတ ဒစ်ချေနီက ဝေဖန်လိုက်သည်။

တရုတ်သမ္မတဟူကျင် တောင်က တရုတ်လွတ်မြောက်ရေးတပ်မတော် (PLA) ၏ အခန်းကဏ္ဍကို မြင့်တင်ပြောကြားလိုက်ပြီး နိုင်ငံကာကွယ်ရေးနှင့် အချုပ်အခြာအာဏာကို တည်တန့်အောင် စောင့်ထိန်းရာတွင် အဓိကနေရာမှ ပါဝင်လျက်ရှိသည်ဟု တရုတ်ပြည်သူ့တပ်မတော်ထူထောင်သည့်နှစ် ၈၀ ပြည့် အလုပ်ရုံဆွေးနွေးပွဲတွင် ထိုသို့ ပြောကြားလိုက်သည်။



တရုတ်သမ္မတ ဟူကျင်တောင် အာဖရိကသို့
ချစ်ကြည်ရေးခရီးသွားရောက်စဉ်

တရုတ်နိုင်ငံသားများအနေဖြင့် ၂၀၀၆ ခုနှစ်က လူပေါင်း ၃၄ သန်း ခရီးသွားခဲ့ရာ နှစ်ချင်းအလိုက် တိုးတက်မှုမှာ ၁၀ ရာခိုင်နှုန်းခန့်ရှိကြောင်း အမျိုးသား ခရီးသွားလုပ်ငန်းအဖွဲ့ (NTA) က ၂၀၀၇ ခုနှစ် ဧန်နဝါရီလ ၁၉ ရက်၌ ပြောကြားသည်။ အစိုးရက တရုတ်နိုင်ငံသားများကို ကမ္ဘာ့ဒေသနှင့် နိုင်ငံပေါင်း ၁၃၅ ခုတို့အား ခရီးသွားလာခွင့်ပြုထားခဲ့သည်။ ခရီးသွားလာရေးအတွက် လိုအပ်သော ဗီဇာများကို ကူညီဆောင်ရွက်ပေးသည့်အတွက် တရုတ်နှင့် အခြားနိုင်ငံများကြား ဆက်ဆံရေးတိုးမြှင့်မှုရှိလာနိုင်ကြောင်း NTA အဖွဲ့ ညွှန်ကြားရေးမှူး လျှိုကျူဝေက ပြောကြားသည်။

တရုတ်နိုင်ငံတွင် လာမည့် ၂၀၀၈ ခုနှစ်ကုန်၌ သတ္တုမိုင်းစည်းမျဉ်းစည်းကမ်းများကို ပြန်လည်ပြင်ဆင်မည်ဖြစ်ရာ သတ္တုမိုင်းလုပ်ငန်းတစ်ခုလျှင် မိုင်းတွင်းတစ်တွင်းသာ လုပ်ကိုင်ခွင့်ပြုတော့မည်ဖြစ်ကြောင်း တရုတ်နိုင်ငံအစိုးရအစီရင်ခံစာတစ်ရပ်၌ ဖော်ပြသည်။

တရုတ်အစိုးရသည် ကမ္ဘာ့အင်အားကြီးနိုင်ငံအချို့နှင့် ကုန်သွယ်မှုပမာဏကို နှစ်စဉ်တိုးမြှင့်လျက်ရှိရာ ပြီးခဲ့သည့်ဧန်နဝါရီလက အိန္ဒိယနိုင်ငံနှင့် နှစ်နိုင်ငံကြား ကုန်သွယ်မှုတန်ဖိုးမှာ ၆၃ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်လာပြီး နိုင်ငံအလိုက် အကြီးမားဆုံး ၁၀ နိုင်ငံမြောက် ကုန်သွယ်ဖက်နိုင်ငံဖြစ်လာကြောင်း အစိုးရ၏ စာရင်းဇယားများ၌ ဖော်ပြသည်။

ဥရောပသမဂ္ဂ၊ အမေရိကန်နှင့် ဂျပန်တို့သည်လည်း တရုတ်၏ ထိပ်တန်းကုန်သွယ်ဖက်သုံးနိုင်ငံဖြစ်လာသည်။ ဥရောပသမဂ္ဂနှင့် အမေရိကန်ဒေါ်လာ ၂၄.၄၆ ဘီလီယံ၊ အမေရိကန်နှင့် ၂၄ ဒသမ ၄၃ ဘီလီယံ ဒေါ်လာ၊ ဂျပန်နှင့် အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၅၁ ဘီလီယံဖြစ်သည်။ ကနေဒါနှင့်လည်း ဧန်နဝါရီလအထိ အမေရိကန် ဒေါ်လာ ၂ ဒသမ ၂၃ ဘီလီယံအထိ ကုန်သွယ်မှုပြုခဲ့ပြီး ကွမ်တုံပြည်နယ်တွင် ပြီးခဲ့သည့် ဧန်နဝါရီလကနိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၉၆ ဘီလီယံထိရှိလာသည်။


၂၀၀၆ ခုနှစ်အတွင်း မိုဘိုင်းလ်ဖုန်းအရေအတွက် သန်း ၁၂၀ ရောင်းချနိုင်ခဲ့ရာ နှစ်ချင်းအလိုက်မြင့်တက်မှု ၄၀ ရာခိုင်နှုန်းရှိခဲ့ကြောင်း တရုတ်မိုဘိုင်းလ်ဆက်သွယ်ရေးအဖွဲ့ဒုတိယအကြီးအကဲ ဇီလန်ရှန်က ပြောကြားခဲ့သည်။ ၂၀၀၆ ခုနှစ်က မိုဘိုင်းလ်ဖုန်း သန်း ၄၅၀ ထုတ်လုပ်ခဲ့ပြီး ပြည်ပသို့ သန်း ၃၅၀ လုံး တင်ပို့ခဲ့သည်။

တရုတ်နှင့် ရုရှားနိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာကြောင်း၊ ထိုသို့တိုးတက်လာမှုကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း တရုတ်ကုန်သွယ်ရေး ဒုတိယဝန်ကြီး ယူဂန်ကျိုးက မော်စကိုမြို့တွင် ၂၀၀၇ ခုနှစ် မတ်လ ၁ ရက်က ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေများကို ချိုးဖောက်သည်ဟု စွပ်စွဲပြီးနောက် တရုတ်စီးပွားရေး



တရုတ်နိုင်ငံ၏ အင်တာနက်ကဖေးတစ်ခု




တရုတ်နိုင်ငံ၏ စက်မှုလက်မှုလုပ်ငန်းခွင်တစ်ခု

လုပ်ငန်း ၁၂ ခုတို့ကို အစိုးရက ထောက်ပံ့ငွေများ ရပ်ဆိုင်း (သို့) ရ ပ်သိမ်းလိုက်သည်။ ယင်းလုပ်ငန်းများ၏ အမည်များကို ကြေညာခြင်းမရှိသော်လည်း ဘီယာ ချက်စက်ရုံတစ်ခုနှင့် ဓာတ်အားပေးစက်ရုံတစ်ခုတို့လည်း ပါဝင်သည်ဟု ယူဆရသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများကို ချိုးဖောက်သောကုမ္ပဏီများသည် လေလောဆယ်အား ဖြင့် အမြင့်ဆုံးယွမ်ငွေ (၁၀၀၀၀၀)ဒဏ်ငွေပေးဆောင် ရမည်ဖြစ်သည်။ ယခုနှစ်တွင် ကုမ္ပဏီပေါင်း (၃၀) တို့ကို စစ်ဆေးခဲ့ပြီး ၁၂ ခုကို ယခုကဲ့သို့ ပြစ်ဒဏ်ခတ် ခြင်းဖြစ်သည်။

ဗဟိုအစိုးရက ကျေးလက်နှင့် လယ်သမားများဘဝ အခြေအနေတိုးတက်ရေးအတွက် တရုတ်လယ်ယာ ကဏ္ဍတွင် ယွမ် ၃၉၁ ဒသမ ၇ ဘီလီယံရင်းနှီးမြှုပ်နှံ သွားမည်ဖြစ်သည်။ ခေတ်မီလယ်ယာစနစ်တိုးတက် ပြောင်းလဲရန်၊ ကျေးလက်ဒေသအဆောက်အအုံများ တိုးတက်ရန် သန္နိဋ္ဌာန်ချဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဝမ်ကြားပေါင်က မတ်လ ၅ ရက်တွင် ပြောကြားခဲ့သည်ကို အစိုးရသတင်းက ထုတ်ပြန်သည်။ ကျေးလက်ဒေသ လူမှုရေးအခြေအနေများ



တရုတ်နိုင်ငံ မြေအောက်ဘူတာရုံတစ်ခုတွင် မီးရထားစီးမည့် ခရီးသည်များ

တိုးတက် အောင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဝမ်က တရုတ်ပြည်သူ့ကွန်ဂရက်ဖွင့်ပွဲ အစည်းအဝေး၌ လွှတ်တော်အမတ်များအား ပြောကြားခဲ့ ခြင်းဖြစ်သည်။

နိုင်ငံ၏အကြီးဆုံးရေအားလျှပ်စစ်စီမံကိန်းဖြစ်သည့် မြစ်ကျဉ်း ၃ သွယ် လျှပ်စစ်ဓာတ်အားပေး စက်ရုံသည် ၂၀၀၃ ခုနှစ်တွင်းစတင်လည်ပတ်ပြီးနောက် လျှပ်စစ် ကီလိုဝပ်နာရီ ဘီလီယံ ၁၅၀ ကျော် ထုတ်ပေးပြီးဖြစ် သည်ဟု မြစ်ကျဉ်း ၃ သွယ်စီမံကိန်းကော်ပို ရေးရှင်းက မတ်လ ၁၁ ရက်တွင် ကြေညာသည်။

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ၂၀၁၂ တွင် လကမ္ဘာသို့ စေလွှတ်မည့် ပထမဆုံးလူလိုက်ပါခြင်းမရှိသော အာကာသယာဉ်ကို တရုတ်သိပ္ပံပညာရှင်များက ဧပြီလ ၂ ရက်က ထုတ်ဖော်ပြသခဲ့သည်။ အဆိုပါ ယာဉ်သည် အမြင့် ၅ ပေရှိပြီး အလေးချိန်ကီလိုဂရမ် ၂၀၀ လေးကာ သုံးဖက်မြင်ပုံများကိုလည်း ထုတ်ယူနိုင်စွမ်းရှိသည်ဟု ဆိုသည်။ယင်းလစူးစမ်းရေးယာဉ်ကို ရှန်ဟိုင်းအာကာသ စနစ်အင်ဂျင်နီယာကျောင်းမှ အင်ဂျင်နီယာများက တီထွင်ခဲ့ခြင်းဖြစ်သည်။

တရုတ်နှင့် ပါကစ္စတန် နှစ်နိုင်ငံတို့သည်အာကာသ ဆက်သွယ်ရေး၊ ပညာရေးနှင့် အခြားသောနယ်ပယ် ကဏ္ဍများတွင် စွမ်းအားပြည့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်စာချုပ်ကို ဧပြီလ ၁၇ ရက်၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်နှင့် ပါကစ္စတန်ဝန်ကြီးချုပ် ရှောကတ်

အဓိစ်တို့ တရုတ်နိုင်ငံတွင် တွေ့ဆုံဆွေးနွေးပြီးနောက် စာချုပ် ၁၃ ခုအား လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

တရုတ်နိုင်ငံ ဘိုဟိုင်းပင်လယ်အော်တွင် ရေနံ ၁ ဘီလီယံတန်ချိန် (သို့မဟုတ်) ရေနံစည် ၇ ဒသမ ၃၅ ဘီလီယံခန့်ရှိသော ရေနံသိုက်ကြီးတစ်ခုကို ရှာဖွေတွေ့ရှိခဲ့သည်။



သဘာဝဘေးအန္တရာယ်ကြောင့် ပြောင်းရွှေ့နေထိုင်ကျက်စားနေရသည့်ပန်ဒါဝက်ဝံလေးများ

တရုတ်နိုင်ငံသည် ပြီးခဲ့သည့် ၂၀၀၇ ခုနှစ်က ရေနံတန်ချိန် ၁၈၆ ဒသမ ၆၈ သန်း ထုတ်လုပ်နိုင်ခဲ့ပြီး ထုတ်လုပ်မှုအနေဖြင့် ၁ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး နိုင်ငံအတွင်း တင်သွင်းမှုမှာ ရေနံတန်ချိန် ၁၃၈ ဒသမ ၈၄ သန်းရှိခဲ့ရာ တိုးတက်တင်သွင်းမှုမှာ ၁၆ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။

၂၀၀၇ ခုနှစ် ဧန်နဝါရီလမှ ဧပြီလအတွင်း တရုတ်နိုင်ငံ ပေကျင်းသို့ ပြည်ပမှ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်မှုမှာ ၁ ဒသမ ၂ သန်းရှိရာ ယမန်နှစ်အလားတူ ကာလကထက် ၁၂ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ စာရင်းဇယားများအရ ဧပြီတစ်လတည်းမှာပင် အိုလံပစ်ပွဲတော် အဓိကဒေသများသို့ ပြည်ပမှ ကမ္ဘာလှည့်ဧည့်သည် ၄၀၇၀၀၀ ရောက်ရှိခဲ့ရာ ၂၀၀၆ ခုနှစ် ဧပြီလနှင့် ယှဉ်လျှင် ၁၄ ဒသမ ၆ ရာခိုင်နှုန်းမြှင့်တက်သွားကြောင်း ပေကျင်းစာရင်းအင်းဌာနက သတင်းထုတ်ပြန်ကြေညာချက်ကို မေလ ၂၅ ရက် ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ပထမဆုံးလစူးစမ်းရေးယာဉ်ကို ၂၀၀၇ ခုနှစ် ဒုတိယနှစ်ဝက်တွင် လွှတ်တင်သွားမည်ဖြစ်ကြောင်း၊ အဆိုပါလစူးစမ်းလေ့လာရေးယာဉ် Chang e L သည် ဂြိုဟ်တုနှင့် လူလိုက်ပါသည့်အာကာသယာဉ်လွှတ်တင်နိုင်ခဲ့သည့် စီမံကိန်းအပြီး အာကာသနည်းပညာတွင် တတိယမြောက် သမိုင်းမှတ်တိုင်ထူနိုင်ခြင်းဖြစ်ကြောင်း တရုတ်အာကာသထိန်းချုပ်ရေးအရာရှိ ဆန်းလိုင်ဟုန်က ပြောကြားသည်။

တရုတ်နိုင်ငံ၏ ချိုင်းနားဆောက်သင်းအဲလိုင်းသည် တိုးတက်များပြားလာသော လေကြောင်းခရီးသည်များအတွက် ၂၀၁၁ နှင့် ၂၀၁၃ ခုနှစ်များအကြားတွင် ဘိုးရင်း ၇၃၇ လေယာဉ် ၅၅ စင်း ဝယ်ယူမည်ဖြစ်ကြောင်း ၂၀၀၇ ခုနှစ် ဩဂုတ်လ ၂၀ ရက်တွင် ထုတ်ပြန်လိုက်သည်။ ဘိုးရင်း ၇၃၇-၇၀၀ လေယာဉ်များကို အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၅ သန်း ၇၃၇-၈၀၀ ကို အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၅ သန်း အကုန်အကျခံ ဝယ်ယူသွားမည်ဖြစ်သည်။

လာမည့်နှစ်အနည်းငယ်အတွင်း မြို့ပြလေကြောင်းလိုင်းများ၌ လေယာဉ်မှူး ၂၀၀၀ ခန့် လိုအပ်မှုကြုံတွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်အမျိုးသမီးလေယာဉ်မှူးများ ပိုမိုခန့်ထားနေကြောင်း၊ တရုတ်လေကြောင်းလိုင်းသည် တစ်နှစ်အတွင်း လေယာဉ် ၁၅၀ ကျော် တိုးချဲ့ပျံသန်းနေကြောင်း တရုတ်မြို့ပြလေကြောင်း ဗဟိုအုပ်ချုပ်ရေးအဖွဲ့ ဒုတိယအကြီးအကဲ ဂိုအောင်ဖန်က စက်တင်ဘာလ ၆ ရက်နေ့တွင် ပြောကြားလိုက်သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ယန်ကျင်ချောင်နှင့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဘာနရက်ကူချာတို့သည် ၂၀၀၇ ခုနှစ် စက်တင်ဘာလ ၂၃ ရက်က ကုလသမဂ္ဂအထွေထွေညီလာခံ၌ တွေ့ဆုံစဉ် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့သည်။ စီးပွားရေးနှင့်ကုန်သွယ်မှု သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရန် ယဉ်ကျေးမှုနှင့် အခြားကဏ္ဍများကို အဆင့်မြင့်

ဆောင်ရွက်ရန် အပြန်အလှန်သဘောတူညီခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံ လေကြောင်းလိုင်းမှ ပေကျင်းနှင့် အေသင်မြို့အကြား ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်မှ စတင်ကာ လေကြောင်းလိုင်းဖွင့်လှစ်မည်ဖြစ်ကြောင်း ယင်းသို့လေကြောင်းလိုင်း ဖွင့်လှစ်ခြင်းသည် တရုတ်နှင့် ဂရိနှစ်နိုင်ငံအကြား ပထမအကြိမ် တိုက်ရိုက်ပျံသန်းခြင်း ဖြစ်ကြောင်း တရုတ်လေကြောင်းဆိုင်ရာမှ သတင်း ထုတ်ပြန်သည်။

အောက်တိုဘာလတွင် လွတ်တင်မည့် တတိယ မြောက်လူလိုက်ပါ အာကာသစီမံကိန်းတွင် အာကာသ တွင်းလမ်းလျှောက်ရန်ပါစီစဉ်ထားကြောင်း တရုတ်နိုင်ငံက ထုတ်ပြန်ကြေညာခဲ့သည်။ တရုတ်နိုင်ငံသည် ပထမဆုံးအာကာသယာဉ်မှူးတစ်ဦးကို ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် အာကာသတွင်းသို့ ပို့ဆောင်နိုင်ခဲ့ပြီး အမေရိကန်နှင့် ရုရှားပြီးလျှင် တတိယ မြောက် အာကာသတွင်းလူပို့ဆောင်နိုင်သော နိုင်ငံဖြစ် သည်။

ယခုခရီးစဉ်တွင် အာကာသယာဉ်မှူး ၃ ဦးအထိ လိုက်ပါမည်ဖြစ်ကြောင်းသိရသည်။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းဂန်စီချောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ အောက်တိုဘာ ၂၇ ရက် က တရုတ်နှင့် အာဆီယံနိုင်ငံများ လူငယ်ရေးရာ သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပခဲ့သည်။ ၂၀၀၇ ခုနှစ် ဧန်နဝါရီလ ၁၉ ရက်က ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပခဲ့ သည်။ (၁၀)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီး ညီလာခံ၌ တရုတ်နိုင်ငံဝန်ကြီးချုပ်ဝမ်ကြားပေါင်က တရုတ်-အာဆီယံလူငယ်ရေးရာသင်တန်းများ ဖွင့်လှစ် ပူးပေါင်းဆောင်ရွက်ရေးအတည်ပြုပြောကြားခဲ့ပြီး ယခု ကဲ့သို့ သင်တန်းဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ဖွင့်ပွဲအခမ်း အနားသို့ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ် ၄၀၀ ကျော် တက်ရောက်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ်အားကစားပွဲ ကျင်းပစဉ် နေစွမ်းအင်ကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြု မည်ဖြစ်ကြောင်း ထိပ်တန်းအရာရှိတစ်ဦးက ပြောကြား သည်။

ကမ္ဘာ့အားကစားပြိုင်ပွဲများအနက် သက်တမ်း ကြာရှည်ပြီဖြစ်သော အိုလံပစ်အားကစားပြိုင်ပွဲကို တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ၂၀၀၈ ခုနှစ် သြဂုတ်လ ၈ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ် သည်။ ၁၉၆၄ ခုနှစ် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပသည့် အိုလံပစ် အားကစားပြိုင်ပွဲ၊ ၁၉၈၈ ခုနှစ် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင်ကျင်းပသောအိုလံပစ်အားကစားပြိုင်ပွဲပြီးလျှင် ပေကျင်းအိုလံပစ်ပြိုင်ပွဲသည် အာရှတိုက်၏ တတိယ မြောက်အိုလံပစ် အားကစားပြိုင်ပွဲဖြစ်သည်။ ပေကျင်း အမျိုးသား အားကစားပြိုင်ပွဲရုံသည် စတုရန်းမီတာ ၂၅၈၀၀၀ ကျော်ကျယ်ဝန်းသောမြေပေါ်တွင်တည်ဆောက် ထားပြီး ဖွင့်ပွဲနှင့် ပိတ်ပွဲကို အဆိုပါအားကစားရုံတွင် ကျင်းပရန် စီစဉ်ထားသည်။ ပွဲကြည့်ပရိသတ် ၉၁၀၀၀ ဆံ့သော ကမ္ဘာ့စံချိန်မီအားကစားရုံဖြစ်သည်။ ၂၀၀၈ ပေကျင်း အိုလံပစ်အားကစားပြိုင်ပွဲမှာ အားကစားအမျိုး အစား ၂၈ မျိုးသတ်မှတ်ထားပြီး ထိုအထဲမှ အမျိုးသားပြိုင်ပွဲ ၁၆၅ မျိုး၊ အမျိုးသမီးပြိုင်ပွဲ ၁၂၇ မျိုးနှင့် အမျိုးသား အမျိုးသမီးနှစ်ယောက်တွဲ အားကစားပြိုင်ပွဲ မှာ ၁၀ မျိုးပါဝင်သည့်အတွက် အမျိုးအစား ၃၀၂ မျိုး အထိ ယှဉ်ပြိုင်ရန် စီစဉ်ထားသည်။ ခေတ်မီဆန်းသစ် သည့် အားကစားရုံ ၁၂ ရုံနှင့် ယာယီအဆောက်အအုံ ၈ ရုံတို့ကို ဆောက်လုပ်ထားရာ ယခုအခါ ၈၀ရာခိုင်နှုန်း အထိ ပြီးစီးပြီဖြစ်ကြောင်းသိရသည်။

ပြင်သစ်သမ္မတ ဆာကော်ဇီသည် ပေကျင်းသို့ အလည်အပတ်ခရီးအဖြစ် ပထမဆုံးအကြိမ် သွားရောက်ခဲ့ကြောင်း သိရသည်။ အဆိုပါ ခရီးစဉ် အတွင်း နှစ်နိုင်ငံကြား စီးပွားရေးကဏ္ဍများကိုသာ အဓိကထားဆွေးနွေးခဲ့ကြသည်။ ဒေါ်လာဘီလီယံ ၃၀ တန်ဖိုးရှိ ရှုစက်ရုံနှစ်ခုတည်ဆောက်မှုအပါအဝင်

လေယာဉ်အစီးရေ ၁၆၀ ဝယ်ယူရေးသဘောတူစာချုပ် ချုပ်ဆိုခဲ့သည်။

ပြင်သစ်ကုမ္ပဏီ Alcatel-Lucent ကုမ္ပဏီသည် တရုတ်နိုင်ငံ၏ အကြီးဆုံးမိုဘိုင်းလ်ဖုန်းကုမ္ပဏီကြီးနှစ်ခုနှင့် ဒေါ်လာတစ်သန်းတန်ဖိုးရှိ သဘောတူရေးထိုးမှု တစ်ရပ်ပါပြုလုပ်ခဲ့ကြောင်းသိရသည်။

ထိုင်းနိုင်ငံ။ ။ ထိုင်းနိုင်ငံသည် အိမ်နီးချင်း မလေးရှားနိုင်ငံ၏ အကူအညီဖြင့် မွတ်ဆလင်အများစု နေထိုင်သော ထိုင်းတောင်ပိုင်းမှ ခွဲထွက်ရေးဝါဒီများက ဆွေးနွေးပြောဆိုရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားသည်။ ထိုင်းခွဲထွက်ရေးသမားများနှင့် ဆွေးနွေးပွဲကျင်းပနိုင်ရေးအတွက် မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာ အာမက်ဘာဒါဝီက ကြားဝင်ဆောင်ရွက်ပေးရန် ကမ်းလှမ်းချက်ကို ထိုင်းအစိုးရက ငြင်းဆိုခဲ့သည်။

ထိုင်းအာဏာသိမ်းစစ်တပ်က တင်မြှောက်ထားသော ဝန်ကြီးချုပ် ဆူရာယုချုလာနွန်သည် ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်က ဘန်ကောက်မြို့ ဝန်ကြီးချုပ် အဗ္ဗဒူလာနှင့် တွေ့ဆုံပြီးနောက်ပိုင်းတွင် သဘောထားပြောင်းလဲသွားပြီး မလေးရှားကို ကြားလူပုဏ္ဏားတိုင်ထား၍ ခွဲထွက်ရေးမွတ်ဆလင်များနှင့် ဆွေးနွေးပြောဆိုရန် အသင့်ရှိကြောင်း ပြောကြားခဲ့သည်။

ခွဲထွက်ရေးသောင်းကျန်းမှုပြဿနာသည် ဆူရာယုနှင့် အဗ္ဗဒူလာတို့ ဆွေးနွေးပွဲတွင် အဓိကခေါင်းစဉ်တစ်ရပ်အဖြစ် ပါဝင်လာခဲ့သည်။ ၂၀၀၄ ခုနှစ်မှစ၍ လူ ၁၉၀၀ ကျော် သေဆုံးခဲ့ပြီးဖြစ်သော ဤအကြမ်းဖက်မှုပြဿနာတွင် ထိုင်းနိုင်ငံအား ကူညီရန် အဗ္ဗဒူလာက ကတိပေးထားသည်။

ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ် အစိုးရလက်ထက်တွင် ထိုင်းနိုင်ငံတောင်ပိုင်းအကြမ်းဖက်သောင်းကျန်းမှုများနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာထိုင်းနိုင်ငံနှင့် မွတ်စလင်အများစုနေထိုင်သည့် မလေးရှားနိုင်ငံတို့ အကြား ဆက်ဆံရေးတင်းမာမှုများရှိခဲ့သည်။ သက်ဆင်ပြုတ်ကျပြီးနောက်ပိုင်းတွင် ဝန်ကြီးချုပ်သစ် ဆူရာယုက မလေးရှားနှင့် ဆက်ဆံရေးကောင်းမွန်ရန် ဦးစားပေးခဲ့ပြီး မငြိမ်မသက်ဖြစ်နေသော တောင်ပိုင်းနယ် သုံးခုကို ထိန်းချုပ်နိုင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်လာခဲ့သည်။


၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် ထိုင်းနိုင်ငံတောင်ပိုင်းရှိ တိုးမြှင့်ဖြစ်ပွားနေသည့် ခွဲထွက်ရေးသမားများ၏ ဆူပူသောင်းကျန်းမှုများသည် ထိုင်းအစိုးရအတွက် အလေးထားဖြေရှင်းရမည့် ဦးစားပေးပြဿနာဖြစ်ကြောင်း ဝန်ကြီးချုပ် ဆူရာယုချုလာနွန်က ပြောကြားသည်။ ထိုဒေသ၌ လျင်မြန်သော ငြိမ်းချမ်းရေးပြန်လည်ရရှိစေရေးအတွက် မိမိတို့ အားထုတ်သွားရန် လိုအပ်သဖြင့်၊ အမြန်ဆုံးဆောင်ရွက်သွားမည်ဟုငင်းက ဆက်လက်ပြောကြားသည်။

ထိုင်းနိုင်ငံ၏ မြို့တော် ဘန်ကောက်ရှိ ပြည်သူပိုင်တယ်လီဖုန်းစကားပြောရုံတွင် ၂၀၀၇ ခုနှစ်၊ မေလ ၅ ရက်နေ့ ညပိုင်းက ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ နိုင်ငံရေးပယောဂပါနေသည်ဟုယူဆရကြောင်း ထိုင်းနိုင်ငံခြားရေးဒုတိယဝန်ကြီး ဆာဝန်နစ်ကွန်ဆီရီက ပြောကြားသည်။

ထိုင်းဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံး၏ ဆုံးဖြတ်ချက်တစ်ရပ်မှာ ဆူပူမှုများဖြစ်ပေါ်လာပါက ဘန်ကောက်



ထိုင်းနိုင်ငံ လမ်းဘေးများတွင် တွေ့ရသော ရွေးကောက်ပွဲပိုစတာများ



ရွေးကောက်ပွဲတွင် အနိုင်ရရှိသွားသော ပီပီပီ-ပါတီမှ ခေါင်းဆောင်ယခုဝန်ကြီးချုပ်မစွတာစမတ်(ခ်)စွန်ထော်ရဲ့

ထိုရွေးကောက်ပွဲအတွက် ကြပ်မတ်ရန် ဥရောပသမဂ္ဂ (အီးယူ)က အဖွဲ့တစ်ဖွဲ့စေလွှတ်ရန် ကမ်းလှမ်းချက်အား ထိုင်းအစိုးရက ပယ်ချလိုက်သည်။ အဆိုပါ ကမ်းလှမ်းချက်အား လက်ခံနိုင်စရာအကြောင်းမရှိကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာနိတ်ရာပီဆူဆွန်ဂရန်က ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့ကပြောသည်။ အီးယူက အဖွဲ့ဝင် ၅၀၀ ပါဝင်သည့် ရွေးကောက်ပွဲကြီးကြပ်ရေးအဖွဲ့စေလွှတ်ရန် ထိုင်းရွေးကောက်ပွဲကော်မရှင်သို့ ကမ်းလှမ်းထားကြောင်း သိရသည်။

သို့သော် ထိုင်းနိုင်ငံတွင် ဒီဇင်ဘာလရွေးကောက်ပွဲကျင်းပပြီးသည့်တိုင် တိုင်းပြည်၏ နေရာအချို့၌ အရေးပေါ် အုပ်ချုပ်ရေးပြဋ္ဌာန်းမှုများ ဆက်လက်ချမှတ်ထားမည်ဖြစ်ကြောင်း စစ်တပ်အကြီးအကဲက စက်တင်ဘာလ ၂၂ ရက်နေ့က ပြောကြားသည်။

ထိုင်းနိုင်ငံ၌ ပူပြင်းခြောက်သွေ့သော ရာသီဥတုဖြစ်ပေါ်နေချိန်တွင် ဗန်ကောက်မြို့အနောက်တောင်ပိုင်း လေယာဉ်ကွင်းမှ လေယာဉ်လေးစင်းဖြင့် အမြင့်ပေ ၆၀၀၀ မှ မိုးတုရွာစေရန်ကရစ်စတလပ်လိုင်းပေါင်ဒါမှုန့်များကို ကြဲချသည်။

ထိုင်းနိုင်ငံ မိုးခေါင်မှုတိုက်ဖျက်ရေး လေကြောင်းအဖွဲ့ဖြစ်သော ရွိုင်ရယ်မိုးတုပြုလုပ်ရေးဗျူရိုတွင် တာဝန်ထမ်းဆောင်မည့် သူများကို ကြိုဆိုလျက်ရှိသည်။ ၂၀၀၇ မြို့တော်ကိုအရေးပေါ်အခြေအနေထုတ်ပြန်ရန်အဆင်သင့်ရှိနေကြောင်း ဝန်ကြီးချုပ် ဆူရာ ယုချူလာနွန်က ၂၀၀၇ ခုနှစ်၊ မေလ ၃၀ ရက်တွင် ပြောကြားသည်။

ထို့ပြင် ထိုင်းနိုင်ငံ၏ စီးပွားရေးသည် နိုင်ငံရေးတင်းမာမှုများကြောင့် ထိခိုက်နစ်နာနိုင်ကြောင်း ဘဏ္ဍာရေးဝန်ကြီးချာလောင်ဖို့ဆပ်ဆန်ကန်က ၂၀၀၇ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့တွင် ပြောဆိုသည်။

ယင်းနောက် ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် ထိုင်းနိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုမည့် ပြည်သူ့ဆန္ဒခံယူပွဲတွင် ပြည်သူများ မိမိနေရပ်မှ မဲပေးနိုင်ရန်အတွက် ဩဂုတ်လ ၂၀ ရက် (တနင်္ဂနွေ)ကိုပါရုံးပိတ်ရက်အဖြစ်သတ်မှတ်လိုက်သည်။ ဆန္ဒမဲကို မိမိနေရပ်မှာသာပေးရန် သတ်မှတ်ထားပြီး သန်းပေါင်းများစွာတို့သည် နေရပ်မှ ဝေးကွာသည့်နေရာများတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြရပြီး နေရပ်ပြန်မဲပေးရန် အချိန်လုံလောက်စေရေးအတွက် အချိန်သုံးရက်ရစေရန် ရုံးပိတ်ရက်တစ်ရက်တိုးပေးခဲ့ခြင်းဖြစ်ကြောင်း ထိုင်းအစိုးရက ကြေညာလိုက်ခြင်းဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်သူများက ဖွဲ့စည်းပုံသစ်သည် ရွေးကောက်ခံနိုင်ငံရေးသမားများ၏ အာဏာကို ကန့်သတ်ထားပြီး စစ်တပ်နှင့် အာဏာပိုင်အရာရှိများ၏ အခန်းကဏ္ဍကို တိုးမြှင့်ထားသည်ဟု ထောက်ပြခဲ့ကြသည်။ အာဏာသိမ်းစစ်တပ်နှင့် ဝန်ကြီးချုပ် ဆူရာယုချူလာနွန်တို့ ကတိပေးထားသည့်အတိုင်း အထွေထွေရွေးကောက်ပွဲများကို လာမည့် ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပနိုင်မည်ဟု မျှော်လင့်ရသည်။ မဲဆန္ဒရှင်များက ယခုအတည်ပြုပေးလိုက်သောဖွဲ့စည်းပုံအခြေခံဥပဒေသည် ၇၅ နှစ်ကာလအတွင်း ၁၈ ခုမြောက် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည်။

ထို့နောက် ထိုင်းနိုင်ငံတွင် လွန်ခဲ့သော ၂၀၀၆ ခုနှစ်က သက်ဆင်ရှင်နာဝပ်ထံမှ အာဏာသိမ်းပြီးနောက်ပိုင်းတွင် ပထမဦးဆုံး အထွေထွေရွေးကောက်ပွဲကြီးကို ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း ထိပ်တန်းရွေးကောက်ပွဲအရာရှိတစ်ဦးက ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့တွင် ကြေညာလိုက်ခြင်းဖြစ်သည်။

ခုနှစ်၊ မေလတွင် ကျင်းပသည့် သိပ္ပံပညာရှင်များနှင့် အစိုးရတာဝန်ရှိသူများ ဆွေးနွေးပွဲ၌ ကမ္ဘာကြီးပူနွေးမှုနှင့်ပတ်သက်သည့် မဟာစီမံကိန်းကို သဘောတူညီချက်မရရှိလျှင် ပိုမိုဆိုးရွားမှုဖြစ်လာနိုင်ကြောင်း သတင်းတွင် ဖော်ပြထားသည်။ ကုလသမဂ္ဂ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစီရင်ခံစာနှစ်စောင်ထွက်ပေါ်လာပြီးနောက် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်ခြင်းအား တိုက်ဖျက်နိုင်သည့် နည်းလမ်းများကို ကိုယ်စားလှယ်များက ရှာဖွေလျက်ရှိကြောင်း၊ ကမ္ဘာကြီးအနေဖြင့် တန်ဖိုးနည်းနည်းဖြင့် ပေးနိုင်မည့် နည်းလမ်းများရှိကြောင်း ပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့များက ဆိုသည်။

ထိုင်းနိုင်ငံသည် ကမ္ဘာ တွင် ဆန်နှင့် ရော်ဘာတို့ကို အများဆုံးတင်ပို့ရောင်းချ သောနိုင်ငံဖြစ်သည့်အတွက် ရာသီဥတုပြောင်းလဲမှုနှင့် မိုးခေါင်မှုတို့သည် စီးပွားရေးအတွက် အဓိကပြဿနာတစ်ရပ်ပင်ဖြစ်နေသည်။

ထိုင်းနိုင်ငံရှိ အမေရိကန်ဒေါ်လာ လေးဘီလီယံတန်ဖိုးရှိ သုဝဏ္ဏဘူမိ လေဆိပ်သစ်တွင် လေယာဉ်



ထိုင်းနိုင်ငံတွင်ပြုလုပ်သောဆူနာမီ နှစ်ပတ်လည်အခမ်းအနားတွင်သေဆုံးသွားသူများအတွက် ဆုတောင်းရန်လာရောက်ခဲ့ကြသောဆွေမျိုးသားချင်းများ

အဆင်းအတက်များပြားမှု သက်သာစေရန်နှင့်ပြည်တွင်းခရီးစဉ်များ ပြေးဆွဲရန်အတွက် မကြာခင်က ပိတ်ခဲ့သည့် ဗန်ကောက်ဒွန်မောင်းလေဆိပ်ကို ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးက ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်တွင် ပြောကြားသည်။ သုဝဏ္ဏဘူမိလေဆိပ်တွင် လေယာဉ်အဆင်းအတက်များပြားမှုကြောင့် ဒွန်မောင်းလေဆိပ်ကို ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ၎င်းလေဆိပ်တွင် ယာဉ်သွားလမ်းများနှင့် လေယာဉ်ပြေးလမ်းကွဲအက်နေပြီး လေယာဉ်နှင့် လေဆိပ်ကား တံတားပျက်နေကြောင်း၊ မည်သည့် အချိန်တွင် ပြင်ဆင်ပြီးမည်ဟု မသိနိုင်ဟုလည်း ဆက်လက်ပြောကြားသွားကြောင်းသိရသည်။

ထိုင်းဝန်ကြီးအဖွဲ့က လေကြောင်းသွားလာမှုအတွက် ဒွန်မောင်းနှင့် သုဝဏ္ဏဘူမိလေဆိပ်နှစ်ခုစလုံးကို အသုံးပြုသွားရန် ဆုံးဖြတ်ကြသည်။ ဒွန်မောင်းလေဆိပ်ကို ပြည်တွင်းခရီးစဉ်များအတွက်သာမက အပြည်ပြည်ဆိုင်ရာခရီးစဉ်များအတွက်ပါ အသုံးပြုသွားမည်ဟုသိရသည်။ လေကြောင်းလိုင်းများအနေဖြင့် ဒွန်မောင်းလေဆိပ်ကို ပြောင်းရွှေ့အသုံးပြုရာ၌ မသုံးမနေရသဘောမျိုးမဟုတ်ဘဲ၊ ဆန္ဒအလျောက်ပြောင်းရွှေ့သုံးစွဲခွင့်ပေးထားခြင်းသာဖြစ်သည်။ ထိုလေဆိပ်ကို လွန်ခဲ့သော နှစ်ပေါင်း ၉၂ နှစ်အချိန်ကစတင်၍ လေတပ်စခန်းအဖြစ် အသုံးပြုခဲ့ခြင်းဖြစ်သည်။ ယင်းလေဆိပ်ကို လာမည့် ၄၅ ရက်အတွင်း ပြန်လည်ဖွင့်လှစ်နိုင်မည်ဖြစ်သည်။

၂၀၀၄ ခုနှစ်က ဖြစ်ပွားခဲ့သည့် ဆူနာမီဒဏ်လွှိုင်းသဘာဝဘေးအန္တရာယ်ကျရောက်ပြီး ပြန်လည်ကောင်းမွန်လာခဲ့သော ဖူးခက်ကျွန်း၏ ခရီးသွားလုပ်ငန်းသည် လွန်ခဲ့သည့်နှစ်အတွင်းခရီးသည်ငါးသန်းအထိ လာရောက်ခဲ့ရာ ထိုင်းခရီးသွားလာရေးဌာန ဝင်ငွေ၏သုံးပုံတစ်ပုံခန့်အထိ ရှိခဲ့သည်။ ဖူးခက်ကျွန်း၏ ခရီးသွားလုပ်ငန်းသည် ခရီးသွားရာသီဖြစ်သည့် ၂၀၀၇ ခုနှစ် ကုန်ပိုင်းတွင် ပြန်လည်နိုးထလာနိုင်ပါလိမ့်မည်။

၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့တွင် ထိုင်းရဲတပ်ဖွဲ့က မူးယစ်ဆေးဝါးရောင်းဝယ် ဖောက်ကားသူ အမျိုးသမီးတစ်ဦးကို ဖမ်းဆီးပြီး အမ်ဖက်တမင်းဆေးလုံး ၁၆၀,၀၀၀ နှင့် ဘတ်ငွေ သန်း ၅၀ ခန့် တန်ဖိုးရှိ အိုက်စ်အမည်ရှိ မူးယစ်ဆေးဝါး ၁၄၅ ဂရမ်ကို ဗန်ကောက်မြို့တော်ရှိ ၎င်း၏ အိမ်ခန်းမ သိမ်းဆည်းရမိခဲ့သည်။ အရပ်ဝတ်ဖြင့် ရဲများသည် မက်သာဖက်တမင်းဟိုက်ဒရိုကလိုရိုက် ၃၀ ဂရမ် ဝယ်ယူရန်အတွက် အသက် ၃၅ နှစ်ရှိ ဗာရစ်ဆရာအမည်ရှိ အမျိုးသမီးတစ်ဦးကို ဆက်သွယ်ခဲ့ပြီးနောက် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု ဗန်ကောက်ရဲဌာနမှ အကြီးအကဲဖြစ်သူ အဒီဆွန်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။



အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မီးရှူးတိုင်ကို သယ်ဆောင်၍ ပါဝင်ဆင်နွှဲခဲ့သော ထိုင်းဘုရင့်မြေးတော်

၂၀၀၇ ခုနှစ်၊ မေလ ၁၃ ရက် နေ့က ဘင်္ကောက် ပင်လယ်အော်၌ ဖြစ်ပေါ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ထိုင်းနိုင်ငံမြောက်ပိုင်းပြည်နယ်များရှိ ရာပေါင်းများစွာသော နေအိမ်များနှင့် လယ်ကွင်းများ ရေလွှမ်းမိုးလျက်ရှိသည်။ ပီချစ်ပြည်နယ်တွင် ရေတိုက်စားမှုဒဏ်ကြောင့် ကွန်ကရစ်တံတားတစ်စင်းမှာ ပျက်စီးသွားကြောင်း သိရသည်။


ထိုင်းနိုင်ငံ မြောက်ပိုင်းဒေသ၌ လောင်ကျွမ်းလျက်ရှိသော တောမီးများ၏ အခြေအနေသည် ၂၀၀၇ ခုနှစ်၊ မတ်လ ဒုတိယပတ်တိုင်အောင် ထိန်းချုပ်နိုင်ခြင်းမရှိသေးဘဲဖြစ်နေရာ အနီးဝန်းကျင်ဒေသများသို့ပါ ကူးစက်လောင်ကျွမ်းလျက်ရှိသည်။ ယင်းဒေသနေ သက်ကြီးရွယ်အိုများမှာ အသက်ရှူခက်သည့်ဝေဒနာ၊ မျက်စိယားယံသည့် ဒုက္ခနှင့် လည်ချောင်းယောင်သည့် ရောဂါများကို ခံစားနေကြရသည်။ ယခုအခါ ယင်းတောမီးသည် ချင်းမိုင်ဒေသ၊ မဲ့ဖာလောင်ဒေသနှင့် မယ်ဆိုင်ဒေသများသို့ပါ ကူးစက်သွားသည်ဟုသိရသည်။

သိန်းဝင်းဇော်

ထွန်းမြတ်အေး (ခရစ် ၁၉၄၇–၂၀၀၇)။ ။

အမျိုးသားစာပေဆုရှင် ထွန်းမြတ်အေးကို အဘ နိုင်ငံတော်ကောင်စီဝင် ဗိုလ်မှူးထွန်းမြတ်၊ အမိ ဒေါ်အေးအေးမြင့်တို့က ၁၉၄၇ ခုနှစ်တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။ ကြည့်မြင်တိုင်အေတီအမ်၊ ပြင်ဦးလွင်ကိုးလ်ဂိတ်တို့တွင် ပညာသင်ကြားခဲ့ပြီး ၁၉၆၅ ခုနှစ်တွင် အ.ထ.က (၄) အလုံမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သည်။ ၁၉၇၁ ခုနှစ်တွင် သွားဘက်ဆိုင်ရာတက္ကသိုလ်မှ B.D.S ဘွဲ့ရရှိသည်။ ၂၀၀၂ ခုနှစ်တွင် မြန်မာနိုင်ငံ၊ ခရစ်ယာန်ဓမ္မတက္ကသိုလ်မှ ဘာသာရေးဆိုင်ရာ B.Min ဘွဲ့ရရှိသည်။

၁၉၇၃ ခုနှစ်တွင် ကျောင်းကျန်းမာရေးအဖွဲ့(လွိုင်ကော်)၌ စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ဓနုဖြူပြည်သူ့ဆေးရုံ၊ ညောင်တုန်းပြည်သူ့ဆေးရုံ၊ ရန်ကုန်ပြည်သူ့ဆေးရုံတို့၌ ၁၆ နှစ်တိုင် နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့သည်။



ထွန်းမြတ်အေး

၁၉၇၀ပြည့်နှစ်မှစတင်လျက် ဦးလေးဖြစ်သူ ဦးသန်းဖေ(မြန်မာ့အလင်းသတင်းစာ စာတည်းမှူး)၏ တိုက်တွန်းမှုဖြင့် ဘာသာရေးစာစောင်များဖြစ်သည့် မြန်မာ့တမန်၊ မေတ္တာတမန်စသည့် စာစောင်များတွင် စတင်ရေးသားခဲ့ပြီး "မိုးသောက်ယံကို ကြိုကြစို့"ဟူသောဆောင်းပါးကို မြန်မာ့အလင်းသတင်းစာတွင်ဆက်လက်ရေးသားသည်။ ၁၉၇၈ ခုနှစ်မှစ၍ စန္ဒာ၊ သွေးသောက်၊ လုံမလေး၊ မြဝတီ၊ သိပ္ပံ၊ သုတပဒေသာ၊ လုပ်သားဂျာနယ်စသည့် စာစောင်များတွင် ကဗျာ၊ စာညွှန့်၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်ဆောင်းပါး၊ ဝတ္ထုများရေးသားခဲ့သည်။

အမေရိကန်ရုပ်ရှင်မင်းသား မာလွန်ဘရန်ဒို၏ အတ္ထုပ္ပတ္တိ (Songs my mother Taught me) ကို "အမေ့ရင်မှ သံစဉ်များ" အမည်ဖြင့် လုံမလေး မဂ္ဂဇင်းတွင် (၈)လတိုင် အခန်းဆက်ဝတ္ထုရေးသားခဲ့သည်။ သန်လျင်ဖေသွင်နှင့် ပူးတွဲထုတ်ဝေသည့် "ထူးစွာပွင့်လန်းမေတ္တာပန်းဝတ္ထု၊ သည်လို့ငိုးသည်လေသည်ကမ်းခြေဝတ္ထုရှည်၊ စွဲမက်လက်ဆောင်ဘယ်အခါမျှ မမေ့ချင်ဝတ္ထုတိုပေါင်းချုပ်၊ "သင့်အတွက် ကျေးဇူးနှင့် ကရဏာတော်"၊ "ခေါင်းဆောင်မှုသည် အံ့သြဖွယ်" စသည့် စာအုပ်များ ရေးသားထုတ်ဝေခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် "ဇရာအိုကြီး" စာမူဖြင့် စာပေဗိမာန်ဘာသာပြန်စာမူ ပထမဆုရရှိခဲ့ပြီး ထိုစာအုပ်ဖြင့်ပင် ၂၀၀၀ ပြည့်နှစ် အမျိုးသားစာပေဆု (ဘာသာပြန်)ကို ရရှိခဲ့သည်။

နှစ်ခြင်းအသင်းချုပ်၊ ခရစ်ယာန်ဆက်သွယ်ရေးဌာန (CCD) တွင် ၁၉၉၄ ခုနှစ်မှစတင်ဝင်ရောက်ခဲ့ပြီး မေတ္တာကမ္ဘာလေလှိုင်းသံရေဒီယိုအစီအစဉ်တွင် "သင်သိအပ်သော သမ္မာကျမ်း" ကဏ္ဍကို ကိုယ်တိုင်ဘာသာပြန်ဆိုဟောပြောထုတ်လွှင့်ခဲ့ပြီး စာအုပ်၊ CD MP_3 တို့ဖြင့် ရောင်းချဖြန့်ချိခဲ့သည်။ ဗီဒီယိုဇာတ်လမ်း၊ စင်တင်ပြဇာတ်များလည်း ရေးသားခဲ့သည်။

ကလောင်အမည်ခွဲများမှာ ဇမြ၊ မြက်ညို၊ ထွန်းမြတ်အေး စသည်တို့ဖြစ်သည်။

ဒဂုံမြို့နယ်၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်၊ ဓနုဖြူမြို့နယ် စာပေလုပ်သားဒုတိယဥက္ကဋ္ဌ၊ ညောင်တုန်းမြို့နယ် စာပေလုပ်သား အမှုဆောင်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ မေတ္တာတမန်မဂ္ဂဇင်းသဘာပတိ၊ မြန်မာ့တမန်စာစောင်၏ စာတည်းမှူးချုပ်၊ နှစ်ခြင်းခရစ်ယာန်အသင်းချုပ် စာပေနှင့် ပုံနှိပ်ထုတ်ဝေရေးဌာန၊ အမှုဆောင်ကော်မတီဝင်၊ ရန်ကုန် Y.M.C.A ဘုတ်အဖွဲ့ဝင်စသည်ဖြင့် ဆောင်ရွက်ခဲ့သည်။

Burma Buptist Chronicle စာအုပ်ကို မြန်မာဘာသာပြန်ဆိုနေဆဲ၊ "မြနှင်းတို့ဝေသောအခါ" နှင့် "မြစ်ဝသဲနု" ဝတ္ထုနှစ်ပုဒ်ထုတ်ဝေရန်စီစဉ်ဆဲ ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ (၁၂) ရက် နံနက်တွင် ကွယ်လွန်သည်။

ဒေါ်အေးသန်း၊ ပါမောက္ခ (၁၉၃၅–၂၀၀၇)။ ။ ပညာရေးနှင့် စာပေလောကတွင် ပါမောက္ခ ဒေါ်အေးသန်းအမည်ဖြင့် ထင်ရှားသူ ဒေါ်အေးသန်းကို ၁၉၃၅ ခုနှစ်တွင် အဘ ဝတ်လုံတော်ရဦးကွန်း၊ အမိ ဒေါ်အေးတို့မှ ဓနုဖြူမြို့တွင် မွေးဖွားသည်။ ၁၉၅၄ ခုနှစ်တွင် ရန်ကုန်မြို့ စိန်မေရီဒိုင်အိုစီစင်မိန်းကလေးကျောင်း



ပါမောက္ခ ဒေါ်အေးသန်း

မှ (အိပ်ချ်အက်စ်အက်ဖ်)နှင့် ၁၀ တန်းစာမေးပွဲကို ပထမဆင့်၊ ပထဝီဝင်ဂုဏ်ထူးဖြင့် အောင်မြင်သည်။ ၁၉၅၅–၅၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဥပစာအထက်တန်းကို အထူးအောင်မြင်သည်။ ၁၉၅၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ဝိဇ္ဇာဂုဏ်ထူးဘွဲ့ (စိတ်ပညာ)ကို ဆွတ်ခူး၍ စိတ်ပညာပထမဆုအတွက် တက္ကသိုလ်ရွှေတံဆိပ်ဆုချီးမြှင့်ခြင်းခံရသည်။ ၁၉၆၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၊ မဟာဝိဇ္ဇာဘွဲ့ (စိတ်ပညာ)ကို ဆွတ်ခူး၍ ပထမရသည်။

၁၉၅၉ ခုနှစ်မှစ၍ ရန်ကုန်တက္ကသိုလ်စိတ်ပညာဌာန၊ (၁၉၆၄–၆၇)ခုနှစ်တွင် မန္တလေးတက္ကသိုလ်၊ စိတ်ပညာဌာနတို့တွင်နည်းပြအဆင့်မှရာထူးအဆင့်ဆင့်တက်ကာ ၁၉၈၅ မှ ၁၉၉၅ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနပါမောက္ခအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၈၇–၈၈ ခုနှစ်တွင်အမေရိကန်ပြည်ထောင်စုသို့ အကြီးတန်းသုတေသနပညာတော်သင် (စိတ်ပညာ)အဖြစ် သွားရောက်ခဲ့သည်။

၁၉၉၅–၉၈ ခုနှစ်တွင် တို့ကျောင်းသား၊ မြဝတီမဂ္ဂဇင်းတို့တွင် စိတ်ပညာဆောင်းပါးများ ရေးသားခဲ့ပြီး ၁၉၉၈ ခုနှစ်မှစ၍ Life Style၊ တူဒေးစာစုံမဂ္ဂဇင်း၊

၂၀၀၁ ခုနှစ်မှစ၍ ဒီဃာယု၊ (Myanmar Health) မဂ္ဂဇင်းတို့၌ ဆောင်းပါးများ ရေးသားခဲ့သည်။ မိဘကောင်းတို့ ရင်သွေးပြုစုပျိုးထောင်နည်းစာအုပ်ဖြင့် (၂၀၀၀)ပြည့်နှစ်အမျိုးသားစာပေဆုနှင့် အပျိုလူပျို အကြိုးနှစ်များ (၂၀၀၁)ခုနှစ်ဘာသာပြန်စာအုပ်တို့ကို ထုတ်ဝေခဲ့ပြီးဖြစ်သည်။

၂၀၀၁ ခုနှစ်တွင် စာပေဗိမာန်ဘာသာပြန်စာပေ (ပထမ)ဆုကို 'ရောင်စုံယုက်သန်းယဉ်ကျေးမှုသဘင်ဆန်းများ'စာမူဖြင့် ရရှိခဲ့သည်။

ရန်ကုန်တက္ကသိုလ်စိတ်ပညာဌာနဒု ဂုဏ်ထူးဆောင် ပါမောက္ခအဖြစ် အမှုထမ်းခဲ့ပြီး အမှတ်-၃၊ ၂၀၁ ခပေါင်းအိမ်ရာ၊ လှိုင်မြို့နယ်တွင် နေထိုင်ရာ ၁၆-၁-၂၀၀၇ ရက်နေ့တွင် ကွယ်လွန်သည်။

အမည်ရင်းမှာ ဒေါအေးသန်းဖြစ်သည်။

ချိုမြနွယ်

နာဂဝံသ၊ ဘဒ္ဒန္တ (မြန်မာ ၁၂၇၈-၁၃၆၉)။ ။ ဝေဠုဝန်နိကာယဂိုဏ်းသာသနာပိုင်အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတဆရာတော်ကြီး ဘဒ္ဒန္တနာဂဝံသကို ခမည်းတော် ဦးဘိုးသင်း၊ မယ်တော် ဒေါစောတို့က ၁၂၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်နေ့တွင် မြောင်းမြမြို့နယ်၊ ကွမ်းခြံကြီးကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်ကြီးသည် ၁၂၉၃ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်နေ့တွင် ပုသိမ်မြို့ ဝေဠုဝန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသာဂရကို ဥပဇ္ဈာယ်ပြု၍ ဒေါသက်ပု၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူသည်။ ၁၂၉၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်နေ့တွင် ပုသိမ်မြို့ ဝေဠုဝန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသာဂရကို ဥပဇ္ဈာယ်ပြု၍ ပုသိမ်မြို့နယ် သလပ်ခွာကျေးရွာနေ ဦးမောင်ကြီး၊ ဒေါဒန်းတို့၏ ပစ္စယာနုဂ္ဂဟဖြင့် သလပ်ခွာကျေးရွာကျောင်းခဏ္ဍသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော်ဘဒ္ဒန္တနာဂဝံသသည် ပုသိမ်မြို့ ဝေဠုဝန်ကျောင်းတိုက်ဆရာတော်၊ မြောင်းမြမြို့ ပဒ္ဓောတာရုံကျောင်းတိုက်ဆရာတော်၊ မန္တလေးမြို့ မဟာ



ဘဒ္ဒန္တ နာဂဝံသ

ဝိသုဒ္ဓါရုံတိုက်သစ်ဆရာတော်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်ဆရာတော်စသော ဆရာတော်ကြီးများထံတွင် ပိဋကတ်ကျမ်းစာ၊ ပါဠိအဋ္ဌကထာဋီကာများ သင်ယူဆည်းပူးတော်မူ၍ ဓမ္မာစရိယစာမေးပွဲကို အောင်မြင်တော်မူသည်။

ဆရာတော်ကြီးသည် ပုသိမ်မြို့ ဝေဠုဝန်ကျောင်းတိုက်၊ မြောင်းမြမြို့ ပဒ္ဓောတာရုံကျောင်းတိုက်၊ ရန်ကုန်မြို့ သရက်တောကျောင်းတိုက်တို့၌ တပည့်ရဟန်းသာမဏေများအား ပရိယတ္တိစာပေများသင်ကြားပို့ချတော်မူ၍လည်းကောင်း၊ သီရိလင်္ကာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဗျပန်နိုင်ငံတို့သို့ ကြွရောက်သာသနာပြုတော်မူ၍လည်းကောင်း၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ သင်္ဃိတိကာရက ပါဠိပဋိဝိသောဓကအဖြစ် ဆောင်ရွက်တော်မူ၍လည်းကောင်း၊ ပုသိမ်မြို့ရှိ တန်ခိုးကြီးဘုရားစေတီဂေါပကအဖွဲ့များ၏ ဩဝါဒါစရိယအဖြစ်ဆောင်ရွက်တော်မူ၍လည်းကောင်း၊ ဧရာဝတီတိုင်းသံဃနာယကအဖွဲ့(ဝေဠုဝန်) ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူ၍လည်းကောင်း၊ ဝေဠုဝန်နိကာယဂိုဏ်းသာသနာပိုင်အဖြစ် ဆောင်ရွက်တော်မူ၍လည်းကောင်းသာသနာရေးတာဝန်များ ဆောင်ရွက်တော်မူသည်။

သာသနာတော်အကျိုးသယ်ပိုးထမ်းဆောင်တော်မူ၍ လဇ္ဇီပေသလ၊ သိက္ခာကာမစသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော် ဘဒ္ဒန္တနာဂဝံသအား

နိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ၁၉၉၁ ခုနှစ်တွင်လည်းကောင်း၊ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကို ၂၀၀၆ ခုနှစ်တွင်လည်းကောင်း ဆက်ကပ်လှူဒါန်းပူဇော်သည်။

ဝေဠုဝန်နိကာယဂိဏ်းသာသနာပိုင်၊ ဇရာဝတီတိုင်း သံဃနာယကအဖွဲ့ (ဝေဠုဝန်)ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတဆရာတော်ကြီးဘဒ္ဒန္တနာဂဝံသသည် သာသနာတော်အကျိုးသယ်ပိုးထမ်းဆောင်တော်မူရင်း ၁၃၆၉ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်နေ့တွင် သီတင်းသုံးတော်မူရာ ပုသိမ်မြို့ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသည်။


စိုးအောင်နိုင်ငံ။ ။ နိုပေါနိုင်ငံတွင် တွေ့ရှိထားသော ခန့်မှန်းခြေသစ်ပင်မျိုး ၇၀၀၀ အနက် ၁၇၉၂ မျိုးမှာ ရိုးရာ သို့မဟုတ် ခေတ်မီဆေးဝါးဖော်စပ်ရာ၌ တစ်နည်းမဟုတ်တစ်နည်း အသုံးပြုနိုင်ကြောင်း နိုင်ငံပိုင် သတင်းဓနန်နဝါရိုလ ၃ ရက်နေ့တွင် ဖော်ပြသည်။

နိုပေါနိုင်ငံ အနောက်ပိုင်းဒေသများမှ ရရှိသော ရေနံနမူနာများကို စမ်းသပ်စစ်ဆေးမှု ပြုလုပ်ရန် စကော့တလန်နိုင်ငံသို့ ပို့ထားကြောင်း ဒေသခံ သတင်းစာများက မေလ ၁ ရက်နေ့တွင် ရေးသားဖော်ပြသည်။ ယင်းနမူနာများကို စကော့တလန်ရှိ ကိုင်ရင်တင်အင် ပဉ္စလိက ကုမ္ပဏီသို့ ပေးပို့ထားပြီး ကျွမ်းကျင်သူများက ဓာတ်ခွဲခန်းစမ်းသပ်မှုများ ပြုလုပ်ကြမည်ဟု သတ္တုတွင်းနှင့် ဘူမိဗေဒလက်အောက်ရှိဓာတ်ဆီစူးစမ်းရေးစီမံကိန်းအကြီးအကဲဘာဘုရင်ဂျာဘာရယ်ကပြောကြားသည်။

နိုပေါနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့က နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးအရာရှိများ ဆွေးနွေးပွဲ၌ ဆုံးဖြတ်ချက်ချခဲ့ကြောင်း အမျိုးသားသတင်းဌာနက ဇူလိုင်လ ၁ ရက်နေ့တွင် သတင်းထုတ်ပြန်သည်။ ယင်းဆွေးနွေးပွဲကို နိုပေါနိုင်ငံ၌ ဇွန်လ ၃၀ ရက်နေ့က ကျင်းပခဲ့သည်။ အခြားနိုင်ငံအတွင်း ခိုလှုံလျက်ရှိသော ပြစ်မှုကျူးလွန်သူများနှင့်ပတ်သက်သော သတင်းရှာဖွေခြင်းနှင့် ဖလှယ်ခြင်း၊ နယ်စပ်ကျောက်တိုင်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် တရားမဝင်နယ်စပ် မှောင်ခိုဖြတ်သန်းမှုကို စစ်ဆေးခြင်း ပြုလုပ်သွားရန် နှစ်နိုင်ငံသဘောတူညီခဲ့ကြသည်။

နိုပေါနိုင်ငံ၏ အကြီးဆုံးရေအားလျှပ်စစ်စီမံကိန်းကို နိုဝင်ဘာလတွင် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ဇူလိုင်လ ၁၂ ရက်နေ့တွင် ပြောကြားသည်။ နိုပေါနိုင်ငံ ဒိုတီခရိုင်တွင် ရေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းဆောင်ရွက်ရန် ဝက်ဆက်တီဟိုက်ဒရိလီမီတက်က ကန်ထရိုက်ရရှိသည်။ ယင်းကုမ္ပဏီမှာ နှစ် ၃၀ သက်တမ်းရှိ ကန်ထရိုက်လုပ်ငန်းကို အကောင်အထည်ဖော်မည်ဖြစ်သည်။ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရေးလုပ်ငန်းမှာ ၂၀၀၃ ခုနှစ်တွင် ပြီးစီးမည်ဟု မျှော်လင့်ရကြောင်း ယင်းကုမ္ပဏီ ဦးဆောင်ညွှန်ကြားရေးမှူး ဝီလျံဘူတီကျူးက ပြောကြားသည်။ ဝက်ဆက်တီမြစ်ကို အသုံးပြု၍ မဂ္ဂါဝပ် ၅၅၀ ထုတ်လုပ်ပေးနိုင်သော ရေအားလျှပ်စစ်စက်ရုံကို တည်ဆောက်မည်ဖြစ်သည်။ အိန္ဒိယနိုင်ငံ၌ လျှပ်စစ်မတ်အားဖြန့်ဖြူးရေးကော်ပိုရေးရှင်းမှာ နိုပေါအစိုးရနှင့် လျှပ်စစ်မတ်အားရောင်းဝယ်ရေးဆိုင်ရာသဘောတူညီချက်တစ်ရပ်ကို ရရှိခဲ့သည်။ ယင်းသဘောတူညီချက်အရ အိန္ဒိယနိုင်ငံရှိ နယ်စပ်ပြည်နယ်များသို့ လျှပ်စစ်မတ်အားဖြန့်ဖြူးရောင်းချနိုင်မည်ဖြစ်သည်။ ရေအားလျှပ်စစ်မတ်အားစက်ရုံတည်ဆောက်ခြင်းမှာ ယင်းသဘောတူညီချက်၏ တစ်စိတ်တစ်ဒေသအရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။ ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းမှာ အစုစပ်လုပ်ငန်းဖြစ်ပြီး၊ အိန္ဒိယကုမ္ပဏီများနှင့် နိုပေါအစိုးရတို့က အစုရှယ်ယာများကို မျှဝေပိုင်ဆိုင်ကြသည်။

နိုပေါနိုင်ငံ၏ ရေအားလျှပ်စစ်စီမံကိန်းတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်နိုင်ရန် လျှပ်စစ်စွမ်းအား ၂၀၀၇ အမည်ရှိ ထိပ်သီးဆွေးနွေးပွဲကို မြို့တော်ခတ္တမန္ဒုတွင် စက်တင်ဘာလ ၁၇ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ ဒေသဆိုင်ရာနှင့် ပြည်ပမှ ကုမ္ပဏီများအပါအဝင် ကမ္ဘာတစ်ဝန်းရှိ တာဝန်ရှိ ပုဂ္ဂိုလ် ၂၀၀ ကျော်က ယင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးကြသည်။ဆွေးနွေးပွဲကျင်းပရသော ရည်ရွယ်ချက်မှာ နိုပေါနိုင်ငံ၏ ရေအား



နီပေါနိုင်ငံရှိ စူဠာမဏိစေတီတော်

လျှပ်စစ်စီမံကိန်းများတွင် ပြည်ပမှရင်းနှီးမြှုပ်နှံမှုများတိုးတက်လာစေရေးအတွက် ဖြစ်သည်ဟုဆိုသည်။ ကမ္ဘာတစ်ဝန်းရှိ အစိုးရအဖွဲ့အသီးသီးနှင့် အိန္ဒိယ၊ ဩစတြေးလျနှင့် နော်ဝေနိုင်ငံတို့မှ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များကလည်း ဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။ အိန္ဒိယနိုင်ငံမှ စွမ်းအင်ကုမ္ပဏီ၊ နီပေါဘဏ်လုပ်ငန်းရှင်များအသင်းနှင့် နီပေါစွမ်းအင်ထုတ်လုပ်ရေးအဖွဲ့တို့က ပူးတွဲကြီးမှူးကျင်းပသော ယင်းဆွေးနွေးပွဲကို သုံးရက်တိုင်တိုင် ကျင်းပခဲ့သည်။

တောင်ကိုရီးယားအစိုးရက အလုပ်သမားဈေးကွက်အတွင်းသို့ နီပေါလူမျိုးအလုပ်သမားများ ဝင်ရောက်လာနိုင်စေရန် အခွင့်အလမ်းပေးမည်ဖြစ်ကြောင်း ဖေဖော်ဝါရီလ ၂ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။ နိုင်ငံတကာ အလုပ်သမားနေ့ကို ဂုဏ်ပြုသည့် အနေဖြင့် နီပေါနိုင်ငံရှိ အသေးစားဟိုတယ်နှင့် စားသောက်ဆိုင်အလုပ်သမားများအသင်းမှ အဖွဲ့ဝင် နီမာဒိုရီရှားပါးမှာ မေလ ၁ ရက်နေ့တွင် ဧဝရက်တောင်ထိပ်သို့ တက်ရောက်မည်ဖြစ်ကြောင်း၊ ယင်းသို့တက်ရောက်ခြင်းမှာ နီပေါနိုင်ငံရှိ အလုပ်သမားများကို ကိုယ်စားပြုခြင်းဖြစ်ကြောင်း၊ အမျိုးသားသတင်းဌာနက ဧပြီလ ၁၁ ရက်နေ့တွင် ဖော်ပြသည်။ ကမ္ဘာ့အမြင့်ဆုံးတောင်ထိပ်သို့ အလုပ်သမားများလည်း တက်ရောက်နိုင်သောစွမ်းရည်ရှိကြောင်းပြသရန် ဧဝရက်တောင်ထိပ်သို့ ရှားပါးတက်ရောက်မည်ဖြစ်ကြောင်း ဧပြီလ ၁၁ ရက်နေ့သတင်းစာရှင်းလင်းပွဲတွင် ကြေညာခဲ့သည်။ နီပေါအလုပ်သမားများအသင်းကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ထိတွေ့မှုရှိစေရန် ဧဝရက်တောင်ထိပ်သို့ တက်ရောက်မည်ဖြစ်ကြောင်း အသက် ၂၁ နှစ်အရွယ်ရှိ ရှားပါးကပြောကြားသည်။

နီပေါနိုင်ငံတကာအလုပ်သမားဈေးကွက်တွင် အလုပ်အကိုင်နေရာ ထောင်ပေါင်းများစွာကို လက်လွတ်ဆုံးရှုံးနေကြောင်း ပြည်ပအလုပ်သမားခန့်ထားရေးဌာနများက စက်တင်ဘာလ ၇ ရက်နေ့တွင် ပြောကြားသည်။ နိုင်ငံတကာ အလုပ်သမားဈေးကွက်တွင် ကျွမ်းကျင်လုပ်သားလိုအပ်ချက်ကြီးမားနေသော်လည်း မိမိတို့ နိုင်ငံတွင် ကျွမ်းကျင်လုပ်သား နည်းပါးမှုကြောင့် ပြည်ပအလုပ်အကိုင်အခွင့်အရေးများ နစ်နာဆုံးရှုံးနေသည်ဟု နီပေါပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများအသင်း အထွေထွေအတွင်းရေးမှူး ဟန်ဆာရပ်ဂျီဝေယ်ကပြောကြားသည်။ သို့ရာတွင် နီပေါနိုင်ငံအနေဖြင့် ကျွမ်းကျင်လုပ်သား ၂၀ ရာခိုင်နှုန်းခန့်သာ အလုပ်ခန့်ထားပေးခဲ့ကြောင်း ဝေယ်ကပြောကြားသည်။ ပြည်ပအလုပ်သမားဈေးကွက်တွင် နီပေါနိုင်ငံ ဆုံးရှုံးနစ်နာနေရပြီး နီပေါနိုင်ငံမှ စေလွှတ်ပေးရန် ကမ်းလှမ်းခံရသော အလုပ်အကိုင်နေရာ ၅၀ ရာခိုင်နှုန်းခန့်မှာ ကျွမ်းကျင်လုပ်သားများနှင့် သက်ဆိုင်ကြောင်း ပြည်ပကုမ္ပဏီအများစုက ကျွမ်းကျင်လုပ်သားရရှိရေးအတွက် အိန္ဒိယနှင့် ဖိလစ်ပိုင်နိုင်ငံတို့ ဘက်သို့ ဦးလှည့်သွားကြောင်း ဝေယ်က ဆက်လက်ပြောကြားသည်။

နီပေါနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် ခတ္တမန္ဒုရှိ နိုင်ငံတကာလေဆိပ်၌ ဖမ်းဆီးရမိသော ငှက် ၂၄၅ ကောင်ကို သုတ်သင်လိုက်ကြောင်း ဟိမဝန္တာတိုင်းစ် သတင်းစာက မတ်လ ၃၀ရက်နေ့တွင် ရေးသားဖော်ပြသည်။

နီပေါနိုင်ငံ ခတ္တမန္ဒုမြို့ရှိ လက်လီဆေးဆိုင်များ၏ ၁၄ ရာခိုင်နှုန်းတွင် ဆေးဝါးအုပ်ချုပ်ရေးအဖွဲ့-

ဒီဒီအေ၏ မှတ်ပုံတင် မပြုလုပ်ရသေးသော အဆင့်မမီသည့် ဆေးဝါးများကို ရောင်းချနေကြောင်း ဧပြီလ ၄ ရက်နေ့တွင် ဆင်ဟွာသတင်းဌာန ဖော်ပြသည်။ နီပေါဆေးဝါးအာဏာပိုင်အဖွဲ့ ဒီဒီအေက ဆေးဝါးဆိုင် ၂၀၆ ဆိုင်ကို ၂၀၀၆ ခု ဘဏ္ဍာရေးနှစ်၏ ပထမရှစ်လအတွင်း စစ်ဆေးခဲ့ရာ ဆိုင် (၂၂)ဆိုင်က အစိုးရထံ မှတ်ပုံမတင်ရသေးသော ဆေးဝါးများကို ရောင်းချနေသည်ဟု သတင်း တွင် ဖော်ပြသည်။

နီပေါနိုင်ငံ အလယ်ပိုင်းဌိ စက်တင်ဘာလ ညနေပိုင်းမှစ၍ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွား၍ လူသုံးဦး ထက်မနည်း သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာများက သတင်းဖော်ပြကြသည်။

အိန္ဒိယနယ်စပ်ဒေသနှင့် ထိစပ်နေသော နီပေါတောင်ပိုင်းမြို့ကြီးငါးမြို့နှင့် ဆက်သွယ်သော ရထားလမ်းများကို ဖောက်လုပ်သွားရန် စီစဉ်လျက်ရှိကြောင်း ဟိမဝန္တာတိုင်းစ်သတင်းစာက ဧပြီလ ၈ ရက်နေ့တွင် ရေးသားဖော်ပြသည်။ နီပေါနိုင်ငံရှိ မြို့ကြီးများနှင့် ရထားပို့ဆောင်ရေးလုပ်ငန်းတိုးချဲ့ရန် အိန္ဒိယရထားလုပ်ငန်းအောက်ရှိ နည်းပညာနှင့် စီးပွားရေးဌာနက ထုတ်ပြန်သော အစီရင်ခံစာတွင် အတည်ပြုထားကြောင်း အထက်တန်းတာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။ နီပေါမြို့ကြီးများနှင့် ဆက်သွယ်သော ရထားခရီးစဉ်များ တိုးချဲ့ရေးဆိုင်ရာ လေ့လာမှုကို မကြာမီစတင်မည်ဟု ဆိုသည်။

တောင်တက်သမားများမှ ဟိမဝန္တာတောင်တက်ရန် ၂၀၀၆ ခုနှစ် နွေဦးကာလတွင် နီပေါနိုင်ငံသို့ ရောက်ရှိခဲ့ကြသည်။ မတ်လလယ်မှ မေလအထိ ဟိမဝန္တာတောင်တက်ရန် အကောင်းဆုံးလဖြစ်ကြောင်း၊ ယခုအချိန်အထိ ဟိမဝန္တာနှင့် အခြားတောင်များသို့ တက်ရောက်ရန် ခွင့်ပြုချက်ရထားသော အဖွဲ့ ၅၇ ဖွဲ့ရှိပြီဖြစ်ပြီး ၂၂ ဖွဲ့မှာ ဧဝရက်တောင်ပေါ်သို့တက်ရောက်ကြမည်ဟုယဉ်ကျေးမှုဝန်ကြီးဌာန ခရီးသွားလာရေးဌာနလက်အောက်ရှိ ခရီးသွားဌာနက ပြောကြားသည်။ ယင်းဦးရေမှာ ယခင်နှစ် နွေဦးပေါက်ကာလက ထုတ်ပြန်သော စာရင်းထက်များသည်ဟု ယင်းဝန်ကြီးဌာနက ပြောကြားသည်။

နီပေါနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအခြေအနေပြန်လည်ကောင်းမွန်လာမှုကြောင့် လေကြောင်းဖြင့်ခရီးသွားလာသော နိုင်ငံတကာခရီးသည်များ များပြားလာခဲ့ပြီး နီပေါခရီးသွားလုပ်ငန်းကဏ္ဍတွင် ထူးထူးခြားခြား တိုးတက်မှုရှိလာကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။ လေကြောင်းလမ်းမှ လာသောခရီးသည် ဦးရေမှာ ၂၀၀၆ ခုနှစ် ဧပြီလနှင့် နှိုင်းယှဉ်ပါက ၂၀၀၇ ခုနှစ်၊ ဧပြီလတွင် ၇ ဒသမ ၈ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်ဟု နိုင်ငံတကာစရစ်ဟူဗန်လေဆိပ်၌ လူဝင်မှုကြီးကြပ်ရေးရုံးက စာရင်းဇယားထုတ်ပြန်သည်။ ဧပြီလတွင် ခရီးသည်စုစုပေါင်း ၃၃,၀၂၄ ဦး နီပေါနိုင်ငံသို့ လာရောက်ခဲ့ကြရာ ၂၀၀၂ ခုနှစ်နောက်ပိုင်း ဧပြီလအတွင်း လေကြောင်းခရီးသည်ဦးရေမှာ စံချိန်တင်လောက်သည်အထိ များပြားခဲ့သည်။ ၂၀၀၆ ခုနှစ် အလားတူကာလတွင် ခရီးသည် ၁၈,၄၆၅ဦးလာရောက်ခဲ့သည်။ ယင်းသို့ လာရောက်လည်ပတ်သော ခရီးသည်များတွင် နီပေါနိုင်ငံမြောက်ဘက်နှင့် တောင်ဘက်ဒေသ နိုင်ငံများမှ ခရီးသည်များပါဝင်ခဲ့သည်။ တရုတ်ခရီးသည်ဦးရေမှာ ၂၆၇ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး အိန္ဒိယခရီးသည်ဦးရေမှာ ၁၀၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။

နီပေါနိုင်ငံသည် အိန္ဒိယနှင့် ဘူတန်နိုင်ငံတို့ကို ကျော်လွန်ပြီးကမ္ဘာပေါ်တွင်ဟာလာစေ့ထုတ်လုပ်တင်ပို့မှုအများဆုံးနိုင်ငံဖြစ်လာကြောင်း ဒေသဆိုင်ရာ သတင်းဌာနက အောက်တိုဘာလ ၃၀ ရက်နေ့တွင် ဖော်ပြသည်။ ကမ္ဘာတစ်ဝန်းတွင် ဟာလာစေ့ကုန်သွယ်မှု၏ ၅၀ ရာခိုင်နှုန်းမှာ နီပေါနိုင်ငံမှ တင်ပို့ခြင်းဖြစ်သည်ဟု ဂျီနီဗာ အခြေစိုက် နိုင်ငံတကာကုန်သွယ်ရေးဌာနမှ ထုတ်ပြန်ချက်ကို ဒေသဆိုင်ရာသတင်းဌာနက ဖော်ပြသည်။ ၂၀၀၅ – ၂၀၀၆ ခုနှစ်တွင် နီပေါ၊ အိန္ဒိယနှင့်ဘူတန်နိုင်ငံတို့က ဟာလာစုစုပေါင်း ၁၂,၈၃၂ တန် ထုတ်လုပ်ခဲ့ကြောင်း၊ မကြာမီက ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။ နီပေါနိုင်ငံမှာ ပြည်တွင်းဟာလာစေ့ထုတ်လုပ်မှုစုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းကို ပြည်ပသို့ တင်ပို့ခဲ့သည်။ ယင်းထုတ်ကုန်များကို အိန္ဒိယ၊ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ ပါကစ္စတန်၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ ဟောင်ကောင်၊ အာဖဂန်နစ္စတန်နှင့် အမေရိကန်ပြည်ထောင်စုသို့ တင်ပို့ခဲ့သည်။

နီပေါနိုင်ငံ

နီပေါနိုင်ငံအနောက်ပိုင်းတွင် မုတ်သုံမိုးသည်းထန်စွာရွာသွန်းမှုနှင့်အတူ မြေပြိုမှုများဖြစ်ပွားခဲ့ရာ ၂၆ ဦး ထက်မနည်း သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ဇူလိုင်လ ၁၅ ရက်နေ့တွင် ပြောကြားသည်။ ခတ္တမန္ဒူ မြို့၏ အနောက်ဘက်ကိလိုမီတာ ၁၈၀ အကွာ ဘက်လန်းခရိုင်ရှိ ဂွာလီချာကျေးရွာတွင် မြေပြိုမှုကြောင့် ၂၁ ဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ အုပ်ချုပ်ရေးမှူးက ပြောကြားသည်။ မြေပြိုမှုကြောင့် ခြောက်ဦးပျောက်ဆုံးနေရာ သေဆုံးသည်ဟု ယူဆရသည်ဟု ဆိုသည်။ကြည်းတပ်ရဟတ်ယာဉ်များက ကယ်ဆယ်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း မြေပြိုမှုကြောင့် နေအိမ်ခုနစ်လုံးပျက်စီးခဲ့ရကြောင်း အုပ်ချုပ်ရေးမှူးက ပြောကြားသည်။ ဘာဂျုရာခရိုင်ဘာတိုလာကျေးရွာတွင် မြေပြိုမှုကြောင့် ငါးဦးသေဆုံးကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။

နီပေါနိုင်ငံတောင်ပိုင်းလွင်ပြင်ဒေသများတွင်မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးလျက်ရှိပြီး ရေဘေးကြောင့် လေးဦးသေဆုံးကြောင်း ဇူလိုင်လ ၂၉ ရက်နေ့က ဆင်ဟွာသတင်းဌာနတွင် ဖော်ပြသည်။ နိုင်ငံအရှေ့ပိုင်း ဖွံ့ဖြိုးဒေသရှိ မော်ရန်ခရိုင် ဘာနီဂါမာမြို့တွင် အသက် ၅၀ အရွယ် အမျိုးသမီးတစ်ဦး တူးမြောင်းအတွင်းမျောပါကာ သေဆုံးခဲ့သည်။ ဒါနုရှားခရိုင်တွင် ရေလွှမ်းမိုးမှုကြောင့် နေအိမ်တစ်လုံးပြိုကျခဲ့ပြီး အမျိုးသမီးတစ်ဦးသေဆုံးခဲ့သည်။ နီပေါအလယ်ပိုင်း ဖွံ့ဖြိုးရေးဒေသရှိ မာဟော့တာရီခရိုင်နှင့် ရာမာချာဟတ်ခရိုင်တို့တွင် ရေလွှမ်းမိုးမှုကြောင့် မြေပြိုမှုဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံးခဲ့သည်။

နီပေါနိုင်ငံ အနှံ့အပြားတွင် မိုးရွာသွန်းမှုကြောင့် စိုက်ပျိုးမြေဟတ္တာဇက ၁၀၀,၀၀၀ ခန့် ရေလွှမ်းပြီး နီပေါရူပီငွေ သန်းပေါင်းများစွာ တန်ဖိုးရှိသော အိုးအိမ်များ ပျက်စီးသွားကြောင်း စိုက်ပျိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနက သြဂုတ်လ ၉ ရက်နေ့တွင် ပြောကြားသည်။ ရေလွှမ်းခြင်းကြောင့် စိုက်ပျိုးရေးထွက်ကုန် နီပေါရူပီငွေ ၁၅၆ သန်း (ဒေါ်လာ ၂ ဒသမ ၇ သန်း) ဖိုး ဆုံးရှုံးခဲ့ သည်ဟု စိုက်ပျိုးရေးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ အလားတူဒေသတွင် ကြက်ခြေ ၅၀ ရေလွှမ်းသွားရာ ကြက်ကောင်ရေ ၃၀,၀၀၀၊ ဆိတ်ကောင်ရေ ၁၂,၀၀၀၊ သေဆုံးပြီး စားကျက်မြေဟတ္တာဇက ၈၀ ခန့် ရေလွှမ်းသွားကြောင်း၊ သတင်းစာ၌ ပါရှိသည်။ ရေဘေးဒဏ်ခံ ပြည်သူများကို အထောက်အပံ့ပေးရန် အစိုးရက စီစဉ်လျက်ရှိသည်။

နီပေါနိုင်ငံ အနောက်ပိုင်း ဆာဒီယာခရိုင်ရှိ ကျေးရွာအချို့တွင် မိုးသည်းထန်သဖြင့် ကာနလီမြစ်ရေကြီးမှုဖြစ်ပွားရာ အိမ် ၅၀၀ ကျော် ရေနစ်မြုပ်လျက်ရှိကြောင်း သတင်းဌာနများက သြဂုတ်လ ၁၅ ရက်နေ့တွင် ဖော်ပြသည်။ တိုင်ရီချမ်ကျေးရွာနှင့် ဘစ်မာမှုကျေးရွာရှိ အိမ်ထောင်စု ၃၀၀ ကျော်ကို ကယ်ဆယ်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊နီပေါကြက်ခြေနီအသင်း ဥက္ကဋ္ဌက ပြောကြားသည်။ ဘူရမ်တာချီဆာဝါနီ အဝေးပြေးလမ်းတလျှောက်လည်း ရေလွှမ်းခဲ့သည်။ အုလိုနှင့် ဂျနက်မြစ်တို့ ရေလွှမ်မှုကြောင့် သြဂုတ်လ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ယင်းဒေသများတွင် ခရီးသည်များ သောင်တင်နေကြသည်။

နီပေါနိုင်ငံတွင် ရေလွှမ်းမိုးခြင်း၊ တောင်ပြိုခြင်းနှင့် ရင်ဆိုင်နေရသော ဒုက္ခသည်များကို ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှတစ်ဆင့် ကြက်ခြေနီအဖွဲ့က နီပေါရူပီငွေသန်း ၂၀ (အမေရိကန်ဒေါ်လာ ၃၀၇,၆၉၂) တန်ဖိုးရှိသော အစားအစာ၊ ကယ်ဆယ်ရေးပစ္စည်းများဝေငှပေးကြောင်း စက်တင်ဘာလ ၂၂ ရက်နေ့တွင် ပြည်တွင်းသတင်းဌာနက ဖော်ပြသည်။ နီပေါနိုင်ငံ၏ အဓိကခရိုင် ၃၀ မှ မိသားစု ၅၇၅၈ ခန့်မှာ ရေဘေးဒဏ်ကို တစ်လကျော်ရင်ဆိုင်ခဲ့ရကြောင်း၊ ကြက်ခြေနီအဖွဲ့က ပြောကြားသည်။ ဆန်၊ ဆီ၊ ပဲနှင့် ဆားများကို ရေဘေးဒဏ်ခံရသော မိသားစုများအား ဝေငှပေးမှုကြောင့် အစာရေစာပြတ်သူ တစ်ယောက်မျှမရှိကြောင်း၊ကြက်ခြေနီလုပ်ငန်းအကြီးအကဲ ဒီဗက်မစ်ရှာက ပြောကြားသည်။ ဆန်ကီလိုဂရမ် ၄၀၂,၀၀၀၊ ပဲ ကီလိုဂရမ် ၅၉,၀၀၀၊ ဟင်းသီးဟင်းရွက်၊ ဆီ ကီလိုဂရမ် ၂၄,၅၀၀ နှင့် ဆားကီလိုဂရမ် ၇,၄၀၀ကို ကယ်ဆယ်ရေးပစ္စည်းအစီအစဉ်ဖြင့် ဝေငှပေးမည်ဖြစ်ကြောင်း၊ ငါးရက်အတွင်း စတင်မည်ဖြစ်ကြောင်း ကြက်ခြေနီအဖွဲ့က ပြောကြားသည်။

ဦးရဲလွင်

နိုင်ငံတကာစာတတ်မြောက်ရေးနေ့။ ။၂၀၀၇ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကို ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကို နှစ်စဉ်ကျင်းပခြင်းသည် ကမ္ဘာ့နိုင်ငံအသီးသီး၏ စာတတ်မြောက်ရေးလှုပ်ရှားမှုများ၌ ကမ္ဘာ့မိသားစုဝင်နိုင်ငံတစ်နိုင်ငံပီသစွာပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြစ်သကဲ့သို့ မိမိနိုင်ငံအစီအစဉ်ဖြင့် အစဉ်တစိုက် အားထုတ်ဆောင်ရွက်ခဲ့သည့် ပြည်သူများ၏ စာတတ်မြောက်ရေးလုပ်ငန်းများကိုလည်း နိုင်ငံတကာစာတတ်မြောက်ရေးလုပ်ငန်းများနှင့် ယှဉ်တွဲဆက်စပ်ပူးပေါင်းမိစေခြင်းဖြစ်သည်။



၂၀၀၇ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ပို့စကတ်

မြန်မာနိုင်ငံသူနိုင်ငံသားပြည်သူအများစု စာတတ်မြောက်ခြင်းသည် တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ဂုဏ်ဒြပ်တစ်ရပ်ဖြစ်သကဲ့သို့ မိမိနိုင်ငံ၊ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင်လည်း တန်ဖိုးမဖြတ်နိုင်သော စွမ်းရည်တစ်ရပ်ဖြစ်သည်။ ပြည်သူများ၏ စာတတ်မြောက်မှုစွမ်းအားမြင့်မားမှုသည် လူနေမှုအဆင့်အတန်း၊စီးပွားရေးအဆင့်အတန်းတိုးတက်မြင့်မားမှုကို ထင်ဟပ်ဖော်ပြနေသည့် ဂုဏ်ရည်တစ်ရပ်ဟုဆိုရမည်ဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ရာတွင် အမျိုးသားဓနအင်အား ခိုင်မာတောင့်တင်းရန်လိုအပ်သကဲ့သို့ အတတ်ပညာ၊ နည်းပညာများလည်း ခေတ်နှင့်အညီ မြင့်မားရန်လိုအပ်သည်။ ထိုသို့မြင့်မားရန်အတွက် ပြည်သူတစ်ရပ်လုံး၏ အခြေခံစာတတ်မြောက်မှုက စတင်သည့် အမျိုးသားပညာရည်မြင့်မားမှုစွမ်းအားကသာလျှင် စွမ်းဆောင်ပေးနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေက 'အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးသို့ သိမ်မွေ့ညင်သာစွာ အသွင်ကူးပြောင်းနိုင်စေဖို့ဆိုရာမှာနိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာမှု၊ အမျိုးသားစီးပွားရေးတောင့်တင်းခိုင်မာမှု၊ အမျိုးသားပညာရည်မြင့်မားမှု အခြေခံကောင်းတွေဖြစ်ထွန်းနေစေဖို့ လိုအပ်တယ်။ အသိဉာဏ်ပညာရင့်သန်ပြီးအတွေ့အကြုံဗဟုသုတနဲ့ ပြည့်စုံတဲ့ အသိအမြင်ကြွယ်ဝတဲ့နိုင်ငံတော်ဖြစ်စေဖို့ Educated Nation ဖြစ်ဖို့ အဓိကလိုအပ်တယ်'ဟု လမ်းညွှန်မိန့်ကြားထားပြီးဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မိန့်ကြားချက်များနှင့်အညီ အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် မြှင့်တင်ပေးနိုင်မည့် ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များဘက်စုံကဏ္ဍစုံဖြစ်ထွန်းနေရေးနှင့် အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပညာရပ်နယ်ပယ်စုံတွင် ပေါ်ထွန်းလာရေးအတွက်ပြုစုပျိုးထောင်မွေးထုတ်ပေးရေးလုပ်ငန်းများသာမက နိုင်ငံသူနိုင်ငံသားတိုင်းအခြေခံစာတတ်မြောက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးလုပ်ငန်းများကိုပါ ထည့်သွင်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပညာရေးကဏ္ဍတွင် ကျောင်းပညာရေး (Formal Education) နှင့် ကျောင်းပြင်ပပညာရေး (Non-Formal Education) နည်းလမ်းနှစ်ရပ်ကို ယှဉ်တွဲဆက်စပ်ကြိုးပမ်းဆောင်ရွက်၍ နိုင်ငံသူနိုင်ငံသား တိုင်း ဘဝတစ်သက်တာသင်ယူသူ (Lifelong Learner) များဖြစ်လာစေရန်နှင့် မိမိတို့ကိုယ်တိုင်စိတ်ကြိုက်ချမှတ်သင်ယူနည်းစနစ် (Informal Education) တစ်ခုဖြစ်ထွန်းရရှိလာစေရန် ဦးတည်ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ကျောင်းပညာရေးကဏ္ဍတွင် ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းနေနိုင်ရေး၊ ကျောင်းနေသည့်ကလေးတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ရေးအတွက် ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းအပ်နှံရေးလုပ်ငန်းကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စည်းရုံးလှုပ်ရှားဆောင်ရွက်ခဲ့သည့်အတွက် အသက် ၁၁နှစ်ပြည့်ပြီးကလေးများ၏ ကျောင်းဝင်နှုန်းသည် ၁၉၉၉-၂၀၀၀ ပညာသင်နှစ်တွင် ၉၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ၉၈ ဒသမ ၀၁ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပြီဖြစ်သည်။ ထို့အတူ အခြေခံပညာမူလတန်းပြီးမြောက်သူ ကလေးငယ်များ အလယ်တန်းပညာ လွယ်လင့်တကူသင်ယူနိုင်ရေးအတွက် အခြေခံပညာမူလတန်းလွန်ကျောင်းပေါင်း ၆,၂၆၁ ကျောင်းတိုးမြှင့်ဖွင့်လှစ်ပေးထားပြီးဖြစ်သည်။

ကျောင်းပြင်ပ ပညာရေးကဏ္ဍတွင် သက်ကြီးစာမတတ်သူများအတွက် အခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးအစီအစဉ် (Literary and Continuing Education Programme) တို့ကိုနိုင်ငံတစ်ဝန်းလုံးဖြန့်ကြက်ဆောင်ရွက်နေသကဲ့သို့ ပုံမှန်ကျောင်းချိန်အတွင်း ကျောင်းတက်ရန် အခက်အခဲရှိသည့် ကျောင်းနေအရွယ်ကလေးများနှင့် ကျောင်းနေအရွယ်လွန်ကလေးများအတွက် ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ် (Non-Formal Primary Education Programme) ကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် ပြည်နယ်နှင့်တိုင်းအလိုက် ဒေသအခြေအနေနှင့်ဆီလျော်ကိုက်ညီသည့် စာတတ်မြောက်ရေးလုပ်ငန်းစီမံချက်အသီးသီးကို ရေးဆွဲချမှတ်ပြီး ဒေသဆိုင်ရာအာဏာပိုင်များ၊ ပညာရေးဝန်ထမ်းများနှင့် ဆရာဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မိဘပြည်သူများ တက်ညီလက်ညီပူးပေါင်းလက်တွဲဆောင်ရွက်ခဲ့ကြသည့်အတွက် အောင်မြင်ဖြစ်ထွန်းမှုများ ရရှိနေပြီဖြစ်သည်။



ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် စာပေပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်

တစ်ကမ္ဘာလုံးအတိုင်းအတာအရ သက်ကြီးစာမတတ်သူ ၇၇၄ သန်းခန့်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် သက်ကြီးစာတတ်မြောက်ရေးလုပ်ငန်းကို အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ သက်ကြီးစာတတ်မြောက်မှုနှုန်းသည် ၁၉၉၆ ခုနှစ်တွင် ၈၃ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် ၉၄ ဒသမ ၇၅ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာခဲ့သည်။

အခြေခံစာတတ်မြောက်မှုနှုန်း တိုးတက်မြင့်မားလာသည်နှင့်အညီ စာတတ်မြောက်မှုရေရှည်ဖွံ့ဖြိုးရေးအတွက် စာဖတ်ရှုနိုင်မြှင့်တင်ရေး၊ ဝင်ငွေတိုးပွားရေး၊ ဘဝသာယာရေး၊ ကျောင်းပညာရေးနှင့် တန်းညီအစီအစဉ်စသည့် စဉ်ဆက်ပညာရေးအစီအစဉ်များကို ရပ်ရွာပညာပဒေသာဌာန (Community Learning Centre) များမှတစ်ဆင့် ကျေးလက်ဒေသများတွင်အကောင်အထည်ဖော်လျက်ရှိရာ ယခုအခါ ရပ်ရွာပညာပဒေသာဌာနပေါင်း ၉၂၇ ခု တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကျဉ်းမြောင်းပပျောက်ရေး၊ မြို့ပြနှင့် ကျေးလက်ပညာရည်ညီညွတ်မျှတရေး၊ ပညာသင်ယူနိုင်မှုအခွင့်အလမ်းများတစ်ပြေးညီဖြစ်ထွန်းရေးစသည့် မွန်မြတ်မြင့်မားသည့် ရည်မှန်းချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော စာတတ်မြောက်ရေးလုပ်ငန်း၊ အမျိုးသားပညာရည်မြင့်မားရေးလုပ်ငန်း၊ ကျေးလက်နေပြည်သူများ ပညာရေးအဆင့်အတန်းမြင့်မားရေးလုပ်ငန်းများသည် ပြည်သူများ၏ လူမှုစီးပွားရေးဘဝတိုးတက်မြင့်မားမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ဖန်တီးပေးလျက်ရှိနေပြီဖြစ်သည်။

၂၀၀၇ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားတွင် ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစွတာဘန်ကီမွန်း၏ ၂၀၀၇ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ သဝဏ်လွှာကိုကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေညှိနှိုင်းရေးမှူးက ဖတ်ကြားသည်။

ထို့နောက် ယူနက်စကိုညွှန်ကြားရေးမှူးချုပ်၏ ၂၀၀၇ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ သဝဏ်လွှာကို မြန်မာနိုင်ငံယူနက်စကို အမျိုးသားကော်မရှင်အထွေထွေအတွင်းရေးမှူးက ဖတ်ကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းက ၂၀၀၇ ခုနှစ်နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခြေခံပညာအလယ်တန်းအဆင့်ပိုစတာပြိုင်ပွဲ၊ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ပညာရေးတက္ကသိုလ်ကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲနှင့် အလွတ်တန်းဆောင်းပါးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

စိုးအောင်

နိုင်ငံတော်ဖွံ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင်။ ။ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အမျိုးသားညီလာခံနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ထောက်ခံကြိုဆိုပွဲ အခမ်းအနားများကျင်းပ၍ ပြည်နယ်နှင့် တိုင်းအလိုက် ပြည်သူလူထုတစ်ရပ်လုံးက အုန်းအုန်းကျွက်ကျွက် တစ်ခဲနက်ထောက်ခံအားပေးလျက်ရှိကြရာ ထိုသို့ပြည်သူလူထုတစ်ရပ်လုံး၏ တစ်ခဲနက်ထောက်ခံအားပေးမှုကို လေးစားသောအားဖြင့်သော်လည်းကောင်း၊ ပြည်သူလူထု၏ဆန္ဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို ပြီးမြောက်အောင်မြင်စွာ အကောင်အထည်ဖော်ရေးတို့အား ထင်ဟပ်အကောင်အထည်ဖော်သည့်အနေဖြင့်သော်လည်းကောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်အနက် တတိယအဆင့်ဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံ



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင်
ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက
အမှာစကား ပြောကြားစဉ်

အခြေခံဥပဒေမူကြမ်းရေးဆွဲရန်အတွက် 'နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်'ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ကြောင်း ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြေညာချက်အမှတ် ၂/ ၂၀၀၇ ကို ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။

နိုင်ငံတော်

ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရေး

ကော်မရှင်

၁။ ဦးအောင်တိုး — ဥက္ကဋ္ဌ
(B.A, B.L)
တရားသူကြီးချုပ်
တရားရုံးချုပ်
နေပြည်တော်

၂။ ဦးအေးမောင် — ဒုတိယဥက္ကဋ္ဌ
(B.A, B.L)
ရွှေ့နေချုပ်
ရွှေ့နေချုပ်ရုံး
နေပြည်တော်

၃။ ဦးသောင်းညွှန့် — အဖွဲ့ဝင်
(B.Sc, B.L)
ဥပဒေအကြံပေးပုဂ္ဂိုလ်
ရန်ကုန်မြို့

၄။ ဗိုလ်မှူးချုပ်ကျော်ဆန်း — အဖွဲ့ဝင်
(B.Sc(D.S.A), Diploma
in Defence and Security)
ဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန
နေပြည်တော်

၅။ ဗိုလ်ချုပ်ခင်အောင်မြင့် — အဖွဲ့ဝင်
(B.A, Diploma in Defence
and Security)
ဝန်ကြီး
ယဉ်ကျေးမှုဝန်ကြီးဌာန
နေပြည်တော်

၆။ ဗိုလ်ချုပ်စိုးမောင် — အဖွဲ့ဝင်
(B.Sc (D.S.A), H.G.P, M.A
(Defence Studies)
စစ်ဥပဒေချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန
နေပြည်တော်

၇။ ဒေါက်တာသန်းညွှန့် — အဖွဲ့ဝင်
(B.A(Hons),M.Sc(Econ)(London),
Ph.D(Cambridge))
ဥက္ကဋ္ဌ
ဝန်ထမ်းရွေးချယ်လှေကျင့်ရေးအဖွဲ့
နေပြည်တော်

၈။ ဒေါက်တာထွန်းရှင် — အဖွဲ့ဝင်
(B.A, LL.B (Ygn;), M.A
(Business Law) (London),
LL.D, Intl.Law (Ghent, Belgium),
F.R.G.S (London), A.M.R.
Ae.s (London), Dip.Intl Law (London))

၉။ ဦးထွန်းထွန်းဦး အဖွဲ့ဝင်
(B.A(Law), LL.B, M.A
(Defence Studies))
ဒုတိယရှေ့နေချုပ်
ရှေ့နေချုပ်ရုံး
နေပြည်တော်

၁၀။ ဦးသိန်းစိုး အဖွဲ့ဝင်
(B.Sc(D.S.A), R.L)
ဒုတိယတရားသူကြီးချုပ်
တရားရုံးချုပ်
ရန်ကုန်မြို့

၁၁။ ဦးထွန်းထွန်းဦး အဖွဲ့ဝင်
(B.A(Law),LL.B)
ဒုတိယတရားသူကြီးချုပ်
တရားရုံးချုပ်
နေပြည်တော်

၁၂။ ဒေါက်တာတင်အောင်အေး အဖွဲ့ဝင်
(B.Sc, B.L, LL.M(Germany),
LL.D (Germany))
တရားရုံးချုပ်တရားသူကြီး
တရားရုံးချုပ်
ရန်ကုန်မြို့

၁၃။ ဦးတင်အေး အဖွဲ့ဝင်
(B.A, H.G.P, R.L)
တရားရုံးချုပ်တရားသူကြီး
တရားရုံးချုပ်
ရန်ကုန်မြို့

၁၄။ ဒေါက်တာခင်မောင်ညွန့် အဖွဲ့ဝင်
(B.A, M.A (Modern Hist),
Ph.D(London))
အဖွဲ့ဝင်
မြန်မာသမိုင်းအဖွဲ့
ရန်ကုန်မြို့

၁၅။ ဦးထွန်းအောင်ချိန် အဖွဲ့ဝင်
(B.A, M.A(Hist), (USA))
အတွင်းရေးမှူး
မြန်မာသမိုင်းအဖွဲ့
ရန်ကုန်မြို့

၁၆။ ဒေါက်တာမောင်မောင်ဝင့် အဖွဲ့ဝင်
(M.B.B.S, MRCP (UK),
FRCP (Edin), Dr.Med.Sc
(Int.Med))
ညွန်ကြားရေးမှူးချုပ် (ငြိမ်း)
ဆေးသိပ္ပံပညာဦးစီးဌာန
စာပေညွန်ကြားရေးမှူး
တပ်မတော်ဆေးတက္ကသိုလ်
ကာကွယ်ရေးဝန်ကြီးဌာန
ရန်ကုန်မြို့

၁၇။ ဦးကျော်မြင့်ဦး အဖွဲ့ဝင်
(B.Sc, M.Sc, UNDP
Certificate in Environ-
mental Toxicology and
Pollution Control Management)
ပါမောက္ခချုပ် (ငြိမ်း)
ဒဂုံတက္ကသိုလ်
ရန်ကုန်မြို့

၁၈။ ဦးမြတ်သူ (တက္ကသိုလ်မြတ်သူ) အဖွဲ့ဝင်
(B.A (Law), LL.B, H.G.P)
စာရေးဆရာ
တရားရုံးချုပ်ရှေ့နေ
အယ်ဒီတာချုပ် (ငြိမ်း)
ရန်ကုန်မြို့

၁၉။ ဒေါက်တာစိုးရင် အဖွဲ့ဝင်
(B.Sc (Hons), M.Sc(UK),
Ph.D (Italy))

ပါမောက္ခချုပ် (ဦးမ်း)
ရန်ကုန်တက္ကသိုလ်
အဖွဲ့ဝင်
မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်
အမှုဆောင်အဖွဲ့
ရန်ကုန်မြို့

၂၀။ ဦးလေးမြင့် အဖွဲ့ဝင်
(M.A (Philo), H.G.P, R.L,
D.B.L, D.I.L)
တရားရုံးချုပ်ရှေ့နေနှင့် ဥပဒေအကြံပေး
ရန်ကုန်မြို့

၂၁။ ဒေါက်တာမျိုးသန့်တင် အဖွဲ့ဝင်
(B.E (Chemical), M.Sc
(Chem, Eng), Ph.D
(Loughborough, England))
အဖွဲ့ဝင်
မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်
အမှုဆောင်အဖွဲ့
ရန်ကုန်မြို့

၂၂။ ဒေါက်တာမြင့်သိန်း အဖွဲ့ဝင်
(B.Sc, B.Sc (Hons), M.Sc,
B.L, M.A (USA), Ph.D (USA))



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင်
အဖွဲ့ဝင်များ ဖွဲ့စည်းပုံအခြေခံဥပဒေများ
ဆွေးနွေးရေးဆွဲနေကြစဉ်

ဥက္ကဋ္ဌ
မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊
မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့
ရန်ကုန်မြို့

၂၃။ ဒေါက်တာသာလှရွှေ အဖွဲ့ဝင်
(M.B.B.S, D.P.T.M (UK),
M.S.Ed (USA), Dr.Med.Sc)
ပါမောက္ခချုပ် (ဦးမ်း)၊ ဆေးတက္ကသိုလ်
(၂)ရန်ကုန်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ကြက်ခြေနီအသင်း
ရန်ကုန်မြို့

၂၄။ ဒေါက်တာနီလာသိန်း အဖွဲ့ဝင်
(B.Sc (Chem)(Hons), M.Sc(CS),
Ph.D(Singapore))
ပါမောက္ခချုပ်
ကွန်ပျူတာတက္ကသိုလ်
ရန်ကုန်မြို့

၂၅။ ဦးတီခွန်မြတ် အဖွဲ့ဝင်
(B.A (Law), LL.B)
ဥပဒေအရာရှိ
ကွတ်ခိုင်မြို့

၂၆။ ဒေါက်တာခင်ဧော် အဖွဲ့ဝင်
(B.A (Ed), B.Ed, Ph.D (Moscow))
ပါမောက္ခချုပ် (ဦးမ်း)
ရန်ကုန်ပညာရေးတက္ကသိုလ်
ရန်ကုန်မြို့

၂၇။ ဦးသန်းကျော် အဖွဲ့ဝင်
(B.A (Law), LL.B)
ညွှန်ကြားရေးမှူး (ဦးမ်း)
ရှေ့နေချုပ်ရုံး
ရန်ကုန်မြို့

၂၈။ ဒေါက်တာ ဒေါ်တင်မေထွန်း အဖွဲ့ဝင်
(Ph.D (Myanmar)
(International Law))

ပါမောက္ခဌာနမှူး၊ ဥပဒေပညာဌာန
ရန်ကုန်အဝေးသင်တက္ကသိုလ်
ရန်ကုန်မြို့

၂၉။ ဒေါက်တာဒေါ်ခင်မာရီ အဖွဲ့ဝင်
(Ph.D (Myanmar),(Intellectual Property Law))
ပါမောက္ခဌာနမှူး၊ ဥပဒေပညာဌာန
ရန်ကုန်တက္ကသိုလ်
ရန်ကုန်မြို့

၃၀။ ဦးစံလွင် အဖွဲ့ဝင်
(B.A (D.S.A))
ညွန်ကြားရေးမှူးချုပ် (ငြိမ်း)
မြန်မာစာအဖွဲ့ဦးစီးဌာန
ရန်ကုန်မြို့

၃၁။ ဒေါက်တာဒေါ်ခင်ဖုန်းမြင့်ကြူ အဖွဲ့ဝင်
(Ph.D (Myanmar)(Civil Law, Family Law))
ပါမောက္ခဌာနမှူး၊ ဥပဒေပညာဌာန
မန္တလေးအဝေးသင်တက္ကသိုလ်
မန္တလေးမြို့

၃၂။ ဦးထွန်းအောင် အဖွဲ့ဝင်
(B.A (Law), LL.B)
ခရိုင်ဥပဒေအရာရှိ
ဖျာပုံမြို့

၃၃။ ဒေါ်မေရီမိနန် အဖွဲ့ဝင်
(B.A (Law), LL.B)
ဥပဒေအရာရှိအဆင့် (၁)
မြစ်ကြီးနားမြို့

၃၄။ ဦးစိုင်းမောင်ရီ အဖွဲ့ဝင်
(B.Com, H.G.P)
အထက်တန်းရှေ့နေ
ဗန်းမော်မြို့

၃၅။ ဦးအင်ဇော်နော် အဖွဲ့ဝင်
(B.A (Law), LL.B)
ခရိုင်ဥပဒေအရာရှိ (ငြိမ်း)
မြစ်ကြီးနားမြို့

၃၆။ ဦးဒီဆင်ရမ် အဖွဲ့ဝင်
(B.A(Law), LL.B)
ခရိုင်ဥပဒေအရာရှိ
မိုးညှင်းမြို့

၃၇။ ဦးတိုးရယ် အဖွဲ့ဝင်
(B.A (Law), LL.B)
တရားရုံးချုပ်ရှေ့နေ
လွိုင်ကော်မြို့

၃၈။ ဦးစောအောင်ကျော်မင်း အဖွဲ့ဝင်
(LL.B)
အထက်တန်းရှေ့နေ
ဘားအံမြို့

၃၉။ ဦးဟောက်ခန့်မန် အဖွဲ့ဝင်
(B.A (Law), LL.B)
ဦးစီးအရာရှိ (ငြိမ်း)
တွန်းဓမြို့

၄၀။ ဦးရှိသီး အဖွဲ့ဝင်
(B.Sc, B.Ed)
မြို့နယ်ပညာရေးမှူး
လေရှီးမြို့

၄၁။ ဦးညွန့်တင် အဖွဲ့ဝင်
(B.A (Geog), H.G.P)
ပြည်နယ်တရားသူကြီး (ငြိမ်း)
မော်လမြိုင်မြို့

၄၂။ ဦးသာလှ အဖွဲ့ဝင်
(B.A (Law), LL.B)
ဒုတိယပြည်နယ်ဥပဒေအရာရှိ (ငြိမ်း)
စစ်တွေမြို့

၄၃။ ဦးစိုင်းခမ်းမှတ် အဖွဲ့ဝင်
(B.A, H.G.P)
အထက်တန်းရှေ့နေ
လားရှိုးမြို့

၄၄။ ဦးညွန့်မောင် အဖွဲ့ဝင်
(B.Sc (Zoo))
ကုန်သည်
နမ့်စန်မြို့

၄၅။ ဦးဆိုင်ပေါင်းနပ် အဖွဲ့ဝင်
(B.A, H.G.P)
အထက်တန်းရှေ့နေ
လားရှိုးမြို့

၄၆။ ဦးပီတာသောင်းစိန် အဖွဲ့ဝင်
(LL.B, D.C.Sc)
တရားရုံးချုပ်ရှေ့နေ
ကျိုင်းတုံမြို့

၄၇။ ဦးစတီဗင် အဖွဲ့ဝင်
(B.A (Geog), H.G.P)
အထက်တန်းရှေ့နေ
ကျိုင်းတုံမြို့

၄၈။ ဦးစိုင်းကျော်ဇံ အဖွဲ့ဝင်
(B.A (Law), LL.B, D.C.Sc)
ခရိုင်ဥပဒေအရာရှိ
တာချီလိတ်မြို့

၄၉။ ဦးညီနပ် အဖွဲ့ဝင်
(B.Sc (Phy))
ကုန်သည်
တာချီလိတ်မြို့

၅၀။ ဦးစိုင်းတင့်ဆိုင် အဖွဲ့ဝင်
(B.A (Law), LL.B)
ဗဟိုတရားရုံးရှေ့နေ
တောင်ကြီးမြို့

၅၁။ ဦးခွန်ဆန်းရွှေ အဖွဲ့ဝင်
(LL.B)
ကုန်သည်
တောင်ကြီးမြို့

၅၂။ ဒေါက်တာသောင်းမြင့် အတွင်းရေးမှူး
(M.B.B.S, M.Sc
(Forensic Medicine)(GDR))
ပါမောက္ခဌာနမှူး(ငြိမ်း)၊
ဥပဒေရေးရာဆေးပညာဌာန
ဆေးတက္ကသိုလ်၊ မန္တလေး
အကြံပေးပုဂ္ဂိုလ်
ကျန်းမာရေးဝန်ကြီးဌာန
နေပြည်တော်

၅၄။ ဦးဝင်းကို တွဲဖက်အတွင်းရေးမှူး
(LL.B, LL.M)
ညွှန်ကြားရေးမှူးချုပ်
ပါတီစုံဒီမိုကရေစီအထွေထွေ
ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး
ရန်ကုန်မြို့

စိုးအောင်

ပထမအကြိမ်၊ မိုင် ၁၀၀၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ။ ။ မြန်မာနိုင်ငံအိုလံပစ် ကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ရန်ကုန်-ပြည်-မန္တလေး-ရန်ကုန် မိုင် ၁၀၀၀ ခရီး ရှည်စက်ဘီးစီးပြိုင်ပွဲ (Tour of Myanmar 1000 Miles Cyeling Race 2007) ကို ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့က စတင်ကျင်းပခဲ့သည်။

ပထမနေ့အစီအစဉ်အဖြစ် မိုင် ၁၀၀၀ စက်ဘီးစီးပြိုင်ပွဲ၊ တာလွတ်ပွဲအခမ်းအနားကို ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် (၆)နာရီက ရန်ကုန်မြို့လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏအားကစားကွင်းရှေ့) ဝေဖယန္တာလမ်းမပေါ်၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက သေနတ်ပစ်ဖောက်၍ တာလွတ်ပေးကာ ပြိုင်ပွဲကို စတင်ပေးခဲ့သည်။ အဆိုပါ ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၁၀၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲခရီးစဉ်အဖြစ် ရန်ကုန်-လက်ပံတန်း၊ ပြည်၊ မကွေး၊ မြင်းခြံ၊ မန္တလေး၊ မိတ္ထီလာ၊ ပျဉ်းမနား၊ နေပြည်တော်၊ တောင်ငူ၊ ညောင်လေးပင်၊ ရန်ကုန်မြို့မှာသို့ ရက်ရှည်၊ ခရီးရှည်ပြိုင်ပွဲဝင်ရခြင်းဖြစ်သည်။

ရန်ကုန်မြို့မှ စတင်တာထွက်လာသော ပြိုင်ပွဲဝင် စက်ဘီးအားကစားသမားများသည် ရန်ကုန်–ပြည်ကား လမ်းအတိုင်း မှော်ဘီမြို့၊ တိုက်ကြီးမြို့၊ ဥက္ကံမြို့၊ သုံးဆယ်မြို့နှင့် သာယာဝတီမြို့များကို ဖြတ်သန်းကာ ၁၃–၂–၂၀၀၇နေ့ နံနက် (၁၀)နာရီတွင် လက်ပံတန်းမြို့သို့ ရောက်ရှိပန်းဝင်ကြသည်။ ပြိုင်ပွဲဝင် (၁၀၆)ဦးအနက် လက်ပံတန်းမြို့အထိ ၇၈ ဦး အောင်မြင်စွာ ပန်းဝင်နိုင်ခဲ့ကြသည်။ လက်ပံတန်းမြို့သို့ ပန်းဝင်ခဲ့ကြသူများအနက် ပထမဆုကို သက်နိုင်ဦး (ဘဏ္ဍာ/အခွန်)၊ ဒုတိယဆုကို အောင်နိုင်လင်းနှင့် တတိယဆုကို ဝင်းကိုမောင်တို့က ရရှိသည်။ ဆုရရှိသူများအား လက်ပံတန်းမြို့ရှိ အားကစားရေးရာတာဝန်ရှိသူများက ပထမဆုကြေး သုံးသောင်း၊ ဒုတိယနှစ်သောင်းနှင့် တတိယတစ်သောင်းတို့ကို ပေးအပ်ချီးမြှင့်သည်။

ဒုတိယပြိုင်ပွဲနေ့အနေနှင့် လက်ပံတန်း–ပြည်ခရီးစဉ်ကို ၁၃–၂–၂၀၀၇နေ့ နံနက် (၆)နာရီတွင် စတင်ကျင်းပသည်။ ၎င်းအတွက် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်၊ ဒုတိယဥက္ကဋ္ဌက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။

ပြိုင်ပွဲဝင်အားကစားသမားများသည် လက်ပံတန်းမြို့မှ မင်းလှ၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ္တလင်း၊ ပေါင်းတည်နှင့် ရွှေတောင်မြို့များသို့ ဖြတ်သန်းပြီး ပြည်မြို့သို့ နံနက် (၁၀)နာရီတွင် ရောက်ရှိပန်းဝင်ကြသည်။ လက်ပံတန်းမြို့မှ ပြိုင်ပွဲဝင် ၇၉ ဦး တာထွက်ခဲ့ရာ ၇၇ ဦး အောင်မြင်စွာပန်းဝင်နိုင်ကြသည်။ ပြည်မြို့သို့ ပန်းဝင်ခဲ့ကြသူများအနက် ပထမဆုကို အောင်မျိုးနိုင် (Maxxais)၊ ဒုတိယဆုကို ဝင်းကိုမောင်နှင့် တတိယဆုကို မောင်မောင်နေယုတို့က ရရှိသည်။

လက်ပံတန်း–ပြည်ခရီးစဉ်အတွက် ဆုပေးပွဲအခမ်းအနားကို ယင်းနေ့ ညနေ (၆)နာရီတွင် ပြည်ပညာရေးကောလိပ်၌ ကျင်းပရာ ပြည်မြို့နယ် အားကစားရေးရာတာဝန်ရှိသူများက ပထမ၊ ဒုတိယနှင့် တတိယဆုများအတွက် ဆုကြေးသုံးသောင်း၊ နှစ်သောင်းနှင့် တစ်သောင်းတို့ကို ပေးအပ်ချီးမြှင့်သည်။

မိုင် ၁၀၀၀ ခရီးရှည်စက်ဘီးစီးပြိုင်ပွဲ၊ တတိယနေ့အနေနှင့် ပြည်–တောင်တွင်းကြီးခရီးစဉ်ကို ၁၄–၂–၂၀၀၇ နေ့ နံနက် (၆)နာရီက စတင်ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။ ပြိုင်ပွဲဝင် အားကစားသမားများသည် ပြည်မြို့မှ ပြလို့၊ အောင်လံ၊ ကိုးပင်ကွေ့တို့ကို ဖြတ်သန်းပြီး တောင်တွင်းကြီးမြို့သို့ မွန်းတည့် ၁၂ နာရီတွင် ရောက်ရှိပန်းဝင်ကြသည်။ ပြည်မြို့မှ ပြိုင်ပွဲဝင် ၈၁ ဦး တာလွှတ်ယှဉ်ပြိုင်ရာ တောင်တွင်းကြီးမြို့သို့ ၆၅ ဦး အောင်မြင်စွာ ပန်းဝင်နိုင်ခဲ့ကြသည်။ တောင်တွင်းကြီးမြို့သို့ ပန်းဝင်နိုင်ခဲ့ကြသူများအနက် ပထမဆုကို ကျော်မျိုးလှိုင် (ဘဏ္ဍာ/အခွန်)၊ ဒုတိယဆုကို သက်နိုင်ဦး (ဘဏ္ဍာ/အခွန်)နှင့် တတိယဆုကို မြင့်အေး (ဘဏ္ဍာ/အခွန်)တို့က ရရှိကြသည်။

ပြည်–တောင်တွင်းကြီးခရီးစဉ်အတွက် ဆုပေးပွဲအခမ်းအနားကို ယင်းနေ့ညနေ ၆ နာရီတွင် တောင်တွင်းကြီးမြို့၊ သာသနာ့ဗိမာန်တော်ခန်းမ၌ ကျင်းပရာ ပထမအတွက် ဆုကြေး ငါးသောင်းခွဲနှင့် အဝါရောင်အင်္ကျီ၊ ဒုတိယအတွက် ဆုကြေး သုံးသောင်းခွဲ၊တတိယအတွက် ဆုကြေး နှစ်သောင်းခွဲတို့ကို တောင်တွင်းကြီးရှိအားကစားရေးရာတာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

မိုင် ၁၀၀၀ ခရီးရှည်စက်ဘီးပြိုင်ပွဲ စတုတ္ထနေ့အနေနှင့် တောင်တွင်းကြီး–မကွေးခရီးစဉ်ပြိုင်ပွဲကို ၁၅–၂–၂၀၀၇ နေ့ နံနက် ၆ နာရီ မိနစ် ၂၀ တွင်တောင်တွင်းကြီးမြို့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။ ပြိုင်ပွဲဝင်အားကစားသမားများသည် တောင်တွင်းကြီးမှ ကုက္ကိုခွ၊ သစ်ရာကောက်နှင့် ယင်းချောင်းတံတားကို ဖြတ်သန်း၍ မကွေးမြို့သို့ နံနက် ၈ နာရီခွဲတွင် ရောက်ရှိပန်းဝင်ကြသည်။ မကွေးမြို့သို့ ဦးဆောင်ပန်းဝင်ခဲ့သူများအနက် ပထမဆုကို မြင့်အေး (ဘဏ္ဍာ/အခွန်)၊ ဒုတိယဆုကို ဝင်းလှိုင်နှင့် တတိယဆုကို သက်နိုင်ဦး (ဘဏ္ဍာ/အခွန်)တို့က ရရှိကြသည်။

တောင်တွင်းကြီး–မကွေးခရီးစဉ် ဆုပေးပွဲအခမ်းအနားကို ယင်းနေ့ ညနေ ၆ နာရီတွင်မကွေးတက္ကသိုလ်၊ ဗိသုနိုးဆောင်ရှေ့၌ ကျင်းပရာ ပထမ၊ ဒုတိယ၊

တတိယဆုများအတွက် ဆုကြေးငွေသုံးသောင်း၊ နှစ်သောင်းနှင့် တစ်သောင်းတို့ကို မကွေးမြို့နယ်အားကစားရေးရာတာဝန်ရှိသူများက ချီးမြှင့်ပေးအပ်သည်။

မိုင် ၁၀၀၀ ခရီးရှည်စက်ဘီးပြိုင်ပွဲ ပဉ္စမနေ့အနေနှင့် မကွေး-ကျောက်ပန်းတောင်းခရီးစဉ်ကို ၁၆-၂-၂၀၀၇ နေ့ နံနက် ၆ နာရီခွဲတွင် ကျင်းပခဲ့သည်။

မိုင် ၁၀၀၀ ခရီးရှည်စက်ဘီးပြိုင်ပွဲ ဆဋ္ဌမနေ့အနေနှင့် ကျောက်ပန်းတောင်း-မြင်းခြံခရီးစဉ်ပြိုင်ပွဲကို ၁၇-၂-၂၀၀၇ နေ့ နံနက် ၆ နာရီ မိနစ် ၂၀ တွင် ကျောက်ပန်းတောင်းမြို့ သာသနာ့ဗိမာန်ရှေ့၌ ကျင်းပရာ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။ ပြိုင်ပွဲဝင်အားကစားသမားများသည် ကျောက်ပန်းတောင်းမြို့မှ ပုပွားတောင်၊ ဗျတ္တပန်းဆက်လမ်းဆုံ၊ မြင်စိုင်းတောင်သစ်တောကြိုးဝိုင်း၊ ဝဲလောင်၊ တောင်သာမြို့များကို ဖြတ်သန်းပြီး မြင်းခြံမြို့သို့ နံနက် ၉ နာရီခန့်တွင် ရောက်ရှိ ပန်းဝင်ကြသည်။ ထိုပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၇၆ ဦး တာထွက်ယှဉ်ပြိုင်ရာ မြင်းခြံမြို့သို့ အယောက် ၇၀ အောင်မြင်စွာ ပန်းဝင်နိုင်ကြသည်။ မြင်းခြံမြို့သို့ ဦးဆောင်ပန်းဝင်နိုင်သူသုံးဦးမှာ ဝင်းလှိုင် (ပထမ)၊ မြင့်အေး (ဒုတိယ)၊ ကျော်မျိုးလှိုင် (တတိယ) တို့ဖြစ်ကြသည်။ မြင်းခြံခရီးစဉ်အတွက် ဆုပေးပွဲအခမ်းအနားကို ယင်းနေ့ ညနေ (၄)နာရီတွင် ကျင်းပရာ မြင်းခြံမြို့နယ်၊ အားကစားရေးရာတာဝန်ရှိသူများက ပထမဆုအား သုံးသောင်းကျပ်၊ ဒုတိယဆုအား နှစ်သောင်းကျပ်၊ တတိယဆုအား တစ်သောင်းကျပ် အသီးသီးချီးမြှင့်ကြသည်။

မိုင် ၁၀၀၀ ခရီးရှည်စက်ဘီးပြိုင်ပွဲ၏ သတ္တမနေ့ မြောက်အနေနှင့် မြင်းခြံမန္တလေးခရီးစဉ်ပြိုင်ပွဲကို ၁၈-၂-၂၀၀၇ နေ့ နံနက် ၆ နာရီ ၂၀ မိနစ်တွင် စတင်ကျင်းပသည်။ ထိုပွဲတွင် မန္တလေးသို့ ပန်းဝင်လာသူများမှ ပထမရရှိသည့် မင်းမင်းဟန်အား ဆုကြေးငွေ ကျပ်ခြောက်သောင်း၊ ဒုတိယရရှိသည့် ကျော်ကျော်ဦးအား ဆုကြေးငွေကျပ်လေးသောင်းနှင့် တတိယရရှိသည့်ဇော်မင်းထွန်းအား ဆုကြေးငွေကျပ်နှစ်သောင်းတို့ကို ၁၉-၂-၂၀၀၇ နေ့တွင် မန္တလေးအားကစားနှင့် ကာယသိပ္ပံဌာန မြို့နယ်အားကစားရေးရာတာဝန်ရှိသူများကချီးမြှင့်ပေးကြသည်။

မိုင် ၁၀၀၀ ခရီးရှည်စက်ဘီးပြိုင်ပွဲအဋ္ဌမနေ့ပွဲစဉ်အနေနှင့် မန္တလေး-မိတ္ထီလာခရီးစဉ် ပြိုင်ပွဲကို ၂၀-၂-၂၀၀၇ နေ့ နံနက် ၆ နာရီ ၂၀ တွင် မန္တလေးမြို့ ၂၆ လမ်းနှင့် ၇၃ လမ်းထောင့်မင်္ဂလာတံတားအနီး၌ ကျင်းပရာ မန္တလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စဥက္ကဋ္ဌက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။ ပြိုင်ပွဲဝင်အားကစားသမားများသည် မန္တလေးမြို့မှ မြစ်ငယ်၊ ပုလိပ်၊ စဉ့်ကိုင်၊ ကျောက်ဆည်၊ မြစ်သား၊ ကူမဲ၊ ဝမ်းတွင်းမြို့တို့ကို ဖြတ်သန်းပြီး မိတ္ထီလာမြို့သို့ ယင်းနေ့ နံနက် ၁၀ နာရီခန့်တွင် ပန်းဝင်ကြသည်။ မန္တလေးမြို့မှ ပြိုင်ပွဲဝင် ၇၅ ဦး တာလွှတ်ယှဉ်ပြိုင်ရာ မိတ္ထီလာမြို့သို့ ၇၂ ဦး ပန်းဝင်ကြသည်။

မိတ္ထီလာမြို့သို့ ပန်းဝင်လာကြသူများအနက် မင်းမင်းဟန် (လည်/ဆည်)က ပထမ၊ ကျော်မျိုးလှိုင် (ဘဏ္ဍာ/အခွန်)က ဒုတိယနှင့် ထွန်းထွန်း (Maxxais) က တတိယအသီးသီးရရှိကြသည်။ ထိုခရီးစဉ် ဆုပေးပွဲကို ယင်းနေ့ ည ၇ နာရီတွင် မိတ္ထီလာကန်တော်မင်္ဂလာခန်းမ၌ ကျင်းပရာ မိတ္ထီလာမြို့နယ် အားကစားရေးရာတာဝန်ရှိသူများက ပထမဆုအတွက် ဆုကြေးလေးသောင်းကျပ်၊ ဒုတိယဆုအတွက် ဆုကြေးသုံးသောင်းကျပ်နှင့် တတိယဆုအတွက် ဆုကြေးတစ်သောင်းခုနစ်ထောင့်ငါးရာကျပ်တို့ကို ချီးမြှင့်ပေးအပ်ကြသည်။

မိုင် ၁၀၀၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ နဝမနေ့ပွဲစဉ်အဖြစ် မိတ္ထီလာ-ပျဉ်းမနားခရီးစဉ်ကို ၂၁-၂-၂၀၀၇ နေ့ နံနက် ၆ နာရီ ၁၀ မိနစ်တွင် မိတ္ထီလာမြို့ ရွှေမြင်တင်စေတီရှေ့၌ ကျင်းပရာ မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့မှူးက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။

ပြိုင်ပွဲဝင် စက်ဘီးအားကစားသမားများသည် မိတ္ထီလာမြို့မှ ယင်းတော်၊ ပျော်ဘွယ်၊ ရမည်းသင်း၊ တပ်ကုန်းမြို့များကို ဖြတ်ကျော်ပြီး ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားပြိုင်ကွင်းရှေ့သို့ နံနက် ၁၀ နာရီ ၂၀ မိနစ်ခန့်တွင် ပန်းဝင်ကြသည်။ မိတ္ထီလာ ပျဉ်းမနားခရီးစဉ်အတွက် ဆုပေးပွဲအခမ်းအနားကို နံနက် ၁၁ နာရီတွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားပြိုင်ကွင်းရိပ်သာ၌ ကျင်းပရာ ပျဉ်းမနားမြို့နယ် အားကစားရေးရာတာဝန်ရှိသူများက မိတ္ထီလာ-

ပျဉ်းမနားခရီးစဉ်တွင် ပထမရရှိသော မြင့်အေး(ဘဏ္ဍာ/အခွန်)အား ဆုကြေးငွေသုံးသောင်းကျပ်နှင့် အဝါရောင်အင်္ကျီ၊ ဒုတိယရရှိသော ကျော်မျိုးလှိုင် (ဘဏ္ဍာ/အခွန်) အားငွေကျပ်နှစ်သောင်းနှင့်တတိယရရှိသောရန်မျိုးအောင်အားငွေကျပ်တစ်သောင်းတို့ကို ချီးမြှင့်ကြသည်။

မိုင် ၁၀၀၀ ခရီးရှည်စက်ဘီးစီးပြိုင်ပွဲ ဒဿမနေ့ ပွဲစဉ်အဖြစ် ပျဉ်းမနား-နေပြည်တော်-တောင်ငူခရီးစဉ်ကို ၂၂-၂-၂၀၀၇ နေ့ နံနက်တွင် ပေါင်းလောင်းအားကစားပြိုင်ကွင်းရှေ့၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။ ပြိုင်ပွဲဝင်စက်ဘီးအားကစားသမားများသည် ပျဉ်းမနားမြို့မှ တောင်ညို၊ ပျဉ်းမနားလမ်းအတိုင်း နေပြည်တော်လေဆိပ်၊ လယ်ဝေး၊ ပျဉ်းမနားမြို့ရှောင်လမ်းသစ်မှ သာဝတ္ထိ၊ ရေနီ၊ မြို့လှ၊ သာဂရ၊ ဆွာ၊ ရေတာရှည်မြို့များကို ဖြတ်သန်းပြီး တောင်ငူမြို့ မိုင်ဒါအားကစားကွင်းရှေ့သို့ နံနက် ၉ နာရီခွဲခန့်တွင် ရောက်ရှိပန်းဝင်ကြသည်။ ထိုပွဲတွင် ပျဉ်းမနားမြို့မှ ပြိုင်ပွဲဝင် ၇၂ ဦး တာထွက်ယှဉ်ပြိုင်ရာ တောင်ငူမြို့သို့ ၇၁ ဦး ပန်းဝင်နိုင်ကြသည်။

ပျဉ်းမနား-နေပြည်တော်-တောင်ငူခရီးစဉ်အတွက် ဆုပေးပွဲကို ယင်းနေ့ နံနက် ၁၁ နာရီတွင် တောင်ငူမြို့၊ မိုင်ဒါအားကစားကွင်းရှေ့၌ ကျင်းပရာ တောင်ငူမြို့နယ်အားကစားရေးရာတာဝန်ရှိသူများက ပထမဆုရရှိသော ကျော်မျိုးလှိုင် (ဘဏ္ဍာ/အခွန်)အား ဆုကြေးငွေသုံးသောင်းကျပ်နှင့် အဝါရောင်အင်္ကျီ၊ ဒုတိယဆုရရှိသော အောင်မျိုးနိုင် (Maxxis)အား ငွေကျပ်နှစ်သောင်းနှင့် တတိယဆုရရှိသော ဝင်းလှိုင် (လယ်/ဆည်)အား ငွေကျပ်တစ်သောင်း အသီးသီးဆုချီးမြှင့်ပေးကြသည်။

မိုင် ၁၀၀၀ ခရီးစဉ် (၁၁)ရက်မြောက် အမျိုးသားစက်ဘီးစီးပြိုင်ပွဲ တောင်ငူ-ညောင်လေးပင်ခရီးစဉ်ပြိုင်ပွဲကို ၂၃-၂-၂၀၀၇ နေ့ နံနက် (၆)နာရီက တောင်ငူမြို့မိုင်ဒါအားကစားကွင်းရှေ့၌ ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၂) ဦးထွန်းမြတ်ကသေနတ်ပစ်ဖောက်၍တာလွှတ်ပေးသည်။

ပြိုင်ပွဲအားကစားသမားများသည် တောင်ငူမြို့မှ အုတ်တွင်း၊ ဇေယျဝတီ၊ ဖြူး၊ ကညွတ်ကွင်း၊ တောကွဲအင်း၊ ပဲနွယ်ကုန်းနှင့် ကျောက်တံခါးမြို့များကို ဖြတ်သန်းပြီး ညောင်လေးပင်မြို့သို့ နံနက် ၁၀ နာရီခန့်တွင် ရောက်ရှိပန်းဝင်ကြသည်။ တောင်ငူ-ညောင်လေးပင် ခရီးစဉ်အတွက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ညောင်လေးပင်မြို့၊ အ.ထ.က (၂) သီရိရတနာခန်းမ၌ ကျင်းပရာ ညောင်လေးပင်မြို့နယ် အားကစားရေးရာတာဝန်ရှိသူများက ပထမဆုရရှိသော ဇော်မင်းထွန်း(ရှမ်းပြည်နယ်တောင်ပိုင်း)အား ဆုကြေးငွေ သုံးသောင်းနှင့် အဝါရောင်အင်္ကျီ၊ ဒုတိယဆုရရှိသော မျိုးသူ(မန္တလေးတိုင်း)အား ဆုကြေးငွေနှစ်သောင်းနှင့် တတိယဆုရရှိသော အောင်နိုင်ဝင်း (ရှမ်းပြည်နယ်တောင်ပိုင်း)အား ဆုကြေးငွေတစ်သောင်းတို့ကို ချီးမြှင့်သည်။

မိုင် ၁၀၀၀ ခရီးရှည်အမျိုးသားစက်ဘီးစီးပြိုင်ပွဲ၏ နောက်ဆုံးနေ့ပွဲစဉ်ဖြစ်သော ညောင်လေးပင်-ရန်ကုန် ခရီးစဉ်ကို ၂၄-၂-၂၀၀၇ နေ့ နံနက်ပိုင်းတွင် ညောင်လေးပင်မြို့ ဆည်မြောင်းဦးစီးဌာနရုံးရှေ့၌ စတင် ကျင်းပရာ ယင်းနေ့ နံနက်ပိုင်းတွင်ပင် ရန်ကုန်မြို့သို့ ပန်းဝင်နိုင်ခဲ့ကြသည်။

နှစ် (၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မိုင် ၁၀၀၀ ခရီးရှည်အမျိုးသားစက်ဘီးစီးပြိုင်ပွဲကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှ ၂၄ ရက်နေ့အထိ ကျင်းပခဲ့ရာတွင် ပြိုင်ပွဲတစ်လျှောက်၌ သက်နိုင်ဦး(ဘဏ္ဍာ/အခွန်)က အမှတ်အမှားဆုံးဖြင့် ပထမ၊ ကျော်ကျော်ဦး (Flamingo) က ဒုတိယ၊ မင်းမင်းဟန်(လယ်/ဆည်)က တတိယ၊ ကျော်မျိုးလှိုင် (ဘဏ္ဍာ/အခွန်)က စတုတ္ထ၊ ထွန်းထွန်း (Maxxis) က ပဉ္စမ၊ ဝင်းလှိုင် (လယ်/ဆည်)က ဆဋ္ဌမ၊ အောင်မျိုးနိုင် (Maxxis) က သတ္တမ၊ မြင့်အေး (ဘဏ္ဍာ/အခွန်)က အဋ္ဌမ၊ ချစ်ဦး (ဧရာဝတီတိုင်း)ကနဝမနှင့်မျိုးလင်းအောင် (ဧရာဝတီတိုင်း)တို့က ဒသမရရှိသွားသည်။

မိုင် ၁၀၀၀ ခရီးရှည်စက်ဘီးစီးပြိုင်ပွဲသည် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်ကို အသစ်ပြန်လည်ဖွဲ့စည်းပြီးနောက်ပထမဆုံးအကြိမ်အဖြစ်ကျင်းပသောပြိုင်ပွဲဖြစ်သည်။

ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ။ ။ မူလပါကစ္စတန်နိုင်ငံကို ၁၉၄၇ ခုနှစ် ဩဂုတ်လ (၃)ရက်နေ့တွင်ဗြိတိသျှဧနသဟာယအဖွဲ့ဝင်ဒိုမီနီယန်အဆင့်အတန်းဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ပါကစ္စတန်နိုင်ငံ၏ပထမဆုံးဘုရင်ခံချုပ်မှာ မိုဟာမက်အလီဂျင်းနားဖြစ်သည်။ ၁၉၅၆ ခုနှစ် ဖေဖော်ဝါရီလ (၂၉)ရက်နေ့တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အရ ပါကစ္စတန်သည် လွတ်လပ်သောသမ္မတနိုင်ငံဖြစ်လာသည်။ ထိုစဉ်က အရှေ့ပါကစ္စတန်နှင့် အနောက်ပါကစ္စတန်ဟူ၍ နိုင်ငံနှစ်ပိုင်းပေါင်းအနေနှင့် တည်ရှိသည်။



ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရာရက်ဖ်

၁၉၅၈ ခုနှစ်တွင် သမ္မတမာရ်ရှာက စစ်အုပ်ချုပ်ရေးဥပဒေပြဋ္ဌာန်းပြီး စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မိုဟာမက်အယွတ်ခန်အား စစ်အုပ်ချုပ်ရေးတာဝန်ခံနှင့် စစ်သေနာပတိချုပ်အဖြစ် ခန့်အပ်သည်။ ထိုနှစ် အောက်တိုဘာလ (၂၇)ရက်နေ့တွင် သမ္မတမာရ်ရှာထူးမှ နှုတ်ထွက်ကာ ဗိုလ်ချုပ်ကြီး အယွတ်ခန်အား အာဏာလွှဲအပ်သည်။

၁၉၆၀ ပြည့်နှစ်တွင် အခြေခံဒီမိုကရေစီစနစ်သစ်အရ လူထုဆန္ဒခံယူပွဲ ကျင်းပရာ ဗိုလ်ချုပ်ကြီး အယွတ်ခန်က သမ္မတဖြစ်လာသည်။ ၁၉၆၈ ခုနှစ်တွင် အရှေ့နှင့် အနောက်ပါကစ္စတန်အနှံ့အပြား၌ အစိုးရဆန့်ကျင်ဆန္ဒပြမှုများ၊ အဓိကရုဏ်းများဖြစ်ပွားခဲ့ရာ ၁၉၆၉ ခုနှစ် မတ်လ၌ ဗိုလ်ချုပ်ကြီးယာယာခန်ဦးစီး၍ အာဏာသိမ်းပြီး၎င်းကိုယ်တိုင်သမ္မတအဖြစ်ဆောင်ရွက်၍ အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းသည်။

၁၉၇၁ ခုနှစ် ဒီဇင်ဘာလ (၂၀)ရက်နေ့တွင် အရှေ့ပါကစ္စတန်ကို အကြောင်းပြု၍ ဖြစ်ပွားခဲ့သော အိန္ဒိယပါကစ္စတန်စစ်ပွဲအပြီး၌ ပါကစ္စတန်နိုင်ငံ၏ အာဏာကို ဖီကာအလီဘူတိုက သမ္မတအဖြစ် လွှဲပြောင်းရယူသည်။ ၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီ (၂၈)ရက်နေ့တွင် တစ်နိုင်ငံလုံး၌ သွေးထွက်သံယိုမှုများစွာ ဖြစ်ပွားပြီးနောက် အရှေ့ပါကစ္စတန်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံဟူ၍ ခွဲထွက်ထူထောင်သွားသည်။

၁၉၇၅ ခုနှစ်တွင် အခြေခံဥပဒေအရ ပါကစ္စတန်နိုင်ငံ ရွေးကောက်ပွဲကို ကျင်းပရာ ဖီကာအလီဘူတို၏ပြည်သူ့ပါတီက နိုင်ငံ့အာဏာကို ဆက်လက်ရရှိသည်။

၁၉၇၇ ခုနှစ်၊ ဇူလိုင်လ(၅)ရက်နေ့တွင်ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ် ဖီကာအလီဘူတို အစိုးရလက်မှ နိုင်ငံတော် အုပ်ချုပ်ရေးအာဏာကို ပါကစ္စတန်ကြည်းတပ်၏ ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မိုဟာမက်ဇီယာအူးလဟတ်ဦးဆောင်သော စစ်ကောင်စီက သိမ်းယူသည်။ ဝန်ကြီးချုပ် ဖီကာအလီဘူတိုနှင့် ပါကစ္စတန်ပြည်သူ့ပါတီမှထိပ်တန်းခေါင်းဆောင်များကိုထိန်းသိမ်းခဲ့သည်။ သို့သော် အထွေထွေရွေးကောက်ပွဲ ကျင်းပပေးမည်ဖြစ်သဖြင့် ဩဂုတ်လ (၁)ရက်နေ့တွင် ဖီကာအလီဘူတိအား ပြန်လွှတ်ပေးသည်။ စက်တင်ဘာလ (၉)ရက်နေ့တွင်မူ ဝန်ကြီးချုပ်ဟောင်း ဖီကာအလီဘူတိအား လူသတ်မှုဖြင့် ပြန်လည်ထိန်းသိမ်းသည်။

၁၉၇၈ ခုနှစ် ဇွန်လ (၂၅)ရက်နေ့တွင် စစ်အစိုးရအဖွဲ့ခေါင်းဆောင်ဗိုလ်ချုပ်ကြီး ဇီယာအူးလဟတ်ကနိုင်ငံကို စစ်အုပ်ချုပ်ရေးစနစ်ဖြင့် ဆက်လက်ထားရှိသွားမည်ဖြစ်ကြောင်း ကြေညာသည်။ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အသက် (၅၁)နှစ်ရှိ ဖီကာအလီဘူတိကိုလည်း ဆန့်ကျင်ဘက်နိုင်ငံရေးသမား တစ်ဦးအား လုပ်ကြံရာတွင် ပါဝင်ပတ်သက်ခဲ့သည်ဟူသော စွဲချက်ဖြင့် ၁၉၇၉ ခုနှစ်၊ ဧပြီလ (၄)ရက်၊ နံနက် (၂)နာရီတွင် ရာဝါပင်ဒီမြို့ရှိ ထောင်တွင်း၌ သေဒဏ်ပေးခဲ့သည်။

၁၉၈၆ ခုနှစ်၊ ဧန်နဝါရီလ (၂၈)ရက်နေ့တွင် အစိုးရအဖွဲ့သစ်ကို ပြင်ဆင်ဖွဲ့စည်းရာ ဝန်ကြီးချုပ်အဖြစ်

မိဟာမက်ခန်ဂျူနေဂျိုက ဆက်လက်တာဝန်ယူသည်။ သို့သော် ပါကစ္စတန်နိုင်ငံသည် နိုင်ငံရေးတည်ငြိမ်မှုကို မရရှိခဲ့ပေ။ အတိုက်အခံပါတီများ၏ အစိုးရဆန့်ကျင် ဆန္ဒပြပွဲများကမကြာခဏပေါ်ပေါက်လာနေမြဲဖြစ်သည်။

၁၉၈၆ ခုနှစ်၊ ဧပြီလ (၁၀)ရက်နေ့တွင် သေဒဏ် စီရင်ခြင်းခံရသော ဖီကာအလီဘူတို၏ သမီးဖြစ်သူ ဘနာဇီယာဘူတိုသည် လန်ဒန်မှ ပါကစ္စတန်သို့ ပြန်လည်ရောက်ရှိကာ ဖခင်၏ ပါကစ္စတန် ပြည်သူ့ ပါတီ (PPP) ကို ဦးဆောင်၍ နိုင်ငံရေးနယ်ပယ်ထဲသို့ စတင်ဝင်ရောက်လာသည်။ ပါကစ္စတန်နိုင်ငံ လွတ်လပ်ရေးနေ့ဖြစ်သည့် ဩဂုတ်လ (၁၄) ရက်နေ့တွင် အစိုးရဆန့်ကျင်ရေးအစည်းအဝေးပွဲများ ကျင်းပသည့် အတိုက်အခံပါတီများမှ အဖွဲ့ဝင်များကို အစိုးရက ဖမ်းဆီးရာ ဘနာဇီယာဘူတိုလည်း ဖမ်းဆီးခံရသည်။ အတိုက်အခံပါတီများနှင့် လူထု၏ လာဟိုမြို့လူထု အစည်းအဝေးပွဲနှင့် ဆင်းပြည်နယ် ဆန္ဒပြပွဲများတွင် ဘနာဇီယာဘူတိုက ရှေ့တန်းမှ ဦးဆောင်ပါဝင်ခဲ့သည်။

ထိန်းသိမ်းထားသော ဘနာဇီယာဘူတိုကို စက်တင်ဘာလ (၈)ရက်နေ့တွင် ပြန်လည်လွှတ်ပေးသည်။ ၁၉၈၈ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့တွင် အသက် ၃၅ နှစ်သာရှိသေးသည့် ဘနာဇီဟာဘူတိုသည် ပါလီမာန်ရွေးကောက်ပွဲများ၌ အနိုင်ရပြီး မွတ်ဆလင်နိုင်ငံ၏ ပထမဆုံးအမျိုးသမီး ဝန်ကြီးချုပ်ဖြစ်လာသည်။

ဘနာဇီယာဘူတိုကို ၁၉၅၃ ခုနှစ်၊ ဇွန်လ (၂၁) ရက်နေ့တွင် မြေပိုင်ရှင်မိသားစုမှ မွေးဖွားသည်။ ဘူတို၏ ဖခင်သည် ပါကစ္စတန်ပြည်သူ့ပါတီ (PPP) ကို စတင်တည်ထောင်ပြီး ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်းဖြစ်ခဲ့သည့် ဖီကာအလီဘူတိုဖြစ်သည်။ ဖခင်ထံမှ စစ်တပ်က အာဏာမသိမ်းမီ ၁၉၇၇ ခုနှစ်တွင် အောက်စဖို့စ်နှင့် ဟားဗတ်တက္ကသိုလ်တို့မှ နိုင်ငံရေးသိပ္ပံဖြင့် ဘွဲ့ရ၍ ပါကစ္စတန်သို့ ပြန်လာသည်။ ပါကစ္စတန်ပြည်သူ့ပါတီကို ဦးဆောင်ကာ နိုင်ငံရေးလှုပ်ရှားမှုများကို လုပ်ခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် ဝန်ကြီးချုပ်ဖြစ်လာပြီး ၁၉၉၀ ပြည့်နှစ် ဩဂုတ်လ (၆)ရက်နေ့တွင် သမ္မတ ဂုလစ်အီရှဟတ်ခမ်းက ဘူတို အား လာဘ်စားမှုများနှင့် တိုင်းရင်းသားတို့၏ ဆူပူမှုများကို မထိန်းချုပ်နိုင်ဟုဆိုကာ ဘူတိုအား အစိုးရအဖွဲ့မှ ထုတ်ပယ်သည်။ ၁၉၉၃ ခုနှစ်၊ အောက်တိုဘာလ (၁၃) ရက်နေ့တွင် ဒုတိယအကြိမ်မြောက် ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ (၅)ရက်နေ့တွင် သမ္မတဖာရုလီဂရီက ဘူတိုအား အဂတိလိုက်စားသည်၊ တရားရေးစနစ်ကို ထိခိုက်ပျက်ပြားစေသည်ဟုဆို၍ ဝန်ကြီးချုပ်ရာထူးမှ ထုတ်ပယ်ပြန်သည်။ ၁၉၉၇ ခုနှစ်၊ ဧပြီလ (၄)ရက်နေ့တွင် တရားရုံးက ဘူတိုအား လာဘ်စားခဲ့သည်ကို တွေ့ရှိသည်ဟု ဆိုသည်။ထိုအချိန်က ဘူတိုသည် ပြည်ပ၌ ရှိနေသည်။ တရားရုံးက ထို လာဘ်စားမှုကိုနောက်ပိုင်းကာလ၌ပယ်ဖျက်ခဲ့သော်လည်း ဘူတိုသည် ပြည်ပမှာပင် ဆက်လက်နေထိုင်ခဲ့သည်။

၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၅)ရက်နေ့တွင် သမ္မတမူရှာရက်ဖ်မှ ဘူတိုအား အမှုမှ လွတ်ငြိမ်းခွင့်ပြုပြီးသည့်နောက် ပါကစ္စတန်နိုင်ငံတွင်းသို့ ပြန်လာရေး လမ်းစပွင့်သွားပြီး အာဏာမျှဝေရေးသဘောတူညီချက်အတွက်လည်း လမ်းစပွင့်သွားသည်။ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၁၈)ရက်နေ့တွင် ပါကစ္စတန်နိုင်ငံ ကရာချီမြို့သို့ ပြန်လာသည်။ ဘူတိုပြန်အလာကို လူများစွာက ကြိုဆိုကြစဉ် ဘူတိုစီးနင်းလာသည့် ကားအနီး၌ ဗုံးပေါက်ကွဲသည်။ ၎င်းသည် ဘူတိုအား လုပ်ကြံတိုက်ခိုက်ခြင်းဟုဆိုသည်။ ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ (၂၇)ရက်နေ့တွင် ဘူတိုသည် ရာဝါပင်ဒီ၌ ရောက်ရှိနေစဉ် အသေခံဗုံးခွဲတိုက်ခိုက်ခံရမှုကြောင့် ဘူတိုသေဆုံးခဲ့သည်။




ရွေးကောက်ပွဲအတွက်ဧရိုးလှည့်လည်စည်းရုံးမဲဆွယ်နေသော ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း ဘနာဇီယာဘူတို

၂၀၀၇ ခုနှစ်သည် ပါကစ္စတန်နိုင်ငံအတွက် နိုင်ငံရေးလှုပ်ရှားမှု အပြောင်းအလဲအရှိဆုံးကာလဟုဆိုနိုင်သည်။ ပါကစ္စတန်သမ္မတမူရှာရက်ဖ်၏ စစ်ဦးစီးချုပ်ရာထူးနှင့် သမ္မတရာထူးအား နှစ်ခုပူးတွဲရယူပိုင်ဆိုင်ခွင့်အတွက် အငြင်းပွားခြင်း၊ တရားရုံးချုပ်တရားသူကြီးချုပ်ကို ရာထူးမှ ထုတ်ပယ်လိုက်ခြင်း၊ နေရပ်ပြန်လာသောဝန်ကြီးချုပ်ဟောင်း နာဝပ်ရှရစ်ကို လေဆိပ်တွင် ထိန်းသိမ်းလိုက်ခြင်း၊ ဝန်ကြီးချုပ်ဟောင်း ဘနာဇီယာဘူတိုပြည်တော်ပြန်လာခြင်းတို့ဖြင့် ရှုပ်ထွေးပွေလီနေသည်။ ၎င်းတို့အနက်ဗိုလ်ချုပ်ကြီးပါဗက်မူရှာရက်ဖ်သည် စစ်ဦးစီးချုပ်ရာထူးကို စွန့်လွှတ်လိုက်ခြင်းကထူးခြားသည်ဟု ဆိုနိုင်သည်။

မူရှာရက်ဖ်သည် ၁၉၉၉ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံကို အာဏာသိမ်းယူခဲ့သည်။ ပါကစ္စတန်ဖွဲ့စည်းပုံအခြေခံဥပဒေကို နှစ်ကြိမ်ဖျက်သိမ်းသည်။ ဝန်ကြီးချုပ်နာဝပ်ဇ်ရှရစ်ကို ရာထူးမှ ထုတ်ပယ်ကာ လွှတ်တော်များကို ဖျက်သိမ်းသည်။ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ (၃)ရက်နေ့တွင် မူရှာရက်ဖ်ကအရေးပေါ်အခြေအနေကိုကြေငြာကာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းလိုက်သည်။ ထို့နောက် အတိုက်အခံများ သပိတ်မှောက်ထားသည့် ကြားမှ ၂၀၀၇ ခုနှစ် အောက်တိုဘာလ (၆)ရက်နေ့တွင်ပါကစ္စတန်သမ္မတရွေးကောက်ပွဲကျင်းပခဲ့ရာ မူရှာရက်ဖ်အနိုင်ရသည်။ နိုဝင်ဘာလ(၂၄)ရက်နေ့တွင် ပါကစ္စတန်ရွေးကောက်ပွဲကျင်းပရေးကော်မရှင်က မူရှာရက်ဖ်အား သမ္မတအဖြစ် အတည်ပြုပေးသည်။ သမ္မတအဖြစ်ဒုတိယသက်တမ်းရွေးကောက်ခံရပါက စစ်ဦးစီးချုပ်ရာထူးမှ နုတ်ထွက်ပေးမည်ဟု သဘောတူ ကတိပြုထားသည့်အတိုင်း မူရှာရက်ဖ်သည် နိုဝင်ဘာလ (၂၈)ရက်နေ့တွင် အရပ်ဘက်ပြောင်းကာ ဒုတိယဗိုလ်ချုပ်ကြီး ကီယာနီကို စစ်ဦးစီးချုပ်ရာထူးခန့်အပ်ပေးခဲ့သည်။ မူရှာရက်ဖ်သည် ပါကစ္စတန်နိုင်ငံတွင် တစ်လကျော်ကြာခဲ့သော အရေးပေါ်အမိန့်ကို ဒီဇင်ဘာလ (၁၄)ရက်နေ့တွင် ရုပ်သိမ်းပေးသည်။ ဒီဇင်ဘာလ (၂၇)ရက်နေ့က ဘနာဇီယာဘူတို လုပ်ကြံခံရသောအခါ မူရှာရက်ဖ်က ပါကစ္စတန်ပြည်သူများအား တည်တည်ငြိမ်ငြိမ်နေကြရန်နှင့် အကြမ်းဖက်သမားများ ကျဆုံးရမည်ဖြစ်ကြောင်း နိုင်ငံသို့ ပြောကြားခဲ့သည်။ ဘူတိုသည် အနောက်နိုင်ငံ၏ ကျောထောက်နောက်ခံပြုမှုဖြင့် တတိယအကြိမ်ဝန်ကြီးချုပ်ဖြစ်လာစေရန် ကြိုးပမ်းနေသူဟု စစ်သွေးကြွများက သတ်မှတ်၍ ထိုကဲ့သို့ လုပ်ကြံခြင်းဖြစ်သည်ဟု မီဒီယာများကဆိုကြသည်။

ပါကစ္စတန်နိုင်ငံတွင် စက်တင်ဘာလ ၂၆ ရက်နေ့ကတည်းက ပြည်တွင်းအထွေထွေ မကျေနပ်မှုများကြောင့် ဆန္ဒပြမှုများပေါ်ပေါက်ခဲ့သည်။ဆန္ဒပြသူများကို ပါကစ္စတန်ရဲတပ်ဖွဲ့ဝင်များကဟန့်တားမှုကြောင့်ပဋိပက္ခများဖြစ်ပွားခဲ့သည်။ မြို့တော် အစ္စလာမ်မာဘတ်မြို့နှင့် လာဟိုးမြို့များတွင် အုတ်အော်သောင်းနင်း အဓိကရုဏ်းများဖြစ်ပွားခဲ့သည်။ပါကစ္စတန်ရွေးကောက်ပွဲကော်မရှင်က အောက်တိုဘာလ (၆)ရက်နေ့တွင်ကျင်းပမည်ဖြစ်သော သမ္မတရွေးကောက်ပွဲ၌ လက်ရှိသမ္မတ ပါဗက်ဇ် မူရှာရက်ဖ်၏ အမည်စာရင်း တင်သွင်းမှုကို လက်ခံပြီး ချိန်မှစ၍ အတိုက်အခံပါတီများမှ စ,ကာ ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။



နိုင်ငံမငြိမ်မသက်မှုကြောင့် နေရာအနှံ့ ကင်းလှည့်နေသော ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့

ပါတီးလ်၊ ပရာတီဘာဒေဝီဆင်း၊ စူမထရီ။ ။ စူမထရီပရာတီဘာဒေဝီဆင်းပါတီးလ်ကို ၁၉၃၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ဂျာလ်ဂွန်ဒီစတြိတ် မဟာရပ်ရှ်တာပြည်နယ်၌ မွေးဖွားခဲ့သည်။ ပါတီးလ်သည် အိန္ဒိယနိုင်ငံ၏ (၁၂)ယောက်မြောက် သမ္မတအဖြစ် ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်ခဲ့သည်။ ၎င်းသည်



အိန္ဒိယသမ္မတကြီး စူမထရီပရာတီဘာဒေဝီဆင်းပါတီးလ်

အိန္ဒိယနိုင်ငံ၏ ပထမဦးဆုံးသော အမျိုးသမီးသမ္မတ အဖြစ် ကျိုက္ခဲသို့ ခန့်ညားသော တာဝန်အတွက်ရွေးချယ် ခံရခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံ၏သမ္မတအဖြစ်ရွေးချယ် ခြင်းမခံရမီစူမထရီပရာတီဘာဒေဝီဆင်းပါတီးလ်သည် ရာဂျစ်စတန်ပြည်၏ ဘုရင်ခံအဖြစ် ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ (၈)ရက်နေ့မှ ၂၀၀၇ ခုနှစ်၊ ဇွန် (၂၁)ရက်နေ့ထိ ထမ်းဆောင်ခဲ့သည်။

စူမတရီပါတီးလ်သည် ကနဦးပညာကို RR Vidyalaya ကျောင်း၀င်္ဂန်ဒီစတြိတ်မှ ရရှိပြီး နိုင်ငံရေးမဟာ သိပ္ပံနှင့် စီးပွားရေးဘွဲ့ကို ကျောင်း၀င်္ဂန်ဒီစတြိတ် Moolijec Jetha College မှ ရရှိခဲ့သည်။ ၎င်းနောက် (L.L.B) ဘွဲ့ကို အစိုးရဥပဒေကောလိပ်မွန်ဘိုင်းမှ ရရှိခဲ့သည်။ ကောလိပ်တက်နေစဉ် အားကစား၊ စားပွဲတင် တင်းနစ် အားကစားတွင် ထူးချွန်သဖြင့် ဆုတံဆိပ် အများအပြား ချီးမြှင့်ခြင်းခံခဲ့ရသည်။ စီးပွားရေးပညာနှင့်သက်ဆိုင် သည့် ကျောင်းသားတစ်ယောက် ဖြစ်သော်ငြားလည်း ဥပဒေကျောင်းသားအဖြစ် ဥပဒေပညာကို အမီလိုက် ဆည်းပူးခဲ့သည်။

ပါတီးလ်သည် အသက်မွေးဝမ်းကျောင်းအဖြစ် Jalgaon ဒီစတြိတ်ရုံးတွင် ရှေ့နေလိုက်ပြီး တစ်ချိန်တည်း တွင် အမျိုးမျိုးသော လူမှုရေးလှုပ်ရှားမှုများတွင် မြုပ်နှံခဲ့ သည်။ အထူးသဖြင့် ဆင်းရဲသော အမျိုးသမီးများကို မြှင့်တင်ပေးသည့် လုပ်ငန်းများကို နှစ်နှစ်ကာကာ လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။

အသက် ၂၇ နှစ်တွင် ပါတီးလ်သည် မဟာရပ်ရှ် သာရာ State Legislature သို့ Jalgaon Assembly Constituency မှ အောင်မြင်စွာ အရွေးခံခဲ့ရသည်။ နောက်ပိုင်းတွင် ၁၉၈၅ ခုနှစ်အထိ လေးကြိမ်တိုင်တိုင် အဆက်မပြတ် MLA အဖြစ် Edlabad (Muktai Nagar) မှ အရွေးခံရပါသည်။ ထို့နောက် ၁၉၈၅ မှ ၁၉၉၀ ပြည့်နှစ်အထိ ပါလီမန်အဖွဲ့ဝင်အဖြစ် Rajya Sabha တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းနောက် Amravti မဲဆန္ဒနယ်မှ အဖွဲ့ဝင်အဖြစ် ၁၉၉၁ ခုနှစ်တွင် ၁၀ ကြိမ်မြောက် lok Sabha အတွက် အရွေးခံရပါသည်။ ပါတီးလ်သည် သမ္မတဖြစ်သည်အထိ မည်သည့်ယှဉ်ပြိုင် အရွေးခံမှုတစ်ခုတလေမှ ရုံးနိမ့်ခဲ့ခြင်း မရှိခဲ့ပေ။ အောင်မြင်ခဲ့သည်ချည်းသာဖြစ်သည်။ ပါတီးလ်သည် မဟာရပ်ရှ်တာပြည်နယ်၌ အောက်ပါအတိုင်းအမျိုးမျိုး သော ရာထူးများတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

ဒုတိယဝန်ကြီးအနေနှင့် ပြည်သူ့ကျန်းမာရေး တားမြစ်ပိတ်ပင်ခြင်း၊ခရီးသွားလာရေး၊အိုးအိမ်နှင့် ပါလီမန် ရေးကိစ္စများကို ၁၉၆၇ခုနှစ်အထိမဟာရပ်ရှ်တာ အစိုးရ ဌာနတွင် ဆောင်ရွက်ခဲ့သည်။

ဝန်ကြီးအဖွဲ့ဝန်ကြီးအနေနှင့် ပြည်သူ့ကျန်းမာရေး နှင့် လူမှုဝန်ထမ်းလုပ်ငန်းများကို ၁၉၇၄ မှ ၁၉၇၅ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။

ဝန်ကြီးအဖွဲ့ဝန်ကြီးအနေနှင့် တားမြစ်ပိတ်ပင်ခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ ယဉ်ကျေးမှုလုပ်ငန်းများကို မဟာရပ်ရှ်တာပြည်နယ် အစိုးရတွင် ၁၉၇၅ မှ ၁၉၇၆ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။

ဝန်ကြီးအဖွဲ့ဝန်ကြီးအနေနှင့် မြို့ပြဖွံ့ဖြိုးရေးနှင့် အိုးအိမ်တာဝန်များကို ၁၉၈၂ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ မဟာရပ်ရှ်တာပြည်နယ်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။

ဝန်ကြီးအဖွဲ့ ဝန်ကြီးအနေနှင့် ပြည်သူ့ထောက်ပံ့ရေး နှင့် လူမှုဝန်ထမ်းတာဝန်များကိုမဟာရပ်ရှ်တာပြည်နယ် အစိုးရတွင် ၁၉၈၃ မှ ၁၉၈၅ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။

အတိုက်အခံတာဝန်ထမ်းဆောင်စဉ် ခေါင်းဆောင် အဖြစ် မဟာရပ်ရှ်တာပြည်နယ် အစိုးရ ဥပဒေပြုအဖွဲ့ တွင် ၁၉၇၉ မှ ၁၉၈၀ ပြည့်နှစ်အထိ ဆောင်ရွက်ခဲ့သည်။

သမ္မတကြီးသည် ရာဂျ်ရာစတာဟ်တွင် ဒုတိယ ဥက္ကဋ္ဌအဖြစ် ၁၉၈၆ မှ ၁၉၈၈ ခုနှစ် အထိ ဆောင်ရွက်ခဲ့ပြီး ၂၅- ၇- ၁၉၈၇ မှ ၂- ၉- ၁၉၈၇ ခုနှစ်ထိ ရာဂျ်ရာစတာဟ်တွင် ဥက္ကဋ္ဌဖြစ်လာခဲ့သည်။ ဥက္ကဋ္ဌအဖြစ်လည်းအခွင့်ထူးကော်မတီတွင် ထမ်းဆောင်ခဲ့သည်။ အဖွဲ့ဝင်အဖြစ် စီးပွားရေးအကြံပေးကော်မတီတွင် ၁၉၈၆ မှ ၁၉၈၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ လိုက်စာဘာဟ်မှာရှိနေစဉ် သမ္မတကြီးသည် ဥက္ကဋ္ဌအဖြစ် အိုးအိမ်ကော်မတီဝင်ဖြစ်ခဲ့သည်။

ပါတီးလ်သည် ပြည်သူနှင့်အနီးကပ်ထိတွေ့ခဲ့ရသောကာလများတွင် အဖွဲ့အစည်းမြောက်မြားစွာနှင့် ဆက်ဆံဆောင်ရွက်ခဲ့သည်။ မဟာရပ်ရှ်တာပြည်နယ်အစိုးရ ရေဆိုးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ၁၉၈၂ မှ ၁၉၈၅ အထိလည်းကောင်း၊ မဟာရပ်ရှ်တာ ပရဒေးကွန်ဂရက်ကော်မတီ (PCC) တွင် ဥက္ကဋ္ဌအဖြစ် ၁၉၈၈ မှ၁၉၉၀ ပြည့်အထိလည်းကောင်း ဆောင်ရွက်ခဲ့သည်။ ထို့ပြင် စုပေါင်းဖွဲ့စည်းထားသော ဘဏ်များတွင် ကြွေးမြီအသင်းအဖွဲ့ဒါရိုက်တာရာထူးနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ မဟာရပ်ရှ်တာပြည်နယ် အစိုးရအဖွဲ့တွင် အဖွဲ့ဝင်နှင့် ဥက္ကဋ္ဌအဖြစ် အုပ်ချုပ်မှုကောင်စီနှင့် အိန္ဒိယနိုင်ငံအမျိုးသား သမဝါယမအဖွဲ့အစည်းများတွင် ဆောင်ရွက်ခဲ့သည်။ အချက် (၂၀) ဆောင်ရွက်ရေးကော်မတီတွင် ပါတီးလ်သည် အပြည်ပြည်ဆိုင်ရာဒေသကို ကိုယ်စားပြု၍ ပါဝင်ခဲ့ကာ တွေ့ဆုံဆွေးနွေးပွဲများသို့လည်း တက်ရောက်ခဲ့သည်။ ပါတီးလ်သည် AICC(1) ကိုယ်စားလှယ်အဖွဲ့တွင် ကိုယ်စားလှယ်တစ်ဦးအနေနှင့် ဘူဂေးရီးယားနိုင်ငံသို့ ၁၉၈၅ ခုနှစ်က သွားရောက်ခဲ့ပြီး၊ ၁၉၈၈ ခုနှစ်က လန်ဒန်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ဓနသဟာယသဘာပတိအရာရှိများ၏ တွေ့ဆုံဆွေးနွေးပွဲသို့လည်း တက်ရောက်ခဲ့သည်။ ပါတီးလ်သည် အိန္ဒိယကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်၍ ဩစတြေးလျနိုင်ငံတွင် ကျင်းပသော 'အမျိုးသမီးဂုဏ်ဒြပ်' ဆွေးနွေးပွဲသို့ တက်ရောက်ကာ ၁၉၉၅ ခုနှစ်၊ စက်တင်ဘာလတွင် တရုတ်နိုင်ငံ၊ ပေကျင်းမြို့တွင် ကျင်းပသော ကမ္ဘာ့အမျိုးသမီးများတွေ့ဆုံဆွေးနွေးပွဲသို့လည်း တက်ရောက်ခဲ့သည်။

ပါတီးလ်သည် သူမ၏ ပြည်သူများနှင့် ထိတွေ့ဆက်ဆံရသော သက်တမ်းတလျှောက်တွင် အမျိုးသမီးကဏ္ဍသာယာဝပြောရေး၊ ကလေးသူငယ်များကဏ္ဍနှင့် အခွင့်ထူးရရှိရေး ချို့တဲ့မှုများ ပပျောက်ရေးစသည့် ကဏ္ဍများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သည်။ပါတီးလ်သည် အဖွဲ့အစည်းများ၏ အကျိုးအတွက်အဖွဲ့အစည်းမြောက်မြားစွာကိုလည်း တည်ထောင်ပေးရာတွင် အမျိုးသမီး အလုပ်သမားများအတွက် မွန်ဘိုင်းနှင့် ဒေလီမြို့များတွင် တည်းခိုခန်းများကို တည်ထောင်ပေးခြင်း၊ စက်မှုကောလိပ် ကျောင်းတစ်ကျောင်းကို ဂျာလ်ဂွန် ပြည်နယ်ရှိ လူငယ်များအတွက် တည်ထောင်ပေးခြင်း၊ ရှရမ်သာသနာ့ယုံကြည်မှုပစ္စည်းအပ်နှံသော အဖွဲ့တွင် အမျိုးသမီးများ တိုးတက်သာယာရေးလှုပ်ရှားမှု၌ ပါဝင်ဆောင်ရွက်ခြင်း၊ ဂျာလ်ဂွန်တွင် မျက်မမြင်များအတွက် စက်မှုလက်မှုလေ့ကျင့်ရေး ကျောင်းတစ်ကျောင်းကို တည်ထောင်ပေးခြင်း၊(V)ဝီမွတ်တာဂျာတစ်ခ်ဟုခေါ်သော အတည်တကျနေထိုင်ခြင်း မရှိသည့်လူမျိုးစုများ၏ ဆင်းရဲသောကလေးများအတွက် စာသင်ကျောင်းများ တည်ထောင်ပေးခြင်းနှင့် အမ်ရာဝတီပြည်နယ်တွင် အဘက်ဘက်မှနောက်ကျနေသော လူများအတွက် စာသင်ကျောင်းများ ဆောက်ပေးခြင်းနှင့် မဟာရပ်ရှ်တာပြည်နယ်တွင် ကရီရှီဝီဂရန်တင်ဒရာ (လယ်သမားလေ့ကျင့်စင်တာ)ကို အန်မ်ရာဝါတီတွင် တည်ထောင်ခြင်းများကို ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ပါတီးလ်သည် မဟာရပ်ရှ်တာပြည်နယ်အစိုးရမှာ အမျိုးသမီးများ ဖွံ့ဖြိုးမှုအတွက် တာဝန်ယူဆောင်ရွက်နေသော မဟီလာဝီကားစ် မဟာမန်ဒါးလ်ကို ရှေ့ဆောင်လမ်းပြအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

သမ္မတကြီးသည် ဂီတတူရိယာနှင့်ဆိုင်သော ဂီတအဖွဲ့အစည်းနှင့် ကွန်ပျူတာ၊ အပ်ချုပ်သင်တန်းများကို မဟာရပ်ရှ်တာပြည်နယ် အန်မရပါတီတွင် ဆင်းရဲနွမ်းပါးသော အမျိုးသမီးများအတွက် ဆောင်ရွက်ပေးခဲ့သည်။ သမ္မတကြီးသည် အမျိုးသမီးအိမ်စောင့်တပ်ဖွဲ့ကို ဖွဲ့စည်းပေးပြီး ၁၉၆၂ ခုတွင် ၎င်းတပ်ဖွဲ့၌ တပ်မှူးအဖြစ် တာဝန်ယူခဲ့သည်။

ပညာဏိက၊ ဘဒ္ဒန္တ (ဆားတောင် ဆရာတော်)။

။ ဆားတောင်ဆရာတော်ဟု ညွှန်းဆိုအပ်သော ဆရာတော် ဘဒ္ဒန္တ ပညာဏိက လောင်းလျာအား ခမည်းတော် ဦးငွေဒင်၊ မယ်တော် ဒေါ်ပြောင်းမယ်တို့မှ ၁၂၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ (၂၉-၁၀-၁၉၂၅) ကြာသပတေးနေ့၊ နေ့လယ် ၂ နာရီအချိန်တွင် ဖွားမြင်တော်မူခဲ့သည်။ သားသမီးခုနှစ်ယောက်အနက် စတုတ္ထမြောက်သားရတနာဖြစ်သည်။ ငယ်နာမည်မှာ မောင်လတ်ဖြစ်သည်။

ဆရာတော်လောင်းလျာသည် အသက် (၁၂) နှစ်အရွယ်တွင် သင်းတွဲရွာ၊ ကြာကန်ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ရှင်သာမဏေ (၂)ဝါအရတွင် လူထွက်၍ မိဘများအား ကူညီလုပ်ကိုင်ပေးခဲ့သည်။ ၁၅ နှစ်သားအရွယ်တွင် မစိုးရိမ်ကျောင်းဆရာတော်ဦးဇဋိလထံတွင် ထပ်မံ ရှင်သာမဏေဝင်တခဲ့သည်။

ဆရာတော်သည် ဆားတောင်ရွာ မစိုးရိမ်တောကျောင်းနှင့် မန္တလေးတောင်မြင်ပခန်းကျောင်းတို့တွင် စာဝါသင်ကြားပြီး ၁၇ နှစ်အရွယ်တွင် ပထမငယ်တန်းအောင်မြင်ခဲ့သည်။

ဆရာတော်သည် ၁၃၀၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်နေ့ နံနက် ၈ နာရီအချိန်တွင် ဆားတောင်ရွာ၊ ရွာဦးကျောင်းဆရာတော် ဦးတဇကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်နှင့် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဆရာတော်သည် ဆားတောင်ရွာ၊မစိုးရိမ်ကျောင်းတိုက်တွင် စာဝါများဆက်လက်သင်ယူနေစဉ် ရဟန်း(၉)ဝါအရတွင် ခြေဒဂ္ဂတ်ဆွဲဝေဒနာဖြစ်ပေါ်ခဲ့သည်။ ၁၃၁၆ ခုနှစ်တွင် စာဝါများ ဆက်မလိုက်နိုင်တော့သဖြင့် စွန်းလွန်းဆရာတော်ကြီး၏ ထေရပွတ္တိကျင့်စဉ် စာအုပ်ကို ဖတ်ရှုပြီး သမ္မပ္ပဓာန်ကျင့်စဉ်အတိုင်း မလျှော့သောဇွဲ၊ လုံ့လတို့ဖြင့် နေ့ညမလပ် တစ်စပ်တည်းအားထုတ်ခဲ့သည်။



ဘဒ္ဒန္တ ပညာဏိက

ဆရာတော်သည် ၁၃၁၇ ခုနှစ်တွင် ဆားတောင်ပဋိပတ္တိသာသနာ့ရိပ်သာတွင် ကိုယ်တွေ့ကျင့်စဉ်အတိုင်း တရားပြလျက် ပဋိပတ္တိသာသနာကို ပြန့်ပွားစေခဲ့သည်။ ၁၃၃၁ ခုနှစ်တွင် ဆားတောင်မှ စဉ့်ကိုင်မြို့နယ်၊ ကသည်းကုန်းကျေးရွာ၊ မင်းရွာကုန်းကျောင်းသို့ ပြောင်းရွှေ့သီတင်းသုံးတော်မူခဲ့သည်။ ရန်ကုန်မြို့ ကိုးမိုင်ရွာတန်းရှည် စွန်းလွန်းကျောင်းတိုက်၊ မော်လမြိုင်မြို့၊ ဈေးချိုရပ် စွန်းလွန်းကျောင်းတိုက်၊ စစ်ကိုင်းမြို့နယ် ထန်းတောရွာ၊ ဆားတောင်ကျောင်းတိုက်၊ ဆားတောင်ရိပ်သာ၊ ရန်ကင်းတောင်ရိပ်သာ (ကသည်းကုန်းရွာ)၊ စဉ့်ကိုင်မြို့နယ်တို့တွင် တစ်လှည့်စီ သီတင်းသုံး၍ ပဋိပတ္တိသာသနာကို ပြန့်ပွားစေခဲ့သည်။

ဆရာတော်ကြီးသည် ပဋိပတ္တိသာသနာတော်အတွက် ကြိုးစားအားထုတ်လျက်ရှိတော်မူစဉ် သက်တော် (၈၃) နှစ်၊ သိက္ခာတော် (၆၄)ဝါအရ ၁၃၆၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက် (၁၃- ၁၁- ၂၀၀၇) အင်္ဂါနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်အချိန်တွင် သီတင်းသုံးတော်မူရာ မင်းရွာကုန်း ဆားတောင် ပဋိပတ္တိကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။ ၁၃၆၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် (၁၅- ၁၁- ၂၀၀၇) တနင်္ဂနွေနေ့တွင် နိဗ္ဗာန်စံကျောင်းချတော်မူသည်။

ဖြူစင်

ပညာရေးစုံညီပွဲတော်။ ။ပညာရေးမြင့်တင်မှု အစီအစဉ်အရ ပေါ်ထွန်းလာသည့် သမိုင်းဝင်ပညာရေးလှုပ်ရှားမှု လုပ်ငန်းတစ်ရပ်ဖြစ်သော ပညာရေးစုံညီပွဲတော်ကို ၁၉၉၉-၂၀၀၀ ပညာသင်နှစ်မှစ၍ နှစ်စဉ်ကျင်းပရာ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလတွင် နေပြည်တော်၌ ပထမဆုံးအကြိမ် ကျင်းပသည်။

ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့ နံနက် ၈ နာရီတွင် ပညာရေးကော်မတီ ကော်မတီဝင်များ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊



ပညာရေးစုံညီပွဲတော် (၂၀၀၇)အထိမ်းအမှတ်အခမ်းအနားမှ ပြကွက်များကို မြန်မာနိုင်ငံပညာရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် (ယခုဗိုလ်ချုပ်ကြီး နိုင်ငံတော်ဝန်ကြီးချုပ်) လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်

နေပြည်တော်အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း အားကစားရုံရှေ့၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (ယခုဗိုလ်ချုပ်ကြီး နိုင်ငံတော်ဝန်ကြီးချုပ်) တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံနေပြည်တော်ပျဉ်းမနားခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ ပြည်နယ်နှင့်တိုင်းကိုယ်စားပြုအခြေခံပညာကျောင်းသားကျောင်းသူ ၁၄ ဦးတို့က ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး အခြေခံပညာကျောင်း

သားကျောင်းသူလေးများက မိုးပျံပူဖောင်းများကို လွှတ်တင်ပေးကာ 'မြန်မာ့ကျောင်း'သီချင်းဖြင့် ဂုဏ်ပြုသီဆိုကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် (ယခု နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်ကြီး) နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် အားကစားခန်းမအတွင်း ခင်းကျင်းပြသထားသော ပညာရေးစုံညီပွဲတော် အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် အားကစားခန်းမ၌ ကျင်းပသည့် ၂၀၀၆-၂၀၀၇ ပညာသင်နှစ်ပညာရေးစုံညီပွဲတော် ဂီတဖျော်ဖြေမှုနှင့် ကျွမ်းကျင်မှုပြပွဲ အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဂီတဖျော်ဖြေမှုနှင့် ကျွမ်းကျင်မှုပြပွဲအခမ်းအနားတွင် အမှတ် (၃)အခြေခံပညာဦးစီးဌာနမှ ကျောင်းသားကျောင်းသူများက 'ပညာဖြိုးဝေ တို့မြန်ပြည်' သီချင်း၊ ဒဂုံမြို့နယ် အမှတ် (၃)အခြေခံပညာအထက်တန်းကျောင်းမှအကြား အာရုံချို့တဲ့ကျောင်းသားများဖြစ်ကြသည့် မောင်ရဲလွင်ဦးနှင့် မောင်ချစ်စမ်းမောင်တို့က 'မင်းသားပြိုင်'အက၊ အမှတ် (၃) အခြေခံပညာဦးစီးဌာနမှ ကျောင်းသားကျောင်းသူများက 'ရာသက်ပန်ပြည်ထောင်စု' သီချင်းတို့ဖြင့် သီဆိုကပြဖျော်ဖြေကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အတွင်းရေးမှူး (၁) သည် အခမ်းအနားတက်ရောက်ကြသည့် ဧည့်သည်တော်များနှင့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဇယိုပြကွက်၊ ဂီတဖျော်ဖြေမှုနှင့် ကျွမ်းကျင်မှုပြပွဲကို ဧန်နဝါရီလ ၆ ရက်နေ့မှ ၈ ရက်နေ့အထိ နေပြည်တော် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းအားကစားခန်းမ၌ ကျင်းပသည်။



ပညာရေးစုံညီပွဲတော် (၂၀၀၇) ဖွင့်ပွဲအခမ်းအနားကို ဆုရကျောင်းသားကျောင်းသူများက ဝဲကြိုးဖြတ်၍ ဖွင့်လှစ်စဉ်

ပညာရေးစုံညီပွဲတော် ဗဟိုပြကွက်တွင် နိုင်ငံတော်အကြီးအကဲ၏ ပညာရေးကဏ္ဍလမ်းညွှန်ချက်များနှင့် မြန်မာ့ပညာရေးမျှော်မှန်းချက်များကို ပြသထားသည်။ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၏ ပညာရေးမြှင့်တင်မှုဆောင်ရွက်ချက်များ၊ ASEAN School Net Project Foundation အစီအစဉ်အရကျောက်တန်းမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၊ ပဲခူးမြို့နယ် အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်းများနှင့် အာဆီယံကျောင်းများ ကွန်ပျူတာကွန်ရက်ချိတ်ဆက်ဆောင်ရွက်ထားရှိမှုများ၊ ဒေသရိုးရာအဝတ်အထည်များနှင့် ထွက်ကုန်များကို ခင်းကျင်းပြသထားသည်။

ဂီတဖျော်ဖြေမှုနှင့် ကျွမ်းကျင်မှုပြပွဲတွင် အမှတ် (၃) အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူများက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ ဝူရှူးသရုပ်ပြခြင်း၊ ပုံပြောနှင့် ကဗျာရွတ်ဆိုသရုပ်ဖော်ခြင်းတို့ဖြင့် တင်ဆက်ကြရာ နေပြည်တော်ရှိ အခြေခံပညာကျောင်းများမှ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် မိဘများ ကြည့်ရှုအားပေးကြသည်။

ပညာရေးဝန်ကြီးဌာန ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၈ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း အားကစားခန်းမ၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံပညာရေးကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးစေတနာရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော် ပျဉ်းမနားခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများ၊ မိဘဆရာအသင်းအမှုဆောင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဆုရကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများ၊ နေပြည်တော်ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် တပ်ကုန်းမြို့နယ်များမှ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ရှေးဦးစွာ နိုင်ငံတော်သီချင်းဖြင့် ဖွင့်လှစ်သည်။

ဆက်လက်၍ နေပြည်တော်ပျဉ်းမနားမြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက 'မြန်မာ့ကျောင်း'သီချင်း၊ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက 'ဘက်စုံဆင်နွှဲဆုနှင်းပွဲ' သီချင်းတို့ကို သီဆိုဂုဏ်ပြုကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာချမ်းငြိမ်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ဒသမတန်းဘက်စုံထူးချွန်ဆုရ ပြည်နယ်နှင့် တိုင်းအသီးသီးမှ ကျောင်းသားကျောင်းသူ ၁၇ ဦးတို့အားဆုများ ပေးအပ်ချီးမြှင့်ပြီး ဆုရကျောင်းသားကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးက ၂၀၀၆-၂၀၀၇ ပညာသင်နှစ် အဋ္ဌမတန်းဘက်စုံထူးချွန်ဆုရ ကျောင်းသားကျောင်းသူ ၁၇ ဦး၊ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးစခန်းမှူးက ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မြန်မာနှင့် နိုင်ငံတကာလူမှုဆက်ဆံရေးထုံးဓလေ့တတ်ကျွမ်းမှုပြိုင်ပွဲဆုရ ကျောင်းသားကျောင်းသူ ၁၈ ဦး၊ အားကစားဝန်ကြီးဌာန ဝန်ကြီးက နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရ ကျောင်းသားကျောင်းသူ ၁၅ ဦး၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီးက ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ကျောင်းနှင့် ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆုရ အခြေခံပညာအထက်တန်းကျောင်း ၁၇ ကျောင်းမှ ကျောင်းအုပ်ကြီး ၁၇ ဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများက နိုင်ငံတကာပန်းချီပြိုင်ပွဲများတွင်

ရွှေတံဆိပ်ဆုရ ကျောင်းသူနှစ်ဦးနှင့် ကျောင်းနေအရွယ် ကလေးအား‌လုံး‌ကျောင်းနေရေးစိမံချက်အရ ထူးခြားသည့် ကျောင်းသား‌ကျောင်းသူ ခြောက်ဦးတို့အား ဂုဏ်ပြုဆုများ၊ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး ဆုရကျောင်းသား‌ကျောင်းသူများ၊ ဆုရ ကျောင်းများ၏ ကျောင်းအုပ်ကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆုများပေးအပ်ချီးမြှင့်စဉ် နေပြည်တော် ပျဉ်းမနားမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား‌ကျောင်းသူများက 'စုံညီပွဲတော် တို့နွဲ့ပျော်' သီချင်း၊ ဆုများပေးအပ်ချီးမြှင့်အပြီးတွင် နေပြည်တော် ပျဉ်းမနားမြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား‌ကျောင်းသူများက 'ဇာတိမာန်' သီချင်းတို့ဖြင့် ဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စိုးအောင်

ပုညာတောင်ဥမင်။ ။ ပုညာတောင်သည် မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်တွင် တည်ရှိပြီး ပေပေါင်း ၃၀၀၀ ကျော်မြင့်သည်။

ပုညာတောင်အား ဥမင်ဖောက်လုပ်ရခြင်းသည် မီးရထားလမ်းဖြတ်သန်းသွားနိုင်ရန် ဖြစ်သည်။ နိုင်ငံတော်

အစိုးရက နိုင်ငံတော်၏ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မီးရထားလမ်းများစွာကို နိုင်ငံနှင့်အဝှမ်း ဖောက်လုပ်ခဲ့ရာ ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းကို အကောင်အထည် ဖော်ခဲ့သည်။

ပခုက္ကူ–ဂန့်ဂေါ–ကလေးရထားလမ်းပိုင်းသည် စုစုပေါင်း မိုင်အရှည် ၂၂၆ မိုင်ကျော် တည်ရှိသည်။ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်၏ အနောက်ဘက်ခြမ်းဒေသ၊ ပုံတောင်ပုညာဒေသနှင့် မြစ်သာချို‌ဝှမ်းဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ချက်ဖြစ်သည်။

ထိုရည်ရွယ်ချက်အတိုင်း မီးရထားလမ်းများကို အပိုင်းလိုက်ဖောက်လုပ်ခဲ့ရာတွင် ပခုက္ကူ–မြို့စိုးလမ်းပိုင်းကို ၁၃– ၁၁– ၁၉၉၄ နေ့တွင်လည်းကောင်း၊ မြို့စိုး–ဇီးပြားလမ်းပိုင်းကို ၁၈– ၃– ၁၉၉၅နေ့တွင်လည်းကောင်း၊ ကလေး–နတ်ချောင်းလမ်းပိုင်းကို ၂၃– ၄– ၁၉၉၅ နေ့တွင်လည်းကောင်း၊ နတ်ချောင်း–ဂန့်ဂေါလမ်း ပိုင်းကို ၅– ၂– ၁၉၉၆ နေ့တွင်လည်းကောင်း၊ ဇီးပြား–ကျောလမ်းပိုင်းကို ၉– ၄– ၁၉၉၇ နေ့တွင် လည်းကောင်း၊ ဂန့်ဂေါ–ရေမျက်နီလမ်းပိုင်းကို ၁၇– ၇– ၁၉၉၇ နေ့တွင် လည်းကောင်း အသီးသီးဖောက်လုပ်ပြီးစီးခဲ့သည်။



ဖွင့်လှစ်ပြီးဖြစ်သည့် ပုညာတောင်ဥမင်

သို့သော် ရေမျက်နှာ-ကျောဘူတာအကြား ဥမင်အပါအဝင် လမ်းပိုင်းအရှည် ၂၇ ဒသမ ၆ မိုင်မှာမူ ပေ ၃၀၀၀ ကျော်မြင့်သည့် ပုညာတောင်တန်းကြီးက သဘာဝအတားအဆီးတစ်ခုအဖြစ် ပိတ်ဆို့ကာဆီးနေသည့်အတွက် ထိုပုညာတောင်တန်းအား ဥမင်ဖောက်လုပ်ရန် ဖြစ်ပေါ်လာခဲ့ရသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ပုညာတောင်ဥမင်ကို ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ (၁၆) ရက်နေ့မှ စတင်ကာ ဖောက်လုပ်ခဲ့သည်။



ပုညာတောင်ဥမင်သွား ရထားလမ်းအတွက်
ချောင်းကျော်တံတား ဆောက်လုပ်ရေးလုပ်ငန်းခွင်

ပုညာတောင်ဥမင် ဖြတ်သန်းရာ၏ အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းအကွာအဝေးသည် တစ်မိုင်ကျော်ကျော်ရှိသည်။ တောင်အောက်ခံမြေသားနှင့် ဥမင်ဖြတ်သန်းရာတောင်အတွင်းပိုင်း မြေသားသည် သက်နုအနည်ကျကျောက်မြေမျိုးဖြစ်သည်။ ကျောက်သားမြေသိပ်သည်းမှုအနေနှင့် တစ်နေရာနှင့်မတူ ကွဲပြားပြီး အချို့အတွင်းပိုင်းတွင် ရေစိမ့်ဝင်မှု ရှိသည်။

အထူးသဖြင့် ဤဒေသသည် ပြတ်ရွှေ့ဇုန်များ ပေါများသည်။ ထို့ကြောင့် ပြတ်ရွှေ့ဇုန်လွတ်ကင်းရေးကို အဓိကအားပြုရခြင်းများရှိသည်။ ထို့ပြင် ချိုင့်ဝှမ်းတောင်ကုန်းများ ထူထပ်ခြင်းကြောင့် အချို့နေရာများတွင် ၁၂၅ ပေအထိ မြေသားများဖို့ရပြီး၊ အချို့နေရာများတွင် အနက် ၁၃၅ ပေအထိ မြေသားတူးဖော်ရခြင်းလုပ်ငန်းကို လုပ်ကိုင်ခဲ့ရသည်။

၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ (၁၆)ရက်နေ့တွင် ပုညာတောင်ဥမင် တူးဖော်ခြင်းလုပ်ငန်းကို ပြီးစီးခဲ့သည်။ ပုညာတောင်ဥမင်၏ အရှည်သည် ပေ ၅၆၁၀ ရှိ၍ ဥမင်အကျယ်သည် ၁၅ ပေ ၄ လက်မဖြစ်ပြီး ဥမင်အမြင့်သည် ၁၉ ပေ ၄ လက်မရှိသည်။ ဥမင်အတွင်း၌ လူရှောင် ပေါက် (၁၂)ပါရှိကာ ဥမင်အမျိုးအစားသည် သံကူကွန်ကရစ် (R.C.C Luring)ဖြစ်သည်။

ပုညာတောင်ဥမင် ဖောက်လုပ်ပြီးစီးသွားသဖြင့် ဆက်စပ်ရန် ကျန်ရှိနေသော ကျောက်-ရေမျက်နှာလမ်းပိုင်း အရှည် ၂၇ ဒသမ ၆ မိုင် (ဥမင်အပါအဝင်)ကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ ပုညာတောင်ဥမင်သည် မြန်မာနိုင်ငံ၏ ရထားဥမင်လိုဏ်များအနက် အရှည်ဆုံးဥမင်ဖြစ်သည်။

ဇော်ဝင်းထွန်း

ဖိလစ်ပိုင်နိုင်ငံ။ ။ဖိလစ်ပိုင်နိုင်ငံတွင် တိုက်ခိုက်ခံရပြီး အစုအပြုံလိုက်သေဆုံးမှုဖြစ်ခြင်း၏နောက်တွင် ဘတ်စ်ကားများပေါ်၌ ဗုံးရှိသည်ဟု နောက်ပြောင်ကျီစယ်မှုမျိုး ပြုလုပ်သူကို ထောင်ဒဏ်နှင့် ငွေဒဏ် အမြောက်အမြားချမှတ်မည်ဖြစ် သည်ဟု ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်တွင် ရဲတပ်ဖွဲ့က သတိပေးချက်ထုတ်ပြန်ခဲ့သည်။

ဖိလစ်ပိုင်လွတ်တော်က ကွန်ဒုံးများနှင့် သားဆက်ခြားဆေးဝါးများ ဝယ်ယူရန် အမေရိကန်ဒေါ်လာ ၂၂ သန်း သုံးစွဲရန် အစီအစဉ်ကို တိုင်းပြည်ရှိ ရိုမန်ကက်သလစ်ဘုရားကျောင်းကဝေဖန်ရှုတ်ချလိုက်သည်။ ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းလာဂူနာပြည်နယ် ဆန်အန်တိုနီယိုကျေးရွာ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသဖြင့် လူသုံးဦး သေဆုံးပြီး ၁၅ ဦး ဆေးရုံတင်လိုက်ရကြောင်း ပြည်တွင်းမီဒီယာသတင်းများက ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်နေ့တွင် ဖော်ပြသဖြင့် သိရှိရသည်။

ဖိလစ်ပိုင်နိုင်ငံတွင် မိခင် ၁,၀၀,၀၀ ခန့်က နိုင်ငံတစ်ဝန်းရှိ နိုင်ငံပိုင်ဆေးရုံ၊ ပုဂ္ဂလိကပိုင်ဆေးရုံ၊ နေ့ကလေးထိန်းဌာနများနှင့် ဥယျာဉ်များ၌ ၂၀၀၇ ခုနှစ်၊ မေ ၂ ရက်နေ့ စုဝေးကာ ၎င်းတို့၏ ရင်သွေးငယ်များကို နို့ချိုတိုက်ကျွေးခဲ့ကြောင်း မိခင်နို့တိုက်ကျွေးရေးလှုပ်ရှားမှုမှာ ဂင်းနစ်ကမ္ဘာစံချိန်များစာအုပ်တွင် မှတ်တမ်းတင်ဖော်ပြခံရမည်ဖြစ်သည်။



အာဏာသိမ်းမှုကိစ္စပေါ်ပေါက်လာသဖြင့် အရေးပေါ်အစည်းအဝေးပြုလုပ်နေသော သမ္မတအာရိယို

နိုင်ငံတောင်ပိုင်း ဒါဗာအိုမြို့ နိုင်ငံမြောက်ပိုင်း ဟိုကို့စ်နော်တီဒေသ၊ မနီလာမြို့နှင့် နာဗိုတက်စ်ဒေသ တို့တွင် မိသားစုတစ်စုလျှင် တုပ်ကွေးရောဂါဖြစ်ပွားသူ တစ်ဦးထက်မနည်းရှိကြောင်း ဒီအိုအိပ်ချ်ဌာနက ပြုလုပ်သော တုပ်ကွေးရောဂါအစီရင်ခံစာတွင် ဖော်ပြထားသည်။ နိုင်ငံတစ်ဝန်းရှိ ဆေးရုံများတွင် ဇန်နဝါရီလမှ ဧပြီ ၂၁ ရက်ထိ စုစုပေါင်း ဝေဒနာသည် ၄၈၅၉ဦးရှိပြီး သေဆုံးသူ ၅၄ ဦးရှိသည်။

ဖိလစ်ပိုင်နိုင်ငံရှိ ဆေးတက္ကသိုလ်များသည် ပြည်ပကျောင်းသူ၊ ကျောင်းသားများကို ပိုမိုလက်ခံသွားမည်ဖြစ်ကြောင်း၊ အာရှနိုင်ငံများ၊ အထူးသဖြင့် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှ လာရောက်လေ့လာဆည်းပူးမည့် ကျောင်းသူ၊ ကျောင်းသားများကို ၇၀၀ အထိ လက်ခံသင်ကြားပေးမည်ဖြစ်ကြောင်း ၂၀၀၇ ခုနှစ်၊ ဇူလိုင် ၂၉ ရက်တွင် သိရသည်။ ဖိလစ်ပိုင်ရှိ တက္ကသိုလ်တစ်ခုတွင် ပညာဆည်းပူးလိုသော အိန္ဒိယကျောင်းသားတစ်ဦးအတွက် ရူပီး ၁ ဒသမ ၂ သန်းမှ ရူပီး ၁ ဒသမ ၅ သန်းအထိ ကျခံသုံးစွဲရမည်ဖြစ်သည်။ဌင်းကုန်ကျစရိတ်တွင် ဗီဇာကြေး၊ ကျောင်းလခနှင့် စားသောက်နေထိုင်မှုစရိတ်စကများပါ အကျုံးဝင်သည်။

ဖိလစ်ပိုင်အောက်လွှတ်တော်သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်းကို ၂၀၀၇ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်တွင် အတည်ပြုလိုက်သည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေသည် မိမိတို့၏ အိမ်နီးချင်းနိုင်ငံများအား အကြမ်းဖက်သမားများ၏ ဘေးရန်မှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း အောက်လွှတ်တော်ဥက္ကဋ္ဌ ဟိုဆေးဒီဗီနီစီဟာက ပြောကြားသည်။ သို့ရာတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ပါလီမန်ရှိ အတိုက်အခံအမတ်များက ကန့်ကွက်ကြသည်။ မိမိတို့၏ ကန့်ကွက်ချက်ကို တရားရုံးချုပ်သို့ ဦးတိုက်လျှောက်ထားမည်ဖြစ်ကြောင်း အတိုက်အခံအမတ်ဆာတူးအိုကမ်ပိုက ဖွင့်ဟပြောဆိုသည်။

ထို့ပြင် ထောင်ဒဏ်တစ်သက်တစ်ကျွန်းကျခံနေရသော ဖိလစ်ပိုင်သမ္မတဟောင်း မစ္စတာ ဂျိုးဇက်အက်စ်ထရာဒါအား လာမည့် ခရစ္စမတ်ပွဲတော်မတိုင်မီတွင် လက်ရှိသမ္မတ ဂလိုရီယာအာရိယိုက လွှတ်ငြိမ်းချမ်းသာခွင့်ပြုနိုင်ကြောင်း သမ္မတ၏ ဥပဒေအကြံပေးက ၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၂၂ ရက်နေ့တွင် ပြောသည်။

တရုတ်ဆက်သွယ်ရေးလုပ်ငန်း ကုမ္ပဏီတစ်ခုအား ဖိလစ်ပိုင်အစိုးရအတွက် အင်တာနက်စနစ်ထူထောင်ရန် အမေရိကန်ဒေါ်လာသန်း ၃၃၀ တန် လုပ်ငန်းအပ်နှံရာတွင်သမ္မတ အာရိယိုပါဝင်ကြောင်း စွပ်စွဲချက်ဖြင့် အဆိုပါ ရှေ့နေရိုရယ်ပူလီဒိုက လျှောက်ထားခဲ့ခြင်းဖြစ်သည်။ အဆိုပါ စာချုပ်ကို ယခုအခါ ပယ်ဖျက်ပြီးဖြစ်သည်။

၂၀၀၇ ခုနှစ်အတွင်း ဖိလစ်ပိုင်၌ အာဏာသိမ်းအကြမ်းဖက်မှုကိစ္စပေါ်ပေါက်ခဲ့သည်။အာဏာသိမ်းခြင်းကိစ္စကို စစ်တပ်မှ ဆက်နွယ်နေသော ပုဂ္ဂိုလ်များက ဦးဆောင်ခဲ့သည်။ ၎င်းအတွက် သမ္မတအာရိယိုနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များကအောင်မြင်စွာဖြေရှင်းပေးနိုင်ခဲ့သည်။



အာဏာသိမ်းမှုတွင် ပါဝင်ခဲ့ကြသူများ

ဖိလစ်ပိုင်နိုင်ငံ၏ အရန်နိုင်ငံခြားငွေကြေးသည် ၂၀၀၆ ခုနှစ်ကုန်ဆုံးချိန် အမေရိကန်ဒေါ်လာ ၂၃ ဘီလီယံအထိရှိလာကြောင်း ဖိလစ်ပိုင်ဗဟိုဘဏ်၏ ထုတ်ပြန်ကြေညာချက်များအရ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၆ ရက်၌ သိရသည်။ အဆိုပါ ငွေကြေးသည် ၂၀၀၅ ခုနှစ်ကထက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံ ပိုခဲ့သည်။ သို့မဟုတ် ၂၄ ရာခိုင်နှုန်းဖြင့် မြင့်တက်ခဲ့သည်ဟု ဖိလစ်ပိုင်ဗဟိုဘဏ်၏ ထုတ်ပြန်သော အစီရင်ခံစာကို အခြေခံလျက် ဖိလစ်ပိုင်နေ့စဉ် သတင်းစာအင်္ကာယာက ဖော်ပြသည်။

၎င်းနောက် ဖိလစ်ပိုင်နိုင်ငံမှ လယ်သမားများအား ဆင်းရဲမွဲတေမှုမှ လွတ်မြောက်နိုင်ရန် အစိုးရအနေဖြင့် ပို့ကုန်အဖြစ် တင်ပို့နိုင်သည့် လယ်ယာထွက်ကုန်များ ထုတ်လုပ်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်သင့်ကြောင်း ကမ္ဘာဘဏ်က ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့က တိုက်တွန်းပြောကြားလိုက်သည်။ ဖိလစ်ပိုင်နိုင်ငံ လုပ်သားအင်အား၏ ၄၀ ရာခိုင်နှုန်းမှာ လယ်ယာလုပ်ငန်းလုပ်ကိုင်နေသော်လည်း အဆိုပါ ကဏ္ဍမှ ကုန်ထုတ်လုပ်မှုသည် တိုင်းပြည်ကုန်ထုတ်လုပ်မှု၏ ၁၄ ရာခိုင်နှုန်းသာရှိကြောင်း အဆိုပါ ဘဏ်မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ပြစ်ဒဏ်ချမှတ် ခံထားရပြီးသော အကျဉ်းသားများအနေဖြင့် သူတို့၏ မိသားစုနှင့် နီးကပ်စွာ တွေ့ဆုံနိုင်ခွင့်ရရှိရေးအတွက် ၎င်းတို့၏ မိခင်နိုင်ငံများတွင် ပြစ်ဒဏ်ကျခံစေရန် နှစ်နိုင်ငံ အကျဉ်းသားဖလှယ်ရေး သဘောတူစာချုပ်တစ်ရပ်ကို ဖိလစ်ပိုင်နှင့် စပိန်နိုင်ငံတို့က ၂၀၀၇ ခုနှစ်၊ မေ ၂၁ ရက်နေ့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

ယခုအခါ ဖိလစ်ပိုင်နှင့် စပိန်တို့ နှစ်နိုင်ငံ ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသားများကို အပြန်အလှန်လဲလှယ်နိုင်ကြတော့မည်ဖြစ်ကြောင်း စပိန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ထို့နောက် နယ်ခြားလုံခြုံရေးဆိုင်ရာများ အကောင်အထည်ဖော်ဆောင်ရေး ဆွေးနွေးရန် အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နှစ်နိုင်ငံတို့သည် ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်က အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီမြောက်ပိုင်းရှိ မန်နာဒိုမြို့၌ (၂၆) ကြိမ်မြောက် နယ်ခြားကော်မတီ အစည်းအဝေးကျင်းပသည်။

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း ဘတ်စ်ကားဝင်းတစ်ခု၌ မေ ၁၈ ရက်က ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ သုံးဦးသေဆုံးပြီး ၁၅ ဦးဒဏ်ရာရရှိသွားသည်။ အဆိုပါဗုံးသည် ဖိလစ်ပိုင်နိုင်ငံ ကိုတာဘာတိုမြို့ရှိ ဘတ်စ်ကားဝင်း၌ ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ၎င်းမြို့ သည် မင်းနာနော်ကျွန်း၌ တည်ရှိကြောင်း သိရသည်။

၎င်းနောက် ဖိလစ်ပိုင်နိုင်ငံ၏ ဝေးလံသီခေါင်သော ပြည်နယ်များတွင် ၂၀၀၇ ခုနှစ်၊ ဇွန် ၄ ရက်က ပစ်ခတ်မှုနှစ်ခုဖြစ်ပွားခဲ့ရာ လေးဦး သေဆုံးပြီး ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ မှဒီဇင်ဘာလအထိမုန်တိုင်းကြီးများဝင်ရောက်တိုက်ခတ်ခဲ့ရာ လူပေါင်း ၁၀၀၀ ကျော် သေဆုံးခဲ့သည်။ ထို့ပြင် ၂၀၀၆ ခုနှစ်ကပင် ဖိလစ်ပိုင်အရှေ့တောင်ပိုင်း၌လည်း မုန်တိုင်းဝင်ပြီး မိုးသည်းထန်ခဲ့သဖြင့် မြေပြိုမှုဖြစ်ပွားရာ လူပေါင်း ၁၀၀၀ ခန့် ထပ်မံသေဆုံးရပြန်သည်။

ယင်းဖြစ်ရပ်များအပြင် ကမ်းလွန်ပင်လယ်ပြင်တွင် ၂၀၀၇ ခုနှစ် ဧပြီ ၂၄ ရက် ညပိုင်းက အင်အား ၄ ဒသမ ၅ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်သွားကြောင်း တာဝန်ရှိသူများက ဧပြီလ ၂၅ ရက်တွင် ထုတ်ပြန်ကြေညာသည်။ အဆိုပါ ငလျင်မှာ လော့ဂ်မြို့မှ အနောက်မြောက်ဘက် ၇၄ ကီလိုမီတာအကွာတွင် ည ၉ နာရီ၊ ၄၅ မိနစ်



အာဏာသိမ်းအကြမ်းဖက်မှုအား လက်ရဖမ်းဆီးနိုင်ရန် ကြိုးစားနေကြသော ဖိလစ်ပိုင်လုံခြုံရေးတပ်ဖွဲ့ဝင်များ

က လူပ်ခတ်သွားခဲ့ပြီး၊ အပျက်အစီးနှင့် ထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်း ဖိလစ်ပိုင်မီးတောင်နှင့် မြေငလျင်တိုင်းတာရေးတက္ကသိုလ်၏ သတင်းထုတ်ပြန်ချက်အရ သိရှိခဲ့ရသည်။

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းဘက်တန်နက်စ်ကျွန်းတွင် ၂၀၀၇ ခုနှစ်၊ ဇွန် ၂၁ ရက် မွန်းလွဲ ၁၂း၀၈ နာရီခန့် ၅.၅ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၁ အဆင့်ရှိ ငလျင်လှုပ်သွားသည်။ အဆိုပါ ငလျင်လှုပ်မှုသည် တရုတ် (တိုင်ပေ) တောင်ပိုင်းမှ ၁၉၅ ကီလိုမီတာအကွာနှင့် ဘက်တန်နက်ဘက်စကိုဒေသ အနောက်မြောက်ပိုင်း ကီလိုမီတာ ၈၀ အကွာကို ဗဟိုပြု၍ လှုပ်သွားသည်။ ယင်းငလျင်ဒဏ်ကြောင့် သေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှု မရှိခဲ့ကြောင်း သိရသည်။

ထို့နောက် ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းပြီးနောက် မြေပြိုမှုများဖြစ်ပွားရာ အမျိုးသမီးတစ်ဦးအပါအဝင် ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း ၂၀၀၇ ခုနှစ် ဇူလိုင် ၉ ရက်တွင် သိရှိရသည်။ မနီလာမြို့တောင်ဘက်မိုင် ၆၀၀ ခန့်အကွာ ဒီဝါတာတောင်၌ တောင်ပြိုမှုဖြစ်ပွားခြင်းကြောင့် အဆိုပါ လူများ သေဆုံးခဲ့ရခြင်းဖြစ်သည်။

ရှန်ဆန်းအမည်ရှိ တိုက်ဖွန်းမုန်တိုင်းသည် ၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၂၈ ရက်က မနီလာမြို့တော်နှင့် အနီးဝန်းကျင်ဒေသများ၌ ဝင်ရောက်တိုက်ခတ်သွားရာ လူ ၄၈ ဦး သေဆုံးပြီး၊ ၂၁၅ ဦး ဒဏ်ရာရရှိခဲ့သည့်



တိုင်ဖွန်းမုန်တိုင်းကြောင့် ဒေသခံပြည်သူလေးသိန်းခန့် ရေဘေးဒုက္ခကြုံတွေ့ရသည့် ဖိလစ်ပိုင်နိုင်ငံ၊ မြောက်ပိုင်း ဒေသတစ်ခု

အပြင် ရေကြီးမှု၊ လျှပ်စစ်မောတ်အား ပြတ်တောက်မှုများလည်း ဖြစ်ပေါ်ခဲ့သည်။

မုန်တိုင်းဝင်ရောက်လာသည့်အတွက် လေဆိပ်ကို နံနက် ၁၀ နာရီ ၁၅ မိနစ်အချိန်က ပိတ်ထားခဲ့ရသည်။ တောင်ပိုင်းလူဇုန်းဘီကောလ်နှင့် အရှေ့ပိုင်းဗီဆာရမ်ဆာဒေသတို့မှာ အထိအနာဆုံးဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံတွင် အင်တာနက် သုံးစွဲသူ လူငယ်အရေအတွက်များပြားလာကြောင်း ဖိလစ်ပိုင်မီဒီယာများက ၂၀၀၇ ခုနှစ်၊ ဇွန် ၃၀ ရက်၌ ဖော်ပြခဲ့သည်။ ဒီဂျစ်တယ်ဖီလစ်ပီနိုသတင်းကွန်ရက်က ပြုလုပ်သော သုတေသနပြုချက်အရ နေအိမ်များ၌ အင်တာနက် ချိတ်ဆက်အသုံးပြုသူများနှင့် အင်တာနက် ကဖေးလ်များတွင် အသုံးပြုသူများသည် ၇၀ ရာခိုင်နှုန်းခန့်ရှိနေကြောင်း ဖော်ပြထားသည်။

ထိုသို့သော အင်တာနက်အသုံးပြုသူ လူငယ်များ၌ အသက် ၂၅ နှစ်အောက် လူငယ်အရေအတွက်မှာ ၉၀ ရာခိုင်နှုန်းရှိနေကြောင်း အဆိုပါ သုတေသနပြုချက်တွင် ဖော်ပြထားသည်။ အင်တာနက်အသုံးပြုသူ လူငယ်များအနေဖြင့် သီတင်းတစ်ပတ်လျှင် ၁၂ နာရီမှ ၂၄ နာရီအထိ အင်တာနက်အသုံးပြုလေ့ရှိကြကြောင်းလည်း ဖော်ပြထားသည်။

အင်တာနက်သုံးစွဲမှုတွင် အချို့မှာ ဂိမ်းကစားခြင်းဖြစ်ပြီး၊ အချို့မှာ လူမှုရေးကိစ္စရပ်များ၌ သုံးစွဲကြခြင်းဖြစ်သည်။ ဖိလစ်ပိုင်လူငယ်တချို့မှာ အင်တာနက်မှ ကမ္ဘာသတင်းများကို ရယူသုံးစွဲကြခြင်းဖြစ်သည်။

သိန်းဝင်းဇော်

ဖိုးညဏ် (သတင်းစာဆရာ၊ စာရေးဆရာ) (ခရစ်နှစ် ၁၉၃၆–၂၀၀၇)။ ။ စာရေးဆရာ၊ သတင်းစာဆရာ ဖိုးညဏ်ကို အဘ ဦးစိုးမောင်၊ အမိ ဒေါ်ပုတို့မှ ပဲခူးတိုင်း ရွှေတောင်မြို့နယ် ၁၉၃၆ ခုနှစ်၊ မေလ ၁၂ ရက်နေ့၌ မွေးဖွားခဲ့သည်။ မွေးချင်း ငါးယောက်အနက် တတိယသားဖြစ်သည်။ အမည်ရင်းမှာ ဦးဉာဏ်မြင့်ဖြစ်သည်။

ဖိုးညဏ်သည် ငယ်စဉ်က ရွှေတောင်မြို့တွင် ပညာသင်ကြားခဲ့ပြီး ထိုမှဆက်၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်ရှိ

ဒေါ်မမကြီး အလွတ်ပညာသင်ကျောင်းတွင် ပညာသင်ကြားခဲ့သည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်အမှတ် ၂၇၁၆ ကို ကိုင်ဆောင်သူ ဖိုးညက်သည် မြန်မာစာပေလောကတွင် ဝတ္ထု၊ ဘာသာပြန်များဖြင့် ထင်ရှားသူ စာရေးဆရာတင့်တယ်၏ ညီတစ်ဝမ်းကွဲဖြစ်သည်။ ဖိုးညက်သည် ဟာသ၊ အသောအထေ့ဆိုင်ရာဝတ္ထုများကို ငွေတာရီ၊ မြဝတီ မဂ္ဂဇင်းများတွင် ရေးသားခဲ့သည်။

၁၉၅၅ ခုနှစ်မှစ၍ စာပဒေသာမဂ္ဂဇင်းတွင် လက်ထောက်အယ်ဒီတာအဖြစ်လည်းကောင်း၊ ၁၉၅၅ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ စီးပွားရေးသတင်းစာတွင် အယ်ဒီတာအဖြစ်လည်းကောင်း၊ ၁၉၅၉ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ ခေတ်သစ္စာ သတင်းစာတွင် အယ်ဒီတာအဖြစ်လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၃ ခုနှစ်အထိ အကောက်တော်သတင်းစာတွင် အယ်ဒီတာအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

၁၉၆၁ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၌ အယ်ဒီတာလုပ်ရင်း စာပေမိတ်ဆွေများနှင့် ပေါင်း၍ မှန်နန်းဂျာနယ်ကို ထုတ်ဝေကာ တာဝန်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၆၉ ခုနှစ်တွင် ဖွင့်လှစ်သည့် သတင်းစာအတတ်သင်ကျောင်း သင်တန်းအမှတ်စဉ် (၂)တွင် သာမန်အထက်အဆင့်ဖြင့် အောင်မြင်ခဲ့သည်။

၁၉၆၅ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် အယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က သတင်းနှင့် ဆောင်းပါးရေးသားတည်းဖြတ်ခြင်း၊ သတင်းဘာသာပြန်ခြင်း၊ သတင်းခေါင်းကြီးပိုင်း ရေးသားခြင်းတို့ကို ထမ်းဆောင်ခဲ့သည်။

ဖိုးညက်သည်သတင်းနှင့်စာနယ်ဇင်းကော်ပိုရေးရှင်းရုံးချုပ်၏ တာဝန်များကိုလည်း တွဲဖက်ထမ်းဆောင်ခဲ့သည်။ ၁၉၇၈ ခုနှစ်မှစ၍ ကျိုက္ကဆံကွင်း ပြည်ထောင်စုနေ့ပြခန်းများတွင်သတင်းနှင့်စာနယ်ဇင်းကော်ပိုရေးရှင်း ပြခန်း ပြသရေး လုပ်ငန်း၌ အတွင်းရေးမှူးအဖြစ် (၁၀) နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့သည်။



သတင်းစာဆရာ၊ စာရေးဆရာ ဖိုးညက်

ဖိုးညက်သည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဗဟို အဖွဲ့မှ ထုတ်ဝေသည့် မူးယစ်မဂ္ဂဇင်းထုတ်လုပ်ရေး လုပ်ငန်းအဖွဲ့၌ အတွင်းရေးမှူးတာဝန်ကို အငြိမ်းစားယူသည်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့ပြင် ဖိုးညက်သည် သတင်းစာအတတ်သင်ကျောင်း အုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူးနှင့်ဥက္ကဋ္ဌတာဝန်များကို တစ်နှစ်တာဝန်ယူခဲ့သည်။ စာတတ်မြောက်ရေးဗဟိုအဖွဲ့၊ ဝတ္ထုရှည်ပြိုင်ပွဲစီစစ်ရွေးချယ်ရေးအဖွဲ့အတွင်းရေးမှူး၊ ပြည်သူများအကြား အသိဉာဏ်ပေးရေး (စာနယ်ဇင်းအဖွဲ့) အတွင်းရေးမှူးတာဝန်များကို ထမ်းဆောင်ခဲ့သည်။

ဖိုးညက်သည် ၁၉၈၈ ခုနှစ်တွင် တစ်ဆင့်မြင့်ရာထူးတာဝန်အဖြစ် ဒုတိယညွှန်ကြားရေးမှူး (သတင်း)အဖြစ် ဆောင်ရွက်နေရာမှ အငြိမ်းစားယူခဲ့သည်။

ဖိုးညက်သည် ၁၉၇၉ ခုနှစ်တွင် ဂျာမနီနိုင်ငံသို့ အဖွဲ့ခေါင်းဆောင်အဖြစ် စာပေခရီးစဉ်ကို ဦးဆောင်သွားရောက်ခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စာပေလေ့လာရေးအဖြစ် အတွင်းရေးမှူးတာဝန်ယူကာ သွားရောက်ခဲ့သည်။

ဖိုးညက်သည် လုံးချင်းစာအုပ်များ ရေးသားခဲ့ရာတွင် မနန်းစိုး မနန်းစံ ရင်ချင်းဆက်အမြွာခွဲစိတ်မှုမှတ်တမ်း၊ အင်တက်ဗီစစ်ဆင်ရေး (ဘာသာပြန်)၊ ကမ္ဘာဖျက်မည့် လက်နက်များ (ဘာသာပြန်)နှင့်ကိုဖိုးညက်ရဲ့ကိုဖိုးညက်စာအုပ်များက ထင်ရှားသည်။

ဖိုးညက်သည် ၂၀၀၇ ခုနှစ် ဧန်နဝါရီလ (၁)ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် ဧနီးဒေါ်ခင်စိန်နှင့် သားသမီး၎င်းယောက်ကျန်ရစ်သည်။

ချိုမြနွယ်

ဗီယက်နမ်နိုင်ငံ။ ။ ကမ္ဘောဒီးယားနိုင်ငံမြို့တော် ဖနောင်ပင်တွင် ဖေဖော်ဝါရီ ၂၈ ရက်က ကျင်းပသော ကမ္ဘောဒီးယား–ဗီယက်နမ်စီးပွားရေးဖိုရမ်တွင် နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းမှု အစီအစဉ်အရ စီးပွားရေးလုပ်ငန်းရှင်များအား ဗီဇာကင်းလွတ်ခွင့်ပေးရန် ဗီယက်နမ်နိုင်ငံက အဆိုပြုခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံသို့ ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များ တိုးတက်လာရောက်စေရန် ရည်ရွယ်သည့်အဆိုပြုချက်ဖြစ်သဖြင့် ကမ္ဘောဒီးယားအစိုးရက ထည့်သွင်းစဉ်းစားပေးမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားခရီးသွားလုပ်ငန်းဝန်ကြီးသွန်ခွန်၏ ပြောကြားချက်အရသိရှိသည်။

ဗီယက်နမ်သမ္မတငယင်မင်ထရီယက်သည် စီးပွားရေးလုပ်ငန်းရှင် ၅၀ နှင့်အတူ ကမ္ဘောဒီးယားနိုင်ငံသို့ ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၁ ရက်အထိ လာရောက်ခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်း၊ ကမ္ဘာလည့်ခရီးသွားလုပ်ငန်း၊ သတ္တုတွင်းနှင့်စက်မှုလုပ်ငန်းတို့ တိုးတက်လာမည့် အလားအလာများကောင်းမွန်ကြောင်း စီးပွားရေးဖိုရမ်တွင် ဗီယက်နမ်သမ္မတက ပြောကြားသည်။

ထို့နောက် ဗီယက်နမ်အစိုးရသည် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများ ဗီယက်နမ်၌ လုပ်ငန်းဆောင်ရွက်ရန် သင့်လျော်သည့်အခြေအနေအား လုံးကို ဖန်တီးပေးမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကျိုးအမြတ်ဖြစ်ထွန်းစေရေးအတွက် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ရန် ရည်ရွယ်ခြင်းကို ဗီယက်နမ်ဝန်ကြီးချုပ်ငယင်တန်ဒန်ကပြောကြားကြောင်းသိရသည်။

တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအား ဦးစားပေးမည်ဖြစ်သည်။ ၂၀၀၇ ခုနှစ်၊ ဇွန် ၁၁ ရက်က တရုတ်နိုင်ငံ စက်မှုလုပ်ငန်းရှင်များနှင့် ကုန်သည်ကြီးများအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌကွမ်ကျီကျူးနှင့်တွေ့ဆုံစဉ်ဒန်ကပြောသည်။

ယင်းနောက် ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံနှင့် ချစ်ကြည်ရေးတိုးမြှင့်ရန် တက်ကြွစွာလုပ်ဆောင်သွားမည့်အပြင် တရုတ်–အာဆီယံဆက်ဆံရေးကိုလည်း တိုးချဲ့နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဗီယက်နမ်သမ္မတငယင်မင်ထရီယက်က၂၀၀၇ ခုနှစ်၊ ဧပြီ ၂၅ ရက်တွင် ပြောကြားကြောင်းသိရသည်။

ထို့ပြင် လေစွမ်းအင်ထုတ်လုပ်ရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ကျင်းပခဲ့ကြောင်း ၂၀၀၇ ခုနှစ်၊ ဇွန် ၂၉ ရက်က အင်တာနက်သတင်းတွင် ဖော်ပြထားကြောင်း တွေ့ရှိရသည်။အဆိုပါနှီးနှောဖလှယ်ပွဲကို ဗီယက်နမ်စက်မှုဝန်ကြီးဌာနနှင့် ကျာမနီနည်းပညာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့က ပူးတွဲကျင်းပခြင်းဖြစ်သည်။ လေစွမ်းအင်မှ လျှပ်စစ်မာတ်အားထုတ်လုပ်ရေးဆိုင်ရာ မဟာဗျူဟာတစ်ရပ်ကို ရေးဆွဲချမှတ်နိုင်ရန်နှင့် အစားထိုးလောင်စာထုတ်ယူ



ဗီယက်နမ်နိုင်ငံ မြို့စွန်ရှိ ဈေးငယ်တစ်ခုမှ နေ့စဉ်ဝမ်းကျောင်းရသော ဈေးသည်များ

ရေးနည်းလမ်းသစ်များ ဖော်ထုတ်ရန်ဗီယက်နမ်နှင့် ဂျာမနီကျွမ်းကျင်သူပညာရှင်များ ဆွေးနွေးကြခြင်း ဖြစ်သည်။ ဗီယက်နမ်နိုင်ငံတွင် အစားထိုးလောင်စာ အရင်းအမြစ်အများအပြားရှိသော်လည်းအစားထိုးစွမ်းအင် စီမံကိန်းများ အကောင်အထည်ဖော်နိုင်မှု နည်းပါးနေသေးသည်။ ဗီယက်နမ်နိုင်ငံသည်နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်နှင့်စွန့်ပစ်ပစ္စည်းအသုံးချစွမ်းအင်ထုတ်ယူရန် အလားအလာများစွာရှိနေသည်။

ထို့နောက် ဗီယက်နမ်နိုင်ငံ၌ စီးပွားရေးဆိုင်ရာ နျူကလီးယားဓာတ်ပေါင်းဖိုများ တည်ဆောက်ရေးနှင့် ပတ်သက်ပြီး တွန်းအားပေးလုပ်ကိုင်နိုင်ရန် ပူးတွဲကော်မတီတစ်ရပ်ထူထောင်ရေးကို တောင်ကိုရီးယားနှင့် ဗီယက်နမ်တို့ ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၃ ရက်က သဘောတူညီလိုက်ကြသည်။

ဂင်းအပြင် ယခုနှစ်၌ ဗီယက်နမ်မှ ကျွမ်းကျင်သူများအတွက် နျူကလီးယားနည်းပညာရပ်ကိုဖြည့်ဆည်းလေ့ကျင့်ပေးရန် တောင်ကိုရီးယားတို့က ကူညီပေးရေး အစီအစဉ်တစ်ခုကိုလည်း နှစ်နိုင်ငံစလုံးက သဘောတူညီခဲ့ကြသည်။ ဗီယက်နမ်တို့ နျူကလီးယားဓာတ်ပေါင်းဖို တည်ဆောက်ရေးနှင့်ပတ်သက်ပြီး ပူးတွဲသုတေသနပြုလုပ်ကာ တောင်ကိုရီးယားက အကူအညီပေးသွားမည်ဖြစ်သည်။

ယင်းကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရာတွင် စင်ကာပူနှင့် ဗီယက်နမ်နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန် သဘောတူညီမှုကိုလည်း ၂၀၀၇ ခုနှစ်၊ သြဂုတ်လ ၁၃ ရက်က နှစ်နိုင်ငံ လက်မှတ်ရေးထိုးလိုက်ကြသည်။ အဆိုပါ သဘောတူညီချက်ကို စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းနှင့် ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန်ဇွန်းတို့ ရှေ့မှောက်တွင် နှစ်နိုင်ငံကိုယ်စားလှယ်များကလက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုသဘောတူစာချုပ်၌ ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ဘင့်နန့်ပြည်နယ်တွင် အကျယ်အဝန်းဟက်တာ ၇၀၀ ခန့်ရှိသော စင်ကာပူ- ဗီယက်နမ် စက်မှဇုန်သစ်ကြီးတည်ဆောက်ရန်လည်းပါဝင်သည်။

ဗီယက်နမ်တွင် အခန်း ၁၅,၀၀၀ ရှိ ကြယ်လေးပွင့် သို့မဟုတ် ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ် ၉၀ မျှသာ ရှိသည်ဟု ဗီအင်အေတီက ပြောကြားသည်။ ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သော နှစ်များအတွင်း အဆင့်မြင့်ဟိုတယ်များနည်းပါးခဲ့ခြင်းကြောင့် ဟိုတယ်အခန်းခများ မြင့်မားလာခဲ့ကြောင်းသိရသည်။

ဂင်းနိုင်ငံ၏ တောင်ပေါ်ဒေသနှင့် လူမျိုးစုများနေထိုင်ရာအရပ်တွင် ဆင်းရဲမွဲတေမှုတိုက်ဖျက်ရန်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ ၁၅၆ သန်း ရယူ၍ ဆောင်ရွက်သွားရန် အစီအစဉ်ရှိကြောင်းသိရသည်။ နိုင်ငံရှိ ဝေးလံသီခေါင်သော ကျေးရွာပေါင်း ၄၂၄၄၃ တွင် ထိုဖွံ့ဖြိုးရေးအစီအစဉ်မှ ရရှိသည့် အမေရိကန်ဒေါ်လာသန်း ၅၀ ကို ကျခံသုံးစွဲသွားမည်ဖြစ်သည်။ နိုင်ငံမြောက်ပိုင်းနှင့် အလယ်ပိုင်းရှိ ဒေသပေါင်း ၃၃ ခုတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်၊ ဈေးကွက်သို့ စိုက်ပျိုးသီးနှံများ အလွယ်တကူရောက်ရှိစေရန်နှင့် စီးပွားရေးအခွင့်အလမ်းများ ပွင့်လန်းလာစေရန် ရန်ပုံငွေ ဒေါ်လာ ၁၀၆ သန်းကျော်ကို သုံးစွဲသွားရန် အစီအစဉ်ရှိသည်။

ဗီယက်နမ်အလယ်ပိုင်းဒေသရှိ ကွမ်နမ်နှင့် ကွမ်ဝိုင်ပြည်နယ်တို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်နေပြီး ဘက်ဂျီယန်း၊ တိုင်ဖွန်နှင့် တိုင်ဘင်းဒေသ သုံးခုတွင်လည်း ကူးစက်ဖွယ်ရှိနေသည်ဟုဆိုသည်။ ယင်းဒေသမှ ကျန်းမာသည့် ကြက်ငှက်နမူနာများယူကာ စမ်းသပ်ကြည့်ရာတွင် H_5N_1 ဗိုင်းရပ်စ်ပိုးရှိနေသည်ကို စမ်းသပ်တွေ့ရှိရသည့် အခြေအနေကို စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးက ၂၀၀၇ ခုနှစ်၊ ဧန်နဝါရီ ၂ ရက်တွင် ပြုလုပ်သည့် ကြက်ငှက်တုပ်ကွေးဆိုင်ရာ အစည်းအဝေးတွင် ပြောကြားကြောင်းသိရသည်။

ကြက်ငှက်တုပ်ကွေးရောဂါ ဆက်လက်ပျံ့နှံ့လျက်ရှိစဉ် နိုင်ငံအလယ်ပိုင်းကွမ်အင်ဂိုင်ပြည်နယ်၌ ၂၀၀၇ ခုနှစ်၊ မေ ၂၁ ရက် နောက်ပိုင်းတွင် ဘဲကောင်ရေ ၁၅၀ အထိ အမည်မသိရောဂါဖြင့် သေဆုံးခဲ့သည်။ထိုပြည်နယ်၏ ဆန်တင်းခရိုင်၌ အိမ်ထောင်စုတစ်စုက မွေးမြူထားသည့် ကာကွယ်ဆေးထိုးထားခြင်းမရှိသော ဘဲများမှ ဓာတ်ခွဲစစ်ဆေးရန် နမူနာများကိုယူ၍ ကြက်ငှက်တုပ်ကွေးရောဂါဗိုင်းရပ်စ်ရှိ၊မရှိစမ်းသပ်စစ်ဆေးလျက်ရှိသည်။

ယခုအခါတွင် ဗီယက်နမ်နိုင်ငံတွင်းသို့ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်သည့် နေရာများမှ လာရောက်မည့် ခရီးသည်များကို ဟိုချီမင်းမြို့ လေဆိပ်တွင် သီးသန့်ခွဲထားမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ လူငယ်သတင်းတစ်ရပ်က ၂၀၀၇ ခုနှစ်၊ ဇွန် ၁၃ ရက်တွင် ထုတ်ဖော်ထားသည်။ ဗီယက်နမ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါကို ကြိုတင်ကာကွယ်ရန် ဟိုချီမင်းမြို့တွင် ဇွန် ၁၂ ရက်က စီမံချက်ထုတ်ပြန်ခဲ့ပြီး အခြားကူးစက်ရောဂါများနှင့် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားနေသည့် ဒေသများမှခရီးသည်နှင့်ကုန်ပစ္စည်းများကိုတန်ဆွန်နက်လေဆိပ်မှတစ်ဆင့် ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိလာလျှင် ၎င်းတို့ကို သီးသန့်ခွဲထားမည်ဖြစ်သည်။ သို့မှသာ နိုင်ငံတွင်းသို့ ကူးစက်ရောဂါများ ဝင်ရောက်မလာနိုင်ကြောင်း၊ယင်းစီမံချက်ကိုတန်ဆွန်နက်လေဆိပ်နှင့် နိုင်ငံတကာဆေးဝါးထိန်းချုပ်ရေးဌာနတို့ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၌ သွေးလွန်တုပ်ကွေး ဖြစ်ပွားမှုမှာ ကျယ်ပြန့်လာကြောင်း၊ ယခုနှစ်အတွင်း သေဆုံးသူ ၂၇ ဦးအထိရှိလာကြောင်း သွေးလွန်တုပ်ကွေးဖြစ်ပွားမှုအရေအတွက်မှာလည်း တိုးပွားလာကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးက ထည့်သွင်းပြောကြားသည်။ ခြင်ကြောင့်ဖြစ်သော အဆိုပါ ရောဂါမှာ ယခုနှစ်အတွင်း အရှေ့တောင်အာရှနိုင်ငံများတွင် ဖြစ်ပွားခဲ့ရာ ကမ္ဘောဒီးယား၊ မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံများ ပါဝင်ကြသည်။ ရာသီဥတုမှာ ပူအိုက်စွတ်စိုပြီး မိုးရွာသွန်းမှုများပြားချိန်တွင် ခြင်များ ပိုမိုပေါက်ပွားခြင်းကြောင့် ရောဂါဖြစ်ပွားမှုများပြားခြင်း၏အကြောင်းရင်းတစ်ရပ်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာနသည် ၂၀၀၇ ခုနှစ်တွင် ပို့ကုန်လုပ်ငန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၅၄ ဘီလီယံရရှိရန် မျှော်မှန်းထားကြောင်း၊ ဗီယက်နမ်နိုင်ငံ အမျိုးသားလွတ်တော်နှင့် အစိုးရတို့ချမှတ်ထားသည့်ရည်မှန်းချက်ထက်ကျော်လွန်မည်ဖြစ်သည်။

ဗီယက်နမ်အမျိုးသားလွတ်တော်နှင့် အစိုးရတို့က ယခုနှစ်တွင် ပို့ကုန်လုပ်ငန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၅ ဘီလီယံရရှိမည်ဟု မျှော်မှန်းကြောင်း ကြေညာခဲ့သည်။ သို့သော် ယခု ၂၀၀၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၅၄ ဘီလီယံရရှိမည်ဟု မျှော်မှန်းထားသည်။

၂၀၀၇ ခုနှစ်တွင် သကြားထုတ်လုပ်မှု ပိုမိုတိုးတက်လာနိုင်သဖြင့် ပြည်ပမှ သကြားဝယ်ယူတင်သွင်းမည် မဟုတ်ဟု မျှော်လင့်ရကြောင်း ဗီယက်နမ် ကြံစိုက်ပျိုးထုတ်လုပ်သူများအသင်းက ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်တွင် ပြောကြားကြောင်းသိရသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၀၆ ခုနှစ်တွင် ပဲပိစပ် စိုက်ပျိုးမြေ ဟက်တာ ၂၁,၀၀,၀၀ ရှိနေရာမှ သီးနှံစိုက်ပျိုးမှုပမာဏကို ၂၀၁၀ ပြည့်နှစ်တွင် ဟက်တာ ၄၀,၀၀,၀၀ အထိ တိုးမြှင့်သွားရန် စီစဉ်လျက်ရှိကြောင်း ဒေသခံသီးနှံစိုက်ပျိုးရေးအေဂျင်စီက ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်တွင် ပြောဆိုသည်။ မျိုးကောင်းမျိုးသန့် ပဲပိစပ်ကို ရွေးချယ်စိုက်ပျိုးခြင်း၊အထွက်တိုးမည့် ပဲပိစပ်စိုက်ပျိုးရေးနည်းလမ်းများကို လယ်သမားများသိရှိလာအောင် ဖြန့်ဖြူးပေးခြင်းစသည်တို့ကို လယ်ယာစိုက်ပျိုးရေးဌာနက ဆောင်ရွက်လျက်ရှိသည်။ ယခုမူ ဗီယက်နမ်နိုင်ငံက လိုအပ်လျက်ရှိသော ပဲပိစပ်အများစုကို ပြည်ပမှ ဝယ်ယူ တင်သွင်းနေရသည်။

၎င်းပြင် ၂၀၀၇ ခုနှစ်တွင် ယူရီးယားဓာတ်မြေဩဇာတန်ချိန် ၉ သိန်း တင်သွင်းရမည်ဟု ခန့်မှန်းကြောင်း စိုက်ပျိုးရေးအေဂျင်စီက မတ်လ ၁၃ ရက်တွင် ထုတ်ဖော်



နိုင်ငံထွက် ဆန်တစ်မျိုးသည် ဆေးဖက်ဝင်သည်ဟူသော ယုံကြည်မှုဖြင့် ဆေးထမင်းစားနေသော ဗီယက်နမ်လူငယ်လူရွယ်များ

ရှင်းပြခဲ့သည်။ ထိုပမာဏသည် ယခင်နှစ်က ဝယ်ယူတင်သွင်းသော ပမာဏထက် ၂၇ ဒသမ ၁ ရာခိုင်နှုန်း ပိုမိုများပြားသည်ဟုဆိုသည်။ လိုအပ်သော ယူရီးယားဓာတ်မြေဩဇာပမာဏသည် တန်ချိန် ၁ ဒသမ ၈ သန်း ရှိမည်ဟု ခန့်မှန်းထားရာ လိုအပ်သည့် ပမာဏ၏ ထက်ဝက်ကို ပြည်တွင်းထုတ်လုပ်မှုဖြင့် ဖြည့်ဆည်းသွားမည်ဖြစ်သည်။

ထုတ်ကုန်တစ်ခုဖြစ်သည့် ဆန်တန်ချိန် ၁၇,၀၅၀ တန်ကို ဂျပန်နိုင်ငံသို့ တင်ပို့ရောင်းချရန် လေလံခေါ်ယူရာ၌ ဗီယက်နမ်ကုမ္ပဏီများက ရရှိကြောင်း၊ ကုန်သွယ်ရေးအေဂျင်စီက ၂၀၀၇ ခုနှစ်၊ မတ်လ ၁၅ ရက်တွင် ပြောကြားသည်။ ဂျပန်နိုင်ငံသို့ စုစုပေါင်း ဆန်တန်ချိန် ၄၅,၀၅၀ ရောင်းချရန် ခေါ်ယူသည့် လေလံပွဲ၌လည်း ဗီယက်နမ်ဒေသဆိုင်ရာ ကုမ္ပဏီများကပင် ရရှိခဲ့သည်။ ယခု ၂၀၀၇ ခုနှစ် ပထမနှစ်လတွင် အမေရိကန်ဒေါ်လာ သန်း ၁၀၀ တန်ဖိုးရှိ ဆန်တန်ချိန် ၃၁၆,၀၀၀ ကို ကမ္ဘာ့ဈေးကွက်သို့ တင်ပို့ခဲ့သည်။

ထို့နောက် ၂၀၀၇ ခုနှစ်၏ ပထမသုံးလပတ်ကာလတွင် အမေရိကန်ဒေါ်လာ ၂၁ သန်း တန်ဖိုးရှိ လက်ဖက်ခြောက်တန် ၂၁,၀၀၀ ကို ပြည်ပသို့တင်ပို့ခဲ့ကြောင်း ပြည်တွင်းကုန်သွယ်ရေးအဖွဲ့တစ်ဖွဲ့က ဧပြီ ၂ ရက်နေ့တွင် ကြေညာသည်။ ဗီယက်နမ်နိုင်ငံမှလက်ဖက်ခြောက်များကို အများဆုံးဝယ်ယူသည့် နိုင်ငံများတွင် ပါကစ္စတန်၊ တရုတ်၊ ရုရှား၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီရတ်၊ဂျာမနီ၊ပိုလန်နှင့်အမေရိကန်နိုင်ငံတို့ပါဝင်သည်။

ထို့ပြင် ၂၀၀၇ ခုနှစ် ပထမသုံးလပတ်အတွင်း သီဟိုဠ်သရက်တန်ချိန် ၂၇,၀၀၀၊ အမေရိကန်ဒေါ်လာ ၁၀၇ သန်း တန်ဖိုးကို တင်ပို့ရောင်းချနိုင်ခဲ့သည်။ ထိုအတိုင်းအတာသည် ယခင်နှစ်များကထက် ပမာဏအားဖြင့် ၆ ဒသမ ၁ ရာခိုင်နှုန်း တိုးလာခဲ့သည်ကို တွေ့ရှိရသည်။ ကမ္ဘာပေါ်တွင် သီဟိုဠ်သရက် အဓိကတင်ပို့သောနိုင်ငံ သုံးနိုင်ငံရှိသည့်အနက် ဗီယက်နမ်နှင့် အိန္ဒိယတို့သည် သီဟိုဠ်သရက် တင်ပို့မှုကို မြှင့်တင်ရန် ကြိုးစားစီစဉ်နေသည်။ သကြားလုံးနှင့် အချိုစားသောက်ဖွယ်ရာများ၊ ကိတ်နှင့် မုန့်များတွင် သီဟိုဠ်သရက် စေ့ထည့်၍သုံးသောအလေ့အထကိုအားပေးလျက်ရှိသည်။

ထို့ပြင် ဆိုင်ကယ်ဝယ်လိုအားသည် ဇီမ်ခံဆိုင်ကယ်နှင့် သာမန်ဆိုင်ကယ်နှစ်မျိုးစလုံးအတွက် မြင့်တက်လာလျက်ရှိသည်။ ၂၀၀၆ ခုနှစ်က မော်တော်ဆိုင်ကယ်စီးရေ ၂ ဒသမ ၂ သန်းသာ ဝယ်ယူခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် ဆိုင်ကယ်စီးရေ ၂ ဒသမ ၅ သန်းသုံးစွဲမည်ဖြစ်သည်။ လူဦးရေ ၈၅ သန်းရှိသော ဗီယက်နမ်နိုင်ငံသည် ၂၀၀၇ ခုနှစ် ပထမသုံးလပတ်တွင် ဆိုင်ကယ်စီးရေ ၅၅၈,၂၀၀ ထုတ်လုပ်ခဲ့သည်။ တစ်ချိန်တည်း၌ပင် ဗီယက်နမ်နိုင်ငံသည် မော်တော်ဆိုင်ကယ်စက်ပစ္စည်းအစိတ်အပိုင်းများကို အမေရိကန်ဒေါ်လာ ၁၆၄ သန်းဖိုးဝယ်ယူတင်သွင်းခဲ့သည်။ များသောအားဖြင့် ထိုပစ္စည်းများကို ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ တင်သွင်းခြင်းဖြစ်သည်။

ယင်းနောက် ဗီယက်နမ်အထည်အလိပ်နှင့် အဝတ်အထည်ပို့ကုန်များ ဝင်ရောက်မှုကို အမေရိကန်အစိုးရက စောင့်ကြည့်လေ့လာခြင်းသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(ဒဗလျူတီအို)၏ စည်းမျဉ်းကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ဗီယက်နမ်နိုင်ငံမှ တာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောကြားကြောင်း ဗီယက်နမ်သတင်းအမည်ရှိသတင်းစာက ၂၀၀၇ ခုနှစ်၊ ဧပြီ ၂၀ ရက်တွင် ဖော်ပြသည်။

ဤ ၂၀၀၇ ခုနှစ်တွင် ပြည်ပသို့ ကော်ဖီတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံနီးပါးရရှိမည်ဟု ခန့်မှန်းကြောင်း ၂၀၀၇ ခုနှစ်၊ မေ ၂၁ ရက်တွင် ဖော်ပြထားသည်။

ထို့နောက် ၂၀၀၇ ခုနှစ် ပထမငါးလတာကာလတွင် အမေရိကန်ဒေါ်လာသန်း ၄၁၀ တန်ဖိုးရှိ ကျောက်မီးသွေးတန်ချိန် ၁၄ သန်းခန့် တင်ပို့ရန် ခန့်မှန်းထားကြောင်း ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် တန်ဖိုးအားဖြင့် ၁၇ ရာခိုင်နှုန်း တိုးတက်လာသည်ဟု ၂၀၀၇ ခုနှစ် မေ ၂၅ ရက်တွင် ကုန်သွယ်ရေးဝန်ကြီးဌာနကထုတ်ဖော်ရှင်းပြခြင်းဖြစ်သည်။

ပို့ကုန်တစ်ခုဖြစ်သော သစ်သားထည်တင်ပို့မှုသည် ၂၀၀၆ ခုနှစ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံဖိုး တင်ပို့ရာမှ ယခု ၂၀၀၇ ခုနှစ်တွင် ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံဖိုး တိုးတက်လိမ့်မည်ဟု ခန့်မှန်းထားကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံဖိုးနီးပါးရှိလာနိုင်ကြောင်း၊ သစ်သားနှင့်

သစ်တောထွက်ပစ္စည်းထုတ်လုပ်တင်ပို့ရောင်းချရေး အသင်းက ဇွန် ၁၁ ရက်နေ့ ပြောပြချက်အရ သိရသည်။

၂၀၀၇ ခုနှစ်၊ ဇွန် ၂၀ ရက်တွင် လူငယ်သတင်းစာ၏ ဖော်ပြချက်အရ ယခုနှစ်တွင် ရေနံစိမ်းတန်ချိန် ၁၇ ဒသမ ၅ သန်းထုတ်လုပ်ရန် လျာထားသော်လည်း ၁၆ ဒသမ ၈ သန်းသာ ထွက်ရှိသည်။

ဗီယက်နမ်စျေးကွက်အတွင်းရှိ ပြည်ပမှ မိုဘိုင်းလ်ဖုန်းများ တရားမဝင်တင်သွင်းနေမှုများကို ရပ်ဆိုင်းသွားစေရန် ၂၀၀၇ ခုနှစ်၊ ဇူလိုင် ၃ ရက်တွင် အစိုးရအရာရှိတစ်ဦးက အရေးယူသွားမည်ဟု ပြောကြားကြောင်းသိရသည်။

ထို့နောက် ဗီယက်နမ်အစိုးရသည် နိုင်ငံမြောက်ပိုင်းလန်ဆန်းကောင်ဘန်နှင့် ဘက်ကန်ပြည်နယ်တို့၏ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်မြင့်တင်ရေးအတွက် အရင်းအနှီးများ မြှုပ်နှံကြရန် ပြည်တွင်း၊ပြည်ပရင်းနှီးမြှုပ်နှံသူများအား ၂၀၀၇ ခုနှစ်၊ ဇူလိုင် ၁၀ ရက်တွင် တိုက်တွန်းလိုက်သည်။

ဤနှစ် ပထမနှစ်ဝက်အတွင်း ဗီယက်နမ်နိုင်ငံ၏ ပြည်ပသို့ ငရုတ်ကောင်းတင်ပို့မှုမှ ရရှိသော ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁၄၂ သန်းရရှိခဲ့ကြောင်း နှစ်ချင်းအလိုက် တိုးတက်မှုမှာ ၂၉ ဒသမ ၈ ရာခိုင်နှုန်းရှိသည်ဟု ပြည်တွင်းကုန်သွယ်ရေးအဖွဲ့က ၂၀၀၇ ခုနှစ် ဇူလိုင် ၅ ရက်တွင် ပြောကြားသည်။



ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်ရသည့် (၁၅၀)မြောက်နိုင်ငံ ဗီယက်နမ်၏ မြို့ပြဖွံ့ဖြိုးမှု

ထိုနိုင်ငံ၏ မြောက်ပိုင်းပြည်နယ်များဖြစ်သည့် လမ်စွန်၊ ကိုဘန်နှင့် ဘက်ကန်ဒေသများ၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ပြည်တွင်းနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်လျက်ရှိကြောင်း ဇူလိုင် ၁၀ ရက်၌ဗီယက်နမ်နယူးစ်သတင်းစာက ဖော်ပြသဖြင့် သိရသည်။

ဝန်ဆောင်မှုကဏ္ဍအနေဖြင့် လေကြောင်းလိုင်းမှ ဝင်ငွေရရှိမှုမှာ ၂၀၀၇ ခုနှစ် ပထမနှစ်ဝက်အတွင်း အမေရိကန်ဒေါ်လာ ၅၈၆ ဒသမ ၃ သန်းရရှိရာ နှစ်ချင်းအလိုက် ဝင်ငွေတိုးမြင့်မှု ၁၁ ရာခိုင်နှုန်းရှိကြောင်း ဤနှစ် ဗီယက်နမ်နယူးစ်သတင်းစာက ဇူလိုင် ၁၂ ရက်တွင် ဖော်ပြသဖြင့် သိရသည်။

ထို့ပြင် ကမ္ဘာ့ဆက်သွယ်ရေးလုပ်ငန်းကို ဦးဆောင်နေသော နိုင်ငံတကာမှ ဆက်သွယ်ရေးကုမ္ပဏီများအနေဖြင့် ဗီယက်နမ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် စီစဉ်လျက်ရှိကြောင်း ၂၀၀၇ ခုနှစ်၊ ဇူလိုင် ၁၆ ရက်နေ့ သတင်းဖော်ပြချက်အရ သိရှိရသည်။

ယင်းနောက် ဗီယက်နမ်နိုင်ငံတွင် မော်တော်ယာဉ်ရောင်းချမှုမှာ ၂၀၀၇ ခုနှစ် ပထမနှစ်ဝက်အတွင်း ၂၈,၅၂၈ စီးရှိခဲ့ရာ ယခင်နှစ်အလားတူကာလကထက် ၇၉ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း ဗီယက်နမ်စက်မှုလုပ်ငန်းတစ်ခုက ဇူလိုင် ၁၀ ရက်၌ သတင်းထုတ်ပြန်ကြေညာခဲ့သည်။

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ဖူယန် ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံတန်ဖိုးရှိ ရေနံချက်စက်ရုံ တည်ဆောက်ရန် စင်ကာပူကုမ္ပဏီက စီစဉ်လျက်ရှိကြောင်း လေဘာသတင်းက ၂၀၀၇ ခုနှစ်၊ ဧပြီ ၂ ရက်တွင် ဖော်ပြထားကြောင်း တွေ့ရှိရသည်။ အဆိုပါ စက်ရုံတည်ဆောက်ရန် စင်ကာပူမာတုဗေဒကုမ္ပဏီနှင့် ပြည်နယ်ပြည်သူ့ရေးရာကော်မတီတို့ မတ်လ ၃၀ ရက်တွင် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်။ ယင်းစက်ရုံသည် ၂၀၁၂ ခုနှစ်တွင် နှစ်စဉ် ရေနံတန်ချိန် ၁ ဒသမ ၅ သန်းကို ချက်လုပ်ပေးနိုင်မည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း ဟိုင်ဖုန်မြို့တွင်လည်း လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၆၀၀ ထုတ်လုပ်ပေးနိုင်သော

ကျောက်မီးသွေးလောင်စာသုံးစက်ရုံတစ်ခုကိုအမေရိကန် ဒေါ်လာ ၆၂၅ သန်းအကုန်အကျခံကာ တည်ဆောက်သွားမည်ဖြစ်ကြောင်း ဗီယက်နမ်အီကိုနောမစ်တိုင်းမ်သတင်းစာက ၂၀၀၇ ခုနှစ်၊ ဇူလိုင် ၅ ရက်တွင် ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံသည် တောင်ကိုရီးယားကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်ကြောင်း၊ ဗီယက်နမ်ခရီးသွားလုပ်ငန်းဝင်ငွေတိုးတက်စေမှု၏ အရင်းအမြစ်တစ်ရပ်မှာ တောင်ကိုရီးယား ကမ္ဘာလှည့်ခရီးသည်များဖြစ်လာကြောင်း၊ ၂၀၀၇ ခုနှစ် ဇွန် ၁၅ ရက်တွင် ထုတ်ပြန်သည့် လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။ ဗီယက်နမ်ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် ပိုမိုတိုးတက်လာမည့် အခွင့်အလမ်းများ ရှိနေကြောင်း၊ တောင်ကိုရီးယား၊ တရုတ်၊ အမေရိကန်နှင့် ဂျပန်နိုင်ငံတို့မှ ခရီးသည်များ ပိုမိုရောက်ရှိမည့် အလားအလာများ ရှိနေကြောင်း အိုင်ယာလန်နိုင်ငံ ဒပ်ဘလင်မြို့အခြေစိုက်သုတေသနနှင့် ဈေးကွက်လေ့လာရေးဌာနက ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

ဗီယက်နမ်တရားရုံးက မူးယစ် ဆေးဝါးထုတ်လုပ်၊ ရောင်းဝယ်ဖောက်ကား၊ သယ်ယူပို့ဆောင်သူ ဒေသခံ ရှစ်ဦးကို သေဒဏ်နှင့် ၁၃ ဦးကို တစ်သက်တစ်ကျွန်းပြစ်ဒဏ်ချမှတ်ခဲ့သည်။

ဗီယက်နမ်နိုင်ငံမှ နယ်ခြားစောင့်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုင်ငံမြောက်ပိုင်း ဆွန်လာပြည်နယ်တွင် အလေးချိန်ခြောက်ကီလိုခန့်ရှိ ဘိန်းဖြူသယ်ဆောင်မှုဖြင့် လူနှစ်ဦးကို ဖမ်းဆီးလိုက်ကြောင်း ဗီယက်နမ်သတင်းဌာနက ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်နေ့တွင် ဖော်ပြလိုက်သည်။

မြို့တော်ဟနွိုင်းအနီး ဟာတေးပြည်နယ်မြောက်ပိုင်း၌ ဆေးခြောက်စိုက်ပျိုးသူ နှင့် ရောင်းဝယ်သူ ၁၀ ဦးကို မကြာသေးမီက ဗီယက်နမ် ရဲတပ်ဖွဲ့က ဖမ်းဆီးထားသောသတင်းကို ၂၀၀၇ ခုနှစ်၊ မတ် ၂၉ ရက်တွင် သိရှိရသည်။

သိန်းဝင်းဇော်

ဗုဒ္ဓသာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်ချက်များ(၂၀၀၇)။ ။ ၁၉၈၀ ပြည့်နှစ် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက အတည်ပြုပြဋ္ဌာန်းခဲ့သော သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းအများအရ သံဃာ့အဖွဲအစည်းအဆင့်ဆင့်တို့သည် သာသနာတော် သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးလုပ်ငန်းရပ်များကို တစိုက်မတ်မတ်ကြိုးပမ်းထမ်းဆောင်တော်မူခဲ့ကြသည်။ သာသနာ့ဥဒိုးသျှောင် ဆရာတော်သံဃာတော်မထေရ်မြတ်များကဦးဆောင်ဦးရွက်သာသနာ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြသကဲ့သို့ နိုင်ငံတော်အစိုးရ အမှုးရှိသောတိုင်းရင်းသားပြည်သူ ဒါယကာဒါယိကာမအပေါင်းတို့ကလည်း ဓမ္မာနုဂ္ဂဟ၊ ပစ္စယာနုဂ္ဂဟဖြင့် ကိုယ့်တာဝန်ကိုယ်ယူလျက် ချီးမြှင့်ပူဇော်ကြပေသည်။ ၂၀၀၇ ခုနှစ်အတွင်းတွင် ဆရာဒကာ ညီညာလက်ယှက်ဆောင်ရွက်ကြသည့် ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းရပ်များမှာ ထပ်ဆင့်တိုးတက် အောင်မြင်ကြသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ဗုဒ္ဓသာသနာတော် ထွန်းကားသော နိုင်ငံကြီးအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်နေပေသည်။

နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ (၄၇) ပါး စုံညီအစည်းအဝေးများ

နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ (၄၇)ပါး စုံညီအစည်းအဝေးများကို ပုံမှန်အားဖြင့် လေးလလျှင်တစ်ကြိမ် ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်သိမ်ဓမ္မာရုံခန်းမ၌ ကျင်းပရာ ၂၀၀၇ ခုနှစ်တွင်-

(က) ပဉ္စမအကြိမ် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဧကန္တဝိသတိမအစည်းအဝေး

(ခ) ဆဋ္ဌမအကြိမ် နိုင်ငံတော်သံဃာ့ မဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပထမအစည်းအဝေး

(ဂ) ဆဋ္ဌမအကြိမ် နိုင်ငံတော်သံဃာ့ မဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒုတိယအစည်းအဝေး

(ဃ) ဆဋ္ဌမအကြိမ် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တတိယအစည်းအဝေး

စသည်ဖြင့် (၄)ကြိမ်ကျင်းပ၍ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးဆုံးဖြတ်တော်မူခဲ့ကြသည်-

ပဉ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့. သတ္တမအစည်းအဝေး

ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့. သတ္တမအစည်းအဝေးကို သာသနာတော်နှစ် ၂၅၅၀ ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်၊ ၁၂ ရက် (ခရစ်နှစ် ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် တနလ်ာနေ့၊ ၂၇ ရက် အင်္ဂါနေ့)တို့၌ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏ သိမ်လိုဏ်ဂူတော်ကြီး၌ ကျင်းပရာ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃာ့မဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ ပြည်ပနိုင်ငံမှ ပရဒေသီ (အိန္ဒိယ)ဗဟိုဝန်ဆောင် ဆရာတော်များ တက်ရောက်တော်မူကြသည်။ အစည်းအဝေးသို့ သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး ဒုတိယနေ့တွင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်းက မဟာဝိဇယစေတီတော်ကြီးနှင့်တကွ ရန်ကုန်တိုင်းအတွင်း သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တင်ပြလျှောက်ထားပါသည်။


ပဉ္စမအကြိမ် နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့. (၄၇)ပါးစုံညီ ဧကန္တဝီသတိမ အစည်းအဝေးသည် ပဉ္စမအကြိမ် (၆)နှစ် သက်တမ်းအတွက် နောက်ဆုံးအစည်းအဝေးဖြစ်သည်။ ထိုအစည်းအဝေးတွင် ဆဋ္ဌမအကြိမ် (၆)နှစ်သက်တမ်းတွင် ပထမ (၃) နှစ်သက်တမ်းအတွက် ၂၅% အနားယူတော်မူခြင်း၊ အစားထိုးရွေးချယ်ခြင်းများကို သံဃာ့အဖွဲ့.အစည်း အခြေခံစည်းမျဉ်းလုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစီမံချက်စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်တော်မူခဲ့ကြ၍ ဆဋ္ဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့.သစ်ကို ဖွဲ့စည်းခဲ့ပါသည်။

ဆဋ္ဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့. ပထမအစည်းအဝေးကို သာသနာနှစ် ၂၅၅၀၊ ကောဇာသက္ကရာဇ် ၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း (၁၃)ရက် (၂၈- ၂- ၂၀၀၇) ဗုဒ္ဓဟူးနေ့ နံနက် (၈)နာရီတွင် ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့. ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကုမာရ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက)သဘာပတိအဖြစ် ဆောင်ရွက်တော်မူ၍၊ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တသြသဓာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူပါသည်။

အစည်းအဝေးတွင် အစီအစဉ်အရ အစားထိုးရွေးချယ်ခံရသည့် ဆဋ္ဌမအကြိမ် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့. ဆရာတော်ကြီးများ၏ အမည်စာရင်းကို အခမ်းအနားမှူးဆရာတော်က ဖတ်ကြားတင်သွင်း၍ သဘာပတိဆရာတော်က အတည်ပြုချက် ရယူပေးပါသည်။ ထို့နောက် ဆဋ္ဌမအကြိမ် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့. ဒုတိယဥက္ကဋ္ဌဆရာတော်များနှင့် တွဲဖက်အကျိုးတော်ဆောင်ဆရာတော်များ၏အမည်စာရင်းကို အခမ်းအနားမှူး ဆရာတော်က ဖတ်ကြား၍ သဘာပတိဆရာတော်က အတည်ပြုချက် ရယူပေးတော်မူသည်။

ထို့နောက် အစီအစဉ်အရ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့. ဥက္ကဋ္ဌဆရာတော်ဘုရားကြီးက နိဂုံးချုပ်ဩဝါဒကထာ မိန့်ကြားတော်မူသည်။

ပဉ္စမအကြိမ် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့.သည် ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့.ကိုလည်းကောင်း၊ ဆဋ္ဌမအကြိမ် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့.သည် ဆဋ္ဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့.ကိုလည်းကောင်း တာဝန်ခံလျက် (၁၅)ပါးစီ အဖွဲ့.ခွဲသုံးဖွဲ့.ခွဲကာ၊ အဖွဲ့.ခွဲတစ်ခုလျှင် အဖွဲ့.ဝင်များ (၃) ဖွဲ့.ကျစီ အသီးသီးထပ်မံခွဲဝေ၍ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာလုပ်ငန်းများကို သတ်မှတ်တာဝန်ယူဆောင်ရွက်ကြပါသည်။ အဖွဲ့.ခွဲသုံး



ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးပွဲကြီး၌ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကုမာရက သြဝါဒကထာမြွက်ကြားစဉ်

ဖွဲ့တို့တွင် ဒုတိယဥက္ကဋ္ဌဆရာတော်ကြီးများနှင့် တွဲဖက် အကျိုးတော်ဆောင် ဆရာတော်များက ကြီးကြပ်ဆောင်ရွက်တော်မူကြပါသည်။

၂၀၀၇ နှစ် အစီရင်ခံသည့် ကာလအတွင်း ဝိနိစ္ဆယရေးရာကိစ္စရပ်များ ဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က)	နိုင်ငံတော်သံဃာ့ဝိနိစ္ဆယ အဖွဲ့များဖြင့်ဖွဲ့စည်းဆုံးဖြတ်မှု	၁၅ -မှု
(ခ)	နိုင်ငံတော်သီးခြားဝိနည်းဓိရ် အဖွဲ့ဖြင့် ဖွဲ့စည်းဆုံးဖြတ်မှု	၁ -မှု
(ဂ)	ပြည်နယ်/တိုင်းဂိုဏ်းပေါင်းစုံ သံဃာ့ဝိနိစ္ဆယအဖွဲ့များ ရွေးချယ်လျာထားမှု	၈ -မှု
(ဃ)	အယူခံပြီးပြတ်သည့် မှုခင်းများကို ပြီးငြိမ်းပြီးမှုခင်းများ အဖြစ် အတည်ပြုမှု	၆ -မှု
(င)	နိုင်ငံတော် သံဃာ့မဟာနာယ ကအဖွဲ့ (၄၇)ပါးစုံညီ အစည်းအဝေးများသို့ တင်ပြအဆုံး အဖြတ်ခံယူရန် မှုခင်းများ	၂၂ -မှု
(စ)	ဝိနိစ္ဆဆိုင်ရာအထွေထွေမှုခင်းများ	၈၂ -မှု

သာသနာရေးရာ ကိစ္စရပ်များဆောင်ရွက်နိုင်မှု အခြေအနေနှင့် စပ်လျဉ်း၍ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့သည် ၂၀၀၇ ခုနှစ် အစီရင်ခံသည့် ကာလအတွင်း အောက်ဖော်ပြပါအတိုင်း အစည်းအဝေးများကို ကျင်းပ၍ လုပ်ငန်းရပ်များကို ညှိနှိုင်းဆွေးနွေး ဆောင်ရွက်တော်မူခဲ့ကြပါသည်။

(က) ပုံမှန်အစည်းအဝေး(၂၁) ကြိမ်
(ခ) အထူးအစည်းအဝေး(၂) ကြိမ်
(ဂ) ညှိနှိုင်းအစည်းအဝေး(၂)ကြိမ်

ထိုသို့သော အစည်းအဝေးများကျင်းပ၍ အောက်ပါလုပ်ငန်းရပ်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

(က) သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့တွင် အစားထိုးရွေးချယ်ခြင်းနှင့်ထပ်မံရွေးချယ်သတ်မှတ်ခြင်း၊
(ခ) သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ဆိုင်ရာ ကိစ္စရပ်များကို စိစစ်ဆောင်ရွက်ခြင်း၊
(ဂ) ဘုန်းတော်ကြီးကျောင်းများ ဆောက်လုပ်ခြင်း၊ ကျောင်းထိုင်တင်မြှောက်ခြင်း၊စေတီတော်သစ်တည်ခြင်း၊ စေတီဟောင်း ပြုပြင်မွမ်းမံခြင်းဆိုင်ရာ ကိစ္စရပ်များကို စိစစ်ဆောင်ရွက်ခြင်း၊

(ဃ) အခွန်လွတ်သာသနာ့မြေ လျှောက်ထားခြင်း နှင့်စပ်လျဉ်း၍ မြို့နယ်အသီးသီးမှ ကျောင်းတိုက်များ၊ ရိပ်သာများအတွက် စိစစ်ထောက်ခံပေးခြင်း၊

(င) ဗုဒ္ဓသိမ်သမုတ်ရန် လျှောက်ထားလာမှု အပေါ် စိစစ်ထောက်ခံပေးခြင်း၊

(စ) ရဟန်းသာမဏေများ ကျင့်ဝတ်နှင့်အညီ နေထိုင်ရေးကိစ္စ၊ ညွှန်ကြားလွှာများလိုက်နာရေးကိစ္စ၊ ကျောင်းတိုက်များ၊ ပစ္စည်းများအငြင်းပွားမှုကိစ္စ စသည့် သာသနာရေးဆိုင်ရာ အထွေထွေကိစ္စရပ်များကို စိစစ် ဆောင်ရွက်ပေးခဲ့ပါသည်။

ပညာရေးရာကဏ္ဍတွင် ဗုဒ္ဓဘာသာစာမူစိစစ်ရေး နှင့်စပ်လျဉ်း၍ ၂၀၀၇ ခုနှစ် အစီရင်ခံသည့်ကာလအတွင်း အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ခဲ့ပါသည်။

(က) ပြင်ဆင်ချက်မရှိ ထုတ်ဝေခွင့်ပြုသောစာမူ	၃၃၃ မူ
(ခ) ပြင်ဆင်၍ ထုတ်ဝေခွင့်ပြုသော စာမူ	၂၉ မူ
(ဂ) ဖြုတ်ပယ်၍ ထုတ်ဝေခွင့် ပြုသော စာမူ	၃၈ မူ
(ဃ) ပြင်ဆင် ဖြုတ်ပယ်၍ ထုတ်ဝေ ခွင့်ပြုသော စာမူ	၂၀ မူ
(င) ဖြည့်စွက်၍ ထုတ်ဝေခွင့် ပြုသောစာမူ	၂ မူ
(စ) ပြင်ဆင် ဖြည့်စွက်၍ ထုတ်ဝေခွင့်ပြုသောစာမူ	၁ မူ
(ဆ) ဖြုတ်ပယ် ဖြည့်စွက်၍ ထုတ်ဝေခွင့်ပြုသောစာမူ	၂ မူ
(ဇ) ပြင်ဆင်ဖြုတ်ပယ်ဖြည့်စွက်၍ထုတ်ဝေ ခွင့်ပြုသောစာမူ	၂ မူ
(ဈ) ထုတ်ဝေခွင့်မပြုသောစာမူ	၄ မူ
(ည) သက်ဆိုင်ရာသို့ ပြည်လည်ပေးပို့သော စာမူ	၄ မူ
စုစုပေါင်း	၄၃၅ မူ

တိုပိုင်္ဂကဓရ တိုပိုင်္ဂကကောဝိဒ ရွှေးချယ်ရေးစာမေးပွဲကြီး

(၅၉)ကြိမ်မြောက် တိုပိုင်္ဂကဓရ တိုပိုင်္ဂကကောဝိဒ ရွှေးချယ်ရေးစာမေးပွဲကြီးကို ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ (၂၄)ရက်မှ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ (၂၅)ရက်အထိ (၃၃) ရက်တိုင်တိုင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပခဲ့သည်။ ထိုစာမေးပွဲကြီးမှာ သာသနာ့အာဇာနည်များကို ရွေးထုတ်သည့် စာမေးပွဲကြီးဖြစ်၍ အာဂမသဘာဝ နှစ်ဝစွမ်းရည်ပါရမီထူးရှိကြသော သာသနာ့အာဇာနည်လောင်းလျာများသည် ဗလငါးတန်အားမာန်ဝင့်လျက် ဖြေဆိုကြရပေသည်။

ထိုစာမေးပွဲကြီးတွင် အာဂုံပြန်နှင့် ရေးဖြေအောင်မြင်တော်မူကြသော သာသနာ့အာဇာနည် အရှင်မြတ်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

- ပိဋ္ဌကသုံးပုံ အာဂုံအောင် တိပိဋ္ဌကဓရအရှင်မြတ်	၁ - ပါး
- ပိဋ္ဌကနှစ်ပုံခွဲ ရေးဖြေအောင် မူလအာဘိဓမ္မကောဝိဒအရှင်မြတ်	၁ - ပါး
- ပိဋ္ဌကနှစ်ပုံရေးဖြေအောင် ဒီဃနိကာယကောဝိဒအရှင်မြတ်	၃ - ပါး
- ပိဋ္ဌကတစ်ပုံရေးဖြေအောင် ဝိနယကောဝိဒအရှင်မြတ်	၄ - ပါး
- ဝိနည်းပထမပိုင်း နှစ်ကျမ်း သဘောရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ အရှင်မြတ်	၇ - ပါး
- ပိဋ္ဌကနှစ်ပုံခွဲ အာဂုံအောင် မူလအာဘိဓမ္မိကအရှင်မြတ်	၂ - ပါး
- ပိဋ္ဌကနှစ်ပုံအာဂုံအောင် ဒီဃဘာဏကအရှင်မြတ်	၄ - ပါး
- ပိဋ္ဌကတစ်ပုံအာဂုံအောင် ဝိနယဓရအရှင်မြတ်	၁၁ - ပါး
- ဝိနည်းပထမပိုင်း နှစ်ကျမ်း အာဂုံအောင် ဥဘတောဝိဘင်္ဂဓရ အရှင်မြတ်	၄၀ - ပါး
စုစုပေါင်း	၇၃ - ပါး

ထိုအရှင်မြတ် (၇၃)ပါးတို့အား ချီးကျူးပူဇော်သည့် (၅၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်တော် ဆက်ကပ်ပွဲအခမ်းအနားကို ၁၃၆၉-ခုနှစ်၊ နယုန်လဆန်း (၁၁) ရက် (၂၀၀၇ ခုနှစ်၊ မေလ ၂၆ ရက်)စနေနေ့တွင် ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပခဲ့သည်။

အစိုးရဓမ္မာစရိယစာမေးပွဲ

အစိုးရဓမ္မာစရိယစာမေးပွဲကို ၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် (၂)ရက်၊အင်္ဂါနေ့မှ နှောင်းတန်ခူးလပြည့် (၁၁)ရက်၊ကြာသာပတေးနေ့ထိ(၃-၄-၂၀၀၇ မှ ၁၂-၄-၂၀၀၇အထိ) ကျင်းပခဲ့ရာ ဖြေဆိုအောင်မြင်သူဦးရေမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

စာရင်းသွင်းသူ	-	၁၉၅၂၆	ပါး
ဖြေဆိုသူ	-	၁၂၁၄၀	ပါး
ကျမ်းရင်းသုံးကျမ်းအောင်	-	၄၄၈	ပါး
ကျမ်းရင်းနှစ်ကျမ်းအောင်	-	၆၅၆	ပါး
ကျမ်းရင်းတစ်ကျမ်းအောင်	-	၁၁၇၀	ပါး
ပါဠိဋီကာထူးအောင်	-	၈	ပါး

ပြည်နယ်/တိုင်းအလိုက် ပထမပြန်စာမေးပွဲများကျင်းပခြင်း

၂၀၀၇ ခုနှစ်၊ ပထမပြန်စာမေးပွဲများကို (၃-၄-၂၀၀၇ မှ ၁၀-၄-၂၀၀၇အထိ)တစ်ပြည်လုံးတွင် ပြည်နယ်/တိုင်းအလိုက် စာဖြေဌာနပေါင်း (၂၃၆)ဌာနခွဲ ကျင်းပခဲ့ရာ စာရင်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

အတန်း	စာရင်းသွင်းသူ	ဖြေဆိုသူ	အောင်မြင်သူ
ပထမကြီးတန်း	၁၉၆၂၉	၁၆၆၂၅	၆၄၂၀
ပထမလတ်တန်း	၂၂၃၁၀	၁၉၆၈၄	၉၁၅၁
ပထမငယ်တန်း	၂၈၇၆၈	၂၄၇၃၄	၁၁၆၈၅
စုစုပေါင်း	၇၀၇၀၇	၆၁၀၄၃	၂၇၂၅၆

နိကာယ်စာမေးပွဲ

၂၀၀၇ ခုနှစ်၊ နိကာယ်စာမေးပွဲကို ၁၃၆၉ ခုနှစ်၊ နယုန်လပြည့်ကျော် (၆)ရက်နေ့မှ နယုန်လပြည့်ကျော် (၁၀)ရက်ထိ (၅-၆-၂၀၀၇ တနလ်းနေ့မှ ၉-၆-၂၀၀၇ သောကြာနေ့ထိ)ကျင်းပခဲ့ရာ စာရင်းသွင်းသူ (၃၅၀၆၉) ပါး၊ ဖြေဆိုသူ (၂၂၀၅၁) ပါးရှိ၍ ကျမ်းပြီးအောင်မြင်သူ (၂၆၆) ပါး အပါအဝင် စုစုပေါင်း အောင်မြင်သူပေါင်း (၁၃၂၈)ပါးဖြစ်သည်။

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၂၃-၁၂-၂၀၀၆ မှ ၂၅-၁၂-၂၀၀၆ အထိ တစ်ပြည်လုံးရှိ စာဖြေဌာနပေါင်း (၁၂၇)ဌာနတို့တွင် ကျင်းပခဲ့ရာ ဖြေဆိုအောင်မြင်မှုအခြေအနေမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

	စာရင်းသွင်း	ဖြေဆို	အောင်မြင်
(က) အဘိဓမ္မာ	၁၉၁၁၁	၁၄၈၃၈	၁၀၅၅၂
(ခ) ဂုဏ်ထူးဆောင်	၄၄၉၀	၄၂၂၇	၂၆၉၀
(ဂ) ဝိသုဒ္ဓိမဂ်	၃၃၀၈	၂၆၀၈	၁၂၈၃
စုစုပေါင်း	၂၆၉၀၉	၂၁၆၇၃	၁၄၅၂၅

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ

မြန်မာတစ်နိုင်ငံလုံး ဆင်းရဲချို့တဲ့သော ကလေးများပညာသင်ကြားနိုင်ရန်နှင့် ယဉ်ကျေးသိမ်မွေ့စေရန် ရည်ရွယ်၍ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို ဖွင့်လှစ်ခဲ့ရာ ၂၀၀၇ ခုနှစ်တွင် အောက်ဖော်ပြပါအတိုင်းရှိခဲ့ပါသည်-

မြို့နယ်ပေါင်း	-	၂၄၈ မြို့နယ်
မူလတန်းကျောင်း	-	၁၀၅၅ ကျောင်း
အလယ်တန်းကျောင်း	-	၁၁၂ ကျောင်း
မူလတန်းလွန်ကျောင်း	-	၁၄၄ ကျောင်း
အထက်တန်းကျောင်း	-	၂ ကျောင်း

စုစုပေါင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (၁၃၁၃)ကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိပါသည်။

ကျောင်းသူကျောင်းသားများမှာ-

- မူလတန်း	၁၆၁၉၀၀	- ဦး
- မူလတန်းလွန်	၈၆၁၁	- ဦး
- အလယ်တန်း	၁၈၀၈၀	- ဦး
- အထက်တန်း	၄၁၅၁	- ဦး
စုစုပေါင်း...	၁၉၂၇၄၂	- ဦး

ရှိပါသည်။

သီလရှင်သင်အမျိုးသမီး ပညာရေးကျောင်းများကိုလည်း ဖွင့်လှစ်ခဲ့ရာ တစ်ပြည်လုံးတွင် ကျောင်းပေါင်း (၂၄) ကျောင်းရှိ၍ သီလရှင်ကျောင်းသူ၊ ကျောင်းသားပေါင်း (၃၇၀၉) ဦး ပညာသင်ကြားလျက်ရှိပါသည်။

နယ်စပ်နှင့် တောင်တန်းဒေသ သာသနာပြုလုပ်ငန်းများ

မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ပြည်နယ်/တိုင်းအသီးသီးတွင် နယ်စပ်နှင့်တောင်တန်းဒေသ သာသနာပြုလုပ်ငန်းများအတွက် မြို့နယ်များတွင် သာသနာပြုဌာနများကို ၁၉၉၁ ခုနှစ်မှစ၍ စနစ်တကျဖွင့်လှစ်ခဲ့ပြီး နှစ်စဉ်တိုးချဲ့ဆောင်ရွက်ခဲ့ရာ ၂၀၀၇ ခုနှစ်တွင် သာသနာပြုလုပ်ငန်းများအခြေအနေမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

သာသနာပြုဌာန	-	၄၈၁ ဌာန
သာသနာပြု ရဟန်းတော်	-	၅၇၉ ပါး
သာသနာပြု သီလရှင်	-	၃၅ ပါး
သာသနာပြု လူပုဂ္ဂိုလ်	-	၉၀၀ ဦး

ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း

ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများကို ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းမှအပ ကျန်ပြည်နယ်/တိုင်းများရှိ ကျောင်း (၁၃) ကျောင်းတွင် ၂၀၀၇ ခုနှစ်အထိ သင်တန်းအကြိမ်ပေါင်း (၁၁၅)ကြိမ်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသားရဟန်းတော် (၂၉၉၉)ပါး တက်ရောက်တော်မူခဲ့ပါသည်။

ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲအခြေအနေ

၂၀၀၇ ခုနှစ်၊ ပြည်နယ်/တိုင်းအသီးသီး၌ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲများ ကျင်းပမှုအခြေအနေမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

မြို့နယ်ပေါင်း	-	၁၆၁ မြို့နယ်
ဖြေဆိုသူပေါင်း	-	၁၀၈၁၅ ဦး
သုံးဘာသာအောင်မြင်သူပေါင်း	-	၁၈၅၉၃ ဦး
ရိုးရိုးအောင်မြင်သူပေါင်း	-	၆၄၄၅၆ ဦး
ဂုဏ်ထူးဖြင့်အောင်မြင်သူပေါင်း	-	၂၅၀၃၅ ဦး

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကျင်းပခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၇ ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသည့် ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင် ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့် (၂-၃-၂၀၀၇) နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တက်ရောက်၍ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြကာသာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များကို ဆပ်ကပ်လှူဒါန်း၍ သာသနာနုဂ္ဂဟဆိုင်ရာဘွဲ့တံဆိပ်တော်များကို အပ်နှင်းသည်။

အစီအစဉ်အရ အခမ်းအနားဖွင့်စာတမ်းကို သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို က ဖတ်ကြားလျှောက်ထားကာ အခမ်းအနားကို ဖွင့်လှစ်ပါသည်။ ဆက်လက်၍ နိုင်ငံတော် ဩဝါဒါစရိယ ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ မြသိန်းတန်ပရိယတ္တိစာသင်တိုက် မဟာနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘနက သမ္မောဒနီယ ဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။

ယင်းနောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းကြရာ ရှေးဦးစွာနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး

ဗုဒ္ဓသာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးဆောင်ရွက်ချက်များ (၂၀၀၇)



၂၀၀၇ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပွဲ၌ နိုင်ငံတော်အကြီးအကဲများ တက်ရောက်ပူဇော်နေကြသည်ကို တွေ့ရစဉ်

မောင်အေး အမှုးရှိသောအကြီးအကဲများနှင့် ဇနီးတို့က သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များနှင့်အဆောင် အယောင်များကိုအသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို ဖတ်ကြားလျှောက်ထားသည်။ ယင်းနောက် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသြသဓာဘိဝံသထံမှ ပရိသတ်များက အနုမောဒနာတရားနှင့် ရေစက်ချတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်ပူဇော်ပွဲအခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်းလျက် ရုပ်သိမ်းလိုက်သည်။

၂၀၀၇ ခုနှစ်တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်မှု အခြေအနေမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

- အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၃ ပါး
- အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီး ၃ ပါး
- အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၂၂ ပါး
- သာသနာပြုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၂၅ ပါး
- ဓမ္မကထိကဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၈ ပါး
- ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၃၁ ပါး
- စာချဘွဲ့တံဆိပ်တော်ရဆရာတော် ၁၂၅ ပါး
- စာချဘွဲ့တံဆိပ်တော်ရသီလရှင် ၂၀ ပါး
- ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ သီလရှင် ၁ ပါး
- သာသနာပြုဘွဲ့တံဆိပ်တော်ရ သီလရှင် ၉ ပါး
- သာသနာပြုဘွဲ့တံဆိပ်တော်ရ အမျိုးသား ၁၃ ဦး
- သာသနာပြုဘွဲ့တံဆိပ်တော်ရ အမျိုးသမီး ၁ ဦး

- သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော်ရ
  အမျိုးသား ၁၆ ဦး
- သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော်ရ
  အမျိုးသမီး ၄၀ ဦး

စုစုပေါင်း သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ပုဂ္ဂိုလ် ၄၁၇ ဦးဖြစ်ပါသည်။

လူဒါန်းပွဲအပြီးတွင် ဆွမ်းဆန်စိမ်းနှင့် လူဖွယ်ပစ္စည်းများ လောင်းလှူပွဲကို ဆက်လက်ကျင်းပရာ ကာကွယ်ရေး ဝန်ကြီးဌာနမိသားစု၊ ဝန်ကြီးချုပ်ရုံး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟိုရုံးများ၊ စစ်ရေးချုပ်ရုံးမိသားစု၊ စစ်ထောက်ချုပ်ရုံးမိသားစု၊ တပ်မတော် (ရေ)၊ တပ်မတော် (လေ)၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်၊ ဝန်ကြီးဌာနများ၊ တရားရုံးချုပ်၊ ရှေ့နေချုပ် ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ဝန်ထမ်းရွေးချယ်လှေကျင့်ရေးအဖွဲ့ရုံး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ဘဝသာရေး၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားဆေးလုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများအသင်း၊ ကုမ္ပဏီများနှင့် ပုဂ္ဂလိကစေတနာရှင် အလှူရှင်များက သတ်မှတ်နေရာအသီးသီးတို့မှနေ၍ ဆွမ်းဆန်စိမ်းအစရှိသော လူဖွယ်ပစ္စည်းများကို သဒ္ဓါတရားထက်သန်စွာဖြင့် စည်ကားသိုက်မြိုက်စွာ လောင်းလှူပူဇော်ကြပါသည်။ လူဒါန်းမှုအစုစုတို့၏ တန်ဖိုးမှာ ၁၇၅၆၀၇၅/- ဖြစ်ပါသည်။

မခင်နွဲ့.ဟန်ကြည်

မလေးရှားနိုင်ငံ။ ။ မလေးရှားနိုင်ငံ မလက္ကာမြို့တွင် ပျက်စီးနေပြီဖြစ်သည့် သမိုင်းဝင် ဖာမိုဆာခံတပ်ကို ကမ္ဘာတစ်ဝန်းရှိ ပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန်အတွက် ပြန်လည်တည်ဆောက်မည်ဟုသိရသည်။ ယဉ်ကျေးမှုဝန်ကြီးဌာန လက်အောက်ရှိ ရေးဟောင်းအမွေအနှစ်ဌာနက အဆိုပါ ခံတပ်ကို အဆင့်လိုက်တည်ဆောက်မည်ဖြစ်ပြီး ၂၀၁၀ ပြည့်နှစ်တွင် တည်ဆောက်ပြီးစီးနိုင်သည့် အခြေအနေရှိကြောင်း ဒေသခံသတင်းဌာနတစ်ခုက ပြောကြားသည်။



မလေးရှားဝန်ကြီးချုပ် အဗက်ဒူလာဘာဒါဝီ

၁၅၁၁ ခုနှစ်က ဆောက်လုပ်ခဲ့သည့် အဆိုပါ ခံတပ်၏ မီတာ ၃၅၀ အရှည်ရှိ တံတိုင်းကို အလျားရှစ်မီတာ၊ အနံငါးမီတာရှိ ကျောက်တုံးများဖြင့် ဆောက်လုပ်သွားမည်ဖြစ်ပြီး ခံတပ်အတွင်းရှိ သမိုင်းဝင် အဆောက်အအုံများ မပျက်စီးစေရန် ထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်သည်ဟု မာဂျစ်က ဆက်လက်ပြောကြားသည်။

မလေးရှားနှင့် အိန္ဒိယနိုင်ငံတို့သည် ကာကွယ်ရေးလုပ်ငန်းဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ရန် ပြင်ဆင်လျက်ရှိကြကြောင်း ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက် အင်တာနက်သတင်းတွင် ဖော်ပြကြောင်း သိရသည်။

မလေးရှားနှင့် အိန္ဒိယကာကွယ်ရေးလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်အရ နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်လာနိုင်မည့်အပြင် မလေးရှားတိုက်လေယာဉ်မှူးများနှင့် ရေငုပ်သင်္ဘောတပ်ဖွဲ့များကို အိန္ဒိယနိုင်ငံတွင် လေ့ကျင့်သင်တန်းပေးနိုင်မည်ဖြစ်သည်။ ဓနသဟာယအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော မိမိတို့နှစ်နိုင်ငံသည် စစ်ရေးဆိုင်ရာ သဘောတရားရေးအမြင်အရ တူညီမှုရှိကြကြောင်း အိန္ဒိယနိုင်ငံတွင် ကျင်းပခဲ့သော နှစ်နိုင်ငံ

ပူးတွဲကော်မရှင်အစည်းအဝေးအပြီးတွင် မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆာယစ်အာမက်အယ်လ်ဘာကပြောကြားသည်။

မလေးရှားနိုင်ငံခြားရေးဝန်ကြီးသည် အိန္ဒိယခရီးစဉ်အတွင်း ဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် နိုင်ငံခြားရေးဝန်ကြီး ပရာနတ်မူခါဂျီးတို့နှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ပြီး ၎င်းတို့ဆွေးနွေးသည့်အကြောင်းရပ်များတွင် ကုန်သွယ်ရေးမှသည်ကာကွယ်ရေးအထိအကျုံးဝင်ကြောင်း မလေးရှားဘာနားမားသတင်းဌာနက သတင်းထုတ်ပြန်သည်။

နှစ်နိုင်ငံ စစ်ဘက်ဆိုင်ရာ ဝန်ထမ်းများအား အပြန်အလှန် စေလွှတ်ရေး ပူးတွဲစစ်ရေးလေ့ကျင့်ရေး၊ မလေးရှားတိုက်လေယာဉ်မှူးများအား လေ့ကျင့်သင်ကြားပေးရာတွင် အိန္ဒိယက အကူအညီပိုမိုပေးရေးစသည်တို့နှင့် ပတ်သက်၍ သဘောတူညီမှု ရရှိခဲ့ကြသည်။

၎င်းပြင် မလေးရှားရဲတပ်ဖွဲ့သည် တပ်ဖွဲ့ဝင်အင်အားကို တိုးမြှင့်သွားရန် စီစဉ်လျက်ရှိကြောင်း ၂၀၀၇ ခုနှစ်၊ ဧပြီလ ၁၁ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားကြောင်း သိရသည်။

ထို့ကြောင့် တပ်ဖွဲ့ဝင်အင်အား တိုးမြှင့်နိုင်ရေးအတွက် မလေးရှားနိုင်ငံတစ်ဝန်းရှိ ရဲအတတ်သင်ကောလိပ် ၅ ကျောင်းတွင် လေ့ကျင့်ရေးအစီအစဉ်များကို စတင်မည်ဟု သိရသည်။

မလေးရှားနိုင်ငံ၏ ကုန်သွယ်မှု ပိုငွေသည် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလက ပိုမိုမြင့်တက်လာရာ ရင်းဂစ် ၇ ဒသမ ၆ ဘီလီယံရှိကြောင်း ယမန်နှစ်အလားတူကာလကထက် ၂ ဒသမ ၇ ရာခိုင်နှုန်း ပိုမိုများပြားလာကြောင်း မလေးရှားနိုင်ငံ စာရင်းအင်းဌာနက ၂၀၀၇ ခုနှစ်၊ ဧပြီလ ၉ ရက်ကထုတ်ပြန်ကြေညာသည်။

ထို့ပြင် ဂျပန်နိုင်ငံရှိ မတ်ဆုရှီတာ စက်မှုလုပ်ငန်းကုမ္ပဏီသည် အယ်လ်စီဒီရပ်မြင်သံကြားဖမ်းစက်များ ထုတ်လုပ်နိုင်ရန် အာရှတွင် ယင်းကုမ္ပဏီ၏ ပထမဆုံးသော စက်ရုံကို ထူထောင်ခဲ့ကြောင်း၊ ကုမ္ပဏီတာဝန်ရှိသူများ၏ ပြောပြချက်ဖြင့် သိရသည်။

မလေးရှားနိုင်ငံသည် ၂၀၁၂ ခုနှစ်ထက် နောက်မကျစေဘဲ ရော်ဘာစိုက်ပျိုးမှုကို ဟက်တာ ၈၀,၀၀,၀၀ ထက်မနည်း တိုးချဲ့သွားနိုင်မည်ဟု မျှော်လင့်ကြောင်း ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဒါတွတ်ဆရီ အဗ္ဗဒူအဇစ်က ၂၀၀၇ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ပြောကြားသည်။ ယခုအချိန်ထိ ရော်ဘာပင်ဟက်တာ ၅၀၀,၀၀၀ စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။

မလေးရှားနိုင်ငံသည် ယခုလောလောဆယ် ကမ္ဘာ့ရော်ဘာတင်ပို့သည့် နိုင်ငံများအနက် တတိယနေရာတွင်ရှိနေသည်။ ယင်းနိုင်ငံ၏ ရော်ဘာတင်ပို့မှုမှာ တစ်နှစ်လျှင် မက်ထရစ်တန်ချိန် ၁ ဒသမ ၂ သန်းရှိသည်။ ရော်ဘာစိုက်ဧက တစ်ဟက်တာတွင် တစ်နှစ်လျှင် ကီလို ဂရမ် ၂၀၀၀ ထုတ်လုပ်နိုင်မည်ဆိုပါက ဟက်တာ ၈၀,၀၀,၀၀ စိုက်ပျိုးခြင်းဖြင့် ရော်ဘာမက်ထရစ်တန်ချိန် ၁ ဒသမ ၆ သန်း ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ပြည်ပသို့ ရော်ဘာတင်ပို့ရောင်းချခြင်းမှ ငွေကြေးများစွာ ရရှိလာမည်ဖြစ်ကြောင်း ဝန်ကြီး၏ ပြောကြားချက်တွင် ပါရှိသည်။

မလေးရှားနိုင်ငံ ရော်ဘာလက်အိတ်ထုတ်လုပ်သည့် ဆူပါမတ်စ်ကုမ္ပဏီသည် ၂၀၀၇ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံငွေနှင့် အမြတ်ငွေနှစ်ရပ်လုံး ၃၅ ရာခိုင်နှုန်း မြင့်တက်လာမည်ဖြစ်ကြောင်း၊ ကမ္ဘာတွင် လက်အိတ်ထုတ်လုပ်သော ကုမ္ပဏီတို့တွင် အဆိုပါဆူပါမတ်စ်ကုမ္ပဏီသည် ဒုတိယအကြီးဆုံးဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနက ၂၀၀၇ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့က ဖော်ပြထားသည်။

ကျန်းမာရေးအဆင့်အတန်းကို ပိုမိုအလေးအနက်ထားလာသည့်အတွက် ကမ္ဘာတွင် ရော်ဘာလက်အိတ်ဝယ်လိုအား ဆက်လက်မြင့်တက်လျက်ရှိသည်ဟု နယူးစထရိတ်တိုင်းမ်သတင်းစာနှင့် တွေ့ဆုံမေးမြန်းခန်းတွင် အဆိုပါ ကုမ္ပဏီ၏ မန်နေးဂျင်းဒါရိုက်တာ ထိုင်းခမ်ဆမ်က ပြောကြားသည်။

မလေးရှားနိုင်ငံ မြောက်ပိုင်းရှိကျောင်းတစ်ကျောင်းဌ ၂၀၀၇ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့က ကျောင်းသူကျောင်းသား ၁၉၀ အစာအဆိပ်သင့်၍ ဆေးရုံသို့တင်ပို့လိုက်ရသည်။

၎င်းအစာအဆိပ်သင့်မှု အကြောင်းရင်းကို စုံစမ်းလျက်ရှိပြီး အဆိုပါကျောင်းရှိ စားသောက်ဆိုင်ကိုလည်း

ပိတ်ထားရန် ဒေသဆိုင်ရာ အာဏာပိုင်များက အမိန့် ထုတ်ပြန်ထားပြီး ဖွင့်လှစ်ထားသည့် စားသောက်ဆိုင်သည် ကျန်းမာရေးစည်းကမ်းချက်များနှင့် ညီ၊ မညီ စစ်ဆေးဆောင်ရွက်ရန် ဒေသဆိုင်ရာ ကျန်းမာရေးဌာန တာဝန်ရှိသူများက တိုက်တွန်းထားသည်။

မလေးရှားတွင် နောက်ဖြစ်လာသောရောဂါမှာ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားလျက်ရှိရာ သေဆုံးသူ ၅၇ ဦးရှိသွားပြီဖြစ်ကြောင်း မိဒိယာများက ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်၌ သတင်းထုတ်ပြန်သည်။ မလေးရှားအစိုးရအနေဖြင့် ၂၀၀၄ ခုနှစ်ကစ၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ခြင်းနှင့် ထိန်းချုပ်ရေးတို့အတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၄ သန်းကျခံသုံးစွဲခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဖွင့်ဟပြောဆိုသည်။

ပိုလန်နိုင်ငံမှ နာမည်ကျော် စစ်ဘက်ပစ္စည်းထုတ်လုပ်သည့် ကုမ္ပဏီဆူမာအုပ်စုက သံချပ်ကာကားများကို မလေးရှားနိုင်ငံသို့ ရောင်းချရန် စာချုပ် ချုပ်ဆိုနိုင်ရေးအတွက် ညှိနှိုင်းလျက်ရှိရာ အပြီးသတ်အဆင့်သို့ ရောက်ရှိနေကြောင်း၊ မလေးရှားအစိုးရက အဆိုပါ သံချပ်ကာကားများကို စမ်းသပ်ခဲ့ရာတွင် အရည်အသွေးကောင်းမွန်သည်ကို တွေ့ရှိရကြောင်း၊ ပိုလန်ပီအေပီသတင်းဌာနက ၂၀၀၇ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် သတင်းဖော်ပြကြောင်း သိရသည်။

၎င်းနောက် အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)နှင့် မလေးရှားနိုင်ငံတို့၏ ကုန်သွယ်မှုမှာ ၂၀၀၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၄ ဘီလီယံရှိကြောင်း၊ ၂၀၀၅ ခုနှစ်ထက် ၂၀ ဒသမ ၆၅ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ပင်လယ်ကွေ့သတင်းအမည်ရှိသတင်းဌာနက ဧပြီလ ၉ ရက်နေ့တွင် ဖော်ပြသည်။

ထို့နောက် မလေးရှားဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီဖြစ်သော အင်နိုဘိုင်အိုကုမ္ပဏီသည် အိန္ဒိယဆေးဝါးကုမ္ပဏီနှင့် ရင်းဂစ်သန်း ၁၄၀ တန်ဖိုးရှိကန်ထရိုက်စာချုပ် ချုပ်ဆိုထားကြောင်း သတင်းထုတ်ပြန်သည်။

၎င်းပြင် တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ ဆာဘီဟာဂျဲဆန် အပြည်ပြည်ဆိုင်ရာလေဆိပ် မွမ်းမံပြင်ဆင်ရန်အတွက် မလေးရှားဟိုလ်ဒင်းစ်ဘတ် MAHB ကုမ္ပဏီက လေလံအောင်မြင်ခဲ့ကြောင်း မလေးရှားမီဒီယာများက ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့၌ ဖော်ပြခဲ့သည်။

ယင်းနောက်ပိုင်းတွင် နှစ်နိုင်ငံရဲတပ်ဖွဲ့ဝင်များအကြား သတင်းအချက်အလက် အပြန်အလှန် ဖလှယ်ကြပြီး အကြမ်းဖက်မှု တိုက်ဖျက်ရေးကို တိုးမြှင့်ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးလျက်ရှိကြောင်း နယူးဇီလန်နှင့် မလေးရှားနိုင်ငံမှ အရာရှိများက ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့၌ ညှိနှိုင်းပြောဆိုကြသည်။

ထို့အပြင် အာဖရိကအရှေ့ပိုင်းနိုင်ငံများတွင် လောင်စာထုတ်လုပ်နိုင်ရန် ရည်ရွယ်လျက် ယူဂန္ဒာနှင့် မလေးရှားနိုင်ငံတို့သည်ရေနံထုတ်လုပ်ရေးနှင့်သန့်စင်ရေးလုပ်ငန်းများတွင်ပူးပေါင်းဆောင်ရွက်ကြရန်မလေးရှားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ယူဂန္ဒာသမ္မတ ဂိုဝါရီမူဆာဗာရီနှင့် မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလ် အာမက်ဘာဒါဝီတို့နှင့် ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၆ရက်တွင်တွေ့ဆုံဆွေးနွေးစဉ်ကသဘောတူညီခဲ့ကြသည်။



မလေးရှားနိုင်ငံ၏ ခေတ်မီအားကစားကွင်းတစ်ခုအား တွေ့ရစဉ်

ထို့ပြင် နှစ်နိုင်ငံခေါင်းဆောင်များသည် ယူဂန္ဒာနိုင်ငံအတွင်း ရထားလမ်းဆက်သွယ်ရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ကြမည် ဖြစ်သည်။

၎င်းနောက် အီသီယိုးပီးယားနိုင်ငံသည် မလေးရှားနိုင်ငံပိုင် ပတ်ထရိနပ်စ်ရေနံလုပ်ငန်းနှင့် အိုဂါဒင်းဒေသတွင် သဘာဝဓာတ်ငွေ့များ တူးဖော်ရှာဖွေထုတ်လုပ်ရန် သဘောတူစာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ကြောင်း၊ အီသီယိုးပီးယားအရာရှိများက ဩဂုတ်လ ၁၀ ရက်နေ့၌ ပြောကြားသည်။ အဆိုပါ အီသီယိုးပီးယားနှင့် ပတ်ထရိနပ်စ်တို့အကြား သဘာဝဓါတ်ငွေ့ရှာဖွေတူးဖော်ရေးအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ သန်းတန်ဖိုးရှိသော စာချုပ်တစ်ရပ်ကို ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်ဟု အီသီယိုးပီးယားနိုင်ငံသတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ပြောဆိုကြောင်း သိရသည်။

မလေးရှားနိုင်ငံရှိ Air Asia နှင့် Ply Asian X-press လေကြောင်းဌာနများသည် ၂၀၀၇ ခုနှစ်၊ ဇူလိုင်လမှစ၍ လန်ဒန်ခရီးစဉ်ကို လေယာဉ်လက်မှတ်ခဈေးသက်သာစွာဖြင့် ပျံသန်းပေးရန် အစီအစဉ်များ ချမှတ်ထားခဲ့သည်။

မလေးရှားနိုင်ငံရှိ ကွာလာလမ်ပူနိုင်ငံတကာလေဆိပ်သည် နိုင်ငံတကာလေဆိပ်ကောင်စီ (အေစီအိုင်)က ချီးမြှင့်သည့် ကမ္ဘာ့အကောင်းဆုံး လေဆိပ်ဆုကို ထပ်မံဆွတ်ခူးသွားကြောင်း ဒေသဆိုင်ရာ သတင်းဌာနက ဖော်ပြထားခြင်းကို တွေ့ရသည်။

ဆုပေးအပ်သည့် အခမ်းအနားကို အာရပ်စော်ဘွားများ ပြည်ထောင်စု ဒုဘိုင်းတွင် ကျင်းပခဲ့ပြီး အေစီအိုင် လေကြောင်းလုပ်ငန်းဆိုင်ရာ ဖိုရမ်အစည်းအဝေးကိုလည်း တစ်ဆက်တည်း ကျင်းပခဲ့သည်။

မလေးရှားနိုင်ငံမြို့တော် ကွာလာလမ်ပူ၌ သစ်တောသစ်ပင်ထိန်းသိမ်းရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အုပ်စုများနှင့် လူမှုရေးအဖွဲ့အစည်းများက ကြိုးပမ်းကြမည်ဖြစ်ကြောင်း ၂၀၀၇ ခုနှစ်၊ မတ်လ ၄ ရက် အင်တာနက်သတင်းတွင် ဖော်ပြခဲ့သည်။ ၎င်းမြို့လယ်ရှိ ပီတယ်လင်ဂျာယားရပ်ကွက်တွင် မပျက်မယွင်းဘဲ တည်ရှိနေဆဲဖြစ်သော တောအုပ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးသူများက ဒေသခံများနှင့်အတူ ပူးပေါင်းဆောင်ရွက်မည် ဖြစ်သည်။

ကမ်းရိုးတန်းဒေသများ၊ ဒီရေတောများနှင့် စိမ့်မြေများတွင် မြေယာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လာသည့်အတွက်ထိုဒေသများတွင်နေထိုင်ကျက်စားသောကျေးငှက်ကောင်ရေကျဆင်းသွားသည်ကိုလေ့လာတွေ့ရှိရသည်။ သို့ပါ၍ နောင်အခါ အဆိုပါဒေသများ၌ မြေယာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည်ဆိုလျှင် သဘာဝဝန်းကျင်ကို မထိခိုက်စေရေးအတွက် တင်းကြပ်သောစည်းကမ်းများ ချမှတ်ဆောင်ရွက်သွားမည်ဟု မလေးရှားအာဏာပိုင်များက ပြောကြားကြောင်း သိရသည်။

ထို့နောက် မလေးရှားနိုင်ငံ ကမ်းခြေဒေသများ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ နေအိမ်များနှင့် စက်မှုလုပ်ငန်းများ ပေါထွက်လာခဲ့သည်။ ထိုအခြေအနေများကြောင့် ရာသီအလိုက်ရွှေ့ပြောင်းကျက်စားသော ငှက်မျိုးများအတွက် နေထိုင်စရာနေရာများ ပျက်စီးသွားရသည်။ ဤသို့သောဖြစ်စဉ်များကြောင့် ဆယ်စုနှစ် နှစ်ခုတာကာလအတွင်း ကမ်းခြေဒေသများ၌ ကျက်စားသောငှက်များ၏ ၂၂ ရာခိုင်နှုန်းကျဆင်းသွားရသည်ဟု စိမ့်တောမြေသဘာဝဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့က ထောက် ပြသည်ဟု ဆိုသည်။ ထို့ကြောင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးဌာန ဝန်ကြီး အဇ်မီခါလစ်က ပြောကြားရာတွင် မလေးရှားနိုင်ငံအနေဖြင့် အလားတူအမှားမျိုး နောက်ထပ်တစ်ကြိမ်တစ်ခါမျှ မပြုမိစေရန်၊ သဘာဝဝန်းကျင် မထိခိုက်စေရန် စည်းကမ်းဥပဒေများ ထုတ်ပြန်၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

မလေးရှားနိုင်ငံ တောင်ပိုင်း ဂျဟိုးပြည်နယ်၌ အရှေ့တောင်အာရှဒေသရှိ ပင်လယ်ကူးသင်္ဘောများ ရေနံနှင့် ရေနံထွက်ပစ္စည်းဖြည့်တင်းရာ ဆိပ်ကမ်းဗဟိုဌာနအဖြစ် ရောက်ရှိလာစေရန် ကြိုးပမ်းသည့် (အေပီအိတ်ချ်) စီမံကိန်းတည်ဆောက်မှုလုပ်ငန်းကို ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့က စတင်လိုက်ပြီဖြစ်သည်။

ထိုရေနံဆိပ်ကမ်းတွင် ဒီဇယ်လျှပ်စီးအလေးချိန်တန် ၁၀၀၀ ရှိ ကမ်းရိုးတန်းသွား သင်္ဘောမှသည် အလေးချိန်တန် ၃၅၀,၀၀၀ ရှိ ရေနံတင်သင်္ဘောကြီးများ


အထိ ဆိုက်ကပ်နိုင်မည်ဖြစ်ပြီး နှစ်စဉ် သင်္ဘောပေါင်း ၃,၀၀၀ ကို လက်ခံကာ ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ ယင်းအာရှရေနံဗဟိုဌာန (အေပီအိတ်ချ်) ဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းသည် ၂၀၀၉ ခုနှစ်တွင် ပြီးစီးမည်ဖြစ်သည်။

ထို့ပြင် မလေးရှားနိုင်ငံသည် ပါဟန်ပြည်နယ် ဘူကစ်အိုင်ဘမ်အရပ်၌ နျူကလီးယားစက်ရုံတစ်ရုံကို တည်ဆောက်မည်ဖြစ်ကြောင်း မလေးရှားဒုတိယဝန်ကြီးချုပ် နာဂျစ်တွန်ရာဇတ်က ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်၌ ပြောကြားခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ နျူကလီးယားစက်ရုံကို အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၄၁ သန်း အကုန်ကျခံတည်ဆောက်မည်ဖြစ်သည်။

မလေးရှားနိုင်ငံက ယခုကဲ့သို့ နျူကလီးယားစက်ရုံတည်ဆောက်ပြီးပါက အရှေ့တောင်အာရှ၌ ပထမဆုံးစက်ရုံအဖြစ် တည်ဆောက်နိုင်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာမည်ဖြစ်သည်။

ပြည်တွင်းနိုင်ငံများတွင် နေထိုင်လျက်ရှိသည့် ကျွမ်းကျင်ပညာရှင် မလေးရှားနိုင်ငံသားများအား အမိနိုင်ငံသို့ ပြန်လာစေရန် ဆွဲဆောင်သည့်အနေဖြင့် လိုက်လျောခွင့်ပြုမှု အများအပြားပေးထားသည့် အစီအစဉ်တစ်ရပ်ကို မကြာသေးသော အချိန်တွင် ထုတ်ပြန်ခဲ့သည်။

ထိုဇနီး၊ ခင်ပွန်းများသည် မလေးရှားနိုင်ငံတွင် အမြဲနေထိုင်သူ အဆင့်အတန်း (ပီအာရ်) လျှောက်ထားစဉ် အချိန်၌ပင်လျှင် အလုပ်လုပ်ကိုင်ခွင့်ရကြမည်ဖြစ်သည်ဟု လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီး ဖောင်ချန်အွန်က ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်တွင် ဒေသဆိုင်ရာ သတင်းဌာနများသို့ ပြောကြားသည်။ ကျွမ်းကျင်သူ မလေးရှားနိုင်ငံသားများအနေဖြင့် မိခင်နိုင်ငံသို့ ပြန်ဝင်လာမည်ဆိုလျှင် ပြည်ပမှ ကားနှစ်စီးကို အကောက်ခွန်မဲ့ တင်သွင်းခွင့်ရမည်သာမက ပြည်တွင်းလုပ် ကားနှစ်စီးကိုလည်း အခွန်ပေးဆောင်စရာမလိုဘဲ ဝယ်ယူခွင့်ရမည်ဖြစ်သည်။ ထို့အပြင် ပြည်ပ၌ အလုပ်လုပ်ခဲ့သော



မလေးရှားနိုင်ငံ၏ ကမ်းလွန်ရေနံရှာဖွေရေးလုပ်ငန်းစဉ်

နှစ်နှစ်စာ ဝင်ငွေအပေါ်၌လည်း အခွန်ကင်းလွတ်ခွင့် ပေးမည်ဖြစ်ကြောင်း သိရသည်။

မလေးရှားနိုင်ငံသည် ရာဇဝတ်မှုဖြစ်ပွားမှုထိန်းချုပ်နိုင်ရေးအတွက် နိုင်ငံခြားသား အလုပ်သမားများ လှုပ်ရှားသွားလာခွင့်ကို ကန့်သတ်နိုင်ရန်ဥပဒေတစ်ရပ်ထုတ်ပြန်ပြဋ္ဌာန်းမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးရှိတ်အာမတ် ကပြောကြားကြောင်း ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်နေ့၌ အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

မလေးရှားနိုင်ငံတွင် နိုင်ငံခြားသား အလုပ်သမား ၂ ဒသမ ၆ သန်းရှိသည်။ ပြည်ပလုပ်သားများကို ၎င်းတို့၏လုပ်ငန်းခွင်တည်ရှိရာနေရာအတွင်းဆောက်လုပ်ပေးထားသည့် အဆောက်အအုံများ၌သာ စုစုစည်းစည်းထားရှိမည်ဖြစ်ပြီးပြင်ပသွားလာခွင့်ကိုထိန်းချုပ်ကန့်သတ်ခြင်းဖြင့် နိုင်ငံခြားသားများ ကျူးလွန်သည့်ရာဇဝတ်ပြစ်မှုများကို ထိန်းချုပ်နိုင်မည်ဖြစ်သည်။

၎င်းပြင် မလေးရှားနိုင်ငံသည် ပြည်ပရှိ ၎င်း၏သံရုံးများတွင် အလုပ်သမားရေးရာ သံမှူးများ မကြာမီထားရှိမည်ဖြစ်ကြောင်း၊ ရွှေ့ပြောင်းလုပ်သားများကို ပြန်ပို့နေမှုအပေါ် ကိုင်တွယ်ဖြေရှင်းနိုင်ရန် ဖြစ်ကြောင်း လူ့အရင်း အမြစ်ဝန်ကြီးဌာနမှ ဝန်ကြီးဖွန်ချမ်းအွန်က ၂၀၀၇ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် ပြောကြားကြောင်း သိရသည်။

အချိန်တစ်နှစ်ကြာမျှယူ၍ ပြင်ဆင်မှုများပြုလုပ်ပြီး နောက်ပိုင်း မလေးရှား အာဏာပိုင်များသည် မလေးရှားခရီးသွားနှစ် (၂၀၀၇ ခုနှစ်) ပွဲတော်ကို ထိုနှစ် ဧန်နဝါရီ ၆ ရက် ညပိုင်းမှစ၍ ကျင်းပခဲ့သည်။ ၎င်း ခရီးသွားလုပ်ငန်းမြှင့်တင်ရေးပွဲတော်သည်တတိယအကြိမ်ကျင်းပပြုလုပ်သောပွဲတော်ဖြစ်ပြီးအကြီးအကျယ်ဆုံးပြုလုပ်သည့် ပွဲတော်လည်းဖြစ်သည်။ ထိုတိတိဝန်ဂါဥယျာဉ်ကန်တော်အတွင်း ကျင်းပသည့် ထိုဖွင့်ပွဲအခမ်းအနားကို မလေးရှားနိုင်ငံ ဝန်ကြီးချုပ် အဗ္ဗဒူလ်အာမက်ဘာဒါဝီ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ထိုမလေးရှား ခရီးသွားနှစ်ဖွင့်ပွဲအခမ်းအနားကို နိုင်ငံ၏ အနှစ် (၅၀) ပြည့် လွတ်လပ်ရေးနေ့အခမ်းအနား အချိန်အခါနှင့် တိုက်ဆိုင်ကျင်းပခြင်းဖြစ်သည်။ ဤလုပ်ငန်းမှ ၂၀၀၇ ခုနှစ်အတွင်းတွင် ခရီးသည် သန်း ၂၀ ကို ဆွဲဆောင်နိုင်ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၁၂ ဒသမ ၃၆ ဘီလီယံရရှိမည်ဟု သက်ဆိုင်ရာက ခန့်မှန်းထားသည်။

မလေးရှားနိုင်ငံသို့ လာရောက်သည့် ကမ္ဘာလှည့်ခရီးသည်များသည် နေအိမ်များတွင် တည်းခိုနေထိုင်နိုင်စေမည့် အစီအစဉ်တစ်ရပ်ကို ခရီးသွားလုပ်ငန်းဌာနက ဆောင်ရွက်မည်ဖြစ်ကြောင်း နယူးစထရိတ်တိုင်းမ်စ် သတင်းစာက ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ဖော်ပြထားသည်။ မလေးရှားခရီးသွားလုပ်ငန်းဌာနသည် ဒေသခံတို့နှင့် အတူတကွ နေထိုင်နိုင်ကာ အပန်းဖြေနိုင်မည့်ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအစီအစဉ်တစ်ရပ်ကိုအကောင်အထည်ဖော်မည်ဖြစ်သည်။

၂၀၀၇ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့ ညပိုင်းက တိုက်ခတ်ခဲ့သော မုန်တိုင်းကြောင့် ကွာလာလမ်ပူမြို့၌ ရေကြီးမှုဖြစ်ပေါ်ကာ ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာက ရေးသားဖော်ပြခဲ့သည်။ ၎င်း မုန်တိုင်းတိုက်ခတ်စဉ် သစ်ကိုင်းကျိုးကျခဲ့သဖြင့် နှစ်ဦး ဒဏ်ရာရခဲ့ကြောင်း၊ အခြားလေးဦးမှာ ဘတ်စ်ကား တစ်စီးရေကြီးနေသောနေရာသို့ အရှိန်ဖြင့် ဖြတ်မောင်းသွားရာ ရေလုံးက အနီးဝန်းကျင်ရှိ စားသောက်ဆိုင်မှန်ကို ထိမှန်ခဲ့သဖြင့် မှန်ကွဲကျကာဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ခရီးသည် ၁၀ ဦးနှင့် ရဟတ်ယာဉ်ဝန်ထမ်းတို့လိုက်ပါလာသည့် ရဟတ်ယာဉ်တစ်စင်းသည်မလေးရှားနိုင်ငံ၏ အရှေ့ပိုင်းဒေသရှိ ဆာရာဝပ်ပြည်နယ်၏ကမ်းလွန်တောင်တရုတ်ပင်လယ်အတွင်း ၂၀၀၇ ခုနှစ်၊ ဧန်နဝါရီလ ၃၀ ရက်က ပျက်ကျသွားခဲ့ပြီးနောက် ကယ်တင်သူများက လူကိုးဦးကို ပင်လယ်တွင်းမှ ကယ်တင်နိုင်ခဲ့ပြီး၊ တစ်ဦးမှာပျောက်ဆုံးလျက်ရှိကြောင်း သိရပါသည်။

ထိုနိုင်ငံ၏ တောင်ပိုင်းတွင် ဟိုက်ဒရိုကလိုရစ် အက်စစ်သယ်ဆောင်လာသော ဘောက်ဆာကားနှင့် လော်ရီကားတစ်စီးတို့သည် ၂၀၀၇ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့က တိုက်မိကြရာ အက်စစ်များ လမ်းမပေါ်သို့ ဖိတ်စင်ပျံ့နှံ့သွားသည်။ ထိုအက်စစ်ငရဲမီးခါတ်များ ပြယ်သွားစေရန် ကယ်ဆယ်ရေးဝန်ထမ်းများက လမ်းမ

ပေါ်သို့ ဆိုဒါပြားများဖြင့် ပက်ဖျန်းခြင်း၊ ရေများဖြင့် ဆေးကြောခြင်းများ ပြုလုပ်ပေးခဲ့ခြင်းကြောင့်၊ ယင်း မတော်တဆမှုကြောင့် တစ်စုံတစ်ဦးမျှ ထိခိုက်ခြင်း မရှိခဲ့ပါ။

ၿငိးနောက် အဖြစ်အပျက်တစ်ခုမှာ လေယာဉ်ကွင်း မတော်တဆဖြစ်ပွားမှု ကယ်ဆယ်ရေးလုပ်ငန်းကို ၂၀၀၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့က သရုပ်ပြလေ့ကျင့်နေရာမှ တကယ့်အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းအသွင်သို့ ကူးပြောင်းသွားသော အခြေအနေတစ်ခု ကွာလာလမ်ပူလေဆိပ်တွင်ဖြစ်ပွားခဲ့သည်။ ဖြစ်ပွားပုံမှာ မီးလောင်သော လေယာဉ်အတုအသွင်ပြုလုပ်၍ကယ်ဆယ်ရေးဆောင်ရွက်ရာ ပါဝင်သူအချို့ မီးခိုးများမွန်ပြီး အသက်ရှူကျပ်သည့် ဝေဒနာခံစားကြရသဖြင့် ဆေးရုံသို့ အရေးပေါ်ပို့ပေးခဲ့ရသည်။ အဆိုပါလေ့ကျင့်မှု ပြုလုပ်ချိန်တွင် နေအလွန်ပူနေပြီး မီးခိုးများ များပြားလွန်းသောကြောင့် ယခုကဲ့သို့ ဖြစ်ပွားရခြင်းဖြစ်သည်ဟု သတင်းစာများက ဖော်ပြကြောင်းသိရသည်။

မလေးရှားနိုင်ငံတွင် ဒီဗွီဒီ ရုပ်ရှင်ခိုးကူးခွေများကို ရှာဖွေဖော်ထုတ်နိုင်ရန် လေ့ကျင့်သင်ကြားပေးထားသည့် ခွေးနှစ်ကောင်က ဒီဗွီဒီရုပ်ရှင်ခိုးကူးခွေများကို ဒုတိယအကြိမ် ရှာဖွေဖော်ထုတ်ပေးခဲ့ရာ အမေရိကန်ဒေါ်လာ ၄၃,၀၀,၀၀ ကျော်တန်ဖိုးရှိ အခွေများကို ဖမ်းဆီးရမိကြောင်း ဒေသခံသတင်းရပ်ကွက်က ၂၀၀၇ ခုနှစ်၊ ဧပြီ ၁ ရက်နေ့တွင် ဖော်ထုတ်ခဲ့သည်။ အဆိုပါ ခွေးနှစ်ကောင်သည် မိနစ်ပိုင်းအတွင်း အခန်းအတွင်းရှိ သိုဝှက်ထားသည့် ဒီဗွီဒီအချပ်များကို အနံ့ခံဖော်ထုတ်ခြင်းဖြစ်သည်။

ယင်းနောက် မလေးရှားနိုင်ငံရှိ တက္ကသိုလ်များ၌ ၂၀၁၀ ပြည့်နှစ်ထက်နောက်မကျစေဘဲ နိုင်ငံခြားသားကျောင်းသူ၊ ကျောင်းသား ၁ သိန်းအထိ လက်ခံသင်ကြားပေးရန် အစီအစဉ်ရေးဆွဲထားကြောင်း မလေးရှားအဆင့်မြင့် ပညာရေးဝန်ကြီး ဒါတွတ်မူစတာဖာက ၂၀၀၇ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ပြောကြားသည်။

သိန်းဝင်းဇော်

မိမိလေး၊ ဒေါ်၊ ဂုဏ်ထူးဆောင်ပါမောက္ခ။ ။

ဒေါ်မိမိလေး (ဂုဏ်ထူးဆောင်ပါမောက္ခ)အမည်ဖြင့် မြန်မာ့ပညာရေးလောကတွင် ထင်ရှားကျော်ကြားသူ ဒေါ်မိမိလေးကို စစ်ကိုင်းတိုင်း ကသာမြို့၊ တောင်ရပ်နေအဖ ရှေ့နေကြီး ဦးထွန်းလှနှင့် အမိ ဒေါ်သုန်တို့က ၁၉၃၀ ပြည့်၊ ဒီဇင်ဘာလ (၁၁)ရက်နေ့တွင် ဖွားမြင်ခဲ့ပါသည်။



ဂုဏ်ထူးဆောင်ပါမောက္ခဒေါ်မိမိလေး

ဒေါ်မိမိလေးသည် ၁၉၄၂ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ဒုတိယကမ္ဘာစစ်ကြီးဖြစ်သည့်အချိန် ကသာမြို့၊ အင်္ဂလိပ်မြန်မာအထက်တန်းကျောင်းဝယ် ဆဋ္ဌမတန်းအထိ ပညာသင်ကြားခဲ့သည်။

ဒေါ်မိမိလေးသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းကို အောင်မြင်ပြီး မန္တလေးကောလိပ်တွင် ပညာဆက်လက်ဆည်းပူးခဲ့သည်။

ဒေါ်မိမိလေးသည် ၁၉၅၂ ခုနှစ်တွင် တရားရုံးချုပ်ရှေ့နေဖြစ်သူ ဦးမြစိန်နှင့် အိမ်ထောင်ကျပြီး မောင်စိန်လင်းနှင့် မောင်စိန်မင်းဟူသော သားနှစ်ယောက်ကို မွေးဖွားသည်။

ဒေါ်မိမိလေးသည် ၁၉၅၃ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ ရရှိပြီး ၁၉၆၃ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ကို ရရှိခဲ့ပါသည်။ ၎င်း မဟာဝိဇ္ဇာဘွဲ့အတွက် တင်သွင်းသော သုတေသန ကျမ်းအမည်သည် 'အမျိုးသမီးစာဆိုလောကနှင့် ဘဝကြေးမုံ' ဖြစ်သည်။ ထိုကျမ်းကို ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလတွင် အမျိုးသားလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန၊ ပညာရေးဝန်ကြီးဌာနက စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေခဲ့ရာ

၂၀၀၃ ခုနှစ် အတွက် အမျိုးသားစာပေဆုကို စာပဒေသာ ဘာသာရပ်အနေနှင့် ရရှိခဲ့သည်။

ဒေါ်မိမိလေးသည် ၁၉၅၃ ခုနှစ်မှစ၍ မန္တလေး တက္ကသိုလ်၊ မြန်မာစာဌာနတွင် တာဝန်အဆင့်ဆင့်ထမ်း ဆောင်ခဲ့ရာ ၁၉၉၀ ပြည့်နှစ်တွင် ပါမောက္ခတာဝန်မှ သက်ပြည့်အငြိမ်းစားယူခဲ့ပါသည်။

ဒေါ်မိမိလေးသည် အငြိမ်းစားယူပြီးသည့်နောက်တွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ အဖြစ် (၁၂) နှစ်တာမျှ ဆောင်ရွက်ခဲ့ပြီး ဆက်လက်၍ အသင်းနာယကအဖြစ် ဆောင်ရွက်ခဲ့ပါသည်။

တဖန် ဒေါ်မိမိလေးသည် မန္တလေးတက္ကသိုလ်၊ မြန်မာစာဌာနတွင် ဂုဏ်ထူးဆောင်ပါမောက္ခအဖြစ် (၃)နှစ်တာဝန်ထမ်းဆောင်ပြီး အကြံပေးအရာရှိအဖြစ်လည်း ဆက်လက်တာဝန်ထမ်းဆောင်ခဲ့သေးသည်။

ထို့ပြင် ဒေါ်မိမိလေးသည် မန္တလေးတိုင်း အမျိုးသမီးရေးရာလုပ်ငန်းကော်မတီဝင်အဖြစ်လည်းကောင်း၊ ယဉ်ကျေးမှုဆပ်ကော်မတီအကြံပေးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သေးသည်။

ဒေါ်မိမိလေးသည် ၂၀၀၂ ခုနှစ်က 'ဖြတ်သန်းခဲ့သမျှ' ဆောင်းပါးပေါင်းချုပ် စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။

အမည်ရင်းနှင့် ကလောင်အမည် တစ်ခုတည်း ဖြစ်သည့်ဒေါ်မိမိလေးသည် အမှတ် (၈)၊ ၆၈-၃၂ လမ်းထောင့်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးတိုင်းတွင် နေထိုင်ရင်း (၃- ၁၀- ၂၀၀၇)နေ့တွင် ကွယ်လွန်ခဲ့ပါသည်။


ဇော်ဝင်းထွန်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး (မြန်မာနိုင်ငံ) (၂၀၀၇)။ ။ပြည်ထောင်စုမြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်အဖြစ် နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၀၇ ခုနှစ်တွင်လည်း မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အောင်မြင်စွာဆောင်ရွက်သည်။

ကုလသမဂ္ဂ–မြန်မာပူးပေါင်းဆောင်ရွက်မှု

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ (မူးယစ်ဗဟိုအဖွဲ့)နှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)တို့ ပူးပေါင်းကျင်းပသည့် စိတ်ကြွဆေးအလွဲသုံးသည့် လူငယ်များအား ထိရောက်သည့် ဆေးဝါးကုသမှုတိုးမြှင့်ရေးစီမံကိန်း (The Project: "Improving Access for Young People with ATS Abuse to Effective Treatment")စတင် အကောင်အထည်ဖော်ရေးအစည်းအဝေးကို မေလ ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။ အစည်းအဝေးသို့ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နိုင်ငံနှင့် UNODC တို့မှ ကိုယ်စားလှယ် ၄၅ ဦး တက်ရောက်သည်။

မူးယစ်ဗဟိုအဖွဲ့နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လူ့စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း စီမံကိန်းအဆင့် ၁၊ အဆင့် ၂နှင့် အဆင့် ၃ တို့ကို UNDP ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၁ သန်းဖြင့် ၁၉၉၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ကချင်ပြည်နယ်၊ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ ပညာရေး၊ ကျန်းမာရေး၊ ရေကောင်းရေသန့်ရရှိရေး၊ မိသားစုဝင်ငွေတိုးပွားရရှိရေး လုပ်ငန်းများကိုလည်းကောင်း၊ စီမံကိန်းအဆင့် ၄ ကို UNDP ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၆ ဒသမ



ဖမ်းဆီးရမိမူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးနေစဉ်

၉ သန်းဖြင့် ၂၀၀၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ကချင်ပြည်နယ် ခုနစ်မြို့နယ်၊ ချင်းပြည်နယ် ကိုးမြို့နယ်၊ ရခိုင်ပြည်နယ် ငါးမြို့နယ်၊ ကရင်ပြည်နယ် တစ်မြို့နယ်၊ မွန်ပြည်နယ် သုံးမြို့နယ်တို့ရှိ ကျေးရွာပေါင်း ၈၄၉ ရွာ၌ ပညာရေး၊ ကျန်းမာရေး၊ ရေကောင်းရေသန့်ရရှိရေး၊ မိသားစုဝင်ငွေတိုးပွားရရှိရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်သည်။

မူးယစ်ဗဟိုအဖွဲ့နှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် 'ဝ'ဒေသ အစားထိုးဖွံ့ဖြိုးရေးစီမံကိန်း (Wa Alternative Development Project- WAD)



ဖမ်းဆီးရမိမူးယစ်ဆေးရည်ထည့်ထားသောပုလင်းများကို လမ်းကြိတ်စက်ဖြင့် နင်း၍ ဖျက်ဆီးနေစဉ်

ကို UNODC ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၈၉၉ သန်းဖြင့် ၁၉၉၈ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ မိုင်းပေါက်မြို့နယ်အတွင်း ပညာရေး၊ ကျန်းမာရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ လူထုဖွံ့ဖြိုးရေး၊ အစားထိုးဝင်ငွေရရှိရေး၊ မူးယစ်ဆေးဝါးနှင့် အေဒ်ရောဂါအသိပညာပေးရေး၊ အခြေခံအဆောက်အအုံတည်ဆောက်ရေး၊ ဘိန်းစိုက်ပျိုးမှုစောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်သည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) (ဗဟို) ကြီးကြပ်မှု၊ 3 D Fund ပံ့ပိုးမှုတို့ဖြင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC) က စီစဉ်၍ လူငယ်အားမာန်အဖွဲ့ ဦးစီးကာ 'အပြုအမူပြောင်းလဲခြင်းနှင့် မူးယစ်ဆေးပြန်လည်သုံးစွဲခြင်းမှ ကာကွယ်ရေးဆိုင်ရာသင်တန်း'ကိုအောက်တိုဘာလ ၂၇ ရက်နေ့မှ ၃၁ ရက်နေ့အထိ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မူးယစ်ဆေးစွဲမှုနှစ်သိမ့်ဆွေးနွေးရေးသင်တန်းဌာန၌ ကျင်းပသည်။

မူးယစ်ဆေးဝါးများ ဖျက်ဆီးခြင်း

မူးယစ်ဗဟိုအဖွဲ့ကကြီးမှူးကျင်းပသော ရှမ်းပြည်နယ် (မြောက်ပိုင်း) နယ်မြေအတွင်း ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ ဆဋ္ဌမအကြိမ်မြောက် ဖျက်ဆီးသည့် အခမ်းအနားကို လားရှိုးမြို့ရှိ ပြည်ထောင်စုအားကစားကွင်း၌ ဇွန်လ ၂၆ ရက်နေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် မူးယစ်ဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က အခမ်းအနားနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများသည် မူးယစ်ဆေးဝါးအာနိသင်ပါသော ဖမ်းဆီးရမိဆေးရည်ပုလင်းများကို သတ်မှတ်ထားသည့်နေရာ၌ ဖျက်ဆီးပေးကြပြီး ခင်းကျင်းပြသထားသော မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို စမ်းသပ်ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး၊ မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီးတို့က စက်ခလုတ်ကို ပြိုင်တူနှိပ်၍ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးကြသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း)နယ်မြေအတွင်း ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ ဆဋ္ဌမအကြိမ်မြောက် ဖျက်ဆီးသည့် အခမ်းအနားတွင် ဘိန်းဖြူ ၆၇ ဒသမ ၄၇ ကီလို၊ ဘိန်း ၃၃၄ ဒသမ ၆၈ ကီလို၊ ဘိန်းညို ၇ ဒသမ ၃၀

ကီလို၊ ဘိန်းဆီ ၅ ဒသမ ၅၇ ကီလို၊ အဆင့်နိမ့် ဘိန်း ၅၃၇ ဒသမ ၆၈ ကီလို၊ ဆေးခြောက် သုည ဒသမ ၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄,၀၅၇,၃၉၅ ပြား၊ စိတ်ကြွရူးသွပ်ဆေးမှုန့် ၄၃၇ ဒသမ ၉၀ ကီလို၊ အက်ဖီဒရင်း ၉၈ ဒသမ ၁၉ ကီလို၊ ကက်ဖင်း ၁၀၄ ဒသမ ၂ ကီလို၊ ကတ်တမင်း တစ် ကီလို၊ ဓာတုဗေဒဆေးရည် ၆,၃၁၉ ဒသမ ၁၄ လစ်တာ၊ ဓာတုဗေဒဆေးမှုန့် ၂,၂၀၉ ဒသမ ၉၅ ကီလို၊ ဘိန်းမျိုးစေ့ ၆၈၅ ဒသမ ၂၄ ကီလို၊ ဘိန်းပင် ၄၅၉ ပင်နှင့် ဆက်စပ်ပစ္စည်းမျိုးစုံ ၇၀ တို့ကို ဖျက်ဆီးခြင်းဖြစ်သည်။

စိုးအောင်

မောင်ကိုကို၊ ဂီတလုလင် (ခရစ်နှစ်၁၉၂၈-၂၀၀၇)။ ။မြန်မာ့ဂီတလောကတွင် ထူးချွန်ထင်ရှားသော ဂီတလုလင် မောင်ကိုကိုခေါ် ဦးကိုကိုသည် ၁၉၂၈ ခုနှစ်၊ နိုဝင်ဘာလ (၁၂) ရက်နေ့တွင် ဗိုလ်ကလေးမြို့၌ အဖ ဦးဘသင်နှင့် အမိဒေါ်ဖွားသိန်းတို့က မွေးဖွားသော မွေးချင်းခြောက်ယောက်မှ စတုတ္ထသားဖြစ်သည်။ ဒုတိယသားဖြစ်သည့် ဗိုလ်ကလေးတင့်အောင်သည်လည်း ယနေ့မြန်မာ့ဂီတလောကနှင့် စာပေလောကတွင် ထူးချွန်သော သက်ရှိထင်ရှား အနုပညာရှင်ကြီးတစ်ဦးဖြစ်သည်။

၁၉၃၉ ခုနှစ်တွင်ဂီတလုလင် မောင်ကိုကိုသည် ဂီတပညာကို ရန်ကုန်မြို့၌ ဖွင့်လှစ်သော ပန်းချီနှင့် တူရိယာသင်တန်းကျောင်းတွင် စတင်သင်ကြားခဲ့သည်။ ၁၉၄၀ ပြည့်နှစ်တွင် အသံလွှင့်ခြင်းနှင့် ကိုလံဘီယာ ဓာတ်ပြားသွင်းခြင်းများကို စတင်လုပ်ဆောင်ခဲ့သည်။

၁၉၄၃ ခုနှစ်တွင် အသံတိတ်ရုပ်ရှင်ဇာတ်ကားများ၌ တီးဝိုင်းခေါင်းဆောင်အဖြစ် လိုက်လံတီးမှုတ်ပေးခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် အသံထွက်ရုပ်ရှင် ဇာတ်ကားများ၌ တီးဝိုင်းခေါင်းဆောင်အဖြစ် ရုပ်တည်လှုပ်ရှားခဲ့သည်။

ဂီတလုလင်မောင်ကိုကိုသည် ၁၉၅၀ ပြည့်နှစ်၌ ဝင်းဝင်းပြဇာတ်အဖွဲ့တွင် တေးဂီတဒါရိုက်တာအဖြစ် ဦးဆောင်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် မြေပဒေသာ ပြဇာတ်၊ ပြည်ထောင်စုပြဇာတ်၊ အလုပ်သမားပြဇာတ်၊ တောင်သူလယ်သမားပြဇာတ်နှင့် တပ်မတော်နေ့ ပြဇာတ်များအား



ဂီတလုလင် မောင်ကိုကို

ဂီတဒါရိုက်တာအဖြစ် ဆောင်ရွက်ခြင်း၊ တေးဂီတများ ရေးစပ်ပေးခြင်းနှင့် တင်ဆက်ပြသပေးခြင်းများကို ဆောင်ရွက်ပေးခဲ့သည်။

ဂီတလုလင်မောင်ကိုကိုသည် ၁၉၆၆ ခုနှစ်တွင် မြန်မာနိုင်ငံဂီတကောင်စဉ်ကွင်္ဘအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် ဝဒိရာပြဇာတ်အဖွဲ့ကြီးအား ဖွဲ့စည်းရာ၌ ဦးဆောင်သူအဖြစ် ပါဝင်ခဲ့ပြီး ဝဒိရာပြဇာတ်များကို တင်ဆက်ခဲ့သည်။

ဂီတလုလင်မောင်ကိုကိုသည် ၁၉၉၃ ခုနှစ်တွင် အမေရိကန်နိုင်ငံ နှင့် ကနေဒါနိုင်ငံရှိ တက္ကသိုလ်များတွင် မြန်မာ့ ဂီတပညာရပ်များအား သင်ကြားပြသ၍ဟောပြောပို့ချ ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင်မူ မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံများသို့ ဗုဒ္ဓဘာသာ၊ ဓမ္မပူဇာတေးများ ပူဇော်ရေး၏ ခေါင်းဆောင်အနေနှင့် သွားရောက်ဖျော်ဖြေခဲ့သည်။

ဂီတလုလင်မောင်ကိုကိုသည် ၁၉၉၇ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသော အာဆီယံတေးဂီတပွဲတော်သို့ မြန်မာဂီတအဖွဲ့အား ဦးဆောင်ကာ ဆင်နွှဲခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် ဂျာမနီနိုင်ငံ ကိုလုံးမြို့ တက္ကသိုလ်နှင့် ဘာလင်မြို့တွင် မြန်မာ့ဂီတ ဘာသာရပ်အား သွားရောက် ပို့ချခဲ့သည်။

ထို့ပြင် ဂီတလုလင်မောင်ကိုကိုသည် ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့တွင် မြန်မာ့ဂီတနှင့် ပတ်သက်၍ ဟောပြောပို့ချပေးခဲ့သည်။ ထိုနှစ်မှာပင် ဂျပန်နိုင်ငံသို့ မြန်မာ့ရုပ်ရှင်နှင့် ပြဇာတ်ပညာရှင်များအား ဦးဆောင်၍ သွားရောက်ဖျော်ဖြေကာ နှစ်နိုင်ငံ ယဉ်ကျေးမှု ဖလှယ်ရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်။

ဂီတလုလင်မောင်ကိုကိုသည် ပြန်ကြားရေးဝန်ကြီးဌာန၏ အကြံပေးပုဂ္ဂိုလ်အဖြစ်လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ယဉ်ကျေးမှုတက္ကသိုလ်၏ ယဉ်ကျေးမှုကော်မတီဝင်အနေနှင့်လည်းကောင်း၊ မြန်မာနိုင်ငံရပ်ရှင်အစည်းအရုံး၏ နာယကအနေနှင့်လည်းကောင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၏နာယကအနေနှင့်လည်းကောင်း ဆောင်ရွက်ခဲ့ရုံမက မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာန၏ တေးဂီတစီစစ်ရေးအဖွဲ့ဝင် ပြဇာတ်၊ ကဇာတ်နှင့် စင်တင်အနုပညာရပ်များ စီစစ်ရေးအဖွဲ့ဝင်၊ ကျေးလက်တေးများ ရှာဖွေဖော်ထုတ်ရေး ခေါင်းဆောင်နှစ်စဉ် ကျင်းပသော ဆိုကရေးတီးပြိုင်ပွဲ၊ အတီးပြိုင်ပွဲ ဥက္ကဋ္ဌ၊ National Symphony Ochester အား ပြုစုပျိုးထောင်လေ့ကျင့်၍ ဂီတဖွဲ့စည်းမှုများ ရေးသားခြင်းအဖွဲ့ တာဝန်ခံစသည့်တာဝန်များကို ထမ်းဆောင်ခဲ့သည်။

ဂီတလုလင်မောင်ကိုကိုသည် ဂီတပိုင်းဆိုင်ရာ ရုပ်ရှင်အကယ်ဒမီဆုအနေနှင့် ၁၉၉၁ ခုနှစ်တွင် 'မယ်သီတာလိုမိန်းကလေး' ဇာတ်ကား၊ ၁၉၉၄ ခုနှစ်တွင် 'တိုက်ပွဲခေါ်သံ' ဇာတ်ကား၊ ၂၀၀၂ ခုနှစ်တွင် 'ဆန်ရဲ့ဇာတ်ကားများနှင့် အကောင်းဆုံးတေးဂီတရုပ်ရှင် ထူးချွန်ဆုများကို ရရှိခဲ့သည်။

ဂီတလုလင်မောင်ကိုကိုသည် ဝင်းဝင်းပြဇာတ်အဖွဲ့တွင် ပြဇာတ်သီချင်းပေါင်း ၅၀၀ ခန့်.မှစတင်ကာ ယနေ့အထိ ပြဇာတ်သီချင်းပေါင်း ၄၀၀၀ ခန့်၊ ရေဒီယိုသီချင်းပုဒ်ရေ ၁၀၀၀ ခန့် ရေးသားခဲ့ပြီး နောက်ဆုံးရေးပေးခဲ့သော သီချင်းသည် ရန်ကုန်တက္ကသိုလ်၊ ဂျပ်ဆင်ဘုရားကျောင်းစိန်ရတုအတွက် ခရစ်ယာန်ဓမ္မတေး (၁၀)ပုဒ်ဖြစ်သည်။ နောက်ခံတေးဂီတအနေနှင့် 'အရဏ် တက်လေ၊ ညဉ့်နက်လေ' ဟူသော ဒီဗီဒီဇာတ်ကားအတွက် တီးခတ်ပေးကာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် အောင်ခြင်းရှစ်ပါး တေးသီချင်း၊ မေတ္တာပို့ တေးသီချင်းများ ရေးသားနေဆဲကာလဖြစ်သည်။ထို့ပြင် ဂီတလုလင်မောင်ကိုကိုသည် ၁၉၉၆ ခုနှစ်တွင် လူမှုထူး ချွန်ပထမအဆင့်၊ ၂၀၀၄ ခုနှစ်တွင် ဝိဇ္ဇာပညာထူးချွန် (ပထမအဆင့်)များကို နိုင်ငံတော်မှ ချီးမြှင့်ခြင်းခံခဲ့ရသည်။ ထို့ပြင် နိုင်ငံတော်အစိုးရက ဂီတလုလင်မောင်ကိုကိုအား ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ (၁၀) ရက်နေ့တွင် ဂီတပညာပါရဂူဘွဲ့ (Doctor of Music) ကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ဂီတလုလင်မောင်ကိုကိုသည် အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ လူ့ဘဝတွင် ကျင်လည်ကျက်စားခဲ့သော ဂီတပညာရပ်နှင့် ဆက်နွယ်၍ အမှတ်တရ စာငယ်တစ်ပုဒ် အနေနှင့် "ဂီတမှာ သံစဉ်ရွေးချယ်မှု၊ ဟန်ချက်ရွေးချယ်မှု၊ တေးသွားရွေးချယ်မှု၊ အဆင်ပြေမှု ဂီတဖန်တီးမှုတစ်ခုဖြစ်မယ်။ လူရယ်လို့ဖြစ်လာရင်လည်း အထက်ကလို ဘက်စုံကောင်းလာမှ ဘဝမှာ သာယာမှာပါ"ဟူ၍ ရေးသားဖွင့်ဆိုသွားခဲ့သည်။

ဂီတလုလင်မောင်ကိုကိုသည် ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၁၀)ရက်နေ့တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သားတစ်ယောက်နှင့် သမီးလေးယောက်ကျန်ရစ်သည်။

မောင်ထွန်းသူ၊ စာရေးဆရာ (ခရစ်နှစ် ၁၉၃၁–၂၀၀၇)။ ။စာရေးဆရာမောင်ထွန်းသူကို မန္တလေးတိုင်း၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့တွင် အဘ မြေတိုင်းစာရေး ဦးဖေတင်နှင့် အမိ ဒေါ်ဖြူတို့က ၁၉၃၁ ခုနှစ်၊ ဒီဇင်ဘာ လ (၁၉)ရက်နေ့တွင် မွေးဖွားခဲ့သည်။ မွေးချင်းသား နှစ်ယောက်အနက် အကြီးဖြစ်၍ အမည်ရင်းမှာ ဦးတင်ထွန်းဖြစ်သည်။

မောင်ထွန်းသူသည် ငယ်စဉ်က ပျော်ဘွယ်၊ ရမည်းသင်း၊ ပျဉ်းမနားမြို့များတွင် ပညာသင်ကြားခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းကို ရမည်းသင်းအထကမှ အောင်မြင်ခဲ့သည်။

မောင်ထွန်းသူသည် ၁၉၅၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၁၉၅၅-၅၈ တွင် စင်ကာပူနိုင်ငံ မာလာယုတက္ကသိုလ်မှ လူမှုသိပ္ပံဒီပလိုမာဘွဲ့ကို ရရှိခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂပညာသင်ဆုဖြင့် အမေရိကန်ပြည်ထောင်စုတွင် လူမှုသိပ္ပံပညာရပ်ဆိုင်ရာသင်တန်းများကို တက်ရောက်အောင်မြင်ခဲ့သည်။

မောင်ထွန်းသူသည် ၁၉၅၈ ခုနှစ်၌ လူမှုဝန်ထမ်းဦးစီးဌာနတွင်လည်းကောင်း၊ ထို့နောက် ၁၉၆၂ ခုနှစ်



မောင်ထွန်းသူ

အထိ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ၁၉၆၂–၁၉၈၃ တွင်ပြန်ကြားရေးဝန်ကြီးဌာနတွင်လည်းကောင်း အမှုထမ်းခဲ့ကာ ၁၉၈၃ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။

မောင်ထွန်းသူသည် အထက်တန်းကျောင်းသားဘဝကတည်းက ဝါသနာအရ စာတိုပေစများရေးသားခဲ့သည်။ ၁၉၆၂ ခုနှစ်မှစ၍ ပြန်ကြားရေးဝန်ကြီးဌာနတွင် ဝင်ရောက်အမှုထမ်းခဲ့ရာမှ မောင်ထွန်းသူ၊ ထွန်းနိုင်ဦး၊ ဉာဏလုပ်သားတစ်ဦးစသော ကလောင်အမည်များဖြင့် ခရီးသွားဆောင်းပါးများ၊ ဘာသာပြန်ဆောင်းပါးများနှင့် ဝတ္ထုတိုများ စတင်ရေးသားခဲ့သည်။

မောင်ထွန်းသူသည် ပင်ကိုရေးဝတ္ထုတိုပေါင်းချုပ်အဖြစ် "တောင်ပံမဲ့သည့် ငှက်ငယ်များ" (၁၉၈၀)၊ "ခရီးသွားဆောင်းပါးပေါင်းချုပ်"၊ "ခေတ်တစ်ခေတ်၏ကြေးမုံပြင်" (၁၉၈၁)နှင့် ဘာသာပြန်လုံးချင်းဝတ္ထု (၁၀၁)အုပ် ရေးသားထုတ်ဝေခဲ့သည်။

မောင်ထွန်းသူ၏ ထင်ရှားသော စာအုပ်အချို့မှာ ရဲတိုက် (၁၉၈၃)၊ ကင်မီလီ၊ ဆဋ္ဌမသုခရိပ်မြို၊ တက်စ်၊ အကျဉ်းခံ၊ သံမဏိကြက်ခြေ၊ မြိုင်ခေမာ၊ ဆိုင်းလတ်မာနာ (၁၉၈၅)၊ ဒေါသမာန် (၁၉၈၆)၊ ရှုန်ဂရီလာ၊ အနီနှင့် အနက်၊ တို့ပိုင်တဲ့မြေ၊ တို့ဘဝတို့ကမ္ဘာ (၁၉၈၈)၊ စိမ်းရက်လေအား၊ ဇာစ်မြစ်၊ နှစ်လောက၊ သစ္စာရှင် (၁၉၉၃)၊ ဆိုင်ဂုံ၊ နောက်ဆုံးမြေ၊ ရမ္မက်မီး (၂၀၀၁)နှင့် မျှော်တလင့်လင့် (၂၀၀၂)တို့ဖြစ်ကြသည်။

မောင်ထွန်းသူ ရေးသားခဲ့သည့် စာအုပ်များစွာထဲမှ 'ရဲတိုက်'စာအုပ်နှင့် ၁၉၈၃ ခုနှစ် အမျိုးသားစာပေဆု (ဘာသာပြန်၊ ရသ)ဖြင့်လည်းကောင်း၊ 'ဝံပုလွေများနှင့် ကခုန်သူ"စာအုပ်နှင့် ၂၀၀၄ ခုနှစ်အမျိုးသားစာပေဆု (ဘာသာပြန်၊ ရသ)ဖြင့်လည်းကောင်း စာပေဆုများ ရရှိခဲ့သည်။

မောင်ထွန်းသူသည် ၂၀၀၇ ခုနှစ်၊ မတ်လ (၁၉) ရက်နေ့တွင် လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ မကွယ်လွန်မီရေးသားပြီးစီးလျက်နှင့် မထုတ်ဝေခဲ့ရသေးသော စာအုပ်များစွာလည်း ကျန်ရှိခဲ့သည်။ ၎င်းတို့မှာ ပီကင်း၊ ဗင်းဆင့်ဗန်ဂိုးသို့ ပေးစာများ၊ တိုကျို ပင်လယ်ကွေ့တို့ဖြစ်သည်။

မောင်ထွန်းသူပြုစုဆဲစာအုပ်များမှာ ကမ္ဘောဒီးယားဖိုင် (ဘာသာပြန်)၊ နိုင်ငံတကာခေါင်းဆောင်များ (ဘာသာပြန်)နှင့် ကျွန်တော့်ဘဝစာပေခရီးတို့ဖြစ်သည်။

ဦးစိုးမြင့်သန်း

မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု။ ။
ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ၂၀၀၇ ခုနှစ်အတွင်း ထင်ရှားသော တိုင်းကျိုးပြည်ပြု အကြောင်းရပ်အချို့ကို အောက်ပါအတိုင်းဖော်ပြပါသည်။

နိုင်ငံခြားဆက်ဆံရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတမစ္စတာကျူမာလီ၊ဆိုင်ညဆွန်ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မတ်လ ၂၁ ရက်နေ့တွင်လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်ခေါင်းဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မေလ ၂၂ ရက်နေ့တွင်လည်းကောင်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဩဂုတ်လ ၁၄ ရက်နေ့တွင် လည်းကောင်း၊ နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ အသီးသီးလက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်

ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်း ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဧန်နဝါရီလ ၂၃ ရက်နေ့တွင်လည်းကောင်း၊ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General Boonsrang Niumpradit ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဧန်နဝါရီလ ၂၆ ရက်နေ့တွင်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် မစ္စတာတန်ကြားရွှမ်ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် လည်းကောင်း၊ ထိုင်းနိုင်ငံ Chairman of Council for National Security နှင့် ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Sonthi Boonyaratglin ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဩဂုတ်လ ၂၇ ရက်နေ့တွင်လည်းကောင်း နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ အသီးသီးလက်ခံတွေ့ဆုံသည်။

အထူးဖွဲ့ဖြိုးရေးဒေသအသီးသီးတွင် တက္ကသိုလ်များအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း

တိုင်းရင်းသားများ ပညာသင်ယူနိုင်မှုအခွင့်အရေး တစ်ပြေးညီပွင့်လန်းစေရေးနှင့် ဒေသအလိုက် အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းတိုးတက်ရရှိရေးအတွက် အထူးဖွဲ့ဖြိုးရေးဒေသ ၂၄ ခုရှိ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်မှ အစိုးရနည်းပညာကောလိပ် ၂၅ ခုကို နည်းပညာတက္ကသိုလ် ၂၅ ခုအဖြစ်လည်းကောင်း၊ အစိုးရကွန်ပျူတာကောလိပ် ၂၈ ခုကို ကွန်ပျူတာတက္ကသိုလ် ၂၈ ခုအဖြစ်လည်းကောင်း၊ အထူးဖွဲ့ဖြိုးရေးဒေသ သုံးခုရှိ ပညာရေးဝန်ကြီးဌာနအောက်မှ ဒီဂရီကောလိပ်သုံးခုကိုတက္ကသိုလ်သုံးခုအဖြစ်လည်းကောင်း ၂၀၀၇ ခုနှစ်၊ ဧန်နဝါရီလ ၂၀ ရက်နေ့မှစ၍ အဆင့်တိုးမြှင့်ဖွင့်လှစ်သည်။

နှစ်သစ်ကူးရုံးပိတ်ရက်သတ်မှတ်ခြင်း

နိုင်ငံ့ဝန်ထမ်းများ တစ်နှစ်တာအတွက် အနားယူအပန်းဖြေနိုင်စေရန်အလို့ငှာ နှစ်စဉ်သင်္ကြန်အကြိုနေ့မတိုင်မီတစ်ရက်မှစ၍ ၁၀ ရက်တိတိကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်သစ်ကူးရုံးပိတ်ရက်အဖြစ်သတ်မှတ်လိုက်ကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြေညာချက်အမှတ် ၁/၂၀၀၇ ဖြင့် ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင်ထုတ်ပြန်ကြေညာသည်။

ရဲနွယ်ရေအားလျှပ်စစ်မာတ်အားပေးစက်ရုံ ဖွင့်လှစ်ခြင်း

ရဲနွယ်ရေအားလျှပ်စစ်မာတ်အားပေးစက်ရုံ ဖွင့်ပွဲကို အဆိုပါစက်ရုံရှိ မင်္ဂလာမဏ္ဍပ်၌ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ကျင်းပသည်။ ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်းကို ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာ အနောက်မြောက်ဘက် နှစ်မိုင်ခန့်အကွာ ရဲနွယ်ချောင်းပေါ်၌ တည်ဆောက်အကောင်အထည်ဖော်ခြင်းဖြစ်သည်။ အလျားပေ ၁,၀၅၀၊ အမြင့် ၂၅၁ ပေရှိ ဓုန်အမျိုးအစားမြေသားတမံကို ရဲနွယ်ချောင်းပေါ်၌ တည်ဆောက်ထားသည်။ ရေယူအဆောက်အအုံသည် အကျယ် ၄၈ ပေ၊ အမြင့်ပေ ၄၀ ရှိ သံကူကွန်ကရစ်အဆောက်အအုံဖြစ်သည်။ မာတ်အားပေးစက်ရုံသည် အလျား ၁၂၈ ပေ၊ အနံ ၈၂ ပေ၊ အမြင့် ၈၅ ပေ ရှိသည်။ မာတ်အားပေးစက်ရုံ၌ တပ်ဆင်စက်အင်အား ၁၂ ဒသမ ၅ ရှိ စက်နှစ်လုံးတပ်ဆင်ထားပြီး စုစုပေါင်း လျှပ်စစ်မာတ်အား ၂၅ မဂ္ဂါဝပ် ထုတ်ယူရရှိမည်ဖြစ်သည်။ ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်းမှ လျှပ်စစ်မာတ်အားကိုလိုဝပ်နာရီသန်းပေါင်း ၁၂၃ သန်းကို နှစ်စဉ်ထုတ်ပေးသွားမည်ဖြစ်သည့်အပြင် လယ်မြေဧက ၁၁၈,၅၀၀ ခန့်ကိုလည်း စိုက်ပျိုးရေပေးဝေသွားမည်ဖြစ်သည်။

တော်ဝင်ပလတ်စတစ်ရက်ထည်အိတ်စက်ရုံ (ကျောက်ဆည်) ဖွင့်ပွဲကျင်းပ

တော်ဝင်ပလတ်စတစ် ရက်ထည်အိတ်စက်ရုံ (ကျောက်ဆည်) ဖွင့်ပွဲကို အဆိုပါ စက်ရုံ၌ မတ်လ ၁၇ ရက်နေ့တွင် ကျင်းပသည်။ တော်ဝင်ပလတ်စတစ်ရက်ထည်အိတ်စက်ရုံ (ကျောက်ဆည်)ကို ကျောက်ဆည်မြို့၏ အရှေ့ဘက်ရှစ်မိုင်အကွာ နွားလည်ကောက်ထုံးကျောက်တောင်အနီး ဆင်မင်းဘိလပ်မြေစက်ရုံဝင်းအတွင်း၌ တည်ဆောက်ထားခြင်းဖြစ်သည်။ စက်ရုံ၏

အကျယ်အဝန်း ၆ ဒသမ ၂၉ ဧကရှိပြီး တစ်နှစ်လျှင် ၁၉ လက်မ ၂၈ လက်မအရွယ်ရှိ ကီလိုဂရမ် ၅၀ ဝင် ပလတ်စတစ်ရက်ထည်အိတ် ၁၇ သန်း ထုတ်လုပ်နိုင်စွမ်းရှိသည်။

လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများ


ပခုက္ကူ–ဂန့်ဂေါ–ကလေးရထားလမ်းဖောက်လုပ်ရေးစီမံကိန်းကျော–ရေမျက်နီရထားလမ်းပိုင်းနှင့် ပုညာတောင်ဥမင်ဖွင့်ပွဲကို ဂန့်ဂေါမြို့နယ် ကျောကျေးရွာကျောဘူတာဥပစာရှေ့ မင်္ဂလာမဏ္ဍပ်နှင့် ပုညာတောင်ဥမင်အရှေ့တို့၌ ဧန်နဝါရီလ ၂၇ ရက်နေ့တွင် ကျင်းပသည်။ ပခုက္ကူ–ဂန့်ဂေါ–ကလေးရထားလမ်းဖောက်လုပ်ရေးစီမံကိန်းပခုက္ကူဘက်ခြမ်း၌ ပခုက္ကူမှ ကျောအထိ ၉၃ ဒသမ ၅၄ မိုင်နှင့် ကလေးဘက်ခြမ်း၌ ရေမျက်နီမှ ကလေးအထိ ၁၀၅ ဒသမ ၃၄ မိုင်ကို ရထားလမ်းဖောက်လုပ်နိုင်ခဲ့ပြီး ကျောနှင့် ရေမျက်နီကြားအရှည်ပေ ၅,၆၁၀၊ အကျယ် ၁၅ ပေ လေးလက်မ၊ အမြင့် ၁၉ ပေ လေးလက်မနှင့် လူရှောင်ပေါက် ၁၂ ပေါက်ပါရှိသော သံကူကွန်ကရစ်အမျိုးအစား ပုညာတောင်ဥမင်ကို ဖောက်လုပ်ပြီးစီး၍ ဆက်စပ်ရန် ကျန်နေသည့် ကျော–ရေမျက်နီလမ်းပိုင်းအရှည် ၂၇ ဒသမ ၆ မိုင် (ဥမင်အပါအဝင်)ကို ဖွင့်လှစ်ခြင်းဖြစ်သည်။

ဗားရ်တံတားဖွင့်ပွဲကို အဆိုပါ တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပသည်။ ဗားရ်တံတားကို ဖလမ်းမြို့နယ် ကလေး–ဖလမ်း–ဟားခါးလမ်းမိုင်တိုင် ၆၈ မိုင် ငါးဖာလုံ၌ မဏ္ဍိပ်ရမြစ်ကို ဖြတ်ကျော် တည်ဆောက်ထားခြင်းဖြစ်သည်။ တံတားအရှည်ပေ ၃၄၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ်လမ်းတစ်ဖက်လျှင် သုံးပေစီရှိပြီး တံတားအောက်ထည် ၂၄ ပေအချင်းရှိ သံမဏိခွေနှင့် သံကူကွန်ကရစ်အုတ်မြစ်၊ တံတားအပေါ်ထည် သံကူကွန်ကရစ်တိုင်နှင့် သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်သည်။ တံတား၏ ခွင့်ပြုယာဉ်အလေးချိန်မှာ ယာဉ်တစ်စီးချင်းတန်ဖိုဝံခနိုင်ဝန်ရှိသည်။

စစ်တွေဆိပ်ကမ်းဖောင်တော်ကြီး ကွန်ကရစ်ဆိပ်ခံတံတားဖွင့်ပွဲကို အဆိုပါ တံတားရှေ့ရှိ မင်္ဂလာမဏ္ဍပ်၌ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပသည်။ ဖောင်တော်ကြီးကွန်ကရစ်ဆိပ်ခံတံတားသည် တန်ချိန် ၄,၀၀၀ တင် သင်္ဘောများဆိုက်ကပ်နိုင်မည့် မျက်နှာစာအလျားပေ ၂၄၀၊ အကျယ် ၄၈ ပေရှိ ဆိပ်ခံတံတားနှင့် အလျား ၄၄၄ ပေ၊ အကျယ် ၂၄ ပေရှိ ချဉ်းကပ်တံတား တစ်ခုပါဝင်သည့် ခေတ်မီသံကူကွန်ကရစ်ဆိပ်ခံတံတားဖြစ်သည်။

မဲဇာချောင်း (ဒိုးပင်ကျေးရွာ) တံတားဖွင့်ပွဲကို အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ မတ်လ ၁၀ ရက်နေ့တွင် ကျင်းပသည်။ တံတားကို ထီးချိုင့်မြို့နယ် ခရိုင်ချင်းဆက်လမ်း (အမှတ် ၃လမ်း)ပေါ်ရှိ မဲဇာချောင်းကို ဖြတ်၍ တည်ဆောက်ထားခြင်းဖြစ်သည်။ တံတားအရှည်ပေ ၂၆၀၊ အကျယ် ၁၄ ပေရှိ သံပေါင်ဘေလီသစ်သားတံတားအမျိုးအစားဖြစ်ပြီး တံတား၏ ခံနိုင်ဝန် ၁၃ တန်ရှိသည်။

ပိတောက်ကုန်းတံတားဖွင့်ပွဲကို အဆိုပါ တံတားမုခ်ဦး၌ မတ်လ ၁၄ ရက်နေ့တွင် ကျင်းပသည်။ တံတားသည် ပုသိမ်မြို့နယ်နှင့် ငပုတောမြို့နယ်တို့ကို ဆက်သွယ်သည့် ကမ်းခြေလမ်းရှိ ငရုတ်ကောင်းမြို့ ငရုတ်ကောင်းအလယ်ကျေးရွာ၌ တည်ရှိသည်။



စစ်ကိုင်းတံတားနှင့် ရတနာပုံတံတားနှစ်ခုစလုံးကိုပါ မြင်ရသည့် ဧရာဝတီမြစ်ပြင်မှ ဝါးဖောင်များ

ဖျာပုံတံတားဖွင့်ပွဲကို အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ မတ်လ ၂၀ ရက်နေ့တွင် ကျင်းပသည်။ တံတားသည် အရှည် ၁,၃၇၂ ပေ ရှစ်လက်မ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ (နှစ်လမ်းမောင်း)၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ခြောက်ပေစီရှိပြီး ချဉ်းကပ်တံတားအရှည်ပေ ၂,၅၆၀ ရှိသည်။ တံတားအပေါ်ထည် သံမဏိသံပေါင်နှင့်အောက်ထည်သံကူကွန်ကရစ်ဖြစ်ပြီး ချဉ်းကပ်တံတားအပေါ်ထည် သံမဏိရက်မနှင့် သံကူကွန်ကရစ်၊ အောက်ထည်သံကူကွန်ကရစ်ဖြစ်သည်။ ရေလမ်းကင်းလွတ်အကျယ် ၂၆၅ ပေနှင့် အမြင့် ၃၆ ပေရှိပြီး တံတား၏ ခွင့်ပြုယာဉ်အလေးချိန်မှာ ၃၆ တန် ခံနိုင်ဝန်ရှိသည်။

ဖားတစ်ရှဉ်းတံတားဖွင့်ပွဲကို အဆိုပါတံတားမုခ်ဦး ရှေ့၌ မတ်လ ၂၅ ရက်နေ့တွင် ကျင်းပသည်။ တံတားသည် ပုသိမ်-ဟသံဒတ-ကြံခင်းရထားလမ်းပိုင်း မြန်အောင်ဘူတာနှင့် ကြံခင်းဘူတာအကြား မိုင်တိုင်အမှတ် ၁၇၂/၁၄-၁၅ မိုင်၌ တည်ရှိသည်။ တံတားအရှည် ၄၆၉ ပေရှိပြီး မူလတံတားဟောင်းထက် ပေ ၁၄၀ ပိုမိုရှည်လျားကာ အုတ်မြစ်ဘိုးပိုင်နှင့်အပေါ်ပိုင်း သံကူကွန်ကရစ်တံတားဖြစ်သည်။ ရထားလမ်းအပြင် ကားလမ်းပါ ပါရှိပြီး စုစုပေါင်း အကျယ် ၁၃ ပေရှိ၍ တန် ၃၀ နှင့်အထက် ယာဉ်များပါ ဖြတ်သန်းမောင်းနှင်နိုင်ရန် တည်ဆောက်ထားသည်။

ပွေဟင်တံတားဖွင့်ပွဲကို အဆိုပါတံတားမုခ်ဦး၌ မတ်လ ၂၅ ရက်နေ့တွင် ကျင်းပသည်။ တံတားသည် တာကော်-မိုင်းပျဉ်း-ကျိုင်းတုံကားလမ်းပေါ်၌တည်ရှိပြီး တံတားအရှည် ၁၀၈ ပေ၊ ယာဉ်သွားလမ်းအကျယ် ၁၆ ပေရှိသည်။ တံတားအခြေခံအုတ်မြစ်နှင့် ကမ်းကပ်ခုံကို သံကူကွန်ကရစ်၊ တံတားအပေါ်ထည်ကို သံပေါင်နှင့် သံကူကွန်ကရစ်ကြမ်းခင်းတို့ဖြင့် တည်ဆောက်ထားသည်။ ချဉ်းကပ်လမ်းသည် အကျယ် ၁၈ ပေရှိ ကတ္တရာလမ်းဖြစ်သည်။ ရေလမ်းကင်းလွတ် အမြင့် ၁၀ ပေနှင့် တံတားခံနိုင်ဝန် ၂၄ တန်ရှိသည်။

ဒိုက်ဦး-စစ်တောင်းရထားလမ်းသစ်ဖွင့်ပွဲကို ဒိုက်ဦးမြို့ရှိ ဒိုက်ဦးဘူတာ၌ ဧပြီလ ၂၁ ရက်နေ့တွင် ကျင်းပသည်။ ရထားလမ်းသစ် အရှည်မှာ ၂၄ မိုင်ရှိပြီး ယခင်က အသုံးပြုသော ဒိုက်ဦး-ပဲခူး-စစ်တောင်းရထားလမ်းသည် ၆၂ မိုင်ရှိသဖြင့် ခရီးမိုင် ၃၈ မိုင် တိုတောင်းစွာ သွားလာနိုင်ပြီဖြစ်သည်။

ငမိုးရိပ်တံတား (ကမာကြည်)ဖွင့်ပွဲကိုသဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏကမာကြည်လမ်းရှိ မင်္ဂလာမဏ္ဍပ်၌ ဧပြီလ ၂၈ ရက်နေ့တွင် ကျင်းပသည်။ တံတားကို သဃ်န်းကျွန်းမြို့နယ်နှင့် သာကေတမြို့နယ်ကြားရှိ ငမိုးရိပ်ချောင်းအား ဖြတ်ကျော်တည်ဆောက်ထားသည်။ တံတားအရှည်ပေ ၉၇၀၊ အကျယ်ပေ ၆၀၊ ယာဉ်သွားလမ်းအကျယ် ၄၈ ပေ (၁၂ ပေ လေးလမ်း)ရှိပြီး တံတားတစ်ဖက်တစ်ချက်၌ လူသွားလမ်းနှင့် အချင်း ၁၆ လက်မရှိ ရေပိုက်လိုင်းများပါရှိသည်။ တံတားအပေါ်ထည်ကို ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်း၊ လက်ရန်းနှင့်တံတားအောက်ထည်ကို သံကူကွန်ကရစ်၊ အုတ်မြစ်ကို ဘိုးပိုင်သံကူကွန်ကရစ်တို့ဖြင့် တည်ဆောက်ထားသည်။ရေလမ်းကင်းလွတ်အကျယ် ၆၅ ပေ၊ ရေအတက်ဆုံး အချိန် ရေလမ်းကင်းလွတ်အမြင့် ၁၁ ပေရှိသည်။ ခွင့်ပြုယာဉ်အလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

နမ့်ပေါင်-နမ္မချောင်းကူးတံတားဖွင့်ပွဲကို မေလ ၁၆ ရက်နေ့တွင် ကျင်းပသည်။ တံတားသည် လားရှိုးမြို့နယ်နှင့် သီပေါမြို့နယ်အကြား၌ တည်ရှိပြီး အလျားပေ ၈၀၊ အကျယ် ၁၆ ပေရှိ တံတားတစ်ခုနှင့် အလျားပေ ၁၂၀၊ အကျယ် ၁၆ ပေရှိ တံတားတစ်ခုတို့ကို ဆက်စပ်တည်ဆောက်ထားခြင်းဖြစ်သည်။

သစ်ပုတ်ချောင်းကူးတံတားဖွင့်ပွဲကို မေလ ၁၈ ရက်နေ့တွင် ကျင်းပသည်။ တံတားသည် လယ်ဝေးမြို့နယ် သစ်ပုတ်ပင်ကျေးရွာ၌ တည်ရှိပြီး တံတားအရှည်ပေ ၂၅၀၊ အကျယ်လေးပေရှိ သံလမ်း၊သံပေါင်ကြိုးဆိုင်းလူကူးတံတားဖြစ်သည်။ တံတားအုတ်မြစ်လွန်တူးဘိုးပိုင်အမျိုးအစားဖြစ်ပြီး ရေလမ်းကင်းလွတ်အကျယ် ပေ ၁၄၀ နှင့် အမြင့် ၁၂ ပေရှိသည်။

ပိုင်ကျုံတံတားဖွင့်ပွဲကို အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဇွန်လ ၁ ရက်နေ့တွင် ကျင်းပသည်။ တံတားသည် လှိုင်းဘွဲ့မြို့နယ် ပိုင်ကျုံမြို့၌ တည်ရှိပြီး နှစ်လွှာနှစ်ထပ်ဘေလီတံတားအမျိုးအစားဖြစ်၍ ပေ

၆၀၀ နှင့် သစ်သားပေ ၅၇၀ စုစုပေါင်းအရှည်ပေ ၁,၁၇၀၊ အကျယ် ၁၄ ပေရှိသည်။ ရေလမ်းကင်းလွတ်နယ်မြေအကျယ် ၁၅ ပေနှင့် တံတားခံနိုင်ဝန် ၁၃ တန် ဖြစ်သည်။

ဟံဂံတံတားဖွင့်ပွဲကို ဇွန်လ ၄ ရက်နေ့တွင် ကျင်းပသည်။ တံတားသည် ရေးမြို့နယ်၌ တည်ရှိပြီး တံတားအရှည်ပေ ၂၀၀၊ အကျယ် ၁၂ ပေရှိ ဘေလီသံပေါင်တံတားဖြစ်သည်။ တံတားခံနိုင်ဝန် ၁၃ တန်ရှိသည်။

စလင်းချောင်းတံတားဖွင့်ပွဲကို အဆိုပါ တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဇွန်လ ၆ ရက်နေ့တွင် ကျင်းပသည်။ တံတားကို စလင်းမြို့နယ် ပုသိမ်-မုံရွာလမ်းမိုင်တိုင် ၁၇၅/၆၌ စလင်းချောင်းအား ဖြတ်ကျော်တည်ဆောက်ထားသည်။ တံတားအရှည်ပေ ၂၃၀၊ ယာဉ်သွားလမ်းအကျယ် ၁၂ ပေ လေးလက်မရှိပြီး တံတားအောက်ထည်ရေတွင်းခွေသံကူကွန်ကရစ်အုတ်မြစ်နှင့် အပေါ်ထည် ဂျာမနီသံပေါင်နှစ်လွှာတစ်ထပ် ဘေလီတံတားအမျိုးအစားဖြစ်သည်။ တံတားခံနိုင်ဝန် ယာဉ် တစ်စီးချင်း ၂၅ တန်ရှိသည်။

ကြီးနီ-ချောက်ရထားလမ်းသစ်ဖွင့်ပွဲကို ချောက်မြို့နယ် ချောက်ဘူတာ ဥပစာရှေ့ရှိ မင်္ဂလာမဏ္ဍပ်၌ စက်တင်ဘာလ ၂ ရက်နေ့တွင် ကျင်းပသည်။ ကြီးနီ-ချောက်ရထားလမ်းပိုင်းသည် ခရီးမိုင်အရှည် ၄ ဒသမ ၃ မိုင်၊ သံလမ်းမိုင်အရှည် ၅ ဒသမ ၃ မိုင်ရှိပြီး တံတားကြီးတံတားငယ်ခုနစ်ခုဖြင့် ဖောက်လုပ်ထားခြင်းဖြစ်သည်။

ဒဂုံတံတားဖွင့်ပွဲကို အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ကျင်းပသည်။ ဒဂုံတံတားကို ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်နှင့် သန်လျင်မြို့နယ်ကြား ပဲခူးမြစ်အား ဖြတ်ကျော်တည်ဆောက်ထားခြင်းဖြစ်သည်။ တံတားအပေါ်ထည်ကို သံကူကွန်ကရစ်ရက်မနှင့် ကွန်ကရစ်ကြမ်းခင်း၊ အောက်ထည်ကို သံကူကွန်ကရစ်တိုင်များနှင့် အုတ်မြစ်ကို သံကူကွန်ကရစ်လွန်ထူးပိုင်တို့ဖြင့် တည်ဆောက်ထားသည်။ စုစုပေါင်းတံတားအရှည်ပေ ၄,၅၄၀ ရှိပြီး ရန်ကုန်ဘက်ကမ်းချဉ်းကပ်တံတားတွင် တံတားတိုင် ၁၃ တိုင်နှင့် အခန်းပေါင်း ၁၃ ခန်း၊ သန်လျင်ဘက်ကမ်းချဉ်းကပ်တံတားတွင် တံတားတိုင် ၁၅ တိုင်နှင့် အခန်းပေါင်း ၁၅ ခန်းပါရှိသည်။ ပင်မတံတားတွင် တံတားတိုင် ၁၉ တိုင်နှင့် အခန်းပေါင်း ၁၈ ခန်းပါဝင်ပြီး သံကူကွန်ကရစ်တံတားများထဲတွင် တံတားခန်းဖွင့် အကျယ်ဆုံးပေ ၁၆၀ ရှိရန် ရေလယ်တိုင်ကို သံကူကွန်ကရစ်အစွန်းထွက်ရက်မဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ တံတား၏ ယာဉ်သွားလမ်းအကျယ်သည် ၇၂ ပေရှိ ခြောက်လမ်းသွားဖြစ်ပြီး တစ်ဖက်လျှင် ခြောက်ပေစီအကျယ်ရှိ လူသွားလမ်းပါရှိသည်။ တံတားအောက်ရေလမ်းကင်းလွတ်နယ် အကျယ်ပေ ၁၃၀ နှင့် အမြင့် ၁၈ ပေရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန် ၇၅ တန်ဖြစ်သည်။

ဆည်မြောင်းတာတမံများ တည်ဆောက်ခြင်း

တမာရေလှောင်တမံနှင့် ဖိုးနီရေလှောင်တမံဖွင့်ပွဲများကို တမာရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ကျင်းပသည်။ တမာရေလှောင်တမံကို ဆိပ်ဖြူမြို့နယ် တမာချောင်းကျေးရွာအနီး တမာချောင်းပေါ်၌ တည်ဆောက်ထားခြင်းဖြစ်ပြီး တမံအလျားပေ ၁,၆၀၀၊ တမံအမြင့် ၄၃ ပေရှိသည်။ တမံ၏ကန်ရေပြည့်ရေလှောင်ပမာဏ ၇၃၅ ဧကပေရှိကာ အကျိုးပြုဧက ၁၅၀ ဖြစ်သည်။ ဖိုးနီရေလှောင်တမံကို ဆိပ်ဖြူမြို့နယ် ငွေးပင်ကျေးရွာအနီးရှိ ဖိုးနီချောင်းပေါ်၌ တည်ဆောက်ထားခြင်းဖြစ်ပြီး တမံအလျား ၁,၀၇၅ ပေ၊ တမံအမြင့် ၃၅ ပေရှိသည်။ တမံ၏ကန်ရေပြည့်ရေလှောင်ပမာဏ ၂၈၆ ဧကပေရှိကာ အကျိုးပြုဧက ၇၅ ဧကဖြစ်သည်။

မဒေးရေလှောင်တမံဖွင့်ပွဲကို အဆိုပါတမံအနီး မင်္ဂလာမဏ္ဍပ်၌ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပသည်။ ရေလှောင်တမံသည် ကံမမြို့နယ်ကြိုးပင်ကျေးရွာအနီး ရေဆင်းဧရိယာ ၇၆ စတုရန်းမိုင်ရှိသည့် မဒေးချောင်းပေါ်၌ တည်ရှိပြီး မြေသားတမံအမျိုးအစားဖြစ်သည်။ တမံအလျားပေ ၁,၉၂၀၊ တမံအမြင့် ၁၅၅ ပေနှင့် ကုန်းကြောတမံအလျားပေ ၁,၂၀၀ ရှိသည်။

ပြိုင်းချောင်းရေလှောင်တမံဖွင့်ပွဲကို အဆိုပါရေလှောင်တမံအနီး မင်္ဂလာမဏ္ဍပ်၌ မတ်လ ၃၀ ရက်နေ့တွင် ကျင်းပသည်။ ရေလှောင်တမံသည် ကျောက်တော်

မြို့နယ် မင်ဒန်းကျေးရွာအနီး ရေဆင်းဧရိယာ ငါး စတုရန်းမိုင်နှင့် နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ၂၉,၉၅၅ ဧကပေ ရှိသည့် ပြိုင်းချောင်းပေါ်၌ တည်ရှိသည်။ တမံအလျား ၉၂၅ ပေ၊ တမံအမြင့် ၃၈ ပေ၊ ရေပိုလွှဲအလျား ပေ ၅၅၀၊ ရေပိုလွှဲအကျယ်ပေ ၃၀ ရှိသည်။ တူးမြောင်းမကြီးသည် ရှစ်မိုင်နှင့် လက်တံမြောင်းများသည် ၁၃ မိုင်ရှည်ပြီး တူးမြောင်းအဆောက်အအုံ ၁၆၃ ခု ပါရှိသည်။ ရေထုတ်ပြွန်အလျားပေ ၆၃၀၊ အကျယ်လေးပေ၊ အမြင့်ခြောက် ပေရှိပြီး သံကူကွန်ကရစ်အမျိုးအစားဖြစ်သည်။အသေးစား ရေအားလျှပ်စစ်ထုတ်ယူနိုင်ရန် လျှပ်စစ်ဓာတ်အား ထုတ်ပိုက်တပ်ဆင်ထားသည်။

ရေပိုလွှဲအလျားပေ ၈၁၀ နှင့် အကျယ်ပေ ၆၀ရှိပြီး ဆည်ရေပေးဝေနိုင်သည့်ဧကမှာဧက၁၀,၀၀၀ဖြစ်သည်။

မမြရေလှောင်တမံဖွင့်ပွဲကို အဆိုပါရေလှောင်တမံ၌ ဇွန်လ ၇ ရက်နေ့တွင်ကျင်းပသည်။ ရေလှောင်တမံသည် မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာရှိ မမြချောင်းပေါ်၌တည်ရှိသည်။ တမံအလျားပေ ၁၁,၈၀၀၊ တမံအမြင့်ပေ ၁၅၀ ရှိပြီး မြေသားတမံအမျိုးအစားဖြစ်သည်။ တမံ၏ ကန်ရေပြည့်ရေလှောင်ပမာဏ ဧက ၇၀,၀၀၀ နှင့် ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာဧက ၁,၃၃၀ ရှိသည်။ လေးပေခြောက်ပေအရွယ်အစားရှိ သံကူကွန်ကရစ်ရေထုတ်ပြွန်နှစ်ပေါက်နှင့် အကျယ်ပေ

ဒဂုံတံတား



ကတိုက်ရေလှောင်တမံဖွင့်ပွဲကို အဆိုပါရေလှောင်တမံအနီးမင်္ဂလာမဏ္ဍပ်၌ ဧပြီလ ၃၀ ရက်နေ့တွင် ကျင်းပသည်။ ရေလှောင်တမံသည် ပေါင်မြို့နယ် ကတိုက်ကျေးရွာအနီး ရေဆင်းဧရိယာရှစ်စတုရန်းမိုင် နှင့် နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ဧကပေ ၅၉,၀၀၀ ရှိသည့် ကတိုက်ချောင်းပေါ်၌ တည်ရှိသည်။ တမံအလျား ပေ ၅,၂၀၀၊ တမံအမြင့် ၁၃၄ ပေရှိပြီး မြေသားတမံအမျိုးအစားဖြစ်သည်။ တမံ၏ ကန်ရေပြည့်သိုလှောင်ပမာဏ ဧကပေ ၅၆,၀၀၀ ဖြစ်သည်။ ရေထုတ်ပြွန်အလျား ပေ ၆၅၀ ရှိပြီး လေးပေခြောက်ပေအရွယ်အစားရေထုတ်ပြွန် နှစ်ပေါက်ပါရှိသည်။ ရေထုတ်ပြွန်တွင် ကီလိုဝပ် ၅၀၀ ရေအားလျှပ်စစ်ပေးနိုင်ရန် သံမဏိပိုက်တပ်ဆင်ထား ၁၅၀ (အရေးပေါ်အကျယ်ပေ ၁၃၀)၊ အလျားပေ ၁,၂၈၀ ရှိသံကူကွန်ကရစ်ရေပိုလွှဲတို့ကိုထည့်သွင်းတည်ဆောက်ထားသည်။ မြန်အောင်မြို့နယ်အတွင်းရှိ လယ်မြေဧက ၁၀,၀၀၀ ကို စိုက်ပျိုးရေ ဖြန့်ဝေပေးနိုင်မည့်အပြင် မမြချောင်းဝဲယာရှိ လယ်မြေများ ရေကြီးနစ်မြုပ်ခြင်းကို ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ ရေလှောင်တမံရေပေးမြောင်းမှဆည်ရေဖြင့် နှစ်ကီလိုဝပ်လေးလုံး၊သုံးကီလိုဝပ်နှစ်လုံး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ငယ်များ တပ်ဆင်ကာ မျှင်ဝါးတောင်ကျေးရွာ လျှပ်စစ်မီးလင်းရေးကို အထောက်အကူပြုလျက်ရှိသည်။

မာလဲနတ်တောင်ရေလှောင်တမံဖွင့်ပွဲကို အဆိုပါရေလှောင်တမံ၌ ဇူလိုင်လ ၂၃ ရက်နေ့တွင် ကျင်းပ



နိုင်ငံတော်အကြီးအကဲများတက်ရောက်အားပေးချီးမြှင့်ခဲ့သော ရန်ကုန်–မန္တလေးရထားလမ်း (ပျဉ်းမနား–မြို့ဟောင်းဒွေးလမ်း) ဖွင့်ပွဲ

သည်။ ရေလှောင်တမံသည် စဉ့်ကူးမြို့၏ အရှေ့မြောက်ဘက်ရှစ်မိုင်ခန့်အကွာ မာလဲကျေးရွာအနီး နှစ်စဉ် ပျမ်းမျှစီးဝင်ရေ ၎ကပေ ၆၅,၀၀၀ ရှိသည့် မာလဲနတ်တောင်ချောင်းပေါ်၌ တည်ရှိသည်။ တမံအလျားပေ ၁၁,၈၅၀၊ တမံအမြင့် ၇၂ ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏ ၎ကပေ ၅၇,၄၇၀ ရှိပြီး မြေသားတမံအမျိုးအစားဖြစ်သည်။ ရေထုတ်ပြွန်သည် သံကူကွန်ကရစ်အမျိုးအစားဖြစ်၍ ခြောက်ပေလေးပေရှိ လက်ယာရေထုတ်ပြွန်တစ်ပေါက်နှင့် သုံးပေအချင်းရှိ လက်ဝဲရေထုတ်ပြွန်တစ်ပေါက်ပါရှိပြီး ရေထုတ်ပြွန်အလျား ၂၂၁ ပေ (လက်ယာဘက်)နှင့် ၂၅၁ ပေ (လက်ဝဲဘက်)ရှိသည်။ ရေပိုလွှဲအလျားပေ ၁,၄၅၀နှင့် အကျယ် ပေ ၁၀၀ ရှိပြီး သံကူကွန်ကရစ်အမျိုးအစားဖြစ်သည်။ဆည်ရေသောက်တူးမြောင်းမကြီးသည် လက်ယာတူးမြောင်း ၁၀ မိုင်နှင့် လက်ဝဲတူးမြောင်း၁၆မိုင်ရှိသည်။ တူးမြောင်းအဆောက်အအုံစုစုပေါင်း ၁၃၄ ခုပါရှိပြီး ဆည်ရေပေးဝေနိုင်သည့် ဧရိယာ ဧက ၁၀,၀၀၀ ဖြစ်သည်။ လက်ဝဲရေထိန်းမျှော်စင်ရေထုတ်ပြွန်လက်ဝဲတူးမြောင်းမှ ဆည်ရေဧက ၄၀၀ နှင့် လက်ယာရေထိန်းမျှော်စင် ရေထုတ်ပြွန် လက်ယာတူးမြောင်းမှ ဆည်ရေဧက ၁,၄၀၀ ပေးဝေလျက် မိုးစပါးဧက ၁,၈၀၀ စိုက်ပျိုးမည်ဖြစ်သည်။ ရေပေးမြောင်းရှိ ရေကျနေရာများမှ အသေးစားရေအားလျှပ်စစ် နှစ်နေရာထုတ်လုပ်၍ လျှပ်စစ်မီး ရရှိရေး ဆောင်ရွက်ထားသည်။

သဂုတ်လ ၁၉ ရက်နေ့တွင် ဖွင့်ပွဲကျင်းပသော ငွေးချိုရေလှောင်တမံသည် ရေစကြိုမြို့နယ် ဆင်မဝင်းချောင်းပေါ်တွင်တည်ရှိပြီး မြေသားတမံအမျိုးအစားဖြစ်သည်။ တမံအလျားပေ ၂,၁၀၀၊ တမံအမြင့် ၅၇ ပေ၊ ကန်ရေ ပြည့်ရေလှောင်ပမာဏ ၎ကပေ ၁,၈၄၀ ရှိပြီး အကျိုးပြု ဧက ၄၀၀ ဖြစ်သည်။

စက်တင်ဘာလ ၂၉ ရက်နေ့တွင် ဖွင့်ပွဲကျင်းပသော ရှမ်းမငယ်ရေလှောင်တမံသည် မိတ္ထီလာမြို့နယ်၏ အနောက်မြောက်ဘက် ၂၅ မိုင်ခန့်အကွာ မိတ္ထီလာ–ကျောက်ပန်းတောင်းမော်တော်ကားလမ်းမိုင်တိုင် ၂၂ ၏ မြောက်ဘက် တစ်မိုင်ခန့်အကွာ ရှမ်းမငယ်ကျေးရွာအနီး ရှမ်းမငယ်ချောင်းပေါ်၌ တည်ရှိသည်။ တမံအလျားပေ ၆,၈၀၀၊ တမံအမြင့် ၈၉ ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၂၁,၆၃၀ရှိပြီး မြေသားတမံအမျိုးအစားဖြစ်သည်။ သံကူကွန်ကရစ်အမျိုးအစား သုံးပေအချင်း တစ်ပေါက်ပါရှိသည့် ရေထုတ်ပြွန်ပါရှိကာ ရေသွယ်မြောင်းမှ ရေအားလျှပ်စစ်ကီလိုဝပ် ၈၀ ထုတ်လုပ်ရန်နှင့် ရေထုတ်ပြွန်အမှတ် ၂ မှ ဆည်ရေပေးဝေနိုင်ရန် စီစဉ်ထားသည်။ သံကူကွန်ကရစ်အမျိုးအစားရေပိုလွှဲအဆောက်အအုံသည် အကျယ်ပေ ၃၀ ရှိပြီး ရေကျအဆောက်အအုံနှစ်ခုပါရှိသည်။

စည်သာရေကူရေလှောင်တမံဖွင့်ပွဲကို အဆိုပါ ရေလှောင်တမံရှိ မင်္ဂလာမဏ္ဍပ်၌ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ကျင်းပသည်။ စည်သာရေကူရေလှောင်တမံသည် ပြင်ဦးလွင်မြို့နယ်ရှိ စည်သာရေလှောင်တမံ၏ အထက် ပေ ၃,၀၀၀ အကွာ စည်သာချောင်းပေါ်၌ တည်ရှိသည်။ မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအလျား ၉၁၅ ပေ၊ တမံအမြင့် ၉၅ ပေရှိပြီး ရေ၎ကပေ ၁,၉၄၅ ဧကပေ၊ ရေဂါလန်သန်း ၅၀၀ သိုလှောင်နိုင်သည်။စည်သာရေကူရေလှောင်တမံသည်ရတနာပုံမြို့သစ်အတွက်သောက်သုံးရေဂါလန်တစ်သန်းဖြည့်ဆည်းပေးမည့်အပြင် စိုက်ဧက ၁၃၀ စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။ ထို့ပြင် မူလ စည်သာရေလှောင်တမံ၏ ရေသောက်ဧက ၂၅၀ ကိုလည်း ဆည်ရေပိုမိုပေးဝေနိုင်မည်ဖြစ်သည်။

စိုးအောင်

မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအကအရေးအတီးပြိုင်ပွဲ။ ။ ၁၅ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအကအရေးအတီးပြိုင်ပွဲကို အောက်တိုဘာလ ၁၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊သစ်တောသုတေသနဌာနတို့၌ ကျင်းပသည်။ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်အပေါ်အခြေခံသည့် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန်ထက်မြက်မြင့်မားစေရန်၊ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်၊ မြန်မာ့ဂီတ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာများ ရှင်သန်ထွန်းကားပြန့်ပွားရန်၊ လူငယ်ထု၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှုကို တိုးတက်ဖြစ်ထွန်းစေရန်၊ တိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်ဟူသော ပြိုင်ပွဲဦးတည်ချက်များနှင့်အညီ ၁၅ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအကအရေးအတီးပြိုင်ပွဲကို ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၁၇ ရက်နေ့ နံနက် ၇ နာရီခွဲတွင် နေပြည်တော်မြို့တော်ခန်းမ၌ ကျင်းပရာ ၁၅ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီး ပြိုင်ပွဲကျင်းပရေးနာယက ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (ယခုနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး) တက်ရောက် မိန့်ခွန်းပြောကြားသည်။၁၅ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို အက အရေး အတီးပြိုင်ပွဲကို ဝါသနာရှင် ပထမတန်းအဆင့်၊ ဝါသနာရှင်ဒုတိယတန်းအဆင့်၊အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာ (အသက် ၁၅-၂၀) အဆင့်၊ အခြေခံပညာ (အသက် ၁၀-၁၅) အဆင့်၊ အခြေခံပညာ (အသက် ၅-၁၀) အဆင့်ဟူ၍ အဆင့်ခြောက်ဆင့် သတ်မှတ်ကျင်းပရာ ပြည်နယ်နှင့် တိုင်းအသီးသီးမှ ပြိုင်ပွဲဝင် ၁,၈၁၃ ဦးနှင့် ဘာသာရပ် အလိုက်ပြိုင်ပွဲဝင် ၂,၄၄၅ ဦး ပါဝင်ယှဉ်ပြိုင်သည်။ နှစ်စဉ် ယှဉ်ပြိုင်နေကြဓာတ်တော်ကြီးပြိုင်ပွဲတွင် သုဝဏ္ဏသာမဇာတ်တော်ကြီးပြိုင်ပွဲနှင့် ရုပ်စုံသဘင်ပြိုင်ပွဲတွင် မဟာဒုက်ဇာတ်တော် ရုပ်စုံသဘင်ပြိုင်ပွဲတို့ကိုယှဉ်ပြိုင်ကြမည်ဖြစ်ပြီးဘာသာရပ်သစ်အဖြစ် ပြဇာတ်ဘာသာရပ်ပြိုင်ပွဲတွင် စည်းလုံးစို့လေသွေးချင်းတို့.ရဲ. ပြည်ပြဇာတ်၊ ကွက်စိပ်ဘာသာရပ်ပြိုင်ပွဲတွင် ညီတော်မင်းနန်ချုတ်ခန်းကွက်စိပ်၊ မြန်မာ့ရတု၊ ရကန်၊ အဲချင်း၊ အိုင်ချင်းစသော ကဗျာစာပေများကို ပြန်လည်ဆန်းသစ်ဖော်ထုတ်သီဆိုယှဉ်ပြိုင်ပွဲများကို တိုးချဲ့.ထည့်သွင်းကျင်းပသည်။



(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအကအရေးအတီးပြိုင်ပွဲ ပို့စကဒ်ပုံ

၁၅ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအကအရေးအတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၁ ရက်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်မြို့တော်ခန်းမ၌ ကျင်းပရာ ၁၅ ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအကအရေးအတီးပြိုင်ပွဲကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်မိန့်ခွန်းပြောကြားပြီး မဟာဂီတဝါသနာရှင် ပထမတန်းအဆင့် အမျိုးသားအဆိုပြိုင်ပွဲ၊ မဟာဂီတဝါသနာရှင်ဒုတိယတန်းအဆင့် အမျိုးသားအဆိုပြိုင်ပွဲ၊ မဟာဂီတအဆင့်မြင့်ပညာအဆင့်

အမျိုးသားအဆိုပြိုင်ပွဲ၊ မဟာဂီတအခြေခံပညာ (အသက် ၁၅-၂၀) အဆင့် အမျိုးသားအဆိုပြိုင်ပွဲ၊ မဟာဂီတအခြေခံပညာ (အသက် ၁၀-၁၅)အဆင့် အမျိုးသားအဆိုပြိုင်ပွဲ၊ မဟာဂီတအခြေခံပညာ (အသက် ၅-၁၀)အဆင့် အမျိုးသားအဆိုပြိုင်ပွဲများတွင် ဆုရရှိသူများ၊ ဝါသနာရှင်ပထမတန်းအဆင့် ကွက်စိပ်ပြိုင်ပွဲဝါသနာရှင် ဒုတိယတန်းအဆင့်၊ အမျိုးသားရပ်သေး (ဇော်မင်းသား) ပြိုင်ပွဲ၊ ဝါသနာရှင် ဒုတိယတန်းအဆင့် အမျိုးသမီးရပ်သေးပြိုင်ပွဲ၊ ဝါသနာရှင်ပထမတန်းအဆင့် ရပ်သေး (မဟာဒုက်ဇာတ်တော်)ပြိုင်ပွဲ၊ ဝါသနာရှင်ပထမတန်းအဆင့်ပြဇာတ် (စည်းလုံးစို့လေသွေးချင်းတို့ရဲ့ပြည်)ပြိုင်ပွဲ၊ ဝါသနာရှင်ပထမတန်းအဆင့် ဇာတ်သဘင် (သုဝဏ္ဏသာမဇာတ်တော်ကြီး) ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ၁၅ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအကအရေးအတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက အဆိုအကအရေးအတီးပြိုင်ပွဲအဆင့်အသီးသီးတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

၁၅ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအကအရေးအတီးပြိုင်ပွဲ

ပြည်နယ်နှင့် တိုင်းအလိုက်ဆုရရှိမှု

စဉ်	ပြည်နယ်/တိုင်း	ရွှေ	ငွေ	ကြေး	အထူး	နှစ်သိမ့်	ပေါင်း	မှတ်ချက်
၁	ရန်ကုန်တိုင်း	၉၅	၆၅	၄၉	-	-	၂၀၉	ထူးချွန်ဆုများကို 'ရွှေ'ဟု သတ်မှတ်သည်။
၂	မန္တလေးတိုင်း	၃၄	၄၆	၃၀	-	၁	၁၁၁	
၃	ဧရာဝတီတိုင်း	၁၅	၁၇	၁၄	-	-	၄၆	
၄	ပဲခူးတိုင်း	၁၄	၁၂	၉	-	-	၃၅	
၅	ရခိုင်ပြည်နယ်	၁၀	၆	၈	၂	၉	၃၅	
၆	မွန်ပြည်နယ်	၈	၉	၁၁	၂	၂	၃၂	
၇	ကချင်ပြည်နယ်	၇	၅	၃	၄	၃	၂၂	
၈	စစ်ကိုင်းတိုင်း	၅	၄	၁၁	-	-	၂၀	
၉	ကရင်ပြည်နယ်	၅	၄	၄	၅	၃	၂၁	
၁၀	တနင်္သာရီတိုင်း	၂	၃	၅	-	-	၁၀	
၁၁	ချင်းပြည်နယ်	၂	-	-	၆	၁	၉	
၁၂	ရှမ်းပြည်နယ်	၁	၃	၈	၁	-	၁၃	
၁၃	ကယားပြည်နယ်	၁	-	၂	၂	၆	၁၁	
၁၄	မကွေးတိုင်း	-	၂	၃	-	-	၅	
	စုစုပေါင်း	၁၉၉	၁၅၆	၁၅၅	၂၂	၂၅	၅၅၉	

စိုးအောင်

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက ကြီးမှူးကျင်းပသော ၂၀၀၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ) ချီးမြှင့်သည့် အခမ်းအနားကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် နေပြည်တော်မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ အခမ်းအနားကျင်းပရာသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(ဝ)ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

၂၀၀၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ) ပေးပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းရေးဆွဲရေး ကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေးအကဲဖြတ် အဖွဲ့ဝင်များ၊ ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ



၂၀၀၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အဖွင့်အမှာစကားပြောကြားစဉ်

ကိတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးနှင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားကိုယ်စားလှယ်တော်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိပြီးသော ရုပ်ရှင်အနုပညာရှင်များ၊ ရုပ်ရှင်သရုပ်ဆောင်များနှင့် အနုပညာရှင်၊ အတတ်ပညာရှင်၊ ရုပ်ရှင်

ထုတ်လုပ်သူများနှင့် ရုပ်ရှင်ကို ချစ်မြတ်နိုးသော လုပ်သားပြည်သူများ တက်ရောက်အားပေးကြသည်။

နိုင်ငံတော်အနေဖြင့် ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်စေရန် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသစ်ကို ၂၀၀၇ ခုနှစ် ဇွန်လ ၂၄ ရက်နေ့တွင် ဒုတိယအကြိမ်ပြန်လည်ဖွဲ့စည်းပေးခဲ့သည်။ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသစ်အနေဖြင့်လည်း ရုပ်ရှင်လောကအရည်အသွေး ပြည့်မီကောင်းမွန်လာရေးအတွက် ဒါရိုက်တာပညာ၊ ရုပ်ရှင်ဓာတ်ပုံပညာ၊ သရုပ်ဆောင်ပညာစသည်ဖြင့် ရုပ်ရှင်ပညာပိုင်းဆိုင်ရာ သင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ထို့အတူ ရုပ်ရှင်ပညာပိုင်းဆိုင်ရာနှင့် ပတ်သက်သော ဆွေးနွေးပွဲများ၊ ဟောပြောပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများကိုလည်း အခါအားလျော်စွာ ကျင်းပပြုလုပ်ပေးသည်။

မြန်မာ့ရုပ်ရှင်လုပ်ငန်း ရုပ်ရှင်ကဏ္ဍတိုးတက်မြင့်မားစေရေးအတွက် မြန်မာနိုင်ငံပြန်ကြားရေးကိုယ်စားလှယ်အဖွဲ့အား တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၌ ကျင်းပသည့် ရေဒီယို၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားအပြည်ပြည်ဆိုင်ရာပြပွဲ၊ ပေကျင်းရုပ်ရှင်ပွဲတော်နှင့် တရုတ်ပြည် (၁၆) ကြိမ်မြောက် ရွှေကြက်– ရာပန်းရုပ်ရှင်ပွဲတော်များသို့ တက်ရောက်စေခဲ့သည်။ ထို့အပြင် တရုတ်၊ စင်ကာပူ၊ ဟောင်ကောင်တို့၌ ဒစ်ဂျစ်တယ်စီနီမာနည်းပညာများကို သွားရောက်လေ့လာခဲ့သည့်အပြင် အိန္ဒိယနိုင်ငံ၌ ကျင်းပသောရုပ်သံလွှင့်ဆိုင်ရာပြပွဲသို့လည်း သွားရောက်၍ ကြည့်ရှုလေ့လာစေခဲ့သည်။

မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့သည် နိုင်ငံတော်မှ ချမှတ်ပေးသည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုစိစစ်ရွေးချယ်ရေးဆိုင်ရာ မူဝါဒခုနစ်ချက်နှင့်



ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုရ ဖိုးကျော်အား ရွှေစင်ရုပ်ဆုရုပ်ဖြင့်စဉ်

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုရမေသဋ္ဌာဦးအား ရွှေစင်ရုပ်ဆုရုပ်ဖြင့်စဉ်

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ဆုရရှိသော သရုပ်ဆောင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်

အညီ အကောင်းဆုံးမြန်မာ့ရုပ်ရှင်ထူးချွန်ဆုများကို စနစ်တကျစိစစ်ရွေးချယ်သည်။ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြှင့်တင်ရေးအကဲဖြတ်အဖွဲ့သည် သတ်မှတ်ထားသော စံချိန်စံညွှန်းများကို အခြေခံလျက် အဆင့် ၃ ဆင့်ဖြင့် ကြည့်ရှုအကဲဖြတ်၍ စိစစ်ရွေးချယ်သည်။

၂၀၀၆ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုများ ချီးမြှင့်ပေးနိုင်ရန် အကျုံးဝင်သည့် ရုံတင်ပြသပြီး ဇာတ်ကားများမှာ ရတနာ၊ ဂုဏ်ရှိန်ပြင်းတဲ့ချစ်ခြင်းသိက္ခာ၊ တောင်သမန်သစ္စာ၊ လှည့်စား၊ မော်ဒန်အချစ်များ၊ မျှော်လင့်ခြင်းများစွာ၊ မိုက်တီးလေးများ၊ ရွှေမိုးသည်း၊ လွမ်းအောင်ရယ်တတ်သူ၊ ပြဒါးမဲ့မှန်နှင့် ပန်းပျိုးသူတို့အလင်္ကာစသော ဇာတ်ကားပေါင်း ၁၁ ကားဖြစ်သည်။ ယင်းဇာတ်ကားများထဲမှ ၂၀၀၆ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်အကယ်ဒမီထူးချွန်ဆုများကို ဓမ္မဓိဋ္ဌာန်ကျကျတရားမျှတမှုန်ကန်စွာ ရွေးချယ်ချီးမြှင့်ခြင်းဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ရရှိကြသော ရုပ်ရှင်အနုပညာရှင်များအား ရွှေစင်ရုပ်ဆုကို တစ်ဦးချင်းပေးအပ်ချီးမြှင့်သည်။

စဉ်	ဆုအမျိုးအစား	ဇာတ်ကားအမည်	ရရှိသူ
၁	ရုပ်ရှင်ဇာတ်ကားဆု	မျှော်လင့်ခြင်းများစွာ	နဝရတ်ရုပ်ရှင်
၂	ရုပ်ရှင်ဒါရိုက်တာဆု	မျှော်လင့်ခြင်းများစွာ	မောင်မျိုးမင်း (ရင်တွင်းဖြစ်)
၃	ရုပ်ရှင်ဇာတ်ကား တည်းဖြတ်ဆု	မျှော်လင့်ခြင်းများစွာ	ဇော်မင်း (ဟံသာမြေ)
၄	ရုပ်ရှင်အသံ ထူးချွန်ဆု	တောင်သမန်သစ္စာ	ဦးမျိုးညွန့်
၅	ရုပ်ရှင်ဓာတ်ပုံဆု	ပန်းပျိုးသူတို့အလင်္ကာ	သန်းညွန့် (ပန်းသာ)
၆	ရုပ်ရှင်တေးဂီတဆု	ပန်းပျိုးသူတို့အလင်္ကာ	ကိုသော်ဇင် (လဝန်းအိမ်)
၇	ရုပ်ရှင်ဇာတ်ညွှန်းဆု	တောင်သမန်သစ္စာ	ဇော်မြင့်ဦး
၈	အမျိုးသားဇာတ်ပို့ဆု	မျှော်လင့်ခြင်းများစွာ	ဖိုးကျော်
၉	အမျိုးသမီးဇာတ်ပို့ဆု	ပန်းပျိုးသူတို့အလင်္ကာ	မေသဇ္ဇာဦး
၁၀	အမျိုးသား ဇာတ်ဆောင်ဆု	ဂုဏ်ရှိန်ပြင်းတဲ့ ချစ်ခြင်းသိက္ခာ	ရန်အောင်
၁၁	အမျိုးသမီး ဇာတ်ဆောင်ဆု	တောင်သမန်သစ္စာ	နန္ဒာလှိုင်

ယူနိုက်တက်ကင်းဒမ်းနိုင်ငံ။ ။အီရတ်နိုင်ငံရှိ ဗြိတိသျှတပ်များပြန်လည်ဆုတ်ခွာတော့မည်ဖြစ်ကြောင်း၊ ၂၀၀၇ ခုနှစ်အကုန်တွင် တပ်သား ၃၀၀၀ နှင့် ၂၀၀၈ ခုနှစ်အကုန်တွင် တပ်သားအားလုံးကို ပြန်လည်ခေါ်ယူမည်ဖြစ်ကြောင်း၊ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲက ပြောကြားခဲ့သည်။ ဗြိတိသျှတပ်သားများ အီရတ်နိုင်ငံမှ ပြန်လည်ဆုတ်ခွာနိုင်ခြင်းမှာ အီရတ်နိုင်ငံ၌ အောင်မြင်မှုတစ်ခုဖြစ်ကြောင်း အမေရိကန်သမ္မတကျော့ဘုရှ်က ပြောကြားခဲ့သည်။ ဘာသာရေး အစွန်းရောက်မှုများနှင့် အကြမ်းဖက်မှုများ ဆက်လက်ရှိနေဆဲဖြစ်သော်လည်း အီရတ်ဝန်ကြီးများနှင့် ဗြိတိသျှအရာရှိများက လက်ခံနိုင်သော ပမာဏသို့ရောက်ရှိလာပြီဟု လက်ခံကြသည်။

ဗြိတိသျှစစ်သည်အချို့ကို ပြန်လည်ခေါ်ယူမည့် ဝန်ကြီးချုပ် တိုနီဘလဲ၏ အစီအစဉ်ကို စစ်ဆန့်ကျင်ရေးသမားများက အားလုံးပြန်လည်ခေါ်ယူသင့်ကြောင်း တောင်းဆို ကြသည်။ လာမည့်လအနည်းငယ်အတွင်း အီရတ်တွင်ရှိသော ဗြိတိသျှစစ်သည် ၇၀၀၀ အနက် စစ်သည် ၁၆၀၀ ကို ပြန်လည်ခေါ်ယူမည်ဟုဝန်ကြီးချုပ် တိုနီဘလဲက ကြေညာပြီးဖြစ်သည်။ ဗြိတိန်နိုင်ငံတွင် ဒေါ်လာဘီလီယံပေါင်းများစွာ ကုန်ကျမည့် တိုနီဘလဲ၏ ဒုံးကျည်ကာကွယ်ရေးစနစ်ကိုလည်း စစ်ဆန့်ကျင်ရေးသမားများက ကန့်ကွက်လျက်ရှိသည်။

ဗြိတိသျှအစိုးရသည် ဥရောပလူ့အခွင့်အရေးဆိုင်ရာ ဥပဒေကိုချိုးဖောက်လျက်ရှိသည်ဟုဗြိတိသျှပါလီမန်က မတ်လ ၄ ရက်နေ့တွင် စွပ်စွဲခဲ့သည်။ အကြမ်းဖက်သမားဟု သင်္ကာမကင်းခံရသူများကို အကန့်အသတ်မရှိထိန်းသိမ်းထားခြင်းသည် ဥပဒေနှင့် မညီညွတ်ကြောင်း တရားရုံးက ဆုံးဖြတ်ထားသော်လည်း ဝန်ကြီးချုပ် တိုနီဘလဲက အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းအတွက် ပါလီမန်၏ခွင့်ပြုချက်များယူကာဆက်လက်ဆောင်ရွက်ခဲ့သည်။ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းအတွက် ဗြိတိသျှအာဏာပိုင်များရရှိထားသော လုပ်ပိုင်ခွင့်များကို နောက်ထပ်တစ်နှစ် ဆက်လက်ခွင့်ပြုပေးသင့် မပေးသင့် အဆုံးအဖြတ်ပေးနိုင်ရန်ပါလီမန်၌အချေအတင်ဆွေးနွေးလျက်ရှိစဉ် ပါလီမန်ရှိ လူ့အခွင့်အရေးကော်မတီက အထက်ပါအတိုင်းစွပ်စွဲခြင်းဖြစ်သည်။

မိမိသည် အစိုးရအဖွဲ့မှ ဇွန်လ ၂၇ ရက်တွင် နှုတ်ထွက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် တိုနီဘလဲက မေလ ၁၀ ရက်နေ့တွင် ကြေညာခဲ့သည်။ ဘလဲမှာ လေဘာပါတီ ခေါင်းဆောင်သစ် ရွေးချယ်ပြီးသည်အထိ ဝန်ကြီးချုပ် ရာထူးတွင် ဆက်လက်ရှိနေမည်ဖြစ်သည်။ လာမည့် အထွေထွေရွေးကောက်ပွဲတွင် လေဘာပါတီ၏ ရပ်တည်ချက်ကောင်းမွန်စေရေးအတွက် ပါတီအကြီးအကဲအဖြစ် ဂေါ်ဒွင်ဘရောင်းဦးဆောင်ရန် မိမိထောက်ခံကြောင်း၊ လေဘာပါတီကို ဂေါ်ဒွင်ဘရောင်းဦးဆောင်ခြင်းဖြင့် ပြည်သူ့ထောက်ခံမှုကျဆင်းသွားသော လေဘာပါတီအင်အားပြန်လည်ခိုင်မာတောင့်တင်းလာနိုင်ကြောင်း ဘလဲက ပြောကြားသည်။ ပြည်သူ့ထောက်ခံမှု ကျဆင်းလျက်ရှိသော လေဘာပါတီကို ဂေါ်ဒွင်ဘရောင်းဦးဆောင်မှုဖြင့် အင်အားပြန်လည်ခိုင်မာတောင့်တင်းလာနိုင်ကြောင်း ဘလဲကပြောကြားသည်။ အီရတ်စစ်ပွဲဆင်နွှဲသော အမေရိကန်အား ဆက်ခံသည့်အတွက် တိုနီဘလဲနှင့် လေဘာပါတီပြည်သူ့ထောက်ခံမှု ကျဆင်းသွားခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ကျော့ဘုရှ်နှင့် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲတို့၏ ဆက်ဆံရေးမှာ ပြတ်တောက်လာဖွယ်ရာရှိအောင် သံသယဝင်စရာ ကောင်းလာပြီဖြစ်ကြောင်း တိုနီဘလဲ၏ မိတ်ဆွေများက ပြောကြားကြသည်။ ယူရိဂွေကြေးသုံးစွဲသော နိုင်ငံများနှင့် ဗြိတိန်က ဆက်သွယ်မည့် အခြေအနေတွင် ရှိခြင်းကလည်း ဆက်ဆံရေးပျက်ပြားစေသောအချက်ဖြစ်သည်။ ဇူလိုင်လက လက်ဘန္နန်အား ဗုံးကြဲခဲ့သော အစ္စရေးကို အပြစ်တင်ရန် ငြင်းဆိုခဲ့သော ဘလဲ၏ ရပ်တည်မှုမှာ ထောက်ခံမှုများ ရရှိခဲ့သော်လည်း ဘလဲမှာ ရာထူးမှ နှုတ်ထွက်ရတော့မည်ဖြစ်သည်။ ဗြိတိသျှနိုင်ငံရေးသမား အများစုက ယူရိဂွေကြေးသုံးစွဲသော နိုင်ငံများနှင့် ဆက်သွယ်လိုလျက်ရှိခြင်းကြောင့် အမေရိကန်နှင့်ဆက်ဆံရေးမှာ စိမ်းကားလာဖွယ်ရာရှိနေသည်။

ဝန်ကြီးချုပ် တိုနီဘလဲ ရာထူးမှအနားမယူမီ အာဖရိကတိုက်သို့ ရက်သတ္တတစ်ပတ်အကြာ ခရီးထွက်ခဲ့ရာ ဆီအာရာလီယွန်နိုင်ငံသို့ ဝင်ရောက်လည်ပတ်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်က ယင်းနိုင်ငံသို့ ငြိမ်းချမ်းရေး

တပ်သားရာပေါင်းများစွာ စေလွှတ်ခဲ့သော မစ္စတာဘလဲမှာ ယင်းနိုင်ငံ၌ ထင်ရှားသော ခေါင်းဆောင်ဖြစ်သည်။ လောလောဆယ်အချိန်တွင် ဆီအာရာလီယွန်နိုင်ငံပြန်လည်တည်ဆောက်ရေးတွင် ဗြိတိသျှတပ်ဖွဲ့များ ပါဝင်ကူညီလျက်ရှိသည်။

ဝန်ကြီးချုပ် တိုနီဘလဲ ရာထူးမှ အနားယူသော အခါ ဘဏ္ဍာရေးဝန်ကြီး ဂေါ်ဒွင်ဘရောင်းလေဘာပါတီကို ခေါင်းဆောင်၍ ဝန်ကြီးချုပ်ရာထူးကို ဆက်ခံမည်ဖြစ်သည်။

ဗြိတိသျှဝန်ကြီးချုပ်လောင်းလျာ ဂေါ်ဒွင်ဘရောင်းမှာ အီရတ်နိုင်ငံ ဘဂ္ဂဒတ်မြို့သို့ ရုတ်တရက်သွားရောက်ခဲ့ပြီး အီရတ်ဝန်ကြီးချုပ် နီရီအလ်မာလိကီနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ဇွန်လ ၁၀ ရက်နေ့ထုတ် သတင်းစာများတွင် ဖော်ပြသည်။ မကြာမီ ဝန်ကြီးချုပ်တာဝန်များကို လွှဲပြောင်းမယူမီ အီရတ်အခြေအနေများကို ပိုမိုသိရှိနိုင်ရန် ဂေါ်ဒွင်ဘရောင်း အီရတ်သို့ သွားခြင်းဖြစ်သည်။ ဂေါ်ဒွင်ဘရောင်းမှာအီရတ်ဝန်ကြီးချုပ်နှင့်လုံခြုံရေးတပ်ထူထပ်စွာချထားသော အစိမ်းရောင်နယ်မြေရှိ ဝန်ကြီးချုပ် နေအိမ်တွင် ဗြိတိသျှတပ်များတပ်စွဲချထားမှု၊ လုံခြုံရေးနှင့်ပြန်လည်တည်ဆောက်ရေးကိစ္စများကိုဆွေးနွေးခဲ့ကြသည်။

တိုနီဘလဲရာထူးမှ နှုတ်ထွက်ပြီးနောက် အသက် ၅၆ နှစ်အရွယ်ရှိ ဂေါ်ဒွင်ဘရောင်းက ဇွန်လ ၂၇ ရက်နေ့တွင် ဝန်ကြီးချုပ် တာဝန်ကို လွှဲပြောင်းယူခဲ့သည်။ ဘာကင်ဟမ်နန်းတော်တွင် ဒုတိယ အဲလီဇာဘက် ဘုရင်မက ဂေါ်ဒွင်ဘရောင်းကို ဝန်ကြီးချုပ်အဖြစ် တာဝန်ယူပြီး အစိုးရသစ် ဖွဲ့စည်းရန် တာဝန်ပေးခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲမှာ အရှေ့အလယ်ပိုင်းဆိုင်ရာ ငြိမ်းချမ်းရေးသံတမန်အဖြစ် အောင်မြင်မှုမရနိုင်ဟု အာရပ်လူမျိုးများက သံသယပွားလျက်ရှိကြောင်း၊ အဘယ်ကြောင့်ဆိုသော် တိုနီဘလဲမှာ အစ္စရေးအမေရိကန် တို့နှင့် နီးစပ်လွန်းပြီး ပြည်သူလူထုအတွင်း ထောက်ခံမှု အများအပြားမရရှိခဲ့မှုကြောင့် ဖြစ်ကြောင်း၊ အာရပ်နိုင်ငံများက ပြောကြားခဲ့ကြသည်။ တိုနီဘလဲသည် ဝန်ကြီးချုပ်အဖြစ် ၁၀ နှစ်ကြာမျှ တာဝန်ထမ်းဆောင်ပြီး ရာထူးမှ အနားယူပြီးသည့်နောက် အမေရိကန်၊ ဥရောပသမဂ္ဂ၊ ရုရှားနှင့် ကုလသမဂ္ဂတို့က ဘလဲအား အရှေ့အလယ်ပိုင်းဆိုင်ရာ ငြိမ်းချမ်းရေးသံတမန်အဖြစ် ခန့်အပ်ခဲ့သည်။ အနာဂါတ်ကာလတွင် ဩစတြေးလျနိုင်ငံ၏ ဘုရင်ခံချုပ်အဖြစ် ဗြိတိသျှမင်းသားဝီလျံအား ခန့်အပ်မှုကို မိမိလက်ခံမည်မဟုတ်ကြောင်း ဝန်ကြီးချုပ်ဂျွန်ဟောင်းဝပ်က ဇွန်လ ၃၀ ရက်နေ့တွင် ပြောကြားခဲ့သည်။ ဩစတြေးလျနိုင်ငံ၏ ဘုရင်ခံချုပ်ရာထူး၌ မိမိတာဝန်ထမ်းဆောင်လိုကြောင်း မင်းသားဝီလျံက ပြောကြားခဲ့သည်။ ဩစတြေးလျနိုင်ငံ ဘုရင်ခံချုပ်အဖြစ် သင့်တော်သူမှာ ဩစတြေးလျနိုင်ငံသားသာလျှင် ဖြစ်သင့်ကြောင်း ဂျွန်ဟောင်းဝပ်က ပြောကြားသည်။ မင်းသားဝီလျံမှာ မကြာမီက အသက် ၂၅ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

အီရတ်တွင် တာဝန်ထမ်းဆောင်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ သေဆုံးမှုနှုန်းမှာ အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုနှုန်းထက်ပိုမိုများပြားနေကြောင်း သည်ဆန်းဒေးတယ်လီဘရပ်သတင်းစာကဖော်ပြသည်။

အီရတ်နိုင်ငံတွင် ဩဂုတ်လ ၁၀ ရက်နေ့ နံနက်ပိုင်းက ဗြိတိသျှ တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးခဲ့ရာ ၄၈ နာရီအတွင်း သေဆုံးသူလေးဦးရှိပြီဖြစ်သည်။ ဘာဆိုရာမြို့၏ အနောက်ပိုင်း ရှူမေလာရေနံမြေအနီး ဗြိတိသျှ တပ်ဖွဲ့၏ မော်တော်ယာဉ်တန်း ဗုံးဖောက်ခွဲခံရသဖြင့် အိုင်ယန်အစောင့်တပ်ဖွဲ့ဝင်များသေဆုံးခဲ့ပြီးအဖွဲ့ဝင်အပြင်းအထန် ဒဏ်ရာရရှိခဲ့သည်။ ဗြိတိသျှတပ်ဖွဲ့ဝင်များကို ၂၀၀၇ ခုနှစ်အတွင်း လျှော့ချမည်ဟု အစိုးရက ကြေညာခဲ့ပြီးနောက် ဗြိတိသျှတပ်ဖွဲ့ဝင်များ ထိန်းချုပ်ထားသော အီရတ်နိုင်ငံ တောင်ပိုင်းတွင် ဗြိတိသျှတပ်ဖွဲ့ဝင်များအတွက် ဘေးအန္တရာယ်နှင့် ပိုမိုကြုံတွေ့နေပြီ ဖြစ်သည်။ ဗြိတိသျှတပ်ဖွဲ့ဝင်များ ခြေလျင်ကင်းလှည့်နေစဉ်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ပြီး အခြားတစ်ဦးမှာ သံချပ်ကာကားမောင်းနေစဉ် သေနတ်ဖြင့် ပစ်ခတ်သဖြင့် သေဆုံးခဲ့သည်။

စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများအနက် ဗြိတိန်နိုင်ငံရှိ ကလေးငယ်များမှာ အန္တမ်းပါးဆုံးဖြစ်ကြောင်း ကုလသမဂ္ဂကလေးသူငယ်များ ရန်ပုံငွေအဖွဲ့(ယူနီဆက်)က ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ထုတ်ဖော်ပြောကြားသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်သောနိုင်ငံ ကလေးသူငယ်

များ၏ အခြေအနေကို ယူနီဆက်က လေ့လာပြီး စစ်တမ်းထုတ်ပြန်ရာတွင် ဗြိတိသျှကလေးသူငယ်များမှာ ဆင်းရဲအနွမ်းပါးဆုံးနှင့် လျစ်လျူရှုအခံရဆုံး ကလေးသူငယ်များတွင် ပါဝင်သည်ကို တွေ့ရှိရကြောင်း ယင်း လေ့လာချက်၌ ဖော်ပြသည်။ ယင်းစစ်တမ်း၌ ဖော်ပြချက်များမှာ ရက်ဖွယ်ရာဖြစ်ပြီး ဝန်ကြီးချုပ် တိုနီဘလဲအစိုးရအနေဖြင့် လူငယ်မျိုးဆက်ကို ပြုစုပျိုးထောင်ရန် ပျက်ကွက်သည်ဟု ပရဟိတ အဖွဲ့များနှင့် အတိုက်အခံ နိုင်ငံရေးသမားများက စွပ်စွဲပြောကြားကြသည်။

ဗြိတိသျှနန်းမွေခံ ချားလ်မင်းသားက ဆီးချို ရောဂါ ဖြစ်ပွားမှုများပြားနေသော ယူအေအီးနိုင်ငံသို့ အလယ်အပတ်ရောက်ရှိစဉ် မက်ဒေါနယ်ဆိုင်မှ အစား



ဗြိတိန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲနှင့် ဝန်ကြီးချုပ်အသစ် ဂေါ်ဒွန်ဘရောင်း

အစာများကို ပိတ်ပင်ခြင်းဖြင့် ပြည်သူများ၏ ကျန်းမာရေးကို စောင့်ရှောက်သင့်ကြောင်း ပြောကြားသည်ဟု ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ဗြိတိသျှသတင်းအေဂျင်စီတစ်ခုမှ သတင်းထုတ်ပြန်ခဲ့သည်။ ချားလ်မင်းသားသည် အဘူဒါဘီမြို့ရှိ ဆီးချိုရောဂါ လေ့လာရေးတက္ကသိုလ်သို့ရောက်ရှိစဉ် မက်ဒေါနယ် အစားအစာများကို ပိတ်ပင်သင့်ကြောင်း မှတ်ချက်ချခြင်းဖြစ်သည်။

မကြာမီရာထူးမှ ဆင်းပေးရတော့မည့် တိုနီဘလဲမှာ မိသားစုနှင့်အတူ ပြောင်းရွှေ့နေထိုင်ရန် တွန်အွတ်စံကွဲယားဒေသတွင် ပေါင် ၃ ဒသမ ၆၅ သန်းတန်အိမ်တစ်လုံးတည်ဆောက်ရန် စီစဉ်ခဲ့သည်။ အိမ်နီးချင်းအများစုက တိုနီဘလဲကို လိုက်လဲစွာကြိုဆိုခဲ့သော်လည်း အမည်မဖော်လိုသူတစ်ယောက်က တိုနီဘလဲအိမ်ဆောက်မည့်အစီအစဉ်ကို မြို့တော်ကောင်စီသို့ ကန့်ကွက်စာ ပို့ခဲ့သည်။ ယင်းကန့်ကွက်ချက်ကို မြို့တော်ကောင်စီက လက်ခံပါက တိုနီဘလဲပြောင်းရွှေ့ခြင်းကို ရွှေ့ဆိုင်းဖွယ်ရာရှိသည်။ CCTV ကင်မရာများမှာ လုံခြုံရေးအတွက် အသုံးဝင်လှသောကြောင့် ရဲအစောင့်အရောက်များတာဝန်ပိုလာဖွယ်ရှိသည်။

ဇွန်လကုန်တွင် ရာထူးမှ အနားယူမည့် ဝန်ကြီးချုပ် တိုနီဘလဲမှာ လက်ရှိနေထိုင်ရာ ဒေါင်းနင်းလမ်းအိမ်အမှတ် ၁၀ မှ ထွက်ခွာပြီးပါက နေထိုင်စရာအိမ်မရှိသော ပြဿနာနှင့်ရင်ဆိုင်ကြုံတွေ့ရဖွယ်ရာ ရှိသည်ဟု ဗြိတိသျှသတင်းစာများက ရေးသားလိုက်ကြသည်။ ဇွန်လ ၂၇ ရက်နေ့တွင် ရာထူးမှ အနားယူမည့် တိုနီဘလဲနှင့် မိသားစုမှာ လက်ရှိနေအိမ်၏ အနီးအနားရှိ တန်းလျားအိမ်တစ်အိမ်ကို သံယောဇဉ် တွယ်နေကြသည်။ ယင်းတန်းလျားအိမ်မှာ ဘလဲတို့ မိသားစု၏ အချိန်ပိုင်းနေအိမ်လည်းဖြစ်သည်။ ထိုအိမ်တွင် နေထိုင်ခွင့်ရရှိရန် ဘလဲမိသားစုက ပေါင် ၈၀၀၀၀ ပေးရမည်ဖြစ်သည်။ ယင်းတန်းလျားအိမ်၌ ကိုယ်ပိုင်လုံခြုံရေးဝန်ထမ်းများနှင့် လုံခြုံရေးကိရိယာများ တပ်ဆင်ရန် စီစဉ်လျက်ရှိသည်။ တိုနီဘလဲတို့ပြောင်းရွှေ့နေထိုင်ပါက လုံခြုံရေးများ တိုးမြှင့်လာဖွယ်ရှိသောကြောင့် အနီးအနားရှိနေအိမ်များမှာ စိတ်ပျက်နေကြသည်။

ဗြိတိသျှတော်ဝင်မင်းသားများဖြစ်ကြသော မင်းသားဝီလျံနှင့် မင်းသားဟယ်ရီတို့မှာ သူတို့၏ မိခင် ဒိုင်ယာနာကွယ်လွန်ရခြင်းနှင့်ပတ်သက်၍ အမေရိကန်ရုပ်သံဌာနတစ်ခု၏ တွေ့ဆုံမေးမြန်းခြင်းကို ဖြေဆိုရာတွင် လွန်ခဲ့သော ဆယ်စုနှစ်မှာ အလွန်နှေးကွေးလေးလံသော ဆယ်စုနှစ်ဖြစ်သည်ဟု ပြောကြားခဲ့ကြသည်။ မင်းသမီးဒိုင်ယာနာမှာ ၁၉၉၇ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် ပြင်သစ်နိုင်ငံ ပါရီမြို့၊ ဂျွန်ဒယ်လယ်မှာ ဥမင်လိုဏ်ခေါင်းအတွင်း၌ ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြခဲ့ရသည်။

ကလေးများအား ကူညီထောက်ပံ့ရေးအေဂျင်စီတဖြည်းဖြည်းသာ ပြုပြင်ပြောင်းလဲရန် အစိုးရက ကတိပြုလိုက်သောကြောင့် ကလေးစရိတ်ဖြင့် ဝန်ပိနေသော ဖခင်များမှာ ပေါင်တစ်ဘီလီယံခန့် အကြွေးတင်လာဖွယ်ရှိသည်

ဟု သတင်းများက ဆိုသည်။ ကလေးကူညီထောက်ပံ့ရေးအေဂျင်စီ၏ ပျက်ကွက်မှုကြောင့် တစ်လလျှင် ကြွေးမြီပေါင်ငွေ ၂၀၀ ခန့် တင်လျက်ရှိကြောင်း ကွန်ဆာဗေးတစ်ပါတီ မိသားစုသက်သာချောင်ချိရေးပြောရေးဆိုခွင့် ရှိသူ မာရီယာမေယာက ပြောကြားခဲ့သည်။ အစိုးရက ၂၀၀၃ ခုနှစ် မတိုင်မီအေဂျင်စီကို ပြောင်းလဲရန် မဖြစ်သေးသောကြောင့် ထိုအချိန်တွင် ကလေးစရိတ်ထောက်ပံ့ရသော ဖခင်များတွင် အကြွေးပေါင်ငွေ တစ်ဘီလီယံခန့် ရှိလာလိမ့်မည်ဟု မာရီယာမေယာက ခန့်မှန်းပြောဆိုခြင်းဖြစ်သည်။

ဗြိတိန်နိုင်ငံမှာ အခြားနိုင်ငံများနှင့် ကုန်သွယ်ရာတွင် ဒီဇင်ဘာလ၌ လိုငွေပြသောကြောင့် နှစ်စဉ်ကုန်သွယ်ရေး လိုငွေပြမှု ပမာဏမှာ ၁၉၉၇ ခုနှစ်မှစ၍ အများဆုံးဖြစ်ခဲ့ရသည်ဟု အမျိုးသားစာရင်းရုံးက ပြောကြားသည်။ ဒီဇင်ဘာလက ကုန်သွယ်ရေးလိုငွေ ၇ ဒသမ ၁ ဘီလီယံရှိခဲ့သဖြင့် နိုဝင်ဘာလက ၆ ဒသမ ၈၇ ဘီလီယံပေါင်ထက် ပိုခဲ့ရသည်။ စုစုပေါင်းကုန်သွယ်ရေးလိုငွေမှာ ၂၀၀၆ ခုနှစ်က ၅၅ ဒသမ ၈ ဘီလီယံရှိပြီး ၂၀၀၅ ခုနှစ်က ၄၄ ဒသမ ၆ ဘီလီယံထက်များစွာ ပိုလာခဲ့ခြင်းဖြစ်သည်။ ဝန်ဆောင်မှုများတွင် ၂၀၀၆ ခုနှစ်က ၂၈ ဒသမ ၅ ဘီလီယံခန့် ပေါင်ငွေပိုပြခဲ့သည်။ ဒီဇင်ဘာလတွင် ဘဏ္ဍာရေးဝန်ကြီး ဂေါ်ဒွင်ဘရောင်းက ဝန်ကြီးဌာနက မသမာသော ကုန်သွယ်ရေးကြောင့် အခွန် ၂ ဘီလီယံနှင့် ၃ ဘီလီယံပေါင်ကြား ဆုံးရှုံးခဲ့သည်ဟု ဘတ်ဂျက်အကြို အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဗြိတိန်နိုင်ငံ၌ ထိပ်တန်းဘဏ်ဖြစ်သော Barclays ဘာကလေဘဏ်က ဒတ်ချ်ဘဏ် ABN Amroနှင့် ပေါင်ငွေ ၄၅ ဘီလီယံတန်ကြေးရှိ ပူးပေါင်းဆောင်ရွက်မှု စာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့သည်။ ယင်းသို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ယင်းဘဏ်နှစ်ခုမှာ ပေါင်ငွေ ၉၄ ဘီလီယံတန်ကြေးရှိလာမည်ဖြစ်ပြီး၊ ကမ္ဘာပေါ်တွင် အကြီးဆုံးဘဏ်တစ်ခုဖြစ်လာမည်ဖြစ်သည်။ ဘဏ်နှစ်ခုပေါင်းလိုက်ခြင်းကြောင့် အလုပ်အကိုင် ၁၂၈၀၀ လျော့ချရမည်ဖြစ်၍ အလုပ်အကိုင် ၁၀၀၀၀၀ ကို လစာလျော့ချရလိမ့်မည်ဟု တာဝန်ရှိသူများက ပြောကြားသည်။ စကော့တလန် ဘဏ် Royal Bank က ဦးဆောင်သော ပြိုင်ဘက်ဘဏ်အဖွဲ့မှာ Barclays ဘာကလေကဲ့သို့ပင် ABN Amroနှင့် တွဲ့ဆုံမှု ပြုလုပ်ခဲ့သော်လည်း နောက်ကျခဲ့သည်။ ဘဏ်နှစ်ခု ပူးပေါင်းပြီးနောက် ဖောက်သည် ၄၇ သန်းရှိလာပြီး၊ ခရစ်တစ်ကဒ်ပြားကိုင်ဆောင်သူ ၂၇ သန်းရှိလာလိမ့်မည်ဟု ကျွမ်းကျင်သူများက သုံးသပ်ကြသည်။ ဘီဘီစီသတင်းဌာန စီးပွားရေးအယ်ဒီတာ ရောဘတ်ပက်စတန်ကမူ Barclays က ABN နှင့် ပူးပေါင်းခြင်းကြောင့် ပြိုင်ဘက်ကုမ္ပဏီများ၏ နှောင့်ယှက်ဟန့်တားမှုများကို ရင်ဆိုင်လာရဖွယ်ရှိသည်ဟု သုံးသပ်ထားသည်။

ကမ္ဘာတစ်ဝန်းရှိ သမိုင်းစာများနှင့် မှတ်တမ်းမှတ်ရာများကို စုဆောင်းခဲ့ပြီး မကြာမီက လေလံတင်ရောင်းချခဲ့ရာ ပေါင်ငွေ ၃ ဒသမ ၈ သန်း (ဒေါ်လာ ၇ ဒသမ ၇ သန်း)အထိ ရရှိခဲ့ပြီး ယင်းစာများတွင် ပြင်သစ်ဧကရာဇ်ဘုရင် နပိုလီယံက ချစ်သူဂျိုးဇက်နှင့် စကားများခဲ့ပြီးနောက် တောင်းပန်စာရေးသားထားသော စာလည်းပါဝင်သည်။ ဩစတြေးလျနိုင်ငံသား ဘဏ်စီမံအုပ်ချုပ်သူတစ်ဦးက နှစ်ပေါင်း ၃၀ အတွင်း စုဆောင်းခဲ့သော သမိုင်းဝင်မှတ်တမ်းမှတ်ရာ ၁၀၀၀ နီးပါးခန့်တွင် ဝင်စတန်ချာချီ၊ အလက်ဇန္ဒာပွတ်ရှကင်းဂျန်နွန်နီနှင့် အယ်လီဇာဘက်ဘုရင်မတို့ ရေးသားထားသော စာများလည်း ပါဝင်ကြသည်။ ယင်းမှတ်တမ်းမှတ်ရာများကို လေလံတင်ရောင်းချ၍ ရရှိသောငွေမှာ မျှော်မှန်းသည်ထက် ပိုမိုရရှိခဲ့သည်။ ယင်းမှတ်တမ်းမှတ်ရာများတွင် အရှားပါးဆုံးနှင့် စိတ်ထိခိုက်စရာအကောင်းဆုံးသော စာမှာ နပိုလီယံဘုရင်က ချစ်သူ ဂျိုးဇက်ဖင်နှင့် အငြင်းပွားပြီးနောက် တောင်းပန်သည့်အနေဖြင့် ရေးသားထားသော စာပင်ဖြစ်သည်။ ယင်းစာကို ပေါင် ၂၇၆၀၀၀ ဖြင့် ရောင်းချခဲ့ရပြီး မျှော်မှန်းသည်ထက် ပေါင်ငွေ ၃၀၀၀၀ မှ ၅၀၀၀၀ ထက်ငါးဆခန့် ပိုမိုရရှိခဲ့သည်ဟု လေလံပစ်သူက ပြောကြားသည်။

အင်္ဂလန်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲဝင် အသင်းများ၏ အစုရှယ်ယာများကို ဝယ်ယူနိုင်ရန် အာရှတိုက်သားကြွယ်ဝချမ်းသာသော စီးပွားရေးလုပ်ငန်းရှင်များ အပြိုင်အဆိုင်ကြိုးပမ်းလျက်ရှိကြောင်း ဇူလိုင်လ ၇ ရက်နေ့က

အင်တာနက်သတင်းတွင် ဖော်ပြသည်။ ထိုင်းဝန်ကြီးချုပ်ဟောင်းသက်ဆင်ရှင်နာဝါစရာမှာ မန်ချက်စတာစီးတီးအသင်း၏ အစုရှယ်ယာ ၆၆ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားပြီဖြစ်၍ ယင်းအသင်း၏ အစုရှယ်ယာအားလုံးကို ဝယ်ယူရန်လည်း နီးစပ်နေပြီဖြစ်သည်။ ပရီးမီးယားလိဂ် ဘောလုံးအသင်းသို့ အတန်းတက်လာသော ဘာမင်ဂန်စီးတီးအသင်းမှာ မကြာမီက ဟောင်ကောင်သူဌေးကြီး ကာဆန်ယွန်းအား အစုရှယ်ယာ ၁၀ ရာခိုင်နှုန်းကို ရောင်းချပေးရန် သဘောတူခဲ့သည်။ အိန္ဒိယလူမျိုး သံမဏိထုတ်လုပ်ရေးကုမ္ပဏီပိုင်ရှင် လက်ရှမီးမီတယ်ကလည်း ဘာမင်ဂန်စီးတီး၏ အစုရှယ်ယာများကို ဝယ်ယူရန်စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။ အာရှနိုင်ငံများတွင် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ ရေပန်းစားမှုမှာ အရှိန်အဟုန်မြင့်မားနေဆဲဖြစ်သည်။ ပြိုင်ပွဲဝင်အသင်းများ၏ အစုရှယ်ယာများကို ပိုင်ဆိုင်ခြင်းဖြင့် ငွေကြေးအရ အကျိုးအမြတ်များစွာ ရရှိနိုင်သည်။

လူပေါင်းသန်း ၅၀ ကျော်သေဆုံးခဲ့သော ၁၉၁၈ ခုနှစ် တုပ်ကွေးရောဂါမျိုး ပြန်လည်ဖြစ်ပွားနိုင်ကြောင်း ကမ္ဘာအနှံ့ဖြစ်ပွားသော တုပ်ကွေးရောဂါဖြင့် လူပေါင်း ၆၂ သန်း သေဆုံးနိုင်ကြောင်း ဟားဗက်တ်တက္ကသိုလ်မှ သုတေသီများက လေ့လာတွေ့ရှိရသည်ဟု ဇန်နဝါရီလ ၇ ရက်နေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။ တုပ်ကွေးရောဂါဖြင့် သေဆုံးနိုင်သူဦးရေမှာ ၆၂ သန်းထက် ပိုမိုလာနိုင်ကြောင်း တုပ်ကွေးရောဂါကို ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများက အများဆုံးခံရနိုင်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။ ဖွံ့ဖြိုးဆဲနိုင်ငံအများစုမှာ ယင်းရောဂါအတွက် ကြိုတင်ပြင်ဆင်နိုင်စွမ်းရှိမည်ဟု ကျွမ်းကျင်သူများက ယုံကြည်ထားသည်။ ကမ္ဘာအနှံ့ဖြစ်ပွားသော တုပ်ကွေးရောဂါမှာ နှစ် ၁၀၀ အတွင်း သုံးကြိမ်မှ လေးကြိမ်အထိ ဖြစ်ပွားလေ့ရှိသည်ဟု ဆိုသည်။ တုပ်ကွေးရောဂါဖြစ်ပွားပါက ဗြိတိန်နိုင်ငံတစ်နိုင်ငံတည်းမှာပင် လူပေါင်း ၅၀၀၀ မှ ၇၀၀၀၀ အထိ သေဆုံးနိုင်ကြောင်း ခန့်မှန်းထားသည်။

ပါမောက္ခခရစ္စတိဖာရေးနှင့် အဖွဲ့မှာ ၁၉၁၈-၁၉၂၀ ပြည့်နှစ်ကာလက ဖြစ်ပွားသော စပိန်တုပ်ကွေးရောဂါကို ပြန်လည်သုံးသပ်ခဲ့ကြသည်။ နောင်အခါတွင် ဖြစ်ပွားလာမည့် တုပ်ကွေးရောဂါမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ထူးထူးကဲကဲကျရောက်မည်ဖြစ်ကြောင်း ဒေါက်တာမာရေးက သတိပေးထားသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ကြိုတင်ကာကွယ်ဆေးများနှင့် ပဋိဇီဝဆေးများ စီစဉ်ထားရှိရန်လိုအပ်ကြောင်း လန်ဒန်အင်ပီးရီးယလ်ကောလိပ်မှ တုပ်ကွေးရောဂါ ကျွမ်းကျင်သူ ဒေါက်တာနေးလ်မာဂူဆန်က ပြောကြားသည်။ ဗြိတိန်နိုင်ငံ မွေးမြူရေးခြံတစ်ခြံတွင် ကြက်ငှက်တုပ်ကွေးရောဂါပိုးကို ပထမဆုံးအကြိမ် တွေ့ရှိခဲ့ရပြီးနောက် ယင်းရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကြက်ဆင်ကောင်ရေ ၁၆၀၀၀၀ အထိကို သုတ်သင်ရှင်းလင်းလျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ပြောကြားခဲ့သည်။ အင်္ဂလန်အရှေ့ပိုင်း ဟော်လ်တန်မြို့ရှိ မွေးမြူရေးခြံတစ်ခြံတွင် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုး တွေ့ရှိခဲ့သည်။ ယင်းမွေးမြူရေးခြံကို ဥရောပ၌ ကြက်ဆင်သားထုတ်လုပ်သော ထိပ်တန်းကုမ္ပဏီတစ်ခုက ပိုင်ဆိုင်သည်။ အစိုးရလက်အောက်ခံအရေးပေါ် စီမံခန့်ခွဲရေးကော်မတီက ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးအစီအစဉ်များကို ရေးဆွဲလျက်ရှိသည်။

ဗြိတိန်နိုင်ငံရှိ ကြက်ဆင်အချို့တွင် ဖေဖော်ဝါရီလဆန်းပိုင်းက ကြက်ငှက်တုပ်ကွေးရောဂါပိုး တွေ့ရှိ၍ ကြက်ဆင်ကောင်ရေ အများအပြားကို သတ်ပစ်ခဲ့ရကြောင်း၊ နိုင်ငံအတွင်း၌ ယခုကဲ့သို့ ကြက်ဆင်များရောဂါဖြစ်လာရခြင်းမှာ ဟန်ဂေရီနိုင်ငံမှ တင်သွင်းလာသော တစ်စိတ်တစ်ပိုင်းပြုပြင်ပြီး ကြက်ဆင်သားများကြောင့် ရောဂါပျံ့နှံ့သွားရခြင်းဖြစ်ဖွယ်ရာရှိကြောင်း အစိုးရတာဝန်ရှိသူက ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ပြောကြားသည်။ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားသည်ဆိုသော ဘားနတ်မက်သရူး ကြက်ဆင်မွေးမြူရေးခြံမှာ ဘော်လ်တန်ဒေသဆာဖော့ဟ်မြို့တွင် တည်ရှိသည်။ ယင်းခြံသို့ ရက်သတ္တတစ်ပတ်လျှင် ဟန်ဂေရီနိုင်ငံမှ ကြက်ဆင်အသား ၃၈ တန် တင်သွင်းလေ့ရှိသည်။ ယင်းကြက်ဆင်သားကို ပြုပြင်သောရုံနှင့် မနီးမဝေးရှိ မွေးမြူရေးခြံတွင်းမှ ကြက်ငှက် များတွင် တုပ်ကွေးရောဂါပိုးကျရောက်ခဲ့သည်။ ဗြိတိန်နိုင်ငံ၌ ဆောင်းခိုရန် ရောက်ရှိလာသော ရာသီအလိုက်ရွှေ့ပြောင်း


သော ငှက်များတွင် ကြက်ငှက်တုပ်ကွေးရောဂါပိုး မတွေ့ရှိရသဖြင့် ဘားနတ်မက်သရူးခြံ၌ ဖြစ်ပွားသော ကြက်ငှက်ရောဂါပိုးမှာ ဟန်ဂေရီမှ ကူးလာသော ရောဂါပိုးသာ ဖြစ်မည်ဆိုသော အတွေးအဆကို အချို့က လက်ခံကြသည်။

ဗြိတိန်နိုင်ငံ ကြက်ဆင်မွေးမြူရေးလုပ်ငန်း၌ ကြက်ငှက်တုပ်ကွေးရောဂါတွေ့ရှိရပြီးနောက်ပိုင်း အရောင်းကျဆင်းလာသဖြင့် လုပ်ငန်း၌ လုပ်ကိုင်နေသော လုပ်သားအင်အားကို လျှော့ချသွားမည်ဖြစ်ကြောင်း ဘားနက်မက်သရူးမွေးမြူရေးကုမ္ပဏီက ဖေဖော်ဝါရီလ ၂၀ ရက်နေ့က ကြေညာသည်။ လောလောဆယ်တွင် အလုပ်သမား ၁၃၀ ကို လျှော့ချမည်ဖြစ်ပြီး နောက်ပိုင်း၌လည်း ဆက်လက်လျှော့ချသွားစရာရှိသည်ဟု ဆိုသည်။ ယင်း အလုပ်သမားလျှော့ချရေး ကိစ္စကို အလုပ်သမားကိုယ်စားလှယ်များကလည်း လက်ခံသဘောတူညီပြီးဖြစ်သည်ဟု ဘားနက်မက်သရူးကုမ္ပဏီက ပြောကြားသည်။ ကုမ္ပဏီ၏ ကြက်ဆင်သားရောင်းချရမှု ပမာဏမှာ ၄၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားရသည့်အတွက် အလုပ်သမားများ လျှော့ချရေးကိစ္စကို စိတ်မကောင်းစွာ ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း ကုမ္ပဏီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဗြိတိန်နိုင်ငံတွင် ကြီးထွားနေသော ဆိုးသွမ်းလူငယ်တိုက်ဖျက်ရေးအတွက် ဝန်ကြီးချုပ် တိုနီဘလဲက လေးစားမှုဇုန်အမည်ဖြင့် နေရာ ၄၀ တည်ဆောက်ရန် ပေါင်ငွေ ၃၆ သန်း သုံးစွဲမည်ဖြစ်ကြောင်း ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ယင်းဇုန်များ၌ မယဉ်ကျေးဆိုးသွမ်းလူငယ်များကို ပြုပြင်ပေးမည့် အတိုင်ပင်ခံ စခန်းများထားရှိမည်။ မိဘများကိုလည်း ပညာပေးအစီအစဉ်များပြုလုပ်သွားမည်ဖြစ်သည်။ ဆိုးသွမ်းမှုကြီးမားသော လူငယ်များကို လူမှုဝန်ထမ်းများက ၂၄ နာရီထိန်းချုပ်ခွင့်ရှိမည်။ ဗြိတိန်နိုင်ငံ အနှံ့အပြားရှိ အုပ်ချုပ်ရေးကောင်စီများသို့ လူငယ်အုပ်ချုပ်ရေးလက်စွဲ စာအုပ်များ ပေးပို့မည်ဖြစ်သည်။ တိုနီဘလဲ သတ်မှတ်ပေးထားသော နယ်မြေများတွင် လူငယ်များ၏ မယဉ်ကျေးသော အပြုအမူများကို ထိထိရောက်ရောက်နှိမ်နှင်းမည်ဖြစ်သည်။

ဗြိတိန်နိုင်ငံ ဘုရင့်မိသားစုဝင် လူငယ်များ၊ ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်များနှင့် နာမည်ကျော်အားကစားသမားများ လာရောက်ကျက်စားလေ့ရှိသော လန်ဒန်မြို့တော်မှ ထိပ်တန်းညကလပ်ရုံနှစ်ရုံကို ယာယီပိတ်ထားလိုက်ကြောင်း မီဒီယာသတင်းများ၌ ဖော်ပြသည်။ ထောက်လှမ်းရေးသတင်းရပြီးနောက် မိမိတို့က ညကပွဲရုံတစ်ရုံမှ ကိုယ်စားလှယ်များနှင့် အဆက်အသွယ်ပြုလုပ်ခဲ့ကြသည်ဟု လန်ဒန်မြို့တော် ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ယခုအချိန်တွင် ပြည်သူလူထုအတွက်လုံခြုံမှုရှိစေရေးမှာအရေးကြီးလျက်ရှိနေသဖြင့် ယင်းကပွဲရုံများကို ပိတ်ထားရန် မေတ္တာရပ်ခံခဲ့ခြင်းဖြစ် သည်ဟု သတင်းစာတွင် ရေးသားထားသည်။ လုံခြုံရေးအစောင့်များနှင့် ကပွဲရုံလာသူများ ဖေဖော်ဝါရီလ စောစောပိုင်းက မပြေမလည်မှုများ ဖြစ်ပွားပြီးနောက် ယင်းအစီအစဉ်များကို ချမှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

စာအိတ်ဗုံးဟု မသက်စရာ ဗုံးတစ်လုံး၊ အင်္ဂလန်တောင်ပိုင်း ဘတ်ရှိုင်းယားမြို့ရှိ စီးပွားရေးလုပ်ငန်းဌာနတစ်ခုတွင် အသေးစားဗုံးပေါက်ကွဲမှုနှင့်ပတ်သက်၍ အရေးပေါ်ဌာနက ကိုင်တွယ်ဖြေရှင်းနေသည်ဟု ရဲတပ်ဖွဲ့ကြေညာချက်တွင် ဖော်ပြထားသည်။ ယင်းသို့ဗုံးပေါက်ကွဲမှုဖြစ်ပွားသဖြင့် ရဲတပ်ဖွဲ့ကို ခေါ်ယူပြီး အဆောက်အအုံမှ လူများကို ရွှေ့ပြောင်း၍ အခင်းဖြစ်ပွားသော နေရာကို အသွားအလာပိတ်ထားကြောင်း ယင်းဗုံးမှာ စာအိတ်ဗုံးဖြစ်ဖွယ်ရာရှိပြီး ထိခိုက်ဒဏ်ရာသာရရှိစေခဲ့ကြောင်း ကြေညာချက်တွင်ပါရှိသည်။ စီးပွားရေး



ဗြိတိန်နိုင်ငံအလယ်ပိုင်း ဝေါဆက်စတာရှိုင်းယားဒေသ၌ ရေကြီးနေသည်ကို တွေ့ရစဉ်

လုပ်ငန်းကုမ္ပဏီကိုပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်သည်ဟု ယင်းကုမ္ပဏီနှင့်ပတ်သက်သော သတင်းရပ်ကွက်ကပြောကြားသည်။ ရဲတပ်ဖွဲ့ကမူ ယင်းဗုံးပေါက်ခွဲမှုနှင့် စပ်လျဉ်း၍ ပြောကြားရန် အချိန်စောသေးသည်ဟု ဆိုသည်။

ဗြိတိန်နိုင်ငံ တစ်ဝန်းရှိ ညကပွဲရုံများ၊ စတိုးဆိုင်များကို ဗုံးခွဲရန် ကြံစည်သူများကို အပြစ်ရှိကြောင်း တရားရုံးက ပြောကြားသည်။ အယ်လ်ကေဒါလိုလား‌သော ယင်းအဖွဲ့တွင် အဖွဲ့ဝင် ၅ ဦးပါဝင်ပြီး၊ အမေရိကန်၏ အကြမ်းဖက်စစ်ပွဲကို ဗြိတိန်နိုင်ငံက ထောက်ခံသောကြောင့် လက်တုန့်ပြန်ခြင်းဖြစ်သည်။ ယခုဗုံးဖောက်ခွဲရန် ကြံစည်သူများနှင့် ၇/၇ လန်ဒန်ဗုံးဖောက်ခွဲသူများအကြား အဆက်အသွယ်ရှိသည်ကိုလည်း တရားရုံးက ထုတ်ဖော်ခဲ့သည်။ အစိုးရက ရဲတပ်ဖွဲ့၏ကြိုးစားမှုကို ချီးကျူးလိုက်ပြီး ရဲတပ်ဖွဲ့၏ ကြိုးပမ်းမှုကြောင့်သာ အကြမ်းဖက်သူများကို သံတိုင်နောက်သို့ ပို့ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ အကြမ်းဖက်သူများ ဖောက်ခွဲရမည့် ဓါတ်မြေဩဇုံးမှာ ယခင်နှစ်က မွန်ဘိုင်းမီးရထားဗုံးကွဲမှု၏ပေါက်ကွဲအား‌ထက် ပို၍ ပြင်းထန်သည်ဟု အကြမ်းဖက်နှိမ်နင်းရေးအရာရှိများက မှတ်ချက်ချခဲ့ကြသည်။

ဗြိတိန်နိုင်ငံတွင် ၂၀၀၅ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့က ဗုံးခွဲတိုက်ခိုက်မှုနှင့်ပတ်သက်၍ လူသုံးဦးကို ဧပြီလ ၇ ရက်နေ့တွင် စွဲချက်တင်လိုက်သည်။ ယင်းတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူ ၅၂ ဦးသေဆုံးခဲ့ပြီး လူ ၇၀၀ ခန့် ဒဏ်ရာရခဲ့သည်။ လန်ဒန်မြို့၏ သယ်ယူပို့ဆောင်ရေးစနစ်ကို ဗုံးခွဲတိုက်ခိုက်မှုဖြင့် စွဲချက်တင်ခံရသူ သုံးဦးမှာ ဝါဟိအလီ၊ ဆာဒီယာဆာလင်နှင့် မိုဟာမက် ရှာကီလီတို့ဖြစ်ကြသည်။ ယင်းတိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ ၂၁ လကြာ စုံစမ်းစစ်ဆေးခဲ့ကြောင်း၊ စကော့တလန်ရဲတပ်ဖွဲ့မှ အကြမ်းဖက်မှုတိုက်ဖျက်ရေးဌာနအကြီးအကဲ ပီတာကလပ်၏ ပြောကြားချက်ကို ကိုးကား၍ စကိုင်းသတင်းဌာနက ဧပြီလဆန်းတွင် ဖော်ပြသည်။ ဖော်ပြပါ သုံးဦးကို မတ်လ ၂၂ ရက်နေ့မှစ၍ ထိန်းသိမ်းထားသည်။ ယင်းသုံးဦးမှာ ပါကစ္စတန်သို့ မထွက်ခွာမီ မန်ချက်စတာလေဆိပ်တွင် အဖမ်းခံခဲ့ရခြင်းဖြစ်သည်။

လန်ဒန်မြို့တွင် အဖွဲ့နှစ်ဖွဲ့ခိုက်ရန် ဖြစ်ပွားစဉ် ဆယ်ကျော်သက်ရွယ် တစ်ဦးမှာဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်း၊ ယင်းလူသတ်မှုအတွက် ဇွန်လ ၂၄ ရက်နေ့က ဆယ်ကျော်သက် ၁၄ ဦးကို ရဲတပ်ဖွဲ့က ခေါ်ယူစစ်ဆေးခဲ့ကြောင်း၊ သေဆုံးသူမှာ အသက် ၁၆ နှစ်အရွယ်ဟု ယူဆရကြောင်း၊ လန်ဒန်မြို့ တောင်ဘက် ဘက်ကင်ဟမ်ဒေသလမ်းတွင် ခိုက်ရန်ဖြစ်ပွားပြီးနောက် မာဒဏ်ရာပြင်းထန်စွာ ရရှိထားသည်ကို ရဲတပ်ဖွဲ့က တွေ့ရှိရကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

လန်ဒန်မြို့လယ်တွင် ကားဗုံးအသုံးပြု၍ အကြမ်းဖက်တိုက်ခိုက်မည့် အစီအစဉ်ပျက်ပြားသွားရကြောင်း ယင်းကားဗုံးပေါက်ကွဲမည်ဆိုပါက လူများအစုလိုက်အပြုံလိုက် သေဆုံးနိုင်ကြောင်း ရဲတပ်ဖွဲ့က ဇွန်လ ၂၉ ရက်နေ့တွင် ပြောကြားခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်ရန် ရည်ရွယ်ချက်ဖြင့် လန်ဒန်မြို့တွင် ကားဗုံးထောင်ထားခဲ့ကြောင်း၊ မာစီဒီးကားတစ်စီးပေါ်တွင် ဓာတ်ဆီလီတာ ၂၀၀ ၊ ဓာတ်ငွေ့ဆလင်ဒါများနှင့် သံချောင်းများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ လမ်းငါးလမ်းဆုံရာ ပီကာဒီလီဆားကပ်စ် အရပ်တွင် ဗြိတိသျှစံတော်ချိန်နံနက် ၁ နာရီခွဲ၌ မာစီဒီးကားမှ မီးခိုးထွက်လာသည်ကို လူနာတင်ကားတစ်စီးက စတင်တွေ့ရှိခဲ့ကြောင်း၊ ကားဗုံးထောင်ထားသော နေရာအနီးတွင် လူပေါင်း ၁၇၀၀ အထိ ရှိနေသော ညကပွဲရုံရှိပြီး တာဝန်ရှိသူများထံ အချိန်မီအကြောင်းကြားနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗြိတိန်နိုင်ငံမှ သန်းကြွယ်သူဌေးမတစ်ဦးအား သူမ၏ချစ်သူဟောင်းကို သတ်ဖြတ်ရန် လူငှား၍ ကြံစည်အားထုတ်မှုဖြင့် လန်ဒန်မြို့ အိုးလ်ဘေလီတရားရုံးက မတ်လ ၂ ရက်နေ့တွင် ထောင်ဒဏ် ရှစ်နှစ်အပြစ်ပေးခဲ့သည်။

ဗြိတိန်နိုင်ငံမှာ ဥရောပတိုက်တွင် ကားခိုးမှု၊ လုယက်မှုနှင့် လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုများ သာမန်ထက်ပိုမိုဖြစ်ပွားသော နေရာဖြစ်လာနေကြောင်း ဥရောပရာဇဝတ်မှုနှင့် လုံခြုံရေးစစ်တမ်းတစ်ခုတွင် ဖော်ပြထားသည်။ ရာဇဝတ်ဖြစ်ပွားနှုန်းတွင် ဗြိတိန်မှာ အိုင်ယာလန်ပြီးလျှင် ဒုတိယလိုက်နေပြီး နှစ်နိုင်ငံလုံးတွင် ၂၀၀၆ ခုနှစ်က တွေ့ရှိချက်မှာ ဝန်ကြီးများက ရာဇဝတ်မှုများ လျော့

နည်းကျဆင်းနေသည်ဟု ပြောကြားချက်နှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။ လေ့လာမှုစစ်တမ်းကို ကုလသမဂ္ဂနှင့် ဥရောပကော်မရှင်တို့ပူးတွဲပြုလုပ်ခြင်းဖြစ်ပြီး ဥရောပတိုက်တွင် နေထိုင်သော လူလေးသောင်းခန့်ကို တွေ့ဆုံမေးမြန်းပြီးနောက် ရလာဒ်ကိုထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ လေ့လာမှုကို အစိုးရက ထုတ်ပြန်ခဲ့သော အချက်အလက်များ၊ မှတ်တမ်းများတွင် အခြေမခံဘဲ လူများကြုံတွေ့ခဲ့ရသော တိုက်ခိုက်မှုများကို အခြေခံထားခြင်းဖြစ်သည်ဟု စာတမ်းရေးသားခဲ့သူများက ဆိုသည်။ စာတမ်းအရ ဥရောပနိုင်ငံအသီးသီး၏ လုယက်ခိုးဆိုးမှုမှာ ၁၅ ရာခိုင်နှုန်းခန့်ရှိသော်လည်း ဗြိတိန်နှင့် အိုင်ယာလန်နိုင်ငံတို့တွင် ၂ ရာခိုင်နှုန်းနှင့် ၂၂ ရာခိုင်နှုန်းအသီးသီး ရှိသည်ဟု သိရသည်။ ဗြိတိန်နှင့်ဝေလနယ်တို့တွင် ထောင်ကျသူများ၏ အရေအတွက်မှာလည်း ၁၄၈ ယောက်ရှိသောကြောင့် အခြားဥရောပနိုင်ငံများနှင့် နှိုင်းယှဉ်ပါက များပြားလျက်ရှိသည်။

ဗြိတိန်နိုင်ငံ မူးယစ်သမိုင်းတွင် အကြီးကျယ်ဆုံးကိုကင်းမှောင်ခိုရာဇာ နို့ပို့သမားဟု ထင်ရှားသူ လူဆိုးကိုဏ်းခေါင်းဆောင်အား ဧပြီလ ၃ ရက်နေ့က ထောင်ဒဏ်နှစ် ၃၀ ပြစ်ဒဏ်ချမှတ်ခဲ့သည်။ အသက် ၆၀ အရွယ်ရှိ အိုင်းရပ်နွယ်ဖွား ဘရိုင်ရင်ရိုက်ဆိုသူမှာ ပေါင်ငွေသန်းပေါင်းများစွာတန်သော ကိုကင်းများကို နိုင်ငံတကာဈေးကွက်တင်ပို့ရာ၌နောက်ကွယ်မှကြိုးကိုင်သူဖြစ်သည်။

ဦးရဲလွင်

ရဲနိုင်၊ ဒေါက်တာ(ခရစ်နှစ် ၁၉၄၄-၂၀၀၇)။
။ အဘ ဦးဘတုတ်၊အမိ ဒေါ်ကြည်ကြည်တို့က ၁၉၄၄ ခုနှစ်၊ နိဝင်ဘာလ ၂၅ ရက်နေ့တွင် မန္တလေးမြို့၌ မွေးဖွားခဲ့သည်။ မွေးချင်း ၇ ယောက်အနက် ဒုတိယသားဖြစ်၏။မန္တလေးမြို့လဖုံးအထိမ်းအမှတ်အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ပြီး ၁၉၆၁ ခုနှစ်တွင် ၁၀ တန်း အောင်သည်။

အထက်တန်းကျောင်းသားအရွယ်ကတည်းက စာပေကဗျာများ လေ့လာလိုက်စားခဲ့ပြီး မန္တလေးတက္ကသိုလ်နံရံကပ်စာစောင်များတွင် ကဗျာများရေးသားခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် မန္တလေးဆေးတက္ကသိုလ်သို့ဆက်တက်သောအခါ ငွေတာရီ၊ မဂ္ဂဇင်းတွင် ကဗျာများရေးသားခဲ့သည်။ ၁၉၆၇ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် ငွေတာရီ မဂ္ဂဇင်းတွင် ဖော်ပြခဲ့သော 'ခန္ဓာလုပ်သား' စာတမ်းငယ် သည် ပထမဦးဆုံးဖော်ပြခြင်းခံရသော စကားပြေအရေး အသားဖြစ်သည်။

၁၉၆၉ ခုနှစ်တွင် ဆေးပညာဘွဲ့၊ ၁၉၇၇ ခုနှစ်တွင် မျက်စိရောဂါဒီပလိုမာဘွဲ့နှင့် ၁၉၈၃ ခုနှစ်တွင် မျက်စိရောဂါဆေးပညာမဟာသိပ္ပံဘွဲ့များ ရရှိခဲ့သည်။ ဆရာဝန်ဖြစ်ပြီးနောက် ဒေါက်တာရဲနိုင်ဟူသော ကလောင်အမည်ဖြင့် သိပ္ပံမဂ္ဂဇင်းတွင် ပင်တိုင်ဆောင်းပါးရေးသားခဲ့သည်။ ယင်းအမည်ဖြင့်ပင် သပြေ၊ မဟေသီ၊ ချယ်ရီ၊ ကလျာမဂ္ဂဇင်းတို့တွင် ဝတ္ထုများရေးသားခဲ့ရာမှ ကလောင်အမည်သည် လူသိများလာသည်။

၁၉၈၃ ခုနှစ်တွင် 'အနောက်ကိုရွှေ့အရှေ့ကိုမျှော်' ဝတ္ထုကို ရေးသားခဲ့သည်။ ယင်းဝတ္ထုဖြင့် ၁၉၈၄ ခုနှစ်အတွက် စာပေဗိမာန် (ဝတ္ထုရှည်) ပထမဆုရရှိခဲ့သည်။

၁၉၉၁ ခုနှစ်တွင် စင်ကာပူနိုင်ငံသို့ မျက်စိကုပညာဆိုင်ရာ ဆေးပညာသင်ကြားရေးအတွက် စေလွှတ်ခြင်းခံရသည်။ ထိုနိုင်ငံမှ အတွေ့အကြုံဖြင့် 'အီကွေတာ-ပိတောက်'မဂ္ဂဇင်းဝတ္ထုရှည်ကို ကလျာမဂ္ဂဇင်းတွင် ရေးခဲ့သည်။ ယင်းဝတ္ထုနှင့် မဂ္ဂဇင်းများတွင် ဖော်ပြခဲ့ပြီးသော ဝတ္ထုတိုများကို ပေါင်းစု၍ ဂုဏ်ထူးစာပေမှ ထုတ်ဝေခဲ့ရာ ၁၉၉၃ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိခဲ့သည်။

အမှတ် (၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀) ၏ မျက်စိကုဌာနမှူး တာဝန်ကို ထမ်းဆောင်ခဲ့သည်။ (၁၆-၈-၂၀၀၇) နေ့တွင် ကွယ်လွန်ခဲ့ပြီး ဇနီး ဒေါ်ခင်လေးရီဝင်းနှင့် သားသမီးနှစ်ဦးကျန်ရစ်သည်။



ဒေါက်တာ ရဲနိုင်

ရဲအောင်၊ ဒေါက်တာ (ခရစ်နှစ် ၁၉၂၉–၂၀၀၆)။ ။ ဒေါက်တာရဲအောင်ကို အဘဖြစ်သူ မူလတန်းကျောင်းအုပ်ဆရာကြီး ဦးသန့်၊ မိခင် ဒေါ်အေးရင်တို့က ၁၉၂၉ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် ရွှေတောင်မြို့တည်ကုန်းရပ်၌ မွေးဖွားသည်။ ငယ်စဉ်က ဖခင်အလယ်တန်းပြဆရာအဖြစ် လုပ်ကိုင်သော ရွှေတောင်မြို့ အမျိုးသားအလယ်တန်းကျောင်း၌ မူလတန်းကြို့စတင်တက်ရောက်သည်။ ထို့နောက် ရွှေတောင်မြို့တည်ကုန်းရပ်ရှိ မြန်မာ့ဟိတမြူနီစီပယ်အထောက်အပံ့ခံမူလတန်းကျောင်း၌ မူလတန်းပညာသင်ယူသည်။ တတိယတန်းနှင့် စတုတ္ထတန်းတက်ရောက်စဉ် ဖခင်၏



ဒေါက်တာ ရဲအောင်

ဆရာအလုပ်ကို ကူညီဆောင်ရွက်သည်။ စတုတ္ထတန်းစကောလားရုစ်စာမေးပွဲ ဖြေဆိုအောင်မြင်သည်။ ၁၉၃၉ ခုနှစ်မှ ၁၉၄၄ ခုနှစ်အထိ ရွှေတောင်မြို့ အမျိုးသားအလယ်တန်းကျောင်း၌အလယ်တန်းပညာသင်ယူသည်။ ၁၉၄၇–၄၈ ခုနှစ်တွင် ရန်ကုန်မြို့၌ အထက်တန်းပညာကို အလွတ်ပညာသင်ကျောင်း တက်ရောက်သင်ယူသည်။ ၁၉၄၈ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ပြည်မြို့မှ အောင်မြင်သည်။

ဒေါက်တာရဲအောင်သည် ၁၉၄၈ ခုနှစ်၊ ဂူလိုင်လတွင် ရန်ကုန်တက္ကသိုလ်၌ ဥပစာတန်း စတင်တက်ရောက်ပြီး ဘောဂဗေဒ၊ သမိုင်းနှင့် သချိုင်းဘာသာတွဲကို သင်ယူသည်။ ၁၉၅၀ ပြည့်နှစ်တွင် အကျဉ်းဦးစီးဌာန မင်းကြီးရုံး၌ စာရေးဝန်ထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်သည်။ ၁၉၅၁ ခုနှစ်တွင် ဥပစာတန်း အောင်မြင်ပြီး မိဘများရှိရာ ရွှေတောင်မြို့သို့ပြန်၍ ညကျောင်းဖွင့်လှစ်ကာ အင်္ဂလိပ်စာသင်ကြားပို့ချသည်။ ထိုနှစ် စက်တင်ဘာလတွင် ရွှေတောင်မြို့အစိုးရအထက်တန်းကျောင်း၌ အလယ်တန်းပြဆရာအဖြစ် စတင်တာဝန်ထမ်းဆောင်သည်။ ၁၉၅၂ ခုနှစ်တွင် အထက်တန်းပြဆရာအဖြစ် စတင်ဆောင်ရွက်သည်။ ၁၉၅၃ ခုနှစ်တွင် B.A (Ed)သင်တန်းတက်ရောက်အောင်မြင်သည်။ ၁၉၅၅ ခုနှစ်တွင် ထုံးဘိုအစိုးရအထက်တန်းကျောင်း၌ ကျောင်းအုပ်အဖြစ် စတင်ထမ်းဆောင်သည်။

ဒေါက်တာရဲအောင်သည် ၁၉၅၉ ခုနှစ်၊ ဩဂုတ်လတွင် Full bright ပညာတော်သင်အဖြစ် အမေရိကန်ပြည်ထောင်စုသို့ ခြောက်လကြာသွားရောက်ပညာသင်ယူသည်။ ၁၉၆၂–၆၃ ခုနှစ်တွင် ပညာရေးဘွဲ့ (B.Ed) ကို မေးခွန်းလွှာပြုစုနည်းဘာသာရပ်ဂုဏ်ထူးဖြင့် ရရှိသည်။ ၁၉၆၅ ခုနှစ်၊ နိုဝင်ဘာလတွင် ဆိုဗီယက်ပြည်ထောင်စုသို့ ပညာတော်သင်သွားရောက်ပြီး ၁၉၆၉ ခုနှစ်၊ ဂူလိုင်လတွင် ပါရဂူဘွဲ့ (Ph.D)ရရှိကာ ပညာရေးတက္ကသိုလ်၌ လက်ထောက်ကထိကအဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၇၂ ခုနှစ်၊ မတ်လတွင် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့၌ ပညာရေးသုတေသနအရာရှိအဖြစ်လည်းကောင်း၊ ၁၉၇၅ ခုနှစ်တွင် အထက်တန်းပညာရေး သုတေသနအရာရှိအဖြစ်လည်းကောင်း၊ ၁၉၇၇ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ယာယီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၆ ခုနှစ်အထိ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၈၆ ခုနှစ်တွင် ပညာရေးတက္ကသိုလ်ပါမောက္ခချုပ်အဖြစ်လည်းကောင်း၊ ၁၉၈၇ ခုနှစ်တွင် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း၊ ပညာရေးတက္ကသိုလ်အချိန်ပိုင်းပါမောက္ခအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ပြီး ၁၉၈၉ ခုနှစ်တွင် အငြိမ်းစားယူသည်။ ၁၉၉၀ ပြည့်နှစ်တွင် အချိန်ပိုင်း ပါမောက္ခအဖြစ်လည်းကောင်း၊ ၁၉၉၃ ခုနှစ်မှ ကွယ်လွန်ချိန်အထိ ပညာရေးဝန်ကြီးဌာနအကြံပေးပုဂ္ဂိုလ်အဖြစ်လည်းကောင်းဆောင်ရွက်ခဲ့သည်။

ဒေါက်တာရဲအောင်သည် နိုင်ငံ့တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ၁၉၇၃ ခုနှစ်တွင် ကိုရီးယား-ဒီမိုကရစ်တစ်သမ္မတနိုင်ငံသို့ ပညာရေး

လေ့လာရေးခရီး၊ ၁၉၇၈ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပသော အေပီအီးအိုင်ဒီအစည်းအဝေး၊ ၁၉၇၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ ကျင်းပသော စာတတ်မြောက်ရေးလုပ်ငန်းဆွေးနွေးပွဲ၊ ၁၉၈၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပသော သက်ကြီးပညာရေးဆွေးနွေးပွဲ၊ ၁၉၈၂ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၌ ကျင်းပသော ယူနက်စကိုညီလာခံ၊ ၁၉၈၃ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံ၌ ကျင်းပသော စာတတ်မြောက်ရေးလုပ်ငန်းဆွေးနွေးပွဲ၊ ၁၉၈၅ ခုနှစ်တွင် ဘူလ်ဂေးရီးယားနိုင်ငံ၌ ကျင်းပသော ယူနက်စကိုညီလာခံ၊ ပြင်သစ်နိုင်ငံ၊ အင်္ဂလန်နိုင်ငံနှင့် စင်ကာပူနိုင်ငံများသို့ ပညာရေးလေ့လာရေးခရီးများသွားရောက်ပြီး ပညာရေးဆွေးနွေးပွဲများ တက်ရောက်သည်။

ဒေါက်တာရဲအောင်သည် ၁၉၇၉ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့. အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၉၈၆ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့. ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၈၉ ခုနှစ်မှ ကွယ်လွန်ချိန်အထိ ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့. အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၉၉၉ ခုနှစ်မှ ကွယ်လွန်ချိန်အထိ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့. ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်သည်။

ဒေါက်တာရဲအောင်သည် ပညာတန်ဆောင်မဂ္ဂဇင်းများတွင် ပညာရေး လုပ်သားဘဝအတွေ့အကြုံများ၊ ပညာရေးဆောင်းပါးများကိုလည်းကောင်း၊ ပညာလောကစာစောင်၌ သင်ကြားရေး၊ လေ့လာဆန်းသစ်မှု၊ စာမေးပွဲစစ်ဆေးနည်း၊ ပညာရေးစိတ်ပညာ၊ ပညာရေးသဘောတရားစသည့်ဆောင်းပါးများကိုလည်းကောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပညာရေးတက္ကသိုလ်နှစ်လည်မဂ္ဂဇင်းများတွင် ဆောင်းပါးများကိုလည်းကောင်း ရေးသားခဲ့သည်။ ထို့ပြင် ဒေါက်တာရဲအောင်ရေးသားပြုစုသည့် 'အခြေခံပညာဆရာများအဖို့ ဓမ္မဓိဋ္ဌာန်စစ်ဆေးနည်းနှင့် အခြားတတ်မြောက်မှုစစ်ဆေးနည်းများ' စာအုပ်ကို ၁၉၉၉ ခုနှစ်၊ ဩဂုတ်လတွင်လည်းကောင်း၊ 'အခြေခံပညာဆရာများအတွက် သင်ပြနည်းဆိုင်ရာ အခြေခံသိမှတ်ဖွယ်ရာများ'စာအုပ်ကို ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလတွင်လည်းကောင်း၊ 'အခြေခံပညာဆရာများအဖို့. အသုံးဝင်သော ဂုဏ်ရည်တူမေးခွန်းနှင့် ဂုဏ်ရည်တူမေးခွန်းလွှာများ တည်ဆောက်အသုံးပြုနည်း'စာအုပ်ကို ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလတွင်လည်းကောင်း၊ 'ပညာရေးရည်ရွယ်ချက်များအရ လုပ်ငန်းနယ်ပယ်ခွဲခြားချက်များ' စာအုပ်ကို ၂၀၀၃ ခုနှစ်၊ မေလတွင်လည်းကောင်း မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့က ထုတ်ဝေသည်။

ဒေါက်တာရဲအောင်သည် ၁၉၅၈ ခုနှစ်တွင် ပန်းတောင်းမြို့နယ် ထုံးဘိုမြို့နေ ဇနီး ဒေါ်ခင်ဝင်းအောင် (ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်းအငြိမ်းစား ကျောင်းအုပ်ဆရာမကြီး)နှင့် လက်ထပ်ပြီး သားနှစ်ဦး ထွန်းကားသည်။

ပညာရေးပညာရှင်ဖြစ်သူ ဒေါက်တာရဲအောင် [B.A (Ed), B.Ed, Ph.D (Moscow)] သည် ၂၀၀၆ ခုနှစ်၊ ဇွန်လ ၂၈ရက်နေ့တွင် ရန်ကုန်မြို့၌ကွယ်လွန်သည်။

စိုးအောင်

လက်တင်အမေရိကနိုင်ငံများ။ ။

ဘရာဇီးနိုင်ငံ

ဘရာဇီးနိုင်ငံတွင် လူဝီစီအင်နာစီယိုလူလာဒါဆေးလ်ဗားသည်ဒုတိယအကြိမ်သမ္မတရာထူးသက်တမ်းအတွက်ဇန်နဝါရီလ ၁ ရက်နေ့တွင် ကျမ်းသစ္စာကျိန်ဆိုသည်။ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ကျင်းပသော ရွေးကောက်ပွဲ၌ လူလာမှာ ဒုတိယအကြိမ်သမ္မတသက်တမ်းအတွက်ထောက်ခံ မဲ ၆၀ ဒသမ ၈ ရာခိုင်နှုန်းဖြင့် အရွေးခံခဲ့ရသည်။ လူလာမှာ ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလတွင် သမ္မတအဖြစ် ပထမဆုံးအကြိမ် ရွေးကောက်တင်မြှောက်ခံရပြီး ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလတွင် သမ္မတတာဝန်ကို စတင်ထမ်းဆောင်ခဲ့သည်။ လူလာမှာ ၂၀၀၇ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ သမ္မတရာထူးတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ ၁၉၄၅ ခုနှစ်တွင် ဘရာဇီးနိုင်ငံပါနမ်တူကိုပြည်နယ်တွင် လူလာကို မွေးဖွားပြီးနောက် ဆာပေါကိုပြည်နယ်သို့ သူ၏ မိသားစုပြောင်းရွှေ့ခဲ့သည်။ လူလာသည် ၁၉၈၀ ပြည့်နှစ်တွင် လက်ဝဲယိမ်း ပီတီပါတီကို ထူထောင်ခဲ့ပြီး

၁၉၈၆ ခုနှစ်တွင် အောက်လွတ်တော်အမတ်အဖြစ် ရွေးချယ်ခံခဲ့ရသည်။

တောင်အမေရိကဒေသမှ အမေရိကန်ပြည်ထောင်စု ဥရောပသမဂ္ဂနှင့် အာဖရိကဒေသများသို့ ကိုကင်းမူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်နေသောနိုင်ငံမူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားကိုဏ်းတစ်ကိုဏ်းကို ဘရာဇီးရဲတပ်ဖွဲ့က ဖေဖော်ဝါရီလ ၁ ရက်နေ့တွင်ဖြိုခွင်းခဲ့သည်။ ဘရာဇီးနိုင်ငံရှိ လက်ဘန္ဓမ်နိုင်ငံသားများ လုပ်ကိုင်နေသော မူးယစ်ကိုဏ်းမှ အဖွဲ့ဝင် ၁၉ ဦးကို ရဲတပ်ဖွဲ့က ပြည်နယ်ခြောက်ခုတွင် ထိုးစစ်ဆင်ကာ ဖမ်းဆီးခဲ့ခြင်း



ဘရာဇီးလ်သမ္မတ လူဝီစီအင်နာစီယိုလူလာဒါဆေးလ်ဗားနှင့် အလည်အပတ်ရောက်ရှိနေသော အာဂျင်တီးနားသမ္မတခရစ္စတီးနားဖာနန်ဒီဇ်ဒီကီချနာတို့ မြို့တော်ဘရာဇီးလီးယားတွင်တွေ့ဆုံနှုတ်ဆက်နေကြသည်ကိုတွေ့ရစဉ်

ဖြစ်သည်။ ဖမ်းမိသူများတွင် အစိုးရထောက်လှမ်းရေးသမား ကီဟိုးဆိုသူပါဝင်ပြီး ဂိုဏ်း၏အဖွဲ့ဝင်အဖြစ် သံသယမကင်းခံရသူဖြစ်သည်။ ဂိုဏ်းခေါင်းဆောင်ဖြစ်သူ နာဆရယ်လာကို နေအိမ်တွင် ရဲကဖမ်းဆီးခဲ့သည်။ မော်တော်ယာဉ် ၁၅ စီး၊ လေယာဉ် နှစ်စင်းနှင့် အမေရိကန်ဒေါ်လာ ၅၀၂၀၀ တို့ကိုလည်း ရဲတပ်ဖွဲ့က သိမ်းဆည်းခဲ့သည်။ ပေါ်တူဂီ၊ စပိန်၊ ဘယ်လ်ဂျီယံနိုင်ငံတို့ဖြင့် ပူးပေါင်းဆောင်ရွက်ပြီး လူကို ဖမ်းဆီး၍ မူးယစ်ပစ္စည်းကို သိမ်းဆည်းနိုင်ခဲ့သည်။

ဘရာဇီးနိုင်ငံ၏ ပျမ်းမျှအပူချိန်မှာ ၂၀၀၀ ပြည့်နှစ်တွင် လေးဒီဂရီဆဲစီးယပ်စ်အထိ မြင့်တက်လာပြီး ပင်လယ်ရေမျက်နှာပြင်မှာ မီတာဝက်ခန့်အထိ မြင့်တက်လာနိုင်သဖြင့် ကမ်းရိုးတန်းဒေသများတွင် နေထိုင်သူ ဘရာဇီးနိုင်ငံသား ၄၂ သန်းအတွက် အန္တရာယ်ဖြစ်စေနိုင်ကြောင်း သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက မတ်လ ၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းကြေညာချက်ကို ရာသီဥတုခန့်မှန်းရေး၊ ရာသီဥတုလေ့လာရေးနှင့် အမျိုးသားအာကာသဌာနတို့က ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ သုတေသနပြုချက်များအပေါ် အခြေခံပြီး ပြုစုထားခြင်းဖြစ်သည်။ ကမ္ဘာကြီးပူနွေးလာမှုအခြေအနေက ဆက်လက်ဆိုးရွားလာနိုင်သည်ဟု ရာသီဥတုပြောင်းလဲရေးအကဲဖြတ်အဖွဲ့က သုံးသပ်ထားသည်။ ယခုလက်ရှိ ၂၄ ဒသမ ၉ ဒီဂရီဆဲစီးယပ်စ်စီရှိနေသော ဘရာဇီးနိုင်ငံ၏ ပျမ်းမျှအပူချိန်မှာ ၂၁ ရာစုအတွင်း ၂ဒီဂရီအထိမြင့်တက်လာနိုင်သည်ဟုဆိုသည်။

ဘရာဇီးနိုင်ငံသို့ အမေရိကန်သမ္မတဂျော့ဘုရှ်အလည်အပတ်လာရောက်မည့်ခရီးစဉ်ကို ကန့်ကွက်သည့်အနေဖြင့် မတ်လ ၇ ရက်နေ့က ဘရာဇီးလယ်သမားများက သံမိုင်းတွင်းနှင့် သကြားစက်များတွင် သွားရောက်ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြခဲ့သော သံမိုင်းတွင်းမှာ ဖီးနပ်စ်ရစ်ပြည်နယ်ရှိ စီဒီအာရိဒ်ကုမ္ပဏီကပိုင်သော ကဒါဘိဇာရ်မိုင်းတွင်းဖြစ်သည်။ ယင်းကုမ္ပဏီမှာ ကမ္ဘာတွင် အကြီးဆုံးသံမိုင်းတွင်းကုမ္ပဏီဖြစ်သည်။ ဘရာဇီးလယ်သမားများဆန္ဒပြသော သကြားစက်ရုံမှာ အမေရိကန် နံစားသီးနံကုမ္ပဏီ ကာဂီးလ်ကပိုင်ဆိုင်သော ဆီဗာဆာသကြားနှင့် အက်သနောစက်ရုံဖြစ်သည်။ နေရာနှစ်ခုလုံးတွင် ကုန်ထုတ်လုပ်မှုကို ထိခိုက်ခြင်းမရှိဟုဆိုသည်။ အမေရိကန်သမ္မတဘုရှ် ဘရာဇီးနိုင်ငံသို့ မတ်လ ၉ ရက်နေ့တွင် ရောက်လာပြီး စိုက်ပျိုးရေးထွက်ကုန်များကိစ္စနှင့် ကြံကိုအခြေခံသော အက်သနောများ အမေရိကန်သို့ တင်ပို့နိုင်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ဘရာဇီးနိုင်ငံတွင် လောင်းကစားလုပ်ငန်းကို အကြီးအကျယ်လုပ်ကိုင်နေသော မာဖီးယားဒုစရိုက်ဂိုဏ်းများကို ဖြိုခွင်းနိုင်ရေးအတွက် ဘရာဇီးရဲတပ်ဖွဲ့က နိုင်ငံတကာရဲတပ်ဖွဲ့အား အကူအညီပေးရန် မေတ္တာရပ်ခံထားကြောင်း ဧပြီလ ၂၇ ရက်နေ့ အင်တာနက်သတင်း

တွင်ဖော်ပြသည်။ ဘရာဇီးနိုင်ငံရှိ မာဖီးယားဂိုဏ်းများမှာ ဥပဒေထိန်းသိမ်းရေးတာဝန်ရှိသူများကို တံစိုးလက်ဆောင်များပေးပြီး လောင်းကစားလုပ်ငန်းများကို အကြီးအကျယ်လုပ်ကိုင်လျက်ရှိသည်။ ဘရာဇီး အစိုးရအဖွဲ့မှာ မာဖီးယားဂိုဏ်းများတွင် ပါဝင်ပတ်သက်သော ဝန်ထမ်းများအား အရေးယူခဲ့ရသည်။ ဘရာဇီးနိုင်ငံတွင် မာဖီးယားဂိုဏ်းနှိမ်နင်းရေးဗဟိုဌာနတစ်ခုကို မကြာမီက ဖွဲ့စည်းခဲ့သည်။ ယင်းဗဟိုဌာနတွင် ဖက်ဒရယ်ရဲတပ်ဖွဲ့၊ ထောက်လှမ်းရေးဌာနနှင့် လက်နက်ကိုင်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များပါဝင်သည်။

ဘရာဇီးနိုင်ငံ၏ စွမ်းအင်လိုအပ်ချက်မှာ တိုးတက်လျက်ရှိ၍ ၂၀၃၀ပြည့်နှစ်အထိနိုင်ငံတွင်း၌ နျူကလီးယားဓာတ်အားပေးစက်ရုံလေးလုံးမှရှစ်လုံးအထိတည်ဆောက်ရန်လိုအပ်မည်ဖြစ်ကြောင်း သတ္တုတွင်းနှင့် စွမ်းအင်ဝန်ကြီးဌာနက မေလ ၁၆ ရက်နေ့တွင် ပြောကြားသည်။ လောလောဆယ်တွင် ဘရာဇီးနိုင်ငံ၌ နျူကလီးယားဓာတ်အားပေးစက်ရုံနှစ်ရုံ လည်ပတ်လျက်ရှိသည်။ စက်ရုံတစ်ရုံမှာ အင်ဂါရာ (၁)ဟု အမည်ပေးထားပြီး ဓာတ်အား ၆၅၇ မဂ္ဂါဝပ်ထုတ်ပေးနိုင်၍ အခြားစက်ရုံမှာ ဓာတ်အားမဂ္ဂါဝပ် ၁၃၅၀ ထုတ်လုပ်ပေးနိုင်သော အင်ဂါရာ (၂) ဖြစ်သည်။ နိုင်ငံ၏ စွမ်းအင်ဆိုင်ရာ ဖြည့်ဆည်းတည်ဆောက်ရေးစီမံကိန်းအရ အသစ်တည်ဆောက်မည့် ဓာတ်အားပေးစက်ရုံများ၏ စုစုပေါင်းထုတ်လုပ်မှုစွမ်းအားမှာ မဂ္ဂါဝပ် ၁၀၀၀ ရှိမည်ဖြစ်သည်ဟု စီမံကိန်းနှင့် ဖွံ့ဖြိုးရေးဌာနမှ မောရီစီဂိုဇာမာမင်က ပြောကြားသည်။ နျူကလီးယားစက်ရုံမှ ထုတ်လုပ်သော ဓာတ်အားတစ်မဂ္ဂါဝပ်၏ ထုတ်လုပ်မှုစရိတ်မှာ ၇၅ ဒေါ်လာဖြစ်ပြီး သဘာဝဓာတ်ငွေ့လောင်စာသုံး ၁၀၀၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံတစ်ရုံ၏ လျှပ်စစ်ဓာတ်အား တစ်မဂ္ဂါဝပ်ထုတ်လုပ်စရိတ်မှာ ၈၅ ဒေါ်လာဖြစ်ကြောင်း ဇာမာမင်က ဆက်လက်ပြောကြားသည်။

ဘရာဇီးနိုင်ငံမှာ ၂၀၀၇ ခုနှစ် ပထမနှစ်ဝက်ကာလတွင် မော်တော်ကားစင်းရေ ၁ ဒသမ ၁၈ သန်း ရောင်းချခဲ့ကြောင်း၊ ၂၀၀၆ ခုနှစ် အလားတူကာလကထက် ၂၅ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း အမျိုးသားမော်တော်ကားထုတ်လုပ်သူများ အသင်းက ဇူလိုင်လ ၈ ရက်နေ့တွင် ကြေညာသည်။ ၂၀၀၇ ခုနှစ်၊ ဇွန်လတွင် ပြည်တွင်းစျေးကွက်၌ မော်တော်ကားစင်းရေ ၁၉၈၀၀ ကို ဘရာဇီးနိုင်ငံက ရောင်းချခဲ့သည်။

ဘရာဇီးနိုင်ငံ၏ လေယာဉ်အသွားအလာရှုပ်ထွေးသော ဆော်ပေါလိုလေဆိပ်တွင် ခရီးသည်တင်လေယာဉ်တစ်စင်းပေါက်ကွဲမီးလောင်ခဲ့ရာ ခရီးသည်၊ လေယာဉ်ဝန်ထမ်းနှင့် မြေပြင်ပေါ်ရှိ လူ ၂၀၀ ခန့် သေဆုံးဖွယ်ရှိကြောင်းသတင်းများ၌ ဖော်ပြသည်။ ပျက်စီးသွားသော လေယာဉ်မှာ ဘရာဇီးလေကြောင်းလိုင်း တမ် (TAM) က ပိုင်ဆိုင်သော အေ ၃၂၀ အဲယားဘတ်စ်လေယာဉ်ကွင်းသို့အဆင်း၌ ပြေးလမ်းအဆုံးမှ ချော်ထွက်ပြီး မလှမ်းမကမ်းရှိ ဓာတ်ဆီနှင့် ပစ္စည်းသိုလှောင်ရုံကို ဝင်တိုက်ပြီးနောက် မီးလောင်ပေါက်ကွဲသွားခြင်းဖြစ်သည်။ ဘရာဇီးနိုင်ငံပိုင်လေယာဉ်တစ်စင်းမှာ ၂၀၀၆ ခုနှစ်အတွင်းက ခရီးသည် ၁၅၄ ဦးနှင့်အတူ အမေဇုန်တောအတွင်း ပျက်ကျပြီး ခရီးသည်အားလုံးအသက်ဆုံးရှုံးခဲ့သည်။ ထိုအချိန်မှစ၍ ဘရာဇီးလေကြောင်းပျံသန်းရေးလုပ်ငန်းတွင် လုံခြုံရေးပြဿနာပေါ်ပေါက်လျက်ရှိသည်။

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့၏ ဆင်းရဲသားရပ်ကွက်များတွင် ရေပေးရေးနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများပြုလုပ်ရန် ဘရာဇီးအစိုးရက အမေရိကန်ဒေါ်လာနှစ်ဘီလီယံသုံးစွဲမည်ဖြစ်ကြောင်း ဆင်းရဲသားရပ်ကွက်များ တိုးတက်ဖွံ့ဖြိုးလာခြင်းဖြင့် ယင်းရပ်ကွက်များကို မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသူများနှင့် ရာဇဝတ်ဂိုဏ်းများက ထိန်းချုပ်နိုင်မှုအဆုံးသတ်သွားမည်ဖြစ်ကြောင်း ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားက ဇူလိုင်လ ၁၈ ရက်နေ့တွင် ပြောကြားသည်။ ဆင်းရဲနွမ်းပါးမှုအရှိဆုံးဒေသများ အကျိုးဖြစ်ထွန်းလာစေရန် မိမိတို့စီမံခန့်ခွဲနိုင်ပါကဒုစရိုက်လုပ်ငန်း များကို နှိမ်နင်းမှုထိရောက်လာမည်ဖြစ်ကြောင်းသမ္မတလူလာက ဆက်လက်ပြောကြားသည်။ ရီယိုဒီဂျနေရိုမြို့၏ ဆင်းရဲသားရပ်ကွက်များကို ဒုစရိုက်သမားများက ခြေကုပ်ပြုလုပ်ထားသည်။ ယင်းမြို့တွင် ရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါးကိုဏ်းသားများလွန်ခဲ့သောရက်သတ္တပတ်က တိုက်ခိုက်မှုဖြစ်ပွားရာ ၁၉ ဦး သေဆုံးခဲ့သည်။

ယင်းမြို့မှာ လက်တင်အမေရိကဒေသတွင် လူသတ်မှုနှုန်း အများဆုံးဖြစ်ခဲ့သည်။ ဆင်းရဲသားရပ်ကွက်များတွင် နေထိုင်ကြရ၍ အခြေခံဝန်ဆောင်မှုလုပ်ငန်းများလိုအပ်လျက်ရှိသည်။ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသူများကို နှိပ်ကွပ်ရန် မကြာမကြာစီးနင်းတိုက်ခိုက်မှုများပြုလုပ်သွားမည်ဟု ရီယိုဒီနေရိုပြည်နယ်လုံခြုံရေးအကြီးအကဲကျူဓားဘတ်ထရိန်းကပြောကြားသည်။

ဘရာဇီးနိုင်ငံ ဆော်ပေါလိုလေဆိပ်နှင့် သက်ဆိုင်နေသောလေကြောင်းခရီးစဉ်အရေအတွက်ကိုကန့်သတ်သွားရန် အမျိုးသားမြို့ပြလေကြောင်း အေဂျင်စီက အစိုးရထံတင်ပြထားကြောင်း စက်တင်ဘာလ ၂၃ ရက်နေ့က ဆင်ဟွာသတင်းတွင်ဖော်ပြသည်။ ဆော်ပေါလိုလေဆိပ်တွင် ဇူလိုင်လက လူပေါင်း ၁၉၉ ဦး သေဆုံးခဲ့သော လေယာဉ်ပျက်ကျမှုဖြစ်ပွားပြီးနောက် ယင်းလေဆိပ်တွင် လေကြောင်းခရီးစဉ်အရေအတွက်ကို လျှော့ချရန် စီစဉ်ခြင်းဖြစ်သည်။ဆော်ပေါလိုလေဆိပ်တွင် ဇူလိုင်လ ၁၇ ရက်နေ့က တီအေအမ်လေကြောင်းဌာနပိုင်ခရီးသည်တင် လေယာဉ်မည်သည့်အကြောင်းကြောင့်ပျက်ကျရသည်ကို မသိရသေးပေ။ သို့ရာတွင် ယင်းလေဆိပ်၌ လေယာဉ်အဝင်အထွက်အလွန်များပြားခြင်းကြောင့်လေယာဉ်ပျက်ကျမှုဖြစ်ရသည်ဟုကျွမ်းကျင်ပညာရှင်များက ယူဆကြသည်။ ဆော်ပေါလို လေဆိပ်တွင် တစ်နာရီလျှင် လေကြောင်း ခရီးစဉ် ၃၃ ခုသာ ခွင့်ပြုပေးရန် လေကြောင်းအေဂျင်စီက အဆိုပြုထားသည်။လေကြောင်းခရီးစဉ်လျှော့ချခြင်းဖြင့် ခရီးသည်ဦးရေကို လက်ရှိတစ်နာရီလျှင် ၅၀၀ မှ ၄၇၀ အထိ လျှော့ချနိုင်မည်ဖြစ်သည်။

ဗင်နီဇွဲလားနိုင်ငံ

ဗင်နီဇွဲလားသမ္မတဟူဂိုချာ့ဗက်ဇ်ဦးဆောင်သော ဝန်ကြီးအဖွဲ့ ဇန်နဝါရီလ ၁၀ ရက်နေ့က ကျမ်းသစ္စာကျိန်ဆိုသည်။ ချာဗက်ဇ်မှာ ဇန်နဝါရီလ ၁၂ ရက်နေ့မှစ၍ ခြောက်နှစ်သက်တမ်းရှိ သမ္မတရာထူးကို တတိယအကြိမ် ထမ်းဆောင်မည်ဖြစ်သည်။ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားကို မြို့တော်ကာရာကတ်ဇ်ရှိ ယဉ်ကျေးမှုဗဟိုဌာနတွင် ကျင်းပသည်။ ချာဗက်ဇ်သည် ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့က ဗင်နီဇွဲလားသမ္မတအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခံရသည်။ ဝန်ကြီးအဖွဲ့သစ်ကို ချာဗက်ဇ်က ပြန်လည်ပြင်ဆင်ဖွဲ့စည်းရာ၌ ဝန်ကြီး ၁၅ ဦးကို လူစားထိုးလဲလှယ်ခဲ့ပြီး ဝန်ကြီးဌာနသစ်နှစ်ခုကို ထူထောင်လိုက်သည်။ သမ္မတ၏ အခွင့်အာဏာများတိုးပေးရန် အမျိုးသားလွှတ်တော်သို့ ချာဗက်ဇ်က ပန်ကြားခဲ့သည်။ ဗင်နီဇွဲလားနိုင်ငံရှိ တယ်လီဖုန်းကုမ္ပဏီတစ်ခုနှင့် နိုင်ငံခြားရေနံကုမ္ပဏီအချို့ကို ပြည်သူပိုင်သိမ်းမည်ဖြစ်ကြောင်း ချာဗက်ဇ်က ထုတ်ပြန်ကြေညာသည်။

နီယိုလစ်ဘရယ်ဂလိုဘယ်ဇေရှင်းနှင့် အမေရိကန်နိုင်ငံခြားရေးမူဝါဒကို တူးတူးခါးခါးဆန့်ကျင်သော ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်မှာ ဒီမိုကရက်တစ်ဆိုရှယ်လစ်ဝါဒကို မြှင့်တင်သူဖြစ်သည်။ ချာဗက်ဇ်မှာ ဘိုလီဗီးယားတော်လှန်ရေးတွင် ခေါင်းဆောင်အဖြစ် ပါဝင်ခဲ့ပြီး လက်တင်အမေရိကစည်းလုံးညီညွတ်ရေးနှင့် အရင်းရှင်ဝါဒဆန့်ကျင်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။ ချာဗက်ဇ်မှာ စစ်ဘက်ဆိုင်ရာ အရာရှိအဖြစ် တာဝန်ထမ်းဆောင်နေစဉ် လက်ဝဲယိမ်းသော ပဉ္စမမြောက် ရီပတ်ပလစ်ကန်လှုပ်ရှားမှုကို တည်ထောင်ခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် သမ္မတကားလိုစ်အန်ဒရက်စ်ထံမှ အာဏာသိမ်းရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ပေ။ ချာဗက်ဇ်မှာ ၁၉၉၈ ခုနှစ်တွင် ဗင်နီဇွဲလားသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ ရွေးကောက်ပွဲတွင် ဆင်းရဲသားများ တိုးတက်လာစေရေးကို ဦးစားပေးဆောင်ရွက်မည်ဟု မဲဆွယ်ပြီး အနိုင်ရခဲ့ခြင်းဖြစ်သည်။

ယခုအခါ ချာဗက်ဇ်၏ ပြည်တွင်းလှုပ်ရှားမှုများမှာ ရောဂါဘယတိုက်ဖျက်ရေး၊ စာမတတ်မှုတိုက်ဖျက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးတို့ဖြစ်သည်။ ပြည်ပတွင်မူ ချာဗက်ဇ်မှာ အမေရိကန်စီးပွားရေးမူဝါဒကို ဆန့်ကျင်ပြီး ဆင်းရဲသော နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်လုပ်ကိုင်လျက်ရှိသည်။ ဟူဂိုချာဗက်ဇ်ကို ၁၉၅၄ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့တွင် ဘာရီနက်စ်မြို့တွင် မွေးဖွားခဲ့သည်။ ကျောင်းဆရာမိဘ

နှစ်ပါးမှ ဖွားမြင်သော ချာဗက်ဇ်မှာ အသက် ၁၇ နှစ်သားအရွယ်တွင် ဗင်နီဇွဲလား စစ်တက္ကသိုလ်တက်ခွင့်ရသည်။ ၁၉၇၅ ခုနှစ်တွင် ဒုတိယဗိုလ်ရာထူးရရှိခဲ့သည်။ ဗင်နီဇွဲလားစစ်တပ်တွင် အချိန်အတော်ကြာ တာဝန်ထမ်းဆောင်ပြီးနောက် ကာရာကတ်စ်မြို့ရှိ ဆီမွန်ဘိုလီဗာတက္ကသိုလ်တွင် နိုင်ငံရေးသိပ္ပံပညာသင်ယူခွင့်ရရှိခဲ့သည်။ ဗင်နီဇွဲလားတပ်မတော်တွင် ၁၇ နှစ်ကြာမျှ တာဝန်ထမ်းဆောင်ခဲ့သောကာလအတွင်း ချာဗက်ဇ်မှာ ရာထူးတစ်ဆင့်ပြီးတစ်ဆင့်တိုးပြီး နောက်ဆုံးတွင် ဒုတိယဗိုလ်မှူးကြီးရာထူးရရှိခဲ့သည်။ ၁၉၉၈ ခုနှစ်မှစ၍ သမ္မတရွေးကောက်ပွဲဝင်ရန် ကြိုးပမ်းခဲ့၍ ၁၉၉၉ ခုနှစ်တွင် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရသည်။ ဆင်းရဲသားလူတန်းစားများ၏ ထောက်ခံမှုကို အပြည့်အဝရရှိသော ချာဗက်ဇ်မှာ ကျန်းမာရေး၊ ပညာရေးရာ လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည်။ သို့ရာတွင် အတိုက်အခံများကို ဖိနှိပ်မှုနှင့် နိုင်ငံစီးပွားရေးကောင်းမွန်လာအောင် ဆောင်ရွက်နိုင်ခြင်း မရှိသေးဟုသတ်မှတ်ခံထားရသည်။

မက္ကဆီကိုနိုင်ငံ

မက္ကဆီကိုနိုင်ငံတွင် မူးယစ်ဆေးဝါးဂိုဏ်းများမှာ ထိန်းချုပ်၍ မရနိုင်သော အခြေအနေတွင် ရှိနေကြောင်း မက္ကဆီကို သမ္မတဖီးလစ်ကယ်ဒရွန်က စပိန်သတင်းစာအား ပြောကြားသည်။ မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းများက ကျူးလွန်သောပြစ်မှုများကြောင့် စိတ်သောက ရောက်စရာကောင်းနေကြောင်း၊ လူသတ်မှုနှုန်းမှာ ကိုလံဘီယာနိုင်ငံထက်ပင် သာလွန်နေကြောင်း သမ္မတကယ်ဒရွန်က ပြောကြားသည်။ မူးယစ်ဆေးဝါးဂိုဏ်းနှင့် အကြမ်းဖက်တိုက်ခိုက်မှုများ တိုးပွားလာသည့် ပြဿနာကိုင်တွယ်ဖြေရှင်းနိုင်ရန် မက္ကဆီကို သမ္မတက ကြည်းတပ်ဖွဲ့ဝင်များနှင့် အထူးလက်ရွေးစင်ရဲတပ်ဖွဲ့များ စေလွှတ်ပြီးနှိမ်နင်းခဲ့သည်။ မီချိုလာတန်ပြည်နယ်တွင် ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သော သတ်ဖြတ်မှုများ ၇၀ ရာခိုင်နှုန်းခန့် အထိ ကျဆင်းခဲ့ကြောင်း၊ သို့ရာတွင် ဆက်လက်လုပ်ဆောင်စရာရှိသေးကြောင်း သမ္မတက ဆက်လက်ပြောကြားသည်။

မက္ကဆီကိုနိုင်ငံက မူးယစ်ဆေးဝါးဂိုဏ်းများကို တိုက်ခိုက်နှိမ်နင်းလျက်ရှိရာ ရဲတပ်ဖွဲ့ဝင်အများအပြားနှင့် စစ်ဘက်ဆိုင်ရာတပ်ဖွဲ့ဝင်များကို တက္ကဆတ်ဒေသနှင့် ထိစပ်နေသော ပြည်နယ်နှစ်ခုသို့ စေလွှတ်ထားကြောင်း ပြည်ထဲရေးဝန်ကြီးအကျူနာက ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ပြောကြားသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက မက္ကဆီကိုနိုင်ငံမြောက်ပိုင်းရှိ ရှူပိုလီယွန်နှင့် တမောလီပါစ် ပြည်နယ်တို့တွင် စစ်ရေးလှုပ်ရှားမှုများ တိုးမြင့်လုပ်ဆောင်ကြမည်ဖြစ်ရာ ရေတပ်သင်္ဘောများက ပင်လယ်ကွေ့ကမ်းခြေများတွင် မူးယစ်ဆေးဝါးများ တင်ပို့နေမှုကို ဖမ်းဆီးရေးအတွက် ကင်းလှည့်ကြမည်ဖြစ်သည်။ တမောလီပါစ်ပြည်နယ်မှာ မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းများ လှုပ်ရှားရာ အထင်ကရပြည်နယ်တစ်ခုဖြစ်သည်။ ရှူပိုလီယွန်ပြည်နယ်၏မြို့တော် မွန်ထရီတွင် မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သော သတ်ဖြတ်မှုများ ပေါ်ပေါက်ခဲ့သည်။ မက္ကဆီကို သမ္မတဖီးလစ်ကယ်ဒရွန် သမ္မတရာထူးရရှိပြီးနောက် ပြည်နယ်အများစုရှိ မူးယစ်ဆေးဝါးဂိုဏ်းများကို တိုက်ခိုက်နှိမ်နင်းရန် တပ်ဖွဲ့ဝင်များကို စေလွှတ်ခဲ့သည်။ ကာကွယ်ရေးဌာန၊ ရေတပ်၊ လုံခြုံရေးဝန်ကြီးဌာနနှင့် ရှေ့နေချုပ်ရုံးမှ ဝန်ထမ်း ၂၆၀၀ တို့က ပြည်နယ်နှစ်ခုရှိ မူးယစ်ဆေးဝါးဂိုဏ်းများကို နှိမ်နင်းရာတွင် ပါဝင်ကြမည်ဟု အကျူနာက ပြောကြားသည်။

မက္ကဆီကိုနိုင်ငံမြောက်ပိုင်းဒေသတွင် ရဲတပ်ဖွဲ့ဝင်များက ခရီးသည်တင်ကားတစ်စီး၏ သန့်စင်ခန်းအတွင်းဝှက်၍ သယ်ဆောင်လာသော ဘိန်းဖြူ အမေရိကန်ဒေါ်လာတစ်သန်းဖိုးကို ထုတ်ဖော်ဖမ်းဆီးမိသည်။ ထိုကားမှာ မက္ကဆီကိုနိုင်ငံအတွင်းမှ အမေရိကန်နယ်စပ်ဘီကျူအာနာမြို့ဆီသို့ ဦးတည်သွားနေစဉ် အဝေးပြေးလမ်းမပေါ်၌ ပုံမှန်ရှာဖွေရေးလုပ်ငန်းဆောင်ရွက်ရာမှ ဘိန်းဖြူ ၆၈ ပေါင်ကို ဖမ်းဆီးမိခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

မက္ကဆီကိုနိုင်ငံတွင် ရှားပါးလှသော လိပ်ပြာကြီးများနှင့် ကန္တာရအိုအေစစ်ဒေသကို ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန် အစိုးရအဖွဲ့က သစ်တောထိန်းသိမ်းရေးစီမံကိန်းတစ်ရပ်ကို ချမှတ်ဆောင်ရွက်

မည်ဖြစ်ကြောင်း၊ မတ်လ ၃ ရက်နေ့က အင်တာနက် သတင်းတွင်ဖော်ပြသည်။ မက္ကဆီကိုနိုင်ငံတွင် တွေ့ရသော လိပ်ပြာကြီးများမှာ ရွှေ့ပြောင်းကျက်စားနေထိုင်သော လိပ်ပြာမျိုးတစ်မျိုးဖြစ်သည်။ ကနေဒါနှင့် အမေရိကန်ပြည်ထောင်စုတို့မှ ပျံသန်းလာသော လိပ်ပြာကြီးများမှာ မိုင်ထောင်ပေါင်းများစွာခရီးကို ကျော်ဖြတ်ခဲ့ကြပြီးနောက် မက္ကဆီကို နိုင်ငံရှိသစ်တောဒေသများ၌ ကျက်စားလေ့ရှိသည်။သစ်တောများပျက်စီးခြင်းကြောင့် ရွှေ့ပြောင်းအခြေစိုက်နေထိုင်လေ့ရှိသော လိပ်ပြာကြီးများမျိုးတုံးပျောက်ကွယ်နိုင်ခြင်းကြောင့် တရားမဝင်သစ်ခုတ်လှဲထုတ်လုပ်သူများကို ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သမ္မတကယ်ဒရွန်က သစ်တောထိန်းသိမ်းရေး ငါးနှစ်စီမံကိန်းကို ထုတ်ပြန်ကြေညာရာတွင် ပြောကြားသည်။ လိပ်ပြာကြီးများ ကျက်စားနေထိုင်ရာ သစ်တောနယ်မြေတွင် သစ်ပင် ၁၀ သန်းစိုက်ပျိုးသွားမည်ဖြစ်ကြောင်းမက္ကဆီကိုနိုင်ငံတစ်ဝန်းတွင် ၂၀၀၇ ခုနှစ်အတွင်း သစ်ပင်သန်းပေါင်း ၂၅၀ စိုက်ပျိုးမည်ဖြစ်ကြောင်း သမ္မတကယ်ဒရွန်ကပြောကြားသည်။

မူးယစ်ဆေးဝါး ဂိုဏ်းခေါင်းဆောင်တစ်ဦးကို မက္ကဆီကို ရဲတပ်ဖွဲ့က ဧပြီလ ၁ ရက်နေ့တွင် ဖမ်းဆီးရမိကြောင်း ရိုက်တာသတင်းတွင်ဖော်ပြသည် ။မက္ကဆီကိုနိုင်ငံတီယွန်နာမြို့ရှိမူးယစ်ဆေးဝါးဂိုဏ်း၏ခေါင်းဆောင်ဖြစ်သူဟု သံသယရှိသူ ဗစ်တာမဂ္ဂနီအက်စကိုဘာအားဖမ်းဆီးရမိကြောင်း ယင်းဂိုဏ်းမှာအမေရိကန်ပြည်ထောင်စုကယ်လီဖိုးနီးယားပြည်နယ်နှင့် ထိစပ်နေသော နယ်စပ်ဒေသတွင် လှုပ်ရှားနေသည့် ဂိုဏ်းဖြစ်ကြောင်း ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ အသက် ၂၉ နှစ်အရွယ်ရှိ အက်စကိုဘာနှင့်အတူ လူရှစ်ဦးကို ဖမ်းဆီးထားကြောင်း၊ ထိုရှစ်ဦးတွင် ရဲတပ်ဖွဲ့ဝင်ဟောင်း သုံးဦးပါဝင်ကြောင်း လက်နက်အလက် ၃၀ ခန့်ကိုလည်း ဖမ်းဆီးရမိကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

မက္ကဆီကိုနိုင်ငံ မက္ကဆီကို စီးတီးမြို့တွင် ပထမဆုံးတည်ဆောက်သောကမ်းခြေသဲသောင်ပြင်အတုကို ဧပြီလ ၄ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ မြို့သူမြို့သားများအပန်းဖြေနိုင်ရေးစီမံကိန်းအရ ကမ်းခြေအတုကို မြို့တော်ဝန်သစ်မာဆယ်လိုကာဆော်ဘွန်၏အစီအစဉ်အရ အကောင်အထည်ဖော်ခြင်းဖြစ်သည်။ မက္ကဆီကိုစီးတီး တောင်ဘက်တွင်တည်ရှိသော ယင်းကမ်းခြေအတုမှာ ဓာတ်သဲကျယ်ဝန်းပြီး ထုစင်တီမီတာ ၃၀ ရှိသဲထုဖြင့် ဖန်တီးတည်ဆောက်ထားသည်။ ကမ်းခြေသောင်ပြင်အတုတွင် အပန်းဖြေနိုင်စေရန် ကစားခုန်စားပြုလုပ်နိုင်သောနေရာများ၊ မြင်းစီးနိုင်သော နေရာ၊ ရုပ်ရှင်ကြည့်နိုင်သော နေရာ၊ တေးဂီတစတိတ်ရှိုးဖျော်ဖြေတင်ဆက်နိုင်သော နေရာတို့ကို တည်ဆောက်ထားသည်။ သဲသောင်ပြင်အတုဖွင့်လှစ်ချိန်မှာ အီစတာပွဲတော်ကျင်းပချိန်နှင့် တိုက်ဆိုင်လျက်ရှိရာ ယင်းသဲသောင်ပြင်သို့ ကမ္ဘာလှည့်ခရီးသည်များ အလည်အပတ်လာရောက်ရန် ဆွဲဆောင်နိုင်မည်ဟု မျှော်လင့်ရသည်။ မက္ကဆီကိုနိုင်ငံရှိ ပင်လယ်ကမ်းရိုးတန်းအပန်းဖြေစခန်းများသို့ သွားရောက်ရန် ငွေကြေးမတတ်နိုင်သော ပြည်သူများကမ်းခြေအတုတွင် ပျော်ရွှင်စွာ အပန်းဖြေနိုင်မည်ဖြစ်ကြောင်း မြို့တော်ဝန်ကပြောကြားသည်။

အမေရိကန်ပြည်ထောင်စု တက္ကဆပ်ပြည်နယ်နှင့် မက္ကဆီကို နယ်စပ်ရှိခြံများစွာတွင် ဧပြီလ ၂၅ ရက်နေ့က လေဆင်နှာမောင်းတိုက်ခတ်ရာ ၁၀ ဦး သေဆုံးပြီး ၈၀ ကျော်ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ဧပြီလ ၂၅ ရက်နေ့တွင် ပြောကြားသည်။ လေဆင်နှာမောင်းဖြတ်သန်းဝင်ရောက်သွားသော တက္ကဆပ်ပြည်နယ် အီဂဲလ်ပတ်စ်မြို့တွင် ၇ ဦး သေဆုံးပြီး မက္ကဆီကိုနိုင်ငံ ဝိဒရက်စ်နီဂရက်စ်ဒေသတို့တွင် ၃ ဦး သေဆုံးခဲ့သည်။ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အိမ်ခြေရာပေါင်းများစွာ ပျက်စီးပြီး ပြည်သူ ၇၀၀ သို့မဟုတ် ၈၀၀ အိုးမဲ့အိမ်မဲ့ဖြစ်သွားကြောင်းနှင့် အပျက်အစီးများကြားမှ ထိခိုက်သေဆုံးသူများကို ရှာဖွေလျက်ရှိကြောင်း ဟူလာပြည်နယ်ဘေးအန္တရာယ်ထိန်းသိမ်းရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဖာနန်ဒိဟောတာက ပြောကြားသည်။

မက္ကဆီကိုနိုင်ငံတွင် ဇူလိုင်လ ၄ ရက်နေ့က မြေပြိုမှုများဖြစ်ပွားရာ ခရီးသည်တင် ဘတ်စကားပေါ်ပိမိသဖြင့် လူ ၆၀ ခန့် မြေဖို့ခံရသောအဖြစ်နှင့် ကြုံကြရသည်။ ထိုကားပေါ်၌ ပိတ်မိနေသူများမှာ အသက်ဆုံးရှုံးကြဖွယ်

ရာရှိသည်ဟု ကယ်ဆယ်ရေးဝန်ထမ်းများက ယူဆကြသော်လည်း အစိုးရပိုင်းကမူ အသက်မသေသူများရှိနိုင်သည်ဟု မျှော်လင့်ထားသည်။ မိုးသည်းထန်စွာရွာသွန်းထားသဖြင့် တောင်ပေါ်မှ မြေစိုင်မြေခဲများ တောင်ပိုင်းပြည်နယ်ပွေဘလီဆီသို့ သွားနေသော ကားပေါ်သို့ ပြိုကျခြင်းဖြစ်သည်။

မက္ကဆီကိုလေဆိပ်တပ်ဖွဲ့က ကိုလံဘီယာနိုင်ငံမြို့တော် ဘိုဂိုတာမက္ကဆီကိုစီးတီးသို့ ဘိန်းဖြူ ၇ ဒသမ ၉ ကီလို သယ်ဆောင်လာသော ကိုလံဘီယာနိုင်ငံသားတစ်ဦးကို ဖမ်းဆီးရမိကြောင်း ဧပြီလ ၁၁ ရက်နေ့တွင် ပြောကြားသည်။ အဖမ်းခံရသူမှာ အသက် ၂၉ နှစ် အရွယ်ရှိ ဂျီဒီလာခရုဇ်ပီနာဖြစ်ပြီး ကိုလံဘီယာနိုင်ငံမှ မက္ကဆီကိုစီးတီးသို့ လေယာဉ်ဖြင့် ရောက်ရှိလာစဉ် အဖမ်းခံရခြင်းဖြစ်သည်။ မက္ကဆီကိုနိုင်ငံတွင် ကိုလံဘီယာနိုင်ငံမှ တင်သွင်းလာသော ဘိန်းဖြူ ယခုနှစ်အတွင်း ၁၃ ကြိမ်မြောက် ဖမ်းဆီးရမိခြင်းဖြစ်ပြီး ဖမ်းဆီးရမိသော ဘိန်းဖြူပမာဏမှာ ၁၅ ဒသမ ၂ ကီလိုရှိသည်ဟု ဆိုသည်။

မက္ကဆီကိုနိုင်ငံတွင် ဓာတ်ငွေ့ပိုက်လိုင်းများ စက်တင်ဘာလ ၁၀ ရက်နေ့တွင်ဗုံးဖောက်ခွဲခံရမှုကြောင့် ရာပေါင်းများစွာသော ကုမ္ပဏီများလောင်စာ ပြတ်လပ်ရခြင်းဖြစ်ကြောင်း မက္ကဆီကိုနိုင်ငံ သဘာဝဓာတ်ငွေ့အဖွဲ့က စက်တင်ဘာလ (၁၁)ရက်နေ့တွင် ပြောကြားသည်။ ဗုံးဖောက်ခွဲခံရသဖြင့်နေ့စဉ်ပေးပို့လွတ်နေသော ဓာတ်ငွေ့ကုဗပေသန်း ၇၀၀ ဖြန့်ဝေမှု ရပ်ဆိုင်းသွားရကြောင်း၊ သဘာဝဓာတ်ငွေ့အဖွဲ့ ဥက္ကဋ္ဌက ပြောကြားသည်။ နိုင်ငံပိုင်ပီစာရိကိုလိုစ် မက္ကဆီကိုနှံ့ကုမ္ပဏီပိုင် ဓာတ်ငွေ့ပိုက်လိုင်းများမှာ စက်တင်ဘာလ ၁၀ ရက်နေ့က ခြောက်နေရာ ဗုံးဖောက်ခွဲခံခဲ့ရခြင်းဖြစ်သည်။ ဗီရာထာရဇ်ပြည်နယ်ကမ်းခြေအရှေ့ဘက်ရှိ ရေနံပိုက်လိုင်းနှင့် တက်စ်ကာပြည်နယ်အလယ်ပိုင်းရှိ ရေနံပိုက်လိုင်းတစ်လိုင်းတို့ ပျက်စီးခဲ့ရသည်။ ယင်းဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူမရှိသော်လည်း ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခံရသူပေါင်း ၁၂၅၀၀ ရှိသည်။ မက္ကဆီကိုနိုင်ငံတွင် ပြည်နယ် ၃၂ ခုရှိသည့်အနက် ၁၁ ခုတွင် ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်များဖြစ်ခဲ့ရသည်။ လောင်စာလိုင်းများ ပေါက်ကွဲမှုကြောင့် ခရီးသည်တင်ကားအစီး ၁၅၀၀ ခန့်သည်လည်း လောင်စာပြတ်လပ်မှု အခြေအနေရှိသည်။

ကျူးဘားနိုင်ငံ

လွန်ခဲ့သောခြောက်လအတွင်း ကျန်းမာရေးအခြေအနေဆိုးရွားခဲ့သော ကျူးဘားသမ္မတဖီဒယ်ကက်စထရိက ရပ်မြင်သံကြားအစီအစဉ်တစ်ခုတွင် မိမိကျန်းမာသန်စွမ်းနေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းရပ်မြင်သံကြားအစီအစဉ်မှာ လွန်ခဲ့သောခြောက်လအတွင်း ကက်စထရိအတွက် ပထမဆုံးအများပြည်သူများသို့ ပြောသောစကားဖြစ်သည်။ ကျွန်တော်ကျန်းမာနေပြီဖြစ်သလို ပျော်ရွှင်နေမိပါတယ်။ ကျွန်တော်ပိုပြီး စွမ်းအင်ပြည့်ဝလာသလို ပိုပြီးကျန်းမာသန်စွမ်းလာပါပြီဟု ကက်စထရိက သူ၏ မိတ်ဆွေဟူဂိုချာဗက်ဇ်အား



ကုလသမဂ္ဂအထွေထွေညီလာခံ၏ မျက်နှာစုံညီအစည်းအဝေး၌ ကျူးဘားနိုင်ငံအား အမေရိကန်က စီးပွား/ဘဏ္ဍာပိတ်ဆို့ထားမှုကို ရုပ်သိမ်းရန်ဆုံးဖြတ်ချက်ချခဲ့သဖြင့် နိုင်ငံခြားရေးဝန်ကြီး ပယ်လီပဲရက်ဇ်အား ချီးကျူးဂုဏ်ပြုနေကြပုံ

ရပ်မြင်သံကြားအစီအစဉ်တွင် ပြောကြားသည်။ အသက် ၈၀ ရှိပြီဖြစ်သော ကက်စထရိမှာ နေထိုင်မကောင်းဖြစ်စဉ်ကာလအတွင်း တိုင်းပြည်တာဝန်ကို ညီဖြစ်သူရောဘတ် ကက်စထရိအား ခေတ္တလွှဲပြောင်းပေးထားသည်။ ယခုဆေးရုံမှ ပြန်လည်ဆင်းသက်ပြီးနောက် ညီဖြစ်သူထံမှ သမ္မတရာထူးကို ပြန်လည်လွှဲပြောင်းယူပြီးဖြစ်သည်။ မကြာမီက ဟူဂိုချာဗက်ဇ်နှင့် ပြုလုပ်သော ရုပ်မြင်သံကြားစကားဝိုင်းတွင် ကက်စထရိကသူ၏ ကျန်းမာရေးကို အများပြည်သူများအား သိရှိစေသော ဟူဂိုချာဗက်ဇ်

ကက်စထရိ ကျန်းမာနေဆဲဖြစ်သော အသံကိုပြန်လည်ကြားရသည့်အတွက် ဝမ်းမြောက်မိသည်ဟု ဆိုသည်။ ကျူးဘားနိုင်ငံ၏ခေါင်းဆောင် ကက်စထရိနှင့် ဗင်နီဇွဲလားသမ္မတဟူဂိုးချာဗက်ဇ်တို့မှာ ရင်းနှီးသော မိတ်ဆွေများဖြစ်ပြီး ရုပ်မြင်သံကြားစကားဝိုင်းတွင် မိနစ် ၃၀ ကြာခဲ့သည်။

မိုဇမ်ဘစ်နှင့် ကျူးဘားနိုင်ငံတို့မှာ စီးပွားရေးသိပ္ပံနှင့် နည်းပညာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုမြင့်တင်ရန် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း မိုဇမ်ဘစ်သတင်းဌာနက ဧပြီလ ၂၄ ရက်နေ့တွင် သတင်းထုတ်ပြန်သည်။ မိုဇမ်ဘစ်နိုင်ငံမာပူတိုမြို့၌ ကျင်းပသော နှစ်နိုင်ငံ ပူးတွဲကော်မရှင်အစည်းအဝေးတွင် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း မိုဇမ်ဘစ်နိုင်ငံခြားရေးဝန်ကြီးဌာန က သတင်းထုတ်ပြန်ခဲ့သည်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အစီအစဉ်နှင့် ၂၀၀၅ ခုနှစ်က လက်မှတ်ရေးထိုးခဲ့သော စာချုပ်များနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်နိုင်မှုအခြေအနေကို အစည်းအဝေးတက်ရောက်သူများက ဆွေးနွေးခဲ့ကြသည်။ မိုဇမ်ဘစ်နိုင်ငံ လူငယ်နှင့် အားကစားဝန်ကြီးဌာနနှင့် ကျူးဘားနိုင်ငံလူငယ်ရေးရာအဖွဲ့တို့ကလည်း ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ မိုဇမ်ဘစ်နှင့် ကျူးဘားနိုင်ငံတို့မှာ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍတို့တွင် အဓိကပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။

အမေရိကန်သမ္မတ ဂျော့ဘုရှ်က အီရတ်နှင့် သက်ဆိုင်သော စစ်သုံးစရိတ်ကို တိုးမြင့်လိုက်သော ကိစ္စနှင့်စပ်လျဉ်း၍ ကျူးဘားသမ္မတဖီဒယ်ကက်စထရိက မေလ ၂၀ ရက်နေ့တွင် ဝေဖန်လိုက်သည်။ သမ္မတဘုရှ်တိုးမြှင့်လိုက်သော စစ်သုံးစရိတ်ကြောင့် အီရတ်ပြည်သူများနှင့် အမေရိကန်မိသားစုများ၏ ဝမ်းနည်းပူဆွေးမှုများသာ တိုးမြှင့်လာနိုင်သည်ဟု ဖီဒယ်ကက်စထရိက ဝေဖန်ရေးသားသည်။ တိုးမြှင့်လိုက်သော စစ်သုံးစရိတ်ငွေများကို စစ်ဘက်တွင် အသုံးပြုမည့်အစား ဆေးဘက်ဆိုင်ရာဝန်ထမ်းများနှင့်ဆရာဝန်များကိုလေ့ကျင့်မွေးထုတ်ပေးရာ၌ အသုံးပြုခြင်းဖြင့် လူအများကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ကက်စထရိကဆက်လက်ရေးသားသည်။ အမေရိကန်လွတ်တော်က တိုးမြှင့်ပေးထားသော စစ်သုံးစရိတ်မှာ အမေရိကန် ဒေါ်လာဘီလီယံ ၁၀၀ ရှိသည်။ ထိုငွေကိုသာ ဖော်ပြပါဝေဖန်ချက်အတိုင်း သုံးစွဲပါက ဆရာဝန်တစ်သန်းကို မွေးထုတ်ပေးနိုင်ပြီး ဆေးဝါးကုသမှုလိုအပ်သူသန်းပေါင်းများစွာကိုဆေးဝါးကုသပေးနိုင်ဖွယ်ရှိသည်ဟုဆိုသည်။

ကျူးဘားနှင့် ရုရှားနိုင်ငံတို့မှာ မြို့ပြလေကြောင်းဝန်ဆောင်မှုလုပ်ငန်းများနှင့် လေယာဉ်မှူးများအားလေ့ကျင့်ပေးရေးလုပ်ငန်းတို့တွင် ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်းကျူးဘားနိုင်ငံပိုင်ဂရမ်မာသတင်းစာက ဇူလိုင်လ ၁၀ ရက်နေ့တွင် ရေးသားဖော်ပြသည်။ ကျူးဘားမြို့ပြ လေကြောင်းသိပ္ပံနှင့် ရုရှားသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနတို့က မြို့ပြလေကြောင်းလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း ယင်းစာချုပ်အရ လေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကိုမြှင့်တင်ခြင်းဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတိုးတက်စေရေးအတွက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းစာတွင် ဖော်ပြသည်။ ကျူးဘားနိုင်ငံမှာ ၂၀၀၆ ခုနှစ်က ကမ္ဘာလှည့်ခရီးသည်များကို သယ်ယူပို့ဆောင်ပေးနိုင်ရန် ရုရှားလုပ်လေယာဉ်သစ်ငါးစင်းကို ဝယ်ယူခဲ့သည်။

ကိုလံဘီယာနိုင်ငံ

ကိုလံဘီယာနိုင်ငံ ဟိုလာပြည်နယ်ရှိ နီဗန်မီးတောင်မှ ပြာများမကြာခဏမှုတ်ထုတ်ပြီး အသေးစားမြေငလျင်လှုပ်ရှားမှုများ ပေါ်ပေါက်ခဲ့ကာ အကြီးစားပေါက်ကွဲမှုဖြစ်လာနိုင်၍ ကိုလံဘီယာအာဏာပိုင်များက အနီးအနားရှိ ရွာနေလူထုအား နေရာပြောင်းရွှေ့ရန် ဖေဖော်ဝါရီလ ၂၀ ရက်နေ့က အမိန့်ထုတ်ပြန်ခဲ့သည်။ မီးတောင် ဆက်လက်ပေါက်ကွဲနိုင်သည်ဟု မိမိတို့မျှော်လင့်ထားကြောင်း ကိုလံဘီယာဘူမိဗေဒဌာနမှ အကြီးအကဲနှုန်းစ်က ပြောကြားသည်။ ယင်းအမိန့်ကြောင့် မီလာပြည်နယ်ရှိ ဒါမြစ်အနီးမှ မြို့နေလူထုနှင့် မီးတောင်အကြီးစားပေါက်ကွဲမှုဖြစ်ပွားပါကကျောက်တုံးများ ပိကျနိုင်သော အန္တရာယ်ရှိသည့်အခြား ပြည်နယ်မှလူထုကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးရမည်ဖြစ်

သည်။ မီးတောင်ပေါက်ကွဲမှုကြောင့် မြစ်တစ်စင်း၏ ကမ်းနဖူးတွင် မြေပြိုကျခဲ့ပြီးအခြားနေရာများတွင်လည်း ပြိုကျမည်ကို စိုးရိမ်ရသည်ဟု ဏှုနက်စ်က ပြောကြားသည်။ ယင်းပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရသူ မရှိသလောက်ဖြစ်သည်။


ကိုလံဘီယာနိုင်ငံမှ လက်ဝဲတိုက်ခိုက်ရေးသမားများမှာ ဘူမိဗေဒပညာရှင် ကိုးဦးပါဝင်သော သတ္တုတူးဖော်ရေးကုမ္ပဏီမှ ဝန်ထမ်းတစ်ဦးကို ပြန်ပေးဆွဲခဲ့ကြောင်း အာဏာပိုင်များက မတ်လ ၁၇ ရက်နေ့တွင် ပြောကြားသည်။ ဘူမိဗေဒပညာရှင်များမှာ ကိုလံဘီယာနိုင်ငံအနောက်ပိုင်းဒေသတွင် ရွှေရှာဖွေနေကြသူများဖြစ်သည်။ ကိုလံဘီယာတော်လှန်ရေးတပ်ဖွဲ့ဝင်များကမိုင်းလုပ်သားများ ကိုလံဘီယာမြို့အနီးရှိ တောတွင်းသို့ မတ်လ ၁၆ ရက်နေ့က ခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

လက်ဝဲဝါဒီတိုက်ခိုက်ရေးသမားများက ကိုလံဘီယာနိုင်ငံ၌ ထင်ရှားသော ဘူအင်နာတင်ဆိပ်ကမ်းမြို့တွင် ဇွန်လ ၂၅ ရက်နေ့က လက်ပစ်ဗုံးနှင့် အခြားဗုံးများကို အသုံးပြု၍တိုက်ခိုက်သဖြင့် ၂၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကိုလံဘီယာအာဏာပိုင်များက ပြောကြားသည်။ လက်ဝဲဝါဒီတိုက်ခိုက်ရေးသမားများမှာ အရောင်းအဝယ်လုပ်ငန်းများဖြင့် စည်ကားရာနေရာများနှင့် ရဲစခန်းတို့ကို တိုက်ခိုက်ခဲ့၍ ဒဏ်ရာရသူ ခုနစ်ဦးမှာ ကလေးငယ်များဖြစ်သည်။ ရဲတပ်ဖွဲ့က မပေါက်ကွဲသေးသော ဗုံးတစ်လုံးကို ဖယ်ရှားပစ်ခဲ့သည်။ စားသောက်ဆိုင်တစ်ခုတွင်တိုက်ခိုက်မှု စတင်ဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပီရူးနိုင်ငံ

ပီရူးနိုင်ငံ ရဲတပ်ဖွဲ့က နိုင်ငံတောင်ပိုင်း၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်စဉ် ကိုကင်းကီလိုဂရမ် ၃၆၀ ကို သိမ်းဆည်းရမိလိုက်ကြောင်း ဇူလိုင်လ ၁၉ ရက်နေ့က ပြောကြားသည်။ ကိုကာပင်စိုက်ခင်းအများအပြားတည်ရှိသော ကုဇ်ပြည်နယ်၌ မူးယစ်ဆေးဝါးစက်ရုံ ၁၅ ရုံကိုလည်း ရဲတပ်ဖွဲ့က ဖျက်ဆီးလိုက်သည်။ ပီရူးနိုင်ငံသည် ကိုလံဘီယာနိုင်ငံပြီးလျှင် ကမ္ဘာ့ကိုကင်း ဒုတိယအများဆုံးထုတ်လုပ်သော နိုင်ငံဖြစ်သည်။ ယင်းနိုင်ငံ၌ ကိုကင်းပင်စိုက်ခင်းဟတ္တာ ၄၀၀၀၀ ကျော်ရှိသည်။

ပီရူးနိုင်ငံတစ်ဝန်းတွင် မူးယစ်ဆေးဝါးနှိမ်နင်းမှုစစ်ဆင်ရေးများကို ပြုလုပ်ခဲ့ရာ ကိုကင်း ၂၅၂ ကီလိုသိမ်းဆည်းရမိပြီး မသက်ဘဖွယ်ရာ လူ ၁၇၈ ဦးကိုလည်း ဖမ်းဆီးနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က မေလ ၁၂ ရက်နေ့တွင် ပြောကြားသည်။ တောင်ဖြူစစ်ဆင်ရေးဟုအမည်ပေးထားသော ယင်းဖမ်းဆီးမှုအတွင်းကိုကင်းထုတ်လုပ်ရာ၌ အသုံးပြုသော ကိုကင်းရွက် ၂၆၃ ကီလို၊ လက်နက်အချို့နှင့် ငွေအများအပြားကို သိမ်းဆည်းရမိခဲ့သည်။ ယင်းစစ်ဆင်မှုကြောင့် မြို့တော်လီမာနှင့်



ပီရူးနိုင်ငံရှိ ကမ္ဘာ့အဆုံးဖွယ်စာရင်းဝင် မာချူးပီချူးရှေးဟောင်းအဆောက်အအုံ

အနောက်တောင်ပိုင်းကမ်းခြေမြို့ကရွာ၂၂လိုတွင် လူပ်ရှားနေသော မူးယစ်ဆေးဝါးကိုဏ်းကြီးလေးကိုဏ်းကို နှိမ်နင်းနိုင်ခဲ့သည့်အတွက် မြေအောက်မူးယစ်မှောင်ခိုလုပ်ငန်းများအထိနာသွားသည်ဟုဆိုသည်။ ပီရူးနိုင်ငံမှာ ရွှေတြိဂံဟုခေါ်သော တောင်အမေရိကဒေသကိုကင်းထွက်ရာဒေသတွင် တည်ရှိသည်။ ကမ္ဘာပေါ်၌ ပီရူးနိုင်ငံမှာ ကိုလံဘီယာနိုင်ငံပြီးလျှင် ကိုကင်းဒုတိယအများဆုံးထွက်သောနိုင်ငံဖြစ်သည်။ ထိုနိုင်ငံမှ တစ်နှစ်လျှင် ကိုကင်းတန် ၂၀၀ ခန့်ထွက်ပြီး အများစုကို မှောင်ခိုလက်မှတစ်ဆင့် ပြည်ပသို့ တင်ပို့သည်။ ကိုကင်းပမာဏ၏ ၁၀ ရာခိုင်နှုန်းကိုသာ အာဏာပိုင်များက ဖမ်းဆီးရမိလေ့ရှိသည်။

ပီရူးနိုင်ငံအမျိုးသားရဲတပ်ဖွဲ့က လီမာမြို့အတီရပ်ကွက်၌ ဇူလိုင်လ ၃ ရက်နေ့တွင် မူးယစ်ဆေးဝါးတန်ကျော်ကို မီးရှို့ဖျက်ဆီးခဲ့သည်။ ပီရူးနိုင်ငံ၌

မတ်လ ၂၃ ရက်နေ့ နောက်ပိုင်းတွင် သိမ်းဆည်းရမိခဲ့သော မူးယစ်ဆေးဝါးအားလုံး မီးရှို့ဖျက်ဆီးသည့် အခမ်းအနားကို အထူးစီမံကိန်းများ ညွှန်ကြားရေးရုံးချုပ်၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီး လူးစ်အယ်လ်ဗာတက်ရောက်သည်။ မူးယစ်ဆေးဝါးများမှာ ငြိမ်းချမ်းရေးတရားမျှတရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆိုးရွားသည့် အန္တရာယ်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။

ပီရူးနိုင်ငံတစ်ဝန်းတွင် အအေးလှိုင်းကျရောက်မှုကြောင့် အသက် (၅)နှစ်အောက် ကလေး ၅၅ ဦး သေဆုံးရကြောင်း ကျန်းမာရေးဝန်ကြီး ကားလို့စ်ဗယ်ဂျို့စ်က ဇူလိုင်လ ၁၀ ရက်နေ့တွင် ပြောကြားသည်။ ပီရူးနိုင်ငံ ပြည်နယ်များရှိ ကုန်းမြင့်ဒေသများမှာ အအေးလှိုင်းကျရောက်မှုဒဏ်ကို အဆိုးရွားဆုံးခံခဲ့ရကြောင်း၊ အပူချိန်မှာ အနှုတ် ၂၀ ဒီဂရီဆဲလ်စီးယပ်စ်အထိ ထိုးကျခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးက ပြောကြားသည်။ အအေးလှိုင်းကျရောက်မှုကြောင့် ပြည်သူ ၆၃၀၀ ခန့်မှာ အဆုတ်အအေးမိဝေဒနာခံစားကြရသည်။ ပြည်နယ် ၁၃ ပြည်နယ်တွင်အရေးပေါ်အခြေအနေထုတ်ပြန်ထားသည်။

ဦးရဲလွင်

လှဘေ၊ ဒေါက်တာ (ခရစ် ၁၉၁၃–၂၀၀၇)။ ။ ၁၉၁၃ ခုနှစ်၊ ဧန်နဝါရီလ ၈ ရက် ဗုဒ္ဓဟူးနေ့တွင် ကရင်ပြည်နယ် ဂျိုင်းရွာအနီး ခရဲရွာ၌ မွေးဖွားသည်။ အဘ ဦးငွေ၊ အမိ ဒေါ်ခင်ခင် ဖြစ်သည်။ မွေးချင်း ၃ ယောက်တွင် အကြီးဆုံးဖြစ်သည်။ အမည်ရင်း လှဘေတွင်သည်။ အဘွားမှာ မွန်တိုင်းရင်းသူ ဖြစ်သည်။

၁၉၁၈ ခုနှစ်တွင် ခရဲရွာမြန်မာစာသင်ကျောင်း၌ စတင်ပညာသင်ယူသည်။ ၁၉၂၃ ခုနှစ်တွင် မော်လမြိုင် အစိုးရအထက်တန်းကျောင်းပြောင်း၍ ဒုတိယတန်းမှ စတင်ပညာဆည်းပူးခဲ့သည်။ဖိလခန်.အကြာစတုတ္ထတန်းတင်ပေးခံရသည်။ ၁၉၃၁ ခုနှစ်တွင် မော်လမြိုင် အစိုးရအထက်တန်းကျောင်းမှ ၁၀ တန်းစာမေးပွဲကို ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ အစိုးရပညာသင်ဆုရ၍ ရန်ကုန်တက္ကသိုလ်၌ ဆက်လက်ပညာဆည်းပူးသည်။



ဒေါက်တာ လှဘေ

ရန်ကုန်တက္ကသိုလ် ဒုတိယမြောက်ကျောင်းသားသပိတ်တွင် ပါဝင်ခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် မြန်မာစာ ဂုဏ်ထူးတန်းကို ပထမတန်းမှ အောင်မြင်သည်။ ဒုတိယကမ္ဘာစစ်ဖြစ်ပွားသည့်တိုင် မြန်မာစာဂုဏ်ထူးတန်းကို ပထမတန်းမှ အောင်မြင်သူနှစ်ဦးသာ ပေါ်ထွန်းခဲ့ရာ ဒုတိယမြောက်ဖြစ်သည်။ ပထမပုဂ္ဂိုလ်မှာ ဦးဝန် (မင်းသုဝဏ်) ဖြစ်သည်။ ၁၉၃၆ ခုနှစ်မှစတင်၍ ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းဌာန မြန်မာစာအချိန်ပိုင်း နည်းပြအဖြစ်ဆောင်ရွက်သည်။ မြန်မာစာ မဟာဝိဇ္ဇာတန်းကို ဆက်လက်တက်ရောက်သည်။ မဟာဝိဇ္ဇာတန်းတက်ရောက်နေစဉ် ဂန္ဓလောကမဂ္ဂင်း၌ မြန်မာစာပေဝေဖန်ရေးဆောင်းပါးများ စတင်ရေးသားခဲ့သည်။ ဦးသိန်းဟန် (ဇော်ဂျီ)က "စာပေအယူအဆ အရေးအသားမှာ နောက်ပေါက်လူငယ်တွေထဲ လှဘေတစ်ယောက် အလားအလာရှိတယ်"ဟု မှတ်ချက်ချခံရသည်။ ၁၉၃၈ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ရသည်။

မဟာဝိဇ္ဇာဘွဲ့ရပြီးနောက် ပညာရေးဘွဲ့လွန်ဒီဂရီအတွက် အစိုးရပညာတော်သင်အဖြစ် အင်္ဂလန်သို့ သွားရောက်ခဲ့သည်။ ၁၉၃၈–၃၉ ခုနှစ်တွင် လန်ဒန်တက္ကသိုလ်ပညာရေးကောလိပ်၌ ပညာဆည်းပူး၍ ပညာရေးဒီပလိုမာရသည်။ အောက်စဖို့ဒ်တက္ကသိုလ် ပညာတော်သင်ဦးဝန် (မင်းသုဝဏ်)၏ ဆက်သွယ်ပေးမှုဖြင့် လန်ဒန်ရှိ မြန်မာ–အင်္ဂလိပ်အဘိဓာန်လုပ်ငန်းတွင် ဝင်ရောက်ကူညီဆောင်ရွက်သည်။ အဘိဓာန်လုပ်ငန်းကို ဦးဆောင်သူမှာ မြန်မာနိုင်ငံ အိုင်စီအက်စ် ဝန်ထမ်းဟောင်း ဂျေအေစတူးဝပ်ဖြစ်သည်။ စတူးဝပ်မှာ မြန်မာဘာသာနှင့် မွန်ဘာသာတတ်ကျွမ်း၍ ထိုအချိန်

က လန်ဒန်တက္ကသိုလ်အရှေ့တိုင်းနှင့် အာဖရိကပညာရပ်လေ့လာရေးကျောင်း မြန်မာစာဒုတိယပါမောက္ခအဖြစ် ဆောင်ရွက်နေသည်။ ဂျေအေစတူးဝပ်၏ လမ်းညွှန်မှုဖြင့် ပညာရေး ဘွဲ့လွန်ဒီဂရီအစား လန်ဒန်တက္ကသိုလ်၌ မြန်မာစာပေ အထူးပြုဖြင့် ပီအိပ်ချ်ဒီပါရဂူဘွဲ့သင်တန်းတက်ရောက်ခဲ့သည်။ ပါရဂူဘွဲ့သင်တန်းတက်နေစဉ် အဘိဓာန်လုပ်ငန်းကို ကူညီဆောင်ရွက်ပေးသည်။ စစ်အတွင်း လန်ဒန်ဘီဘီစီအသံလွှင့်ဌာန မြန်မာပိုင်းအစီအစဉ်၌ သတင်းဘာသာပြန်၊ သတင်းကြေညာသူအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၄၄ ခုနှစ်တွင် ဂျေအေစတူးဝပ်၏ ကြိုးကြပ်မှုဖြင့် "ဦးပုတ်နီ၏ ကုမ္ဗာရပြဇာတ်လေ့လာချက်" စာတမ်းတင်သွင်းပြီး ပီအိပ်ချ်ဒီပါရဂူဘွဲ့ရသည်။ စစ်ပြီး ၁၉၄၆ ခုနှစ်တွင် မြန်မာ–အင်္ဂလိပ်အဘိဓာန်ပြုစုရေး အယ်ဒီတာအဖွဲ့လက်ထောက်၊ ၁၉၄၈ ခုနှစ်တွင် တွဲဖက်အယ်ဒီတာဖြစ်လာသည်။ ၁၉၄၈ ခုနှစ်၊ စက်တင်ဘာလတွင် လန်ဒန်တက္ကသိုလ်အရှေ့တိုင်းနှင့် အာဖရိကပညာရပ်များ လေ့လာရေးကျောင်းတွင် ကထိကအဖြစ် ခန့်အပ်ခံရသည်။ ၁၉၅၅ ခုနှစ်တွင် ဒုတိယပါမောက္ခ၊ ၁၉၆၆ ခုနှစ်တွင် ပါမောက္ခဖြစ်လာသည်။ မြန်မာ–အင်္ဂလိပ်အဘိဓာန်ပြုစုရေးလုပ်ငန်းအား ရန်ကုန်တက္ကသိုလ်က လန်ဒန်တက္ကသိုလ်သို့ လွှဲပြောင်းပေးခဲ့ရာ အဘိဓာန်ပြုစုရေးရုံးကို အရှေ့တိုင်းနှင့် အာဖရိကပညာရပ်လေ့လာရေးကျောင်းတွင် ဖွင့်လှစ်သည်။ အဘိဓာန်စာတည်းစီဒဗလျူဒန်း၊ အိပ်ချ်အက်ဖ်ဆား၊ အင်နာအဲလော့၊ ဂျွန်အိုကဲတို့နှင့်အတူ ဆောင်ရွက်ရာ ၁၉၄၁ ခုနှစ်မှ ၁၉၈၁ ခုနှစ်အတွင်း အတွဲ (အပိုင်း) ၆ ပိုင်း ထုတ်ဝေနိုင်ခဲ့သည်။

လန်ဒန်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်နေစဉ် ၁၉၅၃ ခုနှစ်တွင် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်တက္ကသိုလ် ဘုရင့်စာကြည့်တိုက်ရှိ မြန်မာပေ၊ ပုရပိုက်များကို စစ်ဆေးပေးခဲ့သည်။ ၁၉၅၇–၅၈ ခုနှစ်တွင် မြန်မာဘာသာစကားစာပေယဉ်ကျေးမှု ဖွံ့ဖြိုးပြောင်းလဲမှုကို လေ့လာရန်တာဝန်ဖြင့် မြန်မာပြည်ပြန်လာခဲ့သည်။ မြန်မာပြည်ပြန်ရောက်စဉ် ရန်ကုန်တက္ကသိုလ် ပါမောက္ခ ချုပ်ရာထူးကမ်းလှမ်းသော်လည်း အုပ်ချုပ်ရေးတာဝန်များထက် စာပေပို့ချမှု၊ သုတေသနပြုမှုတို့ကိုသာ စိတ်ဝင်စား၍ ငြင်းပယ်ခဲ့သည်။ ၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ဘယ်လ်ဂျီယံပြည်နယ်ဘရတ်ဆဲလ်တက္ကသိုလ်၌ မြန်မာစကားလုံးသစ်များ ဖန်တီးပုံကို "မြန်မာဘာသာစကား မုတ်ကောင်မှ ပုလဲလုံးကလေးများ" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။ ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသည့် အရှေ့တိုင်းဆိုင်ရာ ကမ္ဘာ့ပညာရှင်များ၏ ၂၆ ကြိမ်မြောက် ကွန်ဂရက်၌ "မြန်မာ့သမိုင်းဗေဒ" စာတမ်း၊ ၁၉၆၅ ခုနှစ်၊ ဂျူလိုင်လတွင် ဂျာမနီနိုင်ငံ ဖရန့်ဖို့တက္ကသိုလ်၌ "၁၄၅၀ ပြည့်နှစ်မှ ၁၈၈၅ ခုနှစ်အတွင်း မြန်မာကဗျာ" စာတမ်း၊ ၁၉၆၇ ခုနှစ်၊ ဂျူလိုင်လတွင် ဂျာမနီနိုင်ငံသို့ ဒုတိယအကြိမ်သွားရောက်၍ "၁၈၇၀ မှ ၁၉၄၀ ပြည့်နှစ်အတွင်း ပေါ်ပေါက်ခဲ့သည့် ပြည်သူ့မြန်မာစာပေ" စာတမ်း၊ ၁၉၇၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် ဂျာမနီနိုင်ငံ ဟိုက်ဒယ်လဘတ်တက္ကသိုလ် အာရှတောင်ပိုင်းဘာသာရပ်များကျောင်း၌ "မြန်မာ့သမိုင်းဗေဒအရင်းအမြစ်သဘာဝနှင့် ထွားကြိုင်းလာပုံ" စာတမ်း၊ ၁၉၇၁ ခုနှစ်၊ မေလနှင့် ဇွန်လအတွင်း ပြင်သစ်နိုင်ငံ ပါရီမြို့ ပြင်သစ်ကောလိပ်၌ "၁၉၀၀ ပြည့်နှစ်မှ ၁၉၇၁ ခုနှစ်အထိ မြန်မာကဗျာ" စာတမ်း၊ ၁၉၈၀ ပြည့်နှစ်တွင် ပြင်သစ်သို့ ဒုတိယအကြိမ်သွားရောက်၍ "လူမျိုးချင်းထိတွေ့ရာမှ မြန်မာ့ယဉ်ကျေးမှုအပေါ် လွှမ်းမိုးလာသည့် အရိပ်အငွေ့များ" စာတမ်းများ ဖတ်ကြားဟောပြောခဲ့သည်။

လန်ဒန်တက္ကသိုလ်အရှေ့တိုင်းပညာရပ် ပညာရှင်များ ကွန်ဖရင့်များတွင်လည်း စာတမ်းဖတ်ကြားခြင်း၊ ဥရောပ၊ အမေရိက၊ အစ္စရေးစာပေစွယ်စုံကျမ်းများတွင် စာပေယဉ်ကျေးမှုရေးရာများ ရေးသားခြင်း၊ မြန်မာ–အင်္ဂလိပ်အဘိဓာန်ပြုစုခြင်း၊ စာပေပို့ချခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ပညာရပ်ဆိုင်ရာသုတေသနစာတမ်းများကို မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ်၊ အရှေ့တိုင်းနှင့် အာဖရိကပညာရပ်များ လေ့လာရေးကျောင်း စာစောင်များတွင် ရေးသားခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် လန်ဒန်တက္ကသိုလ်အရှေ့တိုင်းနှင့် အာဖရိကပညာရပ်လေ့လာရေးကျောင်းမြန်မာဘာသာစာပေယဉ်ကျေးမှုပါမောက္ခရာထူးမှ အငြိမ်းစားယူခဲ့သည်။ လန်ဒန်

တက္ကသိုလ်မှ ရာသက်ပန်ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့ အပ်နှင်း၍ ဤရာထူးကို နောက်ထပ်မည်သူမျှ မခန့်အပ်တော့ချေ။

အငြိမ်းစားယူပြီးနောက် မြန်မာနိုင်ငံပြန်လာ၍ မော်လမြိုင်မြို့၌ နေထိုင်ခဲ့သည်။ အငြိမ်းစားဘဝတွင် ဘဝအတွေ့အကြုံအတွေးအမြင်များကို "အတွေးအမြင်စာစောင်"၌ လစဉ်နီးပါးရေးသားခြင်း၊ စာပေယဉ်ကျေးမှု ဟောပြောခြင်းများဆောင်ရွက်သည်။ ၁၉၈၉ ခုနှစ် မေလမှ ဇူလိုင်လအထိ တရုတ်နိုင်ငံ ပီကင်းတက္ကသိုလ်၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံသို့ သွားရောက်၍ မြန်မာစာပေယဉ်ကျေးမှု ဟောပြောဆွေးနွေးခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့ ပြင်သစ်ကောလိပ်သို့ တတိယအကြိမ်သွားရောက်၍ "မြန်မာဗုဒ္ဓဘာသာတစ်ယောက်၏ ဘဝ၊ ပုခက်တွင်းမှ သချိုင်းထိ" စာတမ်းကို ဖတ်ကြားခဲ့သည်။

ဒေါက်တာလှဘေ၏ ပုံနှိပ်ထုတ်ဝေပြီး လုံးချင်းစာအုပ်များမှာ မြန်မာဘာသာဖြင့် "မြန်မာစာပေဓလေ့ခံစာတမ်း (၁၉၆၀ ဝန်းကျင်)၊ ပညာပါရမီ (၁၉၉၃)၊ ဝီရိယကိုထူ ဉာဏ်နှင့်ချူ ကံက ဖေးမသူ (၂၀၀၁)၊ အတွေ့အကြုံ အဆုံအမြင်နှင့် အတွေးအမြင် (၂၀၀၂)၊ တရုတ်နိုင်ငံသွား နေ့စဉ်မှတ်စာတမ်း (၂၀၀၃)၊အင်္ဂလိပ်ဘာသာဖြင့် ကုမ္ဘာရပြဇာတ် နိဒါန်းနှင့် မြန်မာပြန်၊ ပထမတွဲ (၁၉၅၂)၊ မြန်မာစကားပုံ (၁၉၆၂)၊ မြန်မာနိုင်ငံ (စာပေ၊ ယဉ်ကျေးမှု၊ သမိုင်း) (၁၉၈၅)၊ မြန်မာ-အင်္ဂလိပ်အဘိဓာန်၊ အပိုင်း ၁ မှ ၆ အထိ (၁၉၄၁-၁၉၈၁)၊ မြန်မာစကားပြောလက်စွဲ (၁၉၅၅)၊ (ပူးတွဲရေးသူ) တို့ဖြစ်သည်။ ရှမဝမဂ္ဂဇင်းတွင်လည်း စဉ်းစားဖွယ်ရာ ၁-၃ ဆောင်းပါး ၃ စောင် ရေးသားခဲ့သည်။

မြန်မာစာပေပညာရှင်၊ လန်ဒန်တက္ကသိုလ် ပါမောက္ခ ဒေါက်တာလှဘေသည် ၂၀၀၇ ခုနှစ် ဇူလိုင်လ ၃၁ ရက်၌ မော်လမြိုင်မြို့တွင် ကွယ်လွန်သည်။ ဇနီးမှာ ဒေါ်သန်းမြဖြစ်သည်။

မောင်ဇေယျာ

သတင်းစာပညာသင်တန်း (၁/၂၀၀၇)။ ။ နိုင်ငံတော်တွင် အဓိကထားဆောင်ရွက်နေသော မဏ္ဍိုင်ကြီး (၄)ရပ်ရှိပြီး စာနယ်ဇင်းသည် စတုတ္ထမဏ္ဍိုင်ဖြစ်သည်။ ယခုအခါ နေ့စဉ်ထုတ်သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ အရေအတွက်ရော အရည်အသွေးပါ မြင့်မားလျက်ရှိရာ တိုးတက်နေသောခေတ်ကြီးတွင် မီဒီယာအင်အား၏ တစ်နေ့တခြားကြီးမားလာမှုကို ဖော်ပြလျက်ရှိသည်။

မီဒီယာအင်အားကို လက်နက်သဖွယ်အသုံးပြု၍ နိုင်ငံကြီးအချို့က နိုင်ငံငယ်အချို့အပေါ် လွှမ်းမိုးရန် ကြိုးပမ်းလျက်ရှိသည်ကိုလည်း ယနေ့မျက်မှောက်ခေတ်တွင် တွေ့မြင်လာရသည်။ ၎င်းသည် မီဒီယာအင်အားဖြင့် လွှမ်းမိုးကျူးကျော်လာကြခြင်းဖြစ်သည်။ ထိုလွှမ်းမိုးကျူးကျော်မှုများကို မီဒီယာအင်အားဖြင့်ပင် တုံ့ပြန်ချေဖျက်ရမည်ဖြစ်သည်။

သို့ဖြစ်၍ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ကြီးမှူး၍ မီဒီယာလုပ်ငန်းများတွင် အရေးပါသည့် သတင်းစာပညာသင်တန်းအမှတ်စဉ် (၁/၂၀၀၇)ကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက် သင်တန်းခန်းမ၌ ဖွင့်လှစ်ခဲ့သည်။ ယခုနှစ် သင်တန်းအမှတ်စဉ်(၁/၂၀၀၇) ဆိုလျှင် (၁၃)ကြိမ် ရှိခဲ့ပြီဖြစ်ပေသည်။ အဆိုပါ သင်တန်းသည် သတင်းစာပညာကိုအခြေခံတတ်မြောက်စေရန်၊လုပ်ငန်းစွမ်းဆောင်မှုအရည်အသွေး မြင့်မားစေရန်၊ တိုင်းပြည်နှင့်လူမျိုးအပေါ် ချစ်မြတ်နိုးစိတ်၊ မျိုးချစ်စိတ်များဖြစ်ထွန်းလာပြီး အရည်အသွေးမြင့်မားသည့် သတင်းစာကောင်းများ ပေါ်ထွန်းလာစေရန်ဟူသည့်ရည်ရွယ်ချက် (၃)ရပ်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ သတင်းစာပညာသင်တန်းသို့ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ သင်တန်းသား သင်တန်းသူ ၃၀၊ ပညာရေးဝန်ကြီးဌာနမှ သင်တန်းသား သင်တန်းသူ ၁၈ ဦးနှင့် မြဝတီရုပ်မြင်သံကြားမှ သင်တန်းသူနှစ်ဦးအပါအဝင် သင်တန်းသား သင်တန်းသူ ၅၀ တို့ စက်တင်ဘာလ ၁၇ ရက်မှ နိုဝင်ဘာလ ၂၈ ရက်အထိ တက်ရောက်ခဲ့ကြသည်။ ထိုသင်တန်း

တွင်ပြန်ကြားရေးဝန်ကြီးဌာနသတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး(သတင်း)ဦးခင်မောင်ကျော်ဒင်က သင်တန်းကျောင်းအုပ်ကြီးအဖြစ် ဆောင်ရွက်ခဲ့ပြီး သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမန်နေဂျာ (သတင်းဌာန) ဦးညွန့်လှိုင်က သင်တန်းမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

အဆိုပါသင်တန်းတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ကျွမ်းကျင်သူများ၊ သတင်းစာလုပ်ငန်းအသိပညာရှင် အတတ်ပညာရှင်များမှ Printed Media နှင့် Electronic Media ကို အခြေခံ၍ စာတွေ့၊ လက်တွေ့ ဘာသာရပ်ပေါင်း ၄၀ ကျော် ပို့ချခဲ့ကြသည်။

သတင်း၏အဓိပ္ပာယ်၊ သတင်းတန်ဖိုး အကဲဖြတ်ခြင်း၊ သတင်းထောက်လှမ်းခြင်း၊ သတင်းအသွင်အမျိုးမျိုး၊ သတင်းရေးသားခြင်း၊ သတင်းစာဆိုင်ရာဥပဒေများ၊ သတင်းစာမူဝါဒ၊ သတင်းစာများ လိုက်နာရမည့် လမ်းညွှန်မှာကြားချက်များ၊ သတင်းစာသမားများလိုက်နာရန် စာနယ်ဇင်းကျင့်ဝတ်၊ သတင်းစာသမိုင်းစသည့် Printed Media ဆိုင်ရာပညာဗဟုသုတများကို ပို့ချပေးခဲ့သည်။

သင်တန်းတွင် လက်ရေးသတင်းစာ၊ ကွန်ပျူတာသတင်းစာ၊ ပုံနှိပ်သတင်းစာများ လုပ်ဆောင်ကြရသည်။ သတင်းစာတစ်စောင်၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရရှိစေရန် ဒမ္မီဆွဲခြင်း၊ သတင်းတည်းဖြတ်၊ ခေါင်းတပ်ခြင်းများ၊ 'ဘ'ခြောက်လုံးနှင့် ပြည့်စုံသောသတင်းရေးသားခြင်း၊ ဓာတ်ပုံအထားအသိုစသည့် သတင်းစာပညာရပ်ဆိုင်ရာများကိုလည်း ဝါရင့်သတင်းစာဆရာကြီးများကအတွေ့အကြုံနှင့်ယှဉ်၍ ပို့ချပေးခဲ့သည်။နေ့စဉ်သတင်းစာအချိန်မှန်ထွက်ရှိရေးအတွက် စနစ်တကျလုပ်ဆောင်နေကြရသော သတင်းစာဝန်ထမ်းများ၏ ဇွဲ၊ တိကျ၊ မှန်ကန်မြန်ဆန်စွာ လုပ်ငန်းဆောင်ရွက်နေမှုများ၊ သတင်းစာ၏ တာဝန်ယူနိုင်မှုဟူသော ခံယူချက်ကို အခိုင်အမာပြနိုင်သော သတင်းစာသမားတို့၏ ကြီးလေးသောတာဝန်ဖြစ်သည်ကို ဤသင်တန်းက မီးမောင်းထိုးပြပေးခဲ့သည်။

သင်ကန်းကျောင်းအုပ်ကြီး ဦးခင်မောင်ကျော်ဒင်နှင့် သင်တန်းသား ၅၀ တို့သည် ၂၁-၁၀-၂၀၀၇ ရက်နေ့တွင် ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာန၊ မော်ဘီမြို့နယ်ရှိ မြဝတီရုပ်မြင်သံကြား ပင်မထုတ်လွှင့်ရေးစက်ရုံနှင့် ဗိုလ်အောင်ကျော်လမ်းရှိ မြန်မာတိုင်းမ်ဂျာနယ်တို့ကိုလေ့လာရေးခရီးသွားရောက်ခဲ့ကြသည်။

လေ့လာရေးအဖွဲ့သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနသို့ ရောက်ရှိလာရာ မြန်မာ့အသံနှင့် ရုပ်မြင်



သင်တန်းသားများ လက်တွေ့သတင်းစာပြုစုစဉ်

သံကြားဌာနမှ ညွှန်ကြားရေးမှူး (စီမံ) ဦးဘုန်းမြင့်က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာ့အသံနှင့် ပတ်သက်သော အကြောင်းအရာများကို စတူဒီယို(အေ) ခန်းမတွင် ဗီဒီယိုပြစက်ဖြင့် ရှင်းလင်းပြသခဲ့သည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင်များသည်မြဝတီ ရုပ်မြင်သံကြား ပင်မထုတ်လွှင့်ရေးစက်ရုံသို့ ရောက်ရှိ လာရာအဖွဲ့ဝင်များအား ဒုတိယဌာနမှူး (ညှိနှိုင်းစီမံ) ဗိုလ်မှူးတင်မောင်လတ်နှင့် သတင်းဌာနစုမှူး ဗိုလ်ကြီး အောင်ကျော်သွင်တို့ကကြိုဆိုကြပြီးမြဝတီရုပ်သံစည်းဝေး ခန်းမတွင် မြဝတီရုပ်မြင်သံကြား အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက်သင်တန်းသားများသည် ဗိုလ်အောင်ကျော်လမ်းရှိ မြန်မာတိုင်းမ်ဂျာနယ်တိုက်သို့ သွားရောက် လေ့လာခဲ့ကြရာ မြန်မာတိုင်းမ်ဂျာနယ်တိုက်မှ တာဝန်ရှိသူများက ဂျာနယ်တိုက်၏ လုပ်ငန်းဆောင်တာများ အကြောင်း ရှင်းလင်းပြောကြားပြီး သင်တန်းသားများက ဂျာနယ်တိုက် ပုံနှိပ်ခန်းများတွင် သွားရောက်လေ့လာခဲ့ကြသည်။

သန်းသန်းစီ

သဘာဝဘေးအန္တရာယ်များ (၂၀၀၇)။ ။

ကမ္ဘာ့မှာတစ်ဝန်းလုံး၌ သဘာဝဘေးအန္တရာယ်များ နှစ်စဉ်ပေါ်ပေါက်လျက်ရှိသည်။ ၂၀၀၇ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်များတွင် အဆေးလိုင်းများကျရောက်ခြင်း၊ တောမီးများလောင်ကျွမ်းခြင်း၊ မုန်တိုင်းများ တိုက်ခတ်ခြင်း၊ ငလျင်များလှုပ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ အပူလိုင်းများ ကျရောက်ခြင်းတို့ ပါဝင်သည်။ သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်းကြောင့် လူများ၊ တိရစ္ဆာန်များနှင့် သက်ရှိသတ္တဝါများ သေကျေခြင်း၊ ဒဏ်ရာရရှိခြင်း၊ အိုးအိမ်တိုက်တာ အဆောက်အအုံများ၊ ရေးဟောင်းအမွေအနှစ်များ၊ စိုက်ပျိုးသီးနှံများနှင့် သစ်တောများ ပျက်စီးခြင်းတို့ကို တွေ့ကြုံကြရသည်။

အဆေးလိုင်းများကျရောက်ခြင်း

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြောက်ပိုင်းခရိုင်သုံးခရိုင်၌ ဧန်နဝါရီလ ၄ ရက်နေ့တွင် အဆေးလိုင်းများ ကျရောက်ခြင်းကြောင့် လူ ၁၇ ဦးသေဆုံးပြီး လူထောင်ပေါင်းများစွာ ရောဂါဘယ ခံစားကြရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း၌ ဧန်နဝါရီလ ၆ ရက်နေ့မှ ၁၁ ရက်နေ့အထိ အဆေးလိုင်းများကျရောက်ခြင်းကြောင့် လူ ၁၁၈ ဦး သေဆုံးပြီး သေဆုံးသူအများစုသည် အဆေးမိရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ဖြစ်ပွားသေဆုံးခြင်းဖြစ်သည်။

ပီရူးနိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်း၌ ဇွန်လ ၂ ရက်နေ့တွင် အဆေးလိုင်းများ ကျရောက်ခြင်းကြောင့် ကလေး ၅၂ ဦးထက်မနည်း သေဆုံးသည်။

ပီရူးနိုင်ငံတစ်ဝန်း၌ ဇူလိုင်လ ၆ ရက်နေ့တွင် အဆေးလိုင်းများ ကျရောက်ခြင်းကြောင့် ကလေး ၅၅ ဦးသေဆုံးပြီး လူ ၆,၃၀၀ ခန့် အဆုတ်အဆေးမိရောဂါ ဖြစ်ပွားသည်။

တောမီးများလောင်ကျွမ်းခြင်း

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်ဒေသ မာလီဘူးမြို့၌ ဧန်နဝါရီလ ၈ ရက်နေ့တွင် တောမီးလောင်ကျွမ်းမှုကြောင့် အိမ်လေးလုံး လုံးဝဆုံးရှုံးပြီး အခြားအိမ်ငါးလုံး ပျက်စီးသွားသည်။

တူရကီနိုင်ငံ အနောက်တောင်ပိုင်း ဘိုဒရမ်ပင်လယ်အပန်းဖြေစခန်း၌ ဇူလိုင်လ ၇ ရက်နေ့တွင် တောမီးလောင်ကျွမ်းမှုကြောင့် ထင်းရှူးတောနှင့် သစ်ပင်ချုံနွယ် ဟက်တာ ၃၀၀ ခန့် ပျက်စီးသွားသည်။

အီတလီနိုင်ငံ စစ္စလီကျွန်း၌ ဩဂုတ်လ ၂၁ ရက်နေ့တွင် တောမီးလောင်ကျွမ်းမှုကြောင့် လူသုံးဦးသေဆုံးပြီး အီတလီနိုင်ငံတောင်ပိုင်း၌ တောမီးလောင်ကျွမ်းမှုကြောင့် လူရှစ်ဦး သေဆုံးသည်။

ဂရိနိုင်ငံ အေသင်မြို့ အနောက်တောင်ဘက် မိုင် ၁၂၀ ခန့်အကွာ အာရိပိုလစ်မြို့အနီး ကမ်းရိုးတန်းတစ်လျှောက်၌ ဩဂုတ်လ ၂၄ ရက်နေ့တွင် တောမီးလောင်ကျွမ်းမှုကြောင့် လူ ၄၆ ဦးထက်မနည်း သေဆုံးသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဘာနာဒီနိုခရိုင်၌ စက်တင်ဘာလ ၁၄ ရက်နေ့မှစ၍ တောမီးလောင်ကျွမ်းမှုကြောင့် မြေဟက်တာ ၇,၃၀၀ မီးလောင်ကျွမ်းခဲ့ပြီး ဒေသခံလူ ၅,၀၀၀ ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးရသည်။

ဆီးရီးယားနိုင်ငံ မြောက်ပိုင်း၌ စက်တင်ဘာလ ၂၁ ရက်နေ့တွင် တောမီးလောင်ကျွမ်းမှုကြောင့် မီးငြိမ်းသတ်သည့် မီးသတ်သမားလေးဦး သေဆုံးသွားသည်။


မုန်တိုင်းများတိုက်ခတ်ခြင်း

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် တစ်ဝန်း၌ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပြင်းထန်သည့် မိုးကြိုးမုန်တိုင်းနှင့် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူ ၁၉ ဦးသေဆုံးပြီး ဖလော်ရီဒါအလယ်ပိုင်း၌ အိမ်ခြေ ၅၀၀၊ ဘုရားရှိခိုးကျောင်းနှင့် အဆောက်အအုံများ ပျက်စီးသွားသည်။

အမေရိကန်နိုင်ငံ နယူးအော်လင်းဒေသ၌ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် တော်နေဒိုးမုန်တိုင်းတိုက်ခတ်မှုကြောင့် လူတစ်ဦးသေဆုံးပြီး ၁၉ ဦးဒဏ်ရာရကာ အဆောက်အအုံများ ပျက်စီး၍ လျှပ်စစ်မာတ်အား ပြတ်တောက်သွားသည်။

မောရိသျှနိုင်ငံ စိန့်ပေါလ်ဒီလာရီယူနီယံကျွန်းစု၌ ဖေဖော်ဝါရီလ ၂၅ ရက်နေ့က ဒါမီဒါဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် လူနှစ်ဦးသေဆုံးပြီး မြစ်ကူးတံတားတစ်ခုပြိုကျကာ ကြံနှင့်ငှက်ပျောစိုက်ခင်း အများအပြား ပျက်စီးသွားသည်။

အိန္ဒိယသမုဒ္ဒရာအတွင်းရှိ မဒါဂါစကာကျွန်း၌ မတ်လ ၁၅ ရက်နေ့တွင် အင်လာလာမုန်တိုင်း တိုက်ခတ်မှုကြောင့် လူ ၆၉ ဦးထက်မနည်း သေဆုံးပြီး နှစ်ဦးပျောက်ဆုံးသွားသည်။ အိမ်ခြေ ၃,၆၀၀ ကျော်နှင့် အစိုးရအဆောက်အအုံများ ပျက်စီးသွားပြီး လူ ၇၈,၀၀၀ အိုးမဲ့အိမ်မဲ့ဖြစ်သွားသည်။



ပါကစ္စတန်နိုင်ငံ ကာဘတ်မြို့၌ ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ရေကြီးနေသည်ကို တွေ့ရစဉ်

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်နှင့် မက္ကဆီကိုနိုင်ငံ နယ်စပ်မြို့များ၌ ဧပြီလ ၂၅ ရက်နေ့တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူ ၁၀ ဦးသေဆုံးပြီး လူ ၈၀ ကျော် ဒဏ်ရာရသွားသည်။ အိမ်ခြေရာပေါင်းများစွာ ပျက်စီး၍ လူ ၇၀၀ မှ ၈၀၀ အထိ အိုးမဲ့အိမ်မဲ့ဖြစ်သွားသည်။

အမေရိကန်နိုင်ငံ ကင်းဆပ်စ်ပြည်နယ် ဂရင်းစဘတ်ဂျ်မြို့၌ မေလ ၅ ရက်နေ့တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူ ကိုးဦးထက်မနည်း သေဆုံးပြီး ကီအိုဝါခရိုင်၌ ဆေးရုံတစ်ရုံပျက်စီးခဲ့ရာ လူ ၃၀ ခန့်ကို အပျက်အစီးများကြားမှ ကယ်ဆယ်ခဲ့ရသည်။

အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဩရိသပြည်နယ်၌ မေလ ၇ ရက်နေ့တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် ရေလွှိုင်းများ မြင့်တက်ပြီး မိုးသည်းထန်စွာရွာသွန်းရာ ငါးဖမ်းသမား တစ်ဦးသေဆုံးသွားပြီး လူ ၁၀၀ ခန့် ပျောက်ဆုံးသည်။

အိုမန်နိုင်ငံ၌ ဇွန်လ ၅ ရက်နေ့တွင် အင်အားအဆင့် ၅ ရှိ ဟာရီကိန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် လူထောင်ပေါင်းများစွာ အိုးအိမ်များကို စွန့်ပစ်ထွက်ပြေးရသည်။

ကနေဒါနိုင်ငံ အနောက်ပိုင်းဒေသ၌ ဇွန်လ ၆ ရက်နေ့တွင် မုန်တိုင်း တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးခဲ့ရာ နေအိမ် ၅၀ ထက်မနည်းရှိ လူများအား ဘေးလွတ်ကင်းသည့် နေရာများသို့ ရွှေ့ပြောင်းပေးရသည်။

ဩစတြေးလျနိုင်ငံ အရှေ့တောင်ပိုင်းနယူးဆောက်ဝေးပြည်နယ်တစ်ဝန်း၌ ဇွန်လ ၈ ရက်နေ့တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် ရေလွှမ်းမိုးခြင်းခံရပြီး လူကိုးဦးရေနစ်သေဆုံးသွားသည်။

အီရန်နိုင်ငံ အရှေ့တောင်ပိုင်း၌ ဇွန်လ ၉ ရက်နေ့တွင် ဂိုနုမုန်တိုင်းတိုက်ခတ်မှုကြောင့် ရေလွှမ်းမိုးခဲ့ရာ လူ ၁၂ ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိကာ လူနေအိမ်ခြေအများအပြား ပျက်စီးသွားသည်။

မလေးရှားနိုင်ငံမြောက်ပိုင်း ကီဒါပြည်နယ် ပူလာဆာရာဒေသ၌ ဇွန်လ ၁၉ ရက်နေ့တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် ရေလုပ်သားငါးဦး ပျောက်ဆုံးသွားသည်။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းဒေသအချို့၌ ဇွန်လ ၁၉ ရက်နေ့တွင် မိုးသက်မုန်တိုင်း တိုက်ခတ်မှုကြောင့် ရေလွှမ်းမိုးပြီး မြေပြိုခဲ့ရာ လူ ၃၆ ဦးသေဆုံးကာ ၁၃ ဦး ပျောက်ဆုံးသွားသည်။ လူနေအိမ် ၁၇,၀၀၀ ပျက်စီးပြီး ဒေသခံ ၂၉၂,၀၀၀ ခန့် ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရသည်။

ထိုင်းနိုင်ငံ အရှေ့မြောက်ဒေသ၌ ဇွန်လ ၂၀ ရက်နေ့တွင် လေပြင်းမုန်တိုင်း မတိုက်ခတ်မီ မိုးကြိုးပစ်မှုကြောင့် လူသုံးဦးထက်မနည်းသေဆုံးပြီး ၁၀ ဦးဒဏ်ရာရသွားသည်။

ပါကစ္စတန်နိုင်ငံ ကရာချီမြို့၌ ဇွန်လ ၂၃ ရက်နေ့တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် လူ ၂၀၀ ကျော် သေဆုံးပြီး လျှပ်စစ်ဓာတ်အားပြတ်တောက်သွားသည်။

ဘင်္ဂလားပင်လယ်၌ ဇွန်လ ၂၉နှင့် ၃၀ ရက်နေ့များတွင် မိုးသက်မုန်တိုင်း တိုက်ခတ်မှုကြောင့် ရေလုပ်သား ၁၅၅ ဦးပါ ငါးဖမ်းရေယာဉ် ၁၄ စီးတိမ်းမှောက်ခဲ့ရာ ၁၁၅ ဦး အသက်ဘေးမှ လွတ်မြောက်ပြီး လူ ၄၀ ပျောက်ဆုံးသွားသည်။

တရုတ်နိုင်ငံ အရှေ့ပိုင်းပြည်နယ်နှစ်ခု၌ ဇူလိုင်လ ၃ ရက်နေ့တွင် လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် လူ ၁၄ ဦးသေဆုံးပြီး ၁၄၆ ဦးဒဏ်ရာရသွားသည်။


တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်၌ ဇူလိုင်လ ၅ ရက်နေ့တွင် မိုးသက်မုန်တိုင်း တိုက်ခတ်မှုကြောင့် လူ ၎င်းဦးသေဆုံးပြီး အိမ် ၅,၅၉၈ လုံး ပျက်စီးသွားသည်။ လူ ၁,၀၀၀ ကျော် အိုးအိမ်ပစ်ထွက်ပြေးရပြီး လူ ၂ ဒသမ ၂ သန်းကျော် မုန်တိုင်းဒဏ်ခံရသည်။

ဂျပန်နိုင်ငံ တောင်ပိုင်း ကျူးရှူးကျွန်း၌ ဇူလိုင်လ ၁၄ ရက်နေ့တွင် တိုင်ဖုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် လူ နှစ်ဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးသွားသည်။ လူ ထောင်ပေါင်းများစွာ နေအိမ်စွန့်ခွာ ထွက်ပြေးသွားရပြီး အိမ်တစ်သိန်းခန့် လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားသည်။

ဂရိနိုင်ငံ မြောက်ပိုင်း၌ ဩဂုတ်လ ၆ ရက်နေ့တွင် နွေရာသီမုန်တိုင်း တိုက်ခတ်မှုကြောင့် နေအိမ်နှင့် လယ်ကွင်းများ ရေလွှမ်းမိုးခြင်းခံရပြီး ကောက်ပဲသီးနှံများ ပျက်စီးသွားသည်။

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း၌ ဩဂုတ်လ ၇ ရက်နေ့တွင် လေမုန်တိုင်း တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် လူ ၃၂ ဦးထက်မနည်း သေဆုံးပြီး ၁၅ ဦးပျောက်ဆုံးသွားသည်။ ထောင်နှင့်ချီသော ရေဘေးနှင့် လေဘေးဒုက္ခသည်များအား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးရသည်။ အိမ်ခြေ ၄၈,၀၀၀ နှင့်စိုက်ပျိုးမြေဟက်တာ ၆၅,၇၀၀ ခန့် ရေလွှမ်းမိုးခြင်း ခံရသည်။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ ယူနန်ပြည်နယ်၌ ဩဂုတ်လ ၁၁ ရက်နေ့တွင် မိုးသက်မုန်တိုင်း တိုက်ခတ်မှုကြောင့် ရေလျှံမှုဖြစ်ပွားသဖြင့် လူ ရှစ်ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးသွားသည်။ သီးနှံစိုက်ဟက်တာ ၆၆၀ ရေလွှမ်းမိုးခြင်းခံရပြီး ယွမ်ငွေသန်း ၄၀ ခန့် ဆုံးရှုံးသည်။



အင်ဒိုနီးရှားနိုင်ငံ ဂျကာတာ၌ ရေလွှမ်းမိုးမှုကြောင့် ကားလမ်းများ ရေနစ်မြုပ်နေသည်ကို တွေ့ရစဉ်

အမေရိကန်နိုင်ငံတောင်ပိုင်း တက္ကဆက်ပြည်နယ်၌ ဩဂုတ်လ ၁၇ ရက်နေ့တွင် အီရင်းအပူပိုင်း မုန်တိုင်း တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် လူ ရှစ်ဦးသေဆုံးသည်။

ကာရစ်ဘီယံပင်လယ်ကျွန်းများ၌ ဩဂုတ်လ ၁၇ ရက်နေ့တွင် ဒင်းနှ်ဟာရီကိန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ၄က်ပျောစိုက်ခင်းများ ပျက်စီးပြီး မြေပြိုမှု ဖြစ်ပွားသည်။

နီကာရာဂွာနိုင်ငံ ကာရစ်ဘီယံပင်လယ် ကမ်းရိုးတန်း၌ စက်တင်ဘာလ ၄ ရက်နေ့တွင် ဖီးလစ်ဟာရီကိန်း

မုန်တိုင်းတိုက်ခတ်မှုကြောင့် လူ ၃၈ ဦးထက်မနည်း သေဆုံးပြီး လူ ၈၀ ကျော် ပျောက်ဆုံးကာ နေအိမ်ထောင်ပေါင်းများစွာ ပျက်စီးသွားသည်။

ဂွာတီမာလာနိုင်ငံ၌ စက်တင်ဘာလ ၄ ရက်နေ့တွင် ဖီးလစ်ဟာရီကိန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး မြစ်လေးခုရေလျှံကာ လူနေအိမ်ခြေ ၅,၀၀၀ ထက်မနည်း ရေမြုပ်သွားသည်။

တရုတ်နိုင်ငံတောင်ပိုင်း စီကျန်းပြည်နယ်၌ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ဝိုင်ဖာတိုင်ဖုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် လူတစ်ဦးသေဆုံးပြီး လူသုံးဦး ဒဏ်ရာရသွားသည်။ လူနေအိမ်ခြေ ၆၆၉ လုံးပျက်စီးပြီး လူ ၎င်းသိန်းဒုက္ခရောက်၍ ယွမ်ငွေ ၂ ဒသမ ၉ ဘီလီယံဖိုး ဆုံးရှုံးသွားသည်။

အင်္ဂလန်နိုင်ငံတောင်ပိုင်းနှင့် အလယ်ပိုင်း၌ စက်တင်ဘာလ ၂၄ ရက်နေ့တွင် လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် လူမပါသော ကျောင်းကားတစ်စီး တိမ်းမှောက်ပြီး ဥယျာဉ်များ၊ နေအိမ်များနှင့် စက်ရုံအမိုးများ ပျက်စီးသွားသည်။

ငလျင်လှုပ်ခြင်း

အင်ဒိုနီးရှားနိုင်ငံ ဆုမားတြားကျွန်း၌ မတ်လ ၆ ရက်နေ့တွင် ရစ်ချ်တာစကေး ၆ ဒသမ ၃ ရှိ မြေငလျင်တစ်ခု လှုပ်သွားမှုကြောင့် လူ ၈၂ ဦးသေဆုံးပြီး အဆောက်အအုံများ ပြိုကျပျက်စီးသွားသည်။ ငလျင်သည် ပန်ဒန်မြို့အနီး ဗဟိုပြု လှုပ်သွားခြင်းဖြစ်သည်။

ဂျပန်နိုင်ငံ အလယ်ပိုင်း ကမ်းရိုးတန်းဒေသ၌ မတ်လ ၂၅ ရက်နေ့တွင် ရစ်ချ်တာစကေး ၇ ဒသမ ၁ ရှိ မြေငလျင်တစ်ခု လှုပ်သွားမှုကြောင့် လူတစ်ဦးသေဆုံးပြီး လူ ၂၀၀ ခန့် ဒဏ်ရာရရှိကာ နေအိမ်များနှင့် လမ်းများ ပျက်စီးသွားသည်။

ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ဆော်လမွန်ကျွန်း၌ ဧပြီလ ၂ ရက်နေ့တွင် ရစ်ချ်တာစကေးရှစ်အဆင့်ရှိ မြေငလျင်လှုပ်မှုကြောင့် ဆူနာမီလှိုင်းကျရောက်ပြီး လူနှစ်ဦး ထက်မနည်း သေဆုံးသည်။ ငလျင်သည် အနောက်ပိုင်း ပြည်နယ် ဂီရိမြို့မှ ၄၅ ကီလိုမီတာ အကွာကို ဗဟိုပြု၍ ရေပြင်အနက် ၁၀ ကီလိုမီတာ၌ အခြေပြုပြီး လှုပ်ခြင်းဖြစ်၍ ဆူနာမီလှိုင်းများ တက်လာသဖြင့် ကမ်းခြေရှိ အဆောက်



ဆူနာမီရေလှိုင်းဒဏ်ခံခဲ့ရသည့် နှစ်နှစ်မြောက်နေ့ဖြစ်သော ဒီဇင်ဘာ (၂၆)ရက်က ဘာလီကျွန်း ဒင်ပါဆာမြို့ ဆန်နာကမ်းခြေတွင် ကျောင်းသူကျောင်းသားလေးများ ဆူနာမီလှေကျင့်ခန်းတစ်ခုပြုလုပ်နေစဉ်

အခဲ့များ ပျက်စီးကာ လူအများအပြား ထွက်ပြေးသွားရသည်။

ချီလီနိုင်ငံ တောင်ပိုင်း အေဆန်ဖလော့ဒ်ဒေသ၌ ဧပြီလ ၂၁ ရက်နေ့တွင် ရစ်ချ်တာစကေး ၆ ဒသမ ၂ အဆင့်ရှိ မြေငလျင်လှုပ်မှုကြောင့် ဒီရေများတက်သဖြင့် လူသုံးဦးသေဆုံးပြီး ခုနစ်ဦးပျောက်ဆုံးသည်။

ဂျပန်နိုင်ငံ အနောက်မြောက်ပိုင်း၌ ဇူလိုင်လ ၁၆ ရက်နေ့တွင် ရစ်ချ်တာစကေး ၆ ဒသမ ၆ အဆင့်ရှိ မြေငလျင်လှုပ်မှုကြောင့် လူလေးဦးသေဆုံးပြီး လူ ၄၀၀ ခန့် ဒဏ်ရာရသွားသည်။ နေအိမ်အချို့ ပျက်စီးပြီး နျူကလီးယားဓာတ်အားပေးစက်ရုံ မီးလောင်မှု ဖြစ်ပွားသည်။ ငလျင်သည် နီဂါဒါမြို့ အနောက်တောင်ဘက် ကီလိုမီတာ ၆၀ ခန့်ကို ဗဟိုပြု၍ မြေအောက် ၁၀ ကီလိုမီတာခန့်၌ လှုပ်ခြင်းဖြစ်သည်။

ပီရူးနိုင်ငံ တောင်ဘက်ကမ်းရိုးတန်း၌ ဩဂုတ်လ ၁၅ ရက်နေ့တွင် ရစ်ချ်တာစကေး ၇ ဒသမ ၉ အဆင့်ရှိ ငလျင်တစ်ခုထက်မနည်း လှုပ်မှုကြောင့် လူ ၄၅၀ သေဆုံးပြီး လူ ၁,၅၀၀ ဒဏ်ရာရသွားသည်။ အိမ်ခြေ ၄၀၀ ခန့် ပျက်စီးပြီး လျှပ်စစ်မဟတ်အားများ ပြတ်တောက်သွားသည်။

ဩစတြေးလျတိုက် အရှေ့မြောက်ပိုင်း သမုဒ္ဒရာပြင်ရှိ ဆော်လမွန်ကျွန်းစု၌ ဩဂုတ်လ ၁၆ ရက်နေ့တွင် ရစ်ချ်တာစကေး ၆ ဒသမ ၇ အဆင့်ရှိ မြေငလျင်လှုပ်သွားသည်။

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းအနောက်ပိုင်း၌ စက်တင်ဘာလ ၁၂ ရက်နေ့တွင် ရစ်ချ်တာစကေး ၇ ဒသမ ၉ အဆင့်ရှိ မြေငလျင်လှုပ်မှုကြောင့် အနောက်ဂျာဗားပြည်နယ်မြို့တော်ပန်ဒန်းနှင့် ဘန်ကူလူမြို့များရှိ အဆောက်အအုံများ ပြိုကျပျက်စီးသွားသည်။ ငလျင်သည် ဘန်ကူလူမြို့ အနောက်တောင်ပိုင်းကို ဗဟိုပြု၍ ပင်လယ်ရေအောက်အနက်ကိုးမိုင်ခန့်၌ လှုပ်ခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်း၌ စက်တင်ဘာလ ၂၀ ရက်နေ့တွင် ရစ်ချ်တာစကေး ၆ ဒသမ ၇ အဆင့်ရှိ မြေငလျင်သည် ဗီနန်မြို့ အနောက်တောင်ပိုင်း ၁၂၇ ကီလိုမီတာနှင့် ပင်လယ်ပြင်မှ ၇၆ ကီလိုမီတာ အကွာကို ဗဟိုပြု၍ လှုပ်သွားသည်။

ဂရိနိုင်ငံ အရှေ့တောင်ပိုင်း ကာပါသို့စ်ကျွန်း၌ စက်တင်ဘာလ ၂၃ ရက်နေ့တွင် ရစ်ချ်တာစကေး ၅ ဒသမ ၆ အဆင့်ရှိ မြေငလျင်လှုပ်သွားသည်။

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်း၌ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ရစ်ချ်တာစကေး ၅ ဒသမ ၂ နှင့် ၅ ဒသမ ၄ အဆင့်ရှိ မြေငလျင်လှုပ်သွားသည်။

မိုးသည်းထန်စွာရွာသွန်းခြင်း

ဘိုလစ်ဗီးယားနိုင်ငံ အရှေ့ပိုင်း၌ ဇန်နဝါရီလ နောက်ဆုံးပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှု ဖြစ်ပွားပြီး လူ ၁၄ ဦးထက်မနည်း သေဆုံးကာ အိမ်ခြေ ၁၀၀ ခန့် ပျက်စီးသည့်အပြင် စိုက်ပျိုးမွေးမြူရေးခြံ ဟက်တာထောင်ပေါင်းများစွာ ရေလွှမ်းမိုးခြင်းခံရသည်။

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း ဖလိုးရက်စ်ကျွန်း၌ မတ်လ ၃ ရက်နေ့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားပြီး လူ ၄၀ ထက်မနည်း သေဆုံးကာ လူအများအပြား ပျောက်ဆုံးနေသည့်အပြင် နေအိမ်များ ရေစီးနှင့်အတူ မျောပါသွားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ မတ်လ ၂၄ ရက်နေ့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလျှံမှုဖြစ်ပွားပြီး လူ ၁၇ ဦးထက်မနည်း သေဆုံးကာ ကျေးရွာများ ရေနစ်မြုပ်၍ နေအိမ်များ ပျက်စီးသွားသည်။

ဥရုဂွေးနိုင်ငံ အနောက်ပိုင်းနှင့် တောင်ပိုင်းဒေသများ၌ မတ်လ နောက်ဆုံးအပတ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အိုးအိမ်မဲ့သူ ၈၀၀ ဖြစ်သွားသည်။



မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှု ဖြစ်ပွားနေသည့် ဖြိုတိန်နိုင်ငံ လူနေရပ်ကွက်တစ်နေရာ

အာဂျင်တီးနားနိုင်ငံ ပြည်နယ်သုံးခုခွဲ မတ်လ ၃၁ ရက်နေ့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးပြီး လူငါးဦးသေဆုံးကာ လူ ၆၀,၀၀၀ ခန့် နေအိမ်များကို စွန့်ခွာထွက်ပြေးသွားသည်။

အာဖဂန်နစ္စတန်နိုင်ငံခွဲ ဧပြီလ ၁ ရက်နေ့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူ ၅၀ ခန့်သေဆုံးပြီး အိမ်ခြေများစွာ ပျက်စီးသွားရာ လူရာပေါင်းများစွာ အိုးအိမ်မဲ့ဖြစ်သွားသည်။

အာဂျင်တီးနားနိုင်ငံ အနောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများ၌ ဧပြီလ ၂၂ ရက်နေ့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးပြီး လူ ၁၂ ဦးသေဆုံးကာ လူ ၅၀,၀၀၀ ခန့်အိုးအိမ်မဲ့ ဖြစ်သွားသည်။ ပဲပိစပ်တန်နှစ်သန်း၊ ပြောင်းတန်နှစ်သိန်းနှင့် ကျွဲနွားကောင်ရေ ၂၇,၅၀၀ ဆုံးရှုံးသည်။

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ မေလ ၃ ရက်နေ့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးပြီး လူငါးဦးထက်မနည်း သေဆုံးသည်။

စပိန်နိုင်ငံ အလယ်ပိုင်း၌ မေလ ၂၃ ရက်နေ့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မဒရစ်မြို့ အဓိက မြို့ပတ်လမ်းရေလျှံပြီး အဝေးပြေးလမ်းမကြီး ရေမြုပ်သွားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်း စစ်တကောင်းမြို့၌ ဇွန်လ ၁၁ ရက်နေ့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရွံ့မြေများ ပြိုကျပြီး လူ ၇၆ ဦးသေဆုံးကာ ရွာသားများ ရေစီးဖြင့် မျောပါသွားသည်။

တရုတ်နိုင်ငံ တောင်ပိုင်း၌ ဇွန်လ ၁၁ ရက်နေ့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးပြီး လူ ၇၆ ဦးထက်မနည်း သေဆုံးကာ နေအိမ်များပြိုကျပျက်စီးသွားသည်။

တရုတ်နိုင်ငံ၌ ဇွန်လ ၁၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ရေလွှမ်းမိုးမှုဖြစ်ပွားရာ လူ ၁၂၈ ဦးသေဆုံးပြီး ၂၄ ဦး ပျောက်ဆုံးသည်။ လူ ၂၂ ဒသမ ၇ သန်း ရေဘေးကြုံတွေ့နေရပြီး စိုက်ခင်းဟက်တာ ၁ ဒသမ ၂၂ သန်း ရေမြုပ်သွားခြင်းကြောင့် ယွမ်ငွေ ၈ ဒသမ ၉၂ ဘီလီယံဖိုး ဆုံးရှုံးသွားသည်။


အိန္ဒိယနိုင်ငံ အရှေ့ပိုင်း၌ ဇွန်လ ၁၇ ရက်နေ့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စိုက်ခင်းနှင့် ကျေးရွာများ ရေလွှမ်းမိုးခြင်းခံရပြီး မိုးကြိုးပစ်ခြင်းကြောင့် လူ ၁၆ ဦးထက်မနည်း သေဆုံးသွားသည်။

ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့အနောက်မြောက်ဘက်ရှိ ဘိုင်ဒရာကျေးရွာ၌ ဇွန်လ ၁၇ ရက်နေ့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလျှံမှုဖြစ်ပွားရာ ကလေး ၁၂ ဦးနှင့် လူကြီးသုံးဦးသေဆုံးပြီး လူ ၆၀ ဒဏ်ရာရသွားသည်။ အိမ် ၃၂ လုံး ရေတိုက်စားခံရပြီး လူ ၅၀၀ ခန့် အိုးအိမ်မဲ့ဖြစ်သွားသည်။

အိန္ဒိယနိုင်ငံ တစ်ဝန်း၌ ဇွန်လ ၂၀ ရက်နေ့မှ ၂၂ ရက်နေ့အထိ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးခြင်းခံရပြီး လူ ၅၇ ဦးသေဆုံးကာ လူတစ်သိန်းကျော် အိုးအိမ်များကို စွန့်ခွာထွက်ပြေးသွားရသည်။

ဩစတြေးယားနိုင်ငံ ဗီယင်နာမြို့၌ ဇွန်လ ၂၁ ရက်နေ့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူနှစ်ဦးသေဆုံးပြီး လူအများအပြား ဒဏ်ရာရသွားသည်။

အိန္ဒိယနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇွန်လ ၂၆ ရက်နေ့အထိ သေဆုံးသူ ၁၅၀ ရှိပြီး လူသိန်းပေါင်းများစွာ ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရသည်။



အင်ဒိုနီးရှားနိုင်ငံ ဟယ်လ်မာဟီရာကျွန်းရှိ ဂန်ဂိုနိုရာမီးတောင်ပေါက်ကွဲနေသည်ကို တွေ့ရစဉ်

မက္ကဆီကိုနိုင်ငံ၌ ဇူလိုင်လ ၄ ရက်နေ့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားရာ ဘတ်စကားတစ်စီးပေါ်ရှိ လူ ၆၀ ခန့် မြေပိုခဲကြရသည်။

တရုတ်နိုင်ငံ ပြည်နယ်ခုနစ်ခု၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပွားရာ ဇူလိုင်လ ၁၀ ရက်နေ့အထိ လူ ၁၀၁ ဦးသေဆုံးပြီး ၂၅ ဦးပျောက်ဆုံးသွားသည်။ ရေကြီးမှုကြောင့် လူ ၁၆ ဒသမ ၆၇ သန်းခန့်အထိ ဒဏ်ရာရရှိပြီး ပြည်နယ်ခုနစ်ခုမှ လူ ငါးသိန်းခွဲကျော်ကို ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရသည်။ ထို့ပြင် လယ်မြေဟက်တာ ၁ ဒသမ ၂၃ သန်း ပျက်စီးပြီး ယွမ် ၎ ၃ ဒသမ ၈၃ ဘီလီယံဆုံးရှုံးသည်။

နီပေါနိုင်ငံ အနောက်ပိုင်း၌ ဇူလိုင်လ ၁၅ ရက်နေ့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားရာ လူ ၂၆ ဦးထက်မနည်း သေဆုံးပြီး ခြောက်ဦး ပျောက်ဆုံးကာ နေအိမ်ခုနစ်လုံး ပျက်စီးသွားသည်။

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေဆီကျွန်း၌ ဇူလိုင်လ နောက်ဆုံးပတ်အတွင်း ရက်အတန်ကြာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုနှင့် ရေလွှမ်းမိုးမှုဖြစ်ပွားရာ လူ ၆၀ ခန့်သေဆုံးပြီး လူ ၈,၀၀၀ ကို ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးရသည်။ ရေလွှမ်းမိုးမှုကြောင့် ကျေးရွာ ၁၀ ရွာရှိ နေအိမ်များစွာ ရေမြုပ်သွားသည်။

တောင်အာရှဒေသ၌ မုတ်သုံရာသီမိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုကြောင့် ဩဂုတ်လ ၄ ရက်နေ့အထိ အိန္ဒိယနိုင်ငံ၌ လူ ၁၈၆ ဦးသေဆုံးကာ ကျေးရွာနှစ်သန်းခန့် ရေမြုပ်သွားသည်။ ပါကစ္စတန်နိုင်ငံ၌ လူ ၃၀၀ ကျော်သေဆုံးကာ နေအိမ် ၈၀,၀၀၀ ပျက်စီးပြီး လူ ၂ ဒသမ ၅ သန်း ရေဘေးဒဏ်ခံရသည်။ နီပေါနိုင်ငံ၌ လူ ၈၆ ဦးသေဆုံးကာ ရေဘေးဒုက္ခသည် ၂၃၀,၀၀၀ ဖြစ်သွားသည်။

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း၌ ဩဂုတ်လ ၆ ရက်နေ့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မာဆရာကျေးရွာရှိ အိမ် ၁၀ လုံးပျက်စီးပြီး လူ ငါးဦးဒဏ်ရာရကာ ကွန်ပိုစတယ်လာတောင်ကြား၌ မြေပြိုမှု ဖြစ်ပွားသဖြင့် လူကိုးဦးသေဆုံးသည်။

ဘူလ်ဂေးရီးယားနိုင်ငံ မြောက်ပိုင်းဒေသ၌ ဩဂုတ်လ ၇ ရက်နေ့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလျှံမှုဖြစ်ပွားရာ လူ ခုနစ်ဦးသေဆုံးပြီး လူလေးဦးပျောက်ဆုံးသွားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ စက်တင်ဘာလ ၁၇ ရက်နေ့အထိ ရေလွှမ်းမိုးမှုကြောင့် သေဆုံးသူ ၁,၀၂၃ ဦးရှိပြီး ၆၄ ခရိုင် အနက် ၃၉ ခရိုင် ရေမြုပ်ကာ လူ ၁၀ ဒသမ ၅ သန်းရေဘေးဒုက္ခရောက်၍ လူပေါင်း ၂ ဒသမ ၅ သန်း အိုးအိမ်မဲ့ဖြစ်သွားသည်။

ဆလိုဗေးနီးယားနိုင်ငံ၌ စက်တင်ဘာလ ၁၈ ရက်နေ့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုနှင့် ရေလွှမ်းမိုးမှုဖြစ်ပွားရာ လူနှစ်ဦး သေပြီး လူလေးဦး ပျောက်ဆုံးသွားသည်။

အပူလှိုင်းများကျရောက်ခြင်း

ပါကစ္စတန်နိုင်ငံ မြို့အများအပြား၌ ဇွန်လ ၁၁ ရက်နေ့တွင် အပူလှိုင်းများကျရောက်မှုကြောင့် လူ ၆၃ဦး ထက်မနည်း သေဆုံးပြီး မြို့တော်လာဟိုး၌ အပူချိန် ၁၁၈ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်၊ ဆစ်ဘီခရိုင်၌ အပူချိန် ၁၂၄ ဒသမ ၈ ဒီဂရီဖာရင်ဟိုက်၊ ဂျာကိုဘာဆက်မြို့၌ အပူချိန် ၁၂၂ ဒသမ ၉ ဒီဂရီဖာရင်ဟိုက် အသီးသီးရှိသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၌ ဇူလိုင်လ ၃ ရက်နေ့၊ ၄ ရက်နေ့နှင့် ၅ ရက်နေ့များတွင် အပူလှိုင်းများ ကျရောက်သည်။

အမေရိကန်နိုင်ငံ အနောက်ပိုင်းဒေသတစ်ဝန်း၌ ဇူလိုင်လ ၈ ရက်နေ့တွင် အပူလှိုင်းကျရောက်မှုကြောင့် တောမီးလောင်ကျွမ်းမှုဖြစ်ပွားရာ ယူတာပြည်နယ်၌ ဟက်တာ ၆၅,၀၀၀ ခန့်နှင့် နီဗားဒါးပြည်နယ်၌ ဟက်တာ ၆၂,၀၀၀ တောမီးလောင်ကျွမ်းသွားသည်။

ရိုမေးနီးယားနိုင်ငံ၌ ဇူလိုင်လ ၂၃ ရက်နေ့တွင် အပူရှိန်ပြင်းထန်မှုကြောင့် တစ်ရက်တည်း လူ ၁၂ ဦး သေဆုံးခဲ့ရာ သေဆုံးသူစုစုပေါင်း ၃၀ ရှိသွားပြီဖြစ်သည်။

ဂရိနိုင်ငံ ဒေသအချို့၌ ဇူလိုင်လ ၂၇ ရက်နေ့နှင့် ၂၈ ရက်နေ့တွင် အပူလှိုင်းကျရောက်မှုကြောင့် အပူချိန် ၄၅ ဒီဂရီဆဲလ်စီးယပ်စ်အထိ မြင့်တက်ပြီး လူ နှစ်ဦးသေဆုံးကာ လူ အများအပြားဆေးရုံသို့ ပို့လိုက်ရသည်။

စိုးအောင်

သီရိန္ဒရ၊ ဘဒ္ဒန္တ (မြန်မာ ၁၂၆၈–၁၃၆၉) ။

။ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဆရာတော် ဘဒ္ဒန္တသီရိန္ဒရကို ခမည်းတော် ဦးဘိုးနီ၊ မယ်တော် ဒေါ်ချစ်တို့က ၁၂၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင် မြင်းမူမြို့နယ်၊ ဆပ်ပန်းကုန်းကျေးရွာ၌ ဖွားမြင်တော်မူသည်။

ဆရာတော်ကြီးသည် ၁၂၈၇ ခုနှစ်၊ တပို့တွဲလပြည့်နေ့တွင် ဇလွန်မြို့နယ်၊ ပျဉ်းမကုန်းအထက်ကျောင်းတိုက် ဆရာတော်ဦးဉာဏောဒယကို ဥပဇ္ဈာယ် ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

ဆရာတော်ဘဒ္ဒန္တသီရိန္ဒရသည် ပျဉ်းမကုန်းအထက်ကျောင်းတိုက်ဆရာတော်၊ ပန်းတောင်းမြို့ဆုတောင်းပြည့်တိုက်သစ်ဆရာတော်၊ ပခုက္ကူမြို့ မဟာဝိဇယရာမကျောင်းတိုက်ဆရာတော်စသောဆရာတော်များထံတွင် ပိဋကတ်ကျမ်းစာ၊ ပါဠိအဋ္ဌကထာဋီကာများကို သင်ယူဆည်းပူးတော်မူသည်။

ဆရာတော်ကြီးသည် ပျဉ်းမကုန်းအထက်ကျောင်းတိုက်၊ ဟသံဘတမြို့ သပြေပင်ကျောင်းတိုက်၊ ကန်ကြီးဒေါင့်မြို့နယ် အပင်နှစ်ဆယ်ကျောင်းတိုက်၊ ပုသိမ်မြို့ တာဝတိံသာကျောင်းတိုက်နှင့် ကမ္ဘာအေးကျောင်းတိုက်တို့တွင် ပရိယတ္တိစာပေများ ပို့ချတော်မူ၍ လည်းကောင်း၊ ကမ္ဘာအေးကျောင်းတိုက်တွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုဆိုင်ရာစာပေများ ပို့ချတော်မူ၍ လည်းကောင်း၊ ပုသိမ်မြို့ရှိ တန်ခိုးကြီးဘုရားစေတီဂေါပကအဖွဲ့များ၏ ဩဝါဒါစရိယအဖြစ် ဆောင်ရွက်တော်မူ၍လည်းကောင်း၊ မဟာဒွါရဂိုဏ်း ဩဝါဒါစရိယနှင့် နိုင်ငံတော်ဩဝါဒါစရိယအဖြစ်ဆောင်ရွက်တော်မူ၍လည်းကောင်း သာသနာရေးတာဝန်များ ဆောင်ရွက်တော်မူသည်။

သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူ၍ လဇီပေသလ၊ သိင်္ဂါကာမစသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်ဘဒ္ဒန္တသီရိန္ဒရသည် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ကို ၁၉၉၉ ခုနှစ်တွင်



ဘဒ္ဒန္တသီရိန္ဒရ

လည်းကောင်း၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ကို ၂၀၀၆ ခုနှစ်တွင်လည်းကောင်း ရရှိတော်မူသည်။

နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော်ကြီး ဘဒ္ဒန္တသီရိန္ဒရသည် သာသနာတော်အကျိုးသယ်ပိုးထမ်းဆောင်တော်မူရင်း ၁၃၆၉ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်နေ့တွင် သီတင်းသုံးတော်မူရာ ပုသိမ်မြို့ကမ္ဘာအေးကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသည်။

စိုးအောင်

သုခ၊ ဦး (ပန်းချီဆရာ)(ခရစ် ၁၉၁၈–၂၀၀၇)။

။ ပန်းချီဆရာ ဦးသုခကို ၁၉၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့၌ အဖ ဦးပု၊ အမိဒေါ်နှစ်တို့မှ မွေးဖွားခဲ့သည်။ မွေးချင်းကိုးဦးအနက်မှ အဋ္ဌမမြောက်သားဖြစ်သည်။ ပန်းချီမိခင်ကြီး မင်းကြီးကတော် ဒေါ်မြမေတည်ထောင်ထားသော ဘုရားလမ်းရှိ ပရိုက်ဗိတ်ကျောင်း (ဗုဒ္ဓဘာသာယောကျ်ားလေးကျောင်း)တွင် ပညာသင်ကြားခဲ့သည်။ နောက်ထပ်အဖွားတစ်ဦးဖြစ်သူ စစ်ကြိုခေတ် ပထမဦးဆုံးပညာအုပ် ဒေါ်မြရွှေ၏ လူငယ်များကြီးပွားရေးအသင်း ညကျောင်းတွင်လည်း ပညာသင်ကြားခဲ့သည်။



ပန်းချီဆရာကြီး ဦးသုခ

အဖွားဖြစ်သူ မင်းကြီးကတော် ဒေါ်မြမေကို အကြောင်းပြုပြီး ငယ်စဉ်ကပင် နာမည်ကျော်ပန်းချီဆရာကြီးများနှင့် ထိတွေ့ရင်းနှီးခဲ့သည်။ တတိယတန်းအောင်ပြီး စတုတ္ထတန်းသို့ တက်ရောက်သောအခါအစိုးရဟိုက်စကူးကျောင်း၌ စတင်တက်ရောက်သင်ကြားခွင့်ရခဲ့သည်။ ထိုအချိန်မှစ၍ ပန်းချီပညာကို စနစ်တကျသင်ယူခွင့်ရခဲ့သည်။ ဦးစံဝင်း၊ ဦးမောင်မောင်မြနှင့် ဦးသက်ဝင်းတို့မှာဦးသုခ၏ပန်းချီပညာလက်ဦးဆရာများဖြစ်ကြသည်။

ဆဋ္ဌမတန်းကျောင်းသားအရွယ်မှစ၍ ပန်းချီဆွဲချင်လွန်းမှကြောင့် Burma Art Club ဟု ထင်ရှားခဲ့သည့် မြန်မာပြည်ပန်းချီအသင်းကြီးသို့ အသင်းသားအဖြစ် ဝင်ရောက်ခွင့်ရခဲ့သည်။ ဆရာရင်းများမှာ ဦးသက်ဝင်း၊ ဦးမောင်မောင်မြ၊ ဦးဘဉာဏ်၊ ဦးဘဇော်၊ ဦးဘဂျမ်း၊ ဦးငွေကိုင်နှင့် ဦးစံဝင်းတို့ ဖြစ်ကြသည်။ စစ်ကြိုခေတ်အစိုးရဟိုက်စကူးမှ ဒသမတန်းအောင်သည်အထိ ကျောင်းပညာသင်ကြားခဲ့သည်။ ကျောင်းနေစဉ် ကျောင်းပန်းချီအသင်း၌ အတွင်းရေးမှူးအဖြစ် လေးနှစ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့သည်။

ဦးဘဉာဏ်အား အမှူးပြုပြီး မြန်မာပြည်ပန်းချီအသင်းကြီး (Burma Art Club)အသင်းဝင်ပန်းချီဆရာများသာ ပြသခွင့်ရသောပြပွဲတွင် ပါဝင်ပြသခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် မြန်မာပြည်လုံးဆိုင်ရာ ပညာရေးနှင့် ပြန်ကြားရေးဌာနမှ ဦးစီးကျင်းပသော ပန်းချီဆရာဖြစ်စာမေးပွဲတွင် ပထမအဆင့်ဖြင့် အောင်မြင်ခဲ့သော ကြောင့် ဆရာဖြစ် အောင်လက်မှတ်နှင့် ရွှေတံဆိပ်ဆုချီးမြှင့်ခြင်းခံခဲ့ရသည်။ စစ်ကြိုခေတ်တွင် ရွှေတိဂုံဘုရားလမ်းရှိ ဂျူဗလီဟောဠ် နှစ်စဉ်ကျင်းပသည့် စက်မှုလက်မှုနှင့် ပန်းချီပြပွဲများတွင် နှစ်စဉ်လိုပင် ပထမ၊ ဒုတိယ၊ တတိယနှင့် ရွှေတံဆိပ်ဆုများ ချီးမြှင့်ခြင်းခံခဲ့ရသည်။

၁၉၅၀ ပြည့်နှစ်မှစတင်၍ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော New Time of Burma နေ့စဉ်သတင်းစာနှင့် အပတ်စဉ်ထုတ်ဝေသော Burmese Review သတင်းစာတိုက်တို့တွင် ပုံနှိပ်ပန်းချီဆရာအဖြစ် အမှုထမ်းခဲ့သည်။ ဒေါက်တာ မောင်မောင်ပြေ ဦးစီးထုတ်ဝေသော Union Express အင်္ဂလိပ်သတင်းစာတွင်လည်း မဟာဗန္ဓုလရုပ်ပြဇာတ်လမ်းတိုများ ရေးဆွဲခဲ့သည်။

၁၉၅၂ ခုနှစ်တွင် စပတ်လမ်း (ယခုဗိုလ်အောင်ကျော်လမ်း)ရှိ ရန်ကုန် ဂေဇက်ပုံနှိပ်တိုက်အလယ်ခန်းမတွင် ဦးကြည် (နယူးတိုင်းသတင်းစာ)၊ ဦးငွေကိုင်၊ ဦးအုန်းလွင်နှင့် ဦးလှရှိန်တို့ ဦးစီးပြသသော ပန်းချီပြပွဲတွင် ဝင်ရောက်ပြသခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် စာပေဗိမာန်မှ ကြီးမှူးကျင်းပသော ပန်းချီပြပွဲ၊ အင်ဗွိုင်းခန်းမ (ယခုတပ်မတော်ခန်းမ) ပန်းချီပြပွဲများနှင့် အခြားပုဂ္ဂလိက ပန်းချီပြခန်းများတွင် ပန်းချီကားပေါင်းများစွာ ပါဝင်ပြသခဲ့သည်။ ပန်းချီကားအများစု၌ ဆြာသုခဟု လက်မှတ်ရေးထိုးခဲ့သည်။

၁၉၆၃ ခုနှစ်တွင် ရန်ကုန်ပန်းချီပန်းပုကျောင်း၏ နည်းပြဆရာဖြစ်လာသည်။ပထမတွင်ဆီဆေးနှင့်ရေဆေးကို သင်ပြခဲ့သော်လည်း ပန်းချီကျောင်းသို့ လေ့လာရေးအဖြစ်လာရောက်လည်ပတ်သော ကိုရိုးယားဒုတိယဝန်ကြီးချုပ်၏ တိုက်တွန်းမှုကြောင့် ပန်းချီပန်းပုကျောင်းတွင် အခြေခံပန်းချီအား ပြသခဲ့သည်မှာ တာဝန်ခံကျောင်းအုပ်ကြီးဖြစ်ပြီး အငြိမ်းစားယူသည်အထိ ဖြစ်သည်။

ဦးသုခ၏ ပန်းချီကျောင်းနည်းပြဆရာ ဘဝသည် စိတ်ဝင်စားဖွယ်ကောင်းလှသည်။ မျိုးဆက်သစ်များအတွက် မခြွင်းမချန်သင်ကြားပေးရုံမျှမက ကျောင်းသားကျောင်းသူများ၏ အရေးကိစ္စတို့တွင်လည်း မားမားမတ်မတ် ရပ်တည်ပေးခဲ့သည်။ ပန်းချီအနုပညာအပေါ်၌ ထားရှိသည့် ကျောင်းသားတို့၏ ခံယူချက်ကို ပိုမိုရှင်သန်စေခဲ့

သည်။ကျောင်းသားဆိုးများ၏ ဒဏ်ကိုလည်းသည်းညည်းခံကာ လူတော်များဖြစ်အောင် ပြုပြင်ယူခဲ့သည်။ အသင်အပြကောင်းမွန်မှုကြောင့် တပည့်တို့၏ ချစ်ခင်လေးစားမှုကို အများဆုံးရရှိခဲ့သော ဆရာဖြစ်သည်။

၁၉၇၂ ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ အရှေ့ဂျာမနီ (G. D. R)သို့ နိုင်ငံရပ်ခြားပန်းချီအနုပညာ လေ့လာရန် စေလွှတ်ခြင်း ခံရသည်။ ထိုနိုင်ငံတွင် ပုံနှိပ်ပန်းချီ (ဂရပ်ဖစ်အတ်)၊ ကျောက်စီပန်းချီ (မိုဇက်)နှင့် ကျောင်းသင်ပန်းချီပညာရပ်များ လေ့လာခွင့်ရခဲ့သည်။ အပြန်တွင် အီဂျစ်နိုင်ငံကိုင်ရိသို့ ဝင်ရောက်လေ့လာခွင့်ရခဲ့သည်။ ဆိုဗီယက် ယူနီယံ၊ အရှေ့ဂျာမနီ၊ အီဂျစ်နိုင်ငံတို့ရှိ ပန်းချီပန်းပုပြတိုက်ကြီးများ၊ ကောလိပ်များ၊ ပန်းချီပန်းပုကျောင်းများတွင် လေ့လာဆည်းပူးခဲ့ပြီး ထိုနိုင်ငံများရှိ ပန်းချီပညာရှင်များနှင့် တွေ့ဆုံကာ ပန်းချီပညာများ နှီးနှောဆွေးနွေးနိုင်ခဲ့သည်။

၁၉၈၂ ခုနှစ်တွင် ရန်ကုန်ပန်းချီပန်းပုကျောင်း၏ ကျောင်းအုပ်အဖြစ် တွဲဖက်ခန့်ထားခြင်း ခံရသည်။ ၁၉၉၇ ခုနှစ်တွင် ပန်းချီပညာနှင့် ပတ်သက်သော ဦးသုခ၏ လှုပ်ရှားဆောင်ရွက်မှုများအတွက် "ဂုဏ်ပြုပန်းချီပါမောက္ခ" ဘွဲ့ကို အနုပညာဦးစီးဌာနမှ ချီးမြှင့်ခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ ပြုလုပ်သည့် အာဆီယံပန်းချီပြပွဲတွင် မြန်မာနိုင်ငံအတွက် ကွပ်ကဲစီမံသူ (Country Organizer)အဖြစ် ဦးဆောင်တက်ရောက်ခဲ့သည်။

၂၀၀၂ ခုနှစ်၌ တစ်ကိုယ်တော်ပန်းချီပြပွဲကို New Treasure Art Gallery ၌ ခင်းကျင်းပြသခဲ့သည်။ ဦးသုခ၏ တပည့်များထဲမှ နာမည်ကျော် ပန်းချီဆရာများဖြစ်သည့် မောင်မောင်လှမြင့်၊ ဝသုန်၊ ကျော်သောင်း၊ ဇော်မင်း၊ ပန်းချီစိုးမိုး၊ မြသောင်း၊ မောင်ဒီ၊ ငွေကြည်၊ မိုက်မိုက် (ပြည်)၊ မင်းဝေအောင်စသည်တို့ ပေါ်ထွန်းခဲ့ကြသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ပန်းချီပန်းပုအစည်းအရုံးကြီးကို "ရိုးရာပန်းပညာရှင်များအစည်းအရုံး"ဟု ပြန်လည်ဖွဲ့စည်းရာတွင်လည်း ဝါရင့်ပညာရှင်တစ်ဦးအနေဖြင့် နာယကအဖြစ် ဆောင်ရွက်ခဲ့သည်။ အသိပညာပေး ပန်းချီပြိုင်ပွဲ၊ ပြပွဲများ၊ လူထုစည်းကမ်းရှိရေး အသိပညာပေးပန်းချီပြိုင်ပွဲများ၊ မြန်မာဗီသုကာနှင့် ရှေးဟောင်းစေတီပုထိုးများ ပြန်လည်ဖော်ထုတ်ရေးဆွဲရေးတို့တွင် နာယက အဖွဲ့ဝင်တစ်ဦးအနေဖြင့် အကဲဖြတ်ရွေးချယ်ရေးတာဝန်ယူခဲ့သည်။

မကွယ်လွန်မီအချိန်ထိ စနေနေ့တိုင်း တပည့်ဖြစ်သူ မင်းဝေအောင်၏ ပန်းချီစတူဒီယိုသို့ သွားရောက်ကာ ပန်းချီကားများ အဆက်မပြတ်ရေးဆွဲခဲ့သည်။ အများစုမှာ စိတ်ကူးပန်းချီကားများ ဖြစ်ကြသည်။

ဦးသုခသည် ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာလမ်း၊ ခြံအမှတ် ၂၁/၆ တွင်နေထိုင်ခဲ့ပြီး ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် ညနေ ၅ နာရီတွင် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်၌ ဇနီးဒေါ်ခင်အုန်းနှင့် သမီးခြောက်ယောက်၊ သား ငါးယောက်တို့ရှိသည်။

မြညွန့်အောင်

သော်ဇင်၊ ဦး (သီဟဗလ) (ခရစ်၁၉၀၈–၂၀၀၇)။ ။ အား‌ကစား‌လောကတွင် အလေးမအား‌ကစား‌နည်း‌နှင့် ထူး‌ချွန်၍ စာပေလောကတွင်အား‌ကစား‌ရေး‌ရာစာပေများဖြင့်ထင်ရှား‌ကျော်ကြား‌သူ ဦးသော်ဇင် (သီဟဗလ) ကို ၁၂၆၉ ခုနှစ်၊ ပြာသိုလဆန်း (၈)ရက်၊ ၁၉၀၈ ခုနှစ် ဧန်နဝါရီလ (၁၀) ရက်နေ့တွင် သထုံမြို့နယ် ဧင်းမသွယ်ကျေးရွာသူကြီး ဦးဖိုးသင်းနှင့် ဒေါ်သိန်းခင်တို့မှ မွေးဖွား‌ခဲ့သည်။

ဦးသော်ဇင် (သီဟဗလ)သည် ၁၉၂၅ ခုနှစ်တွင် မြင်းပွဲအငယ်တန်းစာရေးအဖြစ် (၂)နှစ်လုပ်ကိုင်ခဲ့ပြီးနောက် ၁၉၂၈ ခုနှစ်တွင် ရန်ကုန်စာတိုက်ကြီး၌ စာရေးအဖြစ် အမှုထမ်း‌ခဲ့သည်။

ဦးသော်ဇင် (သီဟဗလ)သည် ၁၉၃၀ ပြည့်နှစ်တွင် မြန်မာအမျိုး‌သား‌များ‌စာတိုက်အစည်း‌အရုံး (All Burma Postal League) ၌ တွဲဖက်အတွင်း‌ရေး‌မှူး‌အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် အာဇာနည်ခေါင်းဆောင်ကြီး သခင်မြ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သော မြန်မာပြည်စာတိုက်အစည်း‌အရုံး (All Burma Postal Union) တွင် တွဲဖက်အတွင်း‌ရေး‌မှူး‌အဖြစ် ဆောင်ရွက်ခဲ့သည်။



သီဟဗလ ဦးသော်ဇင်

ဦးသော်ဇင် (သီဟဗလ)သည် ၁၉၃၉ ခုနှစ်တွင် မြန်မာပြည်ကြံ့ခိုင်ရေးနှင့် ကျန်းမာရေးအဖွဲ့ချုပ် (Burma Strength and Health League) မှ ဘဝသစ်စာစောင် (New Life) (အင်္ဂလိပ်–မြန်မာ)နှစ်ဘာသာဖြင့် ထုတ်ဝေခဲ့ရာ ကာယဗလဆောင်းပါးများ စတင်ရေးသားကာ စာပေနယ်သို့ ရောက်ရှိခဲ့သည်။

ဦးသော်ဇင် (သီဟဗလ)သည် ၁၉၃၇ ခုနှစ်တွင် သီဟဗလအလေးမအသင်းကို စတင်တည်ထောင်သဖြင့် ဦးသော်ဇင် (သီဟဗလ)အမည်ကို ခံယူခဲ့သည်။

ဦးသော်ဇင် (သီဟဗလ)သည် ၁၉၄၆ ခုနှစ်တွင် မြန်မာပြည်အလေးမအသင်းကို စတင်တည်ထောင်ရာတွင် အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ မြန်မာပြည်အိုလံပစ်အသင်း (Burma Olympic Association) ကို စတင်ဖွဲ့စည်းရာတွင် တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၄၆ မှ ၁၉၄၉ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။

ဦးသော်ဇင် (သီဟဗလ)သည် ၁၉၄၈ ခုနှစ်တွင် လန်ဒန်အိုလံပစ်အားကစားပြိုင်ပွဲသို့ မြန်မာအားကစားအဖွဲ့ခေါင်းဆောင်အဖြစ် လိုက်ပါခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် မြန်မာအလေးမအဖွဲ့အုပ်ချုပ်သူ နည်းပြဆရာအဖြစ် 'ကမ္ဘာအလေးမတံခွန်စိုက်ပြိုင်ပွဲ'သို့ သွားရောက်ခဲ့သည်။

ဦးသော်ဇင် (သီဟဗလ)သည် ၁၉၆၁ ခုနှစ်တွင် အရှေ့တောင်အာရှဒေသမှ ပထမဆုံးအပြည်ပြည်ဆိုင်ရာအလေးမအဖွဲ့ချုပ်၏ အလေးမဒိုင်လူကြီးအဖြစ် ခန့်အပ်ခံခဲ့ရသည်။ ၁၉၆၉ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာအဆင့်အမြင့်ဆုံး၊ ဒိုင်လူကြီးအဆင့် (၁) အဖြစ် ထပ်မံအသိအမှတ်ပြုခြင်းခံခဲ့ရသည်။

မြန်မာအလေးမအားကစားတိုးတက်ရေးအတွက် ခေတ်သစ်အလေးမစာအုပ်ကို ၁၉၇၀ ပြည့်နှစ်တွင် ရေးသားပြီးစီးသဖြင့် အားကစားနှင့် ကာယပညာဦးစီးဌာနသို့ လွှဲဒါန်းခဲ့ရာ ၁၉၇၃ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေခဲ့သည်။ ဆရာကြီးဦးသော်ဇင်သည် ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံ့ဂုဏ်ရည် ဒုတိယအဆင့် ချီးမြှင့်ခြင်းခံခဲ့ရသည်။

ဆရာကြီး ဦးသော်ဇင်သည် နိုင်ငံတကာအားကစားပြိုင်ပွဲအတွေ့အကြုံများ၊ ကာယဗလနည်းစနစ်များနှင့် ကျန်းမာရေးအထောက်အကူပြုဆောင်းပါးများကို ဘဝသစ် (New Life) စာစောင်မှနေ၍ ၁၉၃၉ မှ ၁၉၄၁ ခုနှစ်အထိ ရေးသားခဲ့သည်။ စစ်ပြီးခေတ်နောက်ပိုင်းတွင် ဦးကြင်စွမ် (ထားဝယ်)ထုတ်ဝေသည့် ကာယဗလစာစောင်၊ ထို့နောက် သင့်ဘဝမဂ္ဂဇင်း၊ ဂျာနယ်ကျော်၊ ရွှေ.သို့၊ အား/ကာနှင့် တံခွန်စာစောင်များတွင် ဦးသော်ဇင် (သီဟဗလ)အမည်ဖြင့် ဆောင်းပါးများစွာ ရေးသားခဲ့သည်။

ဆရာကြီးဦးသော်ဇင်သည် ၁၉၉၉ ခုနှစ်တွင် အမျိုးသားစာပေဆု (အသုံးချသိပ္ပံဘာသာရပ်)ကို 'ယနေ့ခေတ်မီအလေးမနည်းစနစ်များ'စာအုပ်ဖြင့် ရရှိခဲ့သည်။

ဆရာကြီးဦးသော်ဇင်သည် ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၆)ရက်နေ့တွင် နေထိုင်ရာ အမှတ် ၂၀၊ ဘောဂသိဒ္ဓိလမ်း၊ ၂ ရပ်ကွက်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်တွင် ကွယ်လွန်ခဲ့ပြီး ထူးခြားသည်မှာ အသက် (၁၀၀) ပြည့်အထိ နေထိုင်သွားခဲ့ရခြင်းဖြစ်သည်။

ဆရာကြီးဦးသော်ဇင်သည် မြန်မာနိုင်ငံ၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ အကန်တော့ခံ သက်ကြီးစာပေဥာဏ်အဖြစ် နှစ်စဉ်ကန်တော့ခံခဲ့ရသည်။

အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံ။ ။

ဗုဒ္ဓအဘိဓမ္မာအဆင့်မြင့်လေ့လာရေးအတွက် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာပေါ်တွင်ပထမဆုံးတည်ထောင်ဖွင့်လှစ်နိုင်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံ (International Institute of Abhidhama) ကို ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ (၂၅)ရက်နေ့တွင် ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ပင်လုံလမ်း၊ ပင်လုံလမ်းနှင့် ပါရမီလမ်းထောင့်၊ အမှတ် ၁၀ ရှိ

အပြည်ပြည်ဆိုင်ရာအဘိဓမ္မာမဟာသိပ္ပံ



အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံရုံးချုပ်ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ကြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးနေစဉ်


သီတဂူသာသနာ့ဗိမာန် (ရန်ကုန်)တွင် ကျင်းပခဲ့ တရားတော်များ နိုင်ငံတကာသို့ပါ ပြန့်ပွားအောင် သည်။

ဤမဟာသိပ္ပံသည် ဗုဒ္ဓအဘိဓမ္မာတရားတော်ကို အင်္ဂလိပ်ဘာသာဖြင့် အဘိဓမ္မာအခြေခံ သင်တန်းများပို့ချခြင်း၊ အဘိဓမ္မာကျမ်းရင်းများကို အဆင့်မြင့်လေ့လာပို့ချခြင်း၊ အဘိဓမ္မာဆိုင်ရာ ဝိဇ္ဇာဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့နှင့် ပါရဂူဘွဲ့ဒီဂရီသင်တန်းများကို အင်္ဂလိပ်ဘာသာဖြင့် ပို့ချကာ အဘိဓမ္မာဆိုင်ရာ အဆင့်မြင့်ဘွဲ့၊ ဒီဂရီများ ချီးမြှင့်မည်ဖြစ်ပြီး အဘိဓမ္မာဆိုင်ရာ သုတေသနနယ်ပယ်သစ်များ စူးစမ်းလေ့လာဖော်ထုတ်ခြင်းတို့ ဆောင်ရွက်မည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံကို ၂၀၀၇ ခုနှစ်၊ ဇွန် ၃၀ ရက်နေ့တွင် စတင်တည်ထောင်ခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် စတင်တည်ထောင်လျက် ၂၀၀၆ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် သက်တမ်းနှစ် ၆၀ ပြည့်ခဲ့သော ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးကို သီတဂူဆရာတော်ဘုရားကြီးက အဘိဓမ္မာကြိုးပမ်းသင့်ကြောင်း လမ်းညွှန်သဖြင့် ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ (၈)ရက်နေ့တွင် ပြည်ပသို့ အဘိဓမ္မာပြန့်ပွားရေးကော်မတီကိုဖွဲ့စည်းခဲ့သည်။ထိုမှ ၂၀၀၇ခုနှစ်၊ မေလ ၂၀ရက်နေ့တွင်အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံဖြစ်မြောက်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး ၂၀၀၇ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံကို တည်ထောင်ခဲ့ခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံ တည်ထောင်ခြင်း၏ မူနိမ့်တော အဓိက ရည်မှန်းချက်မှာ ကမ္ဘာတစ်ဝန်းသို့ ထေရဝါဒဗုဒ္ဓဘာသာ အဘိဓမ္မာတရားပြန့်ပွားစေရန်၊ ထေရဝါဒဗုဒ္ဓဘာသာပြန့်ပွားထွန်းကားစေရန်နှင့် ရေရှည်တည်တံ့စေရန်ဖြစ်သည်။

အဘိဓမ္မာတရားတော်သည် နေ့စဉ်ဘဝမှ ပေါ်ထွက်လာသော တရားတော်ဖြစ်သည်။ အဘိဓမ္မာတရားတော်သည် လက်တွေ့ကျသည်။ အစစ်အမှန်ဖြစ်သည်။ ကိုယ်တိုင်ကျင့်သုံးနိုင်သော တရားတော်ဖြစ်



အဘိဓမ္မာပြန့်ပွားရေးကော်မတီ ဖွဲ့စည်းရန် လမ်းညွှန်မိန့်ကြားခဲ့သော ဆရာတော် အရှင်ဉာဏိဿရ

သည်။ နေ့စဉ် ဘဝပြဿနာများကို ဖြေရှင်းရာတွင် အသုံးပြုနိုင်သော တရားတော်ဖြစ်သည်။

သုတ္တန်တရားတော်များ (သုတ္တန္တပိဋကဝ)၊ သံယာတော်များ လိုက်နာကျင့်သုံးရမည့် ဝိနည်းဥပဒေများ၊ (ဝိနယပိဋကဝ)နှင့် အဆင့်မြင့်အထူးအဆုံးအဓမ္မဒေသနာများ၊ အဘိဓမ္မာပိဋကဟူ၍ ထေရဝါဒဗုဒ္ဓဘာသာတွင် ပိဋကတ်သုံးပုံရှိသည်။

မြတ်ဗုဒ္ဓ၏ အဆင့်မြင့်မားသည့် အထူးအဆုံး အဓမ္မဒေသနာတော်များကို အဘိဓမ္မာဟုခေါ်ဆိုသည်။ ထိုသို့ ခေါ်ဆိုရခြင်းမှာ ဤတရားတော်များသည် သုတ္တန်တရားများထက် ပိုမိုအဆင့်မြင့်၊ ပိုမိုကျယ်ဝန်း၊ ပိုမိုနက်နဲထူးခြားသောကြောင့်ဖြစ်သည်။ ယခုအချိန်အထိ ရဟန်းတော်အချို့နှင့် လူပုဂ္ဂိုလ်ပညာရှင်အချို့မှ တစ်ပါး ဗုဒ္ဓဘာသာဝင်အများစုနှင့်တကွ ဗုဒ္ဓဘာသာဝင်မဟုတ်သူ နိုင်ငံခြားသားများအတွက်ပါ အဘိဓမ္မာတရားတော်မှာ ကျမ်းအိပ်အဖြစ်ဖြင့်သာ တည်ရှိနေဆဲဖြစ်သည်။

အဘိဓမ္မာခုနစ်ကျမ်းရှိသည်။ ယင်းတို့မှာ

၁။ ဓမ္မသင်္ဂဏီ
(ပရမတ္ထတရားများကို ခွဲခြားစိတ်ဖြာ၍ အမျိုးအစားပိုင်းခြားပြသောကျမ်း)၊

၂။ ဝိဘင်္ဂ
(ပရမတ္ထတရားများကို ခွဲခြားစိတ်ဖြာ ဟောကြားတော်မူသောကျမ်း)၊

၃။ ဓာတုကထာ
(ဓာတ်များကို ခွဲခြမ်းစိတ်ဖြာ ဟောကြားတော်မူသောကျမ်း)၊

၄။ ပုဂ္ဂလပညတ်
(ပုဂ္ဂိုလ်များကိုခွဲခြား ဟောကြားတော်မူသောကျမ်း)၊

၅။ ကထာဝတ္ထု
(အငြင်းပွားဖွယ်ရာပြဿနာများကို ရှင်းပြဟောကြားတော်မူသောကျမ်း)၊

၆။ ယမက
(အစုံအစုံသောနည်းများဖြင့် ဟောကြားတော်မူသောကျမ်း)၊

၇။ ပဋ္ဌာန
(အကြောင်းအကျိုးဆက်သွယ်ပုံကိုအသေးစိတ်ဝေဖန် ဟောကြားတော်မူသောကျမ်း) တို့ဖြစ်သည်။

ယခုအခါ မဟာသိပ္ပံ၏ လုပ်ငန်းစဉ်များမှာ အဘိဓမ္မာအရကောက်ကျမ်းများကို အင်္ဂလိပ် ဘာသာသို့ ပြန်ဆိုလျက်ရှိပြီး အောင်လက်မှတ်သင်တန်းစီစဉ် ပို့ချရန် ပြင်ဆင်လျက်ရှိသည်။ ထို့ပြင် အဘိဓမ္မာဆိုင်ရာ အခြေခံသင်တန်းများနှင့် ပညာရပ်ဟောပြောပွဲများကို ကျင်းပသွားမည်ဖြစ်ပြီး ၂၀၀၈ ခုနှစ်တွင် အဘိဓမ္မာဆိုင်ရာ အောင်လက်မှတ် သင်တန်းကို ပထမဆုံးအကြိမ် စတင် ပို့ချမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံ၏ ပါမောက္ခချုပ်မှာ ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသဖြစ်ပြီး ဒုတိယပါမောက္ခချုပ်မှာ အငြိမ်းစားသံအမတ်ကြီး ဦးမြသန်းဖြစ်သည်။

၂၀၀၇ ခုနှစ်၊ ပထမနှစ်ဒီပလိုမာသင်တန်းသို့ သင်တန်းသားသံဃာတော်အပါး ၈၀ တက်ရောက်သင်ကြားမည်ဖြစ်သည်။

အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု။ ။ ၂၀၀၆ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်အမှာစကား ပြောကြားပြီး ၂၀၀၆ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆု ရရှိကြသူ စာပေပညာရှင်များအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာ့သမိုင်း အဖွဲ့ဝင်များ၊ အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေး ကော်မတီဝင်များ၊ စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေးကော်မတီဝင်များ၊ စာပေပညာရှင်များ၊ ရည်ညွှန်းကျမ်းအဖွဲ့ဝင်များ၊ သတင်းထောက်များ၊ စာပေဆုရရှိကြသူ ပုဂ္ဂိုလ်များနှင့် ၎င်းတို့၏မိသားစုများ၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နိုင်ငံတော် အစိုးရသည် အမျိုးသားယဉ်ကျေးမှု၏ အဓိကမဏ္ဍိုင်ဖြစ်သော စာပေလောကရှင်သန် ဖွံ့ဖြိုးရေးကို ခေတ်နှင့်လျော်ညီစွာ တိုးတက်ထွန်းကားရေးအတွက် စာပေဆုများကို တစ်နှစ်ထက်တစ်နှစ် ပိုမို၍ တိုးမြှင့်ကာ ချီးမြှင့်ပေးလျက်ရှိသည်။ နိုင်ငံနှင့် လူမျိုးမြှင့်တင်ရေးတွင် စာပေနှင့်ယဉ်ကျေးမှုသည် ကြီးမားသည့်အခန်းကဏ္ဍတစ်ရပ်ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် အမျိုးသား စာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီကို ဖွဲ့စည်းလျက် စာပေဆုစိစစ်ရွေးချယ်ရေးအတွက် စည်းမျဉ်းစည်းကမ်းများ၊ စံချိန်စံညွှန်းများ၊ မူဝါဒများကို ချမှတ်ပေးသည်။ သတ်မှတ်ပေးထားသော စည်းကမ်းချက်များနှင့်အညီ နှစ်တစ်နှစ်အတွင်း ထုတ်ဝေထွက်ရှိခဲ့သော စာအုပ်များကို ဖတ်ရှုစိစစ်သည်။ အဆင့်ဆင့်စိစစ်ဖတ်ရှုပြီးမှသာ အမျိုးသားစာပေဆုကို ရွေးချယ်သည်။ အမျိုးသားစာပေဆုအတွက် ဘာသာရပ် ၁၄ မျိုးကို သတ်မှတ်ပေးထားသည်။ ၂၀၀၆ ခုနှစ်အတွင်း စာပေစိစစ်နှင့် မှတ်ပုံတင်ဌာန၌ မှတ်ပုံတင်၍ ထုတ်ဝေသည့် စာအုပ်များအနက် အမျိုးသားစာပေဆုစည်းကမ်းအရအကျုံးဝင်



မကြန် | မူးသမိန် | မောင်ပေါ်ထွန်း | ကြည်နိုင် | မစန္ဒာ

မြင်းမူမောင်နိုင်မိုး | ကျော်ဝင်း | နေမျိုးနိုင် | ကျော်ဦး | သျှင်ထွေးယဉ်

(မနုဿ)

၂၀၀၆ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိကြသူများ

စဉ်	ဘာသာရပ်	စာအုပ်အမည်	စာရေးသူ
၁	ဝတ္ထုတိုပေါင်းချုပ်	ဗေထိသံဝတ္ထုတိုများ	ကြည်နိုင်
၂	ကဗျာပေါင်းချုပ်	ဘဝကျောင်းမှ စောင်းခတ်သံကဗျာများ	မြင်းမူမောင်နိုင်မိုး
၃	မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာစာပေ	မေယုတောင်စွယ်ကြားမှ သွေးချင်းမောင်မယ်များ	သျှင်ထွေးယဉ် (မနုဿ)
၄	လူငယ်စာပေ	ပန်းပွင့်ခရေနှင့် အခြားဝတ္ထုများ	မစန္ဒာ
၅	ဘာသာပြန်(သုတ)	ကမ္ဘာပြားပြီ (သုံးအုပ်တွဲ)	ကျော်ဝင်း
၆	ဘာသာပြန် (ရသ)	ကံကြမ္မာအကျဉ်းသား	မောင်ပေါ်ထွန်း
၇	သုတပဒေသာ(ရိုးရိုးသိပ္ပံ)	နေသူရိန်၏ အရိုန်အဝါအောက်မှာ	ကျော်ဦး
၈	သုတပဒေသာ (အသုံးချသိပ္ပံ)	စီးပွားဖြစ် သစ်ခွစိုက်ပျိုးရေး	နေမျိုးနိုင်
၉	နိုင်ငံရေးစာပေ	ဘုံဘဝ ကြုံတွေ့ရတတ်လမ်းများ	မူးသမိန်

သည့် ဘာသာရပ် ၁၄ မျိုးအလိုက် ထုတ်ဝေသော စာအုပ်များမှာ ၁၃၈၀ အုပ်ရှိသည်။

အမျိုးသားစာပေဆုချီးမြှင့်ရန် သတ်မှတ်ထားသော ဘာသာရပ် ၁၄ မျိုးရှိသည့်အနက် ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ၊ လူငယ်စာပေ၊ ဘာသာပြန် (သုတ)၊ ဘာသာပြန် (ရသ)၊ သုတပဒေသာ(ရိုးရိုးသိပ္ပံ)၊ သုတပဒေသာ (အသုံးချသိပ္ပံ)နှင့် နိုင်ငံရေးစာပေများကို ဆုချီးမြှင့်ရန် ရွေးချယ်နိုင်ခဲ့ပြီး ဝတ္ထုရှည်၊ စာပဒေသာ၊ ကလေးစာပေ၊ သုတပဒေသာ (ဝိဇ္ဇာ)နှင့် ပြဇာတ်စာပေ ဘာသာရပ်များမှာမူ ဆုချီးမြှင့်ရန် ရွေးချယ်ခံရခြင်း မရှိပေ။

ပြန်ကြားရေးဝန်ကြီးဌာနသည် စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့ကို ဖွဲ့စည်းလျက် စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေးဆိုင်ရာ မူကိုးချက်နှင့်အညီ စာမူများကို စိစစ်ရွေးချယ်သည်။ စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့သည် ၂၀၀၆ ခုနှစ်အတွက် ပြိုင်ပွဲဝင်ရန် တင်သွင်းသော စာမူပေါင်း (၁၃၁)စောင်ကို စနစ်တကျဖတ်ရှုစိစစ်သည်။ စာပေဗိမာန်စာမူဆုရွေးချယ်ရေးအတွက် သတ်မှတ်ထားသော ဘာသာရပ် (၁၂)မျိုးရှိသည့်အနက် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ သုတပဒေသာ (ဝိဇ္ဇာပညာရပ်)၊ သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်)၊ စာပဒေသာ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ၊ ကလေးစာပေ၊ လူငယ်စာပေနှင့် ပြဇာတ်စာပေတို့ကိုဆုချီးမြှင့်ရန် ရွေးချယ်နိုင်ခဲ့ပြီး နိုင်ငံရေးစာပေ ဘာသာရပ်တစ်မျိုးတည်းသာ ယှဉ်ပြိုင်ခြင်းမရှိသည့်အတွက် ဆုချီးမြှင့်နိုင်ခြင်းမရှိပေ။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိဟသူရတင်အောင်မြင့်ဦးက ၂၀၀၆ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရရှိသော စာရေးဆရာမကြီးဒေါ်ကြန် (မကြန်)အား လည်းကောင်း၊ ၂၀၀၆ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိကြသော နိုင်ငံရေးစာပေဆု၊ ဝတ္ထုတိုပေါင်းချုပ်ဆုနှင့် ကဗျာပေါင်းချုပ်ဆုရပုဂ္ဂိုလ်များအား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

စစ်ရေးချုပ်ဗိုလ်ချုပ်သူရမြင့်အောင်က အမျိုးသားစာပေမြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆု၊ လူငယ်စာပေဆုနှင့် ဘာသာပြန် (သုတ)စာပေဆုရပုဂ္ဂိုလ်များကိုလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၆ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိကြသော ဘာသာပြန် (ရသ) စာပေဆု၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ)စာပေဆုနှင့် သုတပဒေသာ (အသုံးချသိပ္ပံ)စာပေဆုရပုဂ္ဂိုလ်များကိုလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ဌေးဦးက ၂၀၀၆ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုဝတ္ထုရှည် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူကိုလည်းကောင်း၊ တရားသူကြီးချုပ်

၂၀၀၆ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုရရှိကြသူများ

စဉ်	ဘာသာရပ်		စာမူအမည်	စာရေးသူ
၁	ဝတ္ထုရှည်	(ပထမ)	မှော် -၅၂၈	ပုသိမ်အောင်သန်းဦး
		(ဒုတိယ)	နေမမြင်ရေပြင်ခဲ သဲကန္တာရလည်းဖြစ်ပါစေ	သုသိဏ်
		(တတိယ)	အကြွေးသမား	ပိုင့်လှိုင်းသစ်
၂	ဝတ္ထုတိုပေါင်းချုပ်	(ပထမ)	ရေမုဆိုးဝတ္ထုတိုများ	မောင်ခြိမ့်
		(ဒုတိယ)	ဘဝလူ့ရွာ ပန်းအလင်္ကာဝတ္ထုတိုများ	နေမျိုးသန့်
		(တတိယ)	သတိတစ်ချက်၊ ဘဝတစ်သက်နှင့် လူငယ်ဝတ္ထုတိုများ	သွဲ့တားညို (သက္ကလ)
၃	ကဗျာပေါင်းချုပ်	(ပထမ)	ပန်းတိုင်လမ်းနှင့် အခြားကဗျာများ	ရွှေမြိုင်ပြုံးလဲ့မော်
		(ဒုတိယ)	ပန်းတွေဝှက်တဲ့ အိပ်မက်အိမ်	မောင်အုန်းသောင်း (မကွေး)
		(တတိယ)	မီးလျှံထဲက ကြာပွင့်များ ကဗျာပေါင်းချုပ်	အသုတ်မောင်ဝင်းရောင်
၄	သုတပဒေသာ	(ပထမ)	လူမှုအနုလက်ရာ မြန်မာ့စပ်ပန်းချီပညာ	ညွန့်ညွန့်ရီ (အနုပညာ)
	(ဝိဇ္ဇာပညာရပ်)	(ဒုတိယ)	မြန်မာ့အနုပညာနယ်ပယ်၏ မူပိုင်ခွင့်နှင့် ဘီထွင်မှုများ	ဦးမိုးမြင့်ဝင်း (သိပ္ပံနှင့် နည်းပညာ)
		(တတိယ)	အလံဦးကင်းဝ သို့မဟုတ် အနောက်မြောက်တံခါးဝသမိုင်း	မောင်နွယ်သန်း (ပြန်/ဆက်)
၅	သုတပဒေသာ	(ပထမ)	ထိပ်ဆုံးသို့အမြန်ရောက်ဖို့ စိုက်ပျိုးရေးနှင့် လှမ်းတက်စို့	အောင်စိုး (စိုက်ပျိုး ၁၀၇)
	(သိပ္ပံနှင့်အသုံးချ	(ဒုတိယ)	ဝန်းကျင်သဘာဝနှင့် ရောဂါဘယ	ဒေါက်တာမြင့်သန်း (ညောင်လေးပင်)
	သိပ္ပံပညာရပ်)	(တတိယ)	အာဟာရနှင့် ကျန်းမာရေး	ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ)
၆	စာပဒေသာ	(ဒုတိယ)	မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့် ရုပ်ရှင်အနုပညာရှင်များ	ကေမြူး
		(တတိယ)	မထေရ်သာသနာပြည်မြန်မာ	ဦးသောင်းငွေ
၇	မြန်မာ့ယဉ်ကျေးမှုနှင့်	(ပထမ)	လီဆူးလူမျိုးတို့၏ ဘဝဓလေ့	မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)
	အနုပညာဆိုင်ရာစာပေ	(ဒုတိယ)	မြန်မာ့ရိုးရာ ဖက်ဝန်းလိုးပညာ	ထန်လှိုင်
		(တတိယ)	မြန်မာ့သဘင်စွယ်စုံသစ်စေသည့် ပြည်တော်ချစ်အနုပညာရှင်များ	တင်အောင်သွင်
၈	ကလေးစာပေ	(ပထမ)	ရွှေနိုင်ငံ၏ ရင်သွေးရတနာ အလိမ္မာ ဇာတိမာန်ကဗျာများ	အောင်ကျော်ဆန်း
		(ဒုတိယ)	အမေ့ကျေးဇူးနှင့် အခြားကလေးဝတ္ထုတိုများ	မြတ်မျိုးမြင့်
		(တတိယ)	မောင်ရပ်ဆိုးကို ချစ်ကြသည်နှင့် အခြားဝတ္ထုတိုများ	ရေနံ့သာမောင်ကျော်ညွန့်
၉	လူငယ်စာပေ	(ပထမ)	ကုသိုလ်အရောင်ဆိုးပေးပါ	ကျွန်းစဉ်မြေစောခက်
		(ဒုတိယ)	ဆူးခင်းလမ်းမှာ သဲနင်းလှမ်းခဲ့ရတဲ့ရလဒ်	မြို့မလှမောင်
		(တတိယ)	ဖိုးချွန်	မောင်ဆန္ဒ (လယ်ဝေး)
၁၀	ပြဇာတ်စာပေ	(ဒုတိယ)	မြူမှောင်ကင်းဝေလမင်းသာ	မောင်ဆန္ဒ (လယ်ဝေး)

ဦးအောင်တိုးက ဝတ္ထုတို ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူကိုလည်းကောင်း၊ ရှေ့နေချုပ် ဦးအေးမောင်က ကဗျာပေါင်းချုပ် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူကိုလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် တင်နိုင်သိန်းက သုတပဒေသာ (ဝိဇ္ဇာ)စာပေ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူကိုလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းက သုတပဒေသာ (သိပ္ပံ)စာပေ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူကိုလည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က စာပဒေသာ ဒုတိယဆု၊ တတိယဆုနှင့် ပြဇာတ်စာပေဒုတိယဆုရရှိသူကိုလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေက စာပေဗိမာန်စာမူဆု ရရှိသော မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ကလေးစာပေ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူကိုလည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းက လူငယ်စာပေ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူကိုလည်းကောင်း အသီးသီးဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ခမ်းငယ်

အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ် ထိပ်သီးအစည်းအဝေးများ (၁၂ ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်း အဝေး)။ ။ (၁၂) ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေး၊ အက်မက်စ်ခေါင်းဆောင်များ၏ ကာလလယ်ပြန်လည် သုံးသပ်မှုအစည်းအဝေး၊ (၁၀) ကြိမ်မြောက် အာဆီယံ–တရုတ်ထိပ်သီးအစည်းအဝေး၊ (၁၀) ကြိမ်မြောက် အာဆီယံ–ကိုရီးယားထိပ်သီးအစည်းအဝေး၊ (၅) ကြိမ်မြောက် အာဆီယံ–အိန္ဒိယထိပ်သီးအစည်းအဝေး၊ (၁၀) ကြိမ်မြောက် အာဆီယံ–ဂျပန်ထိပ်သီးအစည်းအဝေး၊ (၁၀) ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေး နှင့် ဒုတိယအကြိမ် အရှေ့အာရှနိုင်ငံများထိပ်သီးအစည်း အဝေးများကို ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့မှ ၁၅ ရက်နေ့အထိ ဖိလစ်ပိုင်သမ္မတနိုင်ငံ စီဘူးမြို့၌ ကျင်းပသည်။

တတိယအကြိမ် ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ်ထိပ်သီးအစည်းအဝေး

တတိယအကြိမ်ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ် (CLMV) ထိပ်သီးအစည်းအဝေးကို ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ဖိလစ်ပိုင် သမ္မတနိုင်ငံ စီဘူးမြို့ Shangri-La's Mactan Island Resort Hotel ရှိ Rosal Ballroom 3 ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဂုယင်တန်ဇွန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသောင်းထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၊ စီးပွားရေးဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ တာဝန်ရှိသူများနှင့် အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာအွန်ကင်ယွန်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော်ဝန်ကြီးချုပ်က သဘာပတိအဖြစ် ဆောင်ရွက်သည်။ အစည်းအဝေးအစီအစဉ်အရ CLMV နိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးများ၏ အစီရင်ခံစာကို ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးက ဖတ်ကြားတင်ပြသည်။ အစီရင်ခံစာအပေါ် ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော်ဝန်ကြီးချုပ်က စတင်ထပ်မံရှင်းလင်းဆွေးနွေးပြီး ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးချုပ်များက အသေးစိတ်ပါဝင်ဆွေးနွေးကြသည်။ ထိုသို့ ဆွေးနွေးကြရာတွင် CLMV အဖွဲ့ဝင်နိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေး၊ CLMV နှင့် ဧရာဝတီ–ကျောက်ဖယား–မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ–အက်မက်စ် (ACMECS) နိုင်ငံများအကြား ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာ၌ လုပ်ငန်းများထပ်မနေစေဘဲ ဟန်ချက်ညီညီ ထိထိရောက်ရောက်အကောင်အထည်ဖော်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေတစ်ရပ်ထူထောင်ရေး၊ အဖွဲ့ဝင်နိုင်ငံများအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာရေး၊ CLMV နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် ပေါင်းစည်းရေးဆိုင်ရာလုပ်ငန်းစဉ် အသစ်ချမှတ်ရေး၊ စတုတ္ထအကြိမ် CLMV ထိပ်သီးအစည်းအဝေးကျင်းပရေးစသည့် အချက်များအပေါ် ရင်းနှီးဖော်ရွေစွာ ညှိနှိုင်းဆွေးနွေးကြသည်။ အာဆီယံအတွင်းရေးမှူးချုပ်ကလည်း CLMV နိုင်ငံများ ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များအပေါ် အာဆီယံအသင်းက ပံ့ပိုးကူညီသွားမည့်အခြေအနေများကိုတင်ပြဆွေးနွေးသည်။

ဆက်လက်၍ အစိုးရအဖွဲ့အကြီးအကဲများသည် CLMV နိုင်ငံများ၏ နောက်တစ်ကြိမ်ထိပ်သီးအစည်းအဝေးကို အက်မက်စ်ထိပ်သီးအစည်းအဝေးကျင်းပမည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ တစ်ဆက်တစ်စပ်တည်းကျင်းပရေး၊ CLMV နိုင်ငံများ၏ ရှေ့လုပ်ငန်းစဉ်သစ် ချမှတ်အကောင်အထည်ဖော်သွားရေး၊အာဆီယံပေါင်းစည်းရေးအစီအစဉ်ကို ထိရောက်စွာ ပူးပေါင်း

အကောင်အထည်ဖော်ရေးကိစ္စတို့ကိုအပြန်အလှန်ညှိနှိုင်းဆွေးနွေးကြပြီး CLMV နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ပေါင်းစည်းရေးဆိုင်ရာရှေ့လုပ်ငန်းသစ်နှင့် တတိယအကြိမ် CLMV နိုင်ငံများ၏ ပူးတွဲကြေညာချက်တို့ကို အတည်ပြုကြသည်။

ထို့နောက် CLMV သဘာပတိ၏တာဝန်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်က ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

အာဆီယံခေါင်းဆောင်များနှင့် အာဆီယံပဋိညာဉ်ရေးဆွဲရေးဆိုင်ရာပညာရှင်များအဖွဲ့ တွေ့ဆုံပွဲ

အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံပဋိညာဉ်ရေးဆွဲရေးဆိုင်ရာပညာရှင်များအဖွဲ့ တွေ့ဆုံပွဲကို ဧန်နဝါရီလ ၁၂ ရက်နေ့ ညနေ ၆ နာရီခွဲတွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့ Cebu International Convention Centre Room 2 ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတက ပဏာမစကားပြောကြားပြီး အာဆီယံခေါင်းဆောင်များက ပညာရှင်အဖွဲ့၏ အကြံပြုတင်ပြချက်အပေါ် မိမိတို့၏ သဘောထားများကို တင်ပြကြသည်။

ထို့နောက် အာဆီယံပဋိညာဉ်ရေးဆွဲရေးအတွက် အဆင့်မြင့်လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ရေးကိစ္စ၊ ပညာရှင်အဖွဲ့၏ တင်ပြချက်စာတမ်းကို အာဆီယံပဋိညာဉ်ရေးဆွဲရာတွင် ကိုးကားအသုံးပြုရန် စာတမ်းတစ်ခုအဖြစ် ထည့်သွင်းလက်ခံရေး၊ အာဆီယံပဋိညာဉ်ရေးဆွဲရေးနှင့်စပ်လျဉ်းသည့် အာဆီယံအဖွဲ့၏ ကြေညာချက်ထုတ်ပြန်ရေးကိစ္စတို့အပေါ် ညှိနှိုင်းဆွေးနွေးကြသည်။

(၁၂) ကြိမ်မြောက် အာဆီယံခေါင်းဆောင်များထိပ်သီးအစည်းအဝေး

(၁၂) ကြိမ်မြောက် အာဆီယံခေါင်းဆောင်များထိပ်သီးအစည်းအဝေးကို ဧန်နဝါရီလ ၁၃ ရက်နေ့တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ စီဘူးမြို့ Shangri-La's Island Resort Hotel ရှိ Mactan Summit Hall, Summit Complex ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်ဆူလ်တန်ဟာဂျီဟာဆာနာလ်ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုယိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီအဗ္ဗဒူလာဘင်ဟာဂျီအာမက်ဘာဒါဝီ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာမာဂါပါဂဲလ် အာရိယို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်ချုလာနွန်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့် အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာအွန်ကင်ယွန်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတက ရှေးဦးစွာအစည်းအဝေးအစီအစဉ်များကို တင်ပြပြီး အစည်းအဝေးစတင်ရာ အာဆီယံနိုင်ငံအကြီးအကဲများက အာဆီယံနိုင်ငံများအကြား အချင်းချင်းပူးပေါင်းဆောင်ရွက်ရေးနှင့် အာဆီယံပေါင်းစည်းရေးလုပ်ငန်းအခြေအနေများကို ဆွေးနွေးကြသည်။

ထို့နောက် အာဆီယံနိုင်ငံခေါင်းဆောင်များက အာဆီယံပဋိညာဉ် (ASEAN Charter) ရေးဆွဲရေးအတွက် ပညာရှင်အဖွဲ့၏ အကြံပြုချက်များအနက် အလေးထားစဉ်းစားသင့်သည့် အချက်များ၊ အာဆီယံ ၂၀၂၀ ပြည့်နှစ် မျှော်မှန်းချက်များကို ရှေ့သို့တိုး၍ ၂၀၁၅ ခုနှစ်တွင် အကောင်အထည်ဖော်ရေး၊ နိုင်ငံတကာအကြမ်းဖက်ပြဿနာ တားဆီးကာကွယ်တိုက်ဖျက်ရေး၊ အာဆီယံနိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက်များလျော့ကျစေရေးနှင့် အာဆီယံပေါင်းစည်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ စွမ်းအင်ဖူလုံရေးအတွက် စွမ်းအင်ချွေတာရေး၊ စွမ်းအင်ထိရောက်စွာအသုံးချနိုင်ရေး၊ အစားထိုးလောင်စာဆီများ တိုးမြှင့်အသုံးချနိုင်ရေး၊ အာဆီယံအသင်းကို နားလည်မြတ်နိုးသော ပညာတတ်လူငယ်များ ပြုစုပျိုးထောင်ရေး၊ ရွှေ့

ပြောင်းအလုပ်သမားပြဿနာဖြေရှင်းရေး၊ အိပ်ချ်အိုင်ဗီ အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးစသည့် အာဆီယံနိုင်ငံများအကြား ဖြစ်ပေါ်နေသော လုပ်ငန်းကိစ္စများအပေါ် ညှိနှိုင်းဆွေးနွေးကြသည်။ ဆက်လက်၍ အာဆီယံနှင့် ဆွေးနွေးဘက်နိုင်ငံများ၊ အခြားဒေသဆိုင်ရာ အဖွဲ့အစည်းများအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအခြေအနေများနှင့်စပ်လျဉ်း၍ခေါင်းဆောင်အချင်းချင်း အမြင်ချင်းဖလှယ်ကြသည်။

ထို့နောက် မွန်းလွဲ ၂ နာရီတွင် အစည်းအဝေးပြန်လည်ကျင်းပရာ ၂၇ ကြိမ်မြောက် အာဆီယံပါလီမန်များအဖွဲ့ ဥက္ကဋ္ဌက အာဆီယံပါလီမန်များအဖွဲ့၏ အစီရင်ခံစာကို အာဆီယံခေါင်းဆောင်များအား တင်ပြသည်။ ဆက်လက်၍ 5th ASEAN People's Assembly ဥက္ကဋ္ဌကအဖွဲ့၏ အစီရင်ခံစာကို တင်ပြသည်။ ထို့နောက် အာဆီယံခေါင်းဆောင်များနှင့် အာဆီယံစီးပွားရေးလုပ်ငန်းအကြံပေးကောင်စီအဖွဲ့ဝင်များတွေ့ဆုံပွဲကျင်းပရာ အာဆီယံစီးပွားရေးလုပ်ငန်းအတိုင်ပင်ခံကောင်စီအဖွဲ့ ဥက္ကဋ္ဌက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အာဆီယံထိပ်သီးအစည်းအဝေးစီဘူးကြေညာချက်လက်မှတ်ရေးထိုးပွဲအခမ်းအနားကို Mactan Ballroom 2/3 ၌ ကျင်းပရာ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် အပြန်အလှန်စောင့်ရှောက်ကူညီပြီး မျှဝေခံစားနိုင်သည့် အသိုက်အဝန်းထူထောင်ရေးဆိုင်ရာ ကြေညာချက်၊ အာဆီယံပဋိညာဉ်အတွက် အခြေခံရမည့်မူများနှင့် စပ်လျဉ်းသည့် ကြေညာချက်၊ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးကာကွယ်မြှင့်တင်ရေးနှင့်စပ်လျဉ်းသည့် ကြေညာချက်၊နိုင်ငံတကာအကြမ်းဖက်မှုပြဿနာတားဆီးကာကွယ်တိုက်ဖျက်ရေးဆိုင်ရာ ကြေညာချက်၊ အာဆီယံ၏ မျှော်မှန်းချက်များကို ရှေ့သို့တိုး၍ ၂၀၁၅ ခုနှစ်တွင် အကောင်အထည်ဖော်ဆောင်ရေးနှင့်စပ်လျဉ်းသည့် ကြေညာချက်စသည့် စီဘူးကြေညာချက် ငါးခုတို့ကို လက်မှတ်ရေးထိုးကြသည်။ ထို့နောက် သဘာပတိ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတက အာဆီယံအတွင်းရေးမှူး ချုပ်ထံ လက်မှတ်ရေးထိုးပြီးသော ကြေညာချက်များကို လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ တီမောလက်စ်တေနိုင်ငံ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးများသည် အာဆီယံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်တွင် တီမောလက်စ်တေနိုင်ငံ ပါဝင်လက်မှတ်ရေးထိုးနိုင်မည့် နည်းလမ်းကို အာဆီယံခေါင်းဆောင်များ ရှေ့မှောက်၌ လက်မှတ်ရေးထိုးကြသည်။ ထို့နောက် တီမောလက်စ်တေနိုင်ငံ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီးကဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးထံ စာချုပ်ကို ပေးအပ်ပြီး ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးက အာဆီယံအတွင်းရေးမှူးချုပ်ထံ စာချုပ်ကို လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ အာဆီယံအတွင်းရေးမှူးချုပ်ဟောင်း Mr. Rodolfo C. Severino က ၎င်းရေးသားသော Southeast Asia in Search of an ASEAN Community စာအုပ်များကို အာဆီယံနိုင်ငံအကြီးအကဲများအတွက်ပေးအပ်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတက လက်ခံသည်။

အက်မက်စ်ခေါင်းဆောင်များ၏ ကာလလယ် ပြန်လည်သုံးသပ်မှုအစည်းအဝေး

ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ခေါင်းဆောင်များ၏ ကာလလယ် ပြန်လည်သုံးသပ်မှုအစည်းအဝေးကို ဇန်နဝါရီလ ၁၃ ရက်နေ့ ညနေ ၄ နာရီ ၃၅ မိနစ်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့ Shangri-La's Hotel ရှိ Rosal Ballroom 3 ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ အစိုးရအဖွဲ့ခေါင်းဆောင်များ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အက်မက်စ်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ခေါင်းဆောင်များသည် အက်မက်စ်အဖွဲ့က ချမှတ်ထားသော ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို လက်တွေ့ကျကျညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် တတိယအကြိမ် အက်မက်စ်အစည်းအဝေးကို ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ကျင်းပရေးတို့ကို ညှိနှိုင်းဆွေးနွေးကြသည်။



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်ချူလာနွန်တို့ကိုအစည်းအဝေးတွင်ယှဉ်တွဲတွေ့ရစဉ်

အာဆီယံနိုင်ငံများနှင့်ဆွေးနွေးဘက်နိုင်ငံများ၏ ထိပ်သီးအစည်းအဝေးများ

၁၀ ကြိမ်မြောက် အာဆီယံ-တရုတ်ထိပ်သီးအစည်းအဝေးကို ဇန်နဝါရီလ ၁၄ ရက်နေ့ နံနက် ၉ နာရီတွင် Shangri-La's Hotel ရှိ Mactan Ballroom 3 ၌ ကျင်းပရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတက သဘာပတိအဖြစ်ဆောင်ရွက်သည်။ အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်မစ္စတာဝမ်ကြားပေါင်က အာဆီယံ-တရုတ်ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအခြေအနေ၊ အာဆီယံနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပေါင်းစည်းရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက အကူအညီပေးနေမှုအခြေအနေနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများကိုသုံးသပ်ရှင်းလင်းတင်ပြရာ အာဆီယံခေါင်းဆောင်များက ဆွေးနွေးကြသည်။

(၁၀) ကြိမ်မြောက် အာဆီယံ-ကိုရီးယားထိပ်သီးအစည်းအဝေးကို နံနက် ၁၁ နာရီတွင် Ballroom 3 ၌ ကျင်းပရာ အစည်းအဝေးတွင် ကိုရီးယားသမ္မတနိုင်ငံ သမ္မတမစ္စတာနိုမူဟွန်က အာဆီယံ-ကိုရီးယားပူးပေါင်းဆောင်ရွက်ရေး၊ လွတ်လပ်သော ကုန်သွယ်ရေးဒေသထူထောင်ရေးတို့နှင့်စပ်လျဉ်း၍ တိုးတက်ဖြစ်ပေါ်မှုအခြေအနေများကို သုံးသပ်ရှင်းလင်းပြောကြားသည်။ အာဆီယံခေါင်းဆောင်များက ရင်းနှီးစွာ ညှိနှိုင်းဆွေးနွေးအမြင်ချင်းဖလှယ်ကြပြီး အာဆီယံ-ကိုရီးယားပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ဦးတည်ဆွေးနွေးကြသည်။

(၅)ကြိမ်မြောက် အာဆီယံ-အိန္ဒိယထိပ်သီးအစည်းအဝေးကို ညနေ ၃ နာရီ ၁၅ မိနစ်တွင် Sugbu Summit Hall ၌ ကျင်းပရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတက သဘာပတိအဖြစ် ဆောင်ရွက်သည်။ အစည်းအဝေးတွင် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဒေါက်တာမန်မိုဟန်ဆင်းက အာဆီယံ-အိန္ဒိယပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ အာဆီယံခေါင်းဆောင်များက အာဆီယံ-အိန္ဒိယ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးတို့အတွက် အမြင်ချင်းဖလှယ်ကြသည်။ ထို့နောက် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

(၁၀)ကြိမ်မြောက် အာဆီယံ-ဂျပန်ထိပ်သီးအစည်းအဝေးကို ညနေ ၅ နာရီတွင် ကျင်းပရာ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးက အာဆီယံနိုင်ငံများဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးရေး၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ ရှင်သန်အားကောင်းလာရေး၊ အာဆီယံ-ဂျပန်ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ရေး၊ ကိုရီးယားကျွန်းဆွယ်တည်ငြိမ်အေးချမ်းရေး၊ အာဆီယံ+

၃ နိုင်ငံများ၏ ဦးဆောင်မှုဖြင့် အရှေ့အာရှအသိုက်အဝန်းဖြစ်ပေါ်ရေးတို့ကို ရှင်းလင်းပြောကြားသည်။ဆက်လက်၍ အာဆီယံခေါင်းဆောင်များက ပြန်လည်ဆွေးနွေးအမြင်ချင်းဖလှယ်ကြပြီး အာဆီယံ-ဂျပန်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအတွက် လိုအပ်သည်များကို အကြံပြုဆွေးနွေးကြသည်။ ထို့နောက် ဂျပန်နိုင်ငံဝန်ကြီးချုပ်က ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ အရှေ့အာရှအသိုက်အဝန်းတစ်ခုလက်တွေ့ဖြစ်ပေါ်လာနိုင်ရေးတို့အတွက် လိုအပ်သော ပံ့ပိုးကူညီမှုများပြုနိုင်အောင် ညှိနှိုင်းအဖြေရှာသွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

(၁၀) ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးကို ကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်၊ ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် ကိုရီးယားသမ္မတနိုင်ငံသမ္မတတို့က အရှေ့အာရှအသိုက်အဝန်းဖြစ်ပေါ်ရေးအတွက် အာဆီယံ+၃ နိုင်ငံတို့က အဓိကဦးဆောင်ကြိုးပမ်းလုပ်ရှားနေမှု၊ အာဆီယံ+၃ ပေါင်းစည်းဖြစ်ပေါ်ရေးအတွက် မိမိတို့နိုင်ငံများက နိုင်ငံအလိုက် ပံ့ပိုးအထောက်အကူပြုနေမှုများကို အသီးသီးရှင်းလင်းပြောကြားကြသည်။ ထို့နောက် အာဆီယံခေါင်းဆောင်များက ပြန်လည်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အရှေ့အာရှနိုင်ငံများ ထိပ်သီးအစည်းအဝေး

ဒုတိယအကြိမ် အရှေ့အာရှနိုင်ငံများ ထိပ်သီးအစည်းအဝေးကို ဇန်နဝါရီလ ၁၅ ရက်နေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့ Cebu International Convention Centre ၌ ကျင်းပသည်။

အစည်းအဝေးသို့ အာဆီယံခေါင်းဆောင်များ၊ သြစတြေးလျနိုင်ငံဝန်ကြီးချုပ်မစ္စတာဂျူနိဟားဝပ်၊တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်း၊ ဂျပန်နိုင်ငံ ဝန်ကြီးချုပ်မစ္စတာရှင်ဇိုအာဘေး၊ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာနို့မူဟွန်း၊ နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ် မစ္စဟယ်လင်ကလပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အရှေ့အာရှနိုင်ငံခေါင်းဆောင်များက အရှေ့အာရှအသိုက်အဝန်းထူထောင်ရေး၊ ဒေသအတွင်းဆင်းရဲနွမ်းပါးမှုလျော့ချရေး၊ စွမ်းအင်ကဏ္ဍလုံခြုံဖူလုံရေး၊ လူ့အရင်းအမြစ်ပျိုးထောင်ရေးအတွက် ပညာရေးကဏ္ဍ၌ အပြန်အလှန်ပူးပေါင်းကူညီရေး၊ ကြက်ငှက်တုပ်ကွေးရောဂါအပါအဝင် ကူးစက်ရောဂါများကာကွယ်တိုက်ဖျက်ရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေး၊ ဒေသအတွင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ကိုရီးယားကျွန်းဆွယ်ကိစ္စကို ငြိမ်းချမ်းစွာဖြေရှင်းရေးစသည့် ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့နောက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ဥက္ကဋ္ဌ Mr. Haruhiko Kuroda က အရှေ့အာရှနိုင်ငံများ၏ စီးပွားရေးအခြေအနေ၊ဒေသအတွင်းပူးပေါင်းဆောင်ရွက်မှုနှင့် ပေါင်းစည်းမှုအခြေအနေများကို သုံးသပ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အရှေ့အာရှစွမ်းအင်ဖူလုံရေးဆိုင်ရာ စီးဘူးကြေညာစာတမ်း (Cebu Declaration on East Asian Energy Security) လက်မှတ်ရေးထိုးပွဲကို ကျင်းပရာ အရှေ့အာရှနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် အရှေ့အာရှစွမ်းအင်ဖူလုံရေးဆိုင်ရာ စီးဘူးကြေညာစာတမ်းကို လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတက အရှေ့အာရှစွမ်းအင်ဖူလုံရေးဆိုင်ရာ စီဘူးကြေညာစာတမ်းကို အာဆီယံအတွင်းရေးမှူးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

အာဆီယံထိပ်သီးအစည်းအဝေးနှင့်ဆက်စပ်ထိပ်သီးအစည်းအဝေးများ (၁၃ ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေး)။ ။

(၁၃) ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေး၊ (၁၁) ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေး၊ (၁၁) ကြိမ်မြောက် အာဆီယံ-တရုတ်ထိပ်သီးအစည်းအဝေး၊ (၁၁) ကြိမ်မြောက် အာဆီယံ-ဂျပန်ထိပ်သီးအစည်းအဝေး၊ (၁၁) ကြိမ်မြောက် အာဆီယံ-ကိုရီးယားထိပ်သီးအစည်းအဝေး၊ (၆) ကြိမ်မြောက် အာဆီယံ-အိန္ဒိယထိပ်သီးအစည်း

အဝေးနှင့် တတိယအကြိမ် အရှေ့အာရှနိုင်ငံများ ထိပ်သီးအစည်းအဝေးများကို စင်ကာပူသမ္မတနိုင်ငံ၊ စင်ကာပူမြို့၌ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့မှ ၂၁ ရက်နေ့အထိ ကျင်းပသည်။

(၁၃) ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေး

(၁၃) ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးကို စင်ကာပူသမ္မတနိုင်ငံ၊ စင်ကာပူမြို့ Shangri-La Hotel ရှိ Acacia Ballroom ၌ နိုဝင်ဘာလ ၂၀ ရက်နေ့ နံနက်ဝေနာရီတွင်ကျင်းပသည်။

အစည်းအဝေးသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန်ဟာဂျီဟာဆနာလ်ဘိုလ်ကီးယားမူအစ်ဇာဒင် ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက် ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုယိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီအဗ္ဗဒူလာဘင်ဟာဂျီအာမက်ဘာဒါဝီ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာဂါပါဂဲလ်အာရိုယို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစူရာယုဒ်ချုလာနွန်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့် အာဆီယံအတွင်းရေးမှူးချုပ်မစ္စတာအွန်ကင်ယွန်တို့တက်ရောက်ကြသည်။

အစည်းအဝေးတွင် အစည်းအဝေးသဘာပတိ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းက ရှေးဦးစွာ အစည်းအဝေးအစီအစဉ်များကို တင်ပြပြီး အာဆီယံနိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများက အာဆီယံနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် အာဆီယံပေါင်းစည်းရေး၊အာဆီယံပဋိညာဉ်ကြေညာစာတမ်းထုတ်ပြန်ရေး၊ အာဆီယံစီးပွားရေးအသိုက်အဝန်းအကောင်အထည်ဖော်ရေး၊ ပတ်ဝန်းကျင်စဉ်ဆက်မပြတ်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုစသည့်ကိစ္စရပ်များနှင့် အခြားဒေသဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ကြသည်။

ဆက်လက်၍ အာဆီယံခေါင်းဆောင်များသည် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးက သဘောတူလက်မှတ်ရေးထိုးမည့် အာဆီယံပဋိညာဉ်နှင့် ကြေညာစာတမ်းများ၊ အတည်ပြုပေးရမည့် ကြေညာစာတမ်းနှင့် လုပ်ငန်းဆိုင်ရာအစီအစဉ်များအပေါ် အမြင်ချင်းဖလှယ်ကြသည်။

ထို့နောက် အာဆီယံအတွင်းရေးမှူးချုပ်အသစ်အဖြစ် ထိုင်းနိုင်ငံနိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စတာဆူရင်ပစ်ဆူဝမ်အား ၂၀၀၈ ခုနှစ်မှစ၍ တာဝန်ပေးအပ်ရန်အဆိုပြုချက်ကိုသဘောတူကြောင်းဆုံးဖြတ်ကြသည်။

(၁၃)ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေး စင်ကာပူကြေညာစာတမ်းလက်မှတ်ရေးထိုးပွဲအခမ်းအနားကို Island B.Ballroom ၌ မွန်းလွဲ




နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဖိလစ်ပိုင်သမ္မတ မဒမ်ဂလိုရီယာမာဂါပါဂဲလ်အာရိုယို

၁ နာရီတွင် ကျင်းပရာ အာဆီယံပဋိညာဉ်ဆိုင်ရာကြေညာစာတမ်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းအကောင်အထည်ဖော်ရေးနှင့် ပတ်သက်သည့် ကြေညာစာတမ်း၊ ပတ်ဝန်းကျင်စဉ်ဆက်မပြတ်ထိန်းသိမ်းရေးဆိုင်ရာ ကြေညာစာတမ်းနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကြေညာစာတမ်းတို့ကို အာဆီယံခေါင်းဆောင်များကိုယ်တိုင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် လက်မှတ်ရေးထိုးပြီးသော အာဆီယံပဋိညာဉ်နှင့် ကြေညာစာတမ်းများကို စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်က အာဆီယံအတွင်းရေးမှူးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

၁၃ ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးက သဘောတူထုတ်ပြန်လိုက်သော အာဆီယံပဋိညာဉ် (ASEAN Charter) ၌ အခန်း ၁၃ ခန်းပါဝင်ပြီး နိဒါန်းတွင် လုံခြုံအေးချမ်း၍ တည်ငြိမ်မှုရှိပြီး စဉ်ဆက်မပြတ်ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိသော ဒေသတစ်ခုအတွင်း၌ တူညီသော ဆန္ဒပြမှုကို အခြေခံ၍ ညီညွတ်စွာ နေထိုင်ကြရန်၊ အချုပ်အခြာအာဏာခိုင်မြဲမှု၊ တန်းတူရည်တူရှိမှု၊ နယ်မြေတည်တံ့မှု၊ အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်မှု၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံကွဲပြားခြားနားမှုများရှိသော်လည်း တူညီသော သဘောဆန္ဒနှင့် ညီညွတ်မှုတို့ကို အလေးထားလိုက်နာ၍ ချစ်ကြည်ပတ်ဝန်းကျင်စည်ဆက်မပြတ် ထိန်းသိမ်းရေးဆိုင်ရာ ကြေညာစာတမ်း (ASEAN Declaration on Environmental Sustainability) ၌ သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေးနှင့် စီမံခန့်ခွဲရေး၊ ရာသီဥတုပြောင်းလဲခြင်းကို တုံ့ပြန်ဆောင်ရွက်ရေးနှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို အဓိကဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကုလသမဂ္ဂမူဘောင်ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ (၁၃) ကြိမ်မြောက်ညီလာခံနှင့် ကျိုတိုအခြေပြုသဘောတူညီချက်စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ တတိယအကြိမ်အစည်းအဝေးတို့နှင့် ပတ်သက်သည့် အာဆီယံကြေညာစာတမ်း (ASEAN Declaration on the 13th Session of the Conference of Parties to the U.N Framework Convention on Climate Change-UNFCCC and the 3rd Meeting of the Parties of the Kyoto Protocol) အာဆီယံနိုင်ငံများအတွင်း ဖန်လုံအိမ်အာနိသင်ထုတ်လုပ်မှုလျှော့ချရန်၊ ရာသီဥတုနှင့် ကိုက်ညီသော နည်းပညာလွှဲပြောင်းမှုများနှင့် ဘဏ္ဍာငွေစုဆောင်းမှုများ၌ အထောက်အပံ့များရရှိရန်အတွက် နှစ်နိုင်ငံချင်းအရဖြစ်စေ၊ ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာအရဖြစ်စေ ပူးပေါင်းဆောင်ရွက်သွားရန် ဖော်ပြထားသည်။



အစည်းအဝေးပွဲတွင် အာဆီယံခေါင်းဆောင်များ အမှတ်တရ

ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ကြရန်၊ အာဆီယံ လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် အာဆီယံလူမှုရေးယဉ်ကျေးမှုအသိုက်အဝန်းဟူသော မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အာဆီယံအသိုက်အဝန်းကို တည်ဆောက်ကြရန် သဘောတူညီကြသည်ဟု ဖော်ပြပါရှိသည်။

အာဆီယံစီးပွားရေးအသိုက်အဝန်းအကောင်အထည် ဖော်ရေးနှင့် ပတ်သက်သည့် ကြေညာစာတမ်း၌ ၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်းဖြစ်ပေါ်လာရေးအတွက် လုပ်ကိုင်ဆောင်ရွက်မည့် အခြေခံမူကြမ်းနှင့် မဟာဗျူဟာအစီအစဉ်များကို ဖော်ပြထားသည်။



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
(၁၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင်
ကြေညာစာတမ်းအား လက်မှတ်ရေးထိုးနေစဉ်

(၁၁) ကြိမ်မြောက် အာဆီယံ + ၃ ထိပ်သီးအစည်း အဝေး

(၁၁) ကြိမ်မြောက် အာဆီယံ + ၃ ထိပ်သီးအစည်း အဝေးကို စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့ Shangri-La Hotel ရှိ Acacia Ballroom ၌ နိုဝင်ဘာလ ၂၀ ရက်နေ့ မွန်းလွဲ ၂ နာရီတွင် ကျင်းပသည်။

အစည်းအဝေးသို့ အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်၊ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ယာဆူအိုဖူကူဒါနှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ နိုမူဟွန်၊ အာဆီယံ အတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်၊ ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတတို့က အာဆီယံ+၃ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များကို အကောင်အထည်ဖော်မှုနှင့် တိုးတက်မှုအခြေအနေ၊ အာဆီယံပေါင်းစည်းရေးအတွက် ကူညီထောက်ပံ့မှုများ ပေးအပ်ခဲ့မှု၊ အာဆီယံနှင့် လွတ်လပ်သော ကုန်သွယ်ရေးဒေသထူထောင်ရေး၊ အာဆီယံ၏အရေးပါသော အခန်းကဏ္ဍ၊ အရှေ့အာရှအသိုက်အဝန်းထူထောင်ရေး၊ ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတကာအကြမ်းဖက်မှုနှိမ်နင်းရေး၊ကူးစက်မြန်ရောဂါများ ပူးပေါင်းကာကွယ်ရေး၊ စွမ်းအင်လုံခြုံရေး၊ ရာသီဥတုပြောင်းလဲမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးတို့နှင့်စပ်လျဉ်း၍ မိမိတို့နိုင်ငံအလိုက် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်မှုများနှင့် အမြင်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် အာဆီယံခေါင်းဆောင်များကလည်း အာဆီယံ+၃ ပူးပေါင်းဆောင်ရွက်ရေးအခြေအနေ၊ အရှေ့အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဒုတိယအကြိမ်ပူးတွဲကြေညာချက်နှင့် လုပ်ငန်းစီမံချက်သတ်မှတ်ရေး၊ အာဆီယံ+၃ ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေထူထောင်ရေး၊ အာဆီယံနိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များလျော့ချရေး၊ အရှေ့အာရှလေ့လာရေးအဖွဲ့၏ အကြံပြုချက်များကို အကောင်အထည်ဖော်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ရေး၊ ဘဏ္ဍာရေးနယ်ပယ်၌ တိုးချဲ့ပူးပေါင်းဆောင်ရွက်ရေး၊ အရှေ့အာရှလွတ်လပ်သည့် ကုန်သွယ်ရေးဒေသသတ်မှတ်ရေး၊ ဖွံ့ဖြိုးမှုကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်ရေး၊ လောင်စာဆီသိုလှောင်ထားရှိရေး၊ သဘာဝဓာတ်ငွေ့နှင့်အစားထိုးလောင်စာဆီ ထိရောက်စွာ အသုံးချရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ ရာသီဥတုပြောင်းလဲခြင်း၏အကျိုးဆက်ပြဿနာများစသည့် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်၍ အာဆီယံ+၃ ခေါင်းဆောင်များသည် အရှေ့အာရှပူးပေါင်းဆောင်ရွက်ရေး ဒုတိယပူးတွဲကြေညာချက်နှင့် အာဆီယံ+၃ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအစီအစဉ် (၂၀၀၇-၂၀၁၇)တို့ကို အတည်ပြုခဲ့ကြသည်။

(၁၁) ကြိမ်မြောက် အာဆီယံ-တရုတ်ထိပ်သီးအစည်း အဝေး

(၁၁) ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးကို Acacia Ballroom ၌ နိုဝင်ဘာလ ၂၀ ရက်နေ့ ညနေ ၄ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်က အစည်းအဝေးအစီအစဉ်များကို ရှင်းလင်းပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်က အာဆီယံနှင့် တရုတ်နိုင်ငံအကြား

ပူးပေါင်းဆောင်ရွက်မှု၊အာဆီယံပေါင်းစည်းရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ပံ့ပိုးအထောက်အကူပြုမှု၊ ငြိမ်းချမ်း၍ ဖွံ့ဖြိုးတိုးတက်သော အသိုက်အဝန်းဖြစ်ပေါ်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ အစားအစာသန့်စင်လုံခြုံရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အာဆီယံနှစ်နိုင်ငံ ခေါင်းဆောင်များက အာဆီယံ-တရုတ်မိတ်ကောင်းဆွေကောင်းဆက်ဆံမှု တိုးမြှင့်ခိုင်မြဲရေး၊ အာဆီယံ-တရုတ်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေး၊ လွတ်လပ်သော ကုန်သွယ်ရေးဒေသထူထောင်ရေး၊ ကိုရိုးယားကျွန်းဆွယ်တည်ငြိမ်အေးချမ်းရေးနှင့် နျူကလီးယားလက်နက်ဖျက်သိမ်းရေး၊ နိုင်ငံတကာအကြမ်းဖက်မှုတိုက်ဖျက်ရေး၊ အရှေ့အာရှဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ တရားမဝင်ဆေးဝါးများဖျက်ဆီးတိုက်ဖျက်ရေး၊ အခြားဖွံ့ဖြိုးရေးလုပ်ငန်းကဏ္ဍများ၌ တိုးချဲ့ပူးပေါင်းဆောင်ရွက်ရေးစသည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြပြီး အာဆီယံ-တရုတ်ထိပ်သီးအစည်းအဝေးကို ရပ်သိမ်းလိုက်သည်။

ထို့နောက် အာဆီယံ-တရုတ်နိုင်ငံတို့အကြား နားလည်မှုဆိုင်ရာ စာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားကို Island B.Ballroom ၌ ညနေ ၅ နာရီတွင် ဆက်လက်ကျင်းပရာ အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား သန့်စင်မှုနှင့် အစားအစာသီးနှံများ ထုတ်လုပ်ရာ၌ သန့်စင်မှုပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ (Strengthening Sanitary and Phytosanitary Cooperation) ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ General Administration of Quality Supervision, Inspection and Quarantine ဌာန ဝန်ကြီးနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့က အာဆီယံခေါင်းဆောင်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့၏ ရှေ့မှောက်၌ လက်မှတ်ရေးထိုးကြသည်။

(၁၁) ကြိမ်မြောက် အာဆီယံ-ဂျပန်ထိပ်သီးအစည်းအဝေး

(၁၁)ကြိမ်မြောက် အာဆီယံ-ဂျပန်ထိပ်သီးအစည်းအဝေးကို စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့ Shangri-La Hotel ရှိ Acacia Ballroom ၌ နိုဝင်ဘာလ ၂၁ ရက်နေ့ နံနက် ၈ နာရီခွဲတွင် ကျင်းပရာ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်က သဘာပတိအဖြစ်ဆောင်ရွက်သည်။

အစည်းအဝေးတွင် ဂျပန်နိုင်ငံဝန်ကြီးချုပ်က နိုင်ငံတကာ အကြမ်းဖက်မှုပြဿနာဖြေရှင်းရေး၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု အကျိုးဆက်ပြဿနာနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးကူးစက်ရောဂါများတိုက်ဖျက်ကာကွယ်ရေး၊ အာဆီယံရည်မှန်းချက်များ အောင်မြင်ရေးအတွက်ထောက်ပံ့ကူညီမှုတိုးမြှင့်ရေး၊ လွတ်လပ်သောကုန်သွယ်ရေးဒေသထူထောင်ရေး၊ အာဆီယံ-ဂျပန်အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ အရှေ့အာရှအသိုက်အဝန်းထူထောင်ရေးစသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သုံးသပ်အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ အာဆီယံခေါင်းဆောင်များက နိုင်ငံတကာအကြမ်းဖက်မှုနှိမ်နင်းရေး၊ စွမ်းအင်လုံခြုံရေး၊ အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများကို ပူးပေါင်းဖြေရှင်းရေး၊ ရေပိုင်နက်လုံခြုံရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေး၊ အာဆီယံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပေါင်းစည်းရေးတို့အတွက် ဂျပန်နိုင်ငံက ပိုမိုအထောက်အကူပြုရေး၊အရှေ့အာရှအသိုက်အဝန်းတစ်ခုဖြစ်ပေါ်ရေးစသည့်ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ကြသည်။

ထို့နောက် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်က အာဆီယံခေါင်းဆောင်များ၏ ရှင်းလင်းချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အာဆီယံ-ဂျပန်ပူးပေါင်း ဆောင်ရွက်မှုပိုမိုမြှင့်တင်နိုင်ရေးအတွက် အကြံပြုကာ အာဆီယံ-ဂျပန်ထိပ်သီးအစည်းအဝေးကို ရပ်သိမ်းလိုက်သည်။

(၁၁) ကြိမ်မြောက် အာဆီယံ-ကိုရီးယားထိပ်သီးအစည်းအဝေး

(၁၁) ကြိမ်မြောက် အာဆီယံ-ကိုရီးယားထိပ်သီးအစည်းအဝေးကို Acacia Ballroom ၌ နိုဝင်ဘာလ

၂၁ ရက်နေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်ကသဘာပတိအဖြစ် ဆောင်ရွက်သည်။

အစည်းအဝေးတွင် ကိုရီးယားသမ္မတနိုင်ငံ သမ္မတက အာဆီယံ-ကိုရီးယားဆက်ဆံရေးတိုးတက်မြင့်မားရေးနှင့် အလုံးစုံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေး၊ လွတ်လပ်သော ကုန်သွယ်ရေးဒေသထူထောင်ရေး၊ အရှေ့အာရှအသိုက်အဝန်းထူထောင်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ကိုရီးယားကျွန်းဆွယ် တည်ငြိမ်အေးချမ်းရေးနှင့် နျူကလီးယားလက်နက်ဖျက်သိမ်းရေး၊ အာဆီယံ-ကိုရီးယားဗဟိုဌာနထူထောင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးစသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အာဆီယံခေါင်းဆောင်များက ဒေသအတွင်းတည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတကာအကြမ်းဖက်မှုနှိမ်နင်းရေး၊ စွမ်းအင်လုံခြုံရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ ဆက်သွယ်ရေးကွန်ရက်နှောင့်ယှက်မှုကာကွယ်တားဆီးရေး၊ အာဆီယံ-ကိုရီးယားလွတ်လပ်သော ကုန်သွယ်ရေးဒေသထူထောင်ရေး၊ သတင်းအချက်အလက်နှင့် စွမ်းဆောင်ချက်များ ရရှိနိုင်မည့် အာဆီယံ-ကိုရီးယားဗဟိုဌာနထူထောင်ရေး၊ အာဆီယံ-ကိုရီးယားအလုံးစုံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံပေါင်းစည်းရေးလုပ်ငန်းအစီအစဉ်၌ဆက်လက်ပံ့ပိုးကူညီရေး၊ နည်းပညာလွှဲပြောင်းဖလှယ်ရေးစသည့် လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေး၍ အမြင်ချင်းဖလှယ်ကြသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ သမ္မတက အာဆီယံခေါင်းဆောင်များ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အာဆီယံ-ကိုရီးယားထိပ်သီးအစည်းအဝေးကို ရပ်သိမ်းလိုက်သည်။

အာဆီယံ-ကိုရီးယားအကြား သဘောတူညီချက်များ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို Island B.Ballroom ၌ နိုဝင်ဘာလ ၂၁ ရက်နေ့ နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် ဆက်လက်ကျင်းပရာ အာဆီယံ-ကိုရီးယားဗဟိုဌာနထူထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (Memorandum of Understanding on Establishing the ASEAN-Korea Centre) ကို အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးများနှင့် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးတို့က လက်မှတ်ရေးထိုးကြပြီး ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးတို့သည် သဘောတူညီချက်စာချုပ်ကို အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးက သဘောတူညီချက်စာချုပ်ကို အာဆီယံအတွင်းရေးမှူးချုပ်ထံ ပေးအပ်လိုက်သည်။

ဆက်လက်၍ အာဆီယံ-ကိုရီးယားအကြားအလုံးစုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်မူဘောင်အောက်ရှိ ဝန်ဆောင်မှုများ၏ ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက် (Agreement on Trade in Services Under the Framwork Agreement on Comprehensive Economic Cooperation) ကို အာဆီယံနိုင်ငံများမှ စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးများနှင့် ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးတို့က လက်မှတ်ရေးထိုးကြပြီး ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် စင်ကာပူသမ္မတနိုင်ငံ စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးတို့သည် သဘောတူစာချုပ်ကို အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် စင်ကာပူသမ္မတနိုင်ငံ စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးက သဘောတူစာချုပ်ကို အာဆီယံအတွင်းရေးမှူးချုပ်ထံ ပေးအပ်လိုက်သည်။

(၆) ကြိမ်မြောက် အာဆီယံ-အိန္ဒိယထိပ်သီးအစည်းအဝေး

(၆) ကြိမ်မြောက် အာဆီယံ-အိန္ဒိယထိပ်သီးအစည်းအဝေးကို စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့ Shangri-La Hotel ရှိ Acacia Ballroom ၌ နိုဝင်ဘာလ ၂၁ ရက်နေ့ နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ကျင်းပရာ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်က သဘာပတိအဖြစ်ဆောင်ရွက်သည်။

အစည်းအဝေးတွင် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းက အာဆီယံ-အိန္ဒိယအကြား:

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ ပြည်သူ အချင်းချင်းပိုမိုရင်းနှီးစွာဆက်ဆံရေး၊ လူ့အရင်းအမြစ် ဖွံ့ဖြိုးရေး၊ အိုင်စီတီနည်းပညာ၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာနယ်ပယ်တို့၌ ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ သိပ္ပံနှင့် နည်းပညာရန်ပုံငွေထူထောင်ရေး၊ ဒေသနှစ်ခုအကြား လေကြောင်း–ရေကြောင်း–ကုန်းကြောင်းများ တိုးချဲ့၍ အရှေ့အနောက်ကော်ရစ်ဒါထူထောင်ရေး၊ အာဆီယံနိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များ လျော့နည်းကျဆင်းရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ လွတ်လပ်သော ကုန်သွယ်ရေးဒေသထူထောင်ရေး စသည့် ကိစ္စရပ်များကို ပဏာမရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အာဆီယံခေါင်းဆောင်များက ငြိမ်းချမ်းရေး၊ တိုးတက်ရေးနှင့် အကျိုးအမြတ်များ မျှဝေခံစားရေးဆိုင်ရာ အာဆီယံ–အိန္ဒိယပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ်များ တိုးချဲ့အကောင်အထည်ဖော်ရေး၊ ပညာရေး၊ လေ့ကျင့်ရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေး အစီအစဉ်ကို မြင့်တင်ဆောင်ရွက်ရေး၊ သိပ္ပံနှင့်နည်းပညာရန်ပုံငွေထူထောင်ရေး၊ အာဆီယံ–အိန္ဒိယလွတ်လပ်သော ကုန်သွယ်ရေးဒေသထူထောင်ရေး၊ ဒေသအတွင်း နိုင်ငံအချင်းချင်းအကြား လေကြောင်း–ရေကြောင်း–ရထား‌လမ်း–ကား‌လမ်းစသည့် လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်ရေးတို့အတွက်လုပ်ကိုင်ဆောင်ရွက်သင့်သည်များအပေါ် သုံးသပ်အကြံပြုဆွေးနွေးကြသည်။

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်က အာဆီယံ–အိန္ဒိယပူးပေါင်းဆောင်ရွက်မှုများအပေါ် အာဆီယံမိတ်ဆွေများ၏ သုံးသပ်ချက်များနှင့် အနာဂတ်အတွက် အကြံပြုချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ခြောက်ကြိမ်မြောက် အာဆီယံ–အိန္ဒိယထိပ်သီးအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

တတိယအကြိမ်အရှေ့အာရှနိုင်ငံများ ထိပ်သီးအစည်းအဝေး

တတိယအကြိမ်အရှေ့အာရှနိုင်ငံများ ထိပ်သီးအစည်းအဝေးကို စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့ Shangri- La Hotel ရှိ Acacia Ballroom ၌ နိုဝင်ဘာလ ၂၁ ရက်နေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ကျင်းပရာ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်က သဘာပတိအဖြစ်ဆောင်ရွက်သည်။

အစည်းအဝေးသို့ အာဆီယံနိုင်ငံများနှင့် ဩစတြေးလျနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ နယူးဇီလန်နိုင်ငံ စသည့် အရှေ့အာရှ ၁၆ နိုင်ငံတို့မှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ကိုယ်စားလှယ်ဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌက ဒေသအတွင်း နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးမှုအခြေအနေနှင့် ဘဏ္ဍာငွေကြေးအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အရှေ့အာရှနိုင်ငံခေါင်းဆောင်များက ကမ္ဘာ့ရာသီဥတုပြောင်းလဲပူနွေးလာမှု၊ ပတ်ဝန်းကျင်အခြေအနေထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်မှု၊ ရေနံဈေးနှုန်းကြီးမြင့်မှုနှင့် ရေနံအစားထိုးလောင်စာကျယ်ပြန့်စွာအသုံးပြုရန်လိုအပ်မှု၊ သဘာဝဘေးအန္တရာယ်ပူးပေါင်းကာကွယ်ရေး၊ အရှေ့အာရှအသိုက်အဝန်းထူထောင်ရေးနှင့် အရှေ့အာရှနိုင်ငံအချင်းချင်း ပိုမိုတိုးချဲ့ပေါင်းစည်းဆက်သွယ်ရေး၊ နိုင်ငံတကာအကြမ်းဖက်မှုပြဿနာနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများပူးပေါင်းကာကွယ်ရေး၊ ဒေသအတွင်း ဖွံ့ဖြိုးမှုကွာဟနေမှုများ လျော့ကျစေရေး စသည့် ကိစ္စရပ်များအပေါ် ညှိနှိုင်းဆွေးနွေး၍အမြင်ချင်းဖလှယ်ကြသည်။

ထို့နောက် အာဆီယံအတွင်းရေးမှူးချုပ်က အာဆီယံ၏ အခြေအနေကို ရှင်းလင်းတင်ပြပြီး တတိယအကြိမ် အရှေ့အာရှနိုင်ငံများ ထိပ်သီးအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ISland B.Ballroom ၌ အရှေ့အာရှနိုင်ငံခေါင်းဆောင်များသည် ရာသီဥတုပြောင်းလဲမှု၊ စွမ်းအင်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ စင်ကာပူကြေညာချက် (Singapore Declaration on Climate Change, Energy and the Environment) ကို အတည်ပြုလက်မှတ်ရေးထိုးကြသည်။

ထို့နောက် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်ကရာသီဥတုပြောင်းလဲမှု၊ စွမ်းအင်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ စင်ကာပူကြေညာချက်ကို အာဆီယံအတွင်းရေးမှူးချုပ်ထံလွှဲပြောင်းပေးအပ်လိုက်သည်။

စိုးအောင်

အင်ဒိုနီးရှားနိုင်ငံ။

နိုင်ငံရေး။ ။ အိန္ဒိယနိုင်ငံနှင့် ပြုလုပ်ခဲ့သည့် လုံခြုံရေးသဘောတူညီချက်သည် စတင်အတည်ပြုနေကြောင်း အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီးဌာနက ကြေညာရာ စစ်ဘက်ဆိုင်ရာပစ္စည်းပူးတွဲထုတ်လုပ်မည့် ကိစ္စသည် လမ်းပွင့်သွားပြီဖြစ်ကြောင်း ၂၀၀၇ ခုနှစ်၊ ဧပြီ ၃ ရက်က သိရသည်။ အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘမ်ဘန်းက ယင်းသဘောတူညီချက်ကို အကောင်အထည် ဖော်ဆောင်ရန် အမိန့်ထုတ်ပြန်ပြီးသည့်နောက် အဆိုပါ သဘောတူညီချက်သည် အတည်ဖြစ်သွားပြီ ဖြစ်သည်။

ဌင်းသဘောတူညီချက်တွင် လူအင်အားအရင်းအမြစ် သင်တန်းပေးရေး၊ အရာရှိချင်း အပြန်အလှန်ဖလှယ်ရေး၊ နယ်စပ်ပူးတွဲကင်းလှည့်ရေး၊ အကြမ်းဖက် တိုက်ခိုက်မှု တိုက်ဖျက်ရေးနှင့် ပင်လယ်ဓားပြနှိမ်နင်းရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ကြမည်ဟု အင်္ဂလိပ်ဘာသာဖြင့် ဂျကာတာသတင်းစာက ဖော်ပြထားသည်။ ထို့ပြင် ဤသဘောတူညီချက်တွင် အင်ဒိုနီးရှားက အိန္ဒိယနိုင်ငံမှ



အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘမ်ဘန်းယူဒိုယိုနို

စစ်ပစ္စည်းတရားဝင်ဝယ်ယူရန်ဖြစ်ပြီး နှစ်နိုင်ငံ ပူးတွဲ၍ စစ်ပစ္စည်းများ ထုတ်လုပ်ကြမည်ဖြစ်သည်။

ထို့နောက်ပိုင်းတွင် အီရတ်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ချက်ချင်းရုပ်သိမ်းပေးရန် (၁၁၆) ကြိမ်မြောက် ပါလီမန်များသမဂ္ဂ(အိုင်ပီယူ) ညီလာခံတွင်အိမ်ရှင်အင်ဒိုနီးရှားနိုင်ငံက၊ ၂၀၀၇ ခုနှစ်၊ ဧပြီလ ၂၉ ရက်တွင် တိုက်တွန်းလိုက်သည်။ အင်ဒိုနီးရှားအောက်လွတ်တော်ဥက္ကဋ္ဌလက်ဆိုနိုသည် အိုင်ပီယူညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် ယင်းသို့ တိုက်တွန်းခြင်းဖြစ်သည်။ အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံတစ်ခု ပြဿနာကို ဖြေရှင်းရန် ပျက်ကွက်ခဲ့သဖြင့် မိန့်ခွန်းတွင် လက်ဆိုနိုက ပြောကြားခြင်းဖြစ်သည်။ ယင်းတိုက်တွန်းမှုများအပြင် အီရတ်နိုင်ငံ၌ တည်ငြိမ်ရေးနှင့် လုံခြုံရေးထိန်းသိမ်းရာတွင် ပါဝင်ဆောင်ရွက်ရန်အတွက် အိုင်ပီယူအနေဖြင့် နိုင်ငံတကာမိသားစုကို ကုလသမဂ္ဂမှတစ်ဆင့် နှိုးဆော်သင့်ကြောင်း အဆိုပြုလိုက်သည်။

ယင်းအပြင် ဥရောပသမဂ္ဂသို့ ပျံသန်းမည့် အင်ဒိုနီးရှားလေကြောင်းဌာနများအား လုံးကို ပိတ်ပင်သည့် ဥရောပသမဂ္ဂ၏ ဆုံးဖြတ်ချက်ကို အင်ဒိုနီးရှားအစိုးရက စိတ်ပျက်မိကြောင်း၊ ထိုကိစ္စနှင့် ပတ်သက်၍ ပြန်လည်ချေပခွင့်ပေးရန် အင်ဒိုနီးရှားနိုင်ငံက တောင်းဆိုထားကြောင်း တာဝန်ရှိသူက ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် ပြောကြားသည်။

